www.burmeseclassic.com

KNOWLEDGE DIGEST MAGAZINE

# သုတစွယ်စုံ မဂ္ဂဇင်း
















● ကမ္ဘာကျော်ရိုးလက်စ်နာရီ ● ပျောက်ဆုံးနေသော ပုံတူပန်းချီကားတစ်ချပ် ● လက်ဖြောင့်သေနတ်သမားများ ● မဟာအိန္ဒိယနိုင်ငံနှင့်ကား လူများ
မှိုတိုင်းတုန်းများ ● ကမ္ဘာပေါ်တွင် အင်တာနက်မြန်နှုန်း အမြင့်မားဆုံးနိုင်ငံများ ● တရားမဝင် အပဲလိုက်ခြင်း ● ကမ္ဘာကြီးကို ပြောင်းလဲစေခဲ့သော တီထွင်မှုများ
အနာဝတ်ပေါ်တာစာတမ်း ● နွားခုန်းမောင်းပြိုင်ပွဲ ● သဘာဝဒဏ်ခံရပြန်သည့် ကမ္ဘာကျော်မဟာတံတိုင်းကြီး ● နှစ်ပေါင်း လေးသိန်းကျော်က အမျိုးသမီး
● သမိုင်းကိုပြောင်းလဲခဲ့သောသာမန်လူများ ● ပုဂ္ဂလိကပိုင်အများဆုံးသော မြန်မာပြည်၏အကြီးဆုံးတံတား ● ကမ္ဘာ ဆုံးမြန်နှုန်းမြင့်ရထား

www.burmeseclassic.com

# သုတစွယ်စုံ

မဂ္ဂဇင်း

No.367, June, 2013





## ထူးဆန်းထွေလာ

| | | |
|---|---|---|
| အံ့ဖွယ်ဆန်းပြားဖြစ်ရပ်များ | ပိုင်စိုးဟန် | ၉ |

## အံ့ဖွယ်လူသား

| | | |
|---|---|---|
| အသက်စွန့်ပုံးရှာသူများ | ပြည့်ဖြိုးဟိန်း | ၆၁ |
| ပြည်သူကြားက သမိုင်းကို ပြောင်းလဲခဲ့သော သာမန်လူများ | လွင်ကျော်မြတ် | ၁၁၇ |
| ဝံပုလွေလူသား | ပိုင်စိုးဟန် | ၁၆၅ |

## ဆန်းသစ်တီထွင်

| | | |
|---|---|---|
| ကမ္ဘာကြီးကို ပြောင်းလဲစေခဲ့သော တီထွင်မှုများ | နန္ဒမင်းပိုင် | ၁၅၀ |

## သတ္တလောက

| | | |
|---|---|---|
| စက်ရုံသဖွယ်တည်ဆောက်ထားသော ငါးဖမ်းသင်္ဘောကြီးများ | ပြည့်ဖြိုးဟိန်း | ၅ |
| ၂၀၁၃ မြင်းသားအရွယ်တော်ပုံ | လင်းလက်ကို | ၄၁ |
| နွားအုန်းမောင်းပြိုင်ပွဲ | လွင်ကျော်မြတ် | ၉၁ |
| တရားမဝင်အမဲလိုက်ခြင်း | ပြည့်ဖြိုးဟိန်း | ၁၁၁ |

## သမိုင်းကြောင်းသုတ

| | | |
|---|---|---|
| ကမ္ဘာကိုပြောင်းလဲစေသော မိုဘိုင်းဖုန်းများ | ဇော်ဇော် | ၁၂၃ |
| အာဒီ သို့မဟုတ် ကမ္ဘာက စိတ်ဝင်စားခဲ့သည့် လွန်ခဲ့သော နှစ်ပေါင်း လေးသန်းကျော်က အမျိုးသမီး | မောင်ရဲမာန် | ၁၂၉ |

## သိပ္ပံနှင့် နည်းပညာ

| | | |
|---|---|---|
| ကမ္ဘာပေါ်တွင် အင်တာနက်အမြန်နှုန်းအမြင့်မားဆုံးနိုင်ငံများ | လွင်ကျော်မြတ် | ၁၄၁ |
| ကမ္ဘာကျော် ရှီးလက်နာရီ | ပြည့်ဖြိုးဟိန်း | ၁၄၇ |

## ဖြစ်ရပ်မှန်သုတ

| | | |
|---|---|---|
| အကျည်းတန်အရုပ်ဆိုးသွားခဲ့ရသော ဆော်စတွန်မာရသွန် | လင်းလက်ကို | ၉၉ |
| အလှူညီးညီးတောက်လောင်နေဆဲ ဆီးရီးယားပြည်တွင်းစစ် | ပြည့်ဖြိုးဟိန်း | ၈၅ |
| [illegible]ယနိုင်ငံနှင့် ကာမဘီလူးများ | ပြည့်ဖြိုးဟိန်း | ၁၃၅ |


www.burmeseclassic.com

www.burmeseclassic.com

No.367 June, 2013
KNOWLEDGE DIGEST MAGAZINE

# သုတစွယ်စုံ မဂ္ဂဇင်း

စာတည်းချုပ်
ဒေါက်တာတင်ထွန်းဦး




## သယ်ယူပို့ဆောင်ရေးကဏ္ဍ

| | | |
|---|---|---|
| ကမ္ဘာ့အရှည်လျားဆုံး မြန်နှုန်းမြင့်ရထားလမ်း | နန္ဒမင်းဝိုင် | ၆၄ |
| ဖုက္ကလိကအလှူရှင်မှ လှူဒါန်းသော မြန်မာပြည်မှအကြီးဆုံးတံတား | ကျော်ဇော်ဟိန်း | ၁၀၃ |

## စစ်ရေးသုတ

| | | |
|---|---|---|
| စနိုက်ပါ သို့မဟုတ် ချောင်းမြောင်းပစ်ခတ်သူ | ရဲရင့်သွေး | ၃၇ |

## ပတ်ဝန်းကျင်ထိန်းသိမ်းရေး

| | | |
|---|---|---|
| သဘာဝဒဏ်ခံနိုင်သည့် ကမ္ဘာကျော်မဟာတံတိုင်းကြီး | မောင်ရဲမာန် | ၁၅၈ |

## အနာဂတ်သုတ

| | | |
|---|---|---|
| ခရစ်နှစ် ၂၀၃၀ အတွက် အနာဂတ်ဟောစာတမ်း | မောင်ကြည်စင် | ၇၂ |

## အနုပညာသုတ

| | | |
|---|---|---|
| နံရံအနုပညာရေးခြစ်ခြယ်မှုန်းခြင်း | ရဲရင့်သွေး | ၆၀ |
| လီယိုနာဒိုဒါဗင်ချီ၏ ပျောက်ဆုံးနေသော အဖိုးတန်ပုံတူပန်းချီကားတစ်ချပ် | မောင်ရဲမာန် | ၁၇၁ |

## စာပေသုတ

| | | |
|---|---|---|
| စာပေပျော်မွေ့သူတို့ရဲ့ ယုံကြည်ရာ မိုးကောင်းကင် | မျိုးအိမ်ဇင် | ၉၄ |







အကျည်းတန်ခဲ့ရသော ဘော်စတွန်မာရသွန်




www.burmeseclassic.com

www.burmeseclassic.com

KNOWLEDGE DIGEST MAGAZINE

# သုတစွယ်စုံ

စာတည်းချုပ်
ဒေါက်တာတင်ထွန်းဦး

မဂ္ဂဇင်း

## ...ကျန်းမာရေးသုတ

... ကြိုတင်ပြင်ဆင်စေနိုင်ကြောင်း	နောင်ထွန်းလူ	၁၀၁

BURMESE CLASSIC .com

## ...ဖုံးခေတင်းပါး

... ဥင်မြို့ယ်ရာရောဦယျာဉ်ကြီးများ	နေထက်	၁၀၄

## ...သုတ

... သင့်ကြမ္မာ	ဆရာလင်းမြတ်သူ	၁၇၁

## ...ကိစမ်းသုတ

... Our Reader	ကျော်မိုးဟိန်း	၄၆

## ...တလစဉ်

... ယတင်းများ	ကလောင်စုံ	၂၆
... မှာတစ်ခွင်	ကလောင်စုံ	၃၀
... သုတကဏ္ဍ	ဒေါက်တာနမြတ်	၃၃







...ရားမဝင်
...မဲလိုက်ခြင်း 111

နံရံအနုပညာရေးခြစ်ခြယ်မှုန်းခြင်း






www.burmeseclassic.com

www.burmeseclassic.com



## စနိုက်ပါ 37 သိုမဟုတ် ချောင်းမြောင်းပစ်ခတ်သူ



## 165 ဝံပုလွေလူသား

| စတည်းချုပ် |
|---|
| ဒေါက်တာတင်ထွန်းဦး |

| တာဝန်ခံစာတည်း |
|---|
| ခန့်ဇော်လင်း |

| စာတည်းအဖွဲ့ဝင် |
|---|
| ဇင်ဟိန်း၊ နုမြတ်၊ ကျော်မိုးဟိန်း |

| စာပြင် |
|---|
| ဦးတင်ထွေး |

| ဥပဒေအကြံပေး |
|---|
| ဦးစိန်ဝင်း (B.A.R.L) (တရားရုံးချုပ်ရှေ့နေ) |

| မျက်နှာဖုံးဒီဇိုင်း |
|---|
| အောင်မျိုးကျော် |

| အတွင်းဒီဇိုင်း |
|---|
| အောင်မျိုးကျော်၊ နောင်နောင်လတ်၊ အောင်သန်းဦး၊ ဆုနွေးအောင်၊ ကျော်သီဟ၊ မြစန္ဒာ၊ IT Group |

| အဖုံးကာလာခွဲ |
|---|
| MCM |

| ထုတ်ဝေသူ |
|---|
| ဒေါက်တာခင်မိုးမိုး (မြဲ ၀၄၁၈၈) ဖုန်း - ၂၀၀၅၁၂၊ ၃၇၄၄၀၀ |

| ကြော်ငြာအဖွဲ့ |
|---|
| သက်မာဦး၊ ဥမ္မာလွင်၊ ဇင်မာဝင်း၊ နှင်းနှင်းဝေ၊ အိအိငယ်၊ ဆန်းဆန်းညွန့်၊ သင်ဇင်အောင် |

| ရုံးအဖွဲ့ |
|---|
| မိုမိုလွင်၊ မနန်းအေး၊ သင်းမြတ်မြတ်ထွန်း၊ ချောကေခိုင် |

| ကွန်ပျူတာစာစီ |
|---|
| သုတစွယ်စုံ |

| ဖြန့်ချိရေး |
|---|
| ဦးသန်းထွန်း၊ ကျော်ဆန်း |

| အဖုံးပုံနှိပ်သူ |
|---|
| ဒေါ်ရွှေ (၀၂၀၇၉-မြဲ) သုခ ပုံနှိပ်တိုက် အမှတ်(၁၂၈)၊ ၄၆-လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၂၉၄၄၀၇ |

| အတွင်းပုံနှိပ်သူ |
|---|
| ဦးဝင်းငွေး (၀၄၈၃၉) ဝင်းထွန်း ပုံနှိပ်တိုက် အမှတ် (၃၇)၊ ရေကျော်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၂၉၀၅၀၃ ဦးမြင့်ဦး(မြဲ-၀၁၅၈၃) သိန်းသန်းဦးပုံနှိပ်တိုက် ၁၂၁၊ ၃၄ လမ်း၊ ရန်ကုန်။ |


ပြည်လုံးကျွတ်ဖြန့်ချိရေး

သုတစွယ်စုံစာအုပ်တိုက် အမှတ် - ၉၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၀၀၅၁၂

**Swe Sone Media Group**

Central Tower (ပ-ထပ်)၊ အမှတ် ၇၉/၈၁၊ အနော်ရထာလမ်း၊ (၃၉ လမ်းနှင့် လမ်း ၄၀ ကြား)၊ ကျောက်တံတား၊ ရန်ကုန်မြို့။

ဖုန်း - ၃၉၂၉၈၂၊ ၃၉၂၇၃၉၊ ၃၈၅၂၉၁၊ ၃၇၄၄၀၀၊ ၀၉-၇၃၀၃၉၀၉၄ www.swesonemedia.org


www.burmeseclassic.com

www.burmeseclassic.com



# စက်ရုံသဖွယ်တည်ဆောက်ထားသော ငါးဖမ်းသင်္ဘောကြီးများ

■ ပြည့်ဖြိုးဟိန်း







[illegible]ည်ဆောက်ထားသော ငါးဖမ်းသင်္ဘောကြီးများသည် ပင်လယ် သမုဒ္ဒရာကြီးများထဲသို့ ခုတ်မောင်းသွားလာပြီး ငါးဖမ်းရန် [illegible]သော အဓိကရည်ရွယ်ချက်ဖြင့် [illegible]ဆောက်ထားသည့် ကြီးမားလှသော သင်္ဘော [illegible]ကြီး အဆိုပါသင်္ဘောကြီးများပေါ်တွင် [illegible] ရရှိသော ငါးများကို အချိန်နှင့် တစ်ပြေးညီ [illegible]အတန်းမီမီ ထုပ်ပိုးပြုပြင်ရန်အတွက် လိုအပ်သည့် ပစ္စည်းပစ္စယများ အစုံအလင်ပါရှိသည့်အပြင် ထုပ်ပိုးပြီးသော ငါးများကို တာရှည်ခံအောင် [illegible] သိမ်းထားနိုင်ရန်အတွက် ကြီးမားလှသည့် အအေးခန်းကြီးများကိုပါ တပ်ဆင်ထားပြီးပင်လယ် သမုဒ္ဒရာကြီးများ[illegible] တစ်လကိုးသီတင်းနေ [illegible] အသုံးတလည် စီမံတည် [illegible]သင်္ဘောကြီးများပင် ဖြစ်၏



www.burmeseclassic.com

www.burmeseclassic.com





သူ့ထက်ငါ အပြိုင်အဆိုင် တည်ဆောက်ထားသည့် ကြီးမားလှသည့် ငါးဖမ်းသင်္ဘောကြီးများမှာ အလိုအလျောက်စနစ်ဖြင့် အသင့်လည်ပတ်နိုင်သော စက်ရုံတစ်ခုကို သင်္ဘောပေါ်တွင် တည်ဆောက်ထားသည်နှင့် အလားသဏ္ဍာန်တူညီ၏။

တကယ်တော့ စက်ရုံသဖွယ်တည်ဆောက်ထားသော ငါးဖမ်းသင်္ဘောကြီးများသည် အထူးအဆန်းမဟုတ်ဘဲ တစ်ချိန်က အသုံးများခဲ့သည့် ဝေလငါးဖမ်းသင်္ဘောများကို မှီငြမ်း၍ အရွယ်အစား ပိုမိုကြီးမားရန် ပြုပြင်တည်ဆောက်ထားသည့် သင်္ဘောကြီးများပင်ဖြစ်သည်။ ဝေလငါးဖမ်းသင်္ဘောများသည် မိခင်ဆိပ်ကမ်းနှင့် အလှမ်းကွာဝေးလွန်းလှသည့် ရေပြင်သို့ရောက်ရှိအောင် ခရီးမိုင်ပေါင်းများစွာကို ရွက်လွှင့်ဖြတ်သန်းသွားရောက်ပြီးမှ ဝေလငါးဖမ်းယူခြင်းဖြစ်ပြီး ရရှိသော ငါးများကို သင်္ဘောပေါ်၌ပင် အဆီထုတ်ခြင်းနှင့် အသုံးမဝင်တော့သည့် အသေကောင်များအား စွန့်ပစ်ခြင်းများကို ပြုလုပ်ကြ၏။ နောက်ပိုင်းတွင် ဝေလငါးဖမ်းသင်္ဘောများသည် ဝေလငါးတစ်ကောင်လုံးမှ စွန့်ပစ်စရာ ဘာမှမရှိဘဲ အားလုံးအသုံးဝင်အောင် ပြုလုပ်နိုင်ခဲ့ကြ၏။ ထိုသို့ပြုလုပ်သည့် နည်းစနစ်များပေါ်တွင် အခြေခံပြီး တိုးတက်လာသော ခေတ်မီနည်းပညာများကို ပေါင်းစပ်မှုပြု၍ ငါးဖမ်းသင်္ဘောအကြီးစားများကို တည်ဆောက်ခဲ့ခြင်းပင်ဖြစ်သည်။

စက်ရုံသဖွယ်တည်ဆောက်ထားသည့် အချို့သော ငါးဖမ်းသင်္ဘောကြီးများသည် မူလတာဝန်ဖြစ်သည့် ငါးဖမ်းရုံနှင့် ကုန်ထုတ်လုပ်ရုံသာမက ငါးဖမ်းသင်္ဘောအုပ်စုတစ်ခုလုံး၏ ထောက်ပံ့ရေးတာဝန်နှင့်တကွ ဖမ်းထားသော ငါးများနှင့် အခြားရေသတ္တဝါများကို ထိန်းသိမ်းထားရန်အတွက်ပါ တာဝန်ယူပေးရသည့် မိခင်သင်္ဘောကြီးသဖွယ်လည်း ဖြစ်သည်။ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ကြီးအဆိုအရမှ တန်ချိန် ၁၀၀ အထက်ရှိ စက်ရုံသဖွယ် တည်ဆောက်ထားသော ငါးဖမ်းသင်္ဘောစင်းရေ စုစုပေါင်းမှာ ၃၈၄၀၀ ခန့်ရှိသည်ဟု သိရှိရ၏။ မြောက်ပစိဖိတ်သမုဒ္ဒရာကြီး၏ ချမ်းအေးလှသည့် ရေပြင်ကျယ်ကြီးသည် အဆိုပါသင်္ဘောကြီးများ၏ အိမ်သဖွယ်ဖြစ်နေပြီး ထိုနေရာသည် ကမ္ဘာပေါ်ရှိ ငါးအကြီးအကျယ်ထုတ်လုပ်လျက်ရှိသည့်နေရာများအနက်မှ တစ်ခုပင်ဖြစ်၏။

အစပိုင်းတွင် စက်ရုံသဖွယ် တည်ဆောက်ထားသော ငါးဖမ်းသင်္ဘောကြီးများကို အဓိကအားဖြင့် ရုရှားနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားနိုင်ငံများတွင် အသုံးပြုခဲ့ကြသည်။ အလွန်အကျွံငါးဖမ်းဆီးခြင်းကြောင့် ဖြစ်ပေါ်လာခဲ့သည့်နောက်ဆက်တွဲအကျိုးဆက်အနေဖြင့် အဏ္ဏဝါဂေဟစနစ်ပျက်စီးဆုံးရှုံးလာခြင်းဆီသို့ ဦးတည်လာခြင်းကြောင့် အဆိုပါနိုင်ငံများတွင် စက်ရုံသဖွယ်တည်ဆောက်ထားသော ငါးဖမ်းသင်္ဘောကြီးများကို အသုံးပြု၍ ငါးဖမ်းခြင်းအား ပြင်းပြင်းထန်ထန် လျှော့ချလာခဲ့၏။ သို့သော်ငြားလည်း တစ်ချိန်တည်းလိုလိုမှာပင် စက်ရုံသဖွယ်တည်ဆောက်ထားသော ငါးဖမ်းသင်္ဘောကြီးများကို အမေရိကန်ပြည်ထောင်စုတွင် စတင်အသုံးပြုလာခဲ့ကြပြီး အရေအတွက်မှာလည်း တဖြည်းဖြည်းချင်း တိုးတက်များပြားလာခဲ့သည်။

စက်ရုံသဖွယ်တည်ဆောက်ထားသော ငါးဖမ်းသင်္ဘောကြီးများကို အမျိုးအစားများစွာ ခွဲခြားနိုင်ပြီး ၎င်းတို့မှာ (၁) တရွတ်ဆွဲပိုက်သုံးငါးဖမ်းသင်္ဘောများ၊ (၂) ကြိုးအရှည်ကြီးများ၌ သီထားသော ငါးဖမ်းချိတ်များကို အသုံးပြုသည့် ငါးဖမ်းသင်္ဘောများ၊ (၃) အပေါ်တွင် ဖော့များတပ်ထားပြီး အောက်နားတစ်ဝိုက်တွင် အလေးများဆွဲထားသည့် ငါးဖမ်းပိုက်သုံးသင်္ဘောများ၊ (၄) ပဲ့ပိုင်းတွင် တရွတ်ဆွဲပိုက်တပ်ဆင်ထားသော ငါးဖမ်းသင်္ဘောများနှင့် (၅) ပြည်ကြီးငါးဖမ်းသင်္ဘောများတို့ ဖြစ်ကြ၏။

**၁)တရွတ်ဆွဲပိုက်သုံးငါးဖမ်းသင်္ဘောများ**

တရွတ်ဆွဲပိုက်သုံးငါးဖမ်းသင်္ဘောများသည် ဖမ်းဆီးရရှိသော ငါးများကို စားသုံးသူလက်ထဲသို့ တစ်ခါတည်း ရောင်းချနိုင်ရန်အတွက် အဆင်သင့်ဖြစ်အောင် သင်္ဘောပေါ်တွင် တစ်ခါတည်း အသားလွှာခြင်း၊ အတုံးလိုက်လှီးခြင်း၊ ခေါင်းသတ်သတ်ဖယ်






www.burmeseclassic.com

www.burmeseclassic.com





ခြင်း၊ ငါးအူချောင်းလုပ်ခြင်းတို့အပြင် ထုပ်ပိုးခြင်းကိုပါ တစ်ပါတည်း ပြုလုပ်ခြင်းပင် ဖြစ်သည်။ အဆိုပါ ငါးဖမ်းသင်္ဘောကြီးများသည် ပေ ၁၈၀ မှ ၂၀၀ အကြားရှည်လျားပြီး ပင်လယ်သို့ တစ်ခါထွက်လျှင် ခြောက်ပတ်ခန့် ကြာလေ့ရှိ၏။ သင်္ဘောပေါ်တွင် သင်္ဘောသား ၃၅ ယောက်ကျော်ပါရှိတတ်ပြီး ၎င်းတို့သည် ငါးအသားလွှာခြင်းကို ဖမ်းမိပြီး နာရီပိုင်းအတွင်း ပြုလုပ်ကြခြင်းဖြစ်သည်။ သင်္ဘောပေါ်၌ မြေဩဇာ၊ တိရစ္ဆာန်အစာအဖြစ် အသုံးပြုနိုင်သည့် ငါးအမှုန့်ပြုလုပ်သော ပစ္စည်းကိရိယာများပါ ပါရှိသဖြင့် စွန့်ပစ်ရသည့် အရာလုံးဝမရှိတော့ဘဲ အားလုံးကို အကျိုးရှိရှိ အသုံးပြုနိုင်ပေသည်။

## ၂) ကြိုးအရှည်ကြီးများ၌ သီထားသော ငါးဖမ်းချိတ်များကို အသုံးပြုသည့် ငါးဖမ်းသင်္ဘောများ

ငါးဖမ်းချိတ်များတွင် ငါးစာကို အလိုအလျောက် တပ်ဆင်နိုင်ပြီး ငါးဖမ်းချိတ်များသီ ထားသော ကြိုးအရှည်ကြီးများကို လျင်မြန် စွာ ဖြေလျှော့နိုင်၏။ တစ်နေ့လျှင် ထောင်နှင့် ချီသော ငါးမျှားချိတ်များကို ချလေ့ရှိပြီး ငါး မျှားချိတ်များ ပြန်လည်ဖော်ခြင်းနှင့် ပြန်ချ ခြင်းကို ၂၄ နာရီပတ်လုံး အဆက်မပြတ် ပြု လုပ်ခြင်းပင်ဖြစ်သည်။ အဆိုပါငါးဖမ်း သင်္ဘောကြီးများသည် ပင်လယ်သို့ ခြောက် ပတ်လျှင် တစ်ကြိမ် ထွက်လေ့ရှိပြီး သင်္ဘော ပေါ်၌ပင် ငါးအသားလွှာခြင်း၊ ဈေးကွက်တွင် ဖြန့်ဖြူးရောင်းချရန်အတွက် ထုပ်ပိုးခြင်းများကို ငါးဖမ်းမိပြီး နာရီပိုင်းအတွင်း၌ တစ်ခါတည်းပြုလုပ်၍ တစ်ခါတစ်ရံတွင် ငါးအမှုန့် ပြုလုပ်သော ကိရိယာများလည်း ပါရှိတတ်၏။

## ၃) အပေါ်တွင် ဟော့များတပ်ထားပြီး အောက်နားတစ်ပိုက်တွင် အလေးများဆွဲထားသည့် ငါးဖမ်းပိုက်သုံးသင်္ဘောများ

အဆိုပါ ငါးဖမ်းသင်္ဘောများသည် ရိုးရာ ငါးဖမ်းနည်းကို အသုံးပြုပြီး တူနာငါးနှင့် အ ခြားငါးအုပ်ကြီးများကို ဖမ်းဆီးခြင်းပင် ဖြစ်သည်။ ကြီးမားလှသည့် ငါးဖမ်းပိုက်ကြီး ဖြင့် ငါးအုပ်အား စက်ဝိုင်းပုံပတ်လိုက်ခြင်း ဖြစ်ပြီး ပိုက်ကို ရှုံ့လိုက်သောအခါ ပိုက် အောက်ခြေ၌ ပိတ်သွားပြီးနောက် ပိုက်ကို သင်္ဘောဘေးသို့ ဆွဲတင်လိုက်ခြင်းအားဖြင့် ငါးများကို ဖမ်းဆီးခြင်းဖြစ်သည်။ ထိုကဲ့သို့ သော ငါးဖမ်းသင်္ဘောအများစုသည် ဖမ်းမိ သော ငါးများကို အေးခဲအောင် ပြုလုပ်ထား သည့် အလွန်ငန်သော ရေများထည့်ထား သော ကန်အတွင်းသို့ ပြောင်းထည့်လေ့ရှိ သည်။ ယင်းကန်သည် ငါးပမာဏ များစွာကို လျင်မြန်စွာ အေးခဲစေ၏။ ပင်လယ်ထွက် ချိန်မှာ ငါးဖမ်းသည့်အနေအထားပေါ်တွင် မူတည်ပြီး ရက်ပေါင်း ၂၀ မှ ၇၀ အထိ ကြာမြင့်တတ်သည်။ အေးခဲထားသော ငါးများ ပါသည့် ကန်ကြီးများကို စည်သွတ်စက်ရုံများဆီသို့ တိုက်ရိုက် သို့မဟုတ် ကြားခံကုန်ပို့ သင်္ဘောများမှတစ်ဆင့်သော်လည်း ပေးပို့ခြင်း ဖြစ်သည်။ ကုန်ချခြင်းကို ငါးဖမ်းနေသည့် ဧရိယာအနီးတစ်ဝိုက်တွင်သာ ပြုလုပ်ခြင်းဖြစ်၏။

## ၄) ပဲ့ပိုင်းတွင် တရွတ်ဆွဲပိုက်တပ်ဆင်ထားသော ငါးဖမ်းသင်္ဘောများ

အဆိုပါငါးဖမ်းသင်္ဘောများ၌လည်း ဖမ်းပြီးသား ငါးများကို ထုပ်ပိုးပြုပြင်ရန်အတွက် ပစ္စည်းကိရိယာများ သီးခြားတပ်ဆင်ထားပြီး ပင်လယ်ပြင်၌ တစ်ကြိမ်လျှင် ရက် အနည်းငယ် သို့မဟုတ် ရက်သတ္တပတ်အနည်းငယ်ကြာသည့်တိုင် ငါးဖမ်းနိုင်ကြ၏။ တရွတ်ဆွဲပိုက်ကို သင်္ဘောမှ ဆွဲလိုက်ပြီးနောက် ပဲ့ပိုင်းရှိ ဆင်ခြေလျှောအတိုင်း ဖမ်းမိသော ငါးများပါသည့် ပိုက်ကို ဆွဲတင်ခြင်းပင်ဖြစ်သည်။ ပိုက်ဆွဲရာတွင် ရေအောက် ကြမ်းပြင်မှ ဆွဲခြင်း၊ ရေလယ်မှ ဆွဲခြင်းနှင့် သင်္ဘောနှစ်စင်းကို မီတာ ၅၀၀ ခန့်အကွာ အဝေး ယှဉ်လျက် အနေအထားမှ အဝန်းအားဖြင့် မီတာ ၉၀၀ ရှိသည့် ကြီးမားလှသော ငါးဖမ်းပိုက်ကြီးတစ်ခုကို အသုံးပြုပြီး ဆွဲခြင်း များလည်း ပြုလုပ်၏။

## ၅) ပြည်ကြီးငါးဖမ်းသင်္ဘောများ

ပြည်ကြီးငါးဖမ်းရန်အတွက် အထူးတလည် တည်ဆောက်ထားသော သင်္ဘောများဖြစ်ပြီး အားကောင်းလှသည့် မီးဆလိုက်



www.burmeseclassic.com

www.burmeseclassic.com






များကို အသုံးပြုကာ ပြည်ကြီးငါးများကို ဆွဲဆောင်၍ သီးခြားစီ ခွဲထားသည့် ရာနှင့်ချီသော ဝန်ချီစက်များ တပ်ဆင်ထားသည့် ထောင်နှင့်ချီသော ချိတ်များကို အသုံးပြု၍ ဖမ်းဆီးခြင်းဖြစ်သည်။ ထိုကဲ့သို့ ဖမ်းဆီးခြင်းကို ဂျပန်နှင့် ကိုရီးယား ငါးဖမ်းသင်္ဘောကြီးများတွင် ပိုမိုအသုံးပြုကြပြီး အဆိုပါ ငါးဖမ်းသင်္ဘောများမှ သင်္ဘောသားများသည် ပင်လယ် သမုဒ္ဒရာကြီးအတွင်း၌ နှစ်လခန့်ကြာသည့်တိုင် အဆက်မပြတ် ဖမ်းဆီးခြင်းဖြစ်ပြီး အခါအားလျော်စွာပင် ဖမ်းဆီးရရှိသော ရေသတ္တဝါများကို ပိုမိုကြီးမားသည့် ငါးဖမ်းသင်္ဘောကြီးများထံသို့ လွှဲပြောင်းပေးရသည်။

စက်ရုံသဖွယ် တည်ဆောက်ထားသော ကမ္ဘာ့အကြီးဆုံး ငါးဖမ်းသင်္ဘောကြီးမှာ Annelies Ilena ex Atlantic Dawn ဖြစ်ပြီး အရှည်အားဖြင့် ၁၄၄ မီတာရှိ၍ ၎င်း ငါးဖမ်းသင်္ဘောကြီးသည် တစ်နေ့လျှင် ငါးတန်ချိန် စုစုပေါင်း ၃၅၀ ခန့် ထုပ်ပိုးနိုင်၏။ သင်္ဘောပေါ်တွင် လောင်စာဆီ တန်ချိန် ၃၀၀၀ သယ်ဆောင်သွားနိုင်ပြီး သင်္ဘောပေါ်တွင် ပါရှိသော အအေးခန်းကြီးများထဲ၌ ဖမ်းဆီးရရှိသော ငါးတန်ချိန် စုစုပေါင်း ၇၀၀၀ ခန့်ကို သိုလှောင်သိမ်းဆည်းထားနိုင်သည်။ ထုပ်ပိုးထားသော ငါးများကို အတင်အချ ပြုလုပ်ရာတွင် အကူအညီဖြစ်စေရန်အတွက် သင်္ဘောပေါ်တွင် ဝန်ပင့်ယာဉ်များ(Forklift Trucks)ကိုလည်း အသုံးပြုရသည်။

ကျွန်ုပ်တို့မှီတင်းနေထိုင်လျက်ရှိသော ဤကမ္ဘာတွင်တည်ရှိနေသည့် ပင်လယ်သမုဒ္ဒရာကြီးများ၌ ထိုကဲ့သို့ အရွယ်အစားကြီးမားလှသည့် ငါးဖမ်းသင်္ဘောကြီးများကို အသုံးပြု၍ ငါးဖမ်းယူနေခြင်းကြောင့် ငါးမျိုးစိတ်များ တစ်ခုပြီးတစ်ခု ဆိတ်သုဉ်းပျောက်ကွယ်လာရုံသာမက အလွန်အကျွံကြီးမားလှသော ငါးဖမ်းပိုက်ကြီးများကို အသုံးပြုဖမ်းယူခြင်းကြောင့် ရေပျော်ငှက်များ၊ ဝေလငါးများ၊ လင်းပိုင်များ၊ ပင်လယ်လိပ်များနှင့် ငါးမန်းများပါမကျန် အကုန်သိမ်းကျုံး ဖမ်းဆီးခံနေရ၏။ အတ္တလန္တိတ်သမုဒ္ဒရာကြီးအတွင်း၌ စက်ရုံသဖွယ် တည်ဆောက်ထားသော ငါးဖမ်းသင်္ဘောကြီးများကို အသုံးပြုပြီး ငါးဖမ်းရာတွင် အဆိုးဆုံးသော နေရာတစ်ခုအဖြစ် ဥပမာပေးတင်စားနိုင်သည့် နေရာတစ်ခုမှာ Chesapeake ပင်လယ်အော်ပင်ဖြစ်သည်။ Menhaden ဟု ခေါ်ဆိုကြသည့် ငါးအသေးစားတစ်မျိုးကို အိုမီဂါပရိုတင်း ကော်ပိုရေးရှင်းမှ စနစ်တကျ ပစ်မှတ်ထားပြီး အဆိုပါနေရာတွင် ဖမ်းယူလျက်ရှိ၏။ အချို့သော သိပ္ပံပညာရှင်များက Menhaden ငါးသည် ပင်လယ်တွင် အရေးပါဆုံး ငါးဖြစ်သည်ဟူ၍လည်း ဖော်ပြကြ၏။ ပင်လယ်သမုဒ္ဒရာကြီးများမှ အားလုံးနီးပါးသော ရေသတ္တဝါများသည် အမြဲမဟုတ်တောင် တကွေ့ကွေ့တွင် Menhaden ငါးကို အစာအလို့ငှာ ဖမ်းယူစားသောက်ကြပြီး အချို့သော ဝေလငါးများနှင့် လူသိများလှသည့် အစင်းပါသည့် ကကတစ်ငါးများသည် အဆိုပါငါးများကို တဝတပြဲ ဖမ်းယူစားသောက်လေ့ရှိသည်။ ငါးဖမ်းသင်္ဘောကြီးများဖြင့် ဖမ်းယူခြင်းကြောင့် Menhaden ငါးအမျိုးအစားမှာ အစားအစာအတွက် တစ်ဦး အပေါ်တစ်ဦး မှီခိုရသည့် ဇီဝအဆင့်ဆင့်အတွက် လုံလောက်မှုရှိတော့သည့် အခြေအနေသို့ ရောက်ရှိလာခဲ့ပြီဖြစ်၏။ ရေထု ညစ်ညမ်းခြင်းနှင့် မိလ္လာအညစ်အကြေးများပါသော ရေများကြောင့် ရေအရည်အသွေးကျဆင်းလာပြီး အောက်ဆီဂျင်ပြတ်လပ်ခြင်းကြောင့် ရေသတ္တဝါများ သေကျေခြင်းကဲ့သို့သော အခြေအနေဆိုးများတွင် Menhaden ငါးအရေအတွက်များစွာ ရှင်သန် ပေါက်ဖွားနေပါက ရေအရည်အသွေး ပြန်လည်ကောင်းမွန်လာခြင်းကို ဖြစ်ပေါ်စေနိုင်၏။

ပြည့်ဖြိုးဟိန်း





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



## မှန်ပြတင်းအတွင်းမှ အလုပ်လက်မဲ့များ




ဥရောပတွင် အလုပ်လက်မဲ့နှုန်းမှာ မကြာသေးမီက စံချိန်တင်လောက်အောင် မြင့်မားလာခဲ့သည်။ ဒိန်းမတ်နိုင်ငံမှ အရည်အချင်းရှိသော ပညာသည်များသည် အလုပ်အကိုင်ရရှိရန် ခက်ခဲသဖြင့် အလုပ်လက်မဲ့များ ဖြစ်နေကြသည်။ ဒိန်းမတ်နိုင်ငံမှ အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီတစ်ခုက အလုပ်ရှင်များသတိပြုမိစေရန် အ လုပ်လက်မဲ့များအား စတိုးဆိုင်မှန်ပြတင်းအတွင်း ဝင်ထိုင်ပြီး အလုပ်ရှာရန် အကြံပြုခဲ့သည်။ အမှုဆောင်အရာရှိချုပ်မှ ဥပဒေပညာရှင်များအထိပါဝင်သော ကျွမ်းကျင် ပညာရှင်များက နှစ်ပေါင်းများစွာ အလုပ်လက်မဲ့ဖြစ်နေသဖြင့် ထို အကြံ အတိုင်း စမ်းကြည့်ရန် သဘောတူခဲ့ကြသည်။ ထိုသို့ စတိုးဆိုင်ရှေ့ မှန်ပြတင်းဝင်ထိုင်နေသော အလုပ်လက်မဲ့များအနက် သုံးဦးမှာ တစ်ရက်နှစ်ရက်အတွင်း အလုပ်အကိုင်ရရှိသွားကြောင်း အလုပ်ရှာဖွေရေး အေဂျင်စီ၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။



## စားချင့်စဖွယ် ဖန်တီးထားသော နံနက်စာများ

အေးမြသော ဆောင်းရာသီကာလနံနက်ပိုင်းတွင် လူအတော်များများ အနေဖြင့် နွေးထွေးသော စောင်ခြုံပြီး အိပ်ရာထဲကွေးကာ နေချင်ကြသည်မှာ သဘာဝဖြစ်သည်။ အိပ်ရာထဲမှ လူးလဲထပြီးနောက် တစ်နေ့တာအလုပ်များ စမလုပ်မီ တစ်နေ့လုံးအားအင်ပြည့်ဖြိုးစိတ် ကြည်လင်လန်းဆန်းနေစေရန်အတွက် အဓိကလိုအပ်သည်မှာ နံနက်စာပင်ဖြစ်သည်။ နော်ဝေနိုင်ငံမှ စာရေးဆရာနှင့် အနုပညာရှင်ဖြစ်သူ အီဒါစကီသည် နံနက်စာကို စားချင်စဖွယ်ဆွဲဆောင်နိုင်ရန်အတွက် လှပဆန်းပြားသော ဒီဇိုင်းပုံစံများတီထွင်ပေးခဲ့သောကြောင့် နံနက်စာကို အားပါးတရ စားချင့်စိတ်ပေါက်လာနိုင်သည်ဟု ယူဆထားသည်။

## မြောက်ဥရောပတွင် အကြီးမားဆုံးသော ဆေးမင်ကြောင်ပွဲတော်



၂၀၁၃ ခုနှစ်၊ မေလ ၉ ရက်နေ့က မြောက်ဥရောပတွင် အကြီးမားဆုံးဆေးမင် ကြောင်ပွဲတော်ကြီးကို ဒိန်းမတ်နိုင်ငံကိုပင် ဟေဂင်မြို့တွင် တတိယအကြိမ်မြောက် အဖြစ်ကျင်းပခဲ့သည်။ အဆိုပါ ဆေးမင်ကြောင်ပွဲတော်ကျင်းပသည့် သုံးရက်တာကာလအတောအတွင်း ကမ္ဘာ့အကျော်ကြားဆုံး ဆေးမင်ကြောင်အနုပညာရှင်အယောက် ၁၈၀ က ဆေးမင်ကြောင်ပွဲတော်ကြီးသို့ လာ ရောက်ကြည့်ရှုသော ပရိသတ်ကြီး၏ ခန္ဓာ ကိုယ်ပေါ်တွင် ၎င်းတို့၏ ကျွမ်းကျင်မှုစွမ်း ရည်များကို လက်စွမ်းပြထိုးပေးခဲ့ကြသည်။ အဆိုပါ ပွဲတော်ကြီးသို့ လာရောက်ကြည့်ရှု သူတစ်ဦး၏ လည်ပင်းတွင် ဆေးမင်ကြောင်ပညာရှင်တစ်ဦးက အမှတ်တရဆေးမင်ကြောင်ထိုးပေးခဲ့သည်။

ပိုင်စိုးဟန်



www.burmeseclassic.com

www.burmeseclassic.com





## နွားအုပ်ထဲမှ ဘုရင်မပိုလ်လုပွဲ

အယ်လ်ပိုင်းတောင်တန်းရှိ အက်ပရော့ဇ် ကျေးလက်တောရွာကလေးတွင်"ဘုရင်မတိုက်ပွဲ"အမည်ရှိ နွားတိုက် ပွဲကို နှစ်စဉ်နှစ်တိုင်း ကျင်းပလေ့ရှိသည်။ အဆိုပါ ဘုရင်မတိုက်ပွဲမှာ နွားအုပ်အတွင်း၌ ခေါင်းဆောင်ဘုရင်မဖြစ်ထိုက်သော အရည်အသွေးနှင့် ခွန်အားပြသော တိုက်ပွဲဖြစ်သည်။ ၂၀၁၃ ခုနှစ်၊ မေလ ၅ ရက်နေ့က ကျင်းပခဲ့သော ဘုရင်မတိုက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် နွားများကို မြက်ခင်းပြင်ကြီးဆီသို့ ခေါ်ယူသွား ပြီး နွားအုပ်အတွင်း၌ ခေါင်းဆောင်နွားဘုရင်မနေရာရရှိစေရန်အတွက် ၎င်းတို့၏ စွမ်းရည်နှင့် ခွန်အားတို့ကို အသုံးပြုပြီး အကြိတ်အနယ်ယှဉ်ပြိုင်တိုက်ခိုက်စေသည်။ ၎င်းဘုရင်မတိုက်ပွဲကို ဘုရင်မအသစ်အား အခြားနွားများအားလုံးက နောက်ဆုတ်အရှုံးပေးသွားသည်အထိ ဆက်လက်ကျင်းပခဲ့သည်။

## လူသားနှင့် စက်ယန္တရားတို့၏ ကပွဲ

ဗြိတိန်နိုင်ငံမှ Motion House ဇာတ်ရုံကုမ္ပဏီသည် ယခုနှစ် မေလ ၁၀ ရက်နေ့က ပြင်သစ်နိုင်ငံ၊ မာဆယ်လီမြို့ရှိ ပရာဒို ပင်လယ်ကမ်းခြေတွင် မြေတူးစက်ယန္တရားကြီးများနှင့် လူသားပြဇာတ်ကပြသူများက ထူးခြားဆန်းပြားစွာ လူသားနှင့် စက်ယန္တရားအကကို အတူတွဲဖက်ပြီး အံ့မခန်းကပြဖျော်ဖြေတင်ဆက်ခဲ့ကြသည်။ အဆိုပါ လူသားနှင့် စက်ယန္တရားကပွဲကို ဒေသခံပြင်သစ်ပြည်သူများက တစ်ခဲနက်သောင်းသောင်းဖြဖြကြည့်ရှုအားပေးခဲ့သည်။





## ထာဝရမခွဲခွာမီ နောက်ဆုံးနှုတ်ဆက်ပွေ့ဖက်ခြင်း

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဒါကာမြို့ဆင်ခြေဖုံးရှိ ဆာဗာအရပ်ဒေသတွင် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၅ ရက်နေ့က ပြိုကျပျက်စီးသွားသော အဝတ်အထည်စက်ရုံကြီး၏ သတင်း ဓာတ်ပုံများတစ်ပုံတစ်ပင်ကြီး ထွက်ပေါ်လာခဲ့သည်။ ထိုသတင်း ဓာတ်ပုံများအနက် ဘင်္ဂလားဒေ့ရှ်ဓာတ်ပုံဆရာတာဆယလီမာရိုက်ယူခဲ့သော သတင်းဓာတ်ပုံမှာ ဓာတ်ပုံတစ်ပုံတည်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်နိုင်ငံလုံး၏ ပရိဒေဝသောကကို အမိအရရိုက်ယူနိုင်ခဲ့သည်။ ပြိုလဲပျက်စီးသွားသော အဝတ်အထည်စက်ရုံအပျက်အစီးများအကြားတွင် တွေ့ရှိရသူနှစ်ဦး၏ နောက်ဆုံး နှုတ်ဆက်ပွေ့ဖက်ထားပုံမှာ ဆို့နင့်ကြေကွဲဖွယ်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## ပင်လယ်ထဲမျောနေသော သစ်တောကြီး



ဩစတြေးလျနိုင်ငံ၊ ဆစ်ဒနီမြို့ရှိ ဟုမ်း ဘွတ်ရှ်ပင်လယ်အော်အတွင်း၌ သင်္ဘောပျက်ကြီးများ ဒုနှင့် ဒေးကြီးရှိနေသည်။ အဆိုပါ သင်္ဘောပျက်များအနက် အထူးခြားဆုံးမှာ အက်စ်အက်စ်အိုင်ယာဖီးလ်ဒ် သင်္ဘောပျက်ကြီးပင်ဖြစ်သည်။ အဆိုပါ သင်္ဘောပျက်ကြီးပေါ်တွင် လမုပင်များမှာ သံချေးတက်နေသော သင်္ဘောရေတစ်ခုလုံးကို ဖုံးလွှမ်းသွားအောင် ပေါက်ရောက်နေသောကြောင့် ပင်လယ်ထဲမျောနေသော သစ်တောကြီးဟု ထင်ရှားကျော်ကြားလျက်ရှိသည်။ အဆိုပါသင်္ဘောကြီးကို ဒုတိယကမ္ဘာစစ်ကြီးအတောအတွင်းကမနေသဟာယအဖွဲ့ကြီးက ပစိဖိတ် သမုဒ္ဒရာအတွင်း၌ တပ်ချထားသော အမေရိကန်စစ်တပ်များအတွက် စားနပ်ရိက္ခာထောက်ပံ့ပေးပို့ရန် အသုံးပြုခဲ့သည်။ ၁၉၈၂ ခုနှစ်တွင် သင်္ဘောသက်တမ်း ကုန်ဆုံးသွားသောအခါ ဟုမ်း ဘွတ်ရှ်ပင် လယ်အော်အတွင်းရှိ သင်္ဘော ပျက်သချိုင်းထဲတွင် စွန့်ပစ်ထားခဲ့ရာ နှစ်ပေါင်းများစွာအကြာတွင် သင်္ဘောပေါ်၌ လမုတောကြီး အုပ်အုပ်ဆိုင်းဆိုင်းပေါ်လာသဖြင့် ပင်လယ်ထဲမျောနေသော သစ်တောကြီးအဖြစ် ကမ္ဘာတစ်လွှားမှ ဓာတ်ပုံဆရာများအား ဆွဲဆောင်နိုင်ခဲ့သည်။



## အလွန်ကံကောင်းသော ခွေးကလေး

ဗြိတိန်နိုင်ငံ၊ လန်ဒန်မြို့မှ ပရင့်စ်အမည်ရှိ အိမ်မွေးတိရစ္ဆာန်ခွေးကလေးကို အလွန်ကံကောင်းသော ခွေးကလေးအဖြစ် ယူဆနိုင်သည်။ အဘယ်ကြောင့်ဟူမူ အဆိုပါ ပရင့်စ်ခွေးကလေးတွင် ၎င်းအတွက် ဗြိတိန်နိုင်ငံမှ ထိပ်တန်းအဝတ်အစားဒီဇိုင်းပညာရှင်များက အထူးချုပ်လုပ်ထားသော အင်္ကျီ အဝတ်အစားများ ထည့်သည့် သီးသန့်အဝတ် ဗီရိုရှိသည့်အပြင် စားဖိုမှူးများက အထူးသီးသန့်ပြင်ဆင်ချက်ပြုတ်ပေးထားသော စားသောက်ဖွယ်ရာများလည်းရှိသည်။ ထို့ပြင် ၎င်း၏ ပိုင်ရှင်သခင်မက ပရင့်စ်အား အလှပြင်ပေးရန်အတွက် အိမ်မွေးတိရစ္ဆာန်အလှပြင်ဆိုင်သို့ ပုံမှန်ခေါ်သွားပြီး အလှပြင်ပေးခဲ့သည်။ ပရင့်စ်အမည်ရှိ အိမ်မွေးတိရစ္ဆာန် ခွေးကလေးကို ပိုင်ရှင်သခင်မက သားသမီးရင်းသဖွယ်အလွန်ချစ်ခင်မြတ်နိုးသဖြင့် လိုလေသေးမရှိ ဖြည့်ဆည်းပေးထားသောကြောင့် ၎င်းမှာ အလွန်ကံကောင်းသော ခွေးကလေးဖြစ်သည်ဟု ယူဆထားသည်။

## ဖုံးကွယ်နေသော ပင်လယ်ကမ်းခြေကြီး



မက္ကဆီကိုနိုင်ငံမှာ တိုဘာလားဘား ပင် လယ်ကမ်းရိုးတန်းကမ်းလွန်ပင်လယ်ပြင်ရှိ မာရီယက်တားကျွန်းစုပေါ်မှ မီတာအနည်းငယ်အကွာ ကုန်းတွင်း၌ လူမြင်ကွင်းမှ ဖုံးကွယ်နေသော တစ်သားတည်းဆက်စပ်နေသော ပင်လယ်ကမ်းခြေတစ်ခုရှိသည်။ အဆိုပါ လူမြင်ကွင်းမှ ဖုံးကွယ်နေသော ပင်လယ်ကမ်းခြေမှာ တစ်မူထူးခြားသော သဘာဝအံ့ဖွယ်တစ်ခုဖြစ်သောကြောင့် ကမ္ဘာလှည့်ခရီးသည်များက လာရောက်လည်ပတ်ကြ သည်။ မာရီယက်တာကျွန်းစုမှာ လွန်ခဲ့သော ရာစုနှစ်ပေါင်းများစွာက မီးတောင်ပေါက်ကွဲမှုကြောင့် ဖွဲ့စည်းဖြစ်ပေါ်လာသည်ဟု ယူဆထားသည်။



www.burmeseclassic.com

www.burmeseclassic.com





## ကြွေရုပ်ကလေးနှင့်တူအောင် အကြိမ်ကြိမ် ခွဲစိတ်အလှပြင်ခဲ့သော ဂျပန်မော်ဒယ်လ်မလေး

ဗင်နီလာချာမူ အမည်ရှိ ဂျပန်မော်ဒယ်လ်မကလေးသည် အမေရိကန်ဒေါ်လာ ၁၀၀,၀၀၀ (ဂျပန်နိုင်ငံသုံးငွေယန်း ၁၀ သန်း) အကုန်ကျခံပြီး ပြင်သစ်ကြွေရုပ်မလေးနှင့်တူအောင် အကြိမ်ပေါင်း ၃၀ကျော်ခွဲစိတ် အလှပြုပြင်ခဲ့သောကြောင့် အင်တာနက်တွင် ဟိုးလေးတကျော်ထင်ပေါ်ကျော်ကြားလာခဲ့သည်။ သူမသည် သာမန်ဂျပန်မိန်းကလေးရုပ်ရည်မှ အနောက်တိုင်းသူ ရုပ်ရည်ဖြစ်အောင် အသက် ၁၉ နှစ်အရွယ်မှစ၍ အကြိမ်ကြိမ်ခွဲစိတ်ကုသမှုခံယူပြီး အလှပြုပြင်ခဲ့သည်။ ဤသို့ ငွေကြေးအမြောက်အမြား အကုန်ကျခံပြီး အလှပြုပြင်ခဲ့မှုကြောင့် ယခု အခါ သူမသည် ဂျပန်နိုင်ငံတွင် ထင်ရှားသော မော်ဒယ်လ်နှင့် ပေါ့ပ်အဆိုတော် တစ်ဦးအဖြစ် အောင်မြင်စွာ ရပ်တည်နိုင်ခဲ့သည်။

## ထူးခြားဆန်းပြားသော သစ်သားလက်ပတ် နာရီလေး



ယူကရိန်းနိုင်ငံမှ သစ်သားပန်းပုဆရာ တလာရီဒန်နီဝစ်ချ်သည် ၎င်းဖန်တီးသော သစ်သားနာရီတွင် နာရီလှုပ်ရှားလည်ပတ်ရန် လိုအပ်သော သတ္တုစပရင်တစ်ခုတည်းကို သာ အသုံးပြုရုံမှတစ်ပါး လက်ပတ်နာရီတစ် ခုလုံးကို သစ်သားချည်းသက်သက်ဖြင့် ပြု လုပ်ဖန်တီးရန်အတွက် ဘဝတစ်ခုလုံးကို နှစ် မြှုပ်ထားခဲ့သည်။ ၎င်းသည် ဘိုးစဉ်ဘောင် ဆက်သစ်သားဗိရိုလက်သမားဆရာမျိုးရိုးမှ ဆင်းသက်ပေါက်ဖွားလာသူတစ်ဦးဖြစ်ပြီး သစ်သားဖြင့် ပန်းပုထုဆစ်ရန် အလွန်ဝါသနာထုံသူဖြစ်သည်။ ၎င်းသည် ငယ်စဉ် ကလေးဘဝကပင် သုံးစင်တီမီတာ အရွယ်အစားမျှသာရှိသော သစ်သားဂီတာလေး တစ်လက်ကို ပန်းပုထုဆစ်ခဲ့သည်။ ၎င်း၏ ကျွမ်းကျင်မှု အရည်အသွေးတိုး တက်လာသောအခါ သေးသေးမွှားမွှားကလေးများကို ဖန်တီးရသည်ကို ငြီးငွေ့လာသောကြောင့် ၂၀၀၅ ခုနှစ်တွင် နာရီသင်တန်းမတက်ဖူးဘဲ သစ်သားလက်ပတ်နာရီတစ်လုံးကို စတင်ဖန်တီးခဲ့ရာ ၂၀၀၈ ခုနှစ်တွင် နာရီစက်လှုပ်ရှားလည်ပတ်နေသော သစ်သားနာရီကလေးကို အောင်မြင်စွာ ဖန်တီးနိုင်ခဲ့သည်။



## ကြိုးတန်းတစ်ဝက်တွင် ပက်လက်နားနေချင်သူ

ဘရားဇီးနိုင်ငံရှိ ရီယိုဒီဂျာနေးရိုးမြို့၏ အထက်ပေ ၉၈၄၀ အမြင့်တွင် သွယ်တန်းထားသော ၂၇၈၈ ပေရှည်လျားသည့် သံမဏိကြိုးတန်းပေါ်တွင် အာဂစတန်သမား ဘရိုင်ယန်သည် သတ်ဝီရိယဖြင့် တစ်လှမ်း ချင်းကြိုးတန်းလျှောက်လာခဲ့ပြီး ကြိုးတန်းတစ်ဝက် လမ်းခုလတ်တွင် ပင်ပန်းနွမ်းနယ်သဖြင့် ခဏတစ်ဖြုတ် အနားယူချင်စိတ် ပေါက်လာရာ ကြိုးတန်းပေါ်တွင် အသည်းယားစဖွယ် ပက်လက်လှန်အနားယူခဲ့သည်။ ထို့နောက် ၎င်းသည် ကြိုးတန်းကို ပြန်ဆက်လျှောက်ပြီး ခရီးဆုံးသည်အထိ လျှောက်ပြနိုင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ဆန်းပြားသော နှုတ်ခမ်းသဏ္ဍာန်အနမ်းပန်း



နှုတ်ခမ်းပုံသဏ္ဍာန်အနမ်းပန်း (Hooker Lips) သို့မဟုတ် Hot Lips ပန်းပင်၏ပုံသဏ္ဍာန်မှာနှုတ်ခမ်းနီနီရဲရဲဆိုးထားပြီးနမ်းတော့မယောင်ဟန်ပြင်နေသောနှုတ်ခမ်းနှစ်လွှာနှင့် ထူးခြားဆန်းပြားစွာ အလွန်တူလှသည်။ ၎င်း၏ ရုက္ခဗေဒအမည်မှာ Psych- otria Elata ဖြစ်သည်။ ၎င်းအနမ်းပန်းကို ရုတ်တရက်ကြည့်ပါက Photoshopဖြင့်ပြုပြင်ထားသည်ဟုယုံမှားသံသယဖြစ်ဖွယ်ရှိသော်လည်း၎င်းမှာတကယ့်သဘာဝပန်းအစစ်ဖြစ်သည်။ နှုတ်ခမ်းပုံသဏ္ဍာန်အနမ်းပန်းကို အပူပိုင်းမုတ်သုံသစ်တောများရှိသည့် ကိုလမ်ဘီယာ၊ ကော့စတာ ရီကာ၊ ပနားမားနှင့် အက်ကွာဒေါနိုင်ငံစသော တောင်အမေရိကနိုင်ငံများနှင့် အမေရိကအလယ်ပိုင်းဒေသတို့တွင် တွေ့ရသည်။ အဆိုပါပန်း သည် ဝတ်မှုန်ကူးပေးသည့်ငှက်ပိတုန်းနှင့်လိပ်ပြာများကို ဆွဲဆောင်နိုင်ရန်အတွက် တဖြည်းဖြည်းဆင့်ကဲတိုးတက်ပြောင်းလဲလာသည်ဟု ယူဆရသည်။ အနမ်းပန်း၏ နှုတ်ခမ်းနှစ်လွှာပုံသဏ္ဍာန်နှင့်တူသော အဖတ်များမှာ တစ်ခဏတာမျှသာ တည်ရှိပြီးအတွင်းမှ ပန်းပွင့်ပွင့်လာရန်အတွက် ပွင့်အာသွားသည်။



## ဝါသနာရှင်တီထွင်ထားသော ရေငုပ်သင်္ဘော

တရုတ်နိုင်ငံမှ အသက် ၃၄ နှစ်အရွယ် တောင်ရှန်းလီသည် ၎င်းတီထွင်ထားသော ရေငုပ်သင်္ဘောငယ်ကလေးကို ဘင်ခြေဖုံးရှိ ရေကန်ကြီးအတွင်း၌ အောင်မြင်စွာ ဝမ်း သပ်ခုတ်မောင်းနိုင်ခဲ့သည်။ ၎င်းသည် ရေငုပ်သင်္ဘောဖန်တီးရန် လိုအပ်သောပစ္စည်းများကို တစ်ပတ်ရစ်အဟောင်းဈေးတွင် အမေရိကန်ဒေါ်လာ ၄၃၈၅ ဒေါ်လာဖိုးဝယ် ယူစုဆောင်းပြီး အချိန်နှစ်နှစ်ကြာ တီထွင်ဖန်တီးခဲ့သည်။ ၎င်းတီထွင်ထားသော ရေငုပ် သင်္ဘောကလေးမှာ တကယ့်ရေငုပ်သင်္ဘော အတိုင်းရေနက်ထဲသို့ ငုပ်ပြီး ခုတ်မောင်းသွား လာနိုင်စွမ်းရှိသည်။

## တိမ်တိုက်တွေအပေါ်မှ အွန်ကိုင်းကုန်းမြင့် လွင်ပြင်ကြီး



ဂျပန်နိုင်ငံ၊ ဟော့ကိုင်းဒိုးကျွန်းရှိ တိုမာမူအပန်းဖြေစခန်း၌ တည်ရှိသော အွန်ကိုင်း ကုန်းမြင့်လွင်ပြင်ကြီးသည် တစ်မူထူးခြားသော ရှုခင်းသာနေရာဖြစ်သည်။ အဆိုပါ ကုန်းမြင့်လွင်ပြင်ကြီးသည် တိမ်တိုက်များအထက်သို့ ထိုးထွက်နေသော တောင်ထိပ် များအပေါ်၌ တည်ရှိသည်။ ကမ္ဘာလှည့်ခရီးသည်များအနေဖြင့် ၎င်းနေရာမှ အသူတရာနက်ရှိုင်းလှသော တောင်ခြေရင်းရှိ မြစ်ကြီးကို ဖြူလွလွတိမ်တိုက်ကြီးများအကြားမှ အောက်သို့ ငုံ့ကြည့်နိုင်သည်။ ဂျပန်ဘာသာ စကားဖြင့် အွန်ကိုင်းမှာ တိမ်ပင်လယ်ကြီးဟု အနက်အဓိပ္ပာယ်ရသည်။ ထိုအရပ်ဒေသရှိ သဘာဝရေပူစမ်းများသည် ညဘက်အချိန်မှ နေ့ဘက်အချိန်သို့ ကူးပြောင်းချိန် အနည်း ငယ်အတောအတွင်းအပူချိန်ကွာခြားချက် ဖြစ်ပေါ်မှုကြောင့် အဆိုပါ တိမ်တိုက်ကြီးများ ဖြစ်ပေါ်လာရခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com





## လေယာဉ်အင်ဂျင်စက်၏ လေအားကို စုတ်တံအဖြစ်အသုံးပြုပြီး ဖန်တီးထားသော ဂျက်အနုပညာပန်းချီကား

အမေရိကန်ပြည်ထောင်စု၊ ဖလော်ရီဒါ ပြည်နယ်မှ ပန်းချီဆရာမပရင့်ဆက်စ်ကာရီနန်သည် ပန်းချီဆေးဘူးနှင့် ဆေးပုလင်းများကို လေထဲပစ်ပေါက်ပြီး ဂျက်လေယာဉ်ပျံ အင်ဂျင်စက်၏ ပြင်းထန်သောလေအားကို စုတ်တံသဖွယ်အသုံးပြုပြီး ပန်းချီပိတ်ကားပေါ်တွင် ဆေးစက်များပုံ့လွင့်စွန်းထင်းပေကျံသွားကာ လှပသော စိတ္တဇပန်းချီလက်ရာ ဂျက်အနုပညာကို အဆန်းတကြယ်ဖန်တီးခဲ့သည်။ သူမသည် ပုဂ္ဂလိက လေယာဉ်ပျံအမည်ဖြစ်သော Lear Jet ၏ နှစ်၅၀ ပြည့်ရွှေရတုအထိမ်းအမှတ်အဖြစ် နှစ်ရက်တည်းနှင့် ဂျက်အနုပညာပန်းချီကား ၁၀၁ ကားကို အံ့မခန်းဖန်တီးခဲ့သည်။ လူအချို့က သူမ၏ စိတ္တဇပန်းချီလက်ရာကို အမေရိကန် ဒေါ်လာ ၅၀,၀၀၀ အထိပေး၍ ဝယ်ယူခဲ့ကြသည်။

## ကွတ်ကီးမုန့်အချပ်ပေါင်း ၃၇၇၀ ချပ်ဖြင့် ဖန်တီးထားသော ဘီယွန်ဆေး၏ ပုံတူ



၂၀၁၁ ခုနှစ်၊ ဂလတ်စတန်ဘာရီပွဲ တော်ပြီးဆုံးသွားပြီးနောက် ဗြိတိန်နိုင်ငံ အနုသာစင်မြင့်ပေါ်သို့ မကြာသေးမီက တစ်ကျော့ပြန်လည်ရောက်ရှိလာသော ဘီယွန်ဆေးကို ဂုဏ်ပြုသောအားဖြင့် အထိမ်းအမှတ်ကျင်းပပေးရန်အတွက် အစားအစာ အနုပညာရှင် မိရှယ်လ်သည် ကမ္ဘာကျော် အဆိုတော်ဘီယွန်ဆေး၏ပုံတူကို ဒေါ်ရီယိုပေါ်ပ်ကွတ်ကီးမုန့်အချပ်ပေါင်း ၃၇၈၀ ချပ်ဖြင့် ဖန်တီးခဲ့သည်။ သူမက အလျား ၅ ပေ အနံ ၈ ပေရှိသော ဘီယွန်ဆေးပုံတူကို ရှစ်နာရီကြာမျှ ဖန်တီးခဲ့ရာတွင် အခက်အခဲဆုံးမှာ အရသာအလွန်ရှိသော ကွတ်ကီးမုန့်ကလေးများကို အမှတ်တမဲ့ ယူမစားမိအောင် စိတ်ထိန်းထားရခြင်းပင် ဖြစ်သည်ဟုဆိုသည်။



## တကယ့်သက်ရှိစာကလေးနှင့်တူသော စက္ကူငှက်ရုပ်လေး

ဒပ်ချ်လူမျိုးအနုပညာရှင်ဂျိုဟန်ရှာ ရက်ဖ်သည် သုံးဖက်မြင်ရုပ်လုံးကြွသက်ရှိ အရွယ်စာကလေး စက္ကူငှက်ရုပ်ကို စက္ကူစလေးများဖြင့် လက်စွမ်းပြဖန်တီးခဲ့သည်။ ၄င်းသည် သရုပ်ပိုတူစေရန်အတွက် စက္ကူ စာကလေးငှက်ရုပ်ပေါ်ရှိ ငှက်မွေးများတစ်ခုချင်းစီကို ပန်းချီရေဆေးဖြင့် အနုစိတ်ဆေးခြယ်ခဲ့သည်။ ၄င်းသည် အသက် ၁၄ နှစ် သားအရွယ်ကတည်းက စက္ကူငှက်ရုပ်ကလေးများကို စတင်ဖန်တီးခဲ့သည်။ နှစ်ပေါင်းများစွာ ကြာလာသည်နှင့် အမျှဂျိုဟန်၏ အနုပညာစွမ်းရည်မှာ ထက်မြက်လာခဲ့သည်။ ယနေ့မျက်မှောက်ကာလတွင် ၄င်း၏ စက္ကူပန်းပုငှက်ရုပ်ကလေးများမှာ တကယ့်သက်ရှိ ငှက်ကလေးများနှင့် တစ်ထေရာတည်းတူအောင် အနုပညာလက်ရာ မြောက်လာခဲ့သည်။ ၄င်းသည် အဆိုပါ စက္ကူငှက်ရုပ်ကလေးများကို အချိန်တစ်လအထိ ဖန်တီးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



## မှန်ပြတင်းအတွင်းမှ အလုပ်လက်မဲ့များ

ဥရောပတွင် အလုပ်လက်မဲ့နှုန်းမှာ မကြာသေးမီက စံချိန်တင်လောက်အောင် မြင့်မားလာခဲ့သည်။ ဒိန်းမတ်နိုင်ငံမှ အရည်အချင်းရှိသောပညာသည်များသည် အလုပ်အကိုင်ရရှိရန် ခက်ခဲသဖြင့် အလုပ်လက်မဲ့များ ဖြစ်နေကြသည်။ ဒိန်းမတ်နိုင်ငံမှ အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီတစ်ခုက အလုပ်ရှင်များသတိပြုမိစေရန် အ လုပ်လက်မဲ့များအား စတိုးဆိုင်မှန်ပြတင်းအတွင်း ဝင်ထိုင်ပြီး အလုပ်ရှာရန် အကြံပြုခဲ့သည်။ အမှုဆောင်အရာရှိချုပ်မှ ဥပဒေပညာရှင်များအထိပါဝင်သော ကျွမ်းကျင် ပညာရှင်များက နှစ်ပေါင်းများစွာ အလုပ်လက်မဲ့ဖြစ်နေသဖြင့် ထို အကြံအတိုင်း စမ်းကြည့်ရန် သဘောတူခဲ့ကြသည်။ ထိုသို့ စတိုးဆိုင်ရှေ့ မှန်ပြတင်းဝင်ထိုင်နေသော အလုပ်လက်မဲ့များအနက် သုံးဦးမှာ တစ်ရက်နှစ်ရက်အတွင်း အလုပ်အကိုင်ရရှိသွားကြောင်း အလုပ်ရှာဖွေရေး အေဂျင်စီ၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။






## စားချင့်စဖွယ် ဖန်တီးထားသော နံနက်စာများ

အေးမြသော ဆောင်းရာသီကာလနံနက်ပိုင်းတွင် လူအတော်များများ အနေဖြင့် နွေးထွေးသော စောင်ခြုံပြီး အိပ်ရာထဲကွေးကာ နေချင်ကြသည်မှာ သဘာဝဖြစ်သည်။ အိပ်ရာထဲမှ လူးလဲထပြီးနောက် တစ်နေ့တာ အလုပ်များ စမလုပ်မီ တစ်နေ့လုံးအားအင်ပြည့်ဖြိုးစိတ် ကြည်လင်လန်းဆန်းနေစေရန်အတွက် အဓိကလိုအပ်သည်မှာ နံနက်စာပင်ဖြစ်သည်။ နော်ဝေနိုင်ငံမှ စာရေးဆရာနှင့် အနုပညာရှင်ဖြစ်သူ အီဒါစကီသည် နံနက်စာကို စားချင်စဖွယ်ဆွဲဆောင်နိုင်ရန်အတွက် လှပဆန်းပြားသော ဒီဇိုင်းပုံစံများတီထွင်ပေးခဲ့သောကြောင့် နံနက်စာကို အားပါးတရ စားချင့်စိတ်ပေါက်လာနိုင်သည်ဟု ယူဆထားသည်။

## မြောက်ဥရောပတွင် အကြီးမားဆုံးသော ဆေးမင်ကြောင်ပွဲတော်



၂၀၁၃ ခုနှစ် မေလ ၉ ရက်နေ့က မြောက်ဥရောပတွင် အကြီးမားဆုံးဆေးမင် ကြောင်ပွဲတော်ကြီးကို ဒိန်းမတ်နိုင်ငံကိုပင် ဟေဂင်မြို့တွင် တတိယအကြိမ် မြောက် အဖြစ်ကျင်းပခဲ့သည်။ အဆိုပါ ဆေးမင်ကြောင်ပွဲတော်ကျင်းပသည့် သုံးရက်တာကာလအတောအတွင်း ကမ္ဘာ့အကျော်ကြားဆုံး ဆေးမင်ကြောင် အနုပညာရှင်အယောက် ၁၈၀ က ဆေးမင်ကြောင်ပွဲတော်ကြီးသို့ လာရောက်ကြည့်ရှုသော ပရိသတ်ကြီး၏ ခန္ဓာကိုယ်ပေါ်တွင် ၎င်းတို့၏ ကျွမ်းကျင်မှုများ ရည်မှန်းချက်များကို လက်စွမ်းပြခဲ့ကြသည်။ အဆိုပါ ပွဲတော်ကြီးသို့ လာရောက်ကြည့်ရှုသူတစ်ဦး၏ လည်ပင်းတွင် ဆေးမင်ကြောင်ပညာရှင်တစ်ဦးက အလှတော်ဆေးမင်ကြောင်ထိုး ပေးခဲ့သည်။

ငိုင်ငိုင်နန်



www.burmeseclassic.com

www.burmeseclassic.com


## ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်ကြီး၏
## နှစ်စဉ်ကျင်းပမြဲ (၁၁) ကြိမ်မြောက် ရက် (၁၀၀) အထူးတရားစခန်းပွဲကြီးနှင့်
## လစဉ် ပုံမှန် (၁၀) ရက် တရားစခန်းပွဲ



ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်၊ ၉ ရပ်ကွက်၊ နဝရတ်လမ်း၊ ပုညာရာမမိုးကုတ်ဝိပဿနာကျောင်းတိုက်ကြီး၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ ဆရာတော် 'အရှင်ပုညာနန္ဒ' ၏ ဉာဏ်မီသမျှ ဟောကြားပြသခဲ့သော အလုပ်ပေးတရားတော်များ၊ ခန္ဓာဉာဏ်ရောက် သစ္စာဆိုက်တရားတော်များနှင့်တကွ နယ်လှည့်ဓမ္မကထိကများ၏ သစ္စာတရားတော်များ နာယူကျင့်ကြံအားထုတ်နိုင်ရန် လစဉ် အင်္ဂလိပ်လဆန်း ၁၃ ရက်မှ ၂၃ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ယောဂီ ၂၅၀ ဦးသာ သတ်မှတ်ထား၍ တရားစခန်းဝင်လိုသူများ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

• • • • • • • • • • • • •

ပုညာရာမမိုးကုတ်ဝိပဿနာကျောင်းတိုက်ကြီး၌ နှစ်စဉ်ကျင်းပမြဲ (၁၁) ကြိမ်မြောက် ရက် (၁၀၀) အထူးတရားစခန်းပွဲကို ၁၃-၇-၂၀၁၃ ရက်မှ ၂၃-၁၀-၂၀၁၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ပါသဖြင့် တရားစခန်း ဝင်လိုသူများ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

ဆက်သွယ်ရန် ☎ - ၅၅၃၃၃၀၊ - ၀၉-၅၀၁၃၂၉၇



# ပိုလိုဃာပြီဟေ့

## ကြမ်းပိုးအပေါင်းနှင့် သီးပင်စားပင်
## ဖျက်စီးသော ပိုးမွှားအပေါင်းတို့




## ပြေးကြဟေ့ ပြေးကြ ပြေးကြ



သတိပြုရန်-ဆေးကိုအညွှန်းအတိုင်းသုံးလျှင် ကြမ်းပိုးနှင့်ပိုးမွှားအားလုံးမျိုးပြုတ်သွားမည်။


www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံပေါင်း ၃၃ နိုင်ငံမှ အလုပ် ၃၃ မျိုးကိုလုပ်ကိုင်ရန် ပြင်သစ်အင်ဂျင်နီယာ ကမ်းလှမ်းခံခဲ့ရ



ပြင်သစ်အင်ဂျင်နီယာတစ်ဦးဖြစ်သူ ဂျန်လက်ချ်နာဆိုသူသည် ၎င်း၏ တစ်သက်တာတွင် နိုင်ငံပေါင်း ၃၃ နိုင်ငံမှ မတူညီသော အလုပ် ၃၃ မျိုးကို လုပ်ကိုင် ရန် ကမ်းလှမ်းခံခဲ့ရသည်၊ လက်ချ်နာသည် ယခုအခါ ဗြိတိန်နိုင်ငံတွင် ၎င်း၏ နံပါတ် ၃၁ ခုမြောက် အလုပ်ဖြစ်သော ငါးမန်းကန်သန့်ရှင်းရေးအလုပ်ကို လုပ်ကိုင်လျက်ရှိသည်။ ယခင်က ချက်သမ္မတ နိုင်ငံတွင် ဘီယာချက်လုပ်ငန်း၊ အိုက်စလန်နိုင်ငံတွင် ဓာတ်ပုံဆရာလုပ်ငန်း၊ ဒူဘာလင်တွင် အရက်ဘားကောင်တာလုပ်ငန်း၊ ဂရိနိုင်ငံတွင် ရှေးဟောင်းသုတေသနလုပ်ငန်းနှင့် အခြားနိုင်ငံများမှ မတူညီသောအလုပ်များကို လုပ်ကိုင်ခဲ့သည်။ ထို့ပြင် ၎င်း၏ နံပါတ် ၃၁ ခုမြောက် အလုပ်ဖြစ်သော စပိန်နိုင်ငံတွင် ဖလာမန်ကိုဂီတ နည်းပြဆရာအလုပ်နှင့် နံပါတ် ၃၃ ခု မြောက်အလုပ်ဖြစ်သော ဘယ်လ်ဂျီယံနိုင်ငံတွင် ဒီဇေ့တီးခတ်သည့် အလုပ်တို့ကို လုပ်ကိုင်ရန် ကျန်ရှိသေးကြောင်း သိရသည်။ လက်ချ်နာသည် ၎င်း၏ဘဝတွင် အလုပ်တစ်ခုထဲ၌ နှစ်မြှုပ်လုပ်ကိုင်ရခြင်းထက် မတူညီသောနေရာများမှ မတူညီသော အလုပ်များလုပ်ကိုင်ရခြင်းကို နှစ်သက်သဘောကျကြောင်း ဗြိတိန်သတင်း ထောက်များကို ပြောကြားသွားခဲ့သည်။ **(Metro, 21.4.13)**





## အမြင့်ပေ ၂၀၀၀ ကျော်၌ လေထီးနှင့် ဆပ်ကပ်ပြ

ပြင်သစ်နိုင်ငံအရှေ့တောင်ပိုင်း အန်နီစီရေကန်အထက် အမြင့်ပေ ၂၀၀၀ ကျော်တွင် လူစွန့်စား ရိုဇန်နီဂယ်လန်နှင့် ဂီလ် စနိုက်ဒါဆိုသူသည် လေထီးတပ်ဆင်ထားသော ယာဉ်ငယ်ကို အသုံးပြုပြီး ဆပ်ကပ်စွမ်းရည်ပြသခဲ့သည်။ အသက် ၂၉ နှစ်အရွယ်ရှိ စနိုက်ဒါသည် ဓါးတွင် လုံခြုံရေးခါးပတ် ပတ်ထားသည်မှအပ မည်သည့်ခေါင်းစွပ်မျှ ဆောင်းထားခြင်း အပါအဝင် အသက်ကယ်လေထီး တပ်ဆင်ထားခြင်းမရှိကြောင်း သိရသည်။ စနိုက်ဒါသည် ငယ်စဉ်ကတည်းက ဖခင်ဖြစ်သူထံမှ ကြိုးတန်းကိုအသုံးပြုပြီး ဆက်ကပ်ပြသခြင်း အပါအဝင် အခြားဆက်ကပ်ပညာများကိုလည်း လေ့လာခဲ့သည်။ စနိုက်ဒါဆပ်ကပ်ပြပုံကို ရုပ်ရှင်ရိုက်ကူးသူ အက်ဒရိန်ရှန်ဆိုသူက လေထီးနှင့်လိုက်ပါပြီး မှတ်တမ်းတင်ဗီဒီယိုရိုက်ကူးမှု များ ပြုလုပ်ခဲ့သည်။ **(Mirror, 28.4.13)**

# ၁၄ ပေမြင့်သော စက်ဘီးကိုစီးပြီး လူစွန့်စားအစွမ်းပြ



အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျလိစ် မြို့ ဗီးနစ်ကမ်းခြေ လာဆီနီဂါဘိုလီဗတ် ကားလမ်းမပေါ်တွင် လူစွန့် စားရစ်ချီလ်ဆိုသူသည် ၁၄ ပေမြင့်သော စက်ဘီးကိုစီးပြီး စတန့်ပြသွားခဲ့သည်။ စက်ဘီးထိုင်ခုံသည် မြေပြင်မှ ၁၄ ဒသမ ၅ ပေမြင့်မားပြီး ခုံးကျော်တံတားများ အောက်မှလည်း ဖြတ်သန်းစီးနင်းပြသခဲ့သည်၊

၎င်းစက်ဘီးကို တပ်ဆင်ရာ တွင် ၁၂ နာရီ ကျော်ကြာမြင့်ပြီး ချိန်းကြိုးကို ၃၂ ဒသမ ၅ ပေ အရှည်ထိ ပြုလုပ်ခဲ့ရကြောင်း သိရသည်။ (Mirror, 24.4.13)


www.burmeseclassic.com

www.burmeseclassic.com



## ဗြိတိန်စစ်ပြန်ကြီး ဘီယာဆိုင်တစ်ဆိုင်တည်း၌ နှစ် ၈၀ ကျော် အားပေးခဲ့



ဒုတိယကမ္ဘာစစ် နော်မန်ဒီကမ်းခြေ တိုက်ပွဲနောက်ပိုင်း စစ်တပ်မှ အနားယူခဲ့သော ဗြိတိန်စစ်သားဟောင်းတစ်ဦးသည် အင်္ဂလန်နိုင်ငံ အနောက်ပိုင်း ရှော့ပ်ရှိုင်းယားဒေသရှိ ၎င်းနေထိုင်ရာ **ရှရူဘူရီမြို့ရှိ ဘီယာဆိုင်တစ်ဆိုင်တွင် နှစ်ပေါင်း ၈၀ ကျော် ပုံမှန်အားပေးခဲ့သည်။** အသက် ၁၀၀ ကျော်ပြီဖြစ်သော နော်မန်ရော့ရှ် ဝေါ့ခ်သည် ၁၉၃၃ ခုနှစ်နောက်ပိုင်းမှ စတင်၍ ဂိုးလ်ဒင်းခရော့စ် အမည်ရှိ အဆိုပါ ဘီယာဆိုင်တွင် ပုံမှန်သွားရောက် သောက်သုံးခဲ့သည်။ ရော့ရှ်ဝေါ့ခ်သည် ဒုတိယကမ္ဘာစစ်အတွင်း ဗြိတိန်ဆေးတပ်တွင် သွားဆရာဝန်အဖြစ် တာဝန်ထမ်း ဆောင်ခဲ့သည်။ **၎င်းအသက် ၁၀၀ ပြည့် မွေးနေ့အဖြစ် ပြီးခဲ့သည့် ဧပြီလ ၁၇ ရက်နေ့တွင် ၎င်းဘီယာဆိုင်မှာပင် မွေးနေ့ ကျင်းပပြုလုပ်ခဲ့ကြောင်း** သိရသည်။ (Mirror, 1.5.13)

## ရုပ်ချောလွန်း၍ ဆော်ဒီအာရေဘီးယားမှ နှင်ထုတ်ခံရသူ

ဗျိုက်ကိုင်းကြိုက်တဲ့ နှင်းဆီခိုင်လို့ဆိုရမယ့် ...သားတဲ့လူတစ်ယောက်ဟာ ကင်မရာကို ကြည့်နေပါတယ်။ **ရုပ်ရည်အချိုးအစား ပြေပြစ်တဲ့ အဲဒီလူဟာ သရုပ်ဆောင်နဲ့ဓာတ်ပုံဆရာတစ်ဖြစ်လဲ ဒူဘိုင်းနိုင်ငံသား ကဗျာဆရာ** ...မာဘော်ဂန်အယ်ဂါလာပါပဲ။ ရုပ်ချောလွန်း၍ ဆော်ဒီအာရေဘီးယားက နှင်ထုတ်ခံရသူတွေထဲမှာ သူလည်းတစ်ယောက် အပါအဝင်ပါပဲ။ ရက်သတ္တပတ်အတွင်းမှာပဲ ဆော်ဒီအာရေဘီးယားရိုးရာပွဲတော်မှာ ပါဝင်နဲ့ပျော်ဖို့အာသီသရှိနေတဲ့ အမျိုးသားသုံးယောက်ကို **ဘာသာရေးရဲတွေက ရုပ်ချောလွန်းလို့ဆိုပြီး တိုင်းပြည်တွင်းမှ နှင်ထုတ်လိုက်ကြပါတယ်။** ဘာလို့လည်းဆိုတော့ ဆော်ဒီအာရေးဘီးယားက အမျိုးသမီးတွေ သူတို့ကို ကြွေသွားမှာစိုးလို့ပါ။ "မိန်းမတစ်ယောက်ရဲ့အလှကို သူ့မျက်လုံးကတစ်ဆင့် မြင်ကြည့်လို့ရပါတယ်၊ ဘာလို့လည်းဆိုတော့ ဒါဟာ အသည်းနှလုံး ကိုသွားတဲ့တံခါးတစ်ချပ်ဖြစ်နေလို့ပါပဲ၊ **အချစ်ဆိုတာ အဲဒီနေရာမှာ တည်မှီနေလို့ပါ**"လို့ တိုင်းပြည်တွင်းမှ နှင်ထုတ်ခံရ တဲ့ကဗျာဆရာက ဆိုပါတယ်။ အယူသီးတဲ့အာဏာပိုင်တွေက သူ့ကို ကဗျာတွေ၊ စာတွေမရေးဖို့နဲ့ ဓာတ်ပုံတွေ အင်တာနက်



ပေါ်မတင်ဖို့ သတိပေးနေတဲ့ ကြားကပဲ ဂါလာက သူ့ယုံကြည်ရာအနုပညာလမ်းကြောင်းကို အဆုံးစွန်ထိ လျှောက်လှမ်းသွားခဲ့တာပါ။ (DM, 28.4.13)

## အတ္တလန္တိတ်သမုဒ္ဒရာအတွင်းမှ လှိုင်းကြမ်းသည့် ကျောက်ဆောင်ပေါ်တွင် ဗြိတိန်သား နှစ်လခန့် နေထိုင်မည်

**ကမ္ဘာပေါ်တွင် လှိုင်းအကြမ်းဆုံး ဒေသတစ်ခုဖြစ်သည့် ဗြိတိန်ကမ်းရိုးတန်းမှ မိုင် ၃,၀၀၀ ကျော် ကွာဝေးသော အတ္တလန္တိတ်သမုဒ္ဒရာအတွင်းရှိ ကျောက်ဆောင်ပေါ်တွင် နှစ်လခန့်နေထိုင်ရန်** ဗြိတိန်နိုင်ငံသားတစ်ဦးဖြစ်သူ နစ်ခ်ဟန် ကွတ်ခ်ဆိုသူက စီစဉ်လျက်ရှိကြောင်း ဧပြီလ ၂၈ ရက် ဗြိတိန်သတင်းတစ်ရပ်တွင် ဖော်ပြသွားခဲ့သည်။ အတ္တလန္တိတ်သမုဒ္ဒရာ အတွင်းရှိ ပေ ၁၀၀ ကျော်မြင့်သော ရော့ခ်အော ကျောက်ဆောင်ပတ်ဝန်းကျင် ဒေသသည် ကမ္ဘာပေါ်တွင် လှိုင်းလေအထူထပ်ဆုံးဒေသဖြစ်ပြီး **လှိုင်းလုံးများသည် ၄၅ ပေနှင့်အထက် မြင့်မားပြီး တစ်ခါတစ်ရံ လှိုင်းလုံးများသည် ရော့ခ်အောကျောက်ဆောင်အထက် ပေ ၂၀ ခန့်အထိ မြင့်မားကြောင်း** သိရသည်။ ဟန်ကွတ်ခ်သည် ရှစ်ပေရှည်လျားသော အလုံပိတ် ရေကန်ပုံသဏ္ဌာန်ရှိသည့် အခန်း ငယ်ကိုယူဆောင်ကာ ရော့ခ်အော ကျောက်ဆောင်ပေါ်တွင် နှစ်လခန့် နေ ထိုင်သွားမည်ဖြစ်သည်။ ဟန်ကွတ်ခ်သည် ရွိုင်ရယ်



ဂျီအိုဂရက်ဖစ်မှ ပေးအပ်သော ကူကရိုစူးစမ်းလေ့လာရေးစကောလားရှစ်အတွက် ပေါင် ၃,၅၀၀ ရရှိခဲ့ဖူးပြီး ယခု ပြုလုပ်သော **စူးစမ်းလေ့လာမှုမှရရှိသော ဆုကြေးငွေများကို လူမှုကူညီရေး အသင်း အဖွဲ့အများစုသို့ လှူဒါန်းသွားမည်ဖြစ် သည်။** (DM, 28.4.13)



www.burmeseclassic.com

www.burmeseclassic.com



## အင်္ဂလန်တောင်ပိုင်းတွင် လေးနှစ်သားအရွယ်ကလေး မြို့တော်ဝန်တစ်ဦးဖြစ်လာ



အင်္ဂလန်တောင်ပိုင်း ဒိုဆက်ရှိုင်းယားဒေသတွင် ရောဘတ်တစ်ဖ် အမည်ရှိ **လေးနှစ်အရွယ် ကလေးတစ်ဦးသည် မြို့တော်ဝန်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။** ဒိုဆက်မြို့သည် နှစ်စဉ်မြို့တော်ဝန် ရွေးချယ်တင်မြှောက်ရန်အတွက် **ဦးထုပ်အတွင်း မဲလိပ်ထည့်ကာ နှိုက်ယူပြီး ရွေးချယ်တင်မြှောက်မှုရှိသည်။** ယခုနှစ် မြို့တော်ဝန် ရွေးချယ်ပွဲတွင် ရောဘတ်တစ်ဖ်က ရွေးချယ်ခံခဲ့ရသည်။ ရောဘတ်တစ်ဖ်သည် မြို့တော် ဝန်ဖြစ်လာပြီးနောက်ပိုင်း မြို့သူမြို့သားများနှင့် ကစားခြင်း၊ ကခုန်ခြင်း၊ သီချင်းဆိုခြင်း၊ စကားပြောခြင်း စသည်တို့ကို လုပ်ဆောင်ရခြင်းအား နှစ်မြို့က်သဘောကျကြောင်း သတင်းထောက်များအား ပြောကြားသွားခဲ့သည်။ မကြာမီကျင်းပမည့် ၂၀၁၃ ရေခဲပြင် ငါးမျှားပြိုင်ပွဲကို စတင်ကျင်းပတော့မည်ဖြစ်ပြီး ထိုအတွက် စီစဉ်ဆောင်ရွက်လျက်ရှိ ကြောင်း မြို့တော်ဝန် ရောဘတ်တစ်ဖ်က ပြောကြားသွားခဲ့သည်။

**(Weeo, 10.5.13)**

## ဗီယက်နမ်စစ်ပွဲအတွင်းက သေဆုံးခဲ့သည်ဟု သတ်မှတ်ခံရသည့် အမေရိကန်စစ်သားကို အသက်ရှင်လျက်တွေ့ရှိ

လွန်ခဲ့သည့် ၄၄နှစ်ခန့်က အမေရိကန်-ဗီယက်နမ်စစ်ပွဲကာလအတွင်း ရဟတ်ယာဉ်ပျက်ကျခဲ့ပြီးနောက် သေဆုံးခဲ့သည်ဟု သတ်**မှတ်ခံရသည့် အမေရိကန် စစ်သားတစ်ဦးကို** အသက်ရှင်လျက်ပြန်**လည် တွေ့ရှိခဲ့ရသည်။**အမေရိကန်စစ်တပ်၏ စိနိယာတပ်ကြပ်ကြီးတစ်ဦးဖြစ်သည့် ဂျွန်ဟာက်လေရောဘက်ဆွန်သည် ဗီယက်နမ်စစ်ပွဲကာလအတွင်း တောင်ဗီယက်နမ် အလည်ပိုင်းဒေသတွင် ၎င်းစီးနင်းလိုက်ပါလာသော ရဟတ်ယာဉ်ကို ဗီယက်နမ်စစ်သားများက ပစ်ခတ်တိုက်ခိုက်မှုကြောင့် **ရဟတ်ယာဉ်ပျက်ကျခဲ့ပြီးနောက် အဖမ်းခံခဲ့ရသည်၊** ဗီယက်နမ်စစ်သားတို့၏ ဖမ်း ဆီးနှိပ်စက်မှုကြောင့် အသက် ၇၆ နှစ်အရွယ်ရှိပြီဖြစ်သော ရောဘက်ဆွန်သည် ယခုအခါ အမေရိကန်ရှိ ၎င်း၏ မိသားစု၊ **၎င်း၏ မွေးနေ့တို့ကိုပင် ပြန်လည်မှတ်မိနိုင်စွမ်းမရှိသည့်အပြင် အင်္ဂလိပ်ဘာသာ စကားကို ပြန်လည်ပြောဆိုနိုင်စွမ်းမရှိတော့ကြောင်း** သိရသည်။ ရောဘက်ဆွန်သည် အမေရိကန်-ဗီယက်နမ်စစ်ပွဲကာလပြီးနောက် **တောင်ဗီယက်နမ် အလယ်ပိုင်းဒေသရှိ ကျေးရွာငယ်လေးတစ်ခုတွင် အခြေချနေထိုင်ခဲ့ကြောင်း** သိရသည်။




**(Mirror,30.4.13)**

## ရုရှားသူဌေးများအနက် အေဗရာမိုဗစ်ချ်သည် အလှူအတန်း အရက်ရောဆုံး သန်းကြွယ်သူဌေးဖြစ်



ချဲလ်ဆီးဘောလုံးအသင်းပိုင်ရှင် ရုရှားသန်းကြွယ်သူဌေး ရိုမန်အေဗရာမိုဗစ်ချ်သည် ရုရှားသန်းကြွယ်သူဌေး ၁၅ ဦးအနက် အလှူအတန်းအရက်ရောဆုံး သန်းကြွယ်သူဌေးဖြစ်ကြောင်း Bloomberg အဖွဲ့၏ အစီရင်ခံစာကို ကိုးကား၍ ရုရှားပြည်တွင်းသတင်း တစ်ရပ်တွင် ဖော်ပြသွားခဲ့သည်။ **အသက် ၄၆ နှစ်အရွယ်ရှိ အေဗရာမိုဗစ်ချ်သည် ၎င်း၏ တစ်သက်တာတွင် အမေရိကန်ဒေါ်လာသန်း ၃၁၀ ခန့် လှူဒါန်း**ခဲ့သည်ကိုတွေ့ရပြီး ပြီးခဲ့သည့်သုံးနှစ်အတွင်း ဒေါ်လာ ၁၂ ဒသမ ၈ ဘီလျံအထိ လှူဒါန်းခဲ့သည်။ **၁၉၉၉ခုနှစ် ခန့်ကတည်းက ရုရှားနိုင်ငံ ချူကော့ကာဒေသတွင် အုပ်ချုပ်ရေးမှူးအဖြစ် ၎င်းတာဝန်ယူခဲ့စဉ်ကတည်းက** ဒေါ်လာ ၂ ဒသမ ၅ ဘီလျံကိုအသုံးပြုကာ စာသင်ကျောင်းများ၊ ဆေးရုံများ ဆောက်လုပ်ခြင်းအပါအဝင် ဒေသတွင်းထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ရုရှားစီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သူ **အလီရှာယူစမာနော့ဗ်ဆိုသူ**သည် ၎င်း၏ပိုင်ဆိုင်မှု ဒေါ်လာ ၁၇ ဒသမ ၆ ဘီလျံအနက်မှ ဒေါ်လာ ၂၄၇ သန်း လှူဒါန်းမှုများပြုလုပ်ခဲ့ပြီး အေဗရာမိုဗစ်ချ်က ဒုတိယ**နေရာ**တွင်ရပ်တည်ခဲ့သည်။ ရီနိုဗာစီးပွားရေးလုပ်ငန်းအုပ်စု၏ ပိုင်ရှင်ဖြစ်သူ ဗစ်တာဗီဆယ်ဘဘ်ရှ် ဆိုသူသည် ဒေါ်လာ သန်း ၁၆၀ လှူဒါန်းခဲ့ပြီး တတိယနေရာတွင် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

**(Ria Novostia, 23.4.13)**



www.burmeseclassic.com

www.burmeseclassic.com



## နှာအတွင်းမှ ဘီယာများ ချက်ဒ်ကျောင်းသူ သွန်ပြခဲ့



ချက်ဒ်သမ္မတနိုင်ငံတွင် ကျင်းပသည့် ဘီယာပွဲတော်ကို ဂုဏ်ပြုသောအားဖြင့် ကျောင်းသူတစ်ဦးက ဘီယာများကို ပါးစပ်အတွင်းလောင်းထည့်ပြီးနောက် နှာအတွင်းမှ ဖန်ခွက်အတွင်းသို့ ပြန်လည်သွန် ပြခဲ့သည်။ ထိုသို့ သွန်ပြခဲ့မှုနှင့်ပတ်သက်၍ လုပ်ကြံလီဆယ်မှုသာဖြစ်ကြောင်း အင်တာနက်စာမျက်နှာတွင် ဝေဖန်မှုများ ပြုလုပ်ခဲ့ကြသည်။ သို့သော် ခန္ဓာဗေဒကျွမ်းကျင်ပညာရှင် မစ်ခ်ပစ်ကယ်ဆွန်က ထိုကျောင်းသူ၏ နှာအင်္ဂါ အစိတ်အပိုင်းနှင့် လည်ချောင်းပွန်ကို ဆက်သွယ်မှုရှိနိုင်ကြောင်း ပြောကြားသွားခဲ့သည်။ (Metro, 11.5.13)

## အမေရိကန်သမ္မတဟောင်း လင်ကွန်းနှင့် ဆွေမျိုးတော်စပ်ကြောင်း လန်ဒန်သားပြောကြား



၁၈၆၁-၆၅ ခုနှစ် အမေရိကန်ပြည်တွင်းစစ်ကာလအတွင်း အမေရိကန်နိုင်ငံကို အုပ်ချုပ်ခဲ့ပြီး ကျွန်စနစ်ကိုပပျောက် အောင်ပြုလုပ်ပေးခဲ့သည့် အမေရိကန်သမ္မတဟောင်း၊ အေဘရာဟန်လင်ကွန်းသည် ဗြိတိန်နိုင်ငံသား ရောဘက်ဂိလ် ခရစ်စ်ဆိုသူနှင့် ဆွေမျိုးတော်စပ်ကြောင်း၊ မေ ၂ ရက် ဗြိတိန်သတင်းတစ်ရပ်တွင် ဖော်ပြသွားခဲ့သည်။ အသက် ၆၁ နှစ်အရွယ်ရှိ ရောဘက်ဂိလ်ခရစ်စ်သည် ဗြိတိန်မျိုးရိုးဗီဇပညာရှင်များနှင့် အမေရိကန် အီလီနွိုက်ပြည်နယ်အခြေစိုက်ပညာရှင်များ၏ မျိုးရိုးဗီဇဆိုင်ရာ ဆေးစစ်ချက် များခံယူခဲ့ပြီးနောက် သမ္မတလင်ကွန်းနှင့် ဆွေမျိုးတော်စပ်ကြောင်း အတည်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။ သမ္မတလင်ကွန်းသည် ၁၆၃၇ ခုနှစ်တွင် ဗြိတိန်နိုင်ငံ နော်ဖော့ခ်ဒေသမှ အမေရိကတိုက်ရှိရာသို့ နယ်မြေသစ်စူးစမ်းရှာဖွေရန်ထွက်ခွာခဲ့သူ ဆင်မြူရယ်ဂိလ်မန်၏ မျိုးဆက်ဖြစ် ပြီးဂိလ်ခရစ်စ်သည်အင်္ဂလန်တွင် ကျန်ရစ်ခဲ့သည့် ဆင်မြူရယ်ဂိလ်မန်၏ ညီမဖြစ်သူမှ တစ်ဆင့်ပေါက်ဖွားဆင်းသက်လာခဲ့သူဖြစ်သည်။ ဆင်မြူရယ်ဂိလ်မန် သည် ၁၆၄၄ ခုနှစ်တွင် အမေရိကန်နိုင်ငံသို့ ရောက်ရှိခဲ့ပြီးနောက် အခြေချနေထိုင်လာခဲ့ရာ ဆင်မြူရယ်ဂိလ်မန်၏ သားဖြစ်သူမှမွေးဖွားခဲ့သော သမီးဖြစ်သူ ဘရိဂျက်စ်သည် အေဘရာဟန်လင်ကွန်း၏မိခင်ဖြစ်သည်။ အစောပိုင်းတွင် သမ္မတ လင်ကွန်းနှင့် ဆွေမျိုးတော်စပ်ကြောင်း ပြောကြားခဲ့သည့် ရောဘက်ဂိလ်ခရစ်စ်၏ ပြောကြားချက်သည် ဝေဖန်မှုများနှင့် ရင်ဆိုင်နေရသော်လည်း မျိုးရိုးဗီဇဆေးစစ်ချက်များအရ ဆွေမျိုးတော်စပ်ကြောင်း၊ ခိုင်မာနေသည်ကို တွေ့ရသည်။ (Metro,2.5.13)

## ပါးစပ်မှ လည်ပင်းရိုးအထိ မှိန်းစိုက်ဝင်ခဲ့သော်လည်း အသက်ရှင်



ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိယိုမြို့တွင် အသက် ၂၈ နှစ်အရွယ်ရှိ အမျိုးသမီး တစ်ဦးသည် ၎င်း၏ပါးစပ်မှ လည်ပင်းရိုးအထိ မှိန်းစိုက်ဝင်ခဲ့သော်လည်းကံကောင်းထောက်မ၍ အသက်ဘေးမှလွတ်မြောက်ခဲ့သည်။ မေ ၅ရက်တွင် အလီဆန်ဂယ်လာဘော်ဘိုရီမာ ရှိဆာ၏ အမျိုးသားဖြစ်သူသည် ၎င်း၏ မှိန်းသေနတ်ကို သန့်ရှင်းရေးပြုလုပ်နေစဉ် မောင်းပြုတ်ပြီး ရှိဆာကို စိုက်ဝင်ခဲ့ခြင်းဖြစ်သည်။ မှိန်းသည် ပါးစပ်မှတစ်ဆင့် လည်ပင်းရိုးကို ထိမှန်ခဲ့ပြီး တစ်စင်တီမီတာခန့်ပိုမိုစိုက်ဝင်ခဲ့ပါက အသက်ရှင်နိုင်ဖွယ်မရှိကြောင်း ဆရာဝန်များက ပြောကြားသွားခဲ့သည်။ ရှိဆာကို ရီယိုဒီဂျနေရိယိုမြို့ ပြည်သူဆေးရုံတွင် ဆေးကုသမှုများပြုလုပ်ပေးခဲ့ပြီး မေ ၈ ရက်တွင် ပြန်လည်ကောင်းမွန်လာခဲ့သည်။ ထိုဖြစ်ရပ်နှင့် ပတ်သက်၍ ရှိဆာ၏ အမျိုးသားဖြစ်သူကို ရဲများက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း ရဲတပ်ဖွဲ့ဝင် အကြီးအကဲတစ်ဦးဖြစ်သူ အာရီရယ်ဒိုကာဘိုက သတင်းထောက်များကို ပြောကြားသွားခဲ့သည်။ (AP,9.5.13)



www.burmeseclassic.com

www.burmeseclassic.com

## ရေပေါ်ရေအောက်ရှုခင်းကို ကြည့်မြင်ခံစားနိုင်သည့် လှေနှင့်ရေငုပ်သင်္ဘော တွဲစပ်ထားသောယာဉ်



ကမ်းခြေတွင် အပန်းဖြေမည့်စုံတွဲများအတွက် ရေစိုခံစရာမလိုဘဲ ရေပေါ် ရေအောက်ရှုခင်းကို ကြည့်မြင်ခံစားနိုင်သည့် **လှေနှင့်ရေငုပ် သင်္ဘော တွဲစပ်ထားသောယာဉ်**ကို တောင်ကိုရီးယားကုမ္ပဏီ (EGO) က စတင်တီထွင်လိုက်ပြီဖြစ်သည်။ EGO-SE ၄၅၀ ဟု အမည်ပေးထားသော အဆိုပါယာဉ်ကို **ပင်ဂွင်ယာဉ်ဟု တောင်ကိုရီးယားမီဒီယာများက တင်စားထားကြသည်၊ လှေဖအောက်တွင် တွဲဖက်တပ်ဆင်ထားသော ရေလုံခန်းတွင် ယာဉ်ကို ထိန်းချုပ်မောင်းနှင်နိုင်ရန် လက်**ကိုင်စက်များ တပ်ဆင်ပေးထားသည်။ ရေအောက်ကမ္ဘာကို လေ့လာလိုသူများအနေဖြင့် **စက်လှေကိုမောင်းနှင်တတ်ရန်မလိုဘဲ စတီယာရင်ကို လိုသလိုချိုးကွေ့ပြီး ဂိမ်းကစားသကဲ့သို့ လက်ကိုင်စက်ဖြင့် လွယ်ကူစွာ ထိန်းချုပ်မောင်းနှင်နိုင်**သည်။ အဆိုပါပင်ဂွင်ယာဉ်တွင် **ခရီးသည် ငါးဦးအထိ လိုက်ပါစီးနင်းနိုင်**မည်ဖြစ်ကြောင်း သိရသည်။ ပင်ဂွင်ယာဉ်၏ **အလျားသည် ၁၂ ဒမသ ၅ ပေ ရှိပြီး တစ်နာရီလျှင် ရေမိုင်နှစ်မိုင်မှ သုံးမိုင်အထိ ရှစ်နာရီကြာ** မောင်းနှင်နိုင်သည်။ ထို့ပြင် အဆိုပါယာဉ်တွင် ရေအောက်ကမ္ဘာကို ရိုက်ကူးနိုင်သော ရုပ်သံအရည်အသွေးမြင့်မားသည့် ကင်မရာများကိုတပ်ဆင်ထားသောကြောင့် ရေအောက်ရှုခင်းကို ဖန်သားပြင်ပေါ်မှတစ်ဆင့် ကြည့်ရှုနိုင်သည်။ **(DM, 10.5.13)**

## ချစ်ခြင်းမေတ္တာကို ခံစားနိုင်သော စက်ရုပ်များ

**စက်ရုပ်များသည် အချင်းချင်း တိုက်ခိုက်နိုင်စွမ်းရှိသည်ဆိုလျှင် အချင်းချင်းလည်း ချစ်ကြိုက်နိုင်စွမ်းရှိရမည်ဟု ဂျာမန်အနုပညာရှင်နှစ်ဦးဖြစ်သည့် နီကိုးလပ်နှင့် ကာရိုလင်းတို့က ယူဆခဲ့ကြသည်၊ ယခုအခါ စိတ်ကူးဉာဏ်ကွန့်မြူးသည့် အနုပညာရှင်နှစ်ဦး၏ အိပ်မက်ကို စက်ရုပ်စုံတွဲ ဖြစ်သည့် ဝင်းဆင့်နှင့် အမ္ဗလီတို့က လက်တွေ့ အကောင်အထည်ဖော်ပြနိုင်ခဲ့ကြသည်၊ ဂျာမန်သိပ္ပံပညာရှင်များ တီထွင်ထားသော အဆိုပါ စက်ရုပ်စုံတွဲသည် အသွေးအသားများဖြင့် ဖွဲ့စည်းထားခြင်းမရှိသော်လည်း အာရုံခံကိရိယာများဖြင့် ခံစားနိုင်စွမ်းရှိကြသည်၊ ထို့ကြောင့် အသံနှင့် လှုပ်ရှားမှုကိုလိုက်၍ စက်ရုပ်များအချင်းချင်း လူသားကဲ့သို့ပင် အပြန်အလှန်ခံစား နား လည်ထားတုံ့ပြန်နိုင်စွမ်းရှိကြသည်၊ တစ်ခါတစ်ရံတွင် စက်ရုပ်အချင်းချင်း ဆက်ဆံရေးတွင် နားလည်မှုလွဲမှားခြင်းများရှိနေခြင်းကလည်း လူသားသဘာဝကို ပိုမိုပေါ်လွင်စေသည်။** **(DM, 17 5.13)**



## ပျံသန်းနိုင်မည့် ကားလေယာဉ် ဈေးကွက်အတွင်း မကြာမီ ရောက်ရှိလာတော့မည်



ပျံသန်းနိုင်မည့် **နှစ်မျိုးသုံး ကား လေယာဉ်**ကို အမေရိကန်နိုင်ငံ မန်ဆာချူးဆက်ပြည်နယ်အခြေစိုက် တာရာဖူကီရာ ကားထုတ်လုပ်သည့် ကုမ္ပဏီက ဖန်တီးပြုလုပ်ခဲ့ပြီး **မကြာမီ ဈေးကွက်အတွင်း ဖြန့်ချိရောင်းချနိုင်တော့မည်ဖြစ်ကြောင်း** R.W Mann & Co မှ မန်နေးဂျင်းဒါရိုက်တာ ရောဘက်မန်းက မေ ၈ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ TF-X မော်ဒယ်နှစ်မျိုးသုံး ကားလေယာဉ်သည် **ကား အစိတ်အပိုင်းနှင့် ဂျက်လေယာဉ်အစိတ်အပိုင်းများကို ပေါင်းစပ်ထုတ်**လုပ်ထားခြင်းဖြစ်ပြီး **ဝေဟင်သို့ ပျံသန်းချိန်တွင် ပြေးလမ်းကြောင်း မလိုအပ်ဘဲ ရဟတ်ယာဉ်ကဲ့သို့ တိုက်ရိုက်ပျံသန်းနိုင်မည်ဖြစ်သည်။** စတင် ဖန်တီးပြုလုပ်စဉ်က ပေ ၁၄၀၀ အထက်တွင် ၈မိနစ်အကြာခန့်သာ ပျံသန်းနိုင်သော်လည်း **ပေ ၃၅၀၀၀ ခန့်၌ နာရီ ၂၀ ကြာ ပျံသန်းနိုင်မှ ဈေးကွက်အတွင်းသို့ တင်ပို့ရောင်းချသွားမည်ဖြစ်သည်၊** ရောင်းဈေးအဖြစ် အမေရိကန်ဒေါ်လာ သုံးသိန်း သတ်မှတ်ထားပြီး ၂၀၁၅ နှစ်ဦးပိုင်းတွင် စတင်ဖြန့်ချိရောင်းချနိုင်ဖွယ်ရှိကြောင်း သိရသည်။ အဆိုပါ TF-X နှစ်မျိုးသုံး ကားလေယာဉ်များကို **လေယာဉ်မောင်း လိုင်စင်ရရှိထားသူများကိုသာ ဖြန့်ဖြူးရောင်းချမည်ဖြစ်ကြောင်း** ရောဘက်မန်က ပြောကြားသွားခဲ့သည်။ **(DM,8.5.13)**



www.burmeseclassic.com

www.burmeseclassic.com



## လျှော်ဖွပ်စရာမလိုသည့် သိုးမွေးရှပ်အင်္ကျီ



မကြာခဏ ခရီးသွားလာနေရသူများ၊ အဝတ်အစားပုံမှန်လျှော်ဖွပ်ရန် အခက်အခဲရှိသူများအတွက် ဝယ်ယူဝတ်ဆင်ပြီးနောက် ရက်ပေါင်း ၁၀၀ကျော်ထိ ပြန်လည် လျှော်ဖွပ်စရာမလိုဘဲ ဝတ်ဆင်နိုင်သည့် သိုးမွေးအင်္ကျီကို အမေရိကန်နိုင်ငံအခြေစိုက် Wool & Prince အဝတ်အထည်လုပ်ငန်းမှ ဖန်တီးပြုလုပ်ခဲ့သည်။ **သဘာဝသိုးမွှေး၊ ဆိတ်မွေးမျှင်များသည် အနံ့အသက်ဆိုးများကို အလိုအလျောက် ဖယ်ရှားပေးနိုင်ပြီး ထိုသိုးမွေးမျှင်များကို နည်းပညာသစ်များဖြင့် ဖန်တီးချုပ်လုပ်ထားခြင်းကြောင့် အနံ့ဆိုးများကို ဖယ်ရှားပေးနိုင်မည်** ဖြစ်သည်။ ထိုအဝတ်အစားများသည် **အကြိမ် နှစ်သောင်းကျော် မလျှော်ဖွပ်ဘဲ ဝတ်ဆင်နိုင်ကာ အတွန့် အကြောင်းများမပါဝင်ခြင်းကြောင့် မီးပူတိုက်ရသည့် ဒုက္ခမှလည်းကင်းဝေးနိုင်မည်ဖြစ်ကြောင်း** Wool & Prince အဝတ်အထည်လုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

**(Telegraph, 29.4.13)**

## မှန်ဘီလူးပေါင်းများစွာ တပ်ဆင်ထားသော ၁၈၀ ဒီဂရီအထိ မြင်နိုင်သည့် ကင်မရာ





ပျားများနှင့် ပုစဉ်းများ၏ မျက်လုံးပုံစံကိုအခြေခံပြီး **မှန်ဘီလူးပေါင်းများစွာ တပ်ဆင်ထားသော ၁၈၀ ဒီဂရီအထိ မြင်နိုင်သည့် ထောက်လှမ်းရေးကင်မရာသစ် တစ်မျိုးကို** အီလီနွိုက်တက္ကသိုလ်မှပါမောက္ခ ဂျွန်ရော်ဂျာ ဦးဆောင်သည့်အဖွဲ့က တီထွင်လိုက်ပြီဖြစ်သည်။ အမေရိကန်သိပ္ပံ ပညာရှင်များ တီထွင်ထားသော အဆိုပါ ကင်မရာကို သာမာန်ကင်မရာများထက် အမြင်စွမ်းအားပိုမိုအားကောင်းနိုင်ရန် တီထွင်ထားသည်။ ယင်းကင်မရာဖြင့် **ဆေးသုတေသနလုပ်ငန်းများ လုပ်ဆောင်ရန် အထူးသင့်လျော်**သည်ဟု သိပ္ပံပါမောက္ခ ရော်ဂျာက မှတ်ချက်ချသည်။ ၁၈၀ ဒီဂရီအထိ မြင်နိုင်သည့် **ကင်မရာနှစ်လုံး ကိုသာ တွဲဖက်အသုံးပြုမည်ဆိုလျှင် မြင်ကွင်းတစ်ခုလုံးကို ၃၆၀ ဒီဂရီအထိ ဘက်စုံမြင်နိုင်သည်**ဟု သုတေသီများက ဆိုသည်။ **(DM, 3.5.13)**

## သမုဒ္ဒရာကြမ်းပြင်၏ လျှို့ဝှက်ချက်ကို ရှာဖွေဖော်ထုတ်နိုင်သည့် ဂြိုဟ်တုစနစ်သုံး ရေအောက်စက်ရုပ်

ဒယ်လာဝဲလ်တက္ကသိုလ်နှင့် ဒယ်လာဝဲလ်ပြည်နယ်တက္ကသိုလ်တို့မှ သုတေ သနပညာရှင်များက **ဂြိုဟ်တုစနစ်သုံး ရေ အောက်စက်ရုပ်များ၏** စွမ်းပကားဖြင့် ရေအောက်ကမ္ဘာ၏ လျှို့ဝှက်ချက်ကို ဖော် ထုတ်တော့မည်ဖြစ်သည်။ အဆိုပါ **ရေအောက်စက်ရုပ်ကို ဂြိုဟ်တုနှင့် ချိတ်ဆက်ထားသောကြောင့် သမုဒ္ဒရာ၏အပူချိန်နှင့် ရေအောက်တွင် ကလိုရိုဖီးလ်မည်မျှရှိနေသည်ကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်**သည်။ ယခုအခါ **အဆိုပါ ရေအောက် စက်ရုပ်များကို အတ္တလန္တိတ်သမုဒ္ဒရာ ကမ်းရိုးတန်းဒေသများသို့ပင် စေလွှတ်ထားပြီး**ဖြစ်သည်။ အဆိုပါ ရေအောက် စက်ရုပ်ကို လက်တွေ့အသုံးချသည့် အနေဖြင့် **ရေအောက်ရှိရှားပါးရေသတ္တဝါမျိုး စိတ်များကိုလည်း လိုက်လံရှာဖွေလျက်ရှိ**သည်။

**(DM, 3.5.13)**







www.burmeseclassic.com

www.burmeseclassic.com





## သုံးဖက်မြင်ရုပ်ကြွပန်းချီကားများ ဂျပန်ပန်းချီပညာရှင် ရေးဆွဲ

သုံးဖက်မြင်ရုပ်ကြွ 3D ပန်းချီများကို အသက် ၂၁ နှစ်အရွယ်ရှိ ပန်းချီပညာရှင် နာဂိုဟိုက်ယူကျီက ရေးဆွဲခဲ့သည်။ ၎င်း၏ ပန်းချီလက်ရာများကို ခဲတံတစ်မျိုးတည်းဖြင့်သာ ပုံဖော်ရေးဆွဲခဲ့ခြင်းဖြစ်ပြီး ၎င်း၏ လက်ရာများသည် အမြင်အာရုံကို လှည့်စားပြီး ရုပ်ကြွများကဲ့သို့ ထင်မှတ်စေလာနိုင်သည်။

(Telegraph, 2.5.13)

## သရီးဒီပရင်တာဖြင့် ဖန်တီးနိုင်သော ပထမဆုံး သေနတ်ဖြင့် အောင်မြင်စွာပစ်ခတ်မှု စတင်ပြုလုပ်နိုင်ခဲ့

လူနေမှုဘဝ၏ ပုံစံခြားနားပြောင်းလဲ တိုးတက်မှုဆီ ဦးတည်နေသည့် သရီးဒီပရင်တာနည်းပညာကို အသုံးပြုကာ ဖန်တီးထားသည့် ပထမဆုံးသေနတ်ဖြင့် ပစ် ခတ်မှုအောင်မြင်စွာပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။ ပြီးခဲ့သည့်လများက အွန်လိုင်းပေါ်မှ တစ်ဆင့် လက်နက်ဒီဇိုင်းများကို ရောင်းချမည်ဖြစ်ကာ သရီးဒီပရင်တာရှိသူမည်သူမဆို ဝယ်ယူ၍လက်နက်ထုတ်ယူနိုင်ကြောင်း ကြော်ငြာတစ်ခုထွက်ပေါ်လာခဲ့ချိန်တွင် လုံခြုံရေးအဖွဲ့အစည်းများစွာက ကန့်ကွက်မှုများပြုလုပ်ခဲ့ကြသည်။ သို့ရာတွင် သရီး ဒီပရင်တာဖြင့် လက်နက်ထုတ်ယူရန် ဖန်တီးခြင်းကို လူအများက စိတ်ဝင်စားခဲ့ကြပြီး တက္ကဆက်တက္ကသိုလ်မှအသက် ၂၅ နှစ် ကျောင်းသားတစ်ဦးဖြစ်သော ကိုဒီဝီလ်ဆန် ဦးဆောင်သော အဖွဲ့တစ်ဖွဲ့ကဖန်တီး လိုက်ခြင်းဖြစ်သည်။ အလွှာတစ်ခုပေါ် တစ်လွှာဆင့်ကာ သွန်းလောင်းခြင်းဖြင့် ပလတ်စတစ်ကဲ့သို့သော ကုန်ကြမ်းများကို ကျစ်လျစ်မာကျောသော အရာဝတ္ထုများဖြင့်ဖန်တီးခြင်းသည် သရီးဒီပရင်တာ နည်းပညာ၏ လုပ်ငန်းလည်ပတ်မှုဖြစ်သည် ကို ကျောင်းသားများက သဘောပေါက် နားလည်ထားကြပြီး



အကောင်းနှင့်အဆိုး ခွန်တွဲနိုင်သော လက်နက်၊ အလွယ်တကူ ဖန်တီးနိုင်မှုပုံစံကို ပြုလုပ်လာခြင်းဖြစ်သည်။ ယခုအောင်မြင်စွာဖန်တီးလိုက်နိုင်သည့် သေနတ်ကို ဒေါ်လာ ၈၀၀၀ တန် သရီးဒီပရင်တာဖြင့် ထုတ်လုပ်ခဲ့ခြင်းလည်း ဖြစ်သည်။



## ကလေးသူငယ် အလွဲသုံးစားလုပ်မှုများအား ဆန့်ကျင်ရှုတ်ချသည့် ပိုစတာကို ကလေးသူငယ်များသာ မြင်နိုင်ရန် စီစဉ်

အရွယ်ရောက်ပြီးသူများကြည့်လျှင် သာမန်ကလေးငယ်ပုံကိုသာမြင်ရပြီး ဆယ်နှစ်အောက်ကလေးငယ်များကြည့်လျှင် ဒဏ်ရာအနာတရများနှင့် ကလေးငယ်ပုံကို ပြောင်းလဲမြင်နိုင်မည့် ပိုစတာတစ်မျိုးကို စပိန်နိုင်ငံရှိ ပရဟိတအဖွဲ့အစည်းတစ်ခုမှ မိတ်ဆက်ပြသလိုက်သည်။ အဆိုပါ ပိုစတာတွင် ရောင်ပြန်မှန်ဘီလူးများ သုံးထားသော ပုံနှိပ်နည်းပညာအစွမ်းကြောင့် ပိုစတာသည် ရှုထောင့်ပြောင်းလိုက်ရုံဖြင့် အလင်းရောင်ပြန်ဟပ်ပြီး မြင်ရသော ပုံများလည်း အမျိုးမျိုးပြောင်းလဲသွားသည်။ သာမာန်အားဖြင့်ကြည့်ရှုလျှင် ကင်မရာ အလုပ်ပြုလုပ်ချက်များကို မမြင်နိုင်သော ရောင်ပြန်ပုံများသည် ကလေးတစ်ယောက် သို့မဟုတ် အရပ်အမြင့် လေးပေခန့်ရှိသော သူများကြည့်ရှုလျှင် သတိပေးစာများနှင့် ဆက်သွယ်ရမည့်ဖုန်းနံပါတ်များကို ဖော်ပြထားသည်၊ ထို့ကြောင့် လူကြီးများ ကြည့်ရှုရန် မသင့်တော်သည့် ကလေးသူငယ်များသာ ကြည့်ရှုနိုင်သော ဓာတ်ပုံများနှင့် သတင်းအချက်အလက်များကို ပိုစတာများပေါ်တွင် ဖော်ပြထားခြင်းအားဖြင့် ကလေးသူငယ် အလွဲသုံးစားလုပ်မှုများကို ကာကွယ်တားဆီးနိုင်လိမ့်မည်ဟု ယင်းစီမံကိန်းတွင်ပါဝင်သူ ဂရေးစပိန်က ရှင်းပြသည်။ (DM, 10.5.13)



www.burmeseclassic.com

www.burmeseclassic.com






## ခွေးများအတွက် အစားအစာကို အလွယ်တကူရယူနိုင်မည့်စက်

ခွေးများအတွက် အစားအစာများကို အလွယ်တကူရယူနိုင်မည့်စက်ကို ဧပြီလ ၂၃ ရက်တွင် လန်ဒန်မြို့တွင် ကျင်းပသည့် Baker တိရစ္ဆာန် အစားအသောက် ပစ္စည်းထုတ်လုပ်ရောင်းချသည့်ကုမ္ပဏီက ပြသသွားခဲ့သည်။ ၎င်း စက်များကို အပန်းဖြေ ဥယျာဉ်များတွင် ထားရှိသွားမည်ဖြစ်ပြီး ခွေးပိုင်ရှင်များက စက်အတွင်းသို့ အကြွေစေ့များထည့်သွင်းရုံနှင့် ၎င်းတို့၏ခွေးများက အစာကို ၎င်းတို့ဘာသာထုတ်ယူစားသောက်နိုင်သည်၊ ၎င်းစက်ကို Baker ကုမ္ပဏီ အတွက် ပီတာနီဝယ်လီဆိုသူက တီထွင်ခဲ့ကြောင်းသိရသည်။ **(Metro, 23.4.13)**

## အချိုရည်ကိုပင် ရေအဖြစ် စစ်ထုတ်ပေးနိုင်သည့် ရေစစ်

ကိုကာကိုလာအချိုရည်ကိုပင် အရောင်အဆင်းကင်းမဲ့သည့်ရေအဖြစ် စစ်ထုတ်ပေးနိုင်သည့် ရေစစ်ကို နာဆာမှ သုတေသီများက တီထွင်ထုတ်လုပ်လိုက်ပြီဖြစ်သည်။ နာဆာ ရေစစ်စနစ်ဖြင့်သာ စစ်ထုတ်လိုက်လျှင် မည်သည့်ဖျော်ရည်မဆို သန့်ရှင်းလတ်ဆတ်သည့် ရေအဖြစ်သို့ ပြောင်းလဲသွားတော့မည်ဖြစ်သည်။ နာဆာမှ အသုံးပြုသော OKO ရေစစ်စနစ်သည် ဖျော်ရည်ကို သုံးဆင့်စစ်ထုတ်ထားပြီး နောက်ဆုံးတွင် ရေချိုအဖြစ် ပြောင်းလဲနိုင်ကြောင်းကို လက်တွေ့ သက်သေပြခဲ့သည်။ ပထမအဆင့်တွင် ရေထဲမှ ကလိုရင်းနှင့် အနံ့အသက်ဆိုးများကို စစ်ထုတ်လိုက်သည်၊ ဒုတိယအဆင့်တွင်မူ ရေထဲမှ အဆိပ်သင့်စေသည့် အရာဝတ္ထုလေးများ ကို





အလွန်သေးငယ်လှသော ရေစစ် ပေါက် ၄၀၀ ကျော်မှ စစ်ထုတ်နိုင်သည့် အီလက်ထရိ ရေစစ်နည်းပညာဖြင့် ရေစစ်ထားသည်၊ နောက်ဆုံးအဆင့်တွင်မူ ဘက်တီးရီးယားပိုးမွှားများကို သန့်စင်ပေးနိုင်သည့် အကာမြူအိုင်းယွန်းရေစစ်စနစ်ကို အသုံးပြုထားပြီး သောက်သုံးရန်သင့်လျော်သည့် ရေချိုကို ထုတ်လုပ်ပေးထားသည်။ **(DM, 26.4.13)**

## ဂရင်းလန် ရေခဲပြင်၏ လျှို့ဝှက်ချက်ကို ဖော်ထုတ်တော့မည့် စက်ရုပ်





နာဆာမှသိပ္ပံပညာရှင်များက နေရောင်ခြည်စွမ်းအင်သုံး စက်ရုပ်ဖြင့် ဂရင်းလန် ရေခဲပြင် အောက်ခြေ နှစ်မိုင်ခန့်တွင်ရှိသည့် လျှို့ဝှက်ချက်များကို ရှာဖွေဖော်ထုတ်တော့မည်ဟု ကြွေးကြော်လိုက်သည်။ ယင်းစက်ရုပ်တွင် တပ်ဆင်ထားသော ရေဒါအာရုံခံစနစ်မှ ထုတ်လွှင့်လိုက်သော ရေဒီယိုလှိုင်းများက ရေခဲထဲတွင် နှစ်မြှုပ်နေသည့် အရာဝတ္ထုများကို ခြေရာခံနိုင်သည်၊ ထို့ပြင် ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရေခဲပြင်များသဘာဝမည်သို့ပြောင်းလဲကြပုံကို အသေးစိတ်လေ့လာနိုင်ပြီဖြစ်သည်၊ ပေါင် ၈၀၀ မျှသာလေးလံသော အဆိုပါ စက်ရုပ်ကို ရေခဲပြင်များပေါ်တွင် တစ်နာရီလျှင် ၁ ဒသမ ၂ မိုင်နှုန်းဖြင့် သွားလာနိုင်ရန် တီထွင်ထားသည်၊ နေရောင်ခြည်စွမ်းအင်ကို အသုံးပြုပြီး မောင်းနှင်သည့် အဆိုပါ စက်ရုပ်ယာဉ်သည် လေထုညစ်ညမ်းမှု မဖြစ်စေသောကြောင့် သဘာဝပတ်ဝန်းကျင်သို့ မည်သို့မျှဆိုးကျိုးသက်ရောက်မည်မဟုတ်ဟု ပညာရှင်များက တွက်ဆထားကြသည်။ ထို့ပြင် စက်ရုပ်တွင် တပ်ဆင်ထားသည့် ဘက်ထရီများသည်လည်း ပြန်လည်အားသွင်းနိုင်သည့် ဘက်ထရီများဖြစ်သောကြောင့် ရေရှည်ကုန်ကျစရိတ်ကို လျှော့ချနိုင်သည်။ ယခင်က ရေခဲပြင်အခြေအနေကို လေ့လာနိုင်ရန် ဂြိုဟ်တုများ နှင့် လေယာဉ်ပျံများကိုသာ အသုံးပြုရသောကြောင့် ကုန်ကျစရိတ်ကြီးမြင့်မှုကို Grover စက်ရုပ်ယာဉ်၏ အကျိုးကျေးဇူးကြောင့် ကာမိနိုင်ပြီဖြစ်သည်။

**(DM, 3.5.13)**



www.burmeseclassic.com

www.burmeseclassic.com



## 2013 Miss Korea ပြိုင်ပွဲဝင်အချို့ မျက်နှာပုံစံတူညီနေမှုအပေါ် ဝေဖန်မှုများနှင့် ရင်ဆိုင်နေရ



၂၀၁၃ Miss Korea ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အလှမယ်အချို့၏ မျက်နှာပုံစံတူညီနေမှုအပေါ် **ကိုရီးယားအနုပညာအသိုင်းအဝိုင်းမှ အပြင်းအထန် ဝေဖန်ခဲ့ ကြ**ကြောင်း ဧပြီလ ၂၆ ရက် ကိုရီးယားသတင်းတစ်ရပ်တွင် ဖော်ပြသွားခဲ့သည်။ ပြိုင်ပွဲကို **ကိုရီးယားအလှမယ်များသည် ၎င်းတို့၏ မျက်နှာနှင့် ခန္ဓာကိုယ်အသားအရေ ပြုပြင်ခွဲစိတ် မှုများပြုလုပ်ပြီးနောက် ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ်ပြီး ထိုပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၂၀ ခန့်သည် မျက်နှာ၊ ရုပ်ရည်သွင်ပြင်သည် ညီအစ်မများကဲ့သို့ တူညီမှုရှိနေသည်ကို** တွေ့ရသည်။ ကိုရီးယားနိုင်ငံရှိ အမျိုးသမီးများသည် အနောက်နိုင်ငံများကဲ့သို့ **၎င်းတို့၏ မျက်နှာကို ချောမွတ်လှပလိုခြင်း၊ ပခုံးနှင့် လက်မောင်းသားအရေချောမွတ်လိုခြင်း၊ ခန္ဓာကိုယ်အရေပြားဖြူစွတ်လှပစေရန် တောက်ပသောအညိုရောင်မျက်လုံးနှင့် နှာတံလှပမှုရှိစေရန် ခွဲစိတ်ကုသခဲ့ကြ**သည်။ **ထိုသို့ခွဲစိတ်ကုသသော အလှမယ်များ ဝင်ရောက်ယှဉ်ပြိုင်ခြင်းသည် ပြိုင်ပွဲကို အရုပ်ဆိုးအကျည်းတန်စေသည့်အပြင်** ပြိုင်ပွဲဝင်များ တစ်ဦးနှင့်တစ်ဦး မျက်နှာသွင်ပြင် တူညီနေမှုနှင့်ပတ်သက်၍ **အလှပြုပြင်ဖန်တီးသူများအပေါ် ဝေဖန်ပြစ်တင်ခဲ့ကြသည်။** ကိုရီးယားနိုင်ငံရှိ **အသက် ၁၉ နှစ်မှ ၄၉ နှစ်ကြား အမျိုးသမီးအများစုသည် ၎င်းတို့၏ မျက်နှာနှင့်ခန္ဓာကိုယ်တွင် ခွဲစိတ်ကုသမှုများပြုလုပ်ရာတွင် အာရှတိုက်နိုင်ငံများအနက် အမြင့်ဆုံး**ဖြစ်ကြောင်း သိရသည်။ **(DM, 26.4.13)**

## လူ ၁၀၀၀ ကျော်က ရေကူးဝတ်စုံများဖြင့် ရုရှားတွင် စကိတ်စီးပြခဲ့





ရုရှားနိုင်ငံ **ကူဖ်ဘက်စ်ဒေသ ဖယ်လ်ရီနာယာတောင်တွင်** ထောင်နှင့်ချီသော လူထုကြီးက ရေကူးဝတ်စုံများဖြင့် ဧပြီလ ၂၀ ရက်နေ့တွင် စုပေါင်းစကိတ်စီးပြ ခဲ့ကြသည်။ ၎င်းတို့သည် **ရေကူးဝတ်စုံဖြင့် လူအများဆုံး စကိတ်စီးပြသည့် ဂင်းနစ် စံချိန်တင်ရန် ရည်ရွယ်ထား**ခဲ့ကြောင်း ထို စကိတ်စီးပြသည့် အဖွဲ့၏ခေါင်းဆောင်တစ်ဦးဖြစ်သူ ကွန်စတန်တင်ကုတ်ရှ်ကင်က အာအိုင်အေနိုဗိုစတီသတင်းဌာနသို့ ပြောကြားသွားခဲ့သည်။ အစောပိုင်းတွင် ထိုစကိတ်အဖွဲ့သည် စုပေါင်းစကိတ်စီးရန် လူ ၅၀၀ ခန့်သာ ရောက်ရှိလာသည်ဟု ခန့်မှန်းခဲ့ကြသော်လည်း **အဖွဲ့ဝင် ၁၀၀၀ ကျော်အထိ ပါဝင်ဆင်နွှဲခဲ့သောကြောင့် ဝမ်းသာဂုဏ်ယူမိ**ကြောင်း ကုတ်ရှ်ကင်က ဆက်လက်ပြောကြားသွားခဲ့သည်။ ယခင် ဂင်းနစ်စံချိန် **ဟောင်းကို ကနေဒါနိုင်ငံတွင် စကိတ်သမား ၂၅၀ ကျော်တို့က ရေကူးဝတ်စုံများဖြင့် စုပေါင်းစကိတ်စီးပြခဲ့ပြီး စံချိန်တင်ခဲ့ကြောင်း** သိရသည်။ **(RIA Novosti, 21.4.13)**

## အသက် ၈၀ အရွယ် အမျိုးသမီးတစ်ဦးက ဒေါ်လာ ၅၀၀၀ တန် စိန်ကို မျိုချ



အမေရိကန်နိုင်ငံ ဖလော်ရီဒါ ပြည်နယ် တန်ပါမြို့တွင် ဧပြီလ ၂၇ ရက်နေ့တွင် ကျင်းပသည့် ကျောက်မျက်ရတနာပြပွဲတစ်ခုတွင် **အသက် ၈၀ အရွယ်ရှိ အမျိုးသမီးတစ်ဦးသည် ဒေါ်လာ ၅၀၀၀ တန် စိန်တစ်လုံးကို မထင်မှတ်ဘဲမျိုချမိ**ခဲ့သည်။ မိုင်ရမ်တရက်ကာအမည်ရှိ ထိုအမျိုးသမီးသည် ကျောက်မျက်ရတနာပြပွဲတွင် လာရောက်ကြည့်ရှုစဉ် တစ်ကရက် အလေးချိန်ရှိသော စိန်တစ်လုံးကို မထင်မှတ်ဘဲ မျိုချမိခဲ့ပြီးနောက် ဆရာဝန်များက ယင်းစိန်ကို ပြန်လည်ထုတ်ယူပေးခဲ့ရသည်။ ထရပ်ကာသည် စိန်တုံးကိုမျိုချရန် ကြံရွယ်ခဲ့ခြင်းမရှိဘဲ **ရေသောက်နေစဉ် ရုတ်တရက် ပါးစပ်အတွင်းသို့ ထည့်မိခဲ့**ခြင်းဖြစ်ကြောင်းနှင့် အနီးဝန်းကျင်မှ လာရောက်ကြည့်ရှုသူ များကလည်းမောကာ ၎င်းအား ကြည့်ရှုချိန်မှ စိန်တုံးကို မျိုချခဲ့မိမှန်း သတိထားမိခဲ့ကြောင်း ပြောကြားသွားခဲ့သည်။ **(AFP, 28.4.13)**





www.burmeseclassic.com

www.burmeseclassic.com



## ကမ္ဘာမြေမှ အပြီးတိုင်စွန့်ခွာပြီး အင်္ဂါဂြိုဟ်ပေါ် အခြေချနေထိုင်ရန် လူပေါင်း ၇၈၀၀၀ ကျော် လျှောက်ထား



အကျိုးအမြတ်ကို ဦးစားမပေးသည့် အင်္ဂါဂြိုဟ်စူးစမ်းလေ့လာရေး Mars One စီမံကိန်းအရ **ကမ္ဘာမြေကို အပြီးတိုင်စွန့်ခွာပြီး အင်္ဂါဂြိုဟ်** ပေါ်၌ အခြေချနေထိုင်ရန် လျှောက်လွှာခေါ်ယူခဲ့ရာ ထိုသို့နေထိုင်ရန် လျှောက်ထားသူနစ်ပတ်အ တွင်း ၇၈၀၀၀ ကျော်လာပြီဖြစ်ကြောင်း ယင်းအဖွဲ့၏ အမှုဆောင်ချုပ် ဘတ်စ်လန်းဒရော့က ထုတ်ပြန်ကြေညာသွားခဲ့သည်။ လျှောက်လွှာခေါ်ယူမှုကို ဩဂုတ်လ ၃၁ ရက်နေ့ နောက်ဆုံးထားပြီး ဆက်လက် ခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။ ထိုသို့လျှောက်ထားသူများအား ရွေးချယ် စိစစ်မှုများပြုလုပ်ပြီးနောက် ကျန်ရှိသည့် လက်ရွေးစင်များကို အင်္ဂါဂြိုဟ်ခရီးစဉ်အတွက် ခုနစ်လ ကြာ စေလွှတ်မည်ဖြစ်သည်။ ၎င်းတို့ကို ၂၀၂၃ ခုနှစ်တွင် အင်္ဂါဂြိုဟ် မျက်နှာပြင်ပေါ်သို့ ပို့ဆောင်ပေးကာ အခြေချနေထိုင်ရန် စီစဉ်ပေးသွားမည်ဖြစ်သည်။ ထိုသို့နေထိုင်ရန် လျှောက်ထားသူများမှာ **နိုင်ငံပေါင်း ၁၂၀ ကျော်ရှိ နယ်ပယ်ပေါင်းစုံ၊ အလွှာပေါင်းစုံ မှ ပါဝင်ပြီး ဗြိတိန်တစ်နိုင်ငံတည်းတွင် လျှောက်ထားသူ ၃၅၀၀ ခန့်ရှိကြောင်း သိရသည်။**

**(Metro, 8.5.13)**

## မြေအောက် တစ်မိုင်ခွဲခန့်တွင် လွန်ခဲ့သည့်နှစ်သန်းပေါင်း ၁၅၀၀ ကျော်က ရေကို ရှာဖွေတွေ့ရှိ



**လွန်ခဲ့သည့်နှစ်သန်းပေါင်း ၁၅၀၀ မှ ၂၆၀၀ ခန့်က တည်ရှိခဲ့သော ရေကို ကနေဒါတွင် ရွှေတွင်းတူးရာမှ ရှာဖွေတွေ့ ရှိခဲ့ကြသည်။** အွန်တာရီယိုပြည်နယ်တွင် မြေအောက်သို့ အနက် ၁ ဒသမ ၅ မိုင် ခန့် တူးဖော်ကြည့်ရာမှ ရှေးကျသည့် ရေကို ရှာဖွေတွေ့ရှိခဲ့ကြခြင်းပင် ဖြစ်သည်။ အဆိုပါရေတွင် ဟိုက်ဒရိုဂျင်ဓာတ်များစွာ ပါဝင်နေပြီး ရှေးကျသည့် သတ္တုမျိုးစိတ် များစွာ ရေထဲတွင် ပါဝင်နေမှုရှိမရှိကို ဘူမိဓာတုပညာရှင်များက စူးစမ်းရှာဖွေနေကြ သည်။ ဂြိုဟ်နီကြီးဟု တင်စားခေါ်ဆို သည့် မားစ်ဂြိုဟ်တွင်လည်း ရှေးယခင်က သမုဒ္ဒရာကြီး တည်ရှိခဲ့သောကြောင့် ယခု တွေ့ရှိရသည့် **ကမ္ဘာမြေပေါ်မှ သက်တမ်းရင့်ရေကို ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းဖြင့် ရှေးယခင်သမိုင်းကြောင်း ခြေရာကို အဖြေ ရှာနိုင်မည်ဖြစ်သည်။**

**(EDT, 17 .5.13)**

## လက်သည်းနီဆိုးဆေးများကို အသုံးပြု၍ မက္ကဆီကိုအနုပညာရှင် ပန်းချီကားများ ရေးဆွဲ







မက္ကဆီကိုမြို့မှ အနုပညာရှင် ခရစ္စတန် ရာမို့စ်ဆိုသူသည် **လက်သည်းနီဆိုးဆေးများကိုအသုံးပြုပြီး မာရီလင်မွန်ရိုး၊ မိုနာလီဇာတို့၏** ပုံတူပန်းချီကားများ အပါအဝင် အကောင်းဆုံးပန်းချီ လက်ရာများကို ဖန်တီးပြုလုပ်ခဲ့သည်။ အဆိုပါ လက်သည်းနီဆိုးဆေးများသည် ပန်းချီကားရေးဆွဲရာတွင် အငွေ့ပြန်လွယ် သဖြင့် ပန်းချီကားများကို ဆေးပါးပါးနှင့် အချိန်ယူရေးဆွဲခဲ့ရ ကြောင်း သိရသည်။ **ပန်းချီကားတစ်ချပ်လျှင် လေးပတ်မှ ငါး ပတ်ခန့်ကြာမြင့်ပြီး လက်သည်းနီဆိုးဆေးပုလင်းမှာ ၄၀ မှ ၅၀ ကြားအထိ အသုံးပြုခဲ့ရပြီး ဒေါ်လာ ၁၀၀၀ ကျော်ခန့်ကုန်** ကျခဲ့ကြောင်းသိရသည်။ တစ်ခါတစ်ရံ ပန်းချီကားများကို ရေးဆွဲနေစဉ် ဆေးကုန်သွားသဖြင့် ဇနီးသည်၏ လက်သည်းနီဆိုးဆေးများကို တောင်းယူဆက်လက်ရေးဆွဲရကြောင်း ခရစ္စတန်က ပြောကြားသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ဇွန်းကိုအသုံးပြုပြီး ရုရှားအကျဉ်းသား ထောင်ဖောက်ထွက်ပြေးလွတ်မြောက်သွားခဲ့



ရုရှားနိုင်ငံ မော်စကိုမြို့နောက်ပိုင်း မစ်ထရာစကာရာတီရှိုင်းနား ဗဟို အကျဉ်းဦးစီးဌာနမှ အကျဉ်းသားတစ်ဦးသည် **ဇွန်းတစ်ချောင်းကို အသုံးပြုပြီး ထောင်ဖောက်ကာ ထွက်ပြေးလွတ်မြောက်သွားခဲ့ကြောင်း** အာဏာပိုင်များက မေလ ၉ ရက်တွင် ထုတ်ပြန်ကြေညာသွားခဲ့သည်။ အသက် ၃၃ နှစ်အရွယ် အိုလတ်တာ ပယ်လော့အမည်ရှိ အကျဉ်းသားသည် **စတီးဇွန်းတစ်ချောင်းကို အသုံးပြုကာထောင်၏ ခေါင်မိုးလေဝင်ပေါက်ကို တဖြည်းဖြည်းချင်း ဖဲ့ယူပြီးနောက် ထိုမလွယ်ပေါက်မှ တစ်ဆင့် အဆောက်အအုံအပြင်ဘက်ကို လျှောထွက်ကာထောင်စည်းရိုးကိုကျော်တက်ထွက်ပြေးသွားခဲ့ခြင်းဖြစ်သည်။** အိုလက်တာ ပယ်လော့သည် လူသတ်မှု၊ လက်နက်မှောင်ခိုကူးသန်းရောင်းဝယ်မှု တို့ကြောင့် **ထောင်ဒဏ်တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ချမှတ်ခံခဲ့ရ**ခြင်းဖြစ်သည်။ ထိုသို့ ထွက်ပြေးလွတ်မြောက်သွားသော အကျဉ်းသားကို စုံစမ်းရှာဖွေလျက်ရှိကြောင်း ရုရှားအကျဉ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးဖြစ်သူ ခရစ်စတီနာဘီလော့ qdkAmu RIA Novosti သတင်းဌာနသို့ ပြောကြားသွားခဲ့သည်။ **(RIA Novosti, 9.5.13)**

## အမေရိကန်ဖိတ်ခေါ်ဂေါက်ရိုက်ပြိုင်ပွဲကို ခြေသုံးချောင်းနှင့်မိကျောင်းတစ်ကောင် ဝင်ရောက်နှောင့်ယှက်



အမေရိကန်နိုင်ငံ လူစီးယားနား ပြည်နယ် နယူးအိုရီလန်းမြို့တွင် ကျင်းပပြုလုပ်လျက်ရှိသည့် **အမေရိကန်ဖိတ်ခေါ် ဂေါက်**ရိုက်ပြိုင်ပွဲကျင်းပရာ ဂေါက်ကွင်းအတွင်းသို့ **ခြေသုံးချောင်းနှင့် မိကျောင်းတစ်ကောင်** ဝင်ရောက်ခဲ့မှုကြောင့် ပြိုင်ပွဲကို ခေတ္တရပ်တန့်ထားခဲ့ရကြောင်း ဧပြီလ ၂၆ ရက် နယူးအိုရီလန်းသတင်းတစ်ရပ်တွင် ဖော်ပြသွားခဲ့သည်။ ထိုမိကျောင်းသည် ဂေါက်ရိုက်ပြိုင်ပွဲကျင်းပရာ ဂေါက်ကွင်းမြက်ခင်းပြင်အနီး လှည့်ပတ်သွားလာနေမှုကြောင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်များနှင့် ဧည့်သည်တော်များကို အရေးပေါ် နေရာရွှေ့ပြောင်းပေးမှုများ ပြုလုပ်ခဲ့ရသည်။ **လူစီယားနားပြည်နယ်သည် အမေရိကန်နိုင်ငံတွင် မိကျောင်းအပေါများဆုံးပြည် နယ်တစ်ခုဖြစ်သော်**လည်း မိကျောင်းများသည် လူများကိုရန်ပြုတိုက်ခိုက်မှု နည်းပါးကြောင်း သိရသည်။

**(DM, 26.4.13)**

## သစ်သားကို အဓိကအသုံးပြုပြီး တီထွင်ထားသည့် ဓာတ်ပြား

ရှေးယခင်က ဓာတ်စက်များကို အသွင်ဆန်းသစ်ပြီး သတ္တုများဖြင့် ထုတ်လုပ်ထားသည့် ဓာတ်ပြားများနေရာတွင် ယခုအခါ သစ်သားကို အဓိကအသုံးပြုပြီး တီထွင်ထားသည့် ဓာတ်ပြားများကို အစားထိုးနိုင်ပြီဖြစ်သည်။ ဆန်ဖရန်စစ္စကိုမှ အသက် ၂၄ နှစ်အရွယ်မျှသာရှိသေးသည့် အမန်ဒါဂေ့ဟ်ဆာအီဆိုသူက **သစ်သားပြားများကို လေဆာနည်းပညာဖြင့် လိုသလို ဖြတ်တောက်ပြီး အက်ခရီလစ်ဓာတုဆေးရည်များ သုတ်လိမ်းကာ သစ်သားဓာတ်ပြားများကို လက်တွေ့ထုတ်လုပ်ပြ**ခဲ့သည်။ ယင်းဓာတ်ပြား၏ သစ်သားလှိုင်းတွန့်လေးများကြားတွင် ဓာတုဆေးရည်များစွာ သုတ်လိမ်းထား၍ အဆိုပါ သစ်သားဓာတ်ပြားများသည် သာမန်ဓာတ်ပြားများ ထက်နှစ်ဆမျှ မိုထူသည်။ လေဆာဖြင့် ပုံဖော်ထားသည့် ဓာတ်ပြားမျက်နှာပြင်ရှိ တေးသံများထည့်သွင်းထားသော လှိုင်းတွန့်လေးများသည် ဓာတ်စက်မှအပ်ဖြင့် ခြစ်မိလျှင် တေးသံသာများစွာ ထွက်ပေါ်လာမည်ဖြစ်သည်။ **(DM, 16.5.13)**





www.burmeseclassic.com

www.burmeseclassic.com



# မဲအရေအတွက်တူညီနေသောကြောင့် ဖိလစ်ပိုင်နိုင်ငံမြို့တော်ဝန်ရွေးချယ်ပွဲတွင် အကြွေစေ့ ခေါင်းပန်းလှန်၍ ဆုံးဖြတ်






ဖိလစ်ပိုင်နိုင်ငံ အနောက်အလယ်ပိုင်း တမ်းရိုးတန်းဒေသရှိ မင်ဒိုရိုပြည်နယ် ဆန်တယ်ဒိုရိုမြို့တော်ဝန်ရွေးချယ်ပွဲကို မေလ ၁၃ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ရာ အမတ်လောင်းနှစ်ဦးစလုံးသည် မဲအရေအတွက်တူညီနေသောကြောင့် မြို့တော်ဝန်ရွေးချယ်ပွဲကော်မရှင်အဖွဲ့က မေလ ၁၄ ရက်နေ့တွင် **အကြွေစေ့ခေါင်းပန်းလှန်၍** ရွေးချယ်ခဲ့သည်။ လစ်ဘရယ်ပါတီမှ မာဘစ်ဖာရာရန်နှင့် ဖိလစ်ပိုင်အမျိုးသားပါတီမှ ဘိုယက်ပိုင်တို့သည် မဲအရေအတွက် ၃,၂၃၆ မဲစီကို ရရှိခဲ့သဖြင့် မေလ ၁၄ ရက်နေ့တွင် **အကြွေစေ့ခေါင်းပန်း ငါးကြိမ်လှန်ရွေးချယ်**ခဲ့ရာမာဘစ်ဖာရာရန်ကအနိုင်ရရှိခဲ့သည်။ ထိုသို့ **အကြွေစေ့ ခေါင်းပန်းလှန်၍ ရွေးချယ်ခြင်းသည် ဖိလစ်ပိုင် နိုင်ငံရေးလောကတွင် တစ်ကြိမ်တစ်ခါမှ** ပြုလုပ်ခဲ့ဖူးခြင်းမရှိသော်လည်း မြို့တော် ဝန်အမတ်လောင်းနှစ်ဦးလုံး၏ သဘောတူ ညီမှုအရရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း မြို့တော် ဝန်ရွေးချယ်ရေးဘုတ်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးဖြစ်သူ ရီနီပါဂီလာဝွန်က ဝေါလ်စထရီဂျာနယ်သို့ ပြောကြားသွားခဲ့သည်။

**(Metro, 14.5.13)**

# ပျံ့သန်းနေသော မူးယစ်မှောင်ခိုလေယာဉ်ကို ဘရာဇီးရဲကားက မြေပြင်မှလိုက်လံဖမ်းဆီး



ဝေဟင်တွင် ပျံ့သန်းနေသော မူးယစ်ဆေးဝါးများ သယ်ဆောင်လာသည်ဟု ယူဆရသော လေယာဉ်ကို ဘရာဇီး ရဲတပ်ဖွဲ့က လိုက်လံဖမ်းဆီးနိုင်ခဲ့သည်။ ဘရာဇီးနိုင်ငံ ဆန်တာ ဇစ်တိုးရီးယားမြို့တွင် မေလ ၁၅ ရက်နေ့၌ မူးယစ်ဆေးဝါး သယ်ဆောင်လာသည်ဟု ယူဆရသော လေယာဉ်ကို ဘရာဇီးရဲ**များက မြေပြင်မှ အနီရောင်ကြိုး ပြားတပ်ဆင်ထားသော မှိန်းသေနတ်ဖြင့် ပစ်ခတ်ကာ မြေပြင်သို့ဆင်းသက်ရန် သတိပေး**မှုပြုလုပ်ခဲ့သည်။ ဘရာဇီးနိုင်ငံတွင် ထိုအနီရောင် ကြိုးပြားဥပဒေကို လွန်ခဲ့သည့်နှစ် ပေါင်းများစွာကတည်းက စတင်အသုံးပြုခဲ့ပြီး ထိုအနီရောင်ကြိုးပြား မှိန်းသေနတ်ဖြင့် ပစ်ခတ်ခံရပါက ထိုနေရာတွင် ပစ်ခတ်ခံရသူ၏ယာဉ်များကို ရပ်တန့်ထားရမည် ဖြစ်သည်။ ထိုလေယာဉ်ပေါ်တွင် ကိုကင်းပေါင် ၅၀၀ ခန့် ရှာဖွေတွေ့ရှိခဲ့ပြီး သံသယရှိသူငါးဦးကိုလည်း ဖမ်းဆီးအရေးယူခဲ့ကြောင်း သိရသည်။ **(Metro, 15.5.13)**

# ထမင်းပေါင်းအိုးကို ဗုံးထင်၍ ဆော်ဒီကျောင်းသားကို FBI တားဆီးစစ်ဆေး



အမေရိကန်နိုင်ငံ မီချီဂန်ပြည်နယ်တွင် ဒံပေါက်ထမင်းချက်ပြုတ်ရာတွင် အသုံးပြုသည့် **လေဖိအားသုံး ထမင်းပေါင်းအိုးကို လက်လုပ်ဗုံးဟု ယူဆ၍ ဆော်ဒီကျောင်းသားကို FBI တပ်ဖွဲ့ဝင်များ တားဆီးစစ်ဆေးမှုများ** ပြုလုပ်ခဲ့ကြသည်။ တာလယ် အယ်လ်ရောက်ကီအမည်ရှိ ဆော်ဒီနိုင်ငံသားသည်လေဖိအားသုံးထမင်းပေါင်းအိုး ကိုကိုင်ဆောင်ကာ ၎င်း၏ မိတ်ဆွေနေအိမ်သို့ သွားရောက်စဉ် အနီးပတ်ဝန်းကျင်မှ လူများက လက်လုပ်ဗုံးကိုင်ဆောင်လာသည်ဟု ယူဆပြီး FBI သို့ အကြောင်းကြားခဲ့ခြင်းကြောင့် FBI တပ်ဖွဲ့ဝင်များသည် ၎င်းအား ရပ်တန့်စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြသည်။ ထိုသို့ ထမင်းပေါင်းအိုးကို ဗုံးဟု သံသယဝင်ကာ ဆော်ဒီကျောင်းသား စစ်ဆေးခံရမှုနှင့် ပတ်သက်၍ ဆော်ဒီအာရေဗျ နိုင်ငံသတင်းများတွင် အကျယ်တဝင့် ဖော်ပြမှုများပြုလုပ်ခဲ့သည်။ အမေရိကန် FBI ထောက်လှမ်းရေးတပ်ဖွဲ့များသည် **ဘော်စတွန်ဗုံးဖောက်ခွဲမှုအပါအဝင် အသေခံဗုံးခွဲ တိုက်ခိုက်ခံရသည့် ဖြစ်ရပ်နှင့်ပတ်သက်၍ အစိုးရိမ်လွန်ကာ အာရပ်ဒေသမှ အမေရိကန်သို့ လာရောက်နေထိုင်သူများကို အဓိကပစ်မှတ်ထား စောင့်ကြည့်လေ့လာမှုများ ပြုလုပ်နေကြောင်း** ဆော်ဒီအာရေဗျ သတင်းတစ်ရပ်တွင် ဖော်ပြသွားခဲ့သည်။

**(DM, 12.5.13)**



www.burmeseclassic.com

www.burmeseclassic.com



# မြေထဲပင်လယ်အောက်တွင် ပျောက်ဆုံးနေသော မြို့တော်ကြီးကို ရှာဖွေတွေ့ရှိ







ဒက္ခာရီထဲတွင် ရှေးခေတ် ဂရိများ၏ ဆိပ်ကမ်းမြို့တော်ဟု လူသိများသည့် ဟီရာကလီယွန်မြို့ဟောင်းကြီးကို ဥရောပ ရေအောက်ဗိသုကာ ပညာရှင်များအဖွဲ့မှ စတင်တွေ့ရှိခဲ့ကြသည်။

အီဂျစ်ကမ်းလွန် အဘိုကာပင်လယ်အော်အနီးတွင် ယင်းမြို့ဟောင်းကြီးကို ခြေရာခံခဲ့ကြရာမှ ဒေါက်တာ ဖရန့်ဂေါ်ဒီယို ဦးဆောင်သောအဖွဲ့သည် ဆယ်စုနှစ်ရှည်ကြာအောင် မြို့ပျက်ဟောင်းကို ရှာဖွေခဲ့ကြသည်။ ယင်းမြို့ပျက်ဟောင်းသည် **ရှေးခေတ်က ကုန်သွယ်သင်္ဘောများ စုစည်းရာနေရာအဖြစ် လူသိများသလို နိုင်းမြစ်ဝှမ်းတွင် ကြီးစိုးခဲ့သော ဟက်ပီနတ်မင်းကြီးရှိရာနေရာအဖြစ်လည်း** ထင်ပေါ်ကျော် ကြားလူသိများသည်။ ကာနိုဗစ်ဒေသဟု မြေပုံပညာရှင်များက ထောက်ပြသည့် အဆိုပါ နေရာတွင် **ဟီရာကလီယွန်ဘုရားကျောင်းကြီးလည်းရှိပြီး ယင်းဘုရားကျောင်းထဲတွင် ဟက်ပီနတ်မင်းကြီး၏ နတ်ကွန်းကြီးကိုလည်း တည်ထားသည်။** ယခုအခါ ပြင်သစ်မှ သုတေသီများက ချမ်းသာကြွယ်ဝမှုကို ယူဆောင်လာသည့် ဟက်ပီနတ်မင်းကြီး၏ ရုပ်တုနှင့်တကွ ရေအောက်တွင် ဒက္ခာရီဆန်စွာပျောက်ဆုံးနေခဲ့သော မြို့ဟောင်းကြီးကိုပါ ရှာဖွေတွေ့ရှိခဲ့ကြသည်။

ယင်းမြို့ ဟောင်းကြီးရှိရာနေရာသို့ ရာစုနှစ်ပေါင်း များစွာကြာသည့်တိုင်အောင် မည်သူကမျှ ခြေချနိုင်ခဲ့ခြင်းမရှိဟု အောက်ဖို့ဒ် တက္ကသိုလ်မှ ဗိသုကာဂုရုကြီး ဆာဘာရီကမ် လစ်ဖီက ရှင်းပြသည်။ **ရေအောက်ကမ္ဘာတွင် နှစ်ပေါင်းရာချီပျောက်ဆုံးနေသည့် ပုစ္ဆာဆန်သော မြို့တော်ဟောင်းကြီး၏ ပဟေဠိကို စိတ်ပါဝင်စားသူများ အဖြေညှိနိုင်ရန်** ပြင်သစ်နှင့် ဂျာမန် ရုပ်သံလိုင်းများက မေလ ၁၁ ရက်နေ့တွင် ယင်းမြို့ကြီးကို အသေးစိတ်ရိုက်ကူးပုံဖော်ထားမှုအား ထုတ်လွှင့်ပြသခဲ့ကြသည်။

**(Weather, 10.5.13)**



## FHM 2013 ဆွဲဆောင်မှုအရှိဆုံး အမျိုးသမီးအဖြစ် မိုင်လာကူနစ်ရွေးချယ်ခံခဲ့ရ

ဗြိတိန်အခြေစိုက် FHM မဂ္ဂဇင်း ၏ ၂၀၁၃ ကမ္ဘာ့ဆွဲဆောင်မှုအရှိဆုံးအမျိုးသမီးအဖြစ် **ရုပ်ရှင်သရုပ်ဆောင် မိုင်လာကူနစ်ကို** ရွေးချယ်ခဲ့သည်။ FHM မဂ္ဂဇင်း၏ ဆွဲဆောင်မှုအရှိဆုံး အမျိုးသမီးရွေးချယ်ရေး အယ်ဒီတာဒန်ဂျူတီက ထိုသို့ ရွေးချယ်ရာတွင်အမျိုးသမီးများ၏သဘာဝ **အတိုင်း လှပကျော့ရှင်းနေမှုကိုသာမက ဟာသဉာဏ်ရွှင်မှုကိုလည်း အလေးထားရွေးချယ်ခဲ့ကြောင်း** ပြောကြားသွားခဲ့သည်။

**(FHM,3 .5.13)**



www.burmeseclassic.com

www.burmeseclassic.com



## ရေချိုအလှူဒါနဖြစ်လာမည့် ဘီယွန်နဆေး၏ နေရောင်အောက်က ကောက်ကြောင်းများ



မကြာမီ ထွက်ရှိလာတော့မည့် ဘီယွန်နဆေး၏ တေးအယ်လ်ဘမ်သစ် Standing On the Sun တွင် ပါဝင်ကြော်ငြာသည့် H&M အနေဖြင့် အခွေသစ်မှရရှိလာမည့် အကျိုးအမြတ်လေးပုံတစ်ပုံကို ကမ္ဘာတစ်လွှားတွင် ရေချိုရှားပါးသည့်နေရာများအတွက် ရေအလှူဒါနပြု ပေးနေသော WaterAid အဖွဲ့သို့ လှူဒါန်းမည်ဟု ထုတ်ဖော်ပြောကြားလိုက်သည်။

ပေါ့ပ်အဆိုတော် ဘီယွန်နဆေးက မေလတွင် ထွက်ရှိလာမည့် အယ်လ်ဘမ်သစ်တွင် ကမ်းခြေ၌ ရေကူးဝတ်စုံဖြင့် သူမ၏ ခန္ဓာကိုယ်ကောက်ကြောင်းအလှများနှင့် မြူးကြွသော ဂီတကကွက် ဆန်းများကို ပေါင်းစပ်ဖန်တီးခဲ့သည်။ ဘီယွန်နဆေး၏ ပဥ္စမမြောက် အယ်လ်ဘမ်သစ်ကို ရိုက်ကူးရန် ဂီတဝိုင်းတော်သားများက ဘဟား မားကမ်းခြေအထိ သွားရောက်ရိုက်ကူးခဲ့ကြသည်။

(DM, 26.4.13)

## 2013 People မဂ္ဂဇင်း၏ ကမ္ဘာ့အလှဆုံး အမျိုးသမီး ၁၀ ဦးစာရင်း ထုတ်ပြန်



အမေရိကန်နိုင်ငံ အခြေစိုက် People မဂ္ဂဇင်း၏ ကမ္ဘာ့အလှဆုံးအမျိုးသမီး ၁၀ ဦးစာရင်း ထုတ်ပြန်ကြေညာခဲ့ရာ **Iron Man III သရုပ်ဆောင်မင်းသမီး ဂွန်နက်ပက်ထရိုးက ကမ္ဘာ့အလှဆုံးအမျိုးသမီးဖြစ်**လာခဲ့သည်။ **အ သက် ၄၀ အရွယ်ရှိ ကလေးနှစ်ယောက်မိခင်** ပက်ထရိုးသည် အများအားဖြင့် သာမန်ရိုးရှင်းသော ဝတ်စုံများကိုသာ ဝတ်ဆင်လေ့ရှိပြီး တစ်ခါတစ်ရံမှသာ မိတ်ကပ်လိမ်းခြယ်လေ့ရှိကြောင်း သိရသည်။

အဆိုပါ ကမ္ဘာ့အလှဆုံး အမျိုးသမီး ၁၀ ဦးစာရင်းတွင် **ကယ်ရီဝါရှင်တန်၊ အက်မန်ဒါဆီဖရိုင်းတို့က အစဉ်လိုက်ရပ်တည်ခဲ့**ကြပြီး **Hunger Game ရုပ်ရှင်မင်းသမီး ဂျနီဖာလောရင့်စ်က နံပါတ်ခြောက်နေရာတွင်** ရပ်တည်ခဲ့ကြောင်း သိရသည်။

(Independent, 25.4.13)

## American Idol အတွက် ထုတ်ပြန် ကြေညာလိုက်သည့်နောက်ဆုံးရလဒ်



ပြီးခဲ့တဲ့လက American Idol အတွက် ဆန်ခါတင်ရွေးချယ်စာရင်းမှာ ကမ္ဘာကျော်အဆိုတော် လေးယောက်တိတိ ပါဝင်ခဲ့ပေမယ့် မေလ ၂ ရက်ညမှာ နောက်ဆုံးအကြိမ်စီစစ်ပြီး ထုတ်ပြန်ကြေညာလိုက်တဲ့ ရလဒ်တွေအရ **အန်ဂျီမေလာ၊ ကန်ဒစ်ဂလိုတန်နဲ့ ခရီဟာယ်ရီဆန်တို့ သုံးယောက်သာ နောက်ဆုံးအဆင့်ထိ ကျန် ရစ်ပါတော့တယ်။** ဒီစစ်တမ်းကို ထုတ်ပြန် ဖို့အတွက် နောက်ဆုံးအဆင့် မကြေညာခင်မှာ နှစ်ပတ်အတွင်း ပရိသတ်အကြိုက် ထောက်ခံမဲ သန်းပေါင်းရာချီရခဲ့တယ်လို့ American Idol က တရားဝင်ထုတ်ပြန်လိုက်တဲ့စာရင်းအင်းတွေအရသိရပါတယ်။ သိပ်မကြာသေးမီက **ကြွေကျသွားတဲ့ ငွေကြယ်ပွင့်ကြီးတစ်ပွင့်ဖြစ်တဲ့ အဆိုတော် ဝှစ်နီဟူစတန်ကိုအားကျရတဲ့ အသက် ၁၉ နှစ်အရွယ်အဆိုတော်မလေး အမ်ဘာ ဟော်ကုမ့်တစ်ယောက်ကတော့ ဆုပေးပွဲ ကြီးနဲ့ကျောခိုင်းခဲ့ရပေမယ့်** ကျန်တဲ့သုံး ယောက်ကတော့ အနုပညာဆုတွေရင် ဝယ်ကိုယ်စီပိုက်နိုင်ခဲ့လို့ သူတို့ရဲ့အိမ်ပြန်လမ်းဟာလည်း လှပခဲ့ပါပြီ။

(American Idol, 3.5.13)



www.burmeseclassic.com

www.burmeseclassic.com



## အမြင့်ပေ ၅၀၀ အထက်တွင် စုန်းကဝေများ ပျံသန်းသွားလာခွင့် ဆွာဇီလန်၌ ပိတ်ပင်

ကမ္ဘာနှင့်တစ်ဝန်း စုန်းကဝေများ အမှန်တကယ် တည်ရှိမှုအပေါ် အငြင်းပွားမှုများ ဖြစ်ပေါ်နေခဲ့သော်လည်း အာဖရိကတောင်ပိုင်း ဆွာဇီလန်နိုင်ငံတွင် စုန်းကဝေနှင့်ပတ်သက်ပြီး ဥပဒေတစ်ခုပြီးခဲ့သည့် သီတင်းပတ်အတွင်း ထုတ်ပြန်ကြေညာသွားခဲ့သည်။ ဆွာဇီလန်နိုင်ငံတွင် အမြင့်ပေ ၅၀၀ အထက်၌ စုန်းကဝေများ **တံမြက်စည်းရိုးတံအသုံးပြုပြီး ပျံသန်းသွားလာခြင်းကို တားမြစ်ကြောင်း**၊ ဆွာဇီလန် ပြည်တွင်း လေကြောင်းသွားလာမှု ထိန်းချုပ်ရေးအာဏာပိုင်များက မေလ ၁၄ ရက်နေ့တွင် တရားဝင်ထုတ်ပြန်ကြေညာသွားခဲ့သည်။ **စုန်းကဝေများ အမြင့်**ပေ ၅၀၀ ခန့် ပျံသန်းသွားလာပါက အစိုးရ **ရဟတ်ယာဉ်များနှင့် လေယာဉ်များ ပျံသန်းမှုကို ထိခိုက်စေနိုင်မည်ဖြစ်သောကြောင့်** ယင်းသို့ တားမြစ်ခဲ့ခြင်းဖြစ်ကြောင်း ဆွာဇီလန်လေတပ်မှ ဒါရိုက်တာဆာဝယ်လိုဒလာနီက ပြောကြားသွားခဲ့သည်။ ဆွာဇီလန်နိုင်ငံသည် စုန်းကဝေ၊ မှော်အတတ်ပညာများကို နက်နက်ရှိုင်းရှိုင်း ယုံကြည်မှုများ ထွန်းကားလျက်ရှိပြီး ပြီးခဲ့သည့်နှစ် ပါလီမန်အစည်းအဝေးတွင် ပါလီမန်အမတ်တစ်ဦးက မှော်ပညာဖြင့် ဆေးဝါးကုသသူများကို ခေတ်ပေါ်ဆရာဝန်များကဲ့သို့ အခွန်ကောက်ယူမှုများ ပြုလုပ်ပြီးတိုင်းပြည်၏ဘဏ္ဍာရေးအကျပ်အတည်းကို တစ်ဖက်တစ်လမ်းမှ ဖြေရှင်းရန် တင်ပြတောင်းဆိုခဲ့ကြောင်း သိရသည်။



(Metro, 14.5.13)

## ကမ္ဘာတစ်လွှားမှ ထင်ပေါ်ကျော်ကြားသော ဗုဒ္ဓဘာသာဝင်များ




အချိန်နှင့် တစ်ပြေးညီဖြစ်ပေါ်ပြောင်းလဲနေသော ကမ္ဘာ့အချက်အလက်များကို စဉ်ဆက်မပြတ်လေ့လာနေသည့် စီအိုင်အေ ထောက်လှမ်းရေးအဖွဲ့ကြီးနှင့် ဝီကီပီဒီးယားတို့ကဲ့သို့သော အွန်လိုင်းစွယ်စုံကျမ်းများ၏အဆိုအရ **ကမ္ဘာပေါ်တွင် ဗုဒ္ဓဘာသာဝင်သန်း ၄၀၀ ခန့်ရှိပြီ**ဟု သိရသည်။

ကမ္ဘာ့ဗုဒ္ဓဘာသာဝင်များအနက်မှ ထင်ပေါ်ကျော်ကြားသည့်သူများကို ဗုဒ္ဓဘာသာဆိုင်ရာ လူမှုကွန်ရက်အဖွဲ့အစည်းမှ စံတင်ရွေးချယ်လိုက်သည့်စာရင်းသည် **လူမှုကွန်ရက်များပေါ်တွင် လူကြိုက် အများဆုံးစာရင်းတစ်ခုဖြစ်လာခဲ့သည်**။ ယင်းတို့အနက်မှ ပရိသတ်စိတ် ဝင်စားမှုအများဆုံးသူများကိုကောက် နုတ်တင်ပြရလျှင် ဒလိုင်းလားမား၊ **ဘီလ် ကလင်တန်၊ ဒေါ်အောင်ဆန်းစုကြည်၊ စတိဗ်ဂျော့၊ ဒေးဗစ်ဘက်ခမ်း၊ ဂျက်ကီ ချန်း၊ ဂျက်လီ၊ ဘရုစ်လီ၊ လီယိုနာဒိုဒီကာ ပရီယို၊ တိုက်ဂါးဝုဒ်၊ အိန်ဂျလီနာဂျိုလီ၊ ရောဘတ်ပက်တီဆန်၊ ဆီန်အက်စ်တင်နှင့် အော်လန်ဒိုဘလွန်းတို့ပင်ဖြစ်သည်**။ အမေရိကန်ထောက်လှမ်းရေးအေဂျင်စီဗဟိုမှ ထုတ်ပြန်လိုက်သော စာရင်းများ အရ ကမ္ဘာ့လူဦးရေသန်း ၇၀၀၀ ကျော် တွင် **ခရစ်ယာန်လူဦးရေမှာ ၃၃ ဒသမ ၃၅ ရာခိုင်နှုန်းအထိရှိသောကြောင့် အများဆုံးဖြစ်နေသည်**။ **ခရစ်ယာန်များ အနက်မှ ရိုမန်ကက်သလစ် ၁၆ ဒသမ ၈၃ ရာခိုင်နှုန်း၊ ပရိုတက်စတင့် ၆ ဒသမ ၈ ရာခိုင်နှုန်း၊ အော်သိုဒေါက် ၄ ဒသမ ၅ ရာခိုင်နှုန်း၊ အန်ဂလီကန် ၁ ဒသမ ၈၆ ရာခိုင်နှုန်း စသဖြင့် အသီးသီးရှိကြသည်**။ **အစ္စလာမ်ဘာသာဝင်သည် ၂၂ ဒသမ ၄၃ ရာခိုင်နှုန်းဖြင့် ကမ္ဘာ့ဒုတိယလူဦးရေ အများဆုံးဖြစ်နေပြီး ဟိန္ဒူဘာသာဝင်သည် ကမ္ဘာ့**လူဦးရေ၏ ၁၃ ဒသမ ၇၈ ရာခိုင်နှုန်းအထိရှိသောကြောင့် ကမ္ဘာ့တတိယလူဦးရေအများဆုံးဘာသာဖြစ်နေသည်။ ဗုဒ္ဓဘာသာဝင်များသည် ကမ္ဘာ့လူ ဦးရေ၏ ၇ ဒသမ ၁ ရာခိုင်နှုန်း၊ ဆစ်ခ် ဘာသာဝင်များသည် ၀ ဒသမ ၃၆ ရာခိုင်နှုန်း၊ ဂျူးဘာသာဝင်များသည် ၀ ဒသမ ၁၁ ရာခိုင်နှုန်းနှင့် အခြားဘာသာဝင်များသည် ၁၁ ဒသမ ၇ ရာခိုင်နှုန်းရှိသည်။ ထို့ပြင် **ကမ္ဘာပေါ်တွင် ဘာသာမဲ့ ၁၁ ဒသမ ၁၇ရာခိုင်နှုန်းရှိပြီး ယင်းတို့အနက် နတ်၊ ဘုရားစသည်များကို လုံးဝမယုံကြည်သူ ၂ ဒသမ ၀ ရာခိုင်နှုန်းရှိသည်**။ ကမ္ဘောဒီးယားနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓဘာသာဝင် ၉၆ ရာခိုင်နှုန်း၊ ထိုင်းတွင် ထေရဝါဒဗုဒ္ဓဘာသာဝင် ၉၄ ဒသမ ၆ ရာခိုင်နှုန်း၊ မွန်ဂိုလီးယားတွင် တိဗက်ဗုဒ္ဓဘာသာ ဝင် ၉၀ ရာခိုင်နှုန်း၊ **မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓဘာသာဝင် ၈၉ ရာခိုင်နှုန်း စသဖြင့် အသီးသီးရှိကြသည်**။ အမေရိကန်ထောက်လှမ်းရေးဗဟိုမှ ထုတ်ပြန်လိုက်သော သတင်းအချက်အလက်များကို အခြေခံ၍ အွန်လိုင်းစွယ်စုံကျမ်း ဝီကီပီဒီးယားမှ ပညာရှင်များ၏ အဆင့်ဆင့်တည်းဖြတ်ထားသော စာရင်းဇယားများအရ **မြန်မာနိုင်ငံတွင် ခရစ်ယာန် ၄ ရာခိုင်နှုန်း၊ မွတ်စလင် ၄ ရာခိုင်နှုန်း၊ နတ်ကိုးကွယ်မှုကဲ့သို့သော အယူအဆရှိ သူ ၃ ရာခိုင်နှုန်းခန့်ရှိကြောင်း** သိရသည်။

(CIA, Wiki 6.5.13)



www.burmeseclassic.com

www.burmeseclassic.com



## တိုက်လေယာဉ်များစွာ တင်ဆောင်နိုင်သော အရွယ်အစားပိုမိုကြီးမားသည့် လေယာဉ်တင်သင်္ဘောကြီး တည်ဆောက်ရန် တရုတ်စီစဉ်



တရုတ်တွင်
လက်ရှိအသုံးပြုနေသည့်
လီယန်နင်
လေယာဉ်တင်သင်္ဘောကြီး

ဂျက်တိုက်လေယာဉ်များစွာ ပိုမိုတင်ဆောင်နိုင်သော လေယာဉ်တင်သင်္ဘောကြီးကို တရုတ်လွတ်မြောက်ရေးတပ်မတော်က တည်ဆောက်ရန် စီစဉ်နေပြီဖြစ်သည်။ **တရုတ်အနေဖြင့် အရွယ်အစားပိုမိုကြီးမားသည့် လေယာဉ်တင်သင်္ဘောကြီးများ ရှန်ဟိုင်းတွင် တည်ဆောက်ရန် အစီအစဉ်ရှိသည်**ဟု နိုင်ငံခြားမီဒီယာများက အစောပိုင်းတွင် သတင်းထုတ် ပြန်ချက်များကို တရုတ်အရာရှိများသည် ယခင်က ငြင်းဆိုထားခဲ့ကြသော်လည်း ယခုအခါ တရုတ်စစ်တပ်မှ အကြီးတန်းအရာရှိကိုယ်တိုင် ထုတ်ဖော်ပြောကြား လိုက်ပြီဖြစ်သည်။ ``တရုတ်မှာ လေယာဉ်တင်သင်္ဘော တစ်စင်းမက ပိုမိုထားရှိသွားမှာပါ။ တရုတ်အနေနဲ့ လိုအပ်တဲ့ လေယာဉ်တင်သင်္ဘောဟာ အရွယ်အစား ပိုမိုကြီးမားပြီး တိုက်လေယာဉ်တွေကို ပိုမိုတင်ဆောင်နိုင်ရပါမယ်´´ဟု ရေတပ်မှ ဒုတိယဦးစီးချုပ် ဆောင်စီက နိုင်ငံခြားစစ်သံမှူးများနှင့်တွေ့ဆုံစဉ် ပြောကြား သွားသည်။ **တရုတ်တွင် လက်ရှိသုံးနေသည့် လေယာဉ်တင်သင်္ဘောကြီးလီယန်နင်သည် ရုရှားမှ ဝယ်ယူ၍ ပြန်လည်ပြင်ဆင်အသုံးပြုထားသော သင်္ဘောဖြစ်သည်၊** မူလက အဆိုပါသင်္ဘောကြီးကို အများ သူငှာ အပန်းဖြေနိုင်ရန်အတွက်သာ ရည်ရွယ်ထားသော်လည်း တရုတ်ရေတပ်သည် အမေရိကန်ရေတပ်ထက် နည်းပညာပိုင်းဆိုင်ရာတွင် များစွာအားနည်း နေသောကြောင့် အဆိုပါစစ်သင်္ဘောကြီးကို စစ်ဘက်တွင် အသုံးပြုနေရသည်။ **တရုတ်စစ်တပ်အနေဖြင့် လက်ရှိတွင် ကိုယ်ပိုင်ရောင်ခြည်ဖျောက်ဂျက်လေယာဉ်များ၊ မောင်းသူမဲ့လေယာဉ်များနှင့် နျူကလီးယား ရေငုပ်သင်္ဘောများကဲ့သို့သော စစ်သုံးယာဉ်များကို** ကိုယ်တိုင်ထုတ် လုပ်နေပြီဖြစ်သည်။ **(TST, 26.4.13)**

## အာကာသအမှိုက်များကို ရှင်းလင်းဖယ်ရှားမည့် ဂြိုဟ်တုအသေးစားလေးများ







အာကာသထဲတွင် **တစ်နာရီလျှင် မိုင်ပေါင်း ၁၇၅၀၀ အလျှင်နှုန်းဖြင့် လှည့်လည်သွားလာနေသည့် အန္တရာယ်ရှိသော အာကာသအမှိုက်များကို ရှင်းလင်းဖယ်ရှားနိုင်ရန် ဂြိုဟ်တုအသေးစားလေးများ ကို အသုံးပြုနိုင်ပြီဖြစ်သည်။** ဥရောပ အာကာသကုမ္ပဏီ အက်စ်ထရီရမ်ကုမ္ပဏီမှ ရန်ပုံငွေများစွာ ထောက်ပံ့ပေးထားသော ဆာရေးတက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် ကမ္ဘာကို လှည့်ပတ်လျက်ရှိသည့် အာကာသအမှိုက်တန်ချိန် ၅၅၀၀ ကို ရှင်းလင်းဖယ်ရှားရန် ခြောက်ပေါင်မျှသာ အလေးချိန်ရှိသည့် ဂြိုဟ်တုများကို တီထွင်ဖန်တီးထားသည်။ CubeSain ဟု အမည်ပေးထားသော အဆိုပါစီမံကိန်းတွင် အသုံးပြုထားသည့် ဂြိုဟ်တုငယ်လေးများသည် အာကာသအတွင်းရှိ အန္တရာယ်ပေးနိုင်သော အမှိုက်သရိုက်များကို ကမ္ဘာမြေသို့ ဆွဲယူလာပြီး ကမ္ဘာ့လေထုထဲသို့ ရောက်အောင် ပို့ဆောင်ပေးမည်ဖြစ်သည်။ အာကာသအမှိုက် လေထုထဲသို့ ရောက်လာလျှင် ကမ္ဘာ့လေထု၏ ပွတ်တိုက်စွမ်းအားကြောင့် **အာကာသအမှိုက်များအားလုံး လောင်ကျွမ်းပြာကျသွားမည်ဖြစ်သည်၊** အဆိုပါ ဂြိုဟ်တုလေးများတွင် လေဆာနှင့်ရေဒါစနစ်ကိုအသုံးပြုထားသောကြောင့် အန္တရာယ်ပေးနိုင်သည့် အာကာသအမှိုက်များကို အလိုအလျောက် လိုက်လံရှာဖွေပြီး ရှင်းလင်းနိုင်သည်။ အာကာသအမှိုက်များ အာကာသထဲတွင် များပြားလာခြင်းအကြောင်းရင်းမှာလည်း **လွန်ခဲ့ သည့်နှစ်ပေါင်း ၅၀ ခန့်ကတည်းက လူသားများသည် အာကာသထဲတွင် အာကာသယာဉ်အဟောင်းများကို စွန့်ပစ်ခဲ့ကြရာမှ အန္တရာယ်ပေးနိုင်သော အာကာသအမှိုက်များသည် တစ်နေ့တစ်ခြားများပြားလာပြီး** နောက်ဆုံးတွင် ယင်းတို့ကို ပြန်လည်ရှင်းလင်းရန် သုတေသီများက ကြိုးစားနေရခြင်းပင်ဖြစ်သည်။ **(DM, 3.5.13)**



www.burmeseclassic.com

www.burmeseclassic.com



## ဂရေဟမ်ဘဲလ်ပြောကြားခဲ့သော ကမ္ဘာ့ပထမဦးဆုံး အသံဖိုင်



ဂရေဟမ်ဘဲလ်ပြောကြားခဲ့သည့် ကမ္ဘာ့ပထမဦးဆုံးအသံဖိုင်ကို ပြန်လည်ရှာဖွေတွေ့ရှိခဲ့ကြောင်း အမေရိကန် အခြေစိုက် စမစ်ဆိုနီယမ်မဂ္ဂဇင်းတွင် ဖော်ပြသွားခဲ့သည်။ အလက်ဇန္ဒား ဂရေဟမ် ဘဲလ်သည် ၁၈၈၅ ခုနှစ် ဧပြီလ ၁၅ ရက် နေ့စွဲနှင့်တွင် ကတ်ထူပြား၊ ဖယောင်းတို့ဖြင့် ပြုလုပ်ထားသော အသံသွင်းကိရိယာဖြင့် ပထမဦးဆုံး အသံသွင်းယူခဲ့သည်။ ၎င်းကိရိယာကို ဂရေဟမ်ဘဲလ်နှင့် ညီဝမ်းကွဲတော်စပ်သူက ၎င်းနှင့် ခေတ်ပြိုင်တီထွင်ပညာရှင် သောမတ်စ်အက်ဒီဆင်ထက်စောပြီး ဝါရှင်တန်ဒီစီမြို့တွင် တီထွင်နိုင်ခဲ့ကြောင်း ဂရေဟမ်ဘဲလ်၏ အထ္ထုပ္ပတ္တိတွင် ချာလိုတီဂရေးက ရေးသားခဲ့သည်။

ထို့ပြင် ဂရေဟမ်ဘဲလ်သည် ယနေ့ခေတ် မိုဘိုင်းဖုန်းများ၏ အလင်းနှင့်ဆိုင်သော နည်းပညာများ၊ မြင်ကွင်းစနစ်၊ အာရုံခံနည်း၊ ပညာတို့၏ ရှေ့ပြေးနည်းပညာသစ်များကို တီထွင်ဖန်တီးခဲ့ကြောင်း သိရသည်။

(Slide Show, 25.4.13)

## မင်းသမီးချော အိန်ဂျလီနာဂျိုလီ ကင်ဆာရောဂါကြောင့် သားမြတ်နှစ်ဖက်စလုံး ဖြတ်ထုတ်ပစ်ခဲ့ရ



အိန်ဂျလီနာဂျိုလီဟာ ရင်သား ကင်ဆာမဖြစ်အောင် ကြိုတင်ကာကွယ်တဲ့အနေနဲ့ ရင်သားနှစ်ဖက်စလုံးကို ဖြတ်ထုတ်ခဲ့ရပါတယ်တဲ့။ သူ့ ခန္ဓာကိုယ်ဟာ ရင်သားကင်ဆာဖြစ်စေနိုင်တဲ့ BRCA1 မျိုးဗီဇရှိနေတာ သိပြီးတဲ့နောက် အခုလိုလုပ်ဖို့ ဆုံးဖြတ်ချက်ချလိုက်တာပါ။

သူမရဲ့ မိခင်ဟာ ၂၀၀၇ ခုနှစ်မှာ သားဥအိမ်ကင်ဆာနဲ့ ကွယ်လွန်သွားခဲ့ရတာပါ။ သားမြတ်ခွဲ ထုတ်တာနဲ့ သားမြတ်အသစ်ပြန်ဖြစ် လာအောင်လုပ်ရတဲ့ လုပ်ငန်းစဉ်ဟာ သုံးလတောင်ကြာမြင့်ခဲ့ပါတယ်။ ခွဲစိတ်ခန်းဝင်တိုင်း ခင်ပွန်းဖြစ်သူ ဘရက်ပစ် လာစောင့်ပါသတဲ့။ (BBC,16 .5.13)



## ကမ္ဘာ့အမြင့်ဆုံး ချားရဟတ် ဆွီဒင်၌ ဖွင့်လှစ်

ကမ္ဘာ့အမြင့်ဆုံး ချားရဟတ်စင်ကို ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့ Grona Lund ဥယျာဉ်တွင် မေ ၄ ရက်၌ စတင်ဖွင့်လှစ်ခဲ့သည်။ အဆိုပါ ချားရဟတ်သည် ပေ ၄၀၀ ကျော်မြင့်မားပြီး ချားလက်တံသည် ရှစ်ပေကျော် ရှည်လျားကာ တစ်နာရီလျှင် မိုင် ၄၀ နှုန်းအထိလည်ပတ်နိုင်ကြောင်း သိရသည်။ ထိုချားရဟတ်ဖွင့် ပွဲအခမ်းအနားသို့ ဆွီဒင်နိုင်ငံ၏ ပထမဦးဆုံး အာကာသယာဉ်မှူး ခရစ်စတာဖက်စ်လက်ဆန် တက်ရောက်အားပေးခဲ့ကြောင်း သိရသည်။ အဆိုပါ ချားရဟတ်ကို Grona Lund ဥယျာဉ် နှစ် ၁၃၀ မြောက် အထိမ်းအမှတ်အဖြစ် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အဆိုပါ ချားရဟတ်စင်ပေါ်မှ စတော့ဟုမ်းမြို့ အနီးပတ်ဝန်းကျင်ရှုခင်းများကိုလည်း ခံစားကြည့်ရှုနိုင်မည်ဖြစ်ကြောင်း Grona Lund ဥယျာဉ်အုပ်ချုပ်ရေးမှူး ပီတာအော့စဘတ်က ပြောကြားသွားခဲ့သည်။

(Display, 5.5.13)



www.burmeseclassic.com

www.burmeseclassic.com



## အိမ်အကူကို အစာငတ်သေသည်အထိ အပြစ်ပေးသောလင်မယား ထောင်ဒဏ် ၂၄နှစ်ကျ



အသက် ၂၃ နှစ်အရွယ် ကမ္ဘောဒီးယားအိမ်အကူကို အသက်သေသည်အထိ အစာရေစာဖြတ်ကာ အပြစ်ပေးသော မလေးရှားလင်မယားကို မလေးရှားတရားရုံးက ထောင်ဒဏ် ၂၄ နှစ် ချမှတ်လိုက်သည်။ အိမ်အကူမှာ သေဆုံးချိန်တွင် ကိုယ်အလေးချိန် ၂၆ ကီလိုဂရမ် (၅၇ ပေါင်) သာရှိပြီး ခန္ဓာကိုယ်မှာလည်း အညိုအမည်းများ စွဲနေသည်။ ကာလကြာရှည်စွာ အစာရေစာငတ်ပြတ်မှုကြောင့် အစာအိမ်ရောင်ကာ သေဆုံးသွားခြင်းဖြစ်မည်ဟု ရဲတပ်ဖွဲ့က ဆိုသည်။ (ST, 18.5.13)

## သစ်တော်သီးပုံစံ စိန်ကို စံချိန်တင်ဈေးနှုန်းဖြင့် ရောင်းချခဲ့



ဂျီနီဗာတွင်ကျင်းပသော လေလံပွဲတစ်ပွဲတွင် သစ်တော်သီးပုံစံရှိသော စိန်တုံးတစ်တုံးကို ဒေါ်လာ ၂၆ ဒသမ ၇ သန်း ဖြင့် ရောင်းချခဲ့သည်၊

၁၀၁ ဒသမ ၇၃ ကရက် ရှိသော စိန်တုံးကို ရတနာနှင့် နာရီကုမ္ပဏီ ကြီး ဟယ်ရီဝင်စတင်က မေလ ၁၅ ရက်နေ့ တွင် စံချိန်တင်ဈေးနှုန်းဖြင့် ဝယ်ယူသွားခဲ့ခြင်းဖြစ်သည်။

ထိုစိန်တုံးကို တောင်အာဖရိက တိုက်ရှိ ဘော့ဆွာနာနိုင်ငံတွင် တူးဖော်ရရှိခဲ့ခြင်းဖြစ်ပြီး ၂၁ လတိုင် သွေးယူခဲ့ရကြောင်း သိရှိရသည်။

(Telegraph, 17.5.13)


GALLANT

အမှတ် (၅)၊ (B 2)၊ ပထပ်၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း။
☎ 532420, 537710, 09 730 32670

(UK) Engineering Diploma Courses

⇨ Mechanical & Electrical (M&E)
⇨ Mechanical Power
⇨ Electrical Power
⇨ Electronic
⇨ Civil (Construction)
⇨ Double Diploma in (EC&EP)

တန်းခွဲသစ်စပြီ။

⇨ အချိန်တိုအတွင်း ကုန်ကျစရိတ်သက်သာစွာဖြင့် ပြည်တွင်း၌ပင် အင်ဂျင်နီယာ ဒီပလိုမာရယူနိုင်ပြီ။
⇨ ဆယ်တန်းအောင်မြင်ပြီး အဆင့်ရှိပြီးသူများစတင်တက်ရောက်နိုင်ပြီ။
⇨ အင်ဂျင်နီယာအသေးအားရပ် စိတ်ပါဝင်စားသည့်မည်သည့်ဘွဲ့ရမဆိုတက်ရောက်နိုင်ပြီ။
⇨ B.E, A.G.T.I, B.Tech & C&G ဒီပလိုမာရရှိပြီးသူများ Advanced Diploma တက်ရောက်နိုင်ပြီ။



လက်တွေ့အင်ဂျင်နီယာသင်တန်း

⇨ အင်ဂျင်စက်ပြင်သင်တန်း (ဓါတ်ဆီ၊ ဒီဇယ်၊ CNG)

လစဉ်တန်းခွဲသစ်စပြီ။

⇨ အခြေခံ အီလက်ထရောနစ်သင်တန်း
⇨ ဝါယာရိန်း (အိမ်၊ စက်ရုံ၊သင်္ဘောကျင်း)
⇨ စက်ရုံသုံးမော်တာထိန်းချုပ်သင်တန်း
⇨ အဲယားကွန်း (အခြေခံ)
⇨ အဲယားကွန်း(အဆင့်မြင့်) (Duct Line)
⇨ ဂဟေဆက်သင်တန်း
⇨ ပိုက်ဆက်/ပိုက်ပြင်သင်တန်း
⇨ Computerized Numerical Control
⇨ Mechanical & Electrical (M & E)
⇨ PLC, PIC
⇨ Auto CAD (Basic)
⇨ Auto CAD (M & E)




www.burmeseclassic.com

www.burmeseclassic.com

အိမ်ဆောက်မယ်ဆိုရင် တစ်နေရာတည်း ပစ္စည်းစုံရနိုင်တာက

# ရွှေအိမ်

- ပိုက်နှင့် ပိုက်ဆက်ပစ္စည်းအမျိုးမျိုး
- ရေပန့်၊ ဝါယာနှင့် လျှပ်စစ်ပစ္စည်းများ
- သစ်၊ သွပ်နှင့် သော့အမျိုးမျိုး
- အထပ်သားနှင့် မျက်နှာကြက်
- အိမ်သုတ်ဆေး အမျိုးမျိုး
- ဘိလပ်မြေ၊ အုတ်၊ သဲ၊ ကျောက်

**အိမ်ဆောက်ပစ္စည်းအမျိုးမျိုးရောင်းဝယ်ရေး**

၁၅၈၊ ဗားကရာလမ်း (စမ်းချောင်းမီးသတ်ရှေ့) ☎ ၅၀၂၇၄၃

# ရွှေပြည်စိုး

## အထပ်သား၊ ပါကေးနှင့်
## အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေး

၁၀၃၊ တိုက် B-2၊ ယုဇနအိမ်ရာ၊ ပညာဒလလမ်း၊
တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း - ၇၀၁၃၄၉၊
၂၉၅၄၀၀

www.burmeseclassic.com

www.burmeseclassic.com



ရဲရင့်သွေး

# စနိုက်ပါ

သို့မဟုတ်

## ပုန်းကွယ်လျှိုး၍ ချောင်းမြောင်းပစ်ခတ်သူ

စနိုက်ပါ(Sniper)ဆိုသည်မှာ အဆင့်အတန်းမြင့်မားစွာ လေ့ကျင့်ပေးထားသည့် သေနတ်သမားတစ်ဦးဖြစ်ပြီး ရန်သူ သို့မဟုတ် သတ်မှတ်ထားသည့် ပစ်မှတ်ကို အနီးကပ်မြင်ကွင်းအတွင်း၌ ရောက်ရှိနေစေရန်အတွက် ပုန်းကွယ်လျှိုးနေသည့်အနေအထား သို့မဟုတ် ရန်သူဘက်မှ စုံစမ်းထောက်လှမ်းခြင်းပြုလုပ်နိုင်သည့် အကွာအဝေးကို ကျော်လွန်သောနေရာများမှ တစ်ဦးတစ်ယောက်တည်းသော်လည်းကောင်း၊ အဖော်ဖြင့်သော်လည်းကောင်း သို့မဟုတ် အဖွဲ့ဖြင့်သော်လည်းကောင်း လှုပ်ရှားနေသူပင်ဖြစ်သည်။ စနိုက်ပါအဖွဲ့များသည် အမိုအခိုကင်းရှင်းစွာဖြင့် လှုပ်ရှားလေ့ရှိကြပြီး မိခင်ယူနစ်မှ တိုက်ရိုက်မှုနှင့်ပတ် သက်သည့် အထောက်အပံ့အနည်းငယ်သာ ရယူလေ့ရှိကြသည်။ အရည်အသွေးမြင့်မား ပြီး စံချိန်စံညွှန်းနှင့် ကိုက်ညီသည့် စနိုက်ပါ များကို မွေးထုတ်နိုင်ရန်အတွက် သီးခြားရွေးထုတ်ပြီး အထူးသင်တန်းများနှင့်တကွ အဆင့်မြင့်မားပြီး တိကျမှုနှင့် ပြည့်စုံသည့် ရိုင်ဖယ်သေနတ်များနှင့် အဝေးကြည့်မှန် ဘီလူးများကို အသုံးပြုတတ်အောင် လေ့ကျင့်ပေးထားခြင်းပင်ဖြစ်သည်။ စစ်ဘက်ဆိုင်ရာမှစနိုက်ပါများသည် သေနတ်ပစ်ခတ်ခြင်းအပြင် ပုံဖျက်ခြင်း၊ မြေမျက်နှာသွင်ပြင် အထူးကျွမ်းကျင်ခြင်း၊ ရန်သူနယ်မြေသို့ စိမ့်ဝင်ခြင်း၊ ကင်းထောက်ခြင်းနှင့် လေ့လာကြည့်ရှုမှတ်သားခြင်းများကိုလည်း လေ့ကျင့်တတ်မြောက်အောင်ပြုလုပ်ထားရသည်။ အထူးသဖြင့် မြို့ပြစစ်ဆင်ရေးနှင့် တောပိုင်း စစ်ဆင်ရေးများတွင် စနိုက်ပါများ၏ လှုပ်ရှားမှုများသည် အကျိုးများစွာရှိပြီး အရာရောက်လှပေသည်။

စစ်ဘက်ဆိုင်ရာ စနိုက်ပါများနှင့်ပတ်သက်သည့် ပုံစံချထားမှုများနှင့်နည်းဗျူဟာပိုင်းမှာ တိုင်းပြည်တစ်ခုနှင့်တစ်ခု မတူညီဘဲကွဲပြားခြားနားမှုရှိ၏။ ခေတ်နှင့်လျော်ညီသော





www.burmeseclassic.com

www.burmeseclassic.com







စစ်ဘက်ဆိုင်ရာမှ စနိုက်ပါတစ်ယောက်၏ အဓိကတာဝန်မှာ ပုံမှန်အားဖြင့် ပုန်းကွယ်လျှိုးနေသည့်အနေအထားမှ အသေးစိတ်ကင်းထောက်ခြင်းကိုပြုလုပ်ပေးခြင်းဖြစ်ပြီး အကယ်၍လိုအပ်ခဲ့လျှင် တန်ဖိုးမြင့်မားလှသည့် အဖိုးတန်ပစ်မှတ်များကို ဖယ်ရှားခြင်း (အထူးသဖြင့် အရာရှိများ)၊ ရန်သူ၏လုပ်ရှားမှုများကို ထိန်းချုပ်ကန့်သတ်ခြင်းနှင့် ရန်သူကို စိတ်ဓာတ်ကျအောင်ပြုလုပ်ခြင်းတို့ပင်ဖြစ်သည်။ စံအဖြစ်ရည်ညွှန်းအပ်သည့် စနိုက်ပါအဖွဲ့၏လှုပ်ရှားမှုတွင် လေကြောင်းတိုက်ခိုက်မှုများနှင့် အမြောက်ပစ်ခတ်ရန်အတွက် ကင်းထောက်သည့်အခါနှင့်အနီးကပ်စောင့်ကြည့်နေသောအခါများတွင် ပစ်မှတ်ကိုအတိအကျရရှိစေရန်အတွက် ထောက်လှမ်းရေးသတင်းအချက်အလက်များစုဆောင်းပေးခြင်း၊ ရန်သူဘက်မှ စနိုက်ပါများကို တန့်ပြန်တိုက်ခိုက်မှုများပြုလုပ်ပြီး မြေပြင်တပ်များကိုကူညီခြင်း၊ ရန်သူတပ်မှူးများကို သုတ်သင်ရှင်းလင်းခြင်း၊ ပစ်မှတ်အခွင့်အလမ်းကိုရွေးချယ်ပေးခြင်းနှင့် ရန်သူ၏လက်နက်အသုံးအဆောင်များကို စွမ်းရည်အထူးမြင့်မားလှသည့် ရိုင်ဖယ်များကိုအသုံးပြုပြီး ဖျက်ဆီးခြင်းတို့ပါဝင်၏။ များမကြာသေးမီအချိန်က အီရတ်တွင်ပြုလုပ်ခဲ့သည့် စစ်ဆင်ရေးများတွင် အမေရိကန်နှင့်ဗြိတိသျှစစ်တပ်များမှ အသုံးပြုခဲ့ကြသည့် စနိုက်ပါများ၏ လုပ်ဆောင်နိုင်မှုစွမ်းရည်မှာ အထူးမြင့်မားလာခဲ့ပြီးအထူးသဖြင့် မြို့ပြဒေသများ၌ ပြုလုပ်ခဲ့သည့် စစ်ဆင်ရေးများတွင် ကြည်းတပ်ကို များစွာပံ့ပိုးပေးနိုင်ခဲ့၏။

အမေရိကန်ပြည်ထောင်စု၊ ယူကေနိုင်ငံနှင့် အခြားသော နိုင်ငံများမှ စစ်ဘက်ဆိုင်ရာ စနိုက်ပါများသည် ပစ်ခတ်သူတစ်ဦးနှင့် ရှာဖွေသူတစ်ဦးပါဝင်သည့် နှစ်ဦးပါဝင်သော စနိုက်ပါအဖွဲ့ဖြင့် လှုပ်ရှားခြင်းဖြစ်သည်။ လုပ်လေ့လုပ်ထရှိသော အလေ့အကျင့်တစ်ခုမှာ မျက်စိညောင်းညာမှုကို ရှောင်ရှားနိုင်စေရန်အလို့ငှာ ပစ်ခတ်သူနှင့် ရှာဖွေသူတို့သည် တစ်လှည့်စီတာဝန်ယူခြင်းပင်ဖြစ်သည်။ အီရတ်နိုင်ငံမှ ဖလူဂျာမြို့ကဲ့သို့သော လူနေထူထပ်လွန်းလှသည့်မြို့များ၌ မကြာသေးမီအချိန်က ပြုလုပ်ခဲ့သည့် စစ်ဆင်ရေးများတွင် စနိုက်ပါအဖွဲ့နှစ်ဖွဲ့သည် အတူတကွလှုပ်ရှားခြင်းအားဖြင့် အဖွဲ့ဝင်များ၏ လုံခြုံရေးကို တိုးမြှင့်ကာကွယ်မှုပြုလုပ်နိုင်ခြင်းနှင့်အတူ မြို့ပြပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေမည့်အကျိုးသက်ရောက်မှုများကို ရရှိစေခဲ့၏။ စနိုက်ပါအဖွဲ့တစ်ခုတွင် အဝေးသို့ပစ်ခတ်နိုင်သည့် လက်နက်များအပြင် ရန်သူများလက်တစ်ကမ်းသို့ ရောက်ရှိလာခဲ့ပါက ကာကွယ်ရန်အတွက် အနီးကပ်ပစ်ခတ်ရာတွင် အသုံးပြုနိုင်သည့် လက်နက်များကိုပါတပ်ဆင်ပေးထားသည်။ မှိုခိုမှုကင်းရှင်းလွန်းလှသည့် ဂျာမန်စနိုက်ပါများ၏ အယူအဆဖြစ်သည့် ဒုတိယကမ္ဘာစစ်တွင် ဖွံ့ဖြိုးခဲ့သည့် ပုန်းကွယ်လျှိုးခြင်းသည် ခေတ်မီစနိုက်ပါနည်းဗျူဟာအပေါ်သို့ အကျိုးသက်ရောက်မှုအရှိဆုံးဖြစ်ပြီး လောလောဆယ်အချိန်တွင် အနောက်ဘက်ကမ္ဘာမှ စစ်တပ်များ၌ အသုံးပြုနေဆဲပင်ဖြစ်သည်။

## လေ့ကျင့်ခြင်း

စစ်ဘက်ဆိုင်ရာ စနိုက်ပါများကို လေ့ကျင့်ခြင်း၏ ရည်ရွယ်ချက်မှာ ပုံဖျက်ခြင်း၊ ပုန်းကွယ်လျှိုးခြင်း၊ ချောင်းမြောင်းခြင်း၊ ဂရုပြုစောင့်ကြည့်ခြင်းနှင့် မြေပုံဖတ်ခြင်းတို့အပြင် သေနတ်ပစ်ခတ်ရာတွင် မှန်ကန်တိကျမှုရှိအောင် အမျိုးမျိုးသောအခြေအနေများအောက်တွင် ပြုလုပ်နိုင်ရန်အတွက်ပင်ဖြစ်သည်။ စနိုက်ပါများသည် သေနတ်မောင်းကိုညှစ်ထားရာမှ မောင်းဖြုတ်လိုက်သောအခါတွင် သေနတ်ကို ညိတ်ခနဲဖြစ်သွားခြင်းမှ ရှောင်ရှားနိုင်ရန်အလို့ငှာ ကွေးထားသည့်လက်ညှိုးဖြင့် မောင်းကိုတစ်ဖြောင့်တည်းပြန်ဖြစ်သွားစေရန်အတွက် လေ့ကျင့်ရသည်။ အတိကျဆုံးသော အနေအထားမှာ သေနတ်ဒင်ကို သဲအိတ်ပေါ်တွင် အမှီပြုလျက် သေနတ်ဒင်၏တစ်ဖက်ခြမ်းကို ပါးတစ်ဖက်တွင်ကပ်ထားပြီး မှောက်လျက်အနေအထားဖြင့် ပစ်ခတ်ခြင်းပင်ဖြစ်သည်။ စစ်မြေပြင်ပျဉ်နှစ်ချောင်းထောက်ကို သဲအိတ် အစားအသုံးပြုနိုင်ပြီး သေနတ်ဒင်၏လှုပ်ရှားမှုလျော့နည်းစေရန် အတွက် တစ်ခါတစ်ရံ၌ သိုင်းကြိုးကိုအားနည်းသော လက်မောင်းသို့မဟုတ်နှစ်ဖက်စလုံးတွင် သိုင်းထားရ၏။





www.burmeseclassic.com

www.burmeseclassic.com





**နည်းဗျူဟာရပ်များ**

**ပစ်ချက်များ ။** စစ်ဘက်ဆိုင်ရာ စနိုက်ပါများသည်ပုံမှန်အားဖြင့် ပစ်မှတ်များကို မီတာ ၃၀၀ (၉၈၄ ပေကျော်)အကွာအဝေးထက် နည်းဘဲ ချိန်ရွယ်ခြင်းမပြုလုပ်ကြပေ။ များသောအားဖြင့် ခန္ဓာကိုယ်ကိုသာ အဓိကထားပြီး ရင်အုံကိုသာပစ်ခတ်လေ့ရှိကြ၏။ ထိုပစ်ချက်များကြောင့် တစ်သျှူးများပျက်စီးခြင်း၊ ကိုယ်ခန္ဓာအတွင်းပိုင်းမှ ကလီစာများပြင်းထန်စွာထိခိုက်ဒဏ်ရာရခြင်းနှင့် သွေးထွက်လွန်ပြီး သေဆုံးခြင်းများကို ဖြစ်စေ၏။

**ပစ်မှတ်များ ။** စနိုက်ပါများသည် လူ သို့မဟုတ် ပစ္စည်းများကို ပစ်မှတ်ထားသော်လည်း တကယ်တမ်းတွင် မကြာခဏဆိုသလိုပင် ရန်သူဘက်မှ အရေးပါသည့်လူများ ဖြစ်ကြသည့် အရာရှိများနှင့် အထူးကျွမ်းကျင်သူများ (ဥပမာ ဆက်သွယ်ရေးအော်ပရေတာ) များကို အဓိကပစ်မှတ်ထားလေ့ရှိ၏။ သို့မှသာရန်သူ၏လှုပ်ရှားမှုများကို အစွမ်းကုန်နှောင့်ယှက်နိုင်ပေမည်။ အခြားပစ်မှတ်ထားခံရသည့်သူများမှာ စနိုက်ပါများကို ရတ်တရက်ခြိမ်းခြောက်မှုပြုနိုင်သည့် ခွေးထိန်းကျောင်းသူများပင်ဖြစ်သည်။ စနိုက်ပါတစ်ယောက်သည် အရာရှိများကို ခွဲခြားသတ်မှတ်ရာ၌ ၎င်းတို့၏အသွင်အပြင်နှင့်အပြုအမူများဖြစ်ကြသည့် ရာထူးအဆင့် အမှတ်အသား၊ ရေဒီယိုအော်ပရေတာသို့ စကားပြောဆိုခြင်း၊ ကားအတွင်း၌ ခရီးသည်တစ်ဦးကဲ့သို့ နေထိုင်ခြင်း၊ စစ်သားအစေခံများရှိခြင်း၊ မှန်ပြောင်းနှင့်မြေပုံလိပ်များ သို့မဟုတ် စကားမကြာခဏပြောဆိုခြင်းနှင့် ခဏခဏ နေရာရွှေ့ခြင်းကဲ့သို့ အရာများမှတစ်ဆင့် ပြုလုပ်ခြင်းပင်ဖြစ်သည်။ စနိုက်ပါ သည် ရာထူးမြင့်ရာမှ နိမ့်ရာသို့ ရွေးချယ်ပြီး ပစ်ခတ်ခြင်းဖြစ်၏။ ထိုကဲ့သို့ မခွဲခြားနိုင်ခဲ့ လျှင် ဆက်သွယ်ရေးကို အနှောင့်အယှက်ဖြစ်အောင် ပြုလုပ်သည့်အနေဖြင့် ပစ်ခတ်ခြင်းပင်ဖြစ်သည်။

**မှားခေါ်ခြင်း ။** မှားခေါ်ခြင်းဆိုသည်မှာ ဖြစ်နိုင်ခြေရှိသည့် ပစ်မှတ်အနီးတွင် ပစ္စည်းများ ချထားခြင်းဖြစ်ပြီး ပစ်မှတ်မှရှာဖွေကောက်ယူစေခြင်းပင် ဖြစ်သည်။ စစ်လက်နက်ခဲယမ်းမီးကျောက်များကို ကောက်ယူခြင်းအား ဗီယက်နမ်စစ်ပွဲတွင် ပုန်ကန်ခြင်းအဖြစ် မှတ်ယူလေ့ရှိသည်။ စနိုက်ပါများသည် လက်နက်များကို ပစ်ချထားလိုက်ပြီး နောက်ပစ်မှတ်မှ ထိုလက်နက်ကို ကောက်ယူသည်အထိစောင့်ကြည့်နေပြီး ကောက်ယူလိုက်သောအခါတွင် ပစ်ခတ်ခြင်းပင်ဖြစ်သည်။

**နေရာရွှေ့ပြောင်းခြင်း ။** များပြားလှသော ပစ်မှတ်များကိုပစ်ခတ်ရမည့် အခြေအနေများတွင် စနိုက်ပါများသည် မကြာခဏဆိုသလိုပင် နေရာရွှေ့ပြောင်းပေးရ၏။ အချို့သော အနေအထားများမှ အချက်အနည်း ငယ်ပစ်ပြီးသည့်နောက် ရန်သူမှ မိမိတည်ရှိနေသော နေရာကို မရိပ်မိမီနှင့် မိမိအားတန်ပြန်တိုက်ခိုက်ခြင်းမပြုလုပ်မီ စနိုက်ပါသည် ရန်သူများမမြင်အောင် နေရာရွှေ့ ပြောင်းပေးရ၏။ စနိုက်ပါများသည် ၎င်းနည်းဗျူဟာကို မကြာခဏဆိုသလိုပင် ရန်သူ ထက်တစ်ပန်းသာစေရန် အလို့ငှာ အသုံးပြုကြပြီး ရန်သူအားပရမ်းပတာအခြေအနေ တစ်ရပ်ဖြစ်သွားစေရန်နှင့် ရှုပ်ထွေးသွားအောင် ဖန်တီးခြင်းပင်ဖြစ်သည်။

**အသံဖျောက်ခြင်း ။** စနိုက်ပါများအသုံးပြုကြသည့် ရိုင်ဖယ်များသည် အင်အားပြင်းထန်ပြီး အသံကျယ်လွန်းလှသဖြင့် စနိုက်ပါများအနေဖြင့် အသံဖျောက်ခြင်းဟု ခေါ်ဆို သည့် နည်းစနစ်များကိုအသုံးပြုခြင်းပင်ဖြစ်သည်။ အဆင့်မြင့်မားစွာ လေ့ကျင့်ထားသည့် စနိုက်ပါတစ်ယောက်သည်အဆိုပါနည်းစနစ်ကို အသံမကြားအောင် ကာကွယ်ရန်အတွက် အစားထိုးသည့်အနေဖြင့် အသုံးပြု ခြင်းပင်ဖြစ်သည်။ အမြောက်ဆန်များ လေထဲတွင် ပေါက်ကွဲခြင်း သို့မဟုတ် မိုးခြိမ်းသံများကဲ့သို့သော ပတ်ဝန်းကျင်မှ အလွန်ကျယ်လောင် လွန်းလှသည့် အသံများဖြင့် သေနတ် သံကို ဖျောက်နိုင်၏။ ထိုကဲ့သို့ ပြုလုပ်ခြင်းကို မကြာခဏဆိုသလိုပင် လျှို့ဝှက်စစ်ဆင်ရေး များ၊ ရန်သူနယ်မြေထဲသို့ စိမ့်ဝင်သည့်အချိန်များနှင့် ပြောက်ကျားတိုက်ခိုက်ရေးများတွင် အသုံးပြုလေ့ရှိ၏။

မြွေမြွေချင်းခြေမြင်ဆိုသကဲ့သို့ စနိုက်ပါသမားအချင်းချင်းလည်း ပြန်လည် ရှာဖွေမှုပြုနိုင်ပေသည်။ တိုက်ရိုက်ရှာဖွေ ခြင်းအပြင် အခြားသောနည်းလမ်းများကို လည်း အသုံးပြုနိုင်၏။ ဩဂံများ ပိုင်းခြား၍တိုင်းတာသတ်မှတ်သော နည်းပညာဖြင့် ကျည်ဆန်လာရာကို တိုင်းတာတွက်ချက်ခြင်းပင်ဖြစ်သည်။ သမားရိုးကျတွင်မူ ထိုကဲ့သို့ပြုလုပ်သောအခါဝယ် လက်ဖြင့်သာတွက်ချက်မှုပြုလုပ်သော်





www.burmeseclassic.com

www.burmeseclassic.com





လည်း မကြာတော့မည့်အချိန်တွင် ရေဒါမှတစ်ဆင့် ပြုလုပ်သည့်တွက်ချက်မှုများကို အသုံးပြုနိုင်တော့မည်ဖြစ်သည်။ လေဆာအလင်းတန်း၊ အသံနှင့် ပတ်သက်သည့်(Sensors)များကို အသုံးပြုခြင်းအားဖြင့် စနိုက်ပါမှ ပစ်ခတ်ခြင်းကြောင့် ထွက်ပေါ်လာသည့်အသံမှတစ်ဆင့် စနိုက်ပါ၏တည်နေရာအတိအကျကို ဆုံးဖြတ်ပေးနိုင်မည့် ပရောဂျက်တစ်ခုကို အမေရိကန်စစ်တပ်မှပြုလုပ်လျက်ရှိသည်။

အခြားသော နည်းဗျူဟာများမှာ စနိုက်ပါများရှိနိုင်သည်ဟု သံသယဖြစ်ဖွယ်ရှိသည့်နေရာများကို အမြောက်သို့မဟုတ် မော်တာများဖြင့်တိုက်ရိုက်လှမ်းပစ်ခြင်း၊ လှုပ်ရှားမှုများကို ဖုံးကွယ်ရန်အတွက် မီးခိုးထုကို အသုံးပြုခြင်း၊ နင်းမိလျှင် အခြားကိရိယာမှ အသံမြည်လာသော မြေမြှုပ်ဝိုင်ယာကြိုးကို အသုံးပြုခြင်း၊ မြေမြှုပ်မိုင်းများကို အသုံးပြုခြင်း သို့မဟုတ် တစ်ယောက်ယောက်က မောင်းဖြုတ်မိအောင်ပြုလုပ်ထားသည့်ထောင်ချောက်များကို အသုံးပြုခြင်းတို့ပင်ဖြစ်သည်။ သို့သော်လည်း ထိုကဲ့သို့ပြုလုပ်ခြင်းအားဖြင့် စနိုက်ပါများကို မသတ်ဖြတ်နိုင်ဘဲ ယင်းတို့၏တည်နေရာကို သိရှိနိုင်ရန်အတွက်သာဖြစ်သည်။ စနိုက်ပါများကို တန်ပြန်တိုက်ခိုက်သည့် နည်းလမ်းပေါင်းတစ်ခုမှာ စနိုက်ပါပုန်းကွယ်လျှိုးနေသည်ဟု သံသယရှိသည့်ချုံဖုတ်များ သို့မဟုတ် အလားတူနေရာများတွင်အဝတ်စုတ်များ ချည်နှောင်ထားခြင်းပင်ဖြစ်သည်။ ချည်နှောင်ထားသည့် အဝတ်စုတ်များသည်လေထဲတွင် ယှောပါလျက်ရှိနေသောကြောင့် စနိုက်ပါ၏ မျက်လုံးထောင့်တွင် ပရမ်းပတာလှုပ်ရှားမှုများကိုဖန်တီးနေခြင်းကြောင့် အာရုံပျက်ပြားခြင်းကို ဖြစ်ပေါ်စေနိုင်သည်။ ခွေးများကို အသုံးပြုခြင်းအားဖြင့်လည်း စနိုက်ပါကို ရှာဖွေနိုင်၏။ လေ့ကျင့်သင်ကြားပေးထားသည့်ခွေးသည် ကျည်ဆန်ထွက်ပေါ်လာသံမှတစ်ဆင့် စနိုက်ပါရှိနေရာ အရပ်မျက်နှာကို လွယ်ကူစွာဆုံးဖြတ်ချက်ချနိုင်သည်။ ခွေးသည် သေနတ်သံကြားသည်နှင့် တစ်ပြိုင်နက် ယင်း၏ဦးခေါင်းကို အသံလာရာဘက်သို့ ညွှန်ပြရင်းဖြင့် ဝပ်ချလိုက်သည်။

**အီရတ်စစ်ပွဲ**

၂၀၀၃ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုမှ ဦးဆောင်ခဲ့သည့် အမေရိကန်နှင့်ဗြိတိသျှတပ်ဖွဲ့များကအဓိကပါရှိသည့် မဟာမိတ်တပ်ဖွဲ့သည် အီရတ်နိုင်ငံကိုသိမ်းပိုက်ခဲ့ပြီးနောက် အစိုးရအသစ်တစ်ခုတည်ထောင်ရန်ကြိုးပမ်းခဲ့သော်ငြားလည်း ကျူးကျော်တိုက်ခိုက်ပြီးသည့်နောက်အချိန်အနည်းငယ်အတွင်း မဟာမိတ်တပ်ဖွဲ့များ အကြမ်းဖက်ခံရပြီးအမျိုးမျိုးသောဂိုဏ်းကွဲများအကြားတွင် သဘောမတူညီမှုများမှသည် အီရတ်နိုင်ငံအတွင်း၌ထကြွပုန်ကန် သောင်းကျန်းမှုများနှင့် အီရတ်နိုင်ငံတွင်မီတင်းနေထိုင်လျက်ရှိကြသည့် ဆွန်နီမွတ်ဆလင်များနှင့် ရှီးယိုက်မွတ်ဆလင်များအကြားတွင် ပြည်တွင်းစစ်ဖြစ်ပွားလာခဲ့သည်။ ၂၀၀၅ ခုနှစ် တစ်လျှောက်လုံးတွင် သေဆုံးသူအမေရိကန်စစ်သား ၂၁၀၀ အထဲမှ ၂၈ ယောက်မှာ ရန်သူစနိုက်ပါများ၏ သတ်ဖြတ်ခံခဲ့ရခြင်းကြောင့်ဖြစ်သည်။ ၂၀၀၆ ခုနှစ် တွင် Juba ကဲ့သို့သော သောင်းကျန်းသူ စနိုက်ပါများကြောင့် အမေရိကန်တပ်ဖွဲ့မှာ ပြဿနာတက်ခဲ့ရ၏။ ၂၀၀၆ ခုနှစ်၊ အောက်တိုဘာလအတွင်း၌ပင်လျှင် အမေရိကန်တပ်သား ၃၇ ယောက်မှာ Juba များ လက်ချက်ဖြင့် အသက်ဆုံးရှုံးခဲ့ရသည်။

**အာဖဂန်နစ္စတန်စစ်ပွဲ**

အချို့စနိုက်ပါအဖွဲ့များသည် အာဖဂန်နစ္စတန်တွင် တိုတောင်းလှသည့်အချိန်အတွင်း၌ တာလီဘန်အရေးအတွက် အတော်များများကိုသုတ်သင်နိုင်ခဲ့၏။ ဥပမာပြရသော ဟဲလ်မမ်းပြည်နယ်တွင် ဗြိတိသျှလူမျိုးစနိုက်ပါနှစ်ယောက်သည် ၂၀၀၉ ခုနှစ် နွေရာသီကာလ၏ ရက်ပေါင်း ၄၀ အတောအတွင်း တာလီဘန်စုစုပေါင်း ၇၅ ယောက်ကို သုတ်သင်နိုင်ခဲ့သည်။ ဂျူတီတစ်ဆိုင်းပြီးဆုံးခါနီး နှစ်နာရီခန့်အလိုတွင် သူတို့ နှစ်ဦးသည် တာလီဘန်ရှစ်ယောက်ကို သုတ်သင်ရှင်းလင်းခဲ့၏။ အခြားအဖြစ်အပျက်တစ်ခုတွင် ၎င်းစနိုက်ပါအဖွဲ့မှပင် ၁၉၆ မီတာ (၆၃၄ ပေ) အကွာအဝေးမှ ကျည်ဆန်တစ်တောင့်တည်းဖြင့် တာဘီဘန်နှစ်ယောက်ကိုသတ်ဖြတ်နိုင်ခဲ့သည်။ တာလီဘန်စနိုက်ပါ များကလည်း မဟာမိတ်တပ်ဖွဲ့များကိုကောင်းကောင်းဒုက္ခပေးခဲ့ကြ၏။ သာဓကပြရသော် ၂၀၁၁ ခုနှစ်၌ ဟဲလ်မမ်းပြည်နယ်တွင် တာ လီဘန်စနိုက်ပါနှစ်ယောက်သည် ဗြိတိသျှစစ်သားနှစ်ယောက်ကို သတ်ဖြတ်ခဲ့ပြီးနောက်အခြားခြောက်ယောက်ကို ဒဏ်ရာများ အသီးသီးရရှိသွားအောင်ပြုလုပ်ခဲ့ကြသည်။ ဖြစ်ရိုးဖြစ်စဉ်မဟုတ်သည့် ဖြစ်ရပ် တစ်ခု၌ အသက် ၅၅ နှစ်အရွယ်အမည်မသိ မူဂျာဟစ်ဒင်တိုက်ခိုက်ရေးသမားဟောင်းတစ်ဦးသည် မော်တော်ဆိုင်ကယ်စီး လျက် ဗြိတိန်နိုင်ငံလုပ် ရိုင်ဖယ်သေနတ် ဟောင်းတစ်လက်ဖြင့် တစ်ချက်သာပစ်၍ ဗြိတိသျှစစ်သားနှစ်ဦးကို သတ်ဖြတ်ခဲ့ပြီး ကျည်ဆန်မှာ ပထမတစ်ဦး၏ဦးခေါင်းကို ဖောက်ပြီး နောက်တစ်ဦး၏လည်မျိုအတွင်းသို့ ဝင်ရောက်သွားခြင်းပင်ဖြစ်သည်။

■ ရဲရင့်ရွှေဘွား





www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ် မြင်းသားအရှုပ်တော်ပုံ

■ လင်းလက်ကို

၂၀၁၃ ခုနှစ် မြင်းသားအရှုပ်တော်ပုံ သည် ဥရောပတစ်လွှားတွင် ဆက်လက်ဖြစ်ပွားလျက်ရှိနေဆဲပင်ဖြစ်ပြီး အမဲသားပါသည်ဟု ကြေညာထားသော အစားအစာများတွင် မြင်းသားများရောနှောထားပြီး အချို့သော အစားအစာများတွင်မူ အမဲသားလုံးဝမပါရှိဘဲ အားလုံးကို မြင်းသားဖြင့် ပြုလုပ်ထားခြင်းဖြစ်သည်။ အချို့မှာမူ ဝက်သားများရောနှောထားသည်။ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် အိုင်ယာလန်နိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့မှ အချို့သော စူပါမားကက်များတွင် ရောင်းချသည့် အေးခဲအမဲသားဘာဂါများထဲတွင် မြင်း၏ဒီအင်အေကို တွေ့ရှိခဲ့ရာမှ အဆိုပါ ပြဿနာပေါ်ပေါက်လာခဲ့ခြင်းပင်ဖြစ်သည်။ မြင်းသားစားသုံးခြင်းသည် ကျန်းမာရေးအတွက် ထိခိုက်ခြင်းမရှိဘဲ များလှစွာသော တိုင်းပြည်များတွင် မြင်းသားကိုစားသုံးနေကြသော်လည်း အိုင်ယာလန်နိုင်ငံနှင့် ဗြိတိန် နိုင်ငံများအပါအဝင် များလှစွာသော တိုင်းပြည်များတွင် မြင်းသားသည်ခွင့်မပြုသည့် အစားအစာတစ်ခုပင်ဖြစ်ပြီး ယဉ်ကျေးမှုအရလည်း ဘိုးစဉ်ဘောင်ဆက် စားသုံးခဲ့ခြင်းမရှိခဲ့သဖြင့် ဘာဂါများအတွင်း၌ မြင်းသားများပါရှိနိုင်သည်ဟု လုံးဝတွေးဆထားခြင်းမရှိသဖြင့် စားသုံးသူများမှာ အထိတ်အလန့်ဖြစ်ကြရသည်။ အမဲသားဘာဂါနမူနာ ၂၇ ခုကို ခွဲခြမ်းစိတ်ဖြာမှုများ ပြုလုပ်ခဲ့ရာ ၂၃ ခု တွင် မွတ်စလင်နှင့် ဂျူးလူမျိုးများအတွက် ဘာသာရေးအရခွင့်ပြုခြင်းလုံးဝမရှိသည့် ဝက်သားများပါရှိနေသည်ကို ဒီအင်အေစစ်ဆေးချက်အရ တွေ့ရှိခဲ့သည်။

အဆိုပါ အရှုပ်တော်ပုံသည် အစားအစာဘေးကင်းလုံခြုံရေးကို တိုက်ရိုက်သာမက အစားအစာပံ့ပိုးပေးနေသည့် စနစ်ကြီးတစ်ခုလုံး၏ နောက်ကွယ်မှမဖွယ်မရာပြုလုပ်နေခြင်းကို ဖော်ထုတ်လိုက်သကဲ့သို့ ဖြစ်သွားခြင်းကြောင့် နိစ္စဓူဝပုံမှန်စားသုံးနေသည့် အစားအစာများထဲတွင် လူကို ဘေးဥပဒ်ပေးနိုင်သော ပစ္စည်းများပါဝင်နေနိုင်သဖြင့် ကျန်းမာရေးအတွက် စိုးရိမ်သောကပိုမိုများပြားလာရသည်။ ဥပမာ မြင်းသားဟုဆိုရာတွင် ပြိုင်မြင်းများ၏ အသားများလည်း ပါဝင်နိုင်သဖြင့် ပြိုင်မြင်းများကို တိုက်ကျွေးသည့်ဆေးများသည် လူသားများအတွက် အစားအစာအဖြစ် ထုတ်လုပ်မည့် တိရစ္ဆာန်များကို တိုက်ကျွေးခြင်းအားခွင့်မပြုဘဲ တားမြစ်ထားသည်။ မြင်းသားအရှုပ်တော်ပုံ ဂယက်ရိုက်ခတ်မှုသည် ဥရောပသမဂ္ဂအဖွဲ့ဝင် အခြားနိုင်ငံများသို့ ပျံ့နှံ့သွားခဲ့ရာ ဥရောပသမဂ္ဂမှ တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် အဖြေရှာဖွေရန်အတွက် ဆုံးဖြတ်ခဲ့သော်သည်။ မြင်းသားနမူနာအခုပေါင်း ၄၀၀၀ခန့်ကို တားမြစ်ထားသော ဆေးဝါးများပါရှိ၊ မရှိ စတင်စစ်ဆေးခဲ့သည်။ ထို့ပြင် ဥရောပသမဂ္ဂမှ ထောက်ခံချက်ပေးထားသော အသားများ မူလစတင်ထုတ်လုပ်သောနေရာ၏ အမှတ်အသားကို တတ်နိုင်သရွေ့ အစောဆုံးထုတ်ပြန်ပေးလိမ့်မည်ဖြစ်သည်။ မြင်းသားအရှုပ်တော်ပုံအစ အိုင်ယာလန်မှ





www.burmeseclassic.com

www.burmeseclassic.com







အိုင်ယာလန်နိုင်ငံမှ အစားအစာဘေးကင်းလုံခြုံရေးအာဏာပိုင်အဖွဲ့အစည်းသည် အမဲသားများထဲ၌ မြင်းသားများရောနှောပါရှိနေခြင်းကို ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာ ၁၀ ရက်တွင် ပထမဦးဆုံးစစ်ဆေးခဲ့ခြင်းဖြစ်ပြီး ၁၈ ရက်နှင့် ၂၁ ရက်များတွင်လည်း ထပ်မံစစ်ဆေးမှုများကို ပြုလုပ်ခဲ့သည်။ ထို့နောက် နမူနာများကို ဂျာမနီနိုင်ငံရှိ ဓာတ်ခွဲခန်းတစ်ခုသို့ ပေးပို့စစ်ဆေးခဲ့သည်၊ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီ ၁၁ ရက်တွင် စစ်ဆေးတွေ့ရှိချက်အဖြေများရရှိခဲ့ပြီး အမဲသားဘာဂါဆယ်ခုစစ်ဆေးခဲ့ရာ မြင်းနှင့် ပတ်သက်နေသော ဒီအင်အေများကို တွေ့ရှိခဲ့ပြီး တစ်ခုသောဘာဂါ၌မူ မြင်းသားပါဝင်နှုန်းမှာ နိမ့်ကျနေသည်ကိုတွေ့ရှိခဲ့သည်။ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၄ ရက်တွင် စစ်ဆေးရေးအဖွဲ့သည် နောက်ဆုံးတွေ့ရှိထားသော အဖြေကို ကျန်းမာရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေး၊ အစားအစာနှင့် အဏ္ဏဝါဝန်ကြီးဌာနသို့ အသိပေးအကြောင်းကြားခဲ့ပြီးတစ်နေ့တည်းမှာပင် ယူကေနိုင်ငံရှိ အစားအစာစံနှုန်းကြပ်မတ်ရေး အေဂျင်စီသို့လည်း သတင်းပေးအကြောင်းကြားခဲ့ပြီး တစ်နေ့တည်းမှာပင် ယူကေနိုင်ငံရှိအစားအစာစံနှုန်းကြပ်မတ်ရေးအေဂျင်စီသို့လည်း သတင်းပေးပို့ခဲ့သည်၊ နောက်တစ်နေ့၊ ဇန်နဝါရီ ၁၅ ရက်တွင် စားသောက်ကုန် လက်လီရောင်းချနေသည့် Tesco, Dunnes Stores, Aldi, Lidl နှင့် Iceland တို့အား လက်ခံဖွယ်ရာမရှိသော ယင်းတို့၏ ထုတ်ကုန်များကို ရုပ်သိမ်းရန်အကြောင်းကြားခဲ့ရာ ဇန်နဝါရီ ၁၆ ရက်တွင် မီဒီယာများနှင့် သတင်းစာများတွင် အုတ်အော်သောင်းတင်းဖြစ်သွားခဲ့ပြီးနောက် အမဲသားဘာဂါတစ်ခုတွင် ရာနှုန်းပြည့်အမဲသားများမဟုတ်ဘဲ ၂၉ ရာခိုင်နှုန်းခန့်မှာ မြင်းသားများဖြစ်နေသည်ဟု အကျယ်တဝင့်ရေးသားဖော်ပြခဲ့ရာမှ ဥရောပတိုက်တွင် မြင်းသားအရှုပ်တော်ပုံ စတင်ပေါ်ပေါက်လာခဲ့ခြင်းပင်ဖြစ်သည်။

**မြင်းသားများလာရောက်ဖာစ်မြစ်**

Comigel မှ ထုတ်ကုန်များ၌ တွေ့ရှိရသော မြင်းသားများသည် ရိုမေးနီးယားနိုင်ငံတွင် အခြေချလုပ်ကိုင်နေသည့် သားသတ်လုပ်ငန်းတစ်ခုဖြစ်သည့် Doly Com မှလာခြင်းပင်ဖြစ်သည်။ ပြင်သစ်အစိုးရက ပြုလုပ်ခဲ့သော စုံစမ်းမှုတစ်ခုအရ ရိုမေးနီးယားမှ ထွက်လာသော အသားများတွင် ရှင်းလင်းမှန်ကန်စွာပင် မြင်းသားဟု ဖော်ပြထားသည်၊ ထို့နောက်တွင် အမဲသားအဖြစ် တံဆိပ်ရိုက်နှိပ်လိုက်ခြင်းပင်ဖြစ်သည်၊ Doly Com သည် နယ်သာလန်နိုင်ငံတွင် လုပ်ငန်းများလည်ပတ်နေသည့် ဆိုက်ပရပ်စ်အခြေစိုက်ကုမ္ပဏီတစ်ခုဖြစ်သည့် Draap Trading Ltd သို့ မြင်းသားများကို တင်သွင်းနေခြင်းဖြစ်သည်။ Draap ကို British Virgin Islands အများပိုင်ကုမ္ပဏီမှ ပိုင်ဆိုင်ထားသည်။ အေးခဲမြင်းသားများကို အအေးခန်းဝန်ဆောင်မှုများ ပေးနေသည့် Breda သို့ပို့ဆောင်ပေးပြီးနောက် Draap သည် အီးယူမှလာသော အမဲသားအဖြစ် တံဆိပ်ကပ်ပြီး ဈေးကွက်တင်ရောင်းချခဲ့ရာတွင် ပါဝင်ခဲ့သည့် Spanghero သည် စားသုံးသူများထံသို့ တိုက်ရိုက်ရောင်းချမည့် Comigel စားသောက်ကုန်သို့တစ်ဆင့်ပြန်လည်ရောင်းချခြင်းပင်ဖြစ်သည်၊ ပြင်သစ်မီဒီယာများ၏ အဆိုအရမူ Spanghero သည် အသားနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို လိမ်လည်ခဲ့ခြင်းဖြစ်သည်။ Silvercrest ၏ ထုတ်ကုန်များတွင် ပါရှိသော မြင်းသားများသည် ပိုလန်မှ တင်ပို့ခြင်းဖြစ်နိုင်သည်ဟု ထင်မြင်ယူဆခဲ့သည်။

**အရှုပ်တော်ပုံထဲတွင် ပါဝင်ပတ်သက်နေသည့် ကုမ္ပဏီများ**

ABP အစားအစာအုပ်စု။ ။ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်တွင် ABP အစားအစာအုပ်စုလက်အောက်ခံ လုပ်ငန်းလေးခုအား အမျိုးအစားမတူသော အရောအနှောအသားများကို ရောင်းချမှုဖြင့် စွပ်စွဲခဲ့သည်။ အဆိုပါ လုပ်ငန်းလေးခုမှာ Silvercrest, Dalepak, Freshlink နှင့် ABP Nenagh တို့ဖြစ်သည်။ Silvercrest မှ ထုတ်လုပ်သော ဟမ်ဘာဂါအသားထဲတွင် အမဲသားအစားမြင်းသား ၂၉ ရာခိုင်နှုန်းရောနှောထားသည်ကို တွေ့ရှိခဲ့သည်။ Tesco စားသောက်ကုန်လုပ်ငန်းသည် Silvercrest အားအသား တင်သွင်းသူအဖြစ်မှ လက်တွဲဖြုတ်ခဲ့သည်၊ သို့သော်လည်း ABP မှ Tesco ၏ ဆုံးဖြတ်ချက်ဖြစ်သည့် အမဲသားများကို အခြားသော ABP လက်အောက်ခံခြားလုပ်ငန်းများမှ ဆက်လက်ဝယ်ယူခြင်းအား ကြိုဆိုကြောင်းပြောကြားခဲ့သည်၊ ဖေဖော်ဝါရီ ၁၅ ရက်တွင် Tesco ဘက်မှ ကျွန်ုပ်တို့၏ အလွန်မြင့်မားသော စံနှုန်းများကို ကျဆင်းအောင်ပြုလုပ်သည့် ABP နှင့် ဆက်လက်လုပ်ကိုင်ရန်အကြောင်းမရှိဟု ပြောကြားခဲ့သည်၊ အိုင်ယာလန်နိုင်ငံနှင့် ယူကေတွင်ဆိုင်ခွဲပေါင်း ၅၀၀ ကျော်ဖြင့် လည်ပတ်





www.burmeseclassic.com

www.burmeseclassic.com



လျှက်ရှိသည့် အသင့်စားသုံး အစားအစာများရောင်းချပေးနေသော Burger King သည်လည်း ၎င်းတို့၏ လုပ်ငန်းတွင်အသုံးပြုနေသော အမဲသားများထဲတွင် မြင်းသားများ တွေ့ရှိပြီးသည့်နောက်ပိုင်းတွင် Silvercrest အား လုပ်ငန်းဖော်အဖြစ်မှ လက်တွဲဖြုတ်လိုက်ပြီး အမဲသားများကို ဂျာမနီနှင့် အီတလီတို့မှ မှာယူအသုံးပြုခဲ့သည်။ ဈေးကွက်အတွင်းရောင်းချလျှက်ရှိသည့် အမဲသားလုံးများ၌ ဝက်သားများပါရှိနေသဖြင့် Waitrose စားသောက်ကုန်လုပ်ငန်းသည်လည်း ABP စက်ရုံမှ မှာယူထားသည့် ၎င်း၏ ထုတ်ကုန်များကို ဖယ်ရှားပစ်ခဲ့သည်။ စားသောက်ဆိုင်များနှင့် အရက်ဘားများသို့ လက်ကားရောင်းချဖြန့်ဖြူးပေးနေသည့် Makro သည်လည်း Silvercrest မှ ၎င်းတို့မှာယူရောင်းချလျှက်ရှိသည့် အချို့သော အေးခဲအမဲသားဘာဂါများထဲတွင် မြင်းဒီအင်အေများတွေ့ရှိခဲ့သည်။

**Spanghero။** ။ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီ ၁၄ရက်တွင် ပြင်သစ်အစိုးရသည် အသားထုတ်လုပ်သည့် ပြင်သစ်ကုမ္ပဏီတစ်ခုဖြစ်သော A la Table de Spanghero သည် မြင်းသားမှန်းသိရက်သားနှင့် အမဲသားဟု တံဆိပ်တပ်ရောင်းချခဲ့ခြင်းကြောင့် စုံစမ်းစစ်ဆေးမှုများပြုလုပ်ဆဲကာလတွင် ယင်း၏ လုပ်ငန်းလိုင်စင်ကို ခဏယာယီပိတ်ပင်ထားမည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။ Spanghero သည် မြင်းသားများကို ရိုမေးနီးယားနိုင်ငံမှ မှာယူတင်သွင်းခဲ့ပြီးနောက် အခြားပြင်သစ်ကုမ္ပဏီတစ်ခုဖြစ်သော Comigel သို့ရောင်းချခဲ့ခြင်းဖြစ်သည်။ စုံစမ်းစစ်ဆေးမှုများက Spanghero တွင်သာမက ဝယ်ယူခဲ့သည့် Comigel မှ ဝန်ထမ်းများအနေဖြင့် တရွက်စာတမ်း ပုံမှန်မဟုတ်ခြင်းကို သတိမူသင့်ကြောင်းနှင့် အေးခဲထားသောမြင်းသားများမှ ထွက်လာသော အနံ့နှင့် အရောင်အဆင်းကို ကြည့်ရှုခြင်းအားဖြင့် အမဲသားဟုတ်မဟုတ်သိရှိသဘောပေါက်သင့်ကြောင်း ဖြစ်တင်ဝေဖန်ပြောကြားခဲ့သည်။

**HJ Schypke။** ။ဆွစ်ဇာလန် နိုင်ငံတွင် အခြေစိုက်ထားသည့် Nestle ကုမ္ပဏီမှ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီ ၁၈ ရက် တွင် အမဲသားဖြင့် ပြုလုပ်ထားသောပါစတာနှစ်ခုတွင် မြင်းသားဒီအန်အေတစ်ရာခိုင်နှုန်းကျော်တွေ့ရှိခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ အအေးခံထားရသော ပါစတာများကို အီတလီနှင့် စပိန်နိုင်ငံတို့မှ ရုပ်သိမ်းခဲ့သည်။ HJ Schypke သည် Nestle ကုမ္ပဏီ၏ တစ်ဆင့်ခံကန်ထရိုက်အဖြစ် အမဲသားများကို တင်သွင်းနေခြင်းပင်ဖြစ်သည်။

**Frigilunch။** ။ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်တွင် ဘယ်လ်ဂျီယန်နိုင်ငံတွင် ရောင်းချလျှက်ရှိသော Birds Eye မှထုတ်လုပ်သည့် အသင့်စားအမဲသားထဲတွင် မြင်းဒီအင်အေများတွေ့ရှိခဲ့သဖြင့် ယူကေနိုင်ငံတွင် ရောင်းချလျှက်ရှိသော Birds Eye မှ ထုတ်လုပ်သော စားသောက်ကုန်များကို ဈေးကွက်မှရုပ်သိမ်းခဲ့သည်။

**Sodexo။** ။ ၂၀၁၃ ခုနှစ်၊ ဖေဖော် ဝါရီ ၂၂ ရက်တွင် နမူနာတစ်ခုတွင် မြင်းဒီအန်အေကို ရှာဖွေတွေ့ရှိခဲ့သဖြင့် ဗြိတိန်နိုင်ငံမှ အကြီးဆုံးပုဂ္ဂလိကပိုင်အစားအသောက်ကျွေးမွေးဧည့်ခံရေး လုပ်ငန်းများထဲမှ တစ်ခုဖြစ်သည့် Sodex မှ ထုတ်လုပ်သော အေးခဲအမဲသားများအားလုံးရုပ်သိမ်းခဲ့သည်။ အဆိုပါ ကုမ္ပဏီသည် စာသင်ကျောင်းများ၊ ဘိုးဘွားရိပ်သာများ၊ အကျဉ်းထောင်များနှင့် လက်နက်ကိုင် အဖွဲ့အစည်းများအပါအဝင် အဖွဲ့အစည်းပေါင်း ၂၃၀၀ ကို စားနပ်ရိက္ခာများဖြည့်ဆည်းပံ့ပိုးနေခြင်းဖြစ်သည်။

**Kursu Zeme။** ။ ၂၀၁၃ခုနှစ်၊ မတ် ၁ရက်တွင် လစ်သူယေးနီးယားနိုင်ငံမှ အစားအစာနှင့် တိရစ္ဆာန်ဝန်ကြီးဌာနမှ



Kursu Zeme ကုမ္ပဏီမှ ထုတ်လုပ်ရောင်းချလျှက်ရှိသည့် Latvian အမှတ်တံဆိပ်ပါရှိသော အမဲသားသံဘူး ၃ ဘူးတွင် မြင်းသားများပါဝင်နေသည်ကို တွေ့ရှိခဲ့သည်။

**Wiljo Import en Export B.V and Vlessgroothandel Willy Selten B.V။** ။ ၂၀၁၃ခုနှစ်၊ ဧပြီ ၁၀ ရက်တွင် ယခင်က အစားအစာဘေးကင်းလုံခြုံရေး စစ်ဆေးရေးအရာရှိများမှ စစ်ဆေးခံခဲ့ရဖူးသူတစ်ဦးပိုင်ဆိုင်သော ဒပ်ချ်ကုန်သွယ်ရေးကုမ္ပဏီ နှစ်ခုသည် ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလကတည်းက မြင်းသားများရောနှောထားသည့် အမဲသားမတ်ထရစ်တန်ချိန် ၅၀၀၀၀ ကို တင်ပို့ခဲ့ကောင်းတင်ပို့ခဲ့သည်ဟု သတင်းများထွက်ပေါ်လာခဲ့သည်။

ဝိသမလောဘသားစီးပွားရေးလုပ်ငန်းရှင်များ၏ အတ္တကြီးလှစွာဖြင့် မျက်လုံးများ ရှေ့တွင် ငွေဖြင့်ပိတ်ကွယ်ထားပြီး အရာရာအားလုံးကို မျက်ကွယ်ပြု၍ အမြတ်အစွန်းရရှိရေးတစ်ခုကိုသာ မျှော်ကိုးပြီး ထင်ရာစိုင်းသော အပြုအမူများကို မည်သည့်လူ့ဘောင်အဖွဲ့အစည်းတွင်မှ လက်ခံနေရာပေးစရာမလိုဘဲ ပြတ်ပြတ်သားသားကိုင်တွယ်ဖြေရှင်းခြင်းမှသည် နေချင်စဖွယ်ကောင်းသော အသိုက်အဝန်းတစ်ခုကို ဖန်တီးရန်မှာ လူတိုင်းတွင် တာဝန်ကိုယ်စီရှိသည်ဟု အမြဲမပြတ်အစဉ်သတိချပ်သင့်လှပေသည်။

လင်းလက်ကို



www.burmeseclassic.com

## NAME QUIZ

၁။ ပါကစ္စတန်တွင် ၂၀၁၃ခုနှစ်၌ ဝန်ကြီး ချုပ်ဖြစ်လာမည့်သူဟု နာမည်ကြီးနေသူ သည် မည်သူနည်း။

၂။ ယခုရက်ပိုင်းတွင် လိင်တူလက်ထပ်ခွင့် ကို သဘောတူလက်မှတ်ရေးထိုးလိုက်သည့် သမ္မတသည် မည်သူနည်း။

၃။ ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်စစ် သားများအပန်းဖြေရန် အမျိုးသမီးများကို ပျော်တော်ဆက်လုပ်နိုင်းခဲ့ခြင်း သည် လိုအပ် ချက်ကြောင့်ဖြစ်သည်ဟု ပြောခဲ့သည့် အိုဆာကာမြို့တော်ဝန်သည် မည်သူနည်း။










## ART QUIZ

၁။ တွမ်ခရုနှင့် ကေတီဟုမ်းတို့က ဟောလိဝုဒ်ရုပ်ရှင်လောကတွင် ပါဝင်သရုပ်ဆောင် ရန် ဖိတ်ခေါ်ခဲ့သည့် ကမ္ဘာကျော်ဘောလုံး အားကစားသမားကြီးသည် မည်သူနည်း။

၂။ ဟီလာရီကလင်တန်နေရာတွင် သရုပ် ဆောင်လိုစိတ်ထက်သန် နေသည့် ငွေကြယ် ပွင့်သည် မည်သူနည်း။

၃။ ယခုနှစ်တွင် Billboard တေးဂီတဆု ရှစ်ဆုအထိ ရရှိခဲ့သူသည် မည်သူနည်း။






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



# NEWS QUIZ

၁။ ဆီးရီးယားနိုင်ငံအတွက် လေကြောင်းဒုံးလက်နက်ရန်မှ ကာကွယ်ပေးသည့်စနစ်ကို ထောက်ပံ့ပေးမည်ဟု မည်သည့်နိုင်ငံက ကတိပြုခဲ့သနည်း။

၂။ လိင်တူလက်ထပ်ခွင့်ကို သမ္မတက ခွင့်ပြုပြီးနောက် နေရာအနှံ့ ဆန္ဒပြမှုများ ဖြစ်ပွားခဲ့သည့်နိုင်ငံသည် မည်သည့်နိုင်ငံနည်း။

၃။ ဥရောပသမဂ္ဂမှ ပိတ်ပင်ထားသော မည်သည့်နိုင်ငံကို လက်နက်ရောင်းချမှု ပြန်လည်ခွင့်ပြုခဲ့သနည်း။

၄။ မဟာစင်မှန်တိုင်းသည် မည်သည့်နိုင်ငံမှ ရှေးခေတ်မင်းတစ်ပါး၏ အမည်ကို အစွဲပြု၍ မှည့်ခေါ်ထားသနည်း။

၅။ လေဆာစွမ်းအင်ဖြင့် ထိန်းချုပ်မောင်းနှင်နိုင်သည့် ကမ္ဘာ့အသေးစားရဟတ်ယာဉ်ကို မည်သည့်နိုင်ငံက ထုတ်လုပ်ထားသနည်း။

၆။ မည်သည့်နိုင်ငံရှိမြန်မာသံရုံးကို မွတ်စလင်များက ဗုံးခွဲတိုက်ခိုက်ရန် ကြံစည်ပြီးနောက် ဆန္ဒပြခဲ့ကြသနည်း။

၇။ ထူးဆန်းသည့် ရောဂါကြောင့် အမွေးအမှင်များ ထူထပ်စွာပေါက်နေသည့် မိန်းကလေးသည် မည်သည့်နိုင်ငံသူဖြစ်သနည်း။

၈။ အမေရိကန်ဘဏ်များနှင့် ဆက်သွယ်ပြီး ငွေမည်းခဝါချမှုဖြင့် တရားစီရင်ရန် မည်သည့်သမ္မတကို အမေရိကသို့ လွှဲပေးလိုက်သနည်း။












www.burmeseclassic.com

www.burmeseclassic.com













## အဖြေများ

### Name Quiz

၁။ နာဝပ်ရှာရပ်
၂။ ဖရန်ဆွာ ဟော်လန်ဒီ
၃။ တိုယူ ဟာဂျီမိုတို

### Art Quiz

၁။ ဒေးဗစ်ဘက်ခမ်း
၂။ ဝီးဝစ်သာစပွန်း
၃။ တေလာဆွစ်

### General Quiz

(A , K) (B , J) (C , P)
(D, O) (E , I) (F , L)
(G, N) (H , M)

### News Quiz

၁။ ရုရှား
၂။ ပြင်သစ်
၃။ ဆီးရီးယား
၄။ သီရိလင်္ကာ
၅။ ဂျပန်
၆။ အင်ဒိုနီးရှား
၇။ တရုတ်
၈။ ဂွာတီမာလာ



www.burmeseclassic.com

www.burmeseclassic.com






# KNOWLEDGE QUIZ

ကျော်မိုးဟိန်း

၁။ နို့ထွက်ပစ္စည်းများ ထုတ်လုပ်ပုံ လျှို့ဝှက်ချက်ကို မည်သူတို့က စတင်တွေ့ရှိခဲ့ကြသနည်း။
(က) တရုတ် (ခ) ဂျပန်
(ဂ) အိန္ဒိယ (ဃ) ကိုရီးယား

၂။ စက်ရက်ကန်းကို စတင်တီထွင်သူ အက်မန်ကတ်ဝိုက်သည် မည်သည့် နိုင်ငံသား ဖြစ်သနည်း။
(က) တရုတ် (ခ) အီဂျစ်
(ဂ) အိန္ဒိယ (ဃ) ကိုရီးယား

၃။ ဒိုင်းနမိုက်ကို တီထွင်ပြီး ရသမျှအကျိုးအမြတ်ကို နိုဘယ်ဆုအတွက် ရန်ပုံငွေ ရှာဖွေပေးခဲ့သူသည် မည်သည့်နိုင်ငံသားဖြစ်သနည်း။
(က) တရုတ် (ခ) အီဂျစ်
(ဂ) ဆွီဒင် (ဃ) ကိုရီးယား

၄။ နိုင်ငံတကာ တိုင်းတာရေးယူနစ်များကို စံအဖြစ် မည်သည့်ခုနှစ်တွင် စတင်သတ်မှတ်ခဲ့သနည်း။
(က) ၁၉၃၀ (ခ) ၁၉၄၀
(ဂ) ၁၉၅၀ (ဃ) ၁၉၆၀

၅။ မီတာဖြင့် တိုင်းတာသည့်စနစ်ကို မည်သည့်နိုင်ငံက စတင်ကျင့်သုံးခဲ့သနည်း။
(က) ပြင်သစ် (ခ) အိန္ဒိယ
(ဂ) ကိုရီးယား (ဃ) ထိုင်း

၆။ အင်္ဂလန်နှင့် အမေရိကန်တွင် အပူချိန်ကို မည်သည့်ယူနစ်ဖြင့် အဓိက တိုင်းတာကြသနည်း။
(က) ဆဲစီးရပ်စ် (ခ) ဖာရင်ဟိုက်
(ဂ) ကယ်ဗင် (ဃ) ရန်ကင်း

၇။ လေကို မည်သည့် အရာဖြင့် တိုင်းတာသနည်း။
(က) သာမိုမီတာ
(ခ) ဘာရိုမီတာ
(ဂ) ဒက်စီမီတာ
(ဃ) စင်တီမီတာ

၈။ လက်နှိပ်စက်များကို မည်သည့်ခုနှစ်တွင် စတင်တီထွင်ခဲ့သနည်း။
(က) ၁၇၁၄ (ခ) ၁၇၂၄
(ဂ) ၁၇၃၄ (ဃ) ၁၇၄၄

၉။ ဖုန်စုပ်စက်ကို မည်သည့်ခုနှစ်တွင် စတင်တီထွင်ခဲ့သနည်း။
(က) ၁၉၀၀ (ခ) ၁၉၀၁
(ဂ) ၁၉၀၂ (ဃ) ၁၉၀၃

၁၀။ လျှပ်စစ်မီးသုံးစွဲမှုသည် မည်သည့် ရာစုနှစ်နှောင်းပိုင်းတွင် တွင်ကျယ်လာခဲ့သနည်း။
(က) ၁၆ (ခ) ၁၇ (ဂ) ၁၈ (ဃ) ၁၉

၁၁။ ကောင်းကင်ထက်က အလင်းမှုန်များဟု တင်စားခေါ်ဆိုကြသည့် God Particle ၏အမြန်နှုန်းကို မည်သည့်အရာဖြင့် နှိုင်းယှဉ်ဖော်ပြလေ့ရှိသနည်း။
(က) အသံ (ခ) ကား
(ဂ) လေယာဉ် (ဃ) အလင်း

၁၂။ စကြဝဠာထဲရှိ တွင်းနက်ကြီးများထဲတွင် လည်ပတ်နေသော အက်တမ်များသည် မည်သည့်အရာထက်ပင် ပိုမိုမြန်ဆန်သည်ဟု ပြောစမှတ်ပြုကြသနည်း။
(က) အသံ (ခ) အလင်း
(ဂ) လေယာဉ် (ဃ) ကား

၁၃။ စကြဝဠာထဲရှိ တွင်းနက်ကြီးများသည် မည်သည့်အရာများ ပျက်သုဉ်း၍ဖြစ်လာကြသနည်း။
(က) ဥက္ကာပျံ (ခ) ကြယ်
(ဂ) ဂြိုဟ် (ဃ) နေ

၁၄။ အလင်းသည်လည်း ကွေ့ကောက်နိုင်သည်ဟု မည်သူသက်သေပြခဲ့သနည်း။
(က) အိုင်းစတိုင်း (ခ) အက်ဒီဆင်
(ဂ) နယူတန် (ဃ) စတီဖင်ဟော့ကင်း

၁၅။ စကြဝဠာ၏ မူလဘူတမဟာပေါက်ကွဲမှုဖြစ်စဉ်ကြီးကို မည်သို့ခေါ်သနည်း။
(က) Big Bang (ခ) Great Bang
(ဂ) Super Bang (ဃ) Major Bang

၁၆။ ပန်းသီးကြွေကျရာမှ ကမ္ဘာမြေဆွဲအားကို ရှာဖွေတွေ့ခဲ့သည်ဟု လူအများ ထင်မှတ်များနေကြသည့် သိပ္ပံပညာရှင်သည် မည်သူနည်း။
(က) အိုင်းစတိုင်း
(ခ) အက်ဒီဆင်
(ဂ) အိုင်းဆက်နယူတန်
(ဃ) အာခီမိဒိ

၁၇။ အိန္ဒိယတွင် အမျိုးသားတက္ကသိုလ်များ ဖွင့်လှစ်ရန် ပထမဆုံးစတင်တောင်းဆိုခဲ့သူသည် မည်သူနည်း။
(က) ဂန္ဒီ (ခ) နေရူး
(ဂ) ရာဘင်ဒြာနတ်တဂိုး
(ဃ) မန်မိုဟန်ဆင်း

၁၈။ အင်္ဂလိပ်ကျောင်းထွက်မဟုတ်သလို အင်္ဂလိပ်ကျောင်းအတွက် မည်သည့် ကျမ်းမှုမပြုစုခဲ့ဘဲ ထူးချွန်ပြောင်မြောက်သော အရည်အချင်းအတွက် အင်္ဂလိပ် အစိုးရက ပါရဂူဘွဲ့ပေးမည်ဟု ပထမဆုံးကမ်းလှမ်းခံရသည့် အိန္ဒိယနိုင်ငံသားသည် မည်သူနည်း။
(က) ရာဘင်ဒြာနတ်တဂိုး
(ခ) နေရူး (ဂ) ဂန္ဒီ
(ဃ) မန်မိုဟန်ဆင်း

၁၉။ ဘာသာရေးပဋိပက္ခကြောင့် လုပ်ကြံခံခဲ့ရသည့် အိန္ဒိယအမျိုးသားခေါင်းဆောင်ကြီးသည် မည်သူနည်း။
(က) ရာဘင်ဒြာနတ်တဂိုး
(ခ) နေရူး (ဂ) ဂန္ဒီ
(ဃ) မန်မိုဟန်ဆင်း

၂၀။ နေရူးသည် မည်သူ့ကိုအားကျ၍ သူ၏မျိုးဆက်များအမည်တွင် သူလေးစားသော ခေါင်းဆောင်ကြီးအမည်ကို



www.burmeseclassic.com

www.burmeseclassic.com



ထည့်သွင်းမည့်ခေါ်စေခဲ့သနည်း။
(က) ဂန္ဓီ (ခ) နေရူး
(ဂ) ရာဘင်ဒြာနတ်တဂိုး
(ဃ) မန်မိုဟန်ဆင်း

၂၁။ ဆေးဘက်ဆိုင်ရာ အဆင့်မြင့် ခွဲစိတ်ပညာ တိုးတက်လာခဲ့သည်မှာ နှစ်ပေါင်းမည်မျှ ကြာခဲ့ပြီ ဖြစ်သနည်း။
(က) ၁၀၀ (ခ) ၂၀၀
(ဂ) ၃၀၀ (ဃ) ၄၀၀

၂၂။ ထုံဆေးကို မည်သည့်ခုနှစ်တွင် စမ်းသပ်အသုံးပြုနိုင်ခဲ့သနည်း။
(က) ၁၈၂၂ (ခ) ၁၈၃၂
(ဂ) ၁၈၄၂ (ဃ) ၁၈၅၂

၂၃။ ဦးခေါင်းခွဲစိတ်မှုကို မည်သည့်လူမျိုးများက စတင်ပြုလုပ်ခဲ့ကြသနည်း။
(က) အီဂျစ် (ခ) အီရန်
(ဂ) အီသီယိုးပီးယား (ဃ) အီရတ်

၂၄။ ဆေးပညာဖခင်ကြီး ဟစ်ပိုကရေးတီးသည် မည်သည့်နိုင်ငံသား ဖြစ်သနည်း။
(က) ရောမ (ခ) ပြင်သစ်
(ဂ) အီရန် (ဃ) ဂရိ

၂၅။ ခန္ဓာကိုယ်သည် ရောဂါအမျိုးမျိုးကို လိုက်၍ တုံ့ပြန်ပုံနှင့်စပ်လျဉ်း၍ မည်သူက အစောဆုံး သုတေသနလုပ်ခဲ့သနည်း။
(က) ဖရီးမင်း
(ခ) ဟစ်ပိုကရေးတီး
(ဂ) အရစ္စတိုတယ်
(ဃ) ဒီမိုကရေးတီး

၂၆။ အောက်ပါတို့အနက် မည်သည့်အချက်သည် ပလိပ်ရောဂါပျံ့နှံ့မှုကို ပိုမိုမြန်ဆန်လာစေသနည်း။
(က) တစ်ကိုယ်ရေသန့်ရှင်းမှုမရှိခြင်း
(ခ) ဆေးလိပ်သောက်ခြင်း
(ဂ) အရက်သောက်ခြင်း
(ဃ) လိင်ဆက်ဆံခြင်း

၂၇။ မည်သည့်လူမျိုးများသည် မျက်နှာအလှပြုပြင်ရန် နာခေါင်းကို ရှေးယခင်ကတည်းက ခွဲစိတ်လေ့ရှိကြသနည်း။
(က) ကိုရီးယား (ခ) တရုတ်
(ဂ) ဂျပန် (ဃ) အိန္ဒိယ

၂၈။ စွမ်းအားမြင့် ဘက်ထရီကို မည်သူက ဆင့်ကဲတီထွင်နိုင်ခဲ့သနည်း။
(က) အက်ဒီဆင်
(ခ) အိုင်းစတိုင်း
(ဂ) အလက်ဆန်ထရိုဗော်တာ
(ဃ) နယူတန်

၂၉။ ပထမဆုံး လျှပ်စစ်ဓာတ်အားပေးစက်ကို မည်သူတီထွင်ခဲ့သနည်း။
(က) အက်ဒီဆင်
(ခ) အိုင်းစတိုင်း
(ဂ) အလက်ဆန်ထရိုဗော်တာ
(ဃ) မိုက်ကယ်ဖာရာဒေး

၃၀။ မည်သည့်ခုနှစ်တွင် လျှပ်စစ်ဓာတ်အားပေးစက်ကို အောင်မြင်စွာ တီထွင်နိုင်ခဲ့သနည်း။
(က) ၁၈၁၁ (ခ) ၁၈၂၁
(ဂ) ၁၈၃၁ (ဃ) ၁၈၄၁

၃၁။ လျှပ်စစ်မီးသီးကို အက်ဒီဆင်နှင့် အပြိုင်တီထွင်ခဲ့သူသည် မည်သူနည်း။
(က) မိုက်ကယ်ဖာရာဒေး
(ခ) အိုင်းစတိုင်း
(ဂ) ကျိုးဆက်ဆွမ်း
(ဃ) နယူတန်

၃၂။ ပထမဆုံးရေနွေးငွေ့ဓာတ်အားပေးစက်ကို မည်သည့်ရာစုနှစ်တွင် တီထွင်ခဲ့သနည်း။
(က) ၁ ရာစု (ခ) ၂ ရာစု
(ဂ) ၃ ရာစု (ဃ) ၄ ရာစု

၃၃။ ပထမဦးဆုံး ရထားလမ်းကို မည်သည့်နိုင်ငံတွင် စတင်ဖောက်လုပ်ခဲ့သနည်း။
(က) အီဂျစ် (ခ) အီရန်
(ဂ) အီသီယိုးပီးယား (ဃ) အင်္ဂလန်

၃၄။ ခေတ်ပေါ်ရေနွေးငွေ့ဓာတ်အားပေးစက်ကို မည်သူတီထွင်ခဲ့သနည်း။
(က) ဂျိမ်းစ်ဝပ်
(ခ) အိုင်းစတိုင်း
(ဂ) ကျိုးဆက်ဆွမ်း
(ဃ) စတီဖင်ဟော့ကင်း

၃၅။ အီလက်ထရွန်နစ် ပလပ်ခေါင်းများဖြင့်လောင်စာကို အင်ဂျင်တွင်း ပေါက်ကွဲမှု စွမ်းအင်ထုတ်လုပ်သည့် နည်းပညာကို မည်သည့်ခုနှစ်တွင် မူပိုင်ခွင့်တင်ခဲ့သနည်း။
(က) ၁၈၆၃ (ခ) ၁၈၇၃
(ဂ) ၁၈၈၃ (ဃ) ၁၈၉၃

၃၆။ လေယာဉ်မတီထွင်မီ ဂလိုက်ဒါကို မည်သူတီထွင်ခဲ့သနည်း။
(က) ရိုက်ညီနောင်
(ခ) အော်တိုလီလီယန်သယ်
(ဂ) အိုင်းစတိုင်း (ဃ) နယူတန်

၃၇။ အတ္တလန္တိတ်သမုဒ္ဒရာကို တစ်ယောက်တည်း ပထမဆုံး ဖြတ်သန်းခဲ့သူသည် မည်သူနည်း။
(က) အာအီးဘာ့ဂ်
(ခ) ချားလ်အေလင်းဘာ့ဂ်
(ဂ) ရိုက်ညီနောင်
(ဃ) အော်တိုလီလီယန်သယ်

၃၈။ အစက်အပြောက်ကလေးများနှင့် အတုံးကလေးများကို မည်သည့်စာတွင် အများဆုံးသုံးသနည်း။
(က) အရုပ်စာ
(ခ) မောဆက်ဝှက်စာ
(ဂ) ကျောက်စာ
(ဃ) ပေစာ

၃၉။ ကမ္ဘာ့ပထမဆုံး ကင်မရာကိုယ်ထည်ကို မည်သည့်အရာဖြင့် ထုတ်လုပ်ထားသနည်း။
(က) သံ (ခ) ကြေးနီ
(ဂ) သွပ် (ဃ) သစ်သား

၄၀။ ဓာတ်ပုံနည်းပညာသည် မည်သည့်ရာစုနှစ် တွင် တွင်ကျယ်လာသနည်း။
(က) ၁၆ (ခ) ၁၇
(ဂ) ၁၈ (ဃ) ၁၉

## အဖြေများ

၁။ (က) ၂။ (ခ) ၃။ (ဂ)
၄။ (ဃ) ၅။ (က) ၆။ (ခ)
၇။(ခ) ၈။(က) ၉။ (ခ) ၁၀။(ဃ)
၁၁။ (ဃ) ၁၂။ (ခ) ၁၃။ (ခ)
၁၄။ (ဃ) ၁၅။ (က) ၁၆။ (ဂ)
၁၇။ (ဂ) ၁၈။(က) ၁၉။ (ဂ)
၂၀။ (က) ၂၁။ (ဂ) ၂၂။ (က)
၂၃။ (ဃ) ၂၄။ (က) ၂၅။ (ဂ)
၂၆။ (ခ) ၂၇။ (ခ) ၂၈။(ခ)
၂၉။ (ဃ) ၃၀။ (ဃ) ၃၁။ (ဂ)
၃၂။ (က) ၃၃။ (ဃ) ၃၄။ (က)
၃၅။ (ဂ) ၃၆။ (ခ) ၃၇။ (ခ)
၃၈။(ခ) ၃၉။ (ဃ) ၄၀။ (ဃ)



www.burmeseclassic.com

www.burmeseclassic.com

# လက်တွေ့အသုံးချ သုတကဏ္ဍ

- စားသင့်သော အနက်ရောင်အစားအစာများ
- ကြားနေကျခန္ဓာကိုယ်မှ အသံများ
- ထီးကြာရှည်ခံအောင် ထိန်းသိမ်းနည်းများ

ဒေါက်တာနုမြတ်





www.burmeseclassic.com

www.burmeseclassic.com



# စားသင့်သောအနက်ရောင်အစားအစာများ

ဆိုးဆေးကြောင့် မဟုတ်ဘဲ သဘာဝအတိုင်း အရောင်အသွေးစုံတဲ့ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံတို့မှာ အာဟာရဓာတ်စုံလင်စွာ ပါရှိတဲ့အတွက် စားသင့်ကြောင်းကိုတော့ သိပြီးသားဖြစ်မှာပါ။ ဒါပေမဲ့ အရောင်အသွေးစုံလင်တဲ့ အသီးအနှံတွေအပြင် အနက်ရောင်ရှိတဲ့ အစားအစာတွေဟာလည်း ကျန်းမာရေးနဲ့ ညီညွတ်ကြောင်းကိုတော့ သိချင်မှ သိကြဦးမှာပါ။ အခုနောက်ပိုင်းမှာ ဂျပန်လူမျိုးတွေဟာ အနက်ရောင်အစာတွေနဲ့ ပတ်သက်ပြီး စိတ်ဝင်စားလာကြတာ ကျန်းမာရေးအတွက် အကျိုးပြုပုံတွေကိုလည်း သတိထားမိလာကြပါတယ်။

တခြားအရောင်အသွေးစုံတဲ့ အသီးအနှံတွေလို ပင်ကိုအနက်ရောင်ရှိတဲ့ အစာတွေမှာလည်း အရောင်ပိုစိုလေ၊ ပိုနက်လေ အဲဒီအစာမှာပါတဲ့ ဓာတ်တိုးဆန့်ကျင်ပစ္စည်း (antioxidant)တွေလည်း များလေပါပဲ။ ခရမ်းချဉ်သီးမှာ အနီရောင်ဖြစ်စေနိုင်တဲ့ Lycopene ဆိုတဲ့ ဓာတ်ပါရှိသလို အနက်ရောင်အစားအစာတွေမှာလည်း အနက်ရောင်ဖြစ်စေနိုင်တဲ့ Anthocyanin လို့ ခေါ်တဲ့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းတစ်မျိုး ပါရှိပါတယ်။ အနက်ရောင်ရှိတဲ့ ဘယ်လိုအစားအစာတွေ ကျန်းမာရေးကို ဘယ်လိုအကျိုးကျေးဇူးပေးစွမ်းသလဲဆိုတာ ကြည့်ရအောင်။

## လက်ဖက်ခြောက်



လက်ဖက်စိမ်း၊ လက်ဖက်ခြောက် (Green Tea)တွေဟာ ကျန်းမာရေးနဲ့ ညီညွတ်သလို မြန်မာနိုင်ငံမှာ ရေနွေးကြမ်း ဒါမှမဟုတ် လက်ဖက်ရည်အဖြစ် သောက်လေ့ရှိကြတဲ့ အနက်ရောင်လက်ဖက်ခြောက် တွေဟာလည်း ကျန်းမာရေးအတွက် ကောင်းပါတယ်။ စိတ်ဖိစီးမှုကို သက်သာစေကာ ပါကင်ဆန်ရောဂါ (Parkison's disease) ကိုလည်း ကာကွယ်ပေးပါတယ်။

**တွေ့ရှိချက်များ**

■ စင်ကာပူမှ သုတေသနပညာရှင်များရဲ့ တွေ့ရှိချက်အရ တစ်လကို ရေနွေးကြမ်း ၂၃ ခွက်သောက်ခြင်းဖြင့် ပါကင်ဆန် ရောဂါဖြစ်နိုင်ခြေ ၇၁ ရာခိုင်နှုန်းလျော့နည်းသွားနိုင်ကြောင်း သိရပါတယ်။ လက်ဖက်စိမ်း၊ လက်ဖက်ခြောက်ခတ်ထားတဲ့ ရေနွေးကြမ်းမှာ ဒီလောက်ကာကွယ်မှုတောင် မပေးနိုင်တာ တွေ့ရပါတယ်။ လန်ဒန်မှ သိပ္ပံပညာရှင်တွေဟာ လက်ဖက်ရည်မသောက်သူတွေထက်စာရင် တစ်နေ့ကို လေးခွက်သောက်သုံးသူတွေဟာ စိတ်ဖိစီးမှုများတဲ့ အခြေအနေတွေနဲ့ ရင်ဆိုင်ရတဲ့အခါ စိတ်ဖိစီးမှုဟော်မုန်းဖြစ်တဲ့ ကော်တီဇော (Cortisol) ကို သိသိသာသာကြီးလျော့နည်းစေနိုင်တာကို တွေ့ရှိရပါတယ်။

TIP

ဒီနိုင်ငံမှာ သောက်သလို လက်ဖက်ခြောက်အချိုခြောက်ကို နွားနို့နဲ့ ရောပြီး လက်ဖက်ရည်အဖြစ်လည်း သောက်နိုင်ပါတယ်။ နွားနို့နဲ့ ရောသောက်ခြင်းဖြင့် လက်ဖက်ခြောက်ရဲ့ ဓာတ်တိုးဆန့်ကျင်ပစ္စည်း အစွမ်းကို မထိခိုက်စေနိုင်ပါဘူး။

## ဘယ်ရီသီးအနက် (Blackberries)



TIP

[illegible] Blackberries ကိုစားပါ။ [illegible]

[illegible]ဘယ်ရီတို့လို ဘယ်ရီသီးအမျိုး ဖြစ်တဲ့ Blackberry သီးတွေမှာ Antioxidant ဓာတ်တွေ အများကြီးပါရှိပါတယ်။

**တွေ့ရှိချက်များ**

■ နော်ဝေနိုင်ငံတက္ကသိုလ်တစ်ခုမှ အစားအစာအမျိုးပေါင်း ၁၅၀၀ ကို [illegible] ခဲ့ရာ Blackberry သီးတွေမှာ antioxidant ပမာဏအများဆုံးပါဝင်တာကို [illegible] တယ်။

■ အရေပြားနဲ့ အဆုတ်ကင်ဆာရောဂါတွေ တိုက်ဖျက်ရာမှာတောင် အကူအညီပေးနိုင်ကြောင်း တွေ့ရှိရပါတယ်။

## ကောက်ညှင်းချိတ်ဆန်



အနက်ရောင်ရှိတဲ့ ကောက်ညှင်းချိတ်ဆန်တွေဟာ ကောင်းတဲ့ ကိုလက်စထရော ပမာဏကို များစေကာ ကင်ဆာရောဂါကို ကာကွယ်ပေးပါတယ်။ အခွံလည်း မချွတ်ရသေးတဲ့အတွက် အမျှင်ဓာတ်များစွာ ကြွယ်ဝပါတယ်။

**တွေ့ရှိချက်များ**

တောင်ကိုရီးယားရှိ တက္ကသိုလ်တစ်ခုမှ လေ့လာချက်တစ်ခုအရ ကောက်ညှင်းချိတ်ဆန်မှာ ကောင်းတဲ့ ကိုလက်စထရော (HDL) ပမာဏကြွယ်ဝတာတွေ့ရပါတယ်။ ကောက်ညှင်းချိတ်ဆန်ကို အနက်ရောင်ဖြစ်စေတဲ့ Anthocyain ဓာတ်ဟာလည်း ကင်ဆာဆဲလ်တွေကြီးထွားမှုကို တားဆီးနိုင်တာကို တွေ့ရပါတယ်။

TIP

ကောက်ညှင်းချိတ်ဆန်သည် ဒီနိုင်ငံ မှာ ကောက်ညှင်းပေါင်းအဖြစ် ပေါင်းပြီး စားလေ့ရှိသလို တခြားနိုင်ငံတွေမှာလည်း တခြားပုံစံနဲ့ အချိုတည်းလေ့ရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



## နှမ်းစေ့အနက်



အနက်ရောင်နှမ်းစေ့ဟာ Antioxidant ဓာတ်တွေနဲ့ ကယ်လ်စီယမ်ဓာတ်တွေကို ခန္ဓာကိုယ်မှ စုပ်ယူအားကောင်းစေနိုင်ပါတယ်။

**တွေ့ရှိချက်များ**

- အနက်ရောင်နှမ်းစေ့အပြင်ဘက်အနက်ရောင်အခွံ (ဒီအခွံချွတ်လိုက်ပါက အဖြူရောင်နှမ်းစေ့ဖြစ်သွားပါတယ်)ကို အနက်ရောင်ဖြစ်စေတဲ့ ရောင်ခြယ်ပစ္စည်းမှာ Antioxidant ဓာတ်များစွာ ကြွယ်ဝစွာတွေ့ရှိရပါတယ်။
- နှမ်းစေ့အနက် ဇွန်းတစ်ဇွန်းမှာ ကယ်လ်စီယမ်ဓာတ် ၈၈ မီလီဂရမ်ပါရှိပါတယ်။ ပမာဏတူ နွားနို့မှာတော့ ၈၇ မီလီဂရမ်သာရှိပါတယ်။



ရှီတိတ်မှိုလတ်လတ်ဆတ်ဆတ်ရဖို့ ခက်ခဲပါက လိုအပ်တဲ့ ပမာဏတွေ ပါဝင်ဆဲ ဖြစ်တဲ့ မှိုခြောက်ကို သုံးဆောင်နိုင်ပါတယ်။ မှိုစိုပဲစားစား၊ မှိုခြောက်ပဲစားစား အပူပေးပြီးမှ စားပါ။ ရှီတိတ်မှိုကို ချက်ပြုတ်စားသုံးခြင်းဖြင့် မှိုမှာ ပါဝင်တဲ့ Antioxidant ဓာတ်တွေကို ပိုပြီး အကျိုးအာနိသင်ရှိစေနိုင်တာ တွေ့ရပါတယ်။

## ရှီတိတ်မှို

ရှီတိတ် (Shitake)အမျိုးအစားမှိုတွေဟာ ကိုယ်ခံစွမ်းအားကို တက်စေနိုင်သလို ကိုလက်စထရောပမာဏကိုလည်း ကျစေနိုင်ပါတယ်။

**တွေ့ရှိချက်များ**

- ဂျပန်နိုင်ငံရှိ တက္ကသိုလ်တစ်ခုမှ သုတေသနပညာရှင်များရဲ့အဆိုအရ ရှီတိတ်မှိုမှာ ကိုယ်ခံစွမ်းအားမြှင့်တင်ပေးနိုင် ပြီး ဗိုင်းရပ်စ်ပိုးတွေ တိုက်ဖျက်ပေးတဲ့ Lentinan အင်ဇိုင်းကြွယ်ဝစွာပါရှိကြောင်း သိရပါတယ်။ Lentinan ကို ဂျပန်နိုင်ငံမှာ ထိရောက်တဲ့ ကင်ဆာကုသဆေးအဖြစ် အသုံးပြုနေကြပါတယ်။
- ရှီတိတ်မှိုမှာ ပါရှိတဲ့ Eritadenine လို့ ခေါ်တဲ့ အမိုင်နိုအက်စစ်တစ်မျိုးဟာလည်း သွေးတွင်းကိုလက်စထရော ပမာဏလျှော့ချရာမှာ ကူညီပေးပါတယ်။

## ငရုတ်ကောင်းအနက်



အမျိုးအစား (၂)ဆီးချိုရောဂါဖြစ်အောင် ကာကွယ်ပေးတာ အစာခြေစနစ်ကိုလည်း ကောင်းမွန်စေပါတယ်။

**တွေ့ရှိချက်များ**

- ငရုတ်ကောင်းအနက်မှာ သွေးတွင်း သကြားပမာဏများလာခြင်းကြောင့်ဖြစ်ပေါ်လာတဲ့ ရောင်ရမ်းမှုနဲ့ ဆဲလ်သွေးပျက်စီးမှုတွေကို ကာကွယ်ပေးနိုင်တဲ့ ရှားပါးဟင်းခတ် အမွှေးအကြိုင်တစ်ခုအနေအထဲဖြစ်တဲ့အတွက် အမျိုးအစား (၂)ဆီးချိုရောဂါကိုလည်း တိုက်ဖျက်နိုင်မယ်လို့ အမေရိကန်ပြည်ထောင်စုရှိ Georgia တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားထားပါတယ်။
- အိန္ဒိယ ဆေးတက္ကသိုလ်တစ်ခုမှ တွေ့ရှိချက်အရ ငရုတ်ကောင်းအနက်မှာ အဓိက ပါဝင်တဲ့ Piperine လို့ ခေါ်တဲ့ ဓာတ်တစ်မျိုးဟာ အစာခြေစနစ်ကို ကူညီဆောင်ပေးကာ အစာကြေညက်ဖို့ လိုအပ်တဲ့အချိန်ကိုလည်း လျှော့ချပေးပါတယ်။

အနက်ရောင်ငရုတ်ကောင်းစေ့ကို မစားခင် ကြိတ်ပြီး လောလောဆယ် သုံးသင့်ပါတယ်။ ကြိတ်ပြီးသားတွေဟာ အဆင်သင့်ဖြစ်ပေမဲ့ ငရုတ်ကောင်းမှုန့်တွေဟာ လေထဲက အောက်ဆီဂျင်နဲ့ ထိတွေ့တဲ့အခါ ဓာတ်ပြုပြီး အာနိသင် လျော့နည်းသွားတတ်ပါတယ်။



သွေးတိုးရောဂါရှိပါက နွယ်ချိုပါရှိတဲ့ ချိုချဉ်၊ လက်ဖက်ရည်နဲ့ အားဆေးတွေကို ရှောင်သင့်ပါတယ်။ နွယ်ချိုဟာ သွေးပေါင်ချိန်တက်စေနိုင်လို့ပါ။

## နွယ်ချို

သွားဆွေးမြည့်ပျက်စီးခြင်းနဲ့ ကင်ဆာရောဂါကို ကာကွယ်နိုင်ပါတယ်။

**တွေ့ရှိချက်များ**

- အမေရိကန်ပြည်ထောင်စု၊ နယူးဂျာစီနယ်ရှိ တက္ကသိုလ်မှ သိပ္ပံပညာရှင်များရဲ့ ရှာဖွေတွေ့ရှိချက်အရ နွယ်ချိုမှာပါရှိတဲ့ B-hydroxy antioxidant ဖြစ်တဲ့ Polyphenot အုပ်စုမှာ ပါရှိတဲ့အတွက် ကင်ဆာရောဂါကို ကာကွယ်နိုင်ကြောင်း သိရပါတယ်။
- ကယ်လီဖိုးနီးယား လော့စ်အိန်ဂျလိစ် တက္ကသိုလ်မှ သိပ္ပံပညာရှင်များရဲ့ အဆိုအရ နွယ်ချိုအရသာရှိ ချိုချဉ်များမှာပါရှိတဲ့ နွယ်ချိုမှာ သွားပိုးစားခြင်းနဲ့ အခေါင်းပေါက်များ ဖြစ်ပေါ်ခြင်းကို ကာကွယ်နိုင်တဲ့ ဒြပ်ပေါင်းတွေပါရှိကြောင်းသိရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



# ကြားနေကျခန္ဓာကိုယ်မှအသံများ

ကျွန်မတို့ရဲ့ ခန္ဓာကိုယ်ထဲက ထွက်ရှိလာတဲ့အသံတွေဟာ ကျွန်မတို့ကို သတိပေးနေတာ ဖြစ်ကောင်းဖြစ်နိုင်တယ်လို့ ပြောရင် ယုံကြမှာလား။ ဒါပေမဲ့ တကယ်ပဲ ခန္ဓာကိုယ်က ထွက်ရှိတဲ့ အသံတချို့ဟာ ခန္ဓာကိုယ်ကို ဂရုစိုက်ဖို့ လိုအပ်နေကြောင်း အချက်ပြသတိပေးနေတာဖြစ်ပြီး ဒီအသံတွေကို သတိထားမိပါက မဖြစ်သင့်တာတွေ မဖြစ်ရအောင် ကြိုတင်ကာကွယ်နိုင်ပါတယ်။ ဒါကြောင့် ခန္ဓာကိုယ်က ထွက်ရှိတဲ့ ကြားနေကျအသံတွေအကြောင်းနဲ့ ဘယ်အချိန်မှာ ဆရာဝန်ပြသင့်လဲဆိုတာကို ဖော်ပြလိုက်ပါတယ်။

## "ခလော. . . ခလော. . ." ဆိုတဲ့ ဟောက်သံ




အိပ်စက်တဲ့အခါ လည်ချောင်းအနောက်ဘက်ရှိကြွက်သားက ပြေလျော့သွားပြီး အသက်ရှူလိုက်တိုင်း လေလမ်းကြောင်းကို တုန်ခါစေတဲ့အတွက် ဟောက်သံထွက်ပေါ်လာတာပါ။ အရက်၊ အိပ်ဆေး၊ အဝလွန်ခြင်းနဲ့ ပင်ပန်းလွန်းခြင်းကြောင့် အိပ်တဲ့အခါ ပိုပြီး ဟောက်စေနိုင်ပါတယ်။

**ဘယ်အချိန်စိုးရိမ်သင့်သလဲ ►** သင်ရဲ့ ဟောက်သံက သင်နဲ့ သင်ရဲ့ အိပ်ဖော်ကို အနှောင့်အယှက်ပေးလွန်းနေရင်၊ လည်ချောင်းမှာ တစ်ခုခုစားနေရသလိုနဲ့ နိုးလာရင် နေ့လယ်နေ့ခင်းမှာ အလွန်အမင်း အိပ်ငိုက်နေရင်၊ ဒါမှမဟုတ် နှုံးချည့်စွာနဲ့ နိုးထလာခဲ့ရင်၊ ဆရာဝန်နဲ့ပြသသင့်ပါတယ်။ ဒါတွေဟာ ရိုးရိုးဟောက်တာ မဟုတ်နိုင်တော့ဘဲ အိပ်နေရင်းနဲ့ အသက်ရှူခဏရပ်ခြင်း (Sleep Apnoea)ရဲ့ လက္ခဏာရပ်တစ်ခု ဖြစ်လာနိုင်ပြီး ကျန်းမာရေးအန္တရာယ် ကြီးကြီးမားမားဖြစ်နိုင်တဲ့အတွက် သတိထားသင့်ပါတယ်။

**ဘာလုပ်သင့်လဲ ►** အလွန်ဆိုးရွားပါက ခွဲစိတ်ကုသမှုခံယူခြင်းက သက်သာပျောက်ကင်းနိုင်ပါတယ်။ အရက်ဖြတ်ပါ။ ခန္ဓာကိုယ်အဝမလွန်အောင် ထိန်းသိမ်းပါ။

## "ဂွီ. . . ဂွီ" ဆိုတဲ့ ဗိုက်ထဲကအသံ

ဗိုက်ထဲက ထွက်ပေါ်လာတဲ့ ဂွီဂွီဆိုတဲ့အသံကို လူတိုင်းကြားဖူးကြမှာပါ။ ဒီအသံချည်းပဲဆိုရင် ဘာကိစ္စမှမရှိပေမယ့် ဝမ်းမကြာခဏ သွားနေရင်တော့ ဒါဟာ ဝမ်းလျှော၊ ဝမ်းပျက်ခြင်းရဲ့ လက္ခဏာရပ်ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ ဒီအသံထွက်ပေါ်ခြင်းရဲ့ အဓိက အကြောင်းရင်းတွေကတော့ ဗိုက်ဆာခြင်း ဒါမှမဟုတ် အစာအိမ်ထဲမှာ ဂက်စ်တွေနဲ့အရည်တွေရောနေခြင်းတို့ပဲဖြစ်ပါတယ်။

**ဘယ်အချိန်စိုးရိမ်သင့်လဲ ►** များသောအားဖြင့် ဘာမှစိတ်ပူစရာမရှိဘဲ သူ့အလိုလို ပျောက်ကွယ်သွားမှာပါ။ ဒါပေမဲ့ ဒီလိုအသံတွေအပြင် ဝမ်းဗိုက်ပါ နာကျင်နေပါက အူပိတ်ဆို့ခြင်း ဖြစ်နိုင်တဲ့အတွက် စိုးရိမ်သင့်ပါတယ်။ သင့်ဗိုက်က အသံမြည်တဲ့အခါ ဗိုက်နာလာရင် ဒါမှမဟုတ် အိမ်သာ မကြာခဏတက်နေရရင် ဆရာဝန်ထံပြသင့်ပါတယ်။



**ဘာလုပ်သင့်လဲ ►** ဗိုက်နာရစ်တာ သက်သာစေနိုင်တဲ့ Bus-copan ဒါမှမဟုတ် Colese တို့လို ဆေးမျိုးတွေဟာ သက်သာစေနိုင်ပါတယ်။

## "ဟတ်ချိုး!!!" ဆိုတဲ့ နှာချေသံ




နှာချေခြင်းဆိုတာ နှာခေါင်းလမ်းကြောင်းမှာ ရှိတဲ့ ဓာတ်မတည့်စေတဲ့ပစ္စည်းတွေ၊ ရောဂါပိုးမွှားတွေကို ဖယ်ရှားပေးတဲ့ ရောဂါကာကွယ်တဲ့ စနစ်တစ်မျိုးပါပဲ။ ဓာတ်မတည့်ခြင်း၊ အအေးမိခြင်းနဲ့ တုပ်ကွေးရောဂါတွေကြောင့် နှာချေခြင်းအဖြစ် အများဆုံး ဖြစ်ပါတယ်။ ကျန်းမာတဲ့သူတွေတောင် တစ်နေ့ကို အနည်းဆုံး လေးခါလောက် နှာချေနိုင်ပါတယ်။

**ဘယ်အချိန်စိုးရိမ်သင့်လဲ ►** နှာချေခြင်းနဲ့ တခြားလက္ခဏာတွေ တွဲတွေ့ရင် ဒါမှမဟုတ် သင်ရဲ့ နေ့စဉ်ဘဝကို ထိခိုက်လာရင် ဆရာဝန်နဲ့ ပြသင့်ပါတယ်။

**ဘာလုပ်သင့်လဲ ►** သင့်ကို နှာချေခြင်းဖြစ်စေတဲ့ အကြောင်းရင်းရှာကာ ကုသပါ။ တစ်ခုခုနဲ့ ဓာတ်မတည့်လို့ နှာချေတယ်ဆိုရင်လည်း ဘာနဲ့ဓာတ်မတည့်လဲဆိုတာ လေ့လာကြည့်ပြီး မတည့်တာနဲ့ ဝေးဝေးမှာ နေပါ။ ဥပမာ- ကြောင်မွေးနဲ့ ဓာတ်မတည့်ရင် ကြောင်မမွေးပါနဲ့၊ ဖုန်နဲ့ ဓာတ်မတည့်ရင် ဖုန်ထူတဲ့ နေရာနားမသွားပါနဲ့။

## "ဂျွတ်. . . ဂျွတ်" ဆိုတဲ့ အဆစ်ချိုးသံ

လက်အဆစ်ချိုးတဲ့အခါ ဒါမှမဟုတ် ဖက်ကြောချိုးတဲ့အခါထွက်လာတဲ့ ဂျွတ်ဂျွတ်ဆိုတဲ့အသံဟာ ပုံမှန်ဖြစ်ပြီး အဲဒီအသံဖြစ်လာတဲ့ အကြောင်းနှစ်ချက်ရှိပါတယ်။ ပထမအချက်က အရိုးပေါ်မှာ အရွတ်တွေ လှုပ်ရှားသွားတဲ့အခါ အသံဖြစ်ပေါ်လာတာဖြစ်ပြီး ဒုတိယအချက်ကတော့ အဆစ်တွေမှာ ပြောင်းလဲမှုရှိတဲ့အခါ ဂက်စ်ပူစီဖောင်းလေးတွေဖြစ်





www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာပြီး အဆစ်ထဲမှာ အသံတွေ မြည်လာတာဖြစ်ပါတယ်။

**ဘယ်အချိန်မှာစိုးရိမ်သင့်လဲ ►** ဒီလိုအသံတွေ မကြာခဏမြည်ခြင်းဟာ အဆစ်တွေထဲမှာ တည်ငြိမ်မှုမရှိတာကို ဖော်ပြနေတဲ့အတွက် အဆစ်နဲ့ကြွက်သားတွေကို စနစ်တကျစမ်းသပ်စစ်ဆေးဖို့ လိုအပ်ပါတယ်။

**ဘာလုပ်သင့်လဲ ►** အဆစ်မတည်ငြိမ်မှုကြောင့် ဖြစ်ပါက ကြွက်သားသန်မာစေတဲ့ လေ့ကျင့်ခန်းနဲ့ Chiropractic ကုထုံးက သက်သာစေနိုင်ပါတယ်။

## "ဖွတ်!" ဆိုတဲ့ လေလည်သံ



လေလည်ခြင်းဟာ အစာအိမ်နဲ့ အူလမ်းကြောင်းတွင်း ဂက်စ်တွေပိုလျှံနေခြင်းကြောင့်ဖြစ်ပေါ်လာတာပါ။ ရှက်စရာကောင်းသလိုလို၊ စိတ်အနှောင့်အယှက်ဖြစ်စရာကောင်းသလိုလိုဖြစ်နေပေမယ့် တကယ်တော့ လေလည်တာဟာ ပုံမှန်ပါပဲ။ လူအများစုဟာ တစ်နေ့ကို ၁၄ ကြိမ်မှ ၂၃ ကြိမ်ကြားလေလည်တတ်ကြပါတယ်။

**ဘယ်အချိန်မှာစိုးရိမ်သင့်လဲ ►** မကြာခဏလေလည်နေပါက သင်ဟာ အမျှင်ဓာတ်အလွန်များပြားစွာပါရှိတဲ့ အစာတွေစားမိခြင်းကြောင့် ဖြစ်နိုင်ပါတယ်။ အနံ့ ဆိုးရွားစွာ လေလည်ခြင်းဟာ အူမရောင်ရမ်းခြင်းရဲ့ လက္ခဏာတစ်ရပ်ဖြစ်နိုင်ပေမယ့် စိုးရိမ်ရတဲ့ လက္ခဏာရပ်တော့ မဟုတ်ပါဘူး။

**ဘာလုပ်သင့်လဲ ►** လေလည်ခြင်းဟာ ပုံမှန်ဖြစ်ပြီး ကျန်းမာရေးနဲ့ ညီညွတ်ပေမယ့် လေလည်ခြင်းကို ရှက်စရာလို့ထင်ပါက မကြာခဏလေမလည်အောင် အရက်သောက်ခြင်း၊ အစာ လျှင်မြန်စွာ စားခြင်း၊ လေပွစေနိုင်တဲ့ ဂေါ်ဖီထုပ်နဲ့ ပန်းဂေါ်ဖီများစားခြင်းတို့ကို ရှောင်သင့်ပါတယ်။

## "ဂျစ်...ဂျစ်" ဆိုတဲ့ သွားကြိတ်သံ



ကျွန်မတို့ အားလုံးသွားကြိတ်တတ်ကြပါတယ်။ အများစုက အနည်းဆုံးတစ်ပတ်သုံးညလောက် အိပ်မက်မက်နေချိန်မှာ ကြိတ်လေ့ရှိပါတယ်။ နေ့လယ်နေ့ခင်းမှာ သွားကြိတ်တာကတော့ အကျင့်ကြောင့် အများဆုံးဖြစ်ပြီး စိတ်ဖိစီးမှုနဲ့လည်း ဆက်စပ်နေတတ်ပါတယ်။

**ဘယ်အချိန်မှာစိုးရိမ်သင့်လဲ ►** အကယ်၍ သင့်သွားတွေ ပဲ့ကုန်ရင်၊ အက်ကုန်ရင်တော့ သွားဆရာဝန်ထံပြသင့်နေပါပြီ။ Cracked Cusp Syndrome လို့ခေါ်တဲ့ လက္ခဏာတစ်ခုရှိပါတယ်။ အဲဒီလက္ခဏာစုမှာ သွားတွေထဲ ဖိစီးမှုကြောင့် ဖြစ်ပေါ်လာတဲ့ အက်ရာတွေရှိပြီး ကြာလာတဲ့အခါမှာ သွားတွေအက်ကွဲလာနိုင်သလို အကြောတွေ နာကျင်မှုလည်း ဖြစ်ပေါ်လာနိုင်ပါတယ်။ တချို့လူတွေမှာ သွားကြိတ်ရာကနေ ခေါင်းကိုက်ခြင်းဖြစ်ပေါ်လာတတ်သလို လူနည်းစုမှာလည်း နာတာရှည်မေးရိုးနာကျင်မှုတွေ ခံစားရနိုင်ပါတယ်။

**ဘာလုပ်သင့်လဲ ►** သွားအလွန်အမင်းကြိတ်ခြင်းကို Splint လို့ခေါ်တဲ့ ဖြုတ်လို့ တပ်လို့ရတဲ့ ပစ္စည်းကို အပေါ်သွား၊ အောက်သွားခွဲခြားဖို့ ညဘက်မှာ တပ်ထားခြင်းဖြင့် သက်သာစေနိုင်ပါတယ်။ ဒါပေမဲ့ လူတိုင်းကတော့ ဒါကို မလိုအပ်ပါဘူး။ အခြေအနေဆိုးရွားမှ တပ်သင့်ပါတယ်။

## "အူ..." ဆိုတဲ့ နားအူသံ



နားအူခြင်းဟာ အသံကျယ်တွေ ကြားရတဲ့အခါ (ဥပမာ-တေးဂီတဖျော်ဖြေပွဲမှာ အသံကျယ်လွန်းတဲ့အခါ ဒါမှမဟုတ် Headphone နဲ့ သီချင်းအကျယ်ကြီး နားထောင်တဲ့အခါစသဖြင့်)မှာ ဖြစ်တတ်ပါတယ်။ ခေါင်းမတော်တဆထိခိုက်မိခြင်း၊ ခွဲစိတ်ကုသခံရခြင်း ဒါမှမဟုတ် တချို့ဆေးဝါးတွေ သုံးစွဲတဲ့အခါမှာလည်း နားအူတတ်ပါတယ်။

**ဘယ်အချိန်မှာစိုးရိမ်သင့်လဲ ►** ပုံမှန်အားဖြင့် နားအူတာဟာ ရက်အနည်းငယ်အတွင်း သက်သာပျောက်ကင်း ပါတယ်။ ရက်အတော်ကြာတဲ့အထိ ဆက်ပြီး အူနေသေးရင်တော့ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဆရာဝန်ထံ သွားပြသင့်ပါတယ်။ အလွန်ရှားပါးတဲ့ ဖြစ်ရပ်တွေမှာ အဖု၊ အကျိတ်စတဲ့ နောက်ခံပြဿနာရပ်တွေနဲ့ လက္ခဏာရပ်တစ်ခုဖြစ်နိုင်ပါတယ်။

**ဘာလုပ်သင့်လဲ ►** သီချင်းနားထောင်တဲ့အခါ အသံအကျယ်ကြီး ဖွင့်ပြီး နားမထောင်ပါနဲ့။

## "အှေ့!" ဆိုတဲ့ လေတက်သံ




လေတက်ခြင်း၊ လေချဉ်တက်ခြင်းဟာ အစာအိမ်ထဲမှာ ဂက်စ်နဲ့လေတွေ ပိုလျှံနေတဲ့အခါ ဖြစ်နိုင်ပါတယ်။ ဗိုက်ပြည့်လွန်းတဲ့အခါမှာလည်း ဖြစ်တတ်ပါတယ်။ ဂက်စ်ပါတဲ့ အအေးတွေ သောက်မိတဲ့အခါမှာလည်း လေတက်တတ်ပါတယ်။

**ဘယ်အချိန်မှာစိုးရိမ်သင့်လဲ ►** အစာနင်နေသလို ခံစားနေရရင် ဒါမှမဟုတ် အစာအနည်းငယ်စားမိရုံနဲ့ ဗိုက်ပြည့်သလို ခံစားနေရရင် သတိထားသင့်ပါတယ်။ အစာလမ်းကြောင်းနဲ့ အစာအိမ်ဆိုင်ရာ ရောဂါလက္ခဏာရပ်တစ်ခု ဖြစ်နိုင်လို့ပါ။

**ဘာလုပ်သင့်လဲ ►** အက်စစ်ဓာတ်လျှော့နည်းစေတဲ့ Antacid ဆေးတွေကို စားပေးနိုင်ပါတယ်။ ဘေးတစ်ဖက်စောင်းအိပ်ပြီး ဒူးကို ရင်ဘတ်ဖိ ကွေးထားရင်လည်း သက်သာနိုင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



# ထီး
## ကြာရှည်ခံအောင် ထိန်းသိမ်းနည်းများ



သင်ရဲ့ ထီးက သင့်ကို နေပူပူ၊ မိုးရွာရွာ ကာကွယ်ပေးနိုင်စွမ်းရှိတဲ့အတွက် သင့်အတွက် အလွန်အသုံးဝင်လှပါတယ်။ ထီးတစ်လက်တာရှည်ခံစေရန် ထီးကို ကောင်းကောင်း ဂရုစိုက်ဖို့လိုပါတယ်။ သင်ရဲ့ ထီး အလွယ်တကူ ဟောင်းနွမ်းပျက်စီးခြင်းမရှိစေရန် အောက်ပါ အချက်တို့ကို ဂရုစိုက်ပေးပါ။

■ အပြင်ဘက်မှာ မိုးရွာနေပါက ထီးဖွင့်တဲ့အခါ သတိထားပါ။ အထူးသဖြင့် လေထန်ချိန်မှာ လေတိုက်တဲ့ဘက်ကို မျက်နှာမူပြီး ဖွင့်ပါ။ မဟုတ်ပါက ထီးအရွက်လန်တတ်၊ ကိုင်းကျိုးသွားတတ်ပါတယ်။

■ အမိုးအောက်၊ သစ်ကိုင်းအောက် ထီးဖွင့်ပြီး လမ်းလျှောက်ရာမှာလည်း သတိထားပါ။ သစ်ကိုင်းနဲ့ ငြိပြီး ထီးအရွက်စုတ်ပြဲတတ်ပါတယ်။

■ ထီးအချွန် ထိပ်ပိုင်းတွေဟာ ခိုက်မိလွယ်၊ ရှလွယ်တဲ့အတွက် ဘေးလူတွေရော၊ ကိုယ်ပါ အန္တရာယ်မရှိအောင် သတိပြုသင့်ပါတယ်။

■ ထီးမဖွင့်မီ ထီးအရွက်တွေ ကပ်နေခြင်း မရှိစေရန် အနည်းငယ်ခါပြီးမှ ဖွင့်သင့်ပါတယ်။

■ ထီးကို အသုံးမပြုတဲ့အခါမှာလည်း ဂရုစိုက်ပေးသင့်ပါတယ်။ ထီးအရွက်၊ ထီးကိုင်းတွေ အပေါ်မှာ အစွန်းအထင်းတွေ ရှိနေလား၊ ညစ်ပတ်နေလား၊ မကြာခဏစစ်ဆေးပေးပါ။ ညစ်ပတ်နေပါက ဆပ်ပြာနဲ့ ရေနွေး အသုံးပြုကာ ဆေးကြောပါ။

■ ဆပ်ပြာအပြင်းစားတွေ၊ အစွန်းချွတ်ဆေးတွေ၊ ဓာတုပစ္စည်းအပြင်းစားတွေကို အသုံးမပြုသင့်ပါ။

■ ညစ်ပတ်ပေရေလွယ်တဲ့ အရောင်တွေမှာ အဖြူ၊ အနီနဲ့ ပြောင်ကာလာတွေဖြစ်တာကြောင့် ပြောင်အရောင်နုထီးတွေ ဝယ်ထားပါက သေချာဂရုစိုက်ပေးရပါမယ်။ အပွင့်၊ အစင်းပါတဲ့ ထီးတွေက ညစ်ပေလည်း သိပ်မသိသာလှပါဘူး။

■ ထီးမခြောက်သေးဘဲ ပိတ်ပြီး သိမ်းမထားသင့်ပါဘူး။ ဖားဥစွဲတတ်ပါတယ်။ ထီး လုံးဝခြောက်ပြီဆိုမှ သေချာခေါက်ကာ သိမ်းပါ။

■ ထီးအခြောက်ခံရာမှာ အပူဒဏ်များတဲ့ နေရာ၊ နေရောင်ခြည်နဲ့ တိုက်ရိုက်ထိတွေ့တဲ့ နေရာတွေမှာထက်စာရင် အရိပ်ရတဲ့ နေရာမှာ အခြောက်ခံတာ ပိုကောင်းပါတယ်။

■ ထီးဟာ ခရမ်းလွန်ရောင်ခြည်နဲ့ တိုက်ရိုက်ထိတွေ့ပါက အရောင်ကျွတ်လွယ်၊ ပျက်စီးလွယ်ပါတယ်။ နေရောင်ခြည်ရလွယ်တဲ့ ပြတင်းပေါက်နားမှာထားခြင်း၊ ကားနောက်ခန်းထဲ အကြာကြီးထည့်ထားခြင်း မပြုလုပ်သင့်ပါ။

■ အထူးသဖြင့် ကားထဲ အကြာကြီးထည့်ထားပါက ကားတွင်း အပူချိန်နဲ့ နေရောင်ခြည်ဒဏ်ကြောင့် ပျက်စီးလွယ်ပါတယ်။

■ နောက်ဆုံးသတိပြုရမှာက သင်ရဲ့ ထီးဟာ လမ်းလျှောက်တုတ်၊ လက်ကိုင်တုတ် မဟုတ်ကြောင်းပါ။ ထီးကို ထီးလိုသာ သုံးပါ။ မဟုတ်က ပျက်စီးလွယ်ပါတယ်။

**ဒေါက်တာနုမြင့်**



www.burmeseclassic.com

www.burmeseclassic.com








# Apollo *Gleneagles* Hospitals Information Center

## မြန်မာပြည်၏ တစ်ဦးတည်းသောနေကိုယ်စားလှယ်
## သီတာအေးမြဝန်ဆောင်မှုကုမ္ပဏီလီမိတက်
## ဆက်သွယ်ရန် -မဋ္ဌိမဂုဏ်ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေးအဖွဲ့

- ရန်ကုန်ရုံးချုပ် – အမှတ် (၄၄၈/ဘီ) ပထမထပ်၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
  ဖုန်း – ၀၉ ၅၀ ၆၅၈၃၁၊ ၀၉ ၅၀ ၁၃၅၂၂၊ ၀၉ ၄၉ ၂၈၁၉၄၆၊ ၀၉ ၇၃၀ ၄၅၅၀၀၊ ၀၁ ၃၉၄၈၈၉၊ ၀၁ ၂၉၆၄၄၆။
- မန္တလေးရုံးခွဲ – အမှတ် (၂၃၅)၊ မအမထပ်၊ ၂၈ လမ်း၊ (၈၀ လမ်းနှင့် ၈၂ လမ်းကြား)၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့

ဖုန်း–၀၉ ၄၂၅၀ ၂၈၀၁၂၊ ၀၇ ၄၂၀၀၀၉၉၄

Email - myintsimaghone.apollo@gmail.com www.myintsimaghone-apollo.info.com

www.burmeseclassic.com

www.burmeseclassic.com

# မဇ္ဈိမဂုဏ်

## ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေးအဖွဲ့





ဖွားတော်မူရာ
လုမ္ဗိနီဥယျာဉ်တော်



ဘုရားရှင်တို့၏
သတ္တာလေးပါးသိမြင်တော်မူခဲ့သည့်
ရွှေပလ္လင်တော်



ဓမ္မစကြာတရားဦးဟောတော်မူရာ
မိဂဒါဝုန်



ပရိနိဗ္ဗာန်စံဝင်တော်မူရာ
ကုသိနာရုံ

(၁၁)ညအိပ်၊ (၁၂) ရက်ခရီး သံဝေဇနီယလေးဌာန (အိန္ဒိယ - နီပေါ) ဂုဃိန်း၅သောင်း (စရိတ်ငြိမ်း)

ဘုရားဖူးသွားလိုသူများ(၁)လကြိုတင်၍
စာရင်းပေးသွင်းနိုင်ပါသည်။
နိုင်ငံကူးလက်မှတ်မရှိသေးသူများ
(၁)လကြိုတင်စာရင်းပေးသွင်းထားရပါမည်။

ပြည်တွင်းနှင့်
ဘုရားဖူးခရီးစဉ်အစမှ အဆုံးထိ
မည်သည့်အကြောင်းနှင့်မျှ
ငွေကြေးထပ်မံကောက်ခံခြင်းမရှိပါ။

နိုင်ငံကူးလက်မှတ်ရှိပြီးသူများ၅၀၀၀၀ (Discount) (၁၆)ဦး-တစ်ဦး (Discount)

**ပြည်တွင်းပြည်ပရှိဝန်ဆောင်မှုများ**

၁။ နိုင်ငံကူးလက်မှတ်ပြုလုပ်ပေးခြင်း၊
၂။ ဗီဇာ (အိန္ဒိယ+နီပေါ)
၃။ လေဆိပ်အခွန်
၄။ လေယာဉ်လက်မှတ် အသွား+အပြန်
၅။ ဘုရားဖူးခရီးစဉ်တစ်လျှောက် တည်းခိုနေထိုင်စားသောက်ခြင်း
၆။ သွား/လာ ဝင်ကြေးများ ပါဝင်ပြီးဖြစ်ပါသည်။


ရန်ကုန်ရုံးချုပ် - အမှတ် (၄၄၈/ဘီ)၊ ပထမထပ်၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၀ ၆၅၈၇၁၊ ၀၉ ၅၀ ၁၃၅၂၂၊ ၀၉ ၇၉ ၂၈၀၉၀၆၊ ၀၉ ၇၃၀ ၅၅၅၀၀၊ ၀၁ ၃၉၄၈၈၉၊ ၀၁ ၂၉၆၄၄၆။
မန္တလေးရုံးခွဲ - အမှတ် (၂၃၅)၊ ပထမထပ်၊ ၂၈ လမ်း၊ (၈၁ လမ်းနှင့် ၈၂ လမ်းကြား)၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
ဖုန်း-၀၉ ၄၂၅၀၂၈၁၀၂၊ ၀၉ ၄၂၀၀၀၉၉၄
E-mail -myintsimaghone.apollo@gmail.com


www.burmeseclassic.com

www.burmeseclassic.com





# အသက်စွန့် ဗုံးဖယ်ရှားသူများ

ပြည်ဖြိုးဟိန်း

ဗုံးဖယ်ရှားခြင်းဆိုသည်မှာ အန္တရာယ်ရှိသည့် ပေါက်ကွဲစေနိုင်သော ပစ္စည်းကိရိယာများကို လူသားများအား ဘေးဥပဒ်မဖြစ်စေရန်အတွက်ပြုလုပ်ခြင်း ဖြစ်သည်။ ၁၉၀၃ ခုနှစ်တွင် နယူးယောက်မြို့တော်ရဲတပ်ဖွဲ့မှ ၎င်း၏ ဗုံးဖယ်ရှားသည့် ပထမဆုံး အဖွဲ့ငယ်ကို စတင်ထူထောင်ခဲ့သည်။ အဆိုပါ အဖွဲ့ငယ်ကို ဖွဲ့စည်းခဲ့ခြင်း၏ အကြောင်းအရင်းမှာ အမေရိကားသို့ အီတလီမှလာရောက် အခြေချနေထိုင်ကြသူများနှင့် စီးပွားရှာကြသူများကို ပစ်မှတ်ထားပြီး ဓားမြယာဆိုက်များမှထောင်သည့် ဒိုင်းနမိုက်များကို ဖယ်ရှားရန်အတွက်ပင် ဖြစ်သည်။

ဗုံးဖယ်ရှားခြင်းသည် ပထမကမ္ဘာစစ်အတွင်း၌ သမရိုးကျအလုပ်တစ်ခုအသွင်ဖြစ် လာခဲ့၏။ နှစ်ဖက်စလုံးမှ ပစ်ခတ်လိုက်သော အမျိုးအစားများပြားလှသည့် ကျည်ဆံများသည် စစ်မြေပြင်တွင် ဗရွ အသတိုက်နေအောင် တွေ့ရပြီးနောက် ယင်းကျည်ဆံများကြောင့် တိုက်ခိုက်သူများကိုရော၊ ခုခံသူများကိုပါ အသက်အန္တရာယ်သဘွယ်ဖြစ်လာတော့သည်။









www.burmeseclassic.com

www.burmeseclassic.com







ကြီးထွားလာသည့် ပြဿနာကို တုံ့ပြန်သည့်အနေဖြင့် ဗြိတိသျှစစ်တပ်သည် စစ်လက်နက်ပစ္စည်းများစစ်ဆေးသည့် ဌာနစိတ်ကိုဖွဲ့စည်းပြီး သီးသန့်တာဝန်ပေးခဲ့သည်။ ၁၉၈၁ ခုနှစ်တွင် ဂျာမန်တို့သည် သတ်မှတ်ချိန်ထက်နောက်ကျပြီးမှ လှုပ်ရှားသော ဖျူ့စ်များကို ပြုလုပ်သုံးစွဲလာခဲ့ရာ မှ ၁၉၃၀ ပြည့်နှစ်များတွင် ပိုမိုခေတ်မီဆန်းပြားသော ဗုံးအမျိုးအစားများနှင့်မတူဘဲ သတ်မှတ်ချိန်ထက်နောက်ကျပြီးမှ ပေါက်ကွဲစေနိုင်ခြင်းကြောင့် အရပ်သူ၊ အရပ်သားများအတွက် ပိုမိုပြီးအန္တရာယ်များလာ၍ အထိတ်တလန့်နှင့် ကျိုးလန့်စရာဖြစ်လာခဲ့ရသည်။ ကနဦးအစတွင် ဗုံးဖယ်ရှားသူများတွင် ဗုံးဖယ်ရှားရန်အတွက် အထူးတီထွင်ပြုလုပ်ဖန်တီးထားသော ပစ္စည်းကိရိယာများ၊ သင်တန်းများနှင့် ဗဟုသုတများလုံးဝမရှိဘဲနှင့် အစပြုခဲ့ခြင်းပင်ဖြစ်သည်။ ဗုံးဖယ်ရှားသည့် ပညာရှင်များသည် အမျိုးမျိုးအဖုံဖုံကွဲပြားနေသည့် စစ်လက်နက်ခဲယမ်းမီးကျောက်များကို ဘေးကင်းစွာဖြင့် မည်ကဲ့သို့စနက်တံဖြုတ်ရမည်များကို လေ့လာသင်ယူခဲ့ကြ၏။

ဒုတိယကမ္ဘာစစ်အတွင်းဝယ် နာဇီဂျာမန်တို့သည် အင်္ဂလန်နိုင်ငံမှ မြို့ကြီးများပေါ်သို့ လေကြောင်းမှ အဓိကထားတိုက်ခိုက်ပြီး ဗုံးမိုးရွာသွန်းခဲ့ခြင်းကြောင့် သတ်မှတ်ချိန်ထက်နောက်ကျပြီးမှ လှုပ်ရှားသောဖျူ့စ်များဖြင့် ပြုလုပ်ထားသည့် ဗုံးများကို အရပ်သူ၊ အရပ်သားများ၏ အသက်အန္တရာယ်မထိခိုက်စေရန်အတွက် ဖယ်ရှားမှုများပြုလုပ်ခဲ့ရသည်။ အဆိုပါဖယ်ရှားမှုများမှ ရရှိခဲ့သောအတွေ့အကြုံကောင်းများသည် ကမ္ဘာတစ်လွှားမှ ဗုံးဖယ်ရှားသူများအတွက် ဗုံးဖယ်ရှားခြင်းနှင့်ဆိုင်သော အခြေခံကျလှသည့် ဗဟုသုတများပင်ဖြစ်လာခဲ့တော့သည်။ ပိုမိုရှုပ်ထွေးစွာဖြင့် ပြုလုပ်တီထွင်ထားခြင်းကြောင့် မပေါက်ကွဲသေးသည့် ဗုံးများ၏ ပြဿနာမှာ ပိုမိုကြီးထွားလာခဲ့ခြင်းနှင့်အတူ ဗြိတိသျှတော်ဝင်စစ်တပ်မှ ဗုံးဖယ်ရှားသူများစေရန်အတွက်ရည်ရွယ်ပြီး တပ်ဆင်ထားသည့် ကိရိယာများပါရှိလာခဲ့ခြင်းကြောင့်ပင်ဖြစ်သည်။ သို့ပြပညာရှင်များတို့သည် ဗုံးဖယ်ရှားသူများလုံခြုံရေးအတွက် နည်းလမ်းများနှင့် ပစ္စည်းကိရိယာအသစ်အဆန်းများကို တီထွင်ဖန်တီးခဲ့ကြ၏။

အိုင်ယာလန်နိုင်ငံမှ အစွန်းရောက်အကြမ်းဖက်အုပ်စုများနှင့် အခြားသော အုပ်စုများမှ အဖျက်လုပ်ငန်းများအတွက် အသုံးပြုခဲ့သည့် ဗုံးများကို နှစ်ပေါင်းများစွာဖယ်ရှားခြင်းကြောင့် ဗြိတိသျှတော်ဝင်စစ်တပ်မှ ဗုံးဖယ်ရှားသူများသည် အတွေ့အကြုံကောင်းများကို ကျွဲကူးရေပါဆိုသလိုရရှိခဲ့ကြသည်။ အိုင်ယာလန်လူမျိုးအကြမ်းဖက်သမားများ ပြုလုပ်ထားသည့် ရိုးရှင်းလှသည့် ပိုက်ဖြင့်ပြုလုပ်ထားသော ဗုံးများမှသည် ရှုပ်ထွေးဆန်းပြားလှသောဗုံးများအပြင် အနီအောက်ရောင်ခြည်သုံးဗုံးများအပါအဝင် အရေအတွက်များပြားလှသည့် ဗုံးများကို ရဲဝံ့စွန့်စားစွာဖြင့် အသက်ကို ပဓာနမထားဘဲ ဖယ်ရှားခဲ့ကြ၏ ၁၉၇၀ ခုနှစ်များ၏ အစောပိုင်းကာလများတွင် ပေါက်ကွဲအားနှင့် ခလုတ်အမျိုးအစားကွဲပြားခြားနားသည့် ဗုံးများကို အိုင်ယာလန်လူမျိုးအစွန်းရောက်အကြမ်းဖက်သမားများက အသုံးပြုလာခဲ့ကြသည်။

ဗုံးဖယ်ရှားသည့် ပညာရှင်များအတွက် အဝေးထိန်းကိရိယာဖြင့် ထိန်းချုပ်အသုံးပြုနိုင်သော ယာဉ်များကိုလည်း တီထွင်နိုင်ခဲ့၏။ အစောဆုံးတီထွင်နိုင်ခဲ့သည့် ယာဉ်မှာ ၁၉၇၂ ခုနှစ်တွင်ဖြစ်ပြီး အိုင်းရစ်လူမျိုးအစွန်းရောက်များနှင့် ဖြစ်ပွားခဲ့သည့် စစ်ပွဲတွင် ဗုံးဖယ်ရှားသည့်သူများအသုံးပြုရန်အတွက်ဖြစ်သည်။ အဆိုပါယာဉ်များကို **Wheelbarrow** ဟု ခေါ်ဆိုကြသည်။ တဖြည်းဖြည်းခြင်းအဆင့်မြှင့်မားလာခဲ့ရာ ယနေ့ခေတ်တွင်အသုံးပြုသော **Wheelbarrow** များ၌ ကင်မရာများ၊ အသံချဲ့စက်များနှင့် ဓာတ်၊ ဇီဝနှင့် နျူကလီးယားပစ္စည်းများကို ထောက်လှမ်းနိုင်သည့် ကိရိယာများကို တပ်ဆင်ပေးထားခြင်းကြောင့် ဗုံးဖယ်ရှာသူများအနေဖြင့် မည်ကဲ့သို့ စစ်လက်နက်ခဲယမ်းဖြစ်သည် သို့မဟုတ် ကိရိယာ







www.burmeseclassic.com

www.burmeseclassic.com





ဖြစ်သည်ဆိုသည့် အကောင်းဆုံးသော အကြံဉာဏ်များကို **Wheelbarrow** များမှ တဆင့် ရရှိနိုင်ခြင်းကြောင့် ဘေးအန္တရာယ် လုံခြုံရေးကို များစွာအထောက်အကူပြုဖြစ်စေ သည်။ ခေတ်မီလွန်းလှသည့် **Wheelbar-row** များသည် လှေကားများကိုပင်တက်နိုင် ကြသည့်အပြင် အရေးကြုံလာပါက တံခါး ဖွင့်သည်အထိစွမ်းဆောင်နိုင်ပေသည်။

ဗုံးဖယ်ရှားကြသည့်သူများ အကြီးအကျယ် အသုံးပြုသည့် အခြားအရာတစ်ခုမှာ လက်နက်ခဲယမ်းများနှင့် ဗုံးများ၏ အတွင်း ပိုင်း ကလီစာများကို အဝေးထိန်းခလုတ်ဖြင့် ထိန်းချုပ်၍ ကြည့်ရှုနိုင်သော အရာပင် ဖြစ်သည်။ ထိုအရာတွင် ဆေးပညာရပ်တွင် အသုံးပြုနေသည့် ဓာတ်မှန်ရိုက်သည့် ကိရိယာများလည်းပါရှိခြင်းကြောင့် အသံနှင့် အနံ့များကိုပင် သိရှိခွဲခြားနိုင်သဖြင့် မည်ကဲ့ သို့ စနက်တံဖြုတ်သင့်သည်ကို ကြိုတင်မှန်း ဆတွက်ချက်နိုင်ပေသည်။ အဝေးထိန်းကိရိယာဖြင့် ထိန်းချုပ်ခိုင်းစေနိုင်သည့် ပစ္စည်းကိရိယာများ၏ စွမ်းဆောင်နိုင်မှုကို ကျော် လွန်သွားသည့်အခါတွင် လိုအပ်ခဲ့ပါက ဗုံးဖယ်ရှားမည့်သူသည် စွန့်စွန့်စားစား အသက်အန္တရာယ်ကို အလေးမထားနိုင်တော့ဘဲ ဗုံးအနီးထိရောက်အောင်သွားပြီး ကိုယ်တိုင် စနစ်တံဖြုတ်ရန်ကြိုးစားရတော့၏။ ထိုကဲ့သို့သော အခါမျိုးတွင် မီးတောက်များနှင့် ချွန်ထက်သောအရာများနှင့် ထိခိုက်မိလျှင် ခံနိုင်ရည်ရှိသော အရာများဖြင့်ပြုလုပ်ထားသည့် ကျည်ကာအကျႌနှင့် အလားဆင်တူသော ဝတ်စုံများနှင့်အတူ အထူးထီထွင်ဖန်တီးပြုလုပ်ထားသည့် ခေါင်းစွပ်ကြီးများကို ဝတ်ဆင်ပြီးနောက် ဗုံးအနီးသို့ ချဉ်းကပ်ပြီး စနက်တံ ဖြုတ်ရသည်။ အချို့သော ဝတ်စုံများမှာ အတွင်းပိုင်းအေးအောင်ပြုလုပ်ထားသည့် နည်းပညာများ၊ အကြားအာရုံကို မြှင့်ပေးသည့် စနစ်များနှင့် အတူ မိခင်အဖွဲ့နှင့် အဆက်အသွယ်ပြုလုပ်နိုင်သည့် ဆက်သွယ်ရေးနည်းစနစ်များကဲ့သို့သော အဆင့်မြင့်လှသည့် သွင်ပြင်လက္ခဏာများနှင့် ပြည့်စုံအောင် ပြုလုပ်ပေးထား၏။ တကယ်တော့ အဆိုပါ ဝတ်စုံသည် ဗုံးဖယ်ရှားသူများအသက်ရှင်နိုင်သည့်အခွင့်အလမ်းကို ပိုမိုရရှိစေရန် အလိုငှာ ဒီဇိုင်းထုတ်ပြီး တီထွင်ပြုလုပ်ထားခြင်းပင် ဖြစ်သည်။

**ပညာရှင်သုံးဦးသေဆုံးသွားခဲ့ပြီး အခြား ခြောက်ယောက်မှာဒဏ်ရာ အသီးသီးရရှိသွားခဲ့ကြ၏။**

ဗုံးဖယ်ရှားသည့်ပညာရှင်များသည် ကြွယ်ဝသည့်ဗဟုသုတ၊ ကျွမ်းကျင်မှုများနှင့် ပစ္စည်းကိရိယာများရှိလင့်သော်ငြားလည်း ၎င်းအကြောင်းမလှပါက အသက်အန္တရာယ် ဖြည့်ကြုံတွေ့ရလေ့ရှိသည်။ ၂၀၁၀ ခုနှစ် တွင် ဂျာမနီနိုင်ငံမှ ဆောက်လုပ်ရေးလုပ်ငန်း ခွင်တစ်ခုတွင် ငါးရာကီလိုဂရမ်အလေးချိန် ရှိသည့် ဒုတိယကမ္ဘာစစ်မှ လက်ကျန်ဗုံးတစ် လုံးကို မြေအောက်ခုနစ်မီတာခန့်တွင် တွေ့ရှိ ခဲ့သဖြင့် အနီးပတ်ဝန်းကျင်တွင် နေထိုင်သူ များကို အရေးပေါ်ရွှေ့ပြောင်းဖယ်ရှားပြီး နောက် ကျွမ်းကျင်သူများက လာရောက်ဖယ် ရှားရန်ကြိုးစားခဲ့သော်ငြားလည်း ပြင်းထန် စွာပေါက်ကွဲသွားသဖြင့် ဗုံးဖယ်ရှားသည့်အဖွဲ့မှ ပညာရှင်သုံးဦးသေဆုံးသွားခဲ့ပြီး အခြား ခြောက်ယောက်မှာ ဒဏ်ရာအသီးသီးရရှိ သွားခဲ့ကြ၏။ သေဆုံးသူများရော၊ ဒဏ်ရာရရှိ သူများ၌ တစ်ဦးချင်းစီတွင် ကိုယ်ပိုင်အတွေ့ အကြုံအားဖြင့် နှစ် ၂၀ ကျော်စီရှိကြပြီး မပေါက်ကွဲသေးသောဗုံးများကို ယခင်က အကြိမ် ၆၀၀ နှင့် ၇၀၀ အကြား လုံခြုံစွာ ဖယ်ရှားနိုင်ကြသူများဖြစ်ကြသည်။ ယင်းတို့ အား တမလွန်သို့ပို့ခဲ့ပြီး အနာဂတဖြစ်စေခဲ့ သည့် အဆိုပါဗုံးသည် အလွန်အန္တရာယ်ကြီး မားလှသည့် ဗုံးအမျိုးအစားတစ်ခုဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ယင်းဗုံးတွင် သတ် မှတ်ချိန်ထက်နောက်ကျပြီး လှုပ်ရှားသည့် ဓာတုပစ္စည်းဖြင့် ပြုလုပ်ထားသော ဖျူ့စ်တပ် ဆင်ထားပြီး နှစ်ပေါင်း ၆၅ နှစ်နီးပါးတိုင် အောင် မြေအောက်တွင် ရောက်ရှိနေသဖြင့် အလွန်မတည်ငြိမ်သော အခြေအနေမှ တစ် ဆင့် ပြင်းထန်သောပေါက်ကွဲမှုကို ဖြစ်ပေါ်လာ ခဲ့ခြင်းပင်ဖြစ်သည်။

ပြည့်ဖြိုးဟိန်း





www.burmeseclassic.com

www.burmeseclassic.com



# ကမ္ဘာ့အရှည်လျားဆုံး မြန်နှုန်းမြင့် ရထားလမ်း

နန္ဒမင်းပိုင်

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ကမ္ဘာ့အရှည်လျားဆုံးမြန်နှုန်းမြင့် ကျည်ဆန်ရထားလမ်းကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက် ဗုဒ္ဓဟူးနေ့ နံနက် ၉ နာရီတွင် စတင်ဖွင့်လှစ်ခဲ့ပြီး မြန်နှုန်းမြင့် ကျည်ဆံရထားဖြင့် ခရီးသည်များအား သယ်ယူပို့ဆောင်ရေးလုပ်ငန်းကိုစတင်ဆောင်ရွက်ခဲ့သည်။ အဆိုပါ ကမ္ဘာ့အရှည်လျားဆုံးမြန်နှုန်းမြင့်ရထားလမ်းသည် ၁၄၂၈ မိုင် (၂၂၉၈ ကီလိုမီတာ)ရှည်လျားပြီး ပေကျင်းမြို့မှ ကွမ်ကျိုးမြို့သို့ ၈ နာရီအတွင်း ခရီးသည်များအား သယ်ယူပို့ဆောင်ပေးခဲ့သည်။ မြန်နှုန်းမြင့်ကျည်ဆံရထားသည် တရုတ်နိုင်ငံ၏ မြို့တော်ပေကျင်းမြို့မှ တရုတ်နိုင်ငံတောင်ပိုင်းရှိ စီးပွားရေးအချက် အချာကျသော ကွမ်ကျိုးမြို့သို့ နံနက် ၉ နာ ရီတွင် စတင်ထွက်ခွာလာခဲ့သည်။ အဆိုပါရထားသည် တစ်နာရီလျှင် ၁၈၆ မိုင်အမြန်နှုန်းအရှိန်(တစ်နာရီလျှင် ကီလိုမီတာ ၃၀၀ အမြန်နှုန်းအရှိန်)ဖြင့် တစ်ဟုန်ထိုးလျှင်မြန်စွာခုတ်မောင်းသည်။ ယခင်က ပေကျင်းမြို့မှ ကွမ်ကျိုးမြို့သို့ အချိန် ၂၂ နာရီကြာမျှ ပုံမှန်ရထားခုတ်မောင်းခဲ့ရသော်လည်း ယခုအခါ အချိန် ၈ နာရီတည်းဖြင့် ခရီးပေါက်ခဲ့ပြီဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com





## ပေကျင်းမြို့နှင့် ကျန်းကျိုးမြို့တို့
## အကြားပြေးဆွဲသော
## ရထားလမ်းနှင့် ပေကျင်းမြို့နှင့်
## ကွမ်ကျိုးမြို့တို့အကြား
## ပြေးဆွဲသော ရထားလမ်းသစ်တို့ကိုလည်း
## ထပ်မံတိုးချဲ့ဖောက်လုပ်ပြီးစီးခဲ့ . . .

ပေကျင်း-ကွမ်ကျိုး ရထားခရီးစဉ်တွင် ပြည်နယ်မြို့ကြီးများဖြစ်သော ကျန်းကျိုးမြို့၊ ဝူဟန်မြို့၊ ရှီးကျားကျွမ်းမြို့နှင့် ချန်းရှာမြို့ကြီးအပါအဝင်အဓိက မြို့ကြီး ၃၅ မြို့ရှိ ဘူတာရုံများ၌ခေတ္တခဏရပ်တန့်ပေးသည်။ တရုတ်နိုင်ငံသည် မြန်နှုန်းမြင့် ကျည်ဆန်ရထားလမ်းကွန်ရက်ကို ၂၀၀၇ ခုနှစ်တွင် စတင်ဖောက်လုပ်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ် နှစ်ကုန်ပိုင်းတွင် ရထားလမ်းအရှည် ၈၃၅၈ ကီလိုမီတာဖောက်လုပ်ပြီးစီးခဲ့သဖြင့် အချိန်တိုကာလတွင်း ကမ္ဘာ့အရှည်လျားဆုံးမြန်နှုန်းမြင့် ရထားလမ်းလျင်မြန်စွာဖြစ်လာခဲ့သည်။

ထို့နောက် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ၁၄၂၈ မိုင် (၂၂၉၈ ကီလိုမီတာ) ရှည်လျားသော ကမ္ဘာ့အရှည်လျားဆုံး မြန်နှုန်းမြင့် ရထားလမ်းအဖြစ် ထပ်မံ ကမ္ဘာ့စံချိန်သစ်တင်နိုင်ခဲ့သည်။ အဆိုပါ ရထားလမ်းအရှည်မှာ သက္ကရာဇ် ၂၀၂၀ ပြည့်နှစ်အရောက်တွင် နှစ်ဆဖြစ်လာပြီး ရထားလမ်းအရှည် ၁၆၀၀၀ ကီလိုမီတာ ဖြစ်လာမည် ဟု ခန့်မှန်းထားသည်။ သို့ရာတွင် မြန်နှုန်းမြင့်ရထားလမ်းကွန်ရက်မှာ ရထားမတော်တဆဖြစ်ပွားမှုများနှင့် အမနာပ သွားပုပ်လေလွင့်ပြောဆိုမှုများကြောင့် နောင့်နှေးကြန့်ကြာခဲ့ရသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် အရွယ်အစား ပိုမိုကြီးမားသော၊ အရှည်အသွေး ပိုမိုသာလွန်ကောင်းမွန်သော၊ အမြန်နှုန်းအရှိန်ပိုမိုမြန်ဆန်သောယာဉ်များအား ထုတ်လုပ်ရန် အလွန်စိတ်ပါဝင်စားပြီး ၎င်း၏ အခြေခံအဆောက်အအကူပြု အဆောက်အအုံများအား ခေတ်မီတိုးတက်လာအောင်ပြုပြင်ပြောင်းလဲသွားရန် ရည်မှန်းချက်ပန်းတိုင်ချမှတ်ပြီး အပတ်တကုတ်မဆုတ်မနစ်ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။ ယနေ့မျက်မှောက်ကာလတွင် ကမ္ဘာ့ဒုတိယမြောက်စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်သော တရုတ်နိုင်ငံသည် ၂၀၁၁ ခုနှစ် ဇူလိုင်လကတည်ဆောက်ပြီးစီးခဲ့သော ကမ္ဘာ့အရှည်လျားဆုံး ပင်လယ်ကူးတံတားကြီးတစ်စင်းအပါအဝင် ကမ္ဘာ့အရှည်လျားဆုံး တံတားကြီးနှစ်စင်းကို ပိုင်ဆိုင်ထားသည်။

ထို့နောက် တရုတ်နိုင်ငံသည် ကမ္ဘာ့အမြန်ဆုံး ခရီးသည်တင်မြန်နှုန်းမြင့် ကျည်ဆံရထားကိုလည်း ပိုင်ဆိုင်ခဲ့ပြန်သည်။ ယခုတစ်ဖန်ကမ္ဘာ့အရှည်အလျားဆုံး မြန်နှုန်းမြင့်ကျည်ဆန်ရထားလမ်းကိုလည်း မကြာသေးမီက ဖောက်လုပ်ပြီးစီးခဲ့ပြန်သည်။ တရုတ်နိုင်ငံ၏ မြန်နှုန်းမြင့် ကျည်ဆန်ရထားလမ်းကွန်ရက်သည် တရုတ်နိုင်ငံ၏ ကုန်ကျစရိတ်အများဆုံး အခြေခံအဆောက်အကူပြု အဆောက်အအုံတည်ဆောက်ရေး စီမံကိန်းကြီးများအနက်တစ်ခုဖြစ်ပြီး နှစ်ရှည်စီမံကိန်းကြီးလည်းဖြစ်သည်။

ကမ္ဘာ့အရှည်လျားဆုံး မြန်နှုန်းမြင့် ကျည်ဆန်ရထားလမ်းတွင် အဓိကရထားလမ်းအစိတ်အပိုင်းလေးခုပါဝင်သည်။ တရုတ်နိုင်ငံ၏ မြို့တော်ပေကျင်းမြို့၊ ဟွေနန်ပြည်နယ်ရှိသယ်ယူပို့ဆောင်ရေး ဗဟိုအချက်အချာဖြစ်သော ကျန်းကျိုးမြို့၊ တရုတ်နိုင်ငံအလယ်ပိုင်းရှိ ဝူဟန်မြို့နှင့် တရုတ်နိုင်ငံတောင်ပိုင်းဒေသရှိ ကွမ်ကျိုးမြို့တို့အကြား ပြေးဆွဲသော အဓိက ရထားလမ်းများကို ဖောက်လုပ်ပြီးစီးခဲ့သည်။ တရုတ်နိုင်ငံ ဝူဟန်မြို့နှင့် ကွမ်ကျိုးမြို့တို့အကြား ဆက်သွယ်သော ရထားလမ်းကို ၂၀၀၉ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သည်။

ယခုအခါ ပေကျင်းမြို့နှင့် ကျန်းကျိုးမြို့တို့အကြား ပြေးဆွဲသော ရထားလမ်းနှင့် ပေကျင်းမြို့နှင့် ကွမ်ကျိုးမြို့တို့အကြား ပြေးဆွဲသော ရထားလမ်းသစ်တို့ကိုလည်း ထပ်မံတိုးချဲ့ဖောက်လုပ်ပြီးစီးခဲ့သည်။ ယခု လက်ရှိ ပေကျင်း-ကွမ်ကျိုး ရထားလမ်းကို နောက်ဆုံးတွင် ဟောင်ကောင်အထိ ခရီးပေါက်စေရန်ဆက်လက်တိုးချဲ့ဖောက်လုပ်သွားရန် လျာထားသည်။ ပေကျင်း-ကွမ်ကျိုး ရထားလမ်းသစ်တွင် ယခုအခါ အစုန်အဆန်မြန်နှုန်းမြင့် ရထားစင်းရေ ၁၅၅ စင်းအထိ ခုတ်





www.burmeseclassic.com

www.burmeseclassic.com

မောင်း လျက်ရှိသည်။

တရုတ်နိုင်ငံ၏ ၁၄၂၈ မိုင်ရှည်လျားသော ကမ္ဘာ့အရှည်ဆုံး ရထားလမ်းကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၆ ရက် ဗုဒ္ဓဟူးနေ့ နံနက် ၉ နာရီက ပေကျင်းမြို့မှ တရုတ်နိုင်ငံ တောင်ပိုင်းရှိ ကွမ်ကျိုးမြို့သို့ အစုန်ရထား တစ်စီး ခုတ်မောင်းခဲ့ပြီး တစ်နာရီအကြာတွင် နောက်ထပ် မြန်နှုန်းမြင့် အဆန် ရထားတစ်စင်းသည် ကွမ်ကျိုးမြို့မှ ပေကျင်းမြို့ သို့ ခုတ်မောင်းလာခဲ့သည်။ ပေကျင်း-ကွမ်ကျိုး မြန်နှုန်းမြင့်ရထားလမ်းအား ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက် ဗုဒ္ဓဟူးနေ့တွင် ခရီးသည်များအား သယ်ယူပို့ဆောင်ပေးရန် ရက်ရွေးချယ်သတ်မှတ်ရခြင်း၏ အဓိက အကြောင်းရင်းမှာ တရုတ်ခေါင်းဆောင်ကြီး မော်စီတုန်း၏ ၁၈၉၃ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့ဖြစ်သော မွေးနေ့အထိမ်းအမှတ် အဖြစ်ဂုဏ်ပြုနိုင်ရန်ဖြစ်သည်။

တရုတ်နိုင်ငံသည်မြေပေါ်မြေအောက် သဘာဝ သယံဇာတ အမြောက်အမြားနှင့် ဒေးပေါကြွယ်ဝသော နိုင်ငံဖြစ်သည်။ ၎င်းသည် နိုင်ငံတစ်ဝန်းမြန်နှုန်းမြင့် ရထားလမ်းကွန်ရက်ဖောက်လုပ်ရေးစီမံကိန်းကြီးအတွက် ရင်းနှီးမြှုပ်နှံမှုများအကြီး အကျယ်ပြုလုပ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ဤသို့ တရုတ်အစိုးရက တရုတ်နိုင်ငံ တစ်ဝန်းလုံးတွင် မြန်နှုန်းမြင့် ရထားလမ်း ကွန်ရက်ဖောက်လုပ်ရာတွင် ကြီးမားသော ပြဿနာများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ ၂၀၁၁ ခုနှစ်မတ်လက ဟူပေးပြည်နယ်အလယ်ပိုင်းရှိ မီတာ ၃၀၀ (ပေ ၁၀၀၀) ရှည်လျားသော မြန်နှုန်းမြင့် ရထားလမ်းအစိတ်အပိုင်းတစ်ခုမှာ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြန်နှုန်းမြင့်ရထားလမ်းသစ်စတင်မဖွင့်လှစ်မီနှစ်လအလိုတွင်ပျက်စီးသွားခဲ့သည်။

ဤရထားလမ်းပျက်စီးမှုကို စုံစမ်းစစ်ဆေးရာတွင် ရထားဝန်ကြီး ဌာနမှ အရာရှိကြီးများသည် လာဘ်အကြီးအကျယ်စားခဲ့ပြီး ရထားလမ်းဖောက်လုပ်ရေးကန်ထရိုက်လုပ်ငန်းကို ၎င်းတို့၏ မိတ်ဆွေအသိုင်းအဝိုင်းများအား အထူးအခွင့်အရေးပေးပြီး ရထားလမ်းဖောက်လုပ်ရာတွင် အသုံးပြုသော ကုန်ကြမ်းပစ္စည်းများ၏ ကုန်ကျစရိတ်များကို သက်သာအောင် လျှော့ချခဲ့ကြောင်းတွေ့ရှိရသည်။ ရထားလမ်းဖောက်လုပ်ရေး ကုမ္ပဏီသည် ရထားလမ်းဖောက်လုပ်ရာတွင် ကျောက်စရစ်ခဲများအစား သာမန်ရိုးရိုး မြေကြီးများကိုသာ အသုံးပြုပြီး ဖောက်လုပ်ခဲ့မှုကြောင့်လည်းကောင်း၊ တရုတ် အင်ဂျင်နီယာများကရထားလမ်းတည်ငြိမ်အောင် အင်္ဂတေအောက်ခြေနှင့်ဆက်စပ်ရာတွင် အရည်အသွေးအလွန်ညံ့ဖျင်းသော မာကျောစေသည့် ဓာတုပစ္စည်းများကိုကုန်ကျစရိတ်သက်သာအောင်အသုံးပြုခဲ့ခြင်းကြောင့်လည်းကောင်း ဤသို့ ရထားလမ်းပျက်စီးရခြင်းဖြစ်ကြောင်း စုံစမ်းတွေ့ရှိခဲ့ရသည်။

၂၀၁၁ ခုနှစ်ဂျူလိုင်လကလည်း မြန်နှုန်းမြင့်ရထားမတော်တဆတိုက်မှုဖြစ်ပွားပြီး တိမ်းမှောက်သွားမှုကြောင့် တရုတ် ပြည်သူ ရထားစီးခရီးသည် ၄၀ ဦး သေဆုံးသွားခဲ့ရပြန်သည်။ ရထားမတော်တဆတိုက်မှုကြောင့် ရထားတွဲရှစ်တွဲလမ်းချော်တိမ်းမှောက်ပြီး တံတားပေါ်မှပြုတ်ကျသွားခဲ့သည်။ တရုတ်နိုင်ငံ၏ မြန်နှုန်းမြင့်ရထားလမ်းကွန်ရက်ဖောက်လုပ်ရေးကို ကြီးကြပ်ကွပ်ကဲခဲ့သော ရထားဝန်ကြီးဟောင်းဖြစ်ပြီး တရုတ်ရထားဝန်ကြီးဌာနမှ အင်ဂျင်နီယာချုပ်ဖြစ်သူ မစ္စတာလျူကျီကျွန်းအား တရုတ်အစိုးရက ဤရထားလမ်းတိမ်းမှောက်မှု မဖြစ်ပွားမီ ငါးလခန့်က အကျင့်ပျက်ခြစားမှုဖြင့် ရာထူးမှဖယ်ရှားပစ်ခဲ့သည်။

ဤရထား မတော်တဆမှုဖြစ်ပြီး တရုတ်ပြည်သူ ၄၀ ဦးသေဆုံးခဲ့သောကြောင့် တရုတ်ပြည်သူလူထုက တရုတ်အစိုးရအနေဖြင့် ရထားလမ်းကို အလျင်စလိုကမန်းကတန်းဖောက်လုပ်ခဲ့မှုနှင့် တရုတ်ရထားဝန်ကြီးဌာနမှ အရာရှိကြီးများက ရထားလမ်းဖောက်လုပ်ရာတွင် အကျင့်ပျက်ခြစားပြီး လာဘ်အကြီးအကျယ်စားခဲ့မှုများကြောင့် ဖြစ်ပွားရသည်ဟု ထင်မြင်ယူဆပြီး တရုတ်ပြည်သူတို့က အကြီးအကျယ် ဒေါသပုန်ထ အမျက်ထွက်ခဲ့ကြသည်။ သို့ရာတွင် ဤ ရထားမတော်တဆဖြစ်ပွားရခြင်း၏ အဓိကအကြောင်းရင်းမှာ ရထားလမ်း အချက်ပြစနစ်ချို့ယွင်းမှုကြောင့် ဖြစ်ကြောင်းတွေ့ရှိခဲ့ရသည်။

ရထားဝန်ကြီးဌာနမှ အာဏာပိုင်များက အနာဂတ်ကာလတွင် ရထားဘေးကင်းလုံခြုံမှုရှိရေးကို အထူးအလေးထား ဦးစားပေးဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ကြသည်။ သို့ဖြစ်ရာ တရုတ်နိုင်ငံ၏ မြန်နှုန်းမြင့် ကျည်ဆန်ရထားများ၏ အမြင့်ဆုံး အမြန်နှုန်းအရှိန်ကို တစ်နာရီလျှင် မိုင် ၃၀ လျှော့ချခဲ့သည်။ ယခင်က မြန်နှုန်းမြင့်ရထားများသည် တစ်နာရီလျှင် ကီလိုမီတာ ၃၅၀ နှုန်းဖြင့် ခုတ်မောင်းခဲ့ရာမှ ယခုအခါတွင် တစ်နာရီလျှင် ကီလိုမီတာ ၃၀၀ အမြန်နှုန်းသို့ အရှိန်လျှော့ချခဲ့သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ရထားလမ်းများမှာ အများပြည်သူ သယ်ယူပို့ဆောင်ရေး စနစ်တွင် အရေးပါသောအခန်းကဏ္ဍမှအဓိက ပါဝင်လျက်ရှိသောကြောင့် တရုတ်အစိုးရသည် မြန်နှုန်းမြင့်ကျည်ဆန်ရထားလမ်းများကို တရုတ်နိုင်ငံ၏ အရှေ့အနောက်ရထားလမ်းကြီးလေးခုနှင့် တောင်-မြောက် ရထားလမ်းကြီးလေးခုတို့ကို စီမံကိန်းများချမှတ်ပြီး သက္ကရာဇ် ၂၀၂၀ ပြည့်နှစ်တွင် အပြီးဖောက်လုပ်ပြီးစီးရန်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ တရုတ်နိုင်ငံ၏ ကမ္ဘာ့အရှည်လျားဆုံးမြန်နှုန်းမြင့်ရထားလမ်းဖောက်လုပ်ခဲ့မှု






www.burmeseclassic.com

www.burmeseclassic.com







ကြောင့် တရုတ်ရထားဝန်ကြီးဌာနသည် ဗြိတိသျှနိုင်ငံသုံးငွေပေါင် ၁၉၀ ဘီလျံအကြွေးတင်ခဲ့သည်။

တရုတ်နိုင်ငံ၏ မြန်နှုန်းမြင့် ကျည်ဆန်ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းကို ၂၀၀၇ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ဖောက်လုပ်ခဲ့သည်။ တရုတ်နိုင်ငံ၏ ပထမဦးဆုံး မြန်နှုန်းမြင့်ကျည်ဆန်ရထားလမ်းကို ပေကျင်းမြို့နှင့် အနီးဝန်းကျင်ရှိ တိယန်ကျင်းမြို့သို့ ဆက်သွယ်ဖောက်လုပ်ခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် ပေကျင်းမြို့၌ ကျင်းပခဲ့သော ကမ္ဘာ့အိုလံပစ် အားကစားပွဲတော်မတိုင်မီဖွင့်လှစ်ခဲ့သည်။ ယခုအခါတရုတ်နိုင်ငံသည် ၁၄၂၈ မိုင် (၂၂၉၈ ကီလိုမီတာ) ရှည်လျားသော ပေကျင်း-ကွမ်ကျိုး မြန်နှုန်းမြင့်ရထားလမ်းသစ်ကို ဖောက်လုပ်ပြီးစီးခဲ့မှုကြောင့် ယနေ့မျက်မှောက်ကာလတွင် တရုတ်နိုင်ငံ၏ မြန်နှုန်းမြင့်ရထားလမ်း ကွန်ရက်သည် မိုင်ပေါင်း ၅၈၀၀ မိုင်ကျော်ရှည်လျားသည်။

ယခုအခါ တရုတ်နိုင်ငံ၏ မြန်နှုန်းမြင့်ရထားလမ်းကွန်ရက်အရှည်ကို မိုင်ပေါင်း ၅၈၀၉ မိုင်ဖောက်လုပ်ပြီးစီးခဲ့မှုကြောင့် တရုတ်နိုင်ငံ၏ ကားလမ်းများနှင့် လေဆိပ်များမှ ခရီးသည်များအား သယ်ယူပို့ဆောင်ပေးနေရသော ဝန်ထုပ်ဝန်ပိုးလျှော့နည်းသက်သာအောင် ရထားလမ်းဖြင့် ခရီးသည်များအား သယ်ယူပို့ဆောင်ပေးနိုင်လိမ့်မည်ဟု တရုတ်အာဏာပိုင်များက မျှော်မှန်းထားကြသည်။ တရုတ်နိုင်ငံ၏ ရထားလမ်း သယ်ယူပို့ဆောင်ရေးစနစ်သည် တရုတ်နိုင်ငံ၏ စီးပွားရေးအရှိန်အဟုန်မပျက်ဆက်လက်ဖွံ့ဖြိုးတိုးတက်မှုအတွက်မရှိမဖြစ်အရေးပါသည်။

တရုတ် အစိုးရအနေဖြင့် ဤသို့ မြန်နှုန်းမြင့်ရထားလမ်းကွန်ရက်ဖောက်လုပ်ရေးစီမံကိန်းတွင် အကြီးအကျယ်ရင်းနှီးမြှုပ်နှံခဲ့မှုကြောင့် ၂၀၀၉ ခုနှစ်က ကမ္ဘာ့ဘဏ္ဍာရေးအကျပ်အတည်း၏ ဆိုးကျိုးဂယက်ရိုက်ခတ်မှုဒဏ်မှ တရုတ်နိုင်ငံအား တားဆီးကာကွယ်ပေးနိုင်ခဲ့ပြီး ၂၀၁၁ ခုနှစ်က ကမ္ဘာ့စီးပွားရေး ဦးစိုက်ထိုးကျမှုဒဏ်မှလည်း တရုတ်နိုင်ငံအား မထိခိုက်စေရန် တားဆီးကာကွယ်ပေးနိုင်ခဲ့သည်။ ယခုလတ်တလောဖောက်လုပ်ပြီးစီးခဲ့သော ရထားလမ်းသစ်သည် ယခုလာမည့်နွေဦးရာသီတရုတ်ရိုးရာနှစ်သစ်ကူးပွဲတော် အားလပ်ရက်အတောအတွင်း တရုတ်နိုင်ငံ၏ သယ်ယူပို့ဆောင်ရေးစနစ်အတွက် ဝန်ထုပ်ဝန်ပိုးကို လျှော့နည်းသက်သာသွားစေမည်ဖြစ်သည်။

အဆိုပါ တရုတ်နှစ်သစ်ကူးပွဲတော်အားလပ်ရက်အတောအတွင်းမြို့ကြီးပြကြီးများတွင် နေထိုင်လုပ်ကိုင်နေသူ သန်းပေါင်းရာပေါင်းများစွာသည် ၎င်းတို့၏ ဘိုးဘွား နေရပ်ဌာနေ ဇာတိမွေးရပ်မြေများသို့ အိမ်ပြန်သွားကြလေ့ရှိသဖြင့် ကမ္ဘာ့လူဦးရေအများဆုံးနှစ်စဉ်အိမ်ပြန်မှုကြီးတစ်ခုဖြစ်သည်။ တရုတ်နိုင်ငံသည် မြန်နှုန်းမြင့် ရထားလမ်းဖောက်လုပ်ရေးနည်းပညာကို ပြင်သစ်နိုင်ငံ၏ Alstom ကုမ္ပဏီ၊ ဂျာမနီနိုင်ငံမှ Siemen ကုမ္ပဏီ၊ ဂျပန်နိုင်ငံမှ Kawasaki Heavy Industries ကုမ္ပဏီတို့မှ ရရှိခဲ့သည်။

တရုတ်နိုင်ငံသည် ရရှိထားသောအတွေ့အကြုံများအပေါ်အခြေခံပြီး တူရကီနိုင်ငံနှင့် ဗင်နီဇွဲလားနိုင်ငံတို့မှ မြန်နှုန်းမြင့်ကျည်ဆန်ရထားလမ်းကွန်ရက်ဖောက်လုပ်ရေးတွင် တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။ ယခုလက်ရှိ ပေကျင်း-ကွမ်ကျိုး မြန်နှုန်းမြင့်ကျည်ဆန်ရထားလမ်းကို တရုတ်နိုင်ငံပိုင် CNR Corporation က တာဝန်ယူဖောက်လုပ်ပေးခဲ့သည်။ အဆိုပါ CNR Corp ကို ၂၀၀၈ ခုနှစ် ဇွန်လက တရုတ်နိုင်ငံပေကျင်းမြို့၌ ဌာနချုပ်ဖွင့်လှစ်ခဲ့သည်။ ယခုလက်ရှိ မြန်နှုန်းမြင့်ရထားလမ်းကို စတင်မဖွင့်လှစ်မီကတည်းက တရုတ်ရထားဝန်ကြီးဌာနသည် ရထားလမ်း ထိန်းသိမ်းစောင့်ရှောက်ရေး အခြေခံ အဆောက်အအုံ ရထားလမ်းများ၏ အခြေအနေကို စစ်ဆေးခြင်း၊ အရေးပေါ်အခြေအနေအတွက် လျင်မြန်စွာ အကူအညီပေးရေး အစီအစဉ်များကို ကြိုတင်ပြင်ဆင်ခဲ့သည်။ ယခုလက်ရှိ မြန်နှုန်းမြင့်ရထားလမ်းကို ဖွင့်လှစ်ရခြင်းမှာ ၂၀၁၃ ခုနှစ်ဖေဖော်ဝါရီလလယ်၌ ကျရောက်မည့် တရုတ်နှစ်သစ် ကူးပွဲတော်အားလပ်ရက်အမီ ခရီးသည်များအားသယ်ယူပို့ဆောင်ပေးနိုင်ရန်ဖြစ်သည်။ ပေကျင်းမှ ကွမ်ကျိုးသို့ သွားသော ရထားခမှာ ဒေါ်လာ ၁၄၀ (တရုတ်နိုင်ငံသုံးငွေ ၈၆၅ ယွမ်ဖြစ်ပြီး အထက်တန်းရထားခမှာ ယွမ် ၂၇၂၇ ယွမ်ဖြစ်သည်။

ယနေ့မျက်မှောက်ကာလတွင် တရုတ်နိုင်ငံ၏ မြန်နှုန်းမြင့် ကျည်ဆန်ရထားလမ်းကွန်ရက် အရှည်အလျား စုစုပေါင်းမှာ ၅၇၈၀ မိုင်ရှိပြီဖြစ်သည်။ တရုတ်နိုင်ငံ၏ ရထားဝန်ကြီးဌာနသည် ခရစ်နှစ် ၂၀၂၀ ပြည့်နှစ်အရောက်တွင် မြန်နှုန်းမြင့်ကျည်ဆန်ရထားလမ်းကွန်ရက်ကို ကီလိုမီတာ ၁၆၀၀၀ ဖောက်လုပ်နိုင်ရန်အတွက် အမေရိကန်ဒေါ်လာ ဘီလျံ ၄၀၀ (ဗြိတိန်နိုင်ငံသုံးငွေပေါင် ၂၄၈ ဘီလျံ) ရင်းနှီးမြှုပ်နှံပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

နန္ဒမင်းပိုင်





www.burmeseclassic.com

www.burmeseclassic.com




# နံရံအနုပညာရေးခြစ်ခြယ်မှုန်းခြင်း

Graffitti (ဂရပ်ဖစ်တီ)ဆိုသည်မှာ အများပြည်သူနှင့် သက်ဆိုင်သော နေရာများနှင့် တသီးပုဂ္ဂလပိုင်နေရာများရှိ နံရံများနှင့် အခြားမျက်နှာစာများတွင် တောင်ခြစ်၊ မြောက်ခြစ်ပြုလုပ်ခြင်း၊ ချွန်ထက်သော အရာများကို အသုံးပြုပြီး ပုံဆွဲရေးခြစ်ခြင်းနှင့် ဆေးမှုတ်ခြင်းများကို ဥပဒေမဲ့ ပြုလုပ်ခြင်းပင်ဖြစ်သည်။ စတစ်ကာများနှင့် အခြားသောအရာများကို ကပ်ခြင်းတို့သည် ဂရပ်ဖစ်တီတွင် မပါဝင်ပေ။ ဂရပ်ဖစ်တီတွင် စာလုံးများကို ရိုးရိုးရှင်းရှင်းရေးခြင်းမှသည် နံရံများကို ဆေးခြယ်တန်ဆာဆင်ခြင်းအထိအောင် ကျယ်ပြန့်စွာ ပါဝင်သည်ကို တွေ့ရ၏။ ဂရပ်ဖစ်တီမှာ ဟိုးရှေးယခင်အခါကတည်းက ရှိခဲ့ခြင်းဖြစ်သည်ကို အီဂျစ်၊ ဂရိနှင့် ရောမအင်ပါယာများ၌ ပြုလုပ်ခဲ့ကြသည့် ဂရပ်ဖစ်တီ ဥပမာများမှတစ်ဆင့် သိရှိရပေသည်။ ယနေ့ခေတ်အခါတွင်မူ မှုတ်ဆေးများနှင့် မာကာပင်န်များကို အများဆုံးအသုံးပြု၍ ဂရပ်ဖစ်တီအဖြစ် ဖန်တီးခြင်းပင် ဖြစ်သည်။

❖ ရဲရင့်သွေး ❖



www.burmeseclassic.com

www.burmeseclassic.com

ဂရပ်ဖစ်တီသည် လူမှုရေး၊ နိုင်ငံရေးတို့နှင့် ပတ်သက်နေသည့် သတင်းစကားများကို ဖော်ပြမှုပြုနေခြင်းအပြင် မှတ်ဆေးများကို အခြေခံပြီး သာမန်လူသားများက မိမိတို့ဖော်ကျူးပြသလိုသည့် အနုပညာများကို လူအများ ထင်သာမြင်သာရှိအောင် ရေးခြစ်သည့် ပန်းချီပင်ဖြစ်သည်။ ဟစ်ဟော့ပ်ယဉ်ကျေးမှုအတွင်း ဂရပ်ဖစ်တီသည် ဟစ်ဟော့ပ်တေးဂီတရေစီးကြောင်းနှင့်အတူ ပေါ်ထွန်းလာခဲ့ခြင်းပင်ဖြစ်၏။ ဟစ်ဟော့ပ်နှင့် မသက်ဆိုင်သည့် ဂရပ်ဖစ်တီများကို ဂိုဏ်းများက နယ်မြေအမှတ်အသားခွဲခြားရန်နှင့် ဂိုဏ်းများနှင့်ပတ်သက်နေသည့် ဆောင်ရွက်မှုများကို ဖော်ပြရန်အတွက် ပြုလုပ်ရေးဆွဲကြခြင်းပင် ဖြစ်သည်။ သက်ဆိုင်ရာ မြို့တော်အုပ်ချုပ်ရေးအရာရှိများ၊ ဥပဒေထိန်းသိမ်းရေးအဖွဲ့အစည်းများနှင့် အများပြည်သူမြင်ကွင်းတွင် လက်ဆော့ရေးခြစ်ပြီး ၎င်းတို့ အနုပညာစွမ်းရည်ကို ဖော်ကျူးပြသလိုကြသည့် ဂရပ်ဖစ်တီဖန်တီးရှင်များအကြားတွင် ဂရပ်ဖစ်တီများကို ဆက်လက်ဖန်တီးမှုအတွက် အငြင်းပွားလျက်ရှိသည်။ မတူညီသော ဂရပ်ဖစ်တီအမျိုးအစားနှင့် ပုံစံများစွာရှိပြီး ဂရပ်ဖစ်တီကို တန်ဖိုးထား ဖန်တီးနေကြသူများကြောင့် ဂရပ်ဖစ်တီသည် အနုပညာတစ်ရပ်အနေဖြင့် လျင်မြန်စွာ ဖွံ့ဖြိုးလာပြီး တစ်ချိန်တည်းမှာပင် ထိုကဲ့သို့ပြုလုပ်ခြင်းအား တားဆီးပိတ်ပင် ကန့်ကွက်နေကြသည့် များလှစွာသော အာဏာပိုင်အဖွဲ့အစည်းများ၏ ဆဲရေးတိုင်းထွာခြင်းကို ခံရလျက်ရှိပြီး တစ်ခါတစ်ရံတွင် တရားဥပဒေဖြင့် စီရင်မှုများ ပြုလုပ်ခြင်းကို ဖြစ်ပေါ်စေ၏။

ယနေ့ခေတ်၏ ဂရပ်ဖစ်တီများ အစပြုခဲ့ရာ နောက်ကြောင်းရာဇဝင်ကို ပြန်ပြောင်းကြည့်မည်ဆိုလျှင် ၁၉၂၀ ပြည့်နှစ်များမှ အစပြုခဲ့ခြင်းဖြစ်သည်။ ယနေ့အချိန်အထိတိုင်အောင် ဆက်လက်ရှင်သန်နေဆဲပင်ဖြစ်သည်။ ဂရပ်ဖစ်တီများကို အဆောက်အအုံများ၏ နံရံများ၊ အများပြည်သူသုံးသန့်စင်ခန်းများ၊ မီးရထားလမ်းများတွင် ပြေးဆွဲသည့် ယာဉ်များ၊ လမ်းမကြီးများ၏ အောက်ခြေတွင် ဖောက်လုပ်ထားသည့် မြေကျင်းသွား ဥမင်များနှင့် တံတားကြီးများတွင် ရေးခြစ်ခြင်းမှ အစပြု၍ လူအများ၏ မြင်ကွင်းတွင် ဂရပ်ဖစ်တီများပေါ်ပေါက်လာခဲ့ခြင်းပင် ဖြစ်ပါသည်။ ဂရပ်ဖစ်တီနှင့်ဟစ်ဟော့ပ် ယဉ်ကျေးမှုမှာလည်း စုရုံးဆက်နွယ်လျက်ရှိသည်ကိုလည်း တွေ့မြင်ခဲ့ရ၏။ နယူးယောက်မြို့တော်ကြီး၏ မြေအောက်ရထားလမ်းတွင် ဖန်တီးထားသည့် အဆုံးမရှိသော အရေအတွက်ရှိသည့် ဂရပ်ဖစ်တီများမှ ဆင်းသက်လာခဲ့သည့် နိုင်ငံတကာပုံစံများတို့အပြင် မှတ်သားဖွယ်ရာကောင်းလှသည့် ဂရပ်ဖစ်တီဥပမာများအဖြစ် ဖော်ပြနိုင်သည်။ ဂရပ်ဖစ်တီများသည်လည်း ၂၀ ရာစုအတွင်း၌ ပေါ်ထွန်းလာခဲ့သည်ကို တွေ့မြင်ရ၏။

ဂရပ်ဖစ်တီများကို လူသိများ ထင်ရှားလာခြင်းနှင့် တရားဝင်လာခြင်းတို့သည် စီးပွားရေးအရ အမြတ်ထုတ်ခြင်းဆီသို့ရောက်ရှိလာခဲ့၏။ ၂၀၀၁ ခုနှစ်တွင် ကွန်ပျူတာထုတ်လုပ်သည့် ကုမ္ပဏီအကြီးစားကြီးဖြစ်သည့် IBM သည် ချီကာကိုမြို့နှင့် ဆန်ဖရန်စစ္စကိုမြို့ကြီးများတွင် ငြိမ်းချမ်းရေးသင်္ကေတတစ်ခု၊ နှလုံးသားပုံတစ်ခုနှင့် Linux ၏ အမှတ်အသားဖြစ်သည့် ပင်ဂွင်းရုပ်တစ်ခုတို့ကို လူများသည် မှုတ်ဆေးဘူးများကို အသုံးပြုပြီး လူသွားလမ်းနံရံဘေးတွင် ငြိမ်းချမ်းရေး၊ အချစ်နှင့် Linux ဟု



www.burmeseclassic.com

www.burmeseclassic.com



ဖော်ပြသည့်အနေဖြင့် ရေးခြစ်ပြီးနောက် စီးပွားရေးအရ ကြော်ငြာမှုတစ်ခုကို ပြုလုပ်ခဲ့ကြသည်။ သို့သော်ငြားလည်း ထိုကဲ့သို့ ပြုလုပ်ခြင်းအား တားမြစ်ပိတ်ပင်သည့်အနေဖြင့် လမ်းဘေးပန်းချီဆရာများမှာ တာဝန်ရှိသူများ၏ ဖမ်းဆီးခံရပြီးနောက် လက်သရမ်းမှုဖြင့် စွဲချက်တင်ခံရပြီး IBM ကုမ္ပဏီသည်လည်း ဒဏ်ကြေးနှင့် သန့်ရှင်းရေးပြုလုပ်ရန်အတွက် ကျသင့်ငွေများအပါအဝင် အမေရိကန်ဒေါ်လာ တစ်သိန်းနှစ်သောင်းကျော် ပေးဆောင်စေခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် အလားတူကြော်ငြာမျိုးကို ဂျပန်နိုင်ငံမှ အထင်ကရ ကုမ္ပဏီကြီးတစ်ခုဖြစ်သည့် ဆိုနီအီလက်ထရွန်နစ်ကုမ္ပဏီကြီးမှ နယူးယောက်ရှိ ချီကာဂို၊ အတ္တလန္တာ၊ ဖီလာဒယ်လ်ဖီးယား၊ လော့စ်အိန်ဂျလိစ်နှင့် မီယာမီမြို့ကြီးများတွင် PSP ဂိမ်းစက်ကြော်ငြာများကို ပြုလုပ်ခဲ့ကြပြန်၏။ အဆိုပါကြော်ငြာပွဲတွင် ဆိုနီကုမ္ပဏီသည် ယခင်က ဖြစ်ပွားခဲ့သည့် IBM ကုမ္ပဏီမှ ရင်ဆိုင်ခဲ့ရသည့် မတရားမှုကို သင်ခန်းစာယူသောအားဖြင့် ကြော်ငြာဂရပ်ဖစ်တီများကို ပြုလုပ်ရေးဆွဲမည့် အဆောက်အအုံပိုင်ရှင်များကို နေရာအသုံးပြုခွင့်အတွက် အခကြေးငွေပေးချေခဲ့သည်။ ဂရပ်ဖစ်တီရေးဆွဲမှု ဖွံ့ဖြိုးလာခြင်းကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ကြည့်မည်ဆိုလျှင် တောင်အမေရိကတိုက်မှ ဘရာဇီးနိုင်ငံသည် ဂရပ်ဖစ်တီရေးဆွဲခြင်းရှိရာဓလေ့ သိသိသာသာ ထင်ထင်ရှားရှားရှိသည့် နိုင်ငံတစ်ခုပင်ဖြစ်သည်။ ဘရာဇီးနိုင်ငံမှ ဆော်အိုပေါ်လိုမြို့သည် လောလောဆယ်




အခြေအနေတွင် ဂရပ်ဖစ်တီ ရေးဆွဲဖန်တီးသူများ၏ အဓိကကျသော နေရာပင် ဖြစ်သည်။ ပြိုင်ဘက်ကင်းပြီး သပ်သပ်ရပ်ရပ်ရှိလှသည့် ဂရပ်ဖစ်တီမြင်ကွင်းများရှိခြင်းတို့ကြောင့် ဘရာဇီးနိုင်ငံသည် နိုင်ငံတကာ ဂရပ်ဖစ်တီ ရေးဆွဲခြယ်မှုန်း တန်ဆာဆင်သည့် နေရာတစ်ခုအနေဖြင့် ကျော်ကြားလျက် ရှိ၏။ ဘရာဇီးနိုင်ငံမှ လမ်းမကြီးများပေါ်တွင် ဆောက်လုပ်ထားသည့် မိုးပျံတံတားကြီးများ၏ တိုင်များတွင် ရေးခြယ်ထားကြသည့် ဂရပ်ဖစ်တီများသည် အခမဲ့ ဝင်ရောက်ကြည့်ရှုနိုင်သည့် ပြတိုက်ကြီးများသဖွယ် ဖြစ်နေ၏။ ဆော်အိုပေါ်လိုမြို့ကြီးသည် ယနေ့အချိန်တွင် ၁၉၇၀ ပြည့်နှစ်များဆီက နယူးယောက်မြို့ကြီးအား ဂရပ်ဖစ်တီများဖြင့် အလှဆင်ထားသကဲ့သို့ ဖြစ်နေသည်ကို တွေ့ရပြီး ယင်းမြို့ကြီးသည် ဂရပ်ဖစ်တီယဉ်ကျေးမှု၏ ဘုံဗိမာန်သစ်ကြီးသဖွယ် ဖြစ်လာနေ၏။ ဆင်းရဲမွဲတေခြင်း၊ အလုပ်လက်မဲ့ဖြစ်ခြင်းများနှင့်အတူ နာတာရှည်ရောဂါသဖွယ်ဖြစ်ပွားနေသည့် စီးပွားရေးမပြေလည်မှုများသည် ဘရာဇီးနိုင်ငံ၏ ဂရပ်ဖစ်တီယဉ်ကျေးမှုကို အားကောင်းစွာ မောင်းနှင်ရန်အတွက် လောင်စာဖြည့်ပေးနေသည့် အရာများပင်ဖြစ်သည်။ ဘရာဇီးနိုင်ငံတွင် ထင်ရှားလှသည့် ဂရပ်ဖစ်တီ ဖန်တီးရှင်အကျော်အမော်များစွာရှိကြပြီး ယင်းတို့၏ ဖန်တီးမှုများမှာ အောင်မြင်လျက်ရှိသည့်အပြင် စီးပွားရေးနှင့်ဆိုင်သည့် ကြော်ငြာများတွင်လည်း ပါဝင်ပတ်သက်လျက်ရှိသည်။



အရှေ့အလယ်ပိုင်းဒေသတွင် ဂရပ်ဖစ်တီရေးခြယ်ခြင်းမှာ နေးကွေးစွာဖြင့် ပေါ်ထွန်းလာနေပြီး တွေ့ရှိနိုင်သော နေရာများမှာ ယူအေအီး၊ အစ္စရေးနှင့် အီရန်နိုင်ငံများ၌ပင်ဖြစ်သည်။ အီရန်နိုင်ငံ၏ အထင်ကရ သတင်းစာကြီးတစ်စောင်တွင် တီဟီရန်မြို့နံရံများပေါ်တွင် ပြုလုပ်ခြယ်မှုန်းထားသည့် ဥပဒေမဲ့လုပ်ရပ်များအတွက် ဆောင်းပါး နှစ်စောင် ထည့်သွင်းရေးသားခဲ့၏။ အစ္စရေးနိုင်ငံမှ အနောက်ဘက်ကမ်းကို ကာရံထားသည့် အကာအကွယ်များသည်လည်း ဂရပ်ဖစ်တီများ ရေးခြစ်ရာနေရာတစ်ခုဖြစ်လာခဲ့၏။ အစ္စရေးနိုင်ငံရှိ ဂရပ်ဖစ်တီရေးဆွဲသူများသည် ကမ္ဘာနေရာအနှံ့အ



www.burmeseclassic.com

www.burmeseclassic.com





ပြားမှ လာရောက်ကြခြင်းဖြစ်သည်။ အရှေ့တောင်အာရှနိုင်ငံ အတော်များများတွင်လည်း အနောက်တိုင်းယဉ်ကျေးမှုမှတစ်ဆင့် ဂရပ်ဖစ်တီရေးဆွဲခြင်းများ လွှမ်းမိုးလာသည်ကို မလေးရှားကဲ့သို့ နိုင်ငံများကိုကြည့်ခြင်းအားဖြင့် သိနိုင်ပေသည်။ မလေးရှားနိုင်ငံ၏ မြို့တော်ဖြစ်သည့် ကွာလာလမ်ပူတွင် ဂရပ်ဖစ်တီမြင်ကွင်းများမှာ အထူးအဆန်းမဟုတ်တော့ဘဲ မြင်နေကျသဖွယ်ဖြစ်လာ၏။

ခေတ်နှင့်လျော်ညီစွာ ရေးဆွဲသည့် ဂရပ်ဖစ်တီဖန်တီးရှင်တစ်ဦးအနေဖြင့် အောင်မြင်သော ဂရပ်ဖစ်တီတစ်ခုအဖြစ် ဖန်တီးရန်အတွက် အမျိုးမျိုးသော ပစ္စည်းကိရိယာများနှင့် နည်းလမ်းများကို အသုံးပြုနိုင်ပေသည်။ သို့သော်လည်း မှုတ်ဆေးဘူးများအသုံးပြု၍ ရေးခြယ်ခြင်းမှ မတူညီသော ပုံစံများ၊ နည်းလမ်းများနှင့်တကွ လက်ရာပြောင်မြောက်လှသည့် ဂရပ်ဖစ်တီများကို ဖန်တီးနိုင်သည်အထိ အရည်အသွေးများကို ဖြစ်ပေးစေသည်။ မှုတ်ဆေးဘူးများကို ကုန်မာပစ္စည်းရောင်းချသည့်ဆိုင်များနှင့် ပန်းချီပစ္စည်းများ ရောင်းချသည့် ဆိုင်များတွင် တွေ့ရှိနိုင်ပြီး ရောင်စုံ ရရှိနိုင်ပေသည်။ ပုံထွင်းပြားဖြင့် ပြုသည့် ဂရပ်ဖစ်တီသည် ၁၉၈၀ ပြည့်နှစ်များ၏ အစောပိုင်းကာလများတွင် အစပြုခဲ့ခြင်းပင်ဖြစ်သည်။ ကတ်ထူပြား သို့မဟုတ် ခေါက်ချိုးနိုင်သည့် ပစ္စည်းများကို ဖြတ်ဖောက်၍ ပုံစံများနှင့် ဒီဇိုင်းဖော်ထားသည့် ပုံထွင်းပြားများကို အသုံးပြုကာ ပုံ ဖော်ခြင်းပင်ဖြစ်သည်။ ရေးခြယ်လိုသည့် နံရံ ပေါ်တွင် ပုံထွင်းပြားကို ကပ်ပြီးနောက် ဆေးမှုတ်ခြင်းအားဖြင့် မိမိအလိုရှိသော ပုံများနှင့် ဒီဇိုင်းများကို ပေါ်လာအောင် ပြုလုပ်ခြင်းပင် ဖြစ်သည်။ ထိုကဲ့သို့ ပြုလုပ်ရေးဆွဲခြင်းသည် ဂရပ်ဖစ်တီဖန်တီးရှင်များအကြားတွင် ရေပန်းအစားဆုံးပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လျင်မြန်စွာ ပြုလုပ်နိုင်သည့် နည်းစနစ်နှင့် အချိန် လိုအပ်ချက် အနည်းငယ်သာရှိခြင်းကြောင့်ပင်ဖြစ်သည်။ ဂရပ်ဖစ်တီ ရေးခြယ်ခြင်းပြုလုပ်သောအခါတွင် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၏ ဖမ်းယူခံရနိုင်ခြင်းဆိုသည့် ခြိမ်းခြောက်မှုများကြောင့် အချိန်သည်လည်း အမြဲတမ်းဂရုထားရမည့် အချက်တစ်ခုပင်ဖြစ်၏။ ရှုပ်ထွေးမှုများပါရှိသည့် ဂရပ်ဖစ်တီများကို ရေးဆွဲဖန်တီးသောအခါများတွင် ဖန်တီးသူ၏ အတွေ့အကြုံနှင့် အလေ့အကျင့်ပေါ် မူတည်ပြီး အချိန်စိုက်ထုတ်ရခြင်းများစွာ ဖြစ်ပေါ်လာနိုင်ခြင်းများလည်း ရှိလာနိုင်၏။ ပြုလုပ်ဖန်တီးမည့် အရွယ်အစားပေါ်တွင် မူတည်၍ ပြီးဆုံးမည့် အချိန်မှာ မိနစ် ၃၀ မှ လအချို့တိုင် ကြာရှိတတ်ပေသည်။

ဂရပ်ဖစ်တီများ ရေးဆွဲသောအခါများတွင် အသုံးအများဆုံးစတိုင်များထဲမှ အချို့မှာ ဖန်တီးသူများ၏ ကိုယ်ပိုင်အမည်များကို တစ်ပါတည်း ရေးဆွဲထားခဲ့ခြင်းပင် ဖြစ်သည်။ ထိုကဲ့သို့အမည်များကို ရေးဆွဲသောအခါတွင် လက်ဖြင့် ရိုးရှင်းစွာ ရေးဆွဲခြင်းပင် ဖြစ်သည်။ အဆိုပါ ရေးဆွဲထားသည့် အမည်သည် ဂရပ်ဖစ်တီဖန်တီးရှင်၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ လက်မှတ်ပင် ဖြစ်သည်။ ရေးဆွဲထားသည့်အမည်လေးများသည် စာတန်းလေးပါရှိသည့် ကတ်ပြားလေးတစ်ခုကို ပုံ၌ ချိတ်ဆွဲထားသည့်ဟန် ပေါက်အောင် ပြုလုပ်ခြင်းပင် ဖြစ်ပြီး ယင်းစာတန်းလေးများထဲ၌ နားလည်ရန် ခက်ခဲသော အရာများ ပါဝင်ကာ တစ်ခါတစ်ရံတွင် ဝှက်စာများလည်း ပါရှိသည်ကို တွေ့ရလေ့ရှိ၏။

ဂရပ်ဖစ်တီဖန်တီးရှင်များသည် ၎င်းတို့၏ဖန်တီးမှုများကို ပြသသည့်နောက်ပိုင်းတွင် ဖြစ်ပေါ်လာလေ့ရှိသည့် နောက်ဆက်တွဲ ပြဿနာများ ရှိတတ်စမြဲပင်ဖြစ်သည်။ ထို့ကြောင့် များလှစွာသော ဖန်တီးသူများသည် မည်သူမည်ဝါဖြစ်ကြောင်းနှင့် ထင်ပေါ်မှုကို ကာကွယ်ရန်အတွက် အမည်မထည့်သွင်းဘဲ ချန်လှပ်၍ အမည်မသိအနေဖြင့် ထားရှိရန် ရွေးချယ်မှုပြုလုပ်ကြ၏။ Banksy သည် ကမ္ဘာပေါ်တွင် နာမည်ဆိုးဖြင့် ကျော်ကြားလာပြီး လူသိအများဆုံးသော လမ်းများပေါ်တွင် ပြုလုပ်ထားသည့် ဂရပ်ဖစ်တီအနုပညာ ဖန်တီးသူများထဲမှ တစ်ဦးပင်ဖြစ်ကာ ယနေ့တိုင်အောင် မသိသာမထင်ရှားစွာဖြင့် ဆက်လက်ရပ်တည်လျက်ရှိသည်။ အင်္ဂလန်နိုင်ငံ၊ ဘရစ္စတိုတို့တွင် အဓိကဖန်တီးပြုလုပ်ထားသည့် သူ၏များလှစွာသော ဂရပ်ဖစ်တီများကြောင့် လူသိများလှခြင်းဖြစ်သော်လည်း သူ၏ ဖန်တီးမှုများကို လော့စ်အိန်ဂျယ်လိစ်မှ ပါလက်စတိုင်းဒေသများအထိအောင် တွေ့ရှိနိုင်ပေသည်။ ယူကေနိုင်ငံတွင် Banksy သည် သူ၏ ဂရပ်ဖစ်တီဖန်တီးမှုများအတွက် အသိအမှတ်ပြုခံရဆုံးသူပင်ဖြစ်ပြီး ဖမ်းဆီးခံရခြင်းမှ ရှောင်ရှားနိုင်စေရန်အလို့ငှာ သူသည် မည်သူမည်ဝါဖြစ်ကြောင်းကို လျှို့ဝှက်ထားဆဲပင်ဖြစ်သည်။ Banksy ဖန်တီးသည့် ဂရပ်ဖစ်တီလက်ရာများကို လန်ဒန်မြို့တော်ကြီး၏ လမ်းများနှင့် ဆင်ခြေဖုံးရပ်ကွက်များတွင် အများအပြား တွေ့နိုင်သည်သာမက ကမ္ဘာနှင့်တစ်ဝန်းတွင်လည်း တွေ့ရှိနိုင်၏။ ကုန်ကုန်ပြောရလျှင် အရှေ့အလယ်ပိုင်းဒေသမှ အစ္စရေးနိုင်ငံရှိ အနောက်ဘက်ကမ်းခြေဒေသများကို ပိုင်းခြားထားသည့် အကာအရံများတွင်ပင် သူ၏လက်ရာများကို တွေ့မြင်နိုင်ပေသည်။ ■ ရဲရင့်သွေး





www.burmeseclassic.com

www.burmeseclassic.com




# မောင်ကြည်စင်

ကမ္ဘာတစ်ဝန်းမှာရှိတဲ့ အနာဂတ်ဟောဆရာတွေကတော့ နောင်လာမယ့် အနာဂတ်မှာ ဖြစ်နိုင်တာတွေကို ကြိုတင်ဟောကိန်း ထုတ်နေကြပါပြီ။ ဖြစ်နိုင်ခြေရှိတဲ့ အချက်လေးတွေကို ထုတ်နုတ်တင်ပြပေးပါရစေ။ ဖြစ်နိုင်၊ မဖြစ်နိုင်ဆိုတာကိုတော့ စာဖတ်သူတွေက ကိုယ်တိုင် ချင့်ချိန်ဆုံးဖြတ်ဖို့ပါပဲ၊ ဖြစ်နိုင်တာကို ပြောကြတာပါ။ ဖြစ်မယ်လို့ မှချပြောမထားပါဘူး။ အောက်ပါ ၁၁ ချက်ကတော့ လာမယ့် သက္ကရာဇ် ၂၀၃၀ အရောက်မှာ ဖြစ်လာနိုင်တဲ့အရာတွေ ဖြစ်ပါတယ်။







www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





## နိုင်ငံခြားဘာသာစကား လေ့လာစရာ မလိုအပ်တော့ပါ

မိမိနားနဲ့ အလောတော်လောက်ဖြစ်တဲ့ ကွန်ပျူတာလေးတစ်ခုကို အသုံးပြုပြီး ဘယ်ဘာသာစကားကိုမဆို မိမိဘာသာနဲ့ နားထောင်နိုင်မှာ ဖြစ်ပါတယ်၊ ကျွန်တော်တို့အတွက် အဲဒါက သိပ်ထူးဆန်းတာတော့ မဟုတ်ပါဘူး၊ အဲဒီအတွက် လိုအပ်တဲ့နည်းပညာက အရန်သင့်ရှိပြီးသားပါ၊ ခင်ဗျားဘက်က လုပ်ဆောင်စရာတစ်ခုပဲ ရှိပါတယ်၊ အဲဒါကတော့ အွန်လိုင်းအင်တာနက်နဲ့ ဆက်သွယ်ရုံလေးပါ။

လွန်ခဲ့တဲ့ နှစ်များစွာကစပြီး လူသားတွေဟာ ဘာသာစကားနဲ့ ပတ်သက်တဲ့ ကျိန်စာတစ်ခုသင့်နေရပါတယ်။ လူ့ယဉ်ကျေးမှုတွေအကြား ဘာသာစကားကွဲပြားမှုကြောင့် လူသားတွေအကြား စိတ်ရှုပ်ထွေးစရာတွေ၊ အထင်အမြင် လွဲမှားမှုတွေ၊ စီးပွားရေး မညီမျှမှုတွေ၊ အစွန်းရောက် အဖြစ်အပျက်တွေ၊ လက်နက်ကိုင် ပဋိပက္ခတွေ ဖြစ်နေကြတာ ဖြစ်ပါတယ်။

ဘာသာစကား ကွဲပြားမှုကြောင့်ပဲ အသိ ပညာဖလှယ်မှုတွေ၊ နိုင်ငံများအကြား ကူးသန်းရောင်းဝယ်မှုတွေနဲ့ မိတ်ရင်းဆွေရင်းဆက်ဆံမှုတွေနဲ့ ဆွေမျိုးပေါက်ဖော် စိတ်ထားတွေကို အဟန့်အတား ဖြစ်နေစေတာ ဖြစ်ပါတယ်၊ အခုကနေ တွက်ကြည့်ရင် နောင်လာမယ့် နှစ် ၂၀ လောက်မှာ စာသင်ကျောင်းတွေမှာ ဒုတိယဘာသာစကား လေ့လာသင်ကြားမှုတွေ မရှိသလောက် နည်းပါးသွားမှာ ဖြစ်ပါတယ်။ အကြောင်းကတော့ ရိုးရိုးလေးပါပဲ။ မလိုအပ်တော့လို့ပါ၊ အင်မတန် ကံကောင်းလှတဲ့ ကျွန်တော်တို့ခေတ်မှာ နည်းပညာတိုးတက်မှုတွေ အရှိန်မြင့်သထက် မြင့်လာလို့ပဲ ဖြစ်ပါတယ်။ စကားသံကနေ စာလုံးအဖြစ် ပြောင်းလဲနိုင်တဲ့ နည်းပညာတိုးတက်မှု၊ ဘာသာပြန်နည်းပညာတိုးတက်မှုနဲ့ အသံပေါင်းစပ်မှု နည်းပညာ တိုးတက်မှုတွေကြောင့်လို့ ဆိုနိုင်ပါတယ်။ မကြာတော့တဲ့ အနာဂတ်မှာ လူသားတွေ ပြောဆိုနေကြတဲ့ ဘာသာစကားတိုင်းလိုလိုကို ကျွန်တော်တို့ မိခင်ဘာသာနဲ့ နားလည်နိုင်တော့မှာ ဖြစ်ပါတယ်။ နိုင်ငံခြားဘာသာ စကားတစ်ခုကို မိခင်ဘာသာနဲ့ နားလည်နိုင်အောင် ပြုလုပ်ပေးမယ့် စက်တစ်ခုကို အောက်ပါ ပစ္စည်းတွေနဲ့ ပေါင်းစပ်ထုတ်လုပ်မှာ ဖြစ်ပါတယ်။

၁) Voice recognition software
၂) Translation software
၃) Text-to-speech synthesis software

လုပ်ဆောင်မယ့် နည်းလမ်းတွေကတော့ 1. speech recognition software က ပထမပြောဆိုသူရဲ့ စကားသံကို စာလုံးတွေအဖြစ် ပြောင်းလဲပေးပါလိမ့်မယ်။ 2. Translation software က အဲဒီစာလုံးတွေကို ဒုတိယဘာသာစကား စာလုံးတွေအဖြစ် ပြောင်းလဲပေးပါလိမ့်မယ်။ 3. Speech synthesizer software က အဆိုပါဘာသာပြန်ပြီးသား စာလုံးတွေကို ဒုတိယလူကြားအောင် အသံထွက်ပြမှာ ဖြစ်ပါတယ်။

ကဲ... နိုင်ငံခြားဘာသာစကားလေ့လာဖို့ မလိုအပ်တော့ဘူးဆိုတာ ဖြစ်နိုင်၊ မဖြစ်နိုင် ကိုယ့်ဘာသာကိုယ်ပဲ အကဲဖြတ်ကြည့်ပါတော့။

## ကမ္ဘာ့လူထုအနက် သန်းချီတဲ့လူတချို့ရဲ့ သက်တမ်းဟာ ၁၅၀ နှစ်လောက်အထိ ရှည်ကြာပါလိမ့်မယ်

Aubrey de Grey ဆိုတဲ့ပုဂ္ဂိုလ်က ၂၀၃၀-၄၀ လောက်မှာ လူ့သက်တမ်းကို နှစ် ၂၀၀ လောက်ထိ ရှည်စေနိုင်မယ့် ဆေးဝါးရရှိနိုင်တဲ့ အခွင့်အလမ်းဟာ ၅၀ ရာခိုင်နှုန်းလောက်အထိ ရှိနေပါပြီလို့ ပြောပါတယ်။ တကယ်ဖြစ်အောင် လုပ်မယ် ဆိုရင်တော့ လူတို့ရဲ့ သက်တမ်း နှစ် ၂၀၀ ဆိုတဲ့ ရည်မှန်းချက်ဟာ ခရစ်နှစ် ၂၁၄၀-၅၀ လောက်မှာမှ အောင်မြင်နိုင်စရာရှိပါတယ်။ ခရစ်နှစ် ၂၀၃၀-၄၀ လောက်မှာ မွေးတဲ့လူတွေဆိုရင် အသက် ၈၅-၉၀ လောက်မှာ ဒီကုထုံးဆေးဝါးတွေကို မှီနိုင်စရာရှိတာပေါ့။

အဲဒီ ဘိုးသက်ရှည်၊ ဘွားသက်ရှည် အခွင့်အရေးကို ရဖို့အတွက် ထူးခြားတဲ့ နည်းပညာတိုးတက်မှုတစ်ခုတည်းနဲ့ ရနိုင်မှာ မဟုတ်ဘဲ အိုမင်းရင့်ရော်ခြင်းရဲ့ အစိတ်အပိုင်းတွေဖြစ်တဲ့ မော်လီကျူလာတွေနဲ့ ဆဲလ်လူလာတွေကို ပြန်လည် နပျိုလာအောင် ကုသပေးနိုင်တဲ့ ကုထုံးတွေနဲ့ပါ တွဲစပ်နိုင်မှ အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။

စာအုပ် အများအပြား ရေးသားခဲ့ပြီး စာပေဆိုင်ရာဆုတွေလည်း ရရှိထားတဲ့ ဒေါက်တာ David Brin ကတော့ လူသားတွေအနေနဲ့ သက်ရှည်ကျန်းမာစေတဲ့ နေထိုင်မှုပုံစံနဲ့ နေထိုင်ဖို့ လမ်းညွှန်ထားလိုသလို ``ခင်ဗျားရဲ့ ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခု မကောင်းတော့ဘူးလား၊ အဲဒါကို အစားထိုးဖို့ ခင်ဗျားရဲ့ ကလာပ်စည်းကိုယူပြီး လိုအပ်တဲ့









www.burmeseclassic.com

www.burmeseclassic.com




အင်္ဂါအစိတ်အပိုင်းကိုမွေးမြူယူလို့ ရနေပြီ။ ခင်ဗျားရဲ့ သွေးကြောတွေ ပိတ်ဆို့သွားသလား။ မပူပါနဲ့၊ စက်ရုပ်အသေးစားလေးကို ခင်ဗျားရဲ့သွေးကြောထဲဆီ ပို့လွှတ်ပြီး သွေးကြောနံရံမှာကပ်နေတဲ့ အဆီချိုးတွေကို ခွာယူလို့ ရပါတယ်၊ အသက်အရွယ်ကြီးလာတာနဲ့အမျှ အသားအရေတွေရဲ့ နူးညံ့ပျော့ပျောင်းမှုကို လျော့ပါးစေတဲ့ ကလာပ်စည်းအချင်းချင်း ချိတ်ဆက်မှုတွေကို (အင်မတန်သေးငယ်တဲ့ အရာတွေကို အဆပေါင်းများစွာ ပုံဖော်ချဲ့ပေးနိုင်တဲ့) မေဆာကိရိယာနဲ့ ချိန်ပြီး အဆက်တွေကို ဖြတ်ပစ်လို့ရတယ်။ ခန္ဓာကိုယ်ထဲမှာ ဓာတုစက်ရုံအသေးစားလေးတစ်ခု တည်ဆောက်တပ်ဆင်ထားပြီး အလုပ်ကောင်းကောင်း မလုပ်နိုင်တော့တဲ့ ဂလင်းတွေအစား လိုအပ်တဲ့ ဓာတ်ပစ္စည်းတွေကို ထုတ်လုပ်နိုင်တယ်။ ကြွပ်ဆတ်ပြီး အလွယ်တကူကျိုးနိုင်တဲ့ အရိုးတွေကို အရိုးထက်ပိုမာတဲ့ ကြွေရည်တစ်မျိုးကို အရိုးပေါ်ကနေ ပိုးထားပေးလို့ရတယ်။ ဒါကြောင့် လူသားတွေဟာ အသက် ၁၅၀ - ၂၀၀ နေနိုင်ဖို့ဆိုတာဟာ ဖြစ်နိုင်တယ်လို့ ထောက်ခံထားပါတယ်။

## ကမ္ဘာပေါ်မှာ အလွန်အမင်းဆင်းရဲသူဟာ နှစ်ရာခိုင်နှုန်းလောက်ပဲရှိပါတော့မယ်




အလွန်အမင်း ဆင်းရဲမှုတွေဟာ ကျွန်တော်တို့သက်တမ်းအတွင်းမှာပင် ပျောက်ကွယ်သွားစရာရှိပါတယ်။ ၁၉၉၀ ပြည့်နှစ်မှာ ၁ ဒသမ ၂၅ ဒေါ်လာအောက်ဝင်ငွေနဲ့ အသက်ရှင် ရပ်တည်ကြရတဲ့သူတွေဟာ ၄၂ ရာခိုင်နှုန်းလောက်ရှိခဲ့ပါတယ်။ ၂၀၀၅ ခုနှစ်ရောက်တော့ ၂၅ ရာခိုင်နှုန်းလောက်အထိ ကျဆင်းသွားပါတယ်။ ကုလသမဂ္ဂက ၂၀၂၀ ရောက်ရင် ကမ္ဘာ့ဆင်းရဲသားဦးရေဟာ ၁၀ ရာခိုင်နှုန်းလောက်အထိ ကျဆင်းသွားလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်၊ ကျွန်တော်ကတော့ လူ ၅၀ မှာ တစ်ယောက် ဆင်းရဲသားတစ်ယောက်သာရှိလိမ့်မယ်လို့ ရဲရဲကြီး ခန့်မှန်းပါတယ်။

## မိုးမျှော်အဆောက်အအုံကြီးပေါ်မှာ အကောင်းစား အစားအစာတွေ ထုတ်လုပ်ပါလိမ့်မယ်

မြေပြင်စိုက်ပျိုးရေးဟာ တဖြည်းဖြည်းတိမ်ကောလာမှာပါ၊ ကိုလံဘီယာတက္ကသိုလ်မှ Dr. Dickson Despommier ရဲ့ အမြင်အရဆိုရင်တော့ စိုက်ပျိုးရေးဆိုင်ရာအလုံးစုံ ပြောင်းလဲတာဟာ လက်တစ်ကမ်းကို ရောက်ရှိနေပြီ ဖြစ်ပါတယ်။ သူက ကမ္ဘာ့မြို့ကြီးတွေမှာ အထပ် ၃၀ လောက်ရှိတဲ့ စိုက်ပျိုးရေးဖန်လုံအိမ်ကြီးတွေ ဆောက်လုပ်ဖို့ စဉ်းစားထားပါတယ်။ အဲဒီအဆောက်အအုံကြီးတွေမှာ အထွက်ကောင်းပြီး ငွေကုန်ကြေးကျလည်း သက်သာကာ ကျန်းမာရေးနဲ့ ပိုညီညွတ်တဲ့ အစားအစာတွေကို ထုတ်လုပ်နိုင်မှာ ဖြစ်ပါတယ်။ လက်ရှိ စိုက်ပျိုးမြေတွေကိုတော့ သဘာဝပတ်ဝန်းကျင်အတွက် ထိန်းသိမ်းထားမှာလို့ ဆိုပါတယ်။

Dr. Dickson Despommier က သူ့ရဲ့ The Vertical Farm ဆိုတဲ့ စာအုပ်မှာ မိုးမျှော်စိုက်ခင်းတွေရဲ့ အားသာချက်တွေကို ဖော်ပြထားရာမှာ -

၁) တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်ခြင်း၊

၂) စိုက်ပျိုးမြေ မရှိတဲ့ နေရာဒေသတွေမှာ အစားအစာ ထုတ်လုပ်ဖြည့်ဆည်းနိုင်ခြင်း၊

၃) ရာသီဥတုနဲ့ ဆက်စပ်တဲ့ သီးနှံပျက်စီးမှုတွေကို ခံနိုင်ရည်ရှိခြင်း၊

၄) စိုက်ခင်းအတွက် အသုံးပြုပြီးတဲ့ရေတွေကို ပြန်လည်အသုံးပြုနိုင်တဲ့အတွက် ရေငွေ့ပြန်ပြီး ရေဆုံးရှုံးမှုနည်းပါးခြင်း၊

၅) စိုက်ခင်းမှာ ပိုးသတ်ဆေး၊ ဓာတ်မြေဩ



www.burmeseclassic.com

www.burmeseclassic.com





၈။ ပေါင်းသတ်ဆေး စတာတွေ အသုံးပြု စရာမလိုတဲ့အတွက် သန့်ရှင်းလတ်ဆတ်ခြင်း၊ ကျန်းမာရေးနဲ့ ညီညွတ်ခြင်း၊ (လက်ရှိ ဩဂဲနစ်အစားအစာတွေထက်တောင် ကျန်းမာရေးနဲ့ ပိုမိုညီညွတ်ပါသေးတယ်၊ ဩဂဲနစ်စိုက်ပျိုးရေးမှာ အသုံးပြုတဲ့ တိရစ္ဆာန်အညစ်အကြေးတွေဟာ ဘက်တီးရီးယားပေါက်ဖွားစေပါတယ်)

၆) အစားအစာတွေကို နယ်မှာစိုက်ပျိုးပြီး မြို့ကြီးတွေဆီ ပို့ဆောင်ပေးရတာမျိုး မရှိတော့တဲ့အတွက် ရုပ်ကြွင်းလောင်စာ အသုံးပြုမှုကို သိသိသာသာ လျော့ကျစေပါတယ်။ (မြို့ကြီးတွေလည်း စိုက်ပျိုးကြမှာကိုး)

၇) ထုပ်ပိုးသယ်ဆောင်ရခြင်း မရှိတော့တဲ့အတွက် သီးနံလေလွင့်ဆုံးရှုံးမှုလည်း မရှိတော့ပါဘူး။

၈၊) သယ်ယူပို့ဆောင်စရိတ်နည်းပါးတဲ့အတွက် သီးနံဈေးနှုန်းလည်း သက်သာပါလိမ့်မယ်။

၉) မြို့ပြစိုက်ခင်းများအနီး သက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းများ လာရောက်တည်ထောင်ပါလိမ့်မယ်၊ (ဥပမာ - စိုက်ပျိုးရေးဘဏ်၊ ခြံထွက်သီးနံဆိုင် စတာမျိုးတွေ)

၁၀) ကျွမ်းကျင်သူရော၊ မကျွမ်းကျင်သူပါ သင့်တော်တဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေ ရနိုင်ပါလိမ့်မယ်။

၁၁) မိုးမျှော်စိုက်ခင်းတွေဟာ ကာဗွန်ကင်းမဲ့ဇုန်တွေ ဖြစ်လာနိုင်ပြီး ၎င်းတို့အတွက် နေစွမ်းအင်၊ လေစွမ်းအင်၊ ရေစွမ်းအင်နဲ့ ဂျီအိုသာမိုခေါ်တဲ့ မြေစွမ်းအင်တို့ကိုသာ အသုံးပြုမှာ ဖြစ်ပါတယ်။

BURMESE CLASSIC .com

## မောင်းသူမဲ့ကားတွေကို နေရာတိုင်းမှာ တွေ့ရပါလိမ့်မယ်

အဲဒီလို ခင်ဗျားစိတ်ကူးယဉ်နေတယ်ဆိုတာ ကျွန်တော်သိပါတယ်။ ကားထဲဝင်ထိုင်ပြီးတာနဲ့ ဖိနပ်ချွတ်၊ ထိုင်ခုံပေါ်မှာ နောက်မှီ ထိုင်ပြီး ဘီယာအေးအေးလေး သောက်၊ ရုပ်ရှင်ကို အေးအေးဆေးဆေး ထိုင်ကြည့်ရင်း ကိုယ်လိုရာခရီးကို ဘေးကင်းရန်ကင်း ချောချောမောမော သွားရောက်နိုင်မှာ ဖြစ်ပါတယ်။ လမ်းကြောင်းများမှာ လမ်းသွားလမ်းလာကို တိုက်မိမှာလည်း ပူစရာ မလိုပါဘူး၊ ဆိုရရင်တော့ဗျာ အဲဒီကားမျိုး ထုတ်လုပ်နိုင်မယ့် နည်းပညာက ရှိပြီးသားပါ။

ကယ်လီဖိုးနီးယားက စတန်ဖို့ဒ်တက္ကသိုလ်မှ သုတေသီများက Junior ဆိုတဲ့ စမတ်ကားတစ်စီးကို စမ်းသပ် ထုတ်လုပ်ခဲ့ပါတယ်။ Junior ဟာ ၂၀၀၆ Volkswagen Passat ပဲ ဖြစ်ပါတယ်။ အဲဒီစမတ်ကားမှာ အကွာအဝေးကို ဆုံးဖြတ်နိုင်ဖို့ လှည့်ပတ်နိုင်တဲ့ လေဆာကို တပ်ဆင်ထားပါတယ်။ ကားပတ်ပတ်လည် ၃၆၀ ဒီဂရီကို မြင်နိုင်ပြီး တစ်စက္ကန့်ကို ဓာတ်ပုံဆယ်ပုံ ရိုက်ယူနိုင်ပါတယ်။ ကားရဲ့ဘန်ပါမှာလည်း အဲဒီလေဆာကို တပ်ဆင်ထားပါတယ်။ ကားဘော်ဒီမှာလည်း ဗီဒီယိုကင်မရာ ခြောက်လုံး တပ်ဆင်ထားပါတယ်။ ကားရဲ့ တည်နေရာနဲ့ အနေအထားကို သိနိုင်ဖို့ အင်မတန်ဆန်းပြားတဲ့ GPS စနစ်လည်း တပ်ဆင်ထားပါတယ်။ အဲဒီကားဟာ ယာဉ်ကြောကျပ်တဲ့နေရာတွေမှာ မောင်းနှင်နိုင်သလို ယာဉ်လမ်းကြောင်းကိုလည်း အလိုလိုပြောင်းနိုင်ပါတယ်။ လူများလမ်းဖြတ်ကူးရာနေရာတွေမှာ အလိုလို ရပ်တန့်စောင့်ဆိုင်းပေးပါတယ်။ အားလုံးကို လူက လုံးဝပြုလုပ်စရာမလိုဘဲ အားလုံးဟာ အလိုလို လုပ်ဆောင်ချက်တွေပဲ ဖြစ်ပါတယ်။ ဒီခန့်မှန်းချက်ဟာလည်း မကြာမီ တကယ်ဖြစ်လာဖို့ သေချာနေပါပြီ။








www.burmeseclassic.com

www.burmeseclassic.com



**လူဦးရေ သန်း ၂၀ ကျော်နေထိုင်တဲ့ ကမ္ဘာ့မြို့ကြီးပေါင်း ၁၈ မြို့ရှိပါလိမ့်မယ်... နယူးယောက်မြို့ဟာ ၁၆ ခုမြောက် ကမ္ဘာ့အကြီးဆုံးမြို့ဖြစ်လာပါလိမ့်မယ်**

ဒီခန့်မှန်းချက်ကို မယုတ်မလွန် ခန့်မှန်းထားတာလို့ ထင်ပါတယ်၊ ကမ္ဘာ့လူဦးရေဟာ ကြောက်ခမန်းလိလိ တိုးတက်နေပေမယ့် ကမ္ဘာ့မြို့ကြီးများဟာလည်း မကြုံဖူးလောက်အောင် အရှိန်အဟုန်နဲ့ တိုးတက်နေတာဖြစ်ပါတယ်။ ယခုလက်ရှိမှာတင် ကမ္ဘာ့လူဦးရေရဲ့ ၅၀ ရာခိုင်နှုန်းဟာ မြို့ပြတွေမှာ နေထိုင်နေကြတာပါ၊ ခရစ်နှစ် ၂၀၃၀ ရောက်ရင်တော့ မြို့ပြလူဦးရေဟာ ၆၀ ရာခိုင်နှုန်းလောက်အထိ ဖြစ်လာပါလိမ့်မယ်။ အဲဒီ တိုးတက်လာတဲ့ မြို့ကြီးတွေအနက် ၉၃ ရာခိုင်နှုန်းဟာ ဖွံ့ဖြိုးဆဲနိုင်ငံတွေက ဖြစ်ပါလိမ့်မယ်။

**လူမောင်းနှင်ခြင်းမရှိတဲ့ လေယာဉ်တွေနဲ့ ခရီးသည်တွေကို ပို့ဆောင်ပေးပါလိမ့်မယ်**

အဲဒီ ခန့်မှန်းချက်ဖြစ်လာဖို့ကတော့ အတော်လေးကိုပဲ နီးစပ်နေပါပြီ။ မောင်းသူမဲ့ ပို့ဆောင်ရေးယာဉ်ကွန်ရက် စနစ်တစ်ခု တည်ဆောက်နေတာဟာ တကယ်လက်တွေ့လူတွေကို ပို့ဆောင်ပေးမယ့် မောင်းသူမဲ့ လေယာဉ်ကွန်ရက်အတွက် လမ်းခင်းပေးနေတာ ဖြစ်ပါတယ်။ လူသားတွေဟာ သုံးဖက်မြင်ပတ်ဝန်းကျင်မှာ မောင်းနှင်သွားလာရေးအတွက် ကျွမ်းကျင်မှု အင်မတန်နည်းပါတယ်။ ဒါကြောင့် မောင်းသူမဲ့ လေယာဉ်တွေဟာ လူကြောင့်မှားယွင်းမှုနည်းပါးမှာဖြစ်တဲ့အတွက် ပိုပြီးလုံခြုံဘေးကင်းရေးအတွက် ရွေးချယ်စရာနည်းလမ်းတစ်ခု ဖြစ်လာပါလိမ့်မယ်။



**အာကာသခရီးသွားလာမှုဟာ သာမန်အနေလောက်သာ ရှိတော့မှာ ဖြစ်ပါတယ်၊ ကမ္ဘာ့ပတ်လမ်းကြောင်းအတွင်းမှာ လူပေါင်း လေးသောင်းလောက် အလုပ်လုပ်နေကြမှာ ဖြစ်ပါတယ်**

The Space Island Group ဟာ ဗြိတိသျှလေကြောင်းနဲ့ ပူးပေါင်းပြီး ဘက်စုံသုံး အပြည်ပြည်ဆိုင်ရာ စီးပွားဖြစ် အာကာသစခန်းတစ်ခု တည်ဆောက်ဖို့ စီစဉ်နေပါတယ်။ အဲဒီ စခန်းမှာ ဟိုတယ်တွေ၊ သုတေသနဌာနတွေ ရသာထိပ်တန်းစားသောက်ဆိုင်တွေ၊ ဆွဲငင်အားမဲ့နေရာမှာ လုပ်နိုင်မယ့် အားကစားနည်းအသစ်တွေနဲ့ အားကစားစင်တာတွေ ပါဝင်မှာဖြစ်ပြီး အခုအချိန်မှာ စိတ်ကူးလို့ မရနိုင်သေးတဲ့ တခြားဆောင်ရွက်ချက် ဒါဇင်ပေါင်းများစွာလည်း ပါဝင်မှာဖြစ်ပါတယ်။ SIG ဟာ အလားတူစီမံကိန်းမျိုးတွေကို ဆောင်ရွက်နေတဲ့ ကုမ္ပဏီအနည်းငယ်အနက် တစ်ခု ဖြစ်ပါတယ်။

**ကွန်ပျူတာနဲ့ ဖန်တီးထားတဲ့ တန်ဖိုးနည်းသရုပ်ဆောင်တွေရဲ့ ယှဉ်ပြိုင်မှုကြောင့် ချစ်ရှင်သရုပ်ဆောင်အများစု အလုပ်လက်မဲ့ဘဝရောက်ကြပါလိမ့်မယ်**

CGI လို့ခေါ်တဲ့ ကွန်ပျူတာပုံရိပ်ဖော်နည်းပညာတွေကို အသုံးပြုပြီး လူသားတွေနဲ့ ခွဲခြားမရအောင် တစ်ထပ်တည်းတူရုံမက ကျရာဇာတ်ရုပ်ကို ပီပြင်စွာ သရုပ်ဆောင်နိုင်မယ့် ကွန်ပျူတာသရုပ်ဆောင်တွေနဲ့ ရုပ်ရှင်ဇာတ်ကားတွေကို ထုတ်လုပ်ကြတော့မှာ ဖြစ်ပါတယ်။

လက်ရှိမှာ အယ်နီမေးရှင်း ဇာတ်ကားတွေထုတ်လုပ်ရာမှာ ကုန်ကျစရိတ်များနေတာက ပြဿနာတစ်ခု ဖြစ်နေပါတယ်။ ဒါပေမဲ့ တခြားကဏ္ဍတွေလိုပဲ ရုပ်ပြဇာတ်ကားထုတ်လုပ်မှု နည်းပညာတွေလည်း တစ်စတစ်စ တိုးတက်လာနေပြီ ဖြစ်ပါတယ်။ ဒါကြောင့် မကြာမီမှာ လူသားသရုပ်ဆောင်တွေ





www.burmeseclassic.com

www.burmeseclassic.com









ကို ရုပ်ပြသရုပ်ဆောင်တွေက ယှဉ်ပြိုင်လာတော့မှာ ဖြစ်ပါတယ်။ ရုပ်ပြသရုပ်ဆောင်တွေက လူသားသရုပ်ဆောင်တွေနဲ့ ယှဉ်ပြိုင်ရာမှာ အားသာချက်တွေက (၁) သရုပ်ဆောင်ကြေး လုံးဝပေးစရာမလို၊ (၂) နမူနာအနေနဲ့ ရိုက်ကူးဖို့မလို (၃) စိတ်တိုစိတ်ဆတ်ခြင်း မရှိ၊ (၄) အခါခါ ပြန်မရိုက်ရဘဲ တစ်ကွက်ဆိုတစ်ကွက်ပဲရိုက်။ ဒါ့အပြင် တခြားအကြောင်းတွေအနေနဲ့ ပြောရရင် ရုပ်ရှင်ထုတ်လုပ်သူတွေရဲ့ စိတ်ရင်းအတိုင်းဆိုရင်တော့ ရုပ်ရှင်တစ်ကားအတွက် တွမ်ခရုဇ်လို မင်းသားမျိုးကို ဒေါ်လာ သန်း ၃၀ ဘယ်ပေးချင်ပါ့မလဲ၊ တစ်ချိန်ချိန်မှာတော့ တွမ်ခရုဇ်ရဲ့ နေရာမှာ အရုပ်ရှည်ရှည် ရုပ်ပြမင်းသားတစ်ယောက်နဲ့ အစားထိုးပါလိမ့်မယ်။

## တရုတ်နိုင်ငံမှာ လူတစ်သန်းအထက် နေထိုင်တဲ့ မြို့ပေါင်း ၂၅၀ ကျော် ရှိလာပါလိမ့်မယ်

ယနေ့အချိန်မှာ ယူကေနိုင်ငံက လူဦးရေ ၉၀ ရာခိုင်နှုန်း၊ အမေရိကန်က လူဦးရေ ၈၀ ရာခိုင်နှုန်းတို့ဟာ မြို့ပြနေထိုင်သူတွေဖြစ်ပြီး တရုတ်မှာတော့ မြို့ပြနေထိုင်သူဟာ ၄၆ ရာခိုင်နှုန်းပဲ ရှိပါသေးတယ်၊ လူဦးရေ တစ်သန်းနဲ့အထက် နေထိုင်တဲ့မြို့ပြဧရိယာဟာ ယူကေမှာ ငါးခု၊ အမေရိကန်မှာ ၃၇ သာ ရှိပြီး တရုတ်မှာ ၉၀ ရှိပါတယ်။ ဒီလို မြို့ပြနေထိုင်သူ တိုးတက်နှုန်းဟာ ယူကေနဲ့ အမေရိကန်မှာ ထိပ်ဆုံးကို ရောက်နေပြီး တရုတ်အတွက်တော့ တစ်ဝက်သာ ရှိပါသေးတယ်၊

အတိုင်ပင်ခံကုမ္ပဏီ McKinsey ရဲ့ ခန့်မှန်းချက်အရ သက္ကရာဇ် ၂၀၂၅ ရောက်ရင် တရုတ်မှာ လူဦးရေ တစ်သန်းအထက် ရှိတဲ့ မြို့ပေါင်း ၂၂၀ ရှိလာမှာ ဖြစ်ပါတယ်။




## လူအပေါင်းများစွာဟာ စက်ရုပ်ချစ်သူနဲ့သာ နေကြပါလိမ့်မယ်

ဒါကတော့ ကျွန်တော် ခပ်ရဲရဲ ခန့်မှန်းထားတာပါ၊ ယောက်ျားလေးမိတ်ဆွေတချို့ကို စက်ရုပ်နဲ့ ချစ်သူအဖြစ် နေကြမလားလို့ မေးကြည့်ဖူးပါတယ်။ သူတို့က စဉ်းစဉ်းစားစားနဲ့ ´မနေချင်ပါဘူး´လို့ ဖြေကြပါတယ်။ သူတို့က စက်ရုပ်ဆိုတာနဲ့ သံကိုယ်နဲ့ ဝိုင်ယာကြိုးတွေ၊ ကိုးရိုးကားယားလမ်းလျှောက်ပုံတွေ၊ သက်မဲ့မျက်ဝန်းတွေကိုသာ တွေးမိကြမှာ ဖြစ်ပါတယ်။ အခု ကျွန်တော်ပြောမယ့် စက်ရုပ်က အဲဒီလို မဟုတ်ပါဘူး။ အဲဒီစက်ရုပ်တွေက လူတွေလိုပဲ ကြည့်တတ်တယ်။ ခံစားမှုရှိတယ်၊ အသံပေးနိုင်ပြီး စကားလည်း ပြောမှာပါ၊ နောင် ဆယ့်ငါးနှစ်- နှစ်နှစ်ဆယ်မှာ လူတွေနဲ့ ခွဲမရအောင် တစ်ထေရာတည်း တူတဲ့ စက်ရုပ်တွေကို ထုတ်လုပ်ကြတော့မှာ ဖြစ်ပါတယ်။

မောင်ကြည်စင်



www.burmeseclassic.com

www.burmeseclassic.com





# အကျည်းတန်အရုပ်ဆိုးသွားခဲ့ရသော ဘောစတွန်မာရသွန်

လင်းလက်ကို





www.burmeseclassic.com





၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၅ ရက်နေ့ (မျိုးချစ်များနေ့)တွင် အမေရိကန်နိုင်ငံ၊ ဘော့စတွန်မြို့၌နှစ်စဉ်ကျင်းပပြုလုပ်မြဲဖြစ်သည့် မာရသွန်ပြိုင်ပွဲတွင် အကြမ်းဖက်သမားများ၏ လူမဆန်စွာဖောက်ခွဲခဲ့သောဗုံး နှစ်လုံးကြောင့် အမျိုးသမီး နှစ်ဦး၊ ရှစ်နှစ်အရွယ်ကလေးငယ် တစ်ဦးအပါအဝင် အရပ်သားသုံးဦးသေဆုံးခဲ့ပြီး လူပေါင်း ၁၈၃ ယောက်ဒဏ်ရာရရှိခဲ့သည်။ ဒေသစံတော်ချိန်မွန်းလွဲ ၂ နာရီ ၄၉ မိနစ်တွင် ပန်းဝင်သည့် နေရာအနီး၌ ပထမဦးဆုံးဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး ၁၃ စက္ကန့်အကြာတွင် ဒုတိယဗုံးထပ်မံပေါက်ကွဲခဲ့၏။ ပြိုင်ပွဲကျင်းပရေးတာဝန်ရှိ သူများက အဆိုပါနေရာ၌ နှစ်ကြိမ်တိုင်တိုင်ဗုံးရှာဖွေမှုများ ကြိုတင်ပြုလုပ်ခဲ့ပြီး ဒုတိယ အကြိမ်မြောက်ပြုလုပ်ခဲ့သော ဗုံးရှာဖွေမှုကို ဗုံးမပေါက်ကွဲမီတစ်နာရီအလို၌ ပြုလုပ်ခဲ့ခြင်းပင်ဖြစ်သည်။ မာရသွန်ပြိုင်ပွဲမကျင်းပမီ အကြမ်းဖက်တိုက်ခိုက်မှုနှင့်ပတ်သက်သည့် မည်သည့်သတင်းပေးခြင်းကိုမှ ရရှိခဲ့ခြင်းမရှိဘဲ လူအများသည် အဆိုပါနေရာသို့ အိတ်များဖြင့် လွတ်လွတ်လပ်လပ် သွားလာနိုင်ခဲ့ကြ၏။ ဗုံးပေါက်ကွဲသည့်အချိန်သည် ပထမဦးဆုံး ပန်းဝင်သူ အပြေးသမားပန်း ဝင်ပြီး နောက် ၂ နာရီခန့် အကြာ၊ အခြားပြိုင်ပွဲဝင် အပြေးသမားပေါင်း ၅၇၀၀ ကျော်ခန့်မှာ ပန်းဝင်ရန်ကျန် ရှိသေးချိန်ပင်ဖြစ်သည်။ အကြမ်းဖက်သမားများသည် ပြိုင်ပွဲဝင်သူပေါင်း ထောင်နှင့်ချီ၍ ဒဏ်ရာရရှိစေရန် အတွက်အကွက်ကျကျ အစီအစဉ်ဆွဲပြီး လူမဆန်စွာဖြင့်ဗုံးဖောက်ခွဲခြင်းပင်ဖြစ်၏။

ဗုံးပေါက်ကွဲပြီးနောက် ကယ်ဆယ်ရေးလုပ်သားများနှင့် ဆေးဝန်ထမ်းများသည် ပြိုင်ပွဲဝင်သူများနှင့် အားပေးကြည့်ရှုနေသူများထဲမှ ဒဏ်ရာရသူများကို အကူအညီပေးခဲ့၏။ မာရသွန်ပြိုင်ပွဲမှာ ရုတ်တရက်ဆိုသလိုပင်ရပ်တန့်သွားပြီးနောက် အရေးပေါ် ကယ်ဆယ်မှုအစီအစဉ်များပြီးဆုံးသွားသောအခါ ကျန်ရှိနေသေးသည့် ပြိုင်ပွဲဝင်များကို ရဲများကလမ်းလွှဲပေးခဲ့၏။ တစ်ချိန်တည်းမှာပင် ဗုံးဖယ်ရှားသည့်ပညာရှင်များရောက်လာပြီး အခင်းဖြစ်ပွားရာနေရာတစ်ဝိုက်သို့ရှာဖွေမှုများပြုလုပ်ခဲ့သည်။ လာရောက်အားပေးသူများသည် ယူဆောင်လာသော ကျောပိုးအိတ်များကို ပစ်ချပြီး ထွက်ပြေးကြသဖြင့် အခြေအနေမှာပိုမိုရှုပ်ထွေးသွားပြီး လမ်းပေါ်တွင်ပြန့်ကျဲနေသော အိတ်တိုင်းစေ့ကို လိုက်ပြီးရှာရမည့်အခြေအနေသို့ ရောက်ရှိသွားခဲ့သည်။ အနီးပတ်ဝန်းကျင်ရှိ ဆေးရုံပေါင်း ၁၀ ခုက ဒဏ်ရာရရှိသူပေါင်း ၁၇၈ ယောက်ကျော်ကို ဆေးဝါးများကုသပေးခဲ့သည်။ ထိခိုက်ဒဏ်ရာရသူအများစု၌ ခြေထောက်အောက်ပိုင်းဒဏ်ရာများနှင့် ပြတ်ရှဒဏ်ရာများရရှိခဲ့သဖြင့် ဗုံးသည် မြေပြင်တွင်ထားရှိခဲ့ခြင်းဖြစ်သည်ဟု ဖော်ပြနေသည်ကို တွေ့ရှိရ၏။ ချွန်ထက်နေသည့် သတ္တုအပိုင်းအစများ၊ သံများနှင့် ဘောလ်ဘဲရင်းများအပြင် ကျောပိုးအိတ်တစ်ခုမှအနက်ရောင်နိုင်လွန်အပိုင်းအစများကိုလည်း တာဝန်ရှိသူများက ရှာဖွေတွေ့ရှိခဲ့သည်။ အနီးပတ်ဝန်းကျင်ရှိ ခေါင်မိုးပေါ်၌ ဗုံးပြုလုပ်ရာ တွင် အသုံးပြုခဲ့ပုံရသော ပေါင်းအိုးမှ အပိုင်းအစတစ်ခုကိုလည်း တွေ့ရှိခဲ့၏။

အခင်းဖြစ်ပွားပြီးနောက် သုံးရက်အကြာ ဧပြီလ ၁၈ ရက်နေ့တွင် အက်ဖ်







www.burmeseclassic.com

www.burmeseclassic.com



ဘီအိုင်မှ တာဝန်ရှိသူများက သံသယရှိသူများကို ဖော်ထုတ်နိုင်ရန်အတွက် ပြည်သူလူထုကို အကူအညီတောင်းခံခဲ့ရာ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းများမှတစ်ဆင့် တရားခံများကို အတည်ပြုနိုင်ခဲ့၏။ တရားခံအဖြစ် သံသယဖြစ်ဖွယ်ရှိသောသူ နှစ်ယောက်၏ ဓာတ်ပုံများကို ပြည်သူလူထုအတွင်းသို့ ဖြန့်ဝေပြီး နောက် ၅ နာရီခန့်အကြာ၊ ဒေသစံတော်ချိန်အားဖြင့် ၁၀ နာရီ ၄၈ မိနစ်တွင် တရားခံပြေးများသည် မက်ဆက်ချူးဆက်နည်းပညာတက္ကသိုလ်ရဲဌာနမှ အသက် ၂၆ နှစ်အရွယ်ရှိ အရာရှိတစ်ဦးကို ၎င်း၏ ကားအတွင်း၌ ထိုင်နေစဉ် အချက်ပေါင်းများ စွာသေနတ်ဖြင့် ပစ်ခတ်ခဲ့သည့်အတွက် ဆေးရုံသို့ ပို့ဆောင်ခဲ့သော်လည်း သေဆုံးသွားခဲ့၏။ ထို့နောက် တရားခံပြေးများသည် ငွေရောင် မာစီဒီးကားတစ်စီးကို ပြန်ပေးဆွဲခဲ့ပြီး ကားပိုင်ရှင်ဖြစ်သူကို သူ၏ အေတီအမ်ကတ်ကို အသုံးပြု၍ အမေရိကန်ဒေါ်လာ ၈၀၀ စက်မှ ထုတ်ယူရန်အတင်းအကျပ်စေနိုင်းခဲ့၏။ ကံကောင်းထောက်မစွာပင် ကားပိုင်ရှင်ကို ရန်မူခြင်းမရှိဘဲ လွှတ်ပေးလိုက်ပြီးနောက် ကားပြန်ပေးဆွဲသူများက မာရသွန်ဗုံးဖောက်ခွဲခြင်းနှင့် ရဲအရာရှိကို သတ်ဖြတ်ခြင်းတို့အတွက် ၎င်းတို့၌ တာဝန်ရှိကြောင်း ပြောကြားခဲ့ပြီးထွက်ပြေးသွားခဲ့ကြသည်။ ကားပိုင်ရှင်၏ ဆဲလ်ဖုန်းမှာ ကားအတွင်း၌ ကျန်ရစ်ခဲ့သဖြင့် ရဲကကားပြန်ပေးဆွဲသူများကို ခြေရာခံနိုင်ခဲ့သည်။ ငွေထုတ်စက်တွင် တပ်ဆင်ထားသည့် ကင်မရာမှတစ်ဆင့် တရားခံပြေးညီအစ်ကိုနှစ်ယောက်ကို ထပ်မံအတည်ပြုနိုင်ခဲ့သည်။

Watertown ရှိ ပြန်ပေးဆွဲခံရသော ကား၏ တည်နေရာကိုရဲမှသိရှိခဲ့ပြီးနောက် ကားပြန်ပေးဆွဲသူညီအစ်ကိုနှစ်ဦးနှင့်ရဲများအကြားတွင် အပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့သည်။ တရားခံပြေးနှစ်ဦးထဲမှ အစ်ကိုဖြစ်သူ Tamerlan သည်အနီးတွင်ရှိနေသော ရဲအရာရှိတစ်ဦးနှင့် ငါးပေမှ ၁၀ ပေအကွာအဝေးထိအောင် ချဉ်းကပ်လာခဲ့ပြီးနောက် ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ ကျည်ကုန်သွားသဖြင့် ထွက်ပြေးခြင်းမပြုနိုင်မီ ရဲအရာရှိများက ၎င်းကိုဝင်ရောက်လုံးထွေးပြီး ဖမ်းဆီးခဲ့၏။ တစ်ချိန်တည်းမှာပင် ညီဖြစ်သူ Dzhokhar မှာ ကားဖြင့်ထွက်ပြေးလွတ်မြောက်ရန်အတွက် အရှိန်ဖြင့်ရဲအရာရှိများထံသို့ မောင်းနှင်ဝင်ရောက်လာစဉ် ကားမှာ အစ်ကိုဖြစ်သူအားကြိတ်ပြီးနောက် လမ်းပေါ်တွင် တရွတ်တိုက်ပါသွားခဲ့သည်။ Dzhokhar မှာ ကားကိုစွန့်ခွာထွက်ပြေး လွတ်မြောက်သွားခဲ့သည်။ Tamerlan အား ဆေးရုံသို့ပို့ဆောင်ခဲ့သော်လည်း ဥပဒေဘက်တော်သားများနှင့် အပြန်အလှန်ပစ်ခတ်ရာတွင် ရရှိခဲ့သော ဒဏ်ရာများ၊ အသေခံဗုံးခွဲရန်အတွက် ရည်ရွယ်ပြီး ဝတ်ဆင်ထားသည့် ဝတ်စုံပေါက်ကွဲသဖြင့် ရရှိသည်ဟု ယူဆရသော ဒဏ်ရာများအပြင် ညီဖြစ်သူက ကားဖြင့် မတော်တဆဖြတ်ကြိတ်ခြင်းကြောင့် ရရှိခဲ့သော ဒဏ်ရာများဖြင့် ဆေးရုံ၌ပင်သေဆုံးသွားခဲ့သည်။

ထောင်နှင့်ချီသော ရဲများနှင့်စစ်သားများသည် ထွက်ပြေးလွတ်မြောက်သွားသည့် Dzhokhar အားလိုက်လံရှာဖွေဖမ်းဆီးခဲ့၏။ ဧပြီလ ၁၉ ရက်နေ့မနက်အစောပိုင်းတွင် သက်ဆိုင်ရာ တာဝန်ရှိသူများက Watertown နှင့်တကွ အနီးပတ်ဝန်းကျင်တွင် နေထိုင်သူများကို အိမ်ပြင်မထွက်ရန် မေတ္တာရပ်ခံခဲ့သဖြင့် အများပြည်သူနှင့်သက်ဆိုင်သည့် အဆောက်အအုံများ၊ စီးပွားရေးလုပ်ငန်းများအပြင် အများပြည်သူကို ဝန်ဆောင်မှုပေးနေသည့်ပို့ဆောင်ရေးလုပ်ငန်းများပါရပ်ဆိုင်းသွားခဲ့ပြီးနောက် ရလဒ်အနေဖြင့် လမ်းများတွင် လူသူကင်းမဲ့ပြီးတစပြင်ပမာဖြစ်သွားခဲ့၏။ တက္ကသိုလ်များ၊ စာသင်ကျောင်းများအပါအဝင်အခြားဝန်ဆောင်မှုများလည်း ပိတ်ထားခဲ့ရ၏။ ညနေပိုင်းတွင် အိမ်ပြင်မထွက်ရအမိန့်ကို ရုပ်သိမ်းခဲ့သဖြင့် Watertown တွင်နေထိုင်သူတစ်ဦးသည် အိမ်အနောက်ဘက်တွင်ထားသည့် လှေကိုအုပ်ထားသည့် တာပလင်စမှာဖြတ်ထားခံရသည်ကို သတိထားမိသဖြင့် သွားရောက်စစ်ဆေးကြည့်ရှုရာမှ လှေအတွင်းတွင် လူတစ်ဦးမှာ သွေးအိုင်အတွင်းလဲနေသည်ကို တွေ့ရှိခဲ့ရသဖြင့် မဆိုင်းမတွ ရဲသို့ အသိပေးအကြောင်းကြား









www.burmeseclassic.com



ခဲ့သည်။ ရဲများက Dzhokhar လှေအတွင်း ရှိမရှိနှင့် ၎င်း၏ လှုပ်ရှားမှုကို အနီအောက်ရောင်ခြည်နှင့် အပူလှိုင်းတို့ဖြင့် ပုံဖော်ယူနိုင်သည့် ကိရိယာတပ်ဆင်ထားသော ရဟတ်ယာဉ်ဖြင့် ကြည့်ရှုစွဲခြားခဲ့၏။ ညစ နာရီ ၄၂ မိနစ်တွင် ဖမ်းဆီးပြီးနောက် ဆေးရုံသို့ပို့ဆောင်ခဲ့ပြီး အတွင်းလူနာအဖြစ်ထားရှိခဲ့သည်။ လည်မျိုတွင်ရရှိထားသော သေနတ်ဒဏ်ရာကိုကြည့်၍ Dzhokhar သည် မိမိကိုယ်ကိုယ် အဆုံးစီရင်သည့်အနေဖြင့် အနီးကပ်ကိုယ့်ကိုယ်ကိုယ် ပြန်လည်ပစ်ခတ်ခဲ့သည်ဟု အာဏာပိုင်များက ယုံကြည်ခဲ့ကြ၏။

Tamerlan ကို ၁၉၈၆ ခုနှစ်တွင် ဆိုဗီယက်ပြည်ထောင်စုတွင် မွေးဖွားခဲ့ပြီး ၁၉၉၃ ခုနှစ်တွင် ရုရှားနိုင်ငံ၌ Dzhokhar ကို မွေးဖွားခဲ့ခြင်းဖြစ်သည်။ ညီအစ်ကို နှစ်ယောက်စလုံးသည် ချေချင်းညာဒေသမှမွတ်စလင်လူမျိုးများဖြစ်ကြသော်လည်း ချေချင်းညာဒေသတွင် နေထိုင်ခဲ့ဖူးခြင်းမရှိပေ။



၂၀၁၂ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုသို့ ပြောင်းရွှေ့အခြေချခဲ့ပြီး ဒုက္ခသည်အဖြစ် မက်ဆာချူးဆက်ပြည်နယ်တွင် မှီတင်းနေထိုင်ခဲ့ခြင်းဖြစ်သည်။ Tamerlan သည် ကောလိပ်တွင်ပညာသင်ယူခဲ့ပြီး လက်ဖွဲ့သမားတစ်ယောက်ဖြစ်လာရန်အတွက် ကောလိပ်မှထွက်ခဲ့၏။ သူ၏ ရည်ရွယ်ချက်မှာ အမေရိကန် အိုလံပစ်လက်ဖွဲ့အသင်းတွင် နေရာတစ်နေရာရရှိရန်ဖြစ်ပြီး ချေချင်းညာဒေသလွတ်လပ်ရေးမရသရွေ့ ရုရှားနိုင်ငံအစား အမေရိကန်နိုင်ငံမှပင် ဝင်ရောက်ယှဉ်ပြိုင်မည်ဟု ထုတ်ဖော်ပြောကြားခဲ့ဖူး၏။ Tamerlan သည် အမေရိကန်နိုင်ငံသူ တစ်ဦးနှင့်အကြောင်းပါခဲ့ပြီး ယင်းတို့တွင် သုံးနှစ်အရွယ်သမီးငယ်လေးတစ်ဦးရှိ၏။ အမေရိကန်များကို နားမလည်နိုင်ကြောင်း ပြောဆိုခဲ့ဖူးပြီး Tamerlan ၌ အမေရိကန်မိတ်ဆွေ အပေါင်းအသင်းမရှိပေ။ အခင်းဖြစ်ပွားချိန်တွင် ညီဖြစ်သူ Dzhokhar သည် မက်ဆာချူးဆက်ဒါ့မောက်သ်တက္ကသိုလ်တွင် အဏ္ဏဝါဇီဝဗေဒဘာသာရပ်ကိုအထူးပြု၍ ပညာသင်ကြားနေသော တက္ကသိုလ်ကျောင်းသားတစ်ဦးဖြစ်သည်။

ဗုံးခွဲအတိုက်ခိုက်ခံရပြီးသည့်နောက်တွင် အမေရိကန်သမ္မတဖြစ်သူ [illegible]ားရက်

www.burmeseclassic.com





ခဲ့၏။ သူ၏ မိန့်ခွန်းတွင် ရာဇဝတ်မှုကျူးလွန်သူများကို ယခုတိုင်အောင် မသိသေးသော်လည်း အစိုးရအနေဖြင့် အခြေအမြစ်ကို သိအောင်စုံစမ်းဖော်ထုတ်သွားမည့်အပြင် ကျူးလွန်သူများအနေဖြင့် တရားဥပဒေနှင့်အညီ ထိုက်တန်သော ပြစ်ဒဏ်ကိုရရှိစေရမည်ဟု ထည့်သွင်းပြောကြားသွားခဲ့၏။ နောက်တစ်နေ့တွင် အမေရိကန်ပြည်သူများအား သမ္မတက တစ်ဖန်မိန့်ခွန်းပြောကြားခဲ့ပြန်၏။ အပြစ်မဲ့သည့်ပြည်သူများအားပစ်မှတ်ထားပြီး မည်သည့်အချိန်၌မဆိုဗုံးများကို အသုံးပြုခြင်းသည် အကြမ်းဖက်သည့်လုပ်ရပ်ပင်ဖြစ်သည်ဟု ကြေညာခဲ့၏။ အားလုံးသော အစိုးရအဆောက်အအုံများတွင် အလံများကို ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေဖြင့် ဧပြီလ ၂၀ ရက်နေ့ထိအောင် တိုင်တစ်ဝက်လွှင့်ထူရန် သမ္မတအိုဘားမားက အမိန့်ထုတ်ပြန်ခဲ့သည်။ ဧပြီလ ၁၈ ရက်နေ့တွင် သမ္မတအိုဘားမားနှင့် ဇနီးဖြစ်သူ မီရှယ်အိုဘားမားတို့သည်သေဆုံးသူများအတွက် ပြုလုပ်သော ဝတ်ပြုဆုတောင်းပွဲကို တက်ရောက်မိန့်ခွန်းပြောကြားရန်အတွက် ဘော့စတွန်မြို့သို့ သွားရောက်ခဲ့၏။

ဗုံးပေါက်ကွဲမှုများကို လူသိရှင်ကြားရှုတ်ချပြီးနောက် များလှစွာသော နိုင်ငံတကာခေါင်းဆောင်များထံမှ ဝမ်းနည်းကြောင်းသဝဏ်လွှာများပေးပို့ခဲ့၏။ ဗုံးပေါက်ကွဲမှုနှင့်ထက်ကြပ်မကွာ ကမ္ဘာနှင့်တစ်ဝန်းတွင်လည်း လုံခြုံရေးအတိုင်းအတာများကို တိုးမြှင့်ခဲ့သည်။ မဝေးလှတော့သည့်အနာဂတ်တွင် ၂၀၁၄ ခုနှစ်ဆောင်းရာသီ အိုလံပစ်အပါအဝင် နိုင်ငံတကာအားကစားပွဲများလက်ခံကျင်းပရန်ရှိသည့် ရုရှားနိုင်ငံအစိုးရအနေဖြင့် ထိုကဲ့သို့သော အားကစားပွဲများတွင် လုံခြုံရေးအထူးအလေးထားသွားရန်ဖော်ပြခဲ့သည်။ ရုရှားသမ္မတ ဗလာဒီမာပူတင်ကလည်း ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုတစ်ခုအဖြစ် ပြစ်တင်ရှုတ်ချခဲ့ပြီး အကယ်၍ လိုအပ်ခဲ့လျှင် ရုရှားဖက်ဒရေးရှင်းအနေဖြင့် အမေရိကန်အာဏာပိုင်များကို စုံစမ်းစစ်ဆေးမှုများပြုလုပ်ရာတွင် အကူအညီပေးရန်အတွက် အဆင်သင့်ရှိနေသည်ဟု အလေးအနက်ထားပြောကြားခဲ့၏။



(၁)ဧပြီလ ၁၅ ရက်၊ နေ့လယ် ၂ နာရီ ၅၀ မိနစ် (မာရသွန်ပန်းဝင်သည့်နေရာတွင် ဗုံးဖြင့်တိုက်ခိုက်ခံရခြင်း)

(၂)ဧပြီလ ၁၈ ရက်၊ ည ၁၀နာရီ ၃၀မိနစ် (မက်ဆာချူးဆက်နည်းပညာတက္ကသိုလ်ရဲဌာနမှ ရဲအရာရှိပစ်ခတ်သတ်ဖြတ်ခံရ)

(၃)ဧပြီလ ၁၈ ရက်၊ ည ၁၁ နာရီ (Tamerlan နှင့် Dzhokhar ညီအစ်ကို နှစ်ဦးက ကားပြန်ပေးဆွဲ)

(၄) ဧပြီလ ၁၈ ရက်၊ မိနစ်ပိုင်းအတွင်း (ပြန်ပေးဆွဲခံရသောကားမှ ယာဉ်မောင်းဖြစ်သူ အနာတရမရှိပဲလွတ်မြောက်)

(၅) ဧပြီလ ၁၈ ရက်၊ ၁၁ နာရီ ၁၈ မိနစ် (ကားပြန်ပေးဆွဲသူညီအစ်ကိုများ၏ ခေတ်ပုံကို အေတီအမ်စက်တွင် တပ်ဆင်ထားသော ကင်မရာမှတစ်ဆင့် အတည်ပြုနိုင်ခဲ့)

(၆) ဧပြီလ ၁၉ ရက်၊ နံနက် ၁ နာရီ (ရဲများနှင့် ညီအစ်ကိုနှစ်ဦးအကြားအပြန်အလှန်ပစ်ခတ်မှုများဖြစ်ပွား၊ Tamerlan ဆိုးဆိုးရွားရွားဒဏ်ရာရပြီးနောက် သေဆုံးသွားခဲ့၊ Dzhokhar လွတ်မြောက်ထွက်ပြေးသွား)

(၇) ဧပြီလ ၁၉ ရက်၊ ည ၇ နာရီ (Dzhokhar အားပုန်းအောင်းနေသည့် လှေအတွင်းမှတွေ့ရှိခဲ့ပြီး ထိန်းသိမ်းစောင့်ရှောက်ခံခဲ့ရ။

လင်းလက်ကို



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# အလျှံတညီးညီး တောက်လောင်နေဆဲ

# ဆီးရီးယားပြည်တွင်းစစ်



ဆီးရီးယားပြည်တွင်းစစ်သည် ဆီးရီးယားနိုင်ငံအတွင်း၌ ဘသ်ပါတီအစိုးရအား သစ္စာခံသည့် တပ်ဖွဲ့များနှင့် ယင်းအစိုးရအား ဖြုတ်ချရန် ကြိုးပမ်းနေသူများအကြားတွင် ဆက်လက်ဖြစ်ပွားနေဆဲ လက်နက်ကိုင် ပဋိပက္ခတစ်ခုပင်ဖြစ်သည်။ အဆိုပါ ပဋိပက္ခသည် ၂၀၁၁ ခုနှစ်၊ မတ်လ ၁၅ ရက်၌ စတင်ဖြစ်ပွားခဲ့ခြင်းနှင့်အတူ ၂၀၁၁ ခုနှစ် ဧပြီလတွင် နိုင်ငံတစ်ဝန်း၌ ထင်ရှားလူသိများလုသော ဆန္ဒပြမှုများပေါ်ပေါက် လာခဲ့ခြင်းပင်ဖြစ်၏။ ယင်းဆန္ဒပြပွဲများသည် အရှေ့အလယ်ပိုင်းဒေသတွင် ဖြစ်ပွားခဲ့သည့် အာရပ်နွေဦးဟု လူသိများခဲ့သည့် ဆန္ဒပြပွဲများ၏ တစ်စိတ်တစ်ဒေသပင်ဖြစ်သည်။ ဆီးရီးယားပြည်သူပြည်သားများသည် ၁၉၇၁ ခုနှစ်ကတည်းက ဆီးရီးယားနိုင်ငံ၏ အချုပ်အခြာအာဏာကို ဆုပ်ကိုင်ခဲ့သည့် မိသားစုမှ ပေါက်ဖွားလာခဲ့သော သမ္မတ Bashar al-Assad ကို နုတ်ထွက်ပေးရန် တောင်းဆိုခဲ့ခြင်းဖြစ်သလို ဆယ်စုနှစ်ပေါင်းလေးခု ကျော်တိုင်အောင် ဆီးရီးယားနိုင်ငံအားအုပ်စိုးလျက်ရှိသည့် ဘာသ်ပါတီအစိုးရ၏ အာဏာသက်ရောက်မှုအား ချုပ်ငြိမ်းစေလိုခြင်း ပင်ဖြစ်သည်။ ယခုအခါတွင် ပြည်တွင်းစစ်မှာ သက်တမ်း နှစ်နှစ်ကျော်လာခဲ့ပြီဖြစ်ပြီး အလျှံတညီးညီး တောက်လောင်နေဆဲပင်ဖြစ်သည်။





သည့်ဖြိုးဟိန်း



www.burmeseclassic.com

www.burmeseclassic.com







၂၀၁၁ ခုနှစ် ဧပြီလတွင် ဆီးရီးယား စစ်တပ်သည် ပုန်ကန်ထကြွဆန္ဒပြမှုများကို နှိမ်နင်းချေမှုန်းရန်အတွက် အင်အားကို ထိရောက်စွာအသုံးပြုခဲ့ပြီး ဆန္ဒပြသူများကို ပစ်ခတ်နှိမ်နင်းရန်အတွက် စစ်သားများကို အမိန့်ပေးခဲ့၏။ စစ်အုပ်ချုပ်ရေးအောက်တွင် လအတော်ကြာလာသောအခါတွင် ဆန္ဒပြသူများသည် လက်နက်စွဲကိုင်ပြီး ပုန်ကန်တော်လှန်ခဲ့ကြသည်။ အတိုက်အခံအင်အားစုများသည် အဓိကအားဖြင့် ထွက်ပြေးဘက်ပြောင်းလာကြသော စစ်သားများနှင့် အရပ်သားများ၏ စုစည်းမှုဖြင့် ကြီးထွားလာခဲ့သည်။ သို့သော်လည်း သူပုန်များအား စုစည်းပေးမည့် ခေါင်းဆောင်မရှိဘဲ အပိုင်းပိုင်းကွဲနေ၏။ ဆီးရီးယားအစိုးရသည် သူပုန်များ၏ တော်လှန်မှုကို လက်နက်ကိုင်အကြမ်းဖက်သမားများနှင့် နိုင်ငံခြားသားကြေးစားများ၏ ပုန်ကန်မှုအဖြစ် မှတ်ချက်ပြုထား၏။ ဆန္ဒပြပွဲများမှတစ်ဆင့် ပြောင်းလဲဖြစ်ပေါ်လာသည့် လက်နက်ကိုင်ပဋိပက္ခသည် ယခုအချိန်ထိအောင် ရှင်းလင်းသော အဖြေထွက်မလာသေးဘဲ ဆီးရီးယားနိုင်ငံတစ်ဝန်းရှိ များလှစွာသော မြို့ကြီးများနှင့် မြို့ငယ်လေးများ၌ တိုက်ပွဲများနှင့်အတူ ဆက်လက်ဖြစ်ပွားနေဆဲပင်ဖြစ်သည်။

အာရပ်အဖွဲ့ချုပ်၊ အမေရိကန်ပြည်ထောင်စု၊ ဥရောပသမဂ္ဂနှင့် အခြားသော တိုင်းပြည်များမှ ဆီးရီးယားအစိုးရ၏ ဆန္ဒပြသူများအပေါ်၌ အကြမ်းဖက်နှိမ်နင်းခြင်းကို ပြစ်တင်ရှုတ်ချခဲ့သည်။ ဆီးရီးယားအစိုးရ၏ အကျပ်အတည်းကာလအပေါ် တုံ့ပြန်မှုအား လက်သင့်မခံနိုင်သဖြင့် အာရပ်အဖွဲ့ချုပ်သည် ဆီးရီးယားနိုင်ငံအားအဖွဲ့ဝင်အဖြစ်မှ ခေတ္တာယာယီထုတ်ပယ်ထား၏။ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလတွင် အာရပ်အဖွဲ့ချုပ်သည် လေ့လာစောင့်ကြည့်ရေးအဖွဲ့တစ်ဖွဲ့ကို ငြိမ်းချမ်းစွာဖြေရှင်းရေး ကမ်းလှမ်းမှု၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် ဆီးရီးယားနိုင်ငံသို့ စေလွှတ်ခဲ့သည့်အပြင် ပြဿနာအားဖြေရှင်းနိုင်ရန် နောက်ထပ်ကြိုးပမ်းမှုတစ်ခုအနေဖြင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်အား အထူးသံတမန်တစ်ဦးအနေဖြင့် စေလွှတ်ခဲ့သည်။ ၂၀၁၁ ခုနှစ် နောက်ပိုင်းကာလများထိအောင် အကြီးဆုံးမြို့ကြီးများဖြစ်ကြသည့် ဒမတ်စကတ်နှင့် အလက်ပိုမြို့ကြီးများသို့ လက်နက်ကိုင်ပဋိပက္ခများ ရောက်ရှိလာခဲ့ခြင်းမရှိပေ။ အတိုက်အခံအုပ်စုများဘက်မှ ပြုလုပ်သည့် အသေခံဗုံးခွဲမှုများမြို့ကြီးများ၌ ဖြစ်ပွားလာခဲ့ပြီး လက်ဘနွန်စစ်သွေးကြွအုပ်စု ဟစ်ဇ်ဘိုလာ အဖွဲ့သည်လည်း ဆီးရီးယားစစ်တပ်၏ အထောက်အပံ့ဖြင့် ပဋိပက္ခအတွင်းသို့ ဝင်ရောက်လာခဲ့သည်။ ၂၀၁၂ ခုနှစ်၏ နှစ်အလယ်ပိုင်းတွင် ဖြစ်ပွားခဲ့သည့် အသေအပျောက်များလှသည့် အလက်ပိုစစ်ပွဲ၏နောက်တွင် တကယ့်မြို့ပြတိုက်ပွဲများဟု ခေါ်ဆိုနိုင်သည့် စစ်ပွဲများသည် မြို့တော်ဒမတ်စကတ်ဆီသို့ ကူးစက်ပျံ့နှံ့လာခဲ့၏။ ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့တွင် ဆီးရီးယားပြည်တွင်းစစ်ကြောင့် သေဆုံးရသည့်လူဦးရေမှာ ခြောက်သောင်းကျော်ရှိသည်ဟု ခန့်မှန်းခြေတစ်ခုကို ကုလသမဂ္ဂမှထုတ်ပြန်ခဲ့ပြီး ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ခုနစ်သောင်းထိသို့ တိုးမြှင့်ခဲ့သည်။ အတိုက်အခံအုပ်စုများဘက်မှ အဆိုအရ သေဆုံးသူပေါင်း ၆၂၅၅၀ နှင့် ၇၄၄၇၀ အကြားတွင်ရှိသည်ဟုဆိုပြီး တစ်ဝက်ခန့်မှာ အပြစ်မဲ့အရပ်သားများဖြစ်ပြီး ကျန်တစ်ဝက်တွင် ဆီးရီးယားစစ်တပ်နှင့် သူပုန်များမှ လက်နက်ကိုင်များပါဝင်သည်။ ၂၀၁၂ ခုနှစ် အောက်တိုဘာအထိ လူပေါင်း ၂၈၀၀၀ ခန့် ပျောက်ဆုံးနေသည်ဟု သတင်းများထွက်ပေါ်ခဲ့ပြီး တိမ်းရှောင်လျက်ရှိသည်။ အကြမ်းဖက်မှုများမှ လွတ်ကင်းရန်အတွက် ၁ ဒသမ ၄ သန်းခန့်မှ အိမ်နီးချင်းနိုင်ငံများအတွင်းသို့ ဝင်ရောက်တိမ်းရှောင်သွားခဲ့ကြသည်။ ထို့ပြင် သောင်းနှင့်ချီသော ဆန္ဒပြသူများမှာ အစိုးရအကျဉ်းထောင်များတွင် အထိန်းသိမ်းခံနေရပြီး နှိပ်စက်ညှဉ်းပန်းခံနေရသည့်အပြင် စိတ်ပိုင်းဆိုင်ရာ ကြောက်ရွံ့မှုများကိုလည်း ခံစားနေရသည်ဟု ကျယ်ကျယ်ပြန့်ပြန့် သတင်းများဖြစ်ပွားလျက်ရှိသည်။ နိုင်ငံတကာအဖွဲ့အစည်းများမှ အစိုးရကိုရော၊ အတိုက်အခံအင်အားစုများ နှစ်ဖက်စလုံး၌ လူ့အခွင့်အရေးဖောက်ဖျက်မှုများရှိသည်ဟု စွပ်စွဲခဲ့သည်။ သို့သော်လည်း များလှစွာသော မတော်မတရားလုပ်မှုများကို ဆီးရီးယားအစိုးရ၏ ဘက်တော်သားများက ကျူးလွန်ခြင်းဖြစ်ကြောင်း လူ့အခွင့်အရေးအုပ်စုများမှ သတင်းပေးပို့ခဲ့သည်။

**နောက်ခံရာဇဝင်**

ဘာသ်ပါတီအစိုးရသည် ၁၉၆၃ ခုနှစ်၌အောင်မြင်မှုရှိသော အကြမ်းဖက်၍ တရားမဝင်အာဏာသိမ်းပြီးသည့်နောက်တွင် အာဏာရလာခဲ့၏။ ၁၉၆၆ ခုနှစ်တွင် အစဉ်အလာရှိသော ပါတီခေါင်းဆောင် နှစ်ဦးအား ဖြုတ်ချခဲ့သည့် အခြားအာဏာသိမ်းမှုတစ်ရပ်ဖြစ်ပွားခဲ့သည်။ ၁၉၇၀ ပြည့်နှစ် နိုဝင်ဘာလတွင် ကာကွယ်ရေးဝန်ကြီးဖြစ်သူ ဗိုလ်ချုပ် Hafez al-Assad မှ အာဏာသိမ်းယူခဲ့ပြီးနောက် သူသည် ဆီးရီးယားနိုင်ငံ၏ ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။ ၁၉၇၁ ခုနှစ် မတ်လ



www.burmeseclassic.com

www.burmeseclassic.com



တွင် Assad သည် သူ့ကိုယ်သူ သမ္မတအဖြစ် ကြေညာခဲ့ပြီးနောက် သူသေဆုံးချိန် ၂၀၀၀ ပြည့်နှစ်ထိတိုင်အောင် သမ္မတရာထူးကို ထိန်းချုပ်ထားခဲ့၏။ ထိုစဉ်အချိန်ကတည်းက ဘာသာရေးနှင့် မသက်ဆိုင်သည့် ဘာ့သ်ပါတီသည် တစ်ပါတီအာဏာရှစ်စနစ် နိုင်ငံတစ်ခုဖြစ်သည့် ဆီးရီးယားနိုင်ငံတွင် နိုင်ငံရေးအာဏာရှိသော အဓိကကြီးစိုးသော ပါတီဖြစ်လာခဲ့ပြီး ဆီးရီးယားနိုင်ငံသားများသည် ဆန္ဒခံယူပွဲများ ပြုလုပ်ပြီး သမ္မတကို အတည်ပြုပေးခဲ့ရပြီး ထိုနည်းဖြင့် အစိုးရသည် တိုင်းပြည်ကို ၂၀၁၂ ခုနှစ် အထွေထွေရွေးကောက်ပွဲအထိ ထိန်းချုပ်ထားခဲ့၏။

၁၉၈၂ ခုနှစ်တွင် ဆီးရီးယားနိုင်ငံတစ်ဝန်း၌ အစ္စလာမ်လက်နက်ကိုင် ထကြွပုန်ကန်မှု၏ ခြောက်နှစ်တာအတွင်း အမြင့်ဆုံး အခြေအနေသို့ ရောက်ရှိလာခဲ့ရာမှ ဗိုလ်ချုပ် Hafez al-Assad သည် မွတ်စလင်ညီအစ်ကိုများ၊ ဆလာဖစ်နှင့်အခြားသော အဖွဲ့များအပါအဝင် ပုန်ကန်ထကြွနေသော ဆွန်နီမွတ်စလင်အဖွဲ့အစည်းများကို ချေမှုန်းပစ်ရန်အတွက် ညွှန်ကြားဆောင်ရွက်ခဲ့သည်၊ အဆိုပါ ဖြိုခွင်းမှုတွင် သောင်းနှင့်ချီသော လက်နက်ကိုင်များနှင့် အရပ်သားများ သေဆုံးခဲ့ပြီး သေဆုံးသူခန့်မှန်းခြေအရေအတွက်မှာ အမျိုးမျိုးကွဲပြားနေဆဲပင်ဖြစ်သည်။ ၁၉၉၈ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် ဆီးရီးယားပြည်သူ့လွှတ်တော် ရွေးကောက်ပွဲကျင်းပပြီးနောက် အကြမ်းဖက်ဆန္ဒပြသူများနှင့် လက်နက်ကိုင်တပ်ဖွဲ့များ ထိပ်တိုက်ရင်ဆိုင်မှုများ ဖြစ်ပွားခဲ့သည်။ အကြမ်းဖက်မှုများသည် ဗိုလ်ချုပ် Hafezal-Assad နှင့် ညီဖြစ်သူ သူ၏ဩဇာခံ Rifaat အကြား၌ ရှုပ်လျားစွာဖြစ်ပွားခဲ့သည့် မိသားစုအချင်းချင်း အကြားမငြိမ်းသော ရန်စတစ်ခုမှ ပေါက်ကွဲမှုတစ်ခုပင်ဖြစ်သည်၊ ဆီးရီးယားရဲတပ်ဖွဲ့နှင့် Rifaat အား ထောက်ခံသူများအကြား အပြန်အလှန်ပစ်ခတ်မှုတွင် လူနှစ်ဦးသေဆုံးခဲ့၏၊ အတိုက်အခံများဘက်မှ ဆန္ဒပြသူများ ထောင်နှင့်ချီသေဆုံးအဖမ်းခံရခဲ့သည်ဟုဆိုသော်လည်း အစိုးရဘက်မှ ငြင်းဆန်ခဲ့သည်၊ ၂၀၀၀ ပြည့်နှစ်တွင် ဗိုလ်ချုပ် Hafez al-Assad သည် အဆုတ်ရောဂါဖြင့် ကွယ်လွန်သွားခဲ့ပြီး သားဖြစ်သူ Bashar al-Assad မှ သူ့အားဆက်ခံခဲ့ပြီး ထိုအချိန်က အသက်အားဖြင့် ၃၄ နှစ်သာရှိသေးသဖြင့် သမ္မတရာထူးကို လက်ခံရယူရန်အတွက် အသက်အားဖြင့် ၄၀ မှ စတင်ရမည်ဆိုသည့် အခြေခံဥပဒေမှ ပြဋ္ဌာန်းထားသည့်အချက်ကို ပြင်ဆင်ပြီးနောက် Bashar al-Assad သည် ဆီးရီးယားနိုင်ငံ၏ သမ္မတဖြစ်လာခဲ့သည်၊

Bashar al-Assad သည် အင်္ဂလိပ်စကားကို ကျွမ်းကျွမ်းကျင်ကျင်ပြောဆိုနိုင်ပြီး သူ၏ဇနီးဖြစ်သူမှာလည်း ဗြိတိန်နိုင်ငံတွင် မွေးဖွားခဲ့ပြီး ဗြိတိန်နိုင်ငံတွင် ပညာသင်ကြားခဲ့သူတစ်ဦးဖြစ်သည်။ ကနဦးအစတွင် ဒီမိုကရေစီလမ်းစဉ်နှင့်အတူ တိုင်းပြည်ကို ပြုပြင်ရန်ဆိုသော စိတ်အားထက်သန်သည့် မျှော်လင့်ချက်များဖြင့် အလွန်ပြင်းထန်သော လူမှုရေးနှင့် နိုင်ငံရေးစကားရည်လုပွဲများသည် ၂၀၀၀ ပြည့်နှစ်၊ ဇူလိုင်လမှ ၂၀၀၁ ခုနှစ် ဩဂုတ်လအတွင်း၌ ဖြစ်ပွားခဲ့သည်။ ယင်းကာလသည် အမျိုးမျိုးသော နိုင်ငံရေးဖိုရမ်များကို စိတ်တူကိုယ်တူရှိသည့် အုပ်စုများသည် သီးခြားအိမ်များတွင် တွေ့ဆုံကြပြီး နိုင်ငံရေးနှင့် လူမှုရေးအကြောင်းအရာများကို အချေအတင်ပြောဆိုဆွေးနွေးမှုများ ပြုလုပ်သည့်အရေးပေါ်ကာလဟု ပြောဆိုနိုင်၏၊ အဆိုပါအချိန်ကို ဒမတ်စကတ်၏ နွေဦးအဖြစ် တင်စားခေါ်ဝေါ်ခဲ့ကြပြီး ၂၀၀၁ ခုနှစ် ဩဂုတ်လတွင် ဒီမိုကရေစီနည်းလမ်းကျ ရွေးကောက်ပွဲများ ပြုလုပ်ရန်နှင့် အစိုးရဆန့်ကျင်ရေးလှုပ်ရှားမှုတစ်ခုပြုလုပ်ရန် တောင်းဆိုခဲ့ကြသည့် ခေါင်းဆောင် ၁၀ ဦးအား ထောင်သွင်းအကျဉ်းချခြင်းနှင့်အတူ ဒမတ်စကတ်၏ နွေဦးမှာပုံပြင်သဖွယ် ပြီးဆုံးသွားခဲ့၏၊ al-Assad အစိုးရအဖွဲ့သည် ၂၀၀၄ ခုနှစ်တွင် ဆီးရီးယားနိုင်ငံ မြောက်ပိုင်းတွင် ဖြစ်ပွားခဲ့သည့် လူနည်းစုဖြစ်သော ကာ့ဒ်လူမျိုးများမှ အခွင့်အရေးများ တောင်းဆိုရာမှ စတင်ဖြစ်ပွားခဲ့သည့် ပုန်ကန်မှုတစ်ခုကို အင်အားသုံးပြီး ဖြိုခွင်းနှိမ်နင်းခဲ့ပြန်သည်။

**အာရပ်နွေဦးနှင့် ဆီးရီးယားနိုင်ငံ**

၂၀၁၀ ပြည့်နှစ်၊ ဒီဇင်ဘာလတွင် တူနီရှားနိုင်ငံ၌ အစိုးရကိုဆန့်ကျင်သည့် ဆန္ဒပြပွဲများ စတင်ခဲ့ပြီး နောက်ပိုင်းတွင် ဆီးရီးယားနိုင်ငံအပါအဝင် အာရပ်ကမ္ဘာသို့ ပျံ့နှံ့သွားခဲ့သည်။ ဖေဖော်ဝါရီလ ၂၀၁၁ ခုနှစ်တွင် တူနီးရှားနိုင်ငံနှင့် အီဂျစ်နိုင်ငံများ၌ လူထုတော်လှန်ရေးများ စတင်ဖြစ်ပွားခဲ့၏။ မြို့တော်ဒမတ်စကတ်၊ အလက်ပိုနှင့် ဒါရာမြို့များတွင် မတ်လ ၁၅ ရက်နေ့၌ မငြိမ်သက်မှုများ စတင်ဖြစ်ပွားလာခဲ့၏။ မတ်လ ၂၀ ရက်နေ့တွင် လူအုပ်ကြီးသည် ဘာ့သ်ပါတီဌာနချုပ်များနှင့် အခြားပြည်သူပိုင် အဆောက်အအုံများကို မီးရှို့ဖျက်ဆီးခဲ့သည်။ လုံခြုံရေးများက လျင်မြန်စွာတုံ့ပြန်







www.burmeseclassic.com

www.burmeseclassic.com







သည့်အနေဖြင့် လူအုပ်အကြားသို့ ကျည်ဆံများဖြင့် ပစ်ခတ်ခဲ့ပြီး ဆန္ဒပြမှုများ၏ အဓိကလှုပ်ရှားနေသည့် နေရာကို တိုက်ခိုက်ခဲ့ခြင်းကြောင့် ဆန္ဒပြသူ ၁၅ ဦးသေဆုံးခဲ့သည်။ တစ်ချိန်တည်းမှာပင် အသေးစားဆန္ဒပြပွဲများသည် တိုင်းပြည်အတွင်း နေရာအနှံ့တွင် ဖြစ်ပွားလာခဲ့ပြီး နိုင်ငံရေးအကျဉ်းသားများလွှတ်ပေးရန်၊ ဆီးရီးယားနိုင်ငံတွင် ၄၈ နှစ်ကြာ ထုတ်ပြန်ထားသည့် အရေးအပေါ်အခြေအနေကို ရုပ်သိမ်းပေးရန် လွတ်လပ်ခွင့်များ ပိုမိုပေးရန်နှင့် အစိုးရ၏ ခြစားမှုများကို အဆုံးသတ်ပေးရန် တောင်းဆိုခဲ့ကြ၏။ မတ်လ ၁၆ ရက်နေ့တွင် လူအယောက် ၂၀၀ ခန့်သည် ဒမတ်စကတ်မြို့ရှိ ပြည်ထဲရေးဝန်ကြီးဌာနရှေ့တွင် စုဝေးခဲ့ပြီး နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးရန် တောင်းဆိုခဲ့ကြသည်။ ရဲများက မျက်ရည်ယိုဗုံးများ၊ ရေပိုက်များအသုံးပြုပြီး ရိုက်နှက်၍ ဖြိုခွဲခဲ့သဖြင့် လူခြောက်ဦး သေဆုံးပြီး လူပေါင်းများစွာ ဒဏ်ရာရခဲ့၏။ မတ်လ ၂၅ ရက်နေ့တွင် လူထုဆန္ဒပြပွဲများမှာ တစ်နိုင်ငံလုံးသို့ ပျံ့နှံ့သွားခဲ့ပြီး နေရာအနှံ့တွင် စုစုပေါင်း လူ ၇၀ ခန့် သေဆုံးခဲ့သည်။

နိုင်ငံတစ်ဝန်းသို့ ဆန္ဒပြပွဲများ မပျံ့နှံ့မီအချိန်ကတည်းက ဆီးရီးယားအစိုးရသည် လက်ဦးမှုရယူပြီး ဆန္ဒပြသူများ၊ နိုင်ငံရေးနှင့် လူ့အခွင့်အရေးလှုပ်ရှားသူများအား ဖမ်းဆီးထိန်းသိမ်းခြင်းများပြုလုပ်ခဲ့ပြီး အကြမ်းဖက်သမားများအဖြစ် အမည်တပ်ခဲ့သည်။ ရဲများကလည်း ဆန္ဒပြပွဲများကို မျက်ရည်ယိုဗုံးများနှင့် ရေပိုက်များအသုံးပြုရုံသာမက ရိုက်နှက်ခြင်းအပြင် သေနတ်ဖြင့် ပစ်ခတ်ခြင်းများကိုပါ ပြုလုပ်၍ လူမဆန်စွာပင် ခပ်ကြမ်းကြမ်းကိုင်တွယ်နှိမ်နင်းခဲ့သည်။ နောက်ပိုင်းတွင် ဆီးရီးယားအစိုးရသည် အပေးအယူလုပ်သည့်သဘောဖြင့် ဖြေလျှော့မှုများ ပြုလုပ်ရန် ကြိုးပမ်းခဲ့သော်ငြားလည်း အချိန်နှောင်းသွားသဖြင့် အရာမထင်ဘဲ ဆန္ဒပြပွဲများနှင့် မငြိမ်သက်မှုများမှ ဆက်လက်ဖြစ်ပွားလာခဲ့သဖြင့် ဆီးရီးယားအစိုးရသည် ခုခံမှုများကို ဖိနှိပ်ပစ်ရန်အတွက် စစ်တပ်ကို ပဋိပက္ခအတွင်းသို့ ဆွဲသွင်းခဲ့၏။ ဧပြီလ ၂၅ ရက်နေ့တွင် ဒါရာမြို့ကို ဆီးရီးယားစစ်တပ်မှ ဝိုင်းရံပိတ်ဆို့ထားခဲ့ပြီး ဆန္ဒပြသူများအား သေနတ်ဖြင့်ပစ်ခတ်ခြင်း၊ တစ်အိမ်တက်ဆင်းရှာဖွေဖမ်းဆီးခြင်းများကို ပြုလုပ်၍ ဆန္ဒပြပွဲများကို နှိမ်နင်းရန် ကြိုးပမ်းခဲ့သဖြင့် လူပေါင်းထောင်နှင့်ချီ၍ သေဆုံးခဲ့သည်။ အမှန်တကယ်တော့ ယင်းလုပ်ရပ်သည် လက်နက်ကိုင် ပဋိပက္ခဖြစ်ပေါ်လာစေရေးသို့ နိဒါန်းချီအစပျိုးခဲ့ခြင်းပင်ဖြစ်သည်။ လက်နက်မဲ့ ပြည်သူများအား ပစ်ခတ်ရန်အတွက် အထက်မှပေးသော အမိန့်ကိုမနာခံသည့် စစ်သားများအား ကွပ်မျက်ခြင်းများလည်း စစ်တပ်အတွင်း၌ ပေါ်ပေါက်ခဲ့ပြီး အချို့သော တပ်မတော်သားများမှာ မိခင်တပ်ရင်းကိုစွန့်ခွာပြီး ပြည်သူများဘက်သို့ ထွက်ပြေးတိမ်းရှောင်လာခဲ့ကြပြီး အစိုးရကို တော်လှန်ရန်အတွက် ပြည်သူများနှင့် လက်တွဲခဲ့ကြသည်။

**လက်နက်ကိုင်တော်လှန်ရေးအစ**

အတိုက်အခံများဘက်မှ ပထမဦးဆုံး လက်နက်ကိုင်တော်လှန်ပုန်ကန်ခြင်းသည် ဇွန်လ ၄ ရက်နေ့တွင် ဆီးရီးယားနှင့် တူရကီနယ်စပ်အနီးရှိ မြို့တစ်မြို့တွင် စတင်ဖြစ်ပွားခဲ့ခြင်းပင်ဖြစ်သည်။ အသုဘအခမ်းအနားပြုလုပ်နေသော လူအုပ်အတွင်းသို့ အဆောက်အအုံတစ်ခုတွင် တပ်စွဲထားသော လုံခြုံရေးများမှ ပစ်ခတ်သဖြင့် ဒေါသထွက်နေသော လူအုပ်ကြီးသည် ယင်းအဆောက်အအုံအား မီးတင်ရှို့ခဲ့သဖြင့် လုံခြုံရေးအရာရှိ ရှစ်ဦးသေဆုံးခဲ့ပြီး လူအုပ်ကြီးမှ ရဲစခန်းကို ထိန်းချုပ်နိုင်ခဲ့သည့်အပြင် လက်နက်များကိုလည်း သိမ်းဆည်းရမိခဲ့၏။ နောက်တစ်နေ့တွင် အဆိုပါမြို့ဆီသို့ ဦးတည်ပြီးလာနေသော လုံခြုံရေးအုပ်စုတစ်ခုကို အတိုက်အခံများဘက်မှ ချုံခိုတိုက်ခိုက်ခဲ့ပြီး နောက်ပိုင်းတွင် လုံခြုံရေးဌာနချုပ်ကိုပါဝင်စီးနိုင်ခဲ့သဖြင့် လုံခြုံရေးစုစုပေါင်း ၁၂၀ ခန့် သတ်ဖြတ်ခံခဲ့ရ၏။ အစိုးရဘက်မှ တုံ့ပြန်သည့်အနေဖြင့် စစ်ယာဉ် ၂၀၀ နှင့် ရဟတ်ယာဉ်များပါဝင်သည့် စစ်ကြောင်းတစ်ခုကို ထိုမြို့သို့ စေလွှတ်ခဲ့သဖြင့် သူပုန်များ၊ စစ်ပြေးများနှင့်တကွ မြို့ခံလူပေါင်း တစ်သောင်းခန့်မှာ နယ်စပ်ကိုဖြတ်ကျော်ပြီးနောက် တူရကီနိုင်ငံအတွင်းသို့ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြ၏။ ဇွန်လနှင့် ဇူလိုင်လများတွင် ဆန္ဒပြပွဲများဆက်တိုက်ဖြစ်ပွားခဲ့ပြီး အစိုးရ၏ ဖြိုခွဲမှုများမှာ ပိုမိုကျယ်ပြန့်လာခဲ့ပြီး ဆန္ဒပြသူများအကြားသို့ သေနတ်ဖြင့် ပစ်ခတ်ခြင်းနှင့် တင့်ကားများကို အသုံးပြုနှိမ်နင်းခြင်းအပြင် ဖမ်းဆီးမှုများကိုပါ ဆက်လက်လုပ်ဆောင်ခဲ့၏။ ဇူလိုင်လ ၂၉ ရက်နေ့တွင် ဘက်ပြောင်းလာခဲ့ကြသည့် စစ်တပ်မှ အရာရှိအုပ်စုတစ်ခုသည် လွတ်လပ်သော ဆီးရီးယားတပ်မတော်ကို (FSA) ဖွဲ့စည်းကြောင်း ကြေညာခဲ့ပြီး ယင်းသည်အဓိက အတိုက်အခံတပ်မတော်ဖြစ်လာခဲ့၏။ FSA သည် စစ်တပ်မှထွက်ပြေးပြီး ဘက်ပြောင်းလာသော တပ်မတော်သားများနှင့် အရပ်သားများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး FSA ပေါ်ပေါက်လာခြင်းသည် ပဋိပက္ခအား တစ်မျိုးတစ်ဖုံပြောင်းလဲစေခဲ့ပြီး အစိုးရမှ ဆန္ဒပြသူများကို ဖြိုခွင်းနေခြင်းကို တန်ပြန်တိုက်ခိုက်မှုများ ဖြစ်ပေါ်လာခဲ့၏။ FSA သည် အရွယ်အစားကြီးမားလာခဲ့ပြီး ဒီဇင်ဘာလတွင်



www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့ဝင်နှစ်သောင်းခန့်ရှိလာခဲ့ပြီး ၂၀၁၂ ခုနှစ် ဖွန်လတွင် ခန့်မှန်းခြေလေးသောင်း ခန့်ရှိ၏။

၂၀၁၂ ခုနှစ် ဇူလိုင်လအလယ်ပိုင်းတွင် တိုက်ခိုက်မှုများမှာ ဆီးရီးယားတစ်နိုင်ငံလုံးသို့ ပျံ့နှံ့သွားခဲ့ပြီး ယင်းကို အသိအမှတ်ပြုသည့်အနေဖြင့် နိုင်ငံတကာကြက်ခြေနီကော်မတီမှ ပြည်တွင်းစစ်ဖြစ်ပွားနေပြီဖြစ်ကြောင်း ကြေညာခဲ့သည်။ မြို့တော် ဒမတ်စကတ်တွင် တိုက်ခိုက်မှုများမှာ ပိုမိုပြင်းထန်လာခဲ့ပြီးနောက် မြို့ကို သိမ်းပိုက်ရန်အထိ ဖြစ်လာခဲ့သည်။ ဇူလိုင်လ ၁၈ ရက်နေ့တွင် ဆီးရီးယားကာကွယ်ရေးဝန်ကြီး၊ ယခင် ကာကွယ်ရေးဝန်ကြီးဟောင်းနှင့် သမ္မတဖြစ်သူ၏ ယောက်ဖဖြစ်သူတို့မှာ ဒမတ်စကတ်မြို့တွင် ဗုံးခွဲတိုက်ခိုက်လုပ်ကြံခြင်းခံရပြီးနောက် သေဆုံးသွားခဲ့ကြ၏။ ထောက်လှမ်းရေးအကြီးအကဲဖြစ်သူလည်း ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး နောက်ပိုင်းတွင် သူ၏ဒဏ်ရာများကို လက်လျှော့အရှုံးပေးသွားခဲ့၏။ ပြည်ထဲရေးဝန်ကြီးဖြစ်သူနှင့် ပတ်သက်သည့် သတင်းများမှာမူ ကွဲပြားလျက်ရှိပြီး ဒဏ်ရာရသည်သို့သော်လည်း အသက်ရှင်လျက်ရှိ၏။ အချို့သတင်းများအရမူ သေဆုံးသွားကြောင်း အမျိုးမျိုးသတင်းများ ထွက်ပေါ်လာခဲ့သည်။ သမ္မတကိုယ်တိုင်ပင်လျှင် ဒဏ်ရာရရှိသွားကြောင်း ကောလာဟလများ ထွက်ပေါ်လာခဲ့ပြီးနောက် ရက်ပေါင်းအတော်ကြာအောင် လူမြင်ကွင်းမှ ပျောက်ကွယ်နေခဲ့ပြီးနောက်ပိုင်းမှ ပြန်လည်ပေါ်ပေါက်လာခဲ့သည်။ အဆိုပါ ဗုံးခွဲတိုက်ခိုက်မှုသည် သမ္မတ al-Assad ၏ လက်ရွေးစင်အဆင့်မြင့်အရာရှိကြီးများကို ပထမဦးဆုံးအကြိမ် လုပ်ကြံသတ်ဖြတ်ခြင်းပင်ဖြစ်သည်။ နှစ်ဖက်ကြားဖြစ်ပွားလျက်ရှိသော တိုက်ပွဲများတွင် ပါဝင်တိုက်ခိုက်ရန်အတွက် နိုင်ငံခြားသား လက်နက်ကိုင်များလည်း ဆီးရီးယားသို့ ရောက်ရှိလာခဲ့၍ ပြည်သူများနှင့် လက်တွဲပြီး အာဏာရှင်စနစ်ဆိုးကို ဖြုတ်ချရန်အတွက် တိုက်ပွဲဝင်ခဲ့ကြပြီး အရေအတွက်အားဖြင့် ၂၀၀၀ မှ ၅၅၀၀ အကြားတွင်ရှိမည်ဟု ခန့်မှန်းထား၏။ အဆိုပါတိုက်ခိုက်ရေးသမားများသည် လစ်ဗျား၊ ဆော်ဒီအာရေးဗီးယား၊ အီဂျစ်၊ ဂျော်ဒန်၊ တူနီးရှား၊ ပါလက်စတိုင်း၊ လက်ဘနွန်၊ ဩစတြေးလျ၊ ချေချင်းညာ၊ ကူဝိတ်၊ ယူအေအီး၊ ကိုဆိုဗို၊ အဇာဘိုင်ဂျန်၊ ပြင်သစ်၊ အီရတ်၊ စပိန်၊ ဒိန်းမတ်နှင့် တာဂျစ်ကစ္စတန်နိုင်ငံများမှ ဖြစ်ကြ၏။

ဇူလိုင်လ ၁၉ ရက်နေ့တွင် ဆီးရီးယားအစိုးရအား ပိတ်ဆို့မှုပြုလုပ်ရန် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်ကို ရုရှားနှင့်တရုတ်နိုင်ငံများက ဗီတိုအာဏာသုံးပြီး ပယ်ချခဲ့သည်။ ရုရှနှင့် တရုတ်နိုင်ငံများသည် ဆီးရီးယား၏ အဓိကမဟာမိတ်ကုန်သွယ်ဖက်များဖြစ်ခြင်းကြောင့် ပိုမိုပြီးမှုတသော်ဆုံးဖြတ်ချက်ကို အစိုးရရော အတိုက်အခံများ နှစ်ဖက်စလုံးအား ညီတူမျှတူ ပြုလုပ်ရန် ဖော်ပြခဲ့သည်။ အစ္စရေးစစ်တပ်မှ တိုက်လေယာဉ်များက ၂၀၁၃ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့အနီးရှိ ဂျမာရာစစ်ဘက်ဝဟိုဌာနရှိ လက်နက်သိုလှောင်ရုံများကို ဒုတိယအကြိမ်တိုက်ခိုက်ခဲ့သည်ဟု သတင်းများထွက်ပေါ်လာခဲ့သည်။ အီရန်နိုင်ငံက ဟစ်ဇ်ဘိုလာအဖွဲ့သို့ ထောက်ပံ့မည့်



မြေပြင်မှ မြေပြင်ပစ်ဒုံးကျည်များကို သိုလှောင်ထားရာနေရာကို အဓိကပစ်မှတ်ထားပြီး တိုက်ခိုက်ခဲ့ခြင်းပင်ဖြစ်သည်။ ပဋိပက္ခအတွင်းသို့ အစ္စရေးနိုင်ငံ ပါဝင်ပတ်သက်လာခဲ့ခြင်းကြောင့် အခြေအနေမှာ ပိုမိုပြီး ရှုပ်ထွေးလာနိုင်၏။ ဆီးရီးယားစစ်တပ်မှလည်း အတိုက်အခံများအပေါ်၌ ဓာတု လက်နက်များ သုံးစွဲပြီး တိုက်ခိုက်လျက်ရှိသည်ဟု သတင်းများကျယ်ကျယ်ပြန့်ပြန့် ထွက်ပေါ်လာသည့်အတွက် နိုင်ငံတကာမှ ခေါင်းဆောင်များအကြားတွင် စိုးရိမ်မကင်းဖြစ်လျက်ရှိ၏။ ဆီးရီးယားအတိုက်အခံ သူပုန်များဘက်မှလည်း အာရုံကြောထိခိုက်စေနိုင်သော လက်နက်များကို အသုံးပြုတိုက်ခိုက်နေကြောင်း ဝေဖန်ပြောကြားနေခြင်းများလည်း ထွက်ပေါ်လျက်ရှိသည်။

နောင်လာနောက်သားများ အကျိုးအတွက် အာဏာရှင်စနစ်ကို အသက်ဖြင့်လဲပြီး နိဂုံးချုပ်အဆုံးသတ်ပေးရန် ကြိုးပမ်းနေသူများနှင့် အာဏာရှင်သစ္စာတော်ခံဘတ်တော်သားများအကြားတွင် ဖြစ်ပွားလျက်ရှိသော စစ်မီးမှာ ဘယ်ဆီဘယ်ရွေ့ထိတိုင်အောင် တောက်လောင်နေဦးမည်ဆိုသည်ကား အတော်ပင်ပြောရခက်သောအနေအထားဟုဆိုခဲ့လျှင် မှားနိုင်မည်မထင်ပါ။

*ပြည့်ဖြိုးဟိန်း*









www.burmeseclassic.com

www.burmeseclassic.com


# နန်းထိပ်တင် နှလုံးအားတိုးဆေး



နှလုံးခုန်နှုန်းမမှန်ခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်း၊ ဂျေယပ်ခြင်း၊ နှစ်ခြိုက်စွာ အိပ်မရခြင်း၊ အိပ်ရာမှနိုးစတွင်
ရင်တဒိတ်ဒိတ်ခုန်ခြင်း၊ ဦးခေါင်းမကြည်မလင်မူးဝေခြင်း၊ စိတ်မကြည်မလင်ထိုင်းမှိုင်းခြင်း၊
အသားအရေမွဲခြောက်ပိန်လှီခြင်း၊ မအီမသာဖြစ်ခြင်း၊ အသက်ရှူမမှန်ခြင်း၊ နှလုံးနှင့်
ပတ်သက်သောရောဂါများအတွက်သုံးစွဲနိုင်ပါသည်။ ဤဆေးကို နေ့စဉ်မှန်မှန်
သောက်သုံးပါက အသားအရေ စိုပြေကြည်လင်၊
လှပနုပျိုကျန်းမာအသက်ရှည်ပါမည်။



ထုတ်လုပ်ခွင့်လိုင်စင်အမှတ် - ၉/၂၀၁၀တဆထလ (၂၀၂၆)
ယာယီဆေးဝါးမှတ်ပုံတင်အမှတ် - ၀၂၁၃ Y ၀၁၀၁၇၈
ကြော်ငြာခွင့်ပြုချက် - ၂၃၁/ ၁၀၁၃ တဆထက (စာနယ်ဇင်း)

ပိုင်ရှင် - နန်းထိပ်တင်ဆေးတိုက်

ရန်ကုန်မြို့။ ဖုန်း ၀၉-၂၀၀၇၉၉၇၊ ၀၁-၂၁၁၈၇၃



# သစ်မွှေး (Agarwood)

နှင့်

# နံ့သာဖြူ၊ နံ့သာနီ၊ ကျော်အာ

ဈေးနှုန်းချိုသာစွာဖြင့် မျိုးကောင်း ပျိုးပင်သန့်များ ရရှိနိုင်ပါပြီ။

**Agar Star Co.,Ltd.**

အမှတ် (၁၆၃)၊ ခရေပင်လမ်း၊ ၂ (က) ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၆၃၆၆၉၇၊ ၆၃၅၂၅၇၊ ၆၃၆၈၉၀၊ ၀၉ ၈၆၁၀၃၅၇


www.burmeseclassic.com

www.burmeseclassic.com



နွားရိုင်းများပါဝင်သော အထင်ရှားအကျော်ကြားဆုံး ရိုးရာပြိုင်ပွဲမှာ စပိန်နိုင်ငံမှ နွားရိုင်းတိုက်ပွဲဖြစ်သည်။ သို့ရာတွင် အိန္ဒိယနိုင်ငံ ကေရာလာပြည်နယ်မှ ကျေးလက်ပြည်သူများသည် သနားစရာနွားသတ္တဝါကို ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်ခြင်း လုံးဝမပြုဘဲ ပျော်ရွှင်စွာဆင်နွှဲသော ရိုးရာနွားဒုန်းမောင်းပြိုင်ပွဲကို နှစ်စဉ်နှစ်တိုင်း ကျင်းပလေ့ရှိသည်။ အိန္ဒိယနိုင်ငံ ကေရာလာပြည်နယ်မှ ကျေးလက်တောသားများသည် ကောက်ရိတ်သိမ်းပြီးခါစရာသီတွင် မာရာမာဒီ နွားဒုန်းမောင်းပြိုင်ပွဲကို စည်ကားသိုက်မြိုက်စွာ ရိုးရာအစဉ်အလာမပျက် နှစ်စဉ်နှစ်တိုင်းကျင်းပလေ့ရှိ ကြသည်။

ထိုကျေးလက်ရိုးရာနွားဒုန်း မောင်းပြိုင်ပွဲတွင် နွားတစ်ရှဉ်းကို ခြေချင်းဝတ်အထိနက်သောရေထဲတွင်ဖြတ်၍ ဘောလုံးကွင်းအရွယ်အစားရှိလယ်ကွင်းကြီးအတွင်းသို့ တစ်ရှိန်ထိုး တရကြမ်းဒုံးမောင်း ချလာသည်။

ထိုနွားတစ်ရှဉ်းကို ထိန်းကျောင်း မောင်းနှင်လာသူသည် ထွန်တုံးပေါ်တွင် လိုက်ပါစီးနင်းလာရင်း ရွှံ့ရေပြင်ထဲတွင် တစ်ရှိန်ထိုးလျှောပြီး ရုပ်တိုက်လိုက်ပါလာသည်။ အဆိုပါလယ်ကွင်းကြီးကို လောလောလတ်လတ်လယ်ထွန်ထားသောကြောင့် လယ်ကွင်းထဲရှိ ရွှံ့ရေများမှာ တစ်ဟုန်ထိုး ပြေးလွှားနေသော နွားများနှင့် ထွန်တုံးပေါ်တွင် စီးနင်းလိုက်ပါလာသူတို့၏ ဘေးဝန်းကျင်တစ်ဝိုက်တွင် ရေများတဖွားဖွား လွင့်စဉ်လျက်ရှိသည်။ ကျေးလက်တောရွာများမှ တောသူတောင်သားများကမူ ခပ်လှမ်းလှမ်းမှ ဘေးအန္တရာယ်ကင်းစွာ တစ်ခဲနက်အားပေးနေကြသည်။

နွားဒုန်းမောင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်နွားတစ်ရှဉ်းကို များသောအားဖြင့် လူသုံးဦးက ထိန်းကျောင်းပေးလေ့ရှိကြသည်။ ဤသို့ လူသုံးဦးတစ်တွဲပါဝင်သော ပြိုင်ပွဲဝင်အဖွဲ့ပေါင်း ၃၀ နီးပါးခန့်သည် မွန်းတည့်ပြိုင်ပွဲစချိန်မှ ညနေခင်းနေဝင်ရီတရောအချိန်အထိ အကြိတ်အနယ်ယှဉ်ပြိုင်ကြသည်။

နွားမောင်းသူများသည် ဝါရင့်ကြေးစား မြင်းစီးသမားများကဲ့သို့ ကောင်းမွန်စွာ စနစ်တကျလေ့ကျင့်ပေးထားသဖြင့် နွားဒုန်းမောင်းပြိုင်ပွဲကျင်းပနေစဉ်အတောအတွင်း တစ်ဟုန်ထိုးတရကြမ်း ကဆုန်ပေါက်ဒုန်းပြေးနေသော နွားများကို ကျွမ်းကျင်ပိုင်နိုင်နင်းစွာ ထိန်းကျောင်းနိုင်ကြသည်။ ပြိုင်ပွဲဝင်နွား

# ကေရာလာပြည်နယ်မှ မာရာမာဒီ နွားဒုန်းမောင်းပြိုင်ပွဲ

လွင်ကျော်မြတ်







www.burmeseclassic.com

www.burmeseclassic.com





မောင်း သမားများကဲ့သို့ပင် နွားနံ့ ဘေးမှ အပြေး သမားများကိုလည်း ပြိုင်ပွဲ မဝင်မီ ကြို၍တင် လေ့ကျင့်ပေးထားသည်။ ဤမာရာမာဒီ နွားဒုန်းမောင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် နွား ကြီးများကိုပါ သီးသန့် စနစ်တကျလေ့ကျင့်ပေးထားပြီး အစာရေစာ ဝဝလင်လင် ကျွေးမွေးပြုစုထားသည်။

ဤသို့ ပြိုင်ပွဲဝင်မည့် နွားတစ်ရှဉ်းအား လေ့ကျင့်ကျွေးမွေးစရိတ်မှာ အိန္ဒိယနိုင်ငံသုံးငွေ ရူပီး ၁၀.၀၀၀ (အမေရိကန်ဒေါ်လာ ၁၉၀) ခန့်ကုန်ကျသည်။ ဤငွေ ပမာဏမှာ ကေရာလာပြည်နယ်တွင် အတော်များပြားလှသော ငွေကြေးပမာဏဖြစ်သည်။ ကေရာလာပြည်နယ် တစ်ဝန်းလုံးတွင် နှစ်စဉ်နှစ်တိုင်း ရိုးရာအစဉ်အလာမပျက် ကျင်းပလေ့ရှိသော မာရာမာဒီ နွားဒုန်းမောင်းပြိုင်ပွဲတွင် အာဒူးမြို့အနီးရှိ ပါနမ်ထိတာ ခရိုင်မှ အာနန်နာဒါပါလီ ကျေးရွာမှ နွားဒုန်းမောင်း ပြိုင်ပွဲမှာ အထင်ရှားအကျော်ကြားဆုံးနှင့် အစည်ကားဆုံးဖြစ်သည်။ အဆိုပါ ကျေးရွာတွင် ရိုးရာနွားဒုန်းမောင်းပြိုင်ပွဲကို နှစ်စဉ်နှစ်တိုင်း ဩဂုတ်လ ၁၅ ရက်နေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိသည်။

အာနန်နာဒါပါလီကျေးရွာရှိ မာရာမာဒီ နွားဒုန်းမောင်းပြိုင်ပွဲတွင် သန်မာထွားကျိုင်းသော နွားကြီးများမှာ ပွဲကြည့်ပရိသတ်ကြီး၏ အာရုံစူးစိုက် စိတ်ဝင်စားမှုကို ခံကြရသည်။

ဤရိုးရာ နွားဒုန်းမောင်းပြိုင်ပွဲမှာ အလွန် ခက်ခဲပင်ပန်းပြီး ဘေးအန္တရာယ်လည်း အလွန်များလှသည်။ သို့ရာတွင် ဤကျေး လက်ရိုးရာ နွားဒုန်းမောင်းပြိုင်ပွဲမှာ ဒေသခံ ကျေးလက်တောသားများအဖို့မူ ၎င်းတို့၏ ရဲစွမ်းသတ္တိနှင့် လူလားမြောက် အရွယ်ရောက် မှုတို့ကို ဖော်ပြခွင့်ရရှိသော အခွင့်အလမ်း တစ်ခုဖြစ်သည်။

နွားများ၏ နံဘေးမှကြိုးကိုင်ပြီး လမ်းကြောင်း မှန်အောင်လိုက်ထိန်း ကျောင်းပေးရသောအပြေးသမားများအနေဖြင့် နွားများနှင့်အမီလိုက်ပြီး တစ်ဟုန်ထိုး ပြေးနိုင်ရန်လိုသည်။ ပြိုင်ပွဲဝင်ရသော လယ် ကွင်းကြီးမှာ ပေ ၃၃၀ ခန့်ရှည်လျားပြီး ၆ လက်မခန့်အထိ နက်သောရေများဖြင့် ပြည့် နေသည်။ ပြိုင်ပွဲကျင်းပသော လယ်ကွင်းကြီး၏ အဆုံးတွင် ပြိုင်ပွဲပန်းဝင်သည့်နေရာ အဖြစ်လယ်ကန်သင်းကုန်းမို့မို့ရှိသည်။

ပြိုင်ပွဲတွင် ပန်းဝင်ခါနီး၌ နွားများ၏ နံဘေးမှ ပြေး၍ ထိန်းကျောင်းပေးသူများက တစ်ဟုန်ထိုးဒုန်းပြေးနေသော နွားများကို အရှိန်လျှော့အောင် အစွမ်းကုန်ထိန်းကျောင်းပေးပြီး လယ်ကန်သင်းကုန်းမို့မို့ဆီသို့ မရောက်မီ နွားများကို ချာခနဲချိုးကွေ့ပြီး နောက်ကြောင်း ပြန်လှည့်ပေးရသည်။ တစ်ရှိန်ထိုးကဆုန်ပေါက်ဒုန်းပြေးနေသော နွားတစ်ရှဉ်းကို အရှိန်လျှော့အောင် ဇက်သတ်ပြီး လယ်ကန်သင်း ကုန်းမို့မို့ဆီမရောက်မီ ချာခနဲ ချိုးကွေ့နောက်ကြောင်း ပြန်လှည့်အောင်ထိန်းချုပ်ရသည်မှာ လွယ်ကူသောကိစ္စမဟုတ်ချေ။

သို့ရာ တွင် ၎င်းတို့အနေဖြင့် ဤသို့ နွားများကို ထိန်းချုပ်ရာတွင် အခက်အခဲရှိပုံရသဖြင့် စိတ်လှုပ်ရှားစွာ မတ်တတ်ရပ်ကြည့် ရှုအားပေးနေသော ပရိသတ်ကြီးက အထိတ်တလန့်စိုးရိမ်ပူပန်မိကြသည်။

နွားများက ထိန်းချုပ်သူတို့၏ လက်မှ လွတ်အောင်အတင်း ရုန်းပြီးလယ်ကန်သင်းကုန်းမို့မို့ပေါ်သို့ ကမူးရှူးထိုး ပြေးတက်နေကြသဖြင့် ပွဲကြည့် ပရိသတ်များဝရုန်းသုန်းကား ဖရိုဖရဲ လွတ်ရာရှောင်တိမ်းကြရသည်။

နွားများ၏ ဘယ်ဘက် အခြမ်းမှ အပြေး လိုက်၍ ထိန်းကျောင်းပေးသူက ကြိုးများကို အသားကုန် အသည်းအသန် တအားဆွဲထားပြီး နွားများကို ထိန်းချုပ်နိုင်ရန် သဲကြီးမဲကြီး လုံးပန်းနေသည်။ ထိုစဉ် အတောအတွင်း နွားများ၏ အနောက်ဘက်ရှိထွန်တုံးပေါ်တွင် စီးနင်းလိုက်ပါပြီး နွားများကိုထိန်းကျောင်း မောင်းနှင်နေသူကိုမူ ဖြန်းခနဲဖြန်းခနဲ တဖွားဖွားလွင့်စင်နေသော ရွှံ့ရေများကြောင့် လူလုံးသဲသဲကွဲကွဲမမြင်ရချေ။ လယ်ကန်သင်းကုန်းမို့မို့ပေါ်သို့ ကမူးရှူးထိုး ပြေးတက်နေသော နွားနှစ်ကောင်က နောက်ဆုံးတွင် လယ်ကန်သင်းပေါ်သို့ ချောချောမောမော ရောက်ရှိသွားသည်။

ထိုအခါ လယ်ကန်သင်းပေါ်မှ ရပ်ကြည့်နေသော အခြားပြိုင်ပွဲဝင် အဖွဲ့မှ နွားနံဘေးအပြေးသမားတစ်ဦးက တစ်ဟုန်ထိုးကဆုန်ပေါက် ဒုန်းပြေးရန် ဟန်ပြင်နေသော





www.burmeseclassic.com

www.burmeseclassic.com





နွားများကို ထိန်းချုပ်ရန် အရှေ့ဘက်သို့ ပြေးထွက်လာသည်။ ယခုအချိန်တွင် နွားများ၏ ဘယ်ဘက်မှ ပြေး၍ ထိန်းချုပ်ပေးသူက နွားများအား နောက်ဘက်မှ ကြိုးကိုတအားဆွဲထားပြီး ထိန်းချုပ်နေသည်။ ဤအခြေအနေမျိုးတွင် ချိနင့်အဝေ့ခံရပြီး ခွာနင့်အကန်ခံရမည်ကို စိုးသောကြောင့် နွားများအနီးသို့ မည်သူမျှမကပ်ရဲကြချေ။ နွား၏ ဘယ်ဘက်မှ အပြေးသမားက ဇွဲမလျှော့ဘဲကြိုးကို တအားဆွဲထားပြီး ဆက်လက်ထိန်းထားနေစဉ် အကူအညီပေးရန် ပြေးထွက်လာသော အခြားပြိုင်ပွဲဝင်အဖွဲ့မှ နွားနံဘေးအပြေးသမားတစ်ဦးက နွားများ၏ အရှေ့မှ ရဲဝံ့စွာ ရပ်ပြီးနွားများအား ရပ်တန့်သွားအောင် အစွမ်းကုန်ကြိုး ပမ်းလျက်ရှိသည်။

သန်မာတောင့်တင်းသော နွားများ၏ ကြီးမားသော ခွန်အားကို စဉ်းစားတွေးတောကြည့်ပါက အဆိုပါ နွားနံဘေးအပြေးသမား၏ ကြိုးပမ်းမှုမှာ ရဲဝံ့သော စွန့်စားမှုကြီးပင်ဖြစ်သည်။ ၎င်း၏ သတ္တိပြောင်မြောက်စွာ ကြိုးပမ်းမှုကြောင့် နွားများကို အချိန်မီ ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။ ထိုအခါကျမှသာ အသည်းတထိတ်ထိတ် ၊ ရင်တဖိုဖိုနှင့် အထိတ်တလန့်ဖြစ်နေသော ပွဲကြည့် ပရိသတ်ကြီးကအခုမှသာ သက်ပြင်းဟင်းခနဲချ နိုင်ပြီး တဒင်္ဂစိတ်အကြီးအကျယ် လှုပ်ရှားခဲ့ရမှုအတွက် ကြည်နူးဝမ်းသာ ပီတိ ဖြာသွားကြသည်။

ထွန်တုံးပေါ်မှနွားမောင်းသမား၏ နွားတစ်ရှဉ်းကိုအရှိန်သတ်အောင် ထိန်းချုပ်ခြင်းမှာ အလွန်ခက်ခဲသော ကိစ္စဖြစ်သည်။ ကံမကောင်းပါက ခေါင်းကို နွားအကန်ခံရနိုင်ပြီး တစ်ဟုန်ထိုး ကဆုန်ပေါက်ဒုန်းပြေးနေသော နွားများ၏ ခြေထောက်များက တအားကန်ထုတ်လိုက်သောကြောင့် အဆက် မပြတ်လွင့်စဉ်နေသော ရွှံ့နှင့်ရွှံ့ရေများက ထွန်တုံးပေါ်မှ နွားမောင်းသူ၏ မျက်လုံးများ၊ နားရွက်များနှင့် ပါးစပ်ထဲသို့ ဝင်သွားနိုင်သည်။ ထွန်တုံးပေါ်မတ်တတ်ရပ်ပြီး စီးနင်းလာသော နွားမောင်းသမားအနေဖြင့် တစ်ဟုန်ထိုးကဆုန်ပေါက်ဒုန်းပြေးနေသော နွားများကို အရှိန်သတ်အောင် ခန္ဓာကိုယ်တစ်ကိုယ်လုံးအား အသားကုန်အားစိုက်ပြီး ထိန်းချုပ်ရသဖြင့် အရှိန်လွန်ပြီး ထွန်တုံးပေါ်မှ လွင့်စဉ်ပြုတ်ကျသွားနိုင်သည်။

နွားမောင်းသူအချို့မှာ ဤသို့ နွားများကို အရှိန်လျှော့အောင် ကြိုးပမ်းထိန်းချုပ်ရာတွင် အရှိန်လွန်ပြီး ထွန်တုံးပေါ်မှ လွင့်စဉ်ပြုတ်ကျသွားလေ့ရှိသည်။ ထိုသို့ထွန်တုံးပေါ်မှ ပြုတ်ကျသွားသူ သတိပြန်လည်လာအောင်အချိန်အတန်ကြာ ပြုစုပေးရပြီး ၎င်း၏မျက်လုံးများ၊ နားရွက်များနှင့် ပါးစပ်ထဲသို့ ဝင်နေသော ရွှံ့များကိုလည်း အချိန်ယူပြီး ပြန်ထုတ်ပေးကြရသည်။ ရိုးရာဓလေ့အားဖြင့် မာရာမာဒီ ရိုးရာ နွားဒုန်းမောင်းပြိုင်ပွဲကို နှစ်စဉ်နှစ်တိုင်း အော်နမ်စပါးရိတ်သိမ်းပွဲတော်အပြီးတွင် ခြိမ့်ခြိမ့်သဲသဲ စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိသည်။

တိရစ္ဆာန် အခွင့်အရေးလှုပ်ရှားသူများက နွားပြိုင်ပွဲမှာ ရက်စက်ပြီး အိန္ဒိယနိုင်ငံ၏ အကြမ်းမဖက်သော ရိုးရာဓလေ့မူဝါဒနှင့်လည်း ဆန့်ကျင်နေသောကြောင့် ဤနွားဒုန်းမောင်းပြိုင်ပွဲကို ဆက်လက်မကျင်းပရန် အစိုးရထံ အသနားခံစာတင်ပြခဲ့သောကြောင့် ထိုနွားဒုန်းမောင်းပြိုင်ပွဲကို ငါး နှစ်တိုင်တိုင် ရပ်နားထားခဲ့သည်။ သို့ရာတွင် ၂၀၁၂ ခုနှစ်တွင် အိန္ဒိယ တရားရုံးချုပ်သည် နွားဒုန်းမောင်း ပြိုင်ပွဲကို အစိုးရ တာဝန်ရှိ ပုဂ္ဂိုလ်များ၏ ကမကထပြုကြီးကြပ်မှုဖြင့် ပြန်လည်ကျင်း ပခွင့်ပြုခဲ့သည်။ ဤသို့ နွားဒုန်းမောင်းပြိုင်ပွဲ ကို ၂၀၀၇ ခုနှစ်တွင် ပြန်လည်ကျင်းပရန် စီစဉ်သောအခါ နွားအကောင်ပေါင်း ၆၀ ခန့် ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

၂၀၁၂ ခုနှစ်တွင်မူ တိရစ္ဆာန် အခွင့်အရေးလှုပ်ရှားသူများ၏ နွားဒုန်းမောင်းပြိုင်ပွဲကို ပိတ်ပင်ရန် တိုက်ပွဲဝင်နေမှုကြောင့် နွား ၁၂ ရှဉ်းသာပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ဒေသခံ ပြည်သူအချို့က ဤရိုးရာနွားဒုန်းမောင်းပြိုင်ပွဲကို စိတ်ဝင်စားမှုလျော့နည်းလာသောကြောင့် ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူဦးရေ ဆက်လက်လျော့နည်းကျဆင်းလာနိုင်ဖွယ်ရှိကြောင်း ခန့်မှန်းထားကြသည်။ နွားဒုန်းမောင်းပြိုင်ပွဲကို ပိတ်ပင်ရန် ဆန့်ကျင်ကန့်ကွက်သူများရှိသကဲ့သို့ ဤရိုးရာနွားဒုန်းမောင်း ပြိုင်ပွဲကို ကမ္ဘာလှည့်ခရီးသည် လုပ်ငန်းဖွံ့ဖြိုးတိုးတက်စည်ပင်လာအောင် ရိုးရာအစဉ် အလာမပျက် နှစ်စဉ်နှစ်တိုင်း ဆက်လက် ကျင်းပသင့်သည်ဟု ယူဆထားသူများလည်း ရှိကြသည်။

လွင်ကျော်မြတ်





www.burmeseclassic.com

www.burmeseclassic.com



ဆုချီးမြှင့်ပွဲအခမ်းအနားအပြီး အမှတ်တရ

# စာပေပျော်မွေ့သူတို့ရဲ့ ယုံကြည်ရာ မိုးကောင်းကင်

## [အင္ဂမအကြိမ် သုတစွယ်စုံစာပေဆု ဆုချီးမြှင့်ပွဲအခမ်းအနား]

မျိုးအိမ်ဇင်

၅-၅-၂၀၁၃ ရက်၊ နွေနံနက်ခင်းရဲ့ နေခြည်နုက နွေးနွေးထွေးထွေးမဟုတ်ဘဲ ပူးစူးရှရှနဲ့ နွတ်ဆက်နေပါတယ်။ ပူးရှတဲ့ နေခြည်ကို အန်တုရင်းစာရေးသူတစ်ယောက် ရန်ကုန်မြို့၊ ချက်ထရီယမ်ဟိုတယ်ကို ရောက်ရှိခဲ့တယ်ဆိုရင်ပဲ သဘာဝလေအေးလောက် အေးမြမှုကို မပေးစွမ်းနိုင်ပေမယ့် အဲယားကွန်းလေအေးက အတော်အသင့် ရင်ကိုအေးမြသွားစေပါတယ်။ ဒီထက်အေးမြမှုကို အပြည့်အဝရရှိလိုက်တာကတော့ အင္ဂမအကြိမ်သုတစွယ်စုံ စာပေဆု ဆုချီးမြှင့်ပွဲ အခမ်းအနားစင်မြင့်ကြီးကို တွေ့မြင်လိုက်ရလို့ပါပဲ။ ကိုယ်တိုင်က စာပေသမားဖြစ်ပြီး လက်လှမ်းမမီနိုင်သေးပေမယ့် အရည်အချင်းပြည့်ဝတဲ့ စာပေပညာရှင်ကြီးတွေကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုဆုချီးမြှင့်တဲ့ အခမ်းအနားကို ဧးမောရင်း အေးမြမှုနဲ့အတူ ပီတိတွေ ပွားများမိခဲ့တာ အမှန်ပါလို့ ဆိုချင်ပါတယ်။

သုတစွယ်စုံစာပေဆုကို ချီးမြှင့်မယ့်သူတွေကတော့ စွယ်စုံမီဒီယာဂရု(ပ်) ဥက္ကဋ္ဌ ဒေါက်တာ တင်ထွန်းဦးနဲ့ ဇနီးဖြစ်သူ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာခင်မိုးမိုးတို့ဖြစ်ကြပါတယ်။ အင္ဂမအကြိမ် သုတစွယ်စုံစာပေဆုကိုတော့ ၂၀၁၁ ခုနှစ်က ပုံနှိပ်ထုတ်ဝေပြီး စာအုပ်တွေထဲက ရွေးချယ်စိစစ်ချီးမြှင့်တာဖြစ်ကာ သုတစာပေများပိုမိုဖွံ့ဖြိုးတိုးတက်လာစေပြီး မြန်မာစာပေလောကရဲ့ အဆင့်အတန်းမြင့်မားလာစေရေးကို တစ်နည်းတစ်ဖုံအကျိုးပြုနိုင်စေရေး၊ သုတစာပေများ ပိုမိုထွန်းကား ပျံ့နှံ့လာစေပြီး ပြည်သူလူထုအတွင်း မှန်ကန်တဲ့ အသိပညာဗဟုသုတတွေ ပိုမိုကြွယ်ဝလာစေရန် သုတစာပေရေး သားပြုစုတဲ့ စာရေးဆရာတွေကို တတ်နိုင်သမျှ အားပေးချီးမြှင့်ရေးစတဲ့ ရည်ရွယ်ချက် သုံးရပ်နဲ့ နှစ်စဉ်ချီးမြှင့်တာဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြည်ထောင်စုဝန်ကြီးဦးအောင်ကြည်က ဦးမြင့်ကြွယ် (ဆရာမောင်မြင့်ကြွယ်) အားဆုချီးမြှင့်နေစဉ်



ဝန်ကြီးဒေါ်စန်းစန်းနွယ်က ဆရာကြီး တက္ကသိုလ်စိန်တင်အား ဆုချီးမြှင့်နေစဉ်

ဆုချီးမြှင့်ပွဲအခမ်းအနားကို ပြန်ကြား ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦး အောင်ကြည်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဆွေ၊ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဒေါ်စန်းစန်းနွယ်နဲ့ အတူ စာပေဆုရွေးချယ်ရေးအဖွဲ့၊ စာပေဆုချီးသူတွေ၊ ပုံနှိပ်ထုတ်ဝေသူတွေ၊ ဆုရရှိသူတွေနဲ့ စာပေလောကသား စာရေးဆရာတွေ၊ စာပေ မြတ်နိုးသူတွေ တက်ရောက်ခဲ့ကြပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဦးစွာအမှာစကားပြောကြားရာမှာတော့ ``မျက်မှောက်ကာလမှာ ကျွန်တော်တို့ မြန်မာနိုင်ငံကို ခေတ်မီတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံအဖြစ် ကြိုးပမ်းတည်ဆောက်နေချိန်ဖြစ်ပါတယ်။ နိုင်ငံတကာနဲ့ တန်းတူပခုံးချင်းယှဉ်ဆောင်ရွက်တဲ့အခါမှာ ပြည်သူတွေရဲ့ အသိပညာဗဟုသုတဖွံ့ဖြိုးတိုးတက်ဖို့နဲ့ အတွေးအခေါ်ခံယူချက်တွေ၊ ယုံကြည်ချက်တွေ မှန်ကန်ဖို့ စာကောင်းပေမွန်တွေ အများကြီးထွက်ပေါ်လာဖို့ အရေးကြီးပါတယ်။ ဒီလို ပေါ်ထွက်လာဖို့ စာပေပညာရှင်တွေ၊



ဒေါက်တာတင်ထွန်းဦး



ဒေါက်တာခင်မိုးမိုး



ဒေါက်တာနုမြတ်သိင်္ဂီဦး

ပုံနှိပ် ထုတ်ဝေသူတွေ စာပေဝါသနာရှင်တွေနဲ့ စေတနာရှင်တွေ အားလုံးရဲ့ အားနဲ့ ဝိုင်းဝန်း ဆောင်ရွက်သွားဖို့လိုပါတယ်`` လို့ ပြောကြားပါတယ်။

ပြည်ထောင်စုဝန်ကြီးကပဲ တစ်ဆက်တည်း ``စာရေးဆရာတိုင်းဟာ ကိုယ်ရဲ့ စိတ်ကူးစိတ်သန်းလေးတွေကို မျိုးဆက်သစ်လေးတွေထံ မျှဝေပေးလိုကြပါတယ်။ ဒီလိုမျှဝေခြင်းဖြင့် လူငယ်မျိုးဆက်သစ်တွေအတွက် ကိုယ်တိုင်အရာရာကို ဖန်တီးတဲ့အခါ အထောက်အကူရမှာဖြစ်ပြီး ပြည်သူလူထု အသီးသီးရဲ့ လုံခြုံစိတ်ချမှုနဲ့ ဖွံ့ဖြိုးဆောင်ရည်တွေ အမှန်တကယ်အားကောင်းလာစေပါတယ်။ လူ့စွမ်းရည်ကို တည်ဆောက်ရာမှာပဲ ဖြစ်ဖြစ်၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကို ဖြေရှင်းရာမှာပဲဖြစ်ဖြစ် ရေရှည်အသုံးဝင်မယ့်ဟာကို ရှာဖွေရာမှာ အသိပညာက အရေးကြီးပါတယ်။ အသိပညာအလုံအလောက်မရှိရင် တိုင်းပြည်ချို့တဲ့နေမှာပါ။ ပြည်သူလူထုရဲ့ အသိပညာက တိုင်းပြည်ရဲ့ ခွန်အားအစစ်ပါ။ ဒီခွန်အားတွေကို ဖြည့်ဆည်းနိုင်တာ စာရေးဆရာ၊ ဆရာမကြီးတွေဖြစ်တယ်။ ဒါကြောင့် စာရေးဆရာ၊ ဆရာမကြီးတွေဟာ ခွန် အားတွေကို ပေးနိုင်စွမ်းတဲ့ ပုဂ္ဂိုလ်ကြီးတွေ ဖြစ်ကြပါတယ်`` ဟု မှာကြားစကားကို ထည့်သွင်းပြောကြားခဲ့ပါတယ်။



တက်ရောက်သူအချို့

အလိမ္မာစာမှာရှိပါတယ်။ စာထဲက အလိမ္မာကို ထုတ်မယူတတ်ရင် အချည်းနှီးသာဖြစ်မယ်။ စာကောင်းပေကောင်းကို ရွေးချယ်ဖတ်တတ်ရမယ်။ စာကောင်းပေကောင်းတွေဖတ်မှတ်ပြီး အကောင်းအဆိုးခွဲခြားသိကာ အကောင်းတရားကို ပွားများအောင် လုပ်ဆောင်နိုင်မှ ပညာဉာဏ်ဗဟုသုတ အလိမ္မာနဲ့ ပြည့်စုံမယ်လို့ စာရေးဆရာကြီး မောင်ထင်က ဆိုခဲ့ဖူးပါတယ်။ အရာဝတ္ထုတစ်ခုက ကြာတဲ့အခါဟောင်းနွမ်းပျက်စီးသွားနိုင်ပေမယ့် စာကောင်းပေကောင်းတွေဟာ ရာစုနှစ်များစွာ ရှင်သန်လတ်ဆတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com


ဆရာ ပါစီမျိုးမြင့်အား ဆုချီးမြှင့်နေစဉ်


ပါမောက္ခ ရဲမြင့်ကျော် (ဒေါက်တာရဲ)အား ဆုချီးမြှင့်နေစဉ်

အသိပညာ၊ အတတ်ပညာတွေမျှဝေပေးနေဦးမှာပါ။ စာဖတ်ခြင်းက အိမ်တံခါးကို ဖွင့်ထားတာနဲ့ တူပါတယ်။

ဆက်လက်ပြီး ဆရာဒေါက်တာတင်ထွန်းဦးက သုတစွယ်စုံ စာပေဆုရွေးချယ်ရတဲ့ အကြောင်းရင်းနဲ့ ရွေးချယ်ပုံအဆင့်ဆင့်၊ ဆုရစာအုပ်များအပေါ် သုံးသပ်ချက်များကို ရှင်းလင်းပြောကြားပါတယ်။ ဒေါက်တာတင်ထွန်းဦး ဆုရွေးချယ်ခြင်းနဲ့ ပတ်သက်ပြီး ``ဆုရွေးချယ်ရေးအဖွဲ့က ပြန်ကြားရေးဝန်ကြီးဌာနစာပေစိစစ်ရေးနဲ့ မှတ်ပုံတင်ဌာနရဲ့ ခွင့်ပြုချက်နဲ့ ၂၀၁၁ ခုနှစ်အတွင်း ထုတ်ဝေခဲ့တဲ့ စာပေဘာသာရပ်အမျိုးမျိုးအတွက် ဆန်ခါတင်စာအုပ် ၃၀ထဲမှ စိစစ်ရွေးချယ်ခဲ့ပါတယ်။ ဒီလိုရွေးချယ်ရာမှာ ရှိသင့်ရှိထိုက်တဲ့ အကြောင်းအရာ စာအုပ်အဖြစ် ရေးသားဖွဲ့စည်းမှုနဲ့ နိုင်ငံနဲ့ စာဖတ်သူတို့အတွက် အသိတိုးပွားဖို့ ခေတ်မီဗဟုသုတတွေ ပြန့်ပွားဖို့ ဖတ်ရှုသင့်တဲ့စာအုပ်တွေကို အထူးပြုရွေးချယ်ခဲ့တာပါ´´ လို့ ပြောကြားခဲ့ပါတယ်။

သုတစွယ်စုံစာပေဆုကို ၂၀၀၄ ခုနှစ်အတွက် ငါးဆု၊ ၂၀၀၅ ခုနှစ်အတွက် ခုနစ်ဆု၊ ၂၀၀၆ ခုနှစ်အတွက် ၁၀ ဆု၊ ၂၀၀၇ခုနှစ်အတွက် ၁၀ ဆု၊ ၂၀၀၈ ခုနှစ်အတွက် ၉ဆု၊ ၂၀၀၉ ခုနှစ်အတွက် ခုနစ်ဆု၊ ၂၀၁၀ ပြည့်နှစ်အတွက် ၉ ဆုနဲ့ ၂၀၁၁ ခုနှစ် အတွက်၁၂ ဆုချီးမြှင့်ဖို့ လျာထားခဲ့သော် လည်း ရှစ်ဆုစိစစ်ရွေးချယ်ပေးခဲ့ပါတယ်။ ဆုငွေတွေကိုလည်း ဘာသာရပ်တစ်ခုချင်းစီအတွက် ကျပ် ငါးသိန်းစီနဲ့ တစ်သက်တာ စာပေဆုအတွက် ယခုနှစ်တွင် ကျပ် ဆယ်သိန်းအထိ ထပ်မံတိုးပြီး ချီးမြှင့်ပေးခဲ့ပါတယ်။


ဆရာမောင်မောင်တင်အား ဆုချီးမြှင့်နေစဉ်


ဆရာမကြီး မကြွင်ဌေး၏ တူမအား ဆုချီးမြှင့်နေစဉ်



www.burmeseclassic.com

www.burmeseclassic.com




တက်ရောက်လာကြသူများ

အလျဉ်းသင့်လို့ စာပေဆုချီးမြှင့်တဲ့ သုတစွယ်စုံစာအုပ်တိုက်ရဲ့နောက်ခံအကျဉ်းချုပ်ကို ဖော်ပြရမယ်ဆိုရင် သုတစွယ်စုံစာအုပ်တိုက်ကို ၁၉၈၂ ခုနှစ်က စတင်ထူထောင်ခဲ့ပြီး ပညာပေးစာအုပ်တွေ ထုတ်ဝေခဲ့ပါတယ်။ ထူထောင်တဲ့ ၁၉၈၂ ခုနှစ်ကစပြီး သုတစွယ်စုံမဂ္ဂဇင်းကို ယနေ့အထိလစဉ်ပုံမှန်ထုတ်ဝေဆဲဖြစ်ပါတယ်။ ၁၉၈၂ ခုနှစ်မှာတော့ အာရောဂျကျန်းမာရေးမဂ္ဂဇင်းကို စတင်ထုတ်ဝေပြီး ယနေ့တိုင် လစဉ်မှန်မှန်ထုတ်လျက်ရှိ ပါတယ်။ ၁၉၉၆ ခုနှစ်မှာတော့ ပြည်မြန်မာ သတင်းဂျာနယ်နဲ့ သတင်းလွှာဂျာနယ်ကို အပတ်စဉ်ထုတ်ဝေခဲ့ပြီး ပြည်မြန်မာသတင်း ဂျာနယ်ရဲ့ သက်တမ်းက ဒီနေ့ဆို ၁၇ နှစ် ကျော်ခဲ့ပါပြီ။ ၂၀၀၄ ခုနှစ်မှာ Good Health ကျန်းမာရေးနဲ့ အလှအပဂျာနယ်ကို စတင်ထုတ်ဝေခဲ့ပြီး အပတ်စဉ်ပုံမှန် ထုတ်ဝေဖြန့်ချိနေတာဒီနေ့အထိပါပဲ။ ၂၀၁၀ ပြည့်နှစ်ကစလို့ The Chic အလှအပ၊ ဖက်ရှင်နဲ့ လူမှုဘဝ မဂ္ဂဇင်းကို ဒီနေ့ထိလစဉ်ပုံမှန်ထုတ်ဝေနေ ပြီး ၂၀၁၂ ခုနှစ်မှာ The IT Times သိပ္ပံနဲ့ နည်းပညာဂျာနယ်ကို အပတ်စဉ် ဆက်မပြတ်ထုတ်ဝေနေပါတယ်။ မကြာမီကာလမှာလည်း ''ပြည်မြန်မာ နေ့စဉ်''သတင်းစာကို ထုတ်ဝေဖြန့်ချိသွားမှာဖြစ်ပါတယ်။

ယခုနှစ်သုတစွယ်စုံစာပေဆုအနေနဲ့ သုတစွယ်စုံ တစ်သက်တာစာပေဆုကို ဦးမြင့်ကြွယ် (ဆရာမောင်မြင့်ကြွယ်)၊ ဝိဇ္ဇာဘာသာရပ်အတွက် ''ထီးသတင်းနန်းသတင်း'' စာအုပ်ရေးသားသူ မောင်သန်းဆွေ (ထားဝယ်)၊ ဘာသာပြန်စာပေအတွက် ''မြန်မာ့အောင်ဆန်း'' စာအုပ်ရေးသားသူ မောင်မြတ်မိုး၊ အထွေထွေဗဟုသုတစာပေအတွက် ''အိုးဝေညီမြ ဘဝနှင့်စာပေ''စာအုပ်ရေးသားသူ တက္ကသိုလ်စိန်တင်၊ စာပဒေသာအတွက် ''လူနာ၊ သူနာပြု၊ ဆရာဝန်နှင့် ကျွန်တော်''စာအုပ်ရေးသားသူမောင်မောင်တင်၊ ရည်ညွှန်းစာပေအတွက် ''လူမှုရေးပထဝီဝင်၊ အင်္ဂလိပ် - မြန်မာအဘိဓာန်''စာအုပ်ရေးသားသူမကြင်ဌေး၊ သုတသိပ္ပံဘာသာရပ်အတွက် ''ဝိသုကာ၊ ဗိသုကာသုတ'' စာအုပ် ရေးသားသူ ပါစီမျိုးမြင့်နှင့် အသုံးချသိပ္ပံဘာသာရပ်အတွက် ''မမွေးဖွားမီမှအရွယ်ရောက်သည်အထိ ကလေးပြုစုစောင့်ရှောက်နည်းများ''စာအုပ် ရေးသားသူ ပါမောက္ခ ရဲမြင့်ကျော် (ဒေါက်တာရဲ)တို့ရရှိခဲ့ကြသည်။

ဆုပေးပွဲအခမ်းအနားတွင် စွယ်စုံမီဒီယာအဖွဲ့မှ ၂၀၁၃ ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ်သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် မြန်မာနိုင်ငံစာရေး ဆရာအသင်းသို့ ငွေကျပ် ၁၀ သိန်း၊ ဟင်္သာတမြို့နယ်၊ နိဗ္ဗာန်ကျေးရွာရှိ ဦးဖိုးကျား အထိမ်းအမှတ်သုတစွယ်စုံစာကြည့်တိုက်အတွက် ငွေကျပ် ၁၀ သိန်းနဲ့ မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအတွက် ငွေကျပ် ၁၀ သိန်းစုစုပေါင်း ငွေကျပ်ပေါင်း သိန်း ၃၀ ကို လှူဒါန်းခဲ့ပါတယ်။

သုတစွယ်စုံတစ်သက်တာ စာပေဆုရှင်



မြန်မာနိုင်ငံစာရေးဆရာအသင်းသို့ အလှူငွေပေးအပ်နေစဉ်



www.burmeseclassic.com

www.burmeseclassic.com


ဆရာမောင်မြင့်ကြွယ်


ဆရာတက္ကသိုလ်စိန်တင်

ဆရာမောင်မြင့်ကြွယ်က ဆုရရှိတာနဲ့ပတ်သက်ပြီး ``တစ်သက်တာစာပေဆုချီးမြှင့်တဲ့ ဒေါက်တာတင်ထွန်းဦးနဲ့ ဒေါက်တာခင်မိုးမိုးတို့ ဆရာဝန်စာရေးဆရာဇနီးမောင်နှံနဲ့ စာပေဆုရွေးချယ်ရေးအဖွဲ့ကို ဦးစွာကျေးဇူးအများကြီးတင်ပါတယ်။ တကယ်တော့ ဒေါက်တာ တင်ထွန်းဦးနဲ့ ကျွန်တော်က လုပ်ဖော်ကိုင်ဖက်တွေပါ။ သူက လူရည်ချွန်ဘဝကနေ အဆင့်ဆင့်တက်ပြီး နောက်ဆုံးမှာ အမျိုးသားစာပေဆုနှစ်ဆုရတဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။ အဲဒီဆုနှစ်ဆုရပြီးကတည်းက သူရဲ့ စိတ်ဓာတ်က ပိုပြီးကောင်းတဲ့ဘက်ကို ပြောင်းသွားတယ်။ ဒီတော့ သူက ဆုယူချင်တဲ့သူမဟုတ်တော့ဘဲ ဆုပေးချင်တဲ့သူဖြစ်လာတယ်။ စာပေလောကသားတွေအပေါ်ထားတဲ့ ဆရာ့စိတ်ဓာတ်က ပိုမြင့်မားလာတယ်။ ဒီစိတ်ဓာတ်ကို ဆက်လက်ထိန်းသိမ်းပါလို့ ကျွန်တော်တင်ပြလိုပါတယ်``လို့ ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ပါတယ်။

'စာရေးဆရာတွေကိုယ်စားဆရာတက္ကသိုလ်စိန်တင်က ကျေးဇူးတင်စကားလည်းဆိုခဲ့ပါတယ်။ အတ္ထုပ္ပတ္တိစာပေဆုရရှိတာနဲ့ ပတ်သက်ပြီး မေးမြန်းရာမှာတော့ ဆရာကြီးက ``အတ္ထုပ္ပတ္တိစာပေရေးတဲ့အခါ အရေးခံရသူပုဂ္ဂိုလ်ရဲ့ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ အကျင့်စာရိတ္တအားလုံးကို လေ့လာပေါင်းစုရေးရတာ တခြားစာပေထက် ပိုအားစိုက်ရတယ်``လို့ အတ္ထုပ္ပတ္တိစာပေရဲ့ သဘောတရားကို ပြောကြားသလို ၂၀၀၈ ခုနှစ်၊ ပဥ္စမအကြိမ် သုတစွယ်စုံစာပေဆု (ဝိဇ္ဇာ)ကို ``မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုမှတ်တမ်းများနှင့် ဗိုလ်ချုပ်အောင်ဆန်း`` စာအုပ်နှင့် ရရှိခဲ့တာနဲ့ စပ်လျဉ်းလို့ ``အဲဒီအချိန်က ဗိုလ်ချုပ်အောင်ဆန်းစာအုပ်က လွတ်လပ်မှုမရှိသေးဘူး။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ပတ်သက်လို့ မပြောရဲတဲ့အချိန်မှာ ဆရာဒေါက်တာတင်ထွန်းဦးက ဆုပေးလိုက်တော့ တိုင်းပြည် လူထုက အံ့သြသွားကြတယ်။ လေးစားသွားကြတယ်။ နိုင်ငံတော်ကတောင် ဆုမပေးတဲ့ ဟာကို ဘာလို့ပေးရသလဲပေါ့။ မေးမြန်းကြတယ်။ အင်တာနက်တွေမှာတောင် ဖတ်လိုက်ရတယ်။ ဆရာရဲ့ စာပေယုံကြည်ချက်ပြတ်သားမှုကို လေးစားမိတယ်။ ဒေါက်တာတင်ထွန်းဦးနဲ့ ဒေါက်တာခင်မိုးမိုးတို့ ဇနီးမောင်နှံတို့ စာပေအပေါ်ထားရှိတဲ့ စေတနာက မြင့်မားတယ်။ စာပေအပေါ်သံယောဇဉ်ကြီးတဲ့ ဇနီးမောင်နှံဖြစ်တယ်။ ကျွန်တော်ဆုရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ တိုင်းပြည်အတွက် စာပေနဲ့ အကျိုးပြုနေတာ မြင်ရတော့အားရ ကျေနပ်မိတယ်``လို့ မှတ်တမ်းစကားဆိုခဲ့ပါတယ်။

ဒေါက်တာတင်ထွန်းဦးတို့ ဇနီးမောင်နှံကဖြင့် ကိုယ်တိုင်ပေးအပ်မျှဝေမှုနဲ့ ကိုယ်ထိလက်ရောက်လှုပ်ရှားဆောင်ရွက်တက်မှု စာပေအနုပညာရှင်တွေပဲဖြစ်ပါတယ်။ အနုပညာဟာ စိတ်ကူးပုံရိပ်ပါ။ စိတ်ကူးပုံရိပ်တွေကို ရင်ထဲမှာ သိမ်းမထားဘဲ စိတ်ကူးကောင်းတွေနဲ့ ကိုယ်ထိလက်ရောက်တာဝန်တစ်ရပ်လို လုပ်ဆောင်ကြသူတွေဖြစ်လို့ ရည်ရွယ်ရာ၊ ဝါသနာပါရာ၊ ယုံကြည်ရာ စာပေပန်းတိုင်တစ်ခုကို ပုံဖော်နိုင်ခဲ့ပြီလို့ဆိုရင်း စာပေမှာ ပျော်မွေ့တဲ့ ဇနီးမောင်နှံရဲ့ ယုံကြည်ရာ စာပေမိုးကောင်းကင်မှာ ဆက်လက်ပျော်ရွှင်နိုင်ပါစေကြောင်း ဆန္ဒပြုလိုက်ပါတယ်။

မှုးအိမ်ဇင်



ဦးမိုးကျော်၊ တကြည့်တိုက်သို့ အလှူငွေပေးအပ်နေစဉ်


www.burmeseclassic.com

www.burmeseclassic.com

# အင်တာဗျူးအတွက် ကြိုတင်ပြင်ဆင်စေနိုင်ကြောင်း နည်းလမ်းကောင်း





ယနေ့မျက်မှောက်ကာလတွင် ပြည်တွင်းရုံးဌာနများ၊ ပြည်ပကုမ္ပဏီများ၊ ပြည်ပတက္ကသိုလ်နှင့်အသက်မွေးဝမ်းကျောင်းသင်တန်းကျောင်းများအတွက် လူငယ်များအနေဖြင့် အလုပ်အကိုင်ရရှိရေးနှင့် တက္ကသိုလ်ကျောင်း ဝင်ခွင့်ရရှိရေးတို့အတွက် အင်တာဗျူးများ ဖြေဆိုနေကြရသည်။ အင်တာဗျူးဟူသည် ရုံး သို့မဟုတ် ကုမ္ပဏီတစ်ခုက လိုအပ်သောအလုပ်အကိုင်နှင့်ပေါ်လျဉ်းသော အရည်အချင်းရှိသူနှင့် တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်နိုင်မည့်သူကို ရွေးချယ်နိုင်ရန်အတွက် အလုပ်လျှောက်ထား သူများအား လူချင်းတွေ့ဆုံမေးမြန်းပြီး သင့်လျော်မည့်သူကို ရွေးချယ် ခန့်အပ်ရန် ရည်ရွယ်ပြီး အင်တာဗျူး ပြုလုပ်ခြင်းဖြစ်သည်။

ထိုနည်းတူစွာပင် တက္ကသိုလ်ကျောင်းနှင့် အသက်မွေးဝမ်းကျောင်း ပညာသင်ကျောင်းမှ တာဝန်ရှိပုဂ္ဂိုလ်များကလည်း ပညာသင်ယူမည့်သူများအား တွေ့ဆုံပြီး ပညာလေ့လာသင်ယူနိုင်သည့်အရည်အချင်းရှိမရှိ တွေ့ဆုံမေးမြန်းခြင်းဖြစ်သည်။ သို့ဖြစ်ရာ အင်တာဗျူး ဝင်ရောက်ဖြေဆိုသူ များအနေဖြင့် မိမိလျှောက်ထားသော အလုပ်အကိုင်ကို ဆောင်ရွက်နိုင်ရန် အရည်အချင်းပြည့်ဝသူဖြစ်ပြီး တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်နိုင်သူ ဖြစ်ကြောင်း အင်တာဗျူးမေးမြန်းသူများအား မိမိ၏ အရည်အချင်းများကို တင်ပြနိုင်စွမ်းရှိရမည်ဖြစ်သည်။

အင်တာဗျူးဖြေဆိုသည့်သူများမှာ များသောအားဖြင့် ဘွဲ့ရပြီးခါစများ ဖြစ်ကြသောကြောင့် အင်တာဗျူးအတွေ့အကြုံမရှိသူများ ဖြစ်ကြသည်။ အင်တာဗျူးတွင် အတွေ့အကြုံရှိသူဖြစ်စေ၊ အတွေ့အကြုံမရှိသူဖြစ်စေ စိတ်လှုပ်ရှားတတ်ကြပြီး လုံးဝ မမျှော်လင့်ထားသော မေးခွန်းများနှင့် ရင်ဆိုင်ကြုံတွေ့ရတတ်သည်မှာ ဓမ္မတာပင်ဖြစ်သည်။ ထိုအခါမျိုးတွင် မိမိတို့မမျှော်လင့်ထားသော မေးခွန်းများကို ရုတ်တရက် အမေးခံလိုက်ရသောကြောင့် ကြက်သေသေသွားပြီး အာစေးထည့်ထားသလို ပါးစပ်ထဲမှ ဘာမှထွက်မလာတော့ချေ။

သို့ဖြစ်ရာ အင်တာဗျူးဖြေဆိုမည့်သူများအနေဖြင့် အင်တာဗျူး မဖြေဆိုမီ စနစ်တကျကြိုတင်ပြင်ဆင်ထားပြီးမှ သွားရောက် ဖြေဆိုပါက အင်တာဗျူးအောင်မြင်နိုင်ရန် အလားအလာကောင်းများ ရရှိမည်ဖြစ်သည်။

• နောင်ထွန်းလူ •







www.burmeseclassic.com

www.burmeseclassic.com





## ကြိုတင်ပြင်ဆင်ပါ

မိမိအလုပ်လျှောက်ထားသော ကုမ္ပဏီနှင့်စပ်လျဉ်း၍ သိသင့်သိထိုက်သော အချက်အလက်များအားလုံးကို သိရှိထားရုံနှင့် မလုံလောက်ဘဲ အဆိုပါကုမ္ပဏီ၏ လုပ်ငန်းဆောင်တာများ၊ ထုတ်ကုန်ပစ္စည်းများ၊ ဈေးကွက်တင်ရောင်းချမှုစနစ်၊ အခြားအရေးကြီးသော အချက်အလက်များနှင့် မိမိလျှောက်ထားသော အလုပ်အကိုင်နှင့်စပ်လျဉ်း၍ မေးမြန်းနိုင်ဖွယ်ရှိသော မေးခွန်းများကိုလည်း သိရှိအောင် ကြိုတင်ပြင်ဆင်ထားသင့်သည်။

အလုပ်လျှောက်သူအနေဖြင့် မိမိလျှောက်ထားသော အလုပ်အကိုင်နှင့်စပ်လျဉ်း၍ အင်တာဗျူးတွင် မေးမြန်းနိုင်ဖွယ်ရှိသော မေးခွန်းများအားလုံးကို ကြိုတင် မှန်းဆပြီး မည်သို့မည်ပုံ ပြန်လည်ဖြေဆိုမည်ကို အကြိမ်ကြိမ်အခါခါ ကြိုတင်ပြင်ဆင် လေ့ကျင့်ထားသင့်သည်။ ဤသို့ အင်တာဗျူးတွင် မေးမြန်းနိုင်ဖွယ်ရှိသော မေးခွန်းများကို ကြိုတင်လေ့လာထားပြီး အလုပ်အကိုင်နှင့် စပ်လျဉ်းသော ဝေါဟာရများကို ရှာဖွေ လေ့လာထားမှသာလျှင် အင်တာဗျူးဖြေဆိုရန်အတွက် မိမိကိုယ်မိမိ ယုံကြည်စိတ်ချမှုရရှိလာမည်ဖြစ်သည်။

'ပွဲမဝင်ခင် အပြင်ကကျင်းပ' ဟူသော စကားရှိသည့်အတိုင်း အကြိမ်ကြိမ် အထပ်ထပ် လေ့ကျင့်ပြင်ဆင်ထားပါက အင်တာဗျူးတွင် မကြောက်မရွံ့ သွက်သွက်လက်လက် ဒိုးဒိုးဒေါက်ဒေါက် ဖြေဆိုနိုင်ပြီး အင်တာဗျူးအောင်မြင်ရန် အခွင့်အလမ်းကောင်းများ ရရှိမည်ဖြစ်သည်။

## မိမိမသိသေးသောအရာများကို မသိကြောင်း ဝန်ခံပါ

အင်တာဗျူးတွင် မေးမြန်းနိုင်ဖွယ်ရှိသော မေးခွန်းများအားလုံးကို ကြိုတင်ပြင်ဆင်လေ့ကျင့်ထားသော်လည်း မိမိနား မလည်စေသော မေးခွန်းကို မမျှော်လင့်ဘဲ ရုတ်တရက် မေးမြန်းခြင်းခံရပါက ကြောင် အမ်းအမ်းဖြစ်သွားပြီး ခြေမကိုင်မိ၊ လက်မကိုင်မိဖြစ်သွားနိုင်ဖွယ်ရှိသည်။ သို့ရာတွင် မိမိမသိသေးသော မေးခွန်းများကို စမ်းတဝါး ဝါးဖြစ်ပြီး ပြန်ဖြေဆိုမည့်အစား မိမိမသိကြောင်း ရိုးသားပွင့်လင်းစွာ ဝန်ခံရန် ဝန်မလေးသင့်ချေ။ သင့်အနေဖြင့် ထိုမေးခွန်းကို ဖြေဆိုနိုင်ရန် ဇဝေဇဝါဖြစ်နေပါက အင်တာဗျူးမေးမြန်းသူအား ထိုအကြောင်းအရာနှင့်စပ်လျဉ်း၍ မေးခွန်းတစ်မျိုးထပ်မေးပါရန် မေတ္တာရပ်ခံနိုင်သည်။

သို့ရာတွင် မိမိမည်သို့ ဖြေဆိုနိုင်ရန် လုံးဝနားမလည်သော မေးခွန်းများကို မရေမရာ ဖြေဆိုမည့်အစား ထိုအကြောင်းအရာကို မသိရှိကြောင်း ရိုးသားပွင့်လင်းစွာ ဝန်ခံပါက ပို၍ ကောင်းမည်ဖြစ်သည်။ အမှန်စင်စစ်အားဖြင့် မည်သူမျှ မေးခွန်းတိုင်းကို ဖြေဆိုနိုင်သော ပါရမီရှင်မဟုတ်ကြသောကြောင့် အလုပ်အကိုင်နှင့် စပ်လျဉ်း၍ မေးမြန်းသော ဝေါဟာရများအားလုံးကို ဖြေဆိုနိုင်ရန် မလွယ်ကူချေ။ သို့ဖြစ်ရာ မိမိမသိသော အရာများကို အမှန်တကယ် မသိကြောင်း ရိုးသားစွာ ဝန်ခံပြောဆိုရန် ဝန်မလေးပါနှင့်။

## အရည်အချင်းဆိုင်ရာအထောက်အထားများ ထိကျမှန်ကန်ရန် လိုသည်

အချို့အင်တာဗျူးဖြေဆိုသူများသည် ယခင်အလုပ်အကိုင်တွင် အလုပ်သင်တန်းတက်ဖူးသူများဖြစ်နိုင်ဖွယ်ရှိသည်။ မိမိလျှောက်ထားသော အလုပ်အကိုင်နှင့် စပ်လျဉ်း၍ လိုအပ်သော အရည်အချင်းများ ပြည့်မီစေရန်အတွက် နောက်ထပ်သင်တန်းများ ထပ်မံတက်ရောက်ရန် လိုအပ်နိုင်ဖွယ် ရှိသည်။

သို့ဖြစ်ရာ အလုပ်လျှောက်လွှာကို ကိုယ်ရေးရာဇဝင်ထဲတွင် မိမိလျှောက်ထားသော အလုပ်အကိုင်၊ ရာထူးနှင့် သက်ဆိုင်သော သင်တန်းများ တက်ရောက်ဖူးပြီး သင်တန်းဆင်းလက်မှတ်များ ရရှိထားကြောင်း ရေးသားဖော်ပြထားပြီး သင်တန်းဆင်းလက်မှတ်မိတ္တူများကိုလည်း ပူးတွဲတင်ပြအလုပ် လျှောက်ထားရန် လိုသည်။ သို့ရာတွင် အလုပ်အကိုင်၊ ရာထူးနှင့် သက်ဆိုင်သော အရည်အချင်းနှင့် စပ်လျဉ်း၍ တင်ပြထားသော အချက်အလက်အတိုင်း အတိအကျ အခိုင်အမာ တင်ပြသင့်ပြီး ကိုယ့်အရည်အချင်းအားသာချက်ကို အကျယ်ချဲ့ပြီး လိုသည်ထက် ပို၍မတင်ပြသင့်ချေ။

## မိမိ၏ အားသာချက်များကို ယုံကြည်မှုအပြည့်ဖြင့် တင်ပြပါ

အင်တာဗျူးမေးမြန်းသူများသည် သင်၏ အားနည်းချက်များနှင့် အားသာချက်များအကြောင်းကို မလွှဲမသွေ ဆွေးနွေးပြောဆိုကြမည်ဖြစ်သည်။ သို့ဖြစ်ရာ အလုပ်အကိုင် အရည်အချင်းနှင့် စပ်လျဉ်းသော မိမိ၏ အားသာချက်များကို တင်ပြပြီး မိမိလျှောက်ထားသော အလုပ်အကိုင်နှင့် သင့်လျော်သူဖြစ်ကြောင်း အလေးအနက် တင်ပြနိုင်ရမည်ဖြစ်သည်။

ဤသို့ မိမိ၏ အားသာချက် အရည်အချင်းများကို တင်ပြရာတွင် စိတ်လှုပ်ရှားစွာ ကမန်းကတန်း တင်ပြခြင်းမပြုဘဲ အင်တာဗျူးမေးမြန်းသူစိတ်ထဲတွင် မိမိ၏ အားသာချက်အရည်အချင်းများကို အထင်ကြီးလေးစားလာအောင် ချက်နှင့်လက်နှင့် တစ်ခုချင်းစီ အေးအေးဆေးဆေး တင်ပြနိုင်ရမည်ဖြစ်သည်။

ထို့ပြင် သင်၏ အားနည်းချက်များအကြောင်းကို မေးမြန်းသောအခါ မသိနားမလည်သေးသော၊ မတတ်မြောက်သေးသော အရာများကို လေ့လာသင်ယူလိုစိတ်ရှိကြောင်း တင်ပြနိုင်ရမည်။

## မိမိ၏ အားသာချက်များကို အလေးအနက် တင်ပြသကဲ့သို့ အားနည်းချက်များကိုလည်း အကောင်းဆုံးဖြစ်အောင် တင်ပြနိုင်ရမည်

လူတိုင်းတွင် အားသာချက်များရှိသကဲ့သို့ အားနည်းချက်များနှင့်လည်း မကင်းနိုင်ချေ။ အင်တာဗျူးမေးမြန်းသူများသည် သင်၏ အားနည်းချက်များအကြောင်းနှင့်စပ်လျဉ်း၍လည်း မကြာခဏ မေးမြန်းတတ်လေ့ရှိသည်။ အင်တာဗျူးမေးမြန်းသူများက သင်၏ အားနည်းချက်များနှင့် စပ်လျဉ်း၍ မည်သို့ သင် သဘောထားသည်ကို သိရှိလို



www.burmeseclassic.com

www.burmeseclassic.com



၍ မေးမြန်းကြခြင်းဖြစ်သည်။

၎င်းတို့အနေဖြင့် သင်သည် မိမိ၏ အားနည်းချက်များကို မည်သို့မည်ပုံ ပပျောက်သွားအောင် ပြုလုပ်ရန် ရည်ရွယ်ချက် ရှိ၊ မရှိ သိလို၍ မေးမြန်းခြင်းဖြစ်သည်။ သို့ဖြစ်ရာ သင့်အနေဖြင့် ယခင်က မိမိ၏ အားနည်းချက်ကို အောင်မြင်စွာ ပြုပြင်နိုင်ခဲ့ကြောင်း တင်ပြပြီး ယခုလက်ရှိအားနည်းချက်များကိုလည်း မကြာမီ ပြုလုပ်နိုင်ရန် စီစဉ်ထားကြောင်းကို ယုံကြည်လာအောင် လိမ္မာပါးနပ်စွာ တင်ပြခြင်းဖြင့် သင်၏ အားနည်းချက်များကို ပြုပြင်နိုင်မည့်သူဖြစ်ကြောင်း ယုံကြည်လာအောင် တင်ပြနိုင်သည်။

## အေးအေးဆေးဆေး တင်ပြပါ

အင်တာဗျူးမေးမြန်းသူက မေးမြန်းသော မေးခွန်းများအားလုံးကို တစ်ခုချင်းစီ ဖြည်းဖြည်းနှင့် အေးအေးဆေးဆေး ပြန်၍ ဖြေဆိုပါ။ အင်တာဗျူးမေးမြန်းသောမေးခွန်းများကို နားလည်ပြီး ထိုမေးခွန်းများကို အချက်အလက်ပြည့်စုံစွာ ပြန်လည်ဖြေဆိုပါ။ သင့်အနေဖြင့် အင်တာဗျူးချိန်တွင် စိတ်တုန်လှုပ်နေနိုင်ဖွယ်ရှိသော်လည်း အင်တာဗျူးရာတွင် အချိန်သိပ်မရသဖြင့် ရရှိသည့် အခွင့်အလမ်းကို အပြည့်အဝ အခွင့်ကောင်းယူပြီး အင်တာဗျူးမေးမြန်းသူစိတ်ကျေနပ်အောင် မေးမြန်းသော မေးခွန်းများအားလုံးကို တိကျပြတ်သားစွာ တဖြည်းဖြည်းနှင့် အေးအေးဆေးဆေး ပြန်လည် ဖြေဆိုပါ။

## စိတ်အားထက်သန်မှုကို ဖော်ပြပါ

အင်တာဗျူးတိုင်းတွင် 'အခုအချိန်က နေပြီး နောင်လာမယ့် ငါးနှစ်အချိန်မှာ ကိုယ့်ကိုယ်ကိုယ် ဘယ်လိုအခြေအနေမှာ ရောက်ရှိနေမလဲဆိုတာကို ပြောပြပါ' ဟု အင်တာဗျူးမေးမြန်းသူများက မေးမြန်းလေ့ရှိကြသည်။ 'ကိုယ့်ကိုယ်ကိုယ် အထက်တန်းအရာရှိတစ်ဦးဖြစ်နေမယ်' ဟု ထင်မြင်ကြောင်း ပြန်ဖြေတတ်ကြသည်၊ သို့ရာတွင် 'မိမိရဲ့ အလုပ်တွင် စွမ်းရည်ပြည့်ဝသူတစ်ဦးဖြစ်လာအောင် အဘက်ဘက်မှ ကြိုးစားပြီး လုပ်ကိုင်သွားပါမယ်' ဟု ဖြေဆိုပါက ပို၍ သင့်လျော်မည်ဖြစ်သည်၊ အင်တာဗျူးတွင် အလုပ်နှင့် စပ်လျဉ်း၍ စိတ်ဝင်စားမှုအပြည့်အဝရှိသူ၊ အလုပ်လုပ်ရန် စိတ်ပါလက်ပါ စိတ်အားထက်သန်သူဖြစ်ကြောင်း ပြသနိုင်စွမ်းရှိရ မည်။ အင်တာဗျူးမေးမြန်းသူများက သင်သည် လျှောက်ထားသော အလုပ်ကို အမှန်တကယ် စိတ်ဝင်စားပြီး စိတ်ပါလက်ပါ စိတ်အားထက်သန်စွာ လုပ်ကိုင်လိုသူဖြစ်ကြောင်း ထင်မြင်ယူဆသွားအောင် တင်ပြနိုင်ရမည်ဖြစ်သည်။

## ခင်မင်ရင်းနှီးမှုရှိပါစေ

သင်သည် အလုပ်အကိုင်နှင့် စပ်လျဉ်း၍ အရည်အချင်းပြည့်ဝသူဖြစ်ပြီး အသိဉာဏ်ထက်မြက်သူ၊ ရင်းနှီးဖော်ရွေမှုရှိသူ ဖြစ်ပြီး အခြားသူများနှင့် အဖွဲ့လိုက် အလုပ်ကို အတူတကွ လက်တွဲပူးပေါင်း ဆောင်ရွက်တတ်သူဖြစ်ပါက လုပ်ငန်းခွင်တွင် အထီးကျန်ဆန်သူ မဖြစ်နိုင်ချေ။ သို့ဖြစ်ရာ အင်တာဗျူး မေးမြန်းသူများက သင့်အား ရင်းနှီးဖော်ရွေသူဖြစ်ပြီး အပေါင်းအသင်းဆံ့သူတစ်ဦးဖြစ်ကြောင်း ယုံကြည်ယူဆသွားအောင် အရည်အချင်းများကို တင်ပြနိုင်စွမ်းရှိရမည်ဖြစ်သည်။



သို့ရာတွင် အင်တာဗျူးနေစဉ်အတောအတွင်း အင်တာဗျူးမေးမြန်းသူနှင့် လိုသည်ထက်ပိုပြီး ရင်းနှီးအောင် မကြိုးပမ်းသင့်ဘဲ ၎င်းအား ရိုသေလေးစားစွာ ဆက်ဆံပြောဆိုပါ။ သင့်အနေဖြင့် လုပ်ငန်းခွင်တွင် အခြားများနှင့် ဆက်ဆံရေးပြေလည်သူတစ်ဦးဖြစ်ကြောင်း ထင်မြင်ယူဆလာအောင် တင်ပြနိုင်ရမည်ဖြစ်သည်။

## သိလိုသောမေးခွန်းများကို မေးမြန်းပါ

သင့်အနေဖြင့် မိမိလျှောက်ထားသော အလုပ်အကိုင်နှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ မိမိလုပ်ကိုင်မည့်ကုမ္ပဏီ၏အကြောင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း သိရှိလိုစိတ် ရှိရမည်။ သို့ဖြစ်ရာ မိမိလုပ်ကိုင်ရမည့် ကုမ္ပဏီ၏ အလုပ်သဘောသဘာဝ လုပ်ငန်းဆောင်တာများ၊ လုပ်ငန်းဆောင်ရွက်ပုံစနစ်များအကြောင်းကို အင်တာဗျူးမေးမြန်းသူအား မေးမြန်းနိုင်သည်။

သင်သည် ဤသို့စိတ်ဝင်တစားမေးမြန်းပါက သင် အလုပ်လျှောက်ထားသော အလုပ်အကိုင် ရာထူးအပေါ် သင် အမှန်တကယ် စိတ်ဝင်စားမှုရှိပြီး အင်တာဗျူးမေးမြန်းသူများကလည်း ဤသို့ လုပ်ငန်းနှင့်စပ်လျဉ်း၍ အားတက်သရော စိတ်ပါလက်ပါ သိရှိလိုသူကို သဘောကျနှစ်သက်ကြမည် ဖြစ်သည်။

## ရင်းနှီးဖော်ရွေစွာ နှုတ်ဆက်ပါ

အင်တာဗျူးဖြေဆိုပြီးစီးသွားသောအခါ အင်တာဗျူးအခန်းထဲမှ ပြန်လည်မထွက်ခွာမီ အင်တာဗျူးမေးမြန်းသူများကို မိမိအတွက် အချိန်ပေးပြီး မေးခွန်းများမေးမြန်းသည့်အတွက် အထူးကျေးဇူးတင်ကြောင်း ပြောပြပါ။ ထို့ပြင် မကြာမီအချိန်တွင် အင်တာဗျူးမေးမြန်းသူများထံမှ သတင်းစကားကို မျှော်လင့်စောင့်စားနေမည်ဖြစ်ကြောင်း ပြောပြပါ။ ထို့နောက် အင်တာဗျူးမေးမြန်းသူများအား တစ်ဦးချင်းစီ မျက်လုံးချင်းဆုံ ကြည့်ရှုပြီး ရင်းနှီးဖော်ရွေစွာ နှုတ်ဆက်ပါ။

ဖြစ်နိုင်လျှင် အခြေအနေပေးပါက နှုတ်ဆက်ရင်း လက်ဆွဲနှုတ်ဆက်ပါ။ ဤသို့ ကျေးဇူးအထူးတင်ကြောင်း ပြောပြီး ရင်းနှီး ခင်မင်စွာ နှုတ်ဆက်သောကြောင့် သင့်အား အင်တာဗျူးမေးမြန်းသူများက စိတ်ထဲတွင် ခင်မင်လေးစားပြီး ကောင်းကောင်းမှတ်မိသွားမည် ဖြစ်သည်။

နောင်ထွန်းလှ

**Ref : Internet**





www.burmeseclassic.com

www.burmeseclassic.com



# ကမ္ဘာတစ်လွှားရှိ

နေထက်



၁၉၄၀ ပြည့်လွန်နှစ်များကာလမှစ၍ ရေဥယျာဉ်ကြီးများမှာ တဖြည်းဖြည်း ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ ရှေးယခင်က တောင်ပေါ် အပန်းဖြေစခန်းနှင့်ဆင်တူသော ရေဥယျာဉ်ကြီးမှ ပင်လယ်ကမ်းခြေသဲသောင်ပြင်၊ ရေပူစမ်းများ၊ ရေလွှာလျှောများ၊ အခြားရေနှင့် ဆက်စပ်သော ရွှင်မြူးပျော်ပါးစရာများ တစ်ပုံတစ်ပင်ကြီးပါရှိသော ယနေ့ခေတ်ရေဥယျာဉ်ကြီးများအဖြစ်သို့ တစ်စထက်တစ်စ ဖွံ့ဖြိုးတိုးတက်လာခဲ့ခြင်း ဖြစ်သည်။

ရာသီဥတု အလွန်ပူပြင်းသော နွေရာသီကာလရောက်လာသောအခါ အများပြည်သူလူထုသည် ရေဥယျာဉ်ကြီး (Water Park) ဟုခေါ်သော နေရာသို့ အပြေးအလွှားသွားပြီး ရာသီဥတုအပူဒဏ်မှ သက်သာစေရန်အတွက် ရေကူးရေဆော့ကစားပြီး အပန်းဖြေအနားယူလေ့ရှိကြသည်။

သို့ဖြစ်ရာ ရွှင်မြူးပျော်ပါးစရာ ရေဥယျာဉ်ကြီးများမှာ အပန်းဖြေအနားယူသူများအကြား ရေပန်းစားလာခဲ့သည်။

အဆိုပါ ရေဥယျာဉ်များကို ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်သော နိုင်ငံကြီးတိုင်းလိုလိုတွင် တွေ့ရှိရသည်။ အဆိုပါ ရေဥယျာဉ်ကြီးများတွင် မိသားစုလိုက် တပျော်တပါး ရေကူးအပန်းဖြေနိုင်ရုံမျှသာမက ရေလွှာလျှောစီး ဆော့ကစားနိုင်သော ကစားနည်းမျိုးစုံပါရှိသဖြင့် လူကြိုက်များ ရေပန်းစားလျက်ရှိသည်။ ယနေ့မျက်မှောက်ကာလတွင် လူကြီး၊ လူငယ်၊ ကျား၊ မ မရွေး အရွယ်သုံးပါးစလုံး တစ်နှစ်တာကာလပတ်လုံး အနားယူ အပန်းဖြေနိုင်သော စခန်းသာအဖြစ် ထင်ရှားကျော်ကြားလျက်ရှိသော ရေဥယျာဉ်ကြီးများမှာ ကမ္ဘာတစ်လွှားတွင် ပေါ်ပေါက်လာခဲ့သည်။





www.burmeseclassic.com

www.burmeseclassic.com



# ရွှင်မြူးဖွယ်ရာ ရေဥယျာဉ်ကြီးများ



www.burmeseclassic.com

www.burmeseclassic.com







ခေတ်မီတိုးတက်လာသော ယနေ့ခေတ် ရေဥယျာဉ်ကြီးများတွင် ယေဘုယျအားဖြင့် ရေများ ဖွားခနဲ ဖွားခနဲ လွှင့်စဉ်သွားအောင် အမြင့်ကြီးမှ ခုန်ချနိုင်သော စင်မြင့်ကပြင်များ၊ မြစ်ကြီးသဏ္ဌာန် တသိမ့်သိမ့်တငြိမ့်ငြိမ့် စီးဆင်းနေသော ရေကူးကန်ကြီးများ၊ ရေတံခွန်သဏ္ဌာန် တသွင်သွင် စီးဆင်းနေသော ကျယ်ဝန်းသည့် ရေကူးကန်ကြီးများ၊ သဘာဝရေပူစမ်းသဏ္ဌာန် ရေကူးကန်များ၊ လှိုင်းလုံးကြီးများထနေသော ရေကူးကန်ကြီးများနှင့် ရေလျှောလျှောစီးနိုင်သော ရေကူးကန်ကြီးများ ပါရှိသည်။

ပြင်းပြသောအပူဒဏ်မှ လွတ်ကင်းစေသော ရွှင်မြူးဖွယ်ရာ ရေဥယျာဉ်ကြီးများ ၂၀၀၀ ကျော် တည်ရှိနေပြီဖြစ်သည်။

## Wet 'n' Wild ရေဥယျာဉ်ကြီး

Wet 'n' Wild ရေဥယျာဉ်ကြီးသည် အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ် အော်လန်းဒိုးမြို့တွင် တည်ရှိသည်။ အဆိုပါ ရေဥယျာဉ်ကြီးသည် မြောက်အမေရိကတွင် စိတ်လှုပ်ရှားစရာအကောင်းဆုံး ရေလျှောလျှောစီးရေဥယျာဉ်ကြီးဖြစ်သည်။ သည်းထိတ်ရင်ဖိုစရာကောင်းသော ရေလျှောလျှောစီးကစားနည်းမျိုးစုံပါဝင်သော ဧရာမ ရေလျှောလျှောကြီး ငါးခုနှင့် အခြားအေးအေးလူလူ အနားယူအပန်းဖြေရေလျှောလျှောစီးကစားနိုင်သော ရေလျှောလျှောစီးကစားနည်း အမြောက်အမြားပါရှိသည်။

ပူပြင်းသော နွေရာသီကာလတွင် Wet 'n' Wild ရေဥယျာဉ်ကြီးတွင် စိတ်တိုင်းကျ ရေကူးရေဆော့ကစားပြီး သည်းထိတ်ရင်ဖို စိတ်လှုပ်ရှားစရာ အကောင်းဆုံး ရေလျှောလျှောများကိုလည်း တပျော်တပါး ရေလျှောလျှောစီးဆော့ကစားနိုင်သည်။ အဆိုပါ ရေလျှောလျှောကြီးများ အနက် ၅၃ ပေမြင့်သော ရေလျှောလျှောကြီး မှာ သည်းထိတ်ရင်ဖို စိတ်လှုပ်ရှားစရာ အကောင်းဆုံးဖြစ်သည်။ ထို့ပြင် Brain Wash ဟု အမည်ပေးထားသော ရေလျှောလျှောကြီးမှာလည်း လူကြိုက်အများဆုံး ရေလျှောလျှောကြီးဖြစ်သည်။

## World Water Park ရေဥယျာဉ်ကြီး

အက်ဒ်မွန်တန် (Edmonton) မြို့မှာ ကနေဒါနိုင်ငံတွင် အလှပဆုံးမြို့ဖြစ်ပြီး ကမ္ဘာ့အကြီးဆုံး ကုန်တိုက်ကြီးများ အများအပြားရှိသည်။ အခြားဆွဲဆောင်မှုတစ်ခုမှာ အက်ဒ်မွန်တန် ကုန်တိုက်ကြီးအတွင်းရှိ World Water Park ရေဥယျာဉ်ကြီးဖြစ်သည်။ ၎င်းသည် ပထမဦးဆုံး အဆောက်အအုံအတွင်းရှိ ရေဥယျာဉ်ကြီးဖြစ်သည်။ ထို့ပြင် အဆိုပါ ရေဥယျာဉ်ကြီးအတွင်း၌ ကမ္ဘာ့အကြီးဆုံး ရေလှိုင်းလုံးကြီးများထသော ရေကူးကန်ကြီးပါရှိသည်။

ပူအိုက်သော နွေရာသီတွင် အဆိုပါ ရေဥယျာဉ်ကြီးအတွင်း၌ အပူဒဏ်သက်သာစေရန် ရေကူးခြင်း၊ ရေလျှောလျှောစီးခြင်းတို့ကို ပြုလုပ်နိုင်ပြီး ရာသီဥတုအေးမြသော ဆောင်းရာသီတွင် ရေကိုအပူချိန် ၈၆ ဒီဂရီဖာရင်ဟိုက်ဒ်အပူခတ်ပေးထားသဖြင့် သက်သောင့်သက်သာ ရေကူးရေဆော့ကစားနိုင်သည်။ World Water Park ရေဥယျာဉ်ကြီးအတွင်း၌ Nessie's Revenge နှင့် Tropical Typhoon အမည်ရှိ သည်းထိတ်ရင်ဖို စိတ်လှုပ်ရှားဖွယ် အကောင်းဆုံး ရေလျှောလျှောကြီးများပါရှိသည်။

အဆိုပါ ရေလျှောလျှောကြီးများထက် ပိုမိုဘေးအန္တရာယ်များသော ရေလျှောလျှောကြီးမှာ SKY Screamer အမည်ရှိ ရေလျှောလျှောကြီးဖြစ်သည်။ ထို့ပြင် ၈၅ ပေ မြင့်မား







www.burmeseclassic.com

www.burmeseclassic.com





သော ရေလွှာလျှောကြီးတစ်ခုလည်း ပါရှိသည်။

**Sunway Lagoon ရေဥယျာဉ်ကြီး**

မလေးရှားနိုင်ငံမှ Sunway Lagoon ရေဥယျာဉ်ကြီးသည် ကွာလာလမ်ပူမြို့သို့ ရောက်တုန်းရောက်ခိုက် မဖြစ်မနေ သွားရောက်လည်ပတ်သင့်သော အထင်ကရ ရေဥယျာဉ်ကြီးဖြစ်သည်။ အဆိုပါ ရေဥယျာဉ်ကြီးသည် မလေးရှားနိုင်ငံတွင် အကြီးမားဆုံး ရေဥယျာဉ်ကြီးဖြစ်သည်။ ၎င်းရေဥယျာဉ်ကြီးအတွင်း၌ ကမ္ဘာ့အကြီးဆုံး ရေလှိုင်းလုံးထ ရေကန်ကြီးပါရှိသည်။ Sunway Lagoon ရေဥယျာဉ်ကြီးသည် မလေးရှားနိုင်ငံ၏ အဓိက ကမ္ဘာလှည့်ခရီးသည် ဆွဲဆောင်မှုတစ်ခုဖြစ်သည်။

Sunway Lagoon ရေဥယျာဉ်ကြီး အတွင်း၌ စိတ်လှုပ်ရှားဖွယ်ကောင်းသော ရေလွှာလျှောအမြောက်အမြားပါရှိပြီး သီးသန့်ဇုန် နယ်မြေသုံးခုအဖြစ် ပိုင်းခြားထားသည်။ အဆိုပါ သီးသန့်ဇုန် နယ်မြေသုံးခုမှာ World of Adventure နယ်မြေ၊ Waters of Africa နယ်မြေနှင့် Wild Wild West နယ်မြေတို့ဖြစ်သည်။ လာမည့် ၂၀၁၄ ခုနှစ်တွင် နောက်ထပ်ရေဥယျာဉ်ဇုန်နယ်မြေ အသစ်တစ်ခု ထပ်မံတိုးချဲ့တည်ဆောက်ရန် စီစဉ်ထားသည်။

ရေလှိုင်းစီးဆော့ကစားနိုင်သော နေရာတွင် သဘာဝပင်လယ်ကမ်းခြေကဲ့သို့ သဲတန်ချိန် ၆၀၀၀ ကျော်ဖြင့် သဲသောင်ပြင်ကျယ်ကြီး ဖန်တီးထားပြီး အုန်းပင်များကိုလည်း စိုက်ပျိုးထားသောကြောင့် တကယ့်ပင်လယ်ကမ်းခြေသို့ ရောက်ရှိနေသည့် အလား ထင်မှတ်မှားရသည်။

**Chimelong ရေဥယျာဉ်ကြီး**

Chimelong ရေဥယျာဉ်ကြီးသည် တရုတ်နိုင်ငံ ကွမ်ကျိုးပြည်နယ်တွင် တည်ရှိပြီး ကမ္ဘာ့အကြီးမားဆုံး ရေဥယျာဉ်ကြီးဖြစ်သည်။ အဆိုပါ ရေဥယျာဉ်ကြီးသည် စတုရန်းပေ တစ်သန်းကျော်ကျယ်ဝန်းပြီး ရေကူးကန်များ၊ ရေလွှာလျှောများ၊ ရေလှိုင်းစီးကန်များ စသည်ဖြင့် ပျော်ရွှင်ဖွယ်ရာ ဆော့ကစားနည်းမျိုးစုံ ပါရှိသည်။ Chimelong ရေဥယျာဉ်ကြီးမှာ ရဲရဲတောက်သတ္တိပြောင်မြောက်သူများအတွက်သာ အထူးသင့်လျော်သော ရေဥယျာဉ်ကြီးဖြစ်သည်။

အဆိုပါ ရေဥယျာဉ်ကြီးအတွင်းရှိ ရောမရိုလာကိုစတာကြီးများနှင့် အလွန်ဘေးအန္တရာယ်များလှသော ရေလွှာလျှောကြီးများမှာ သည်းထိတ်ရင်ဖို စိတ်လှုပ်ရှားစရာကောင်းလှသည်။ ရေဥယျာဉ်ကြီးအတွင်းရှိ ရေပန်းအစားဆုံးကစားနည်းမှာ Behemoth Bowl ကစားနည်းဖြစ်သည်။ ၎င်း Behemoth Bowl အတွင်း၌ လူလေးဦး ထိုင်စီးရပြီး တစ်ဦးနှင့်တစ်ဦး မျက်နှာချင်းဆိုင်ထိုင်နေရသည်။

ထို့နောက် ဧရာမ ပုဂံလုံးသဏ္ဌာန် Bowl ကြီးသည် အောက်ဘက်သို့ ၆၅ ပေခန့် တစ်ဟုန်ထိုး စိုက်ဆင်းသွားပြီး အောက်ခြေရှိ ရေကန်ကြီးပေါ်၌ ချာချာလည်လည့် ပတ်နေပြီး ရေကန်ကြီးအတွင်းသို့ ပြုတ်ကျသွားသည်။ Chimelong ရေဥယျာဉ်ကြီး အတွင်း၌ ကမ္ဘာ့အကြီးမားဆုံး၊ ကမ္ဘာ့အမြင့်မားဆုံးနှင့် စိတ်လှုပ်ရှားစရာအကောင်းဆုံး ရေလွှာလျှောမျိုးစုံ ပါဝင်သောကြောင့် မိမိတို့နှစ်သက် ရာ ကစားနည်းများကို စိတ်တိုင်းကျရွေး ချယ်ပြီး တပျော်တပါး ဆော့ကစားပြီး အနား ယူအပန်းဖြေနိုင်သည်။







www.burmeseclassic.com

www.burmeseclassic.com







## Las Cascada ရေဥယျာဉ်ကြီး

ပွာတိုရီကိုနိုင်ငံမှ Las Cascada ရေဥယျာဉ်ကြီးကို ၁၉၈၅ ခုနှစ်တွင် တည်ဆောက်ခဲ့သည်။ ၎င်းသည် ကာရစ်ဘီယံဒေသတွင် အကြီးမားဆုံးရေဟာဉ်ကြီးဖြစ်သည်။ တငြိမ့်ငြိမ့် စီးဆင်းနေသော အပူပိုင်းဒေသ မြစ်ကြီးအတွင်း၌ အေးအေးလူလူ အနားယူအပန်းဖြေလိုပါက အဆိုပါ Las Cascada ရေဥယျာဉ်ကြီးအတွင်း၌ အပန်းဖြေအနားယူနိုင်သည်။ ထို့ပြင် သည်းထိတ်ရင်ဖို စိတ်လှုပ်ရှားဖွယ်ကောင်းစွာ တစ်ရှိန်ထိုး ရေလျှောလျှောစီးခြင်းနှင့် ရေလှိုင်းစီးခြင်းတို့ကိုလည်း ပြုလုပ်နိုင်သည်။

ဤရေဥယျာဉ်ကြီးတွင် Roprides, Crazy River, Tropical Lazy အမည်ရှိ ရေကစားနည်းမျိုးစုံပါရှိပြီး မိသားစုလိုက် တပျော်တပါး ရေဆော့ကစားနိုင်သော ကစားနည်းများဖြစ်သည်။ အဆိုပါ ရေကစားနည်းများအနက် The Speed နှင့် The Twister ရေလျှောလျှောကစားနည်းမှာ လူကြိုက်များ ရေပန်းအစားဆုံးဖြစ်သည်။

## Schlitterbahn ရေဥယျာဉ်ကြီး

Schlitterbahn ရေဥယျာဉ်ကြီးသည် အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ်တွင် တည်ရှိသည်။ အဆိုပါ ရေဥယျာဉ်ကြီးမှာ အမေရိကန်ပြည်ထောင်စုတွင် ပထမဦးဆုံး စတင်ဖွင့်လှစ်ခဲ့သော ရေဥယျာဉ်ကြီးဖြစ်သည်။ ၎င်းကို ၁၉၇၉ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး တစ်စထက်တစ်စ တိုးချဲ့တည်ဆောက်ခဲ့သည်။ Schlitterbahn မှာ ဂျာမန်ဘာသာစကားဖြင့် ချော်သောလမ်းဟု အနက်အဓိပ္ပာယ်ရသည်။

အဆိုပါ ရေဥယျာဉ်ကြီးသည် အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ်တွင် အကြီးမားဆုံး ရေဥယျာဉ်ကြီးဖြစ်သည်။ ၎င်းရေဥယျာဉ်ကြီးအတွင်းရှိ သည်းထိတ်ရင်ဖို စိတ်လှုပ်ရှားဖွယ် အကောင်းဆုံး ရေလျှောလျှောကြီးမှာ နာမည်ကျော်သည့်အတိုင်း အမှန်တကယ်ပင် စိတ်လှုပ်ရှားစရာ ကောင်းလှသည်။ ကမ္ဘာလှည့်ခရီးသည်များအနေဖြင့် တက္ကဆက်ပြည်နယ်သို့ ရောက်တုန်းရောက်ခိုက်တွင် Schlitterbahn ရေဥယျာဉ်ကြီးကို မဖြစ်မနေ သွားရောက်လည်ပတ်ကြသည်။

## Sand Castle ရေဥယျာဉ်ကြီး

Sand Castle ရေဥယျာဉ်ကြီးသည် ဗြိတိန်နိုင်ငံ ဘလက်စ်ပူးလ်မြို့တွင် တည်ရှိပြီး ဗြိတိန်နိုင်ငံတွင် အဆောက်အအုံအတွင်းရှိ အကြီးမားဆုံး ရေဥယျာဉ်ကြီးဖြစ်သည်။ တသိမ့်သိမ့်၊ တငြိမ့်ငြိမ့် စီးဆင်းနေသော မြစ်ကြီးသဏ္ဌာန် ရေကူးကန်ကြီးကို UShi Gushi River Creek ဟု အမည်ပေးထားသည်။ အဆိုပါ ရေဥယျာဉ်ကြီးတွင် The Master Bla Ster အမည်ရှိ ဇရာမ ရေပြင်စီး ရိုလာကိုစတာကြီးမှာ သည်းထိတ်ရင်ဖိုစိတ်လှုပ်ရှားစရာ ကောင်းလှသောကြောင့် လူကြိုက်များ ရေပန်းစားလျက်ရှိသည်။

ကမ္ဘာလှည့်ခရီးသည်များအနေဖြင့် ဗြိတိန်နိုင်ငံသို့ ရောက်ခိုက်တွင် သဲများဖြင့် တည်ဆောက်ထားသော ရဲတိုက်ကြီးများကို မဖြစ်မနေ သွားရောက်လည်ပတ်ကြည့်ရှုလေ့ရှိကြသည်။ အဆိုပါ ရေဥယျာဉ်ကြီးအတွင်း၌ ကျား မ မရွေး အရွယ်သုံးပါးစလုံးနှင့် လိုက်ဖက် သင့်လျော်သော ရေလျှောလျှောစီး အားကစားနည်းမျိုးစုံနှင့် ရေလှိုင်းစီးကစားနည်း ၁၈ မျိုးပါရှိသည်။ Sand Castle ရေဥယျာဉ်ကြီးတွင် လူကြီးများအတွက် ရေလျှောလျှောကြီးများသာမက ကလေးသူငယ်များ ဆော့ကစားနိုင်ရန်အတွက် ကလေးကစားကွင်းများလည်း ပါရှိသည်။

ကလေးသူငယ်များအနေဖြင့် Caribbean Storm Tree House အမည်ရှိ





www.burmeseclassic.com

www.burmeseclassic.com





ကလေးကစားကွင်းအတွင်း၌ ဘေးရန် ကင်းရှင်းစွာ ရေဆော့ကစားနိုင်သည်။ အဆိုပါ ရေဥယျာဉ်ကြီးအတွင်းရှိ ရေပြင်စီး ရိုလာကိုစတာမှာ ကမ္ဘာ့အကြီးမားဆုံး ရေပြင်စီး ရိုလာကိုစတာကြီးဖြစ်သည်။ ရေလှိုင်းစီးရေကန်ကြီးအတွင်း၌ စက်ဖြင့် ရေလှိုင်းကြီးများ ဖန်တီးပေးထားသဖြင့် ရေလှိုင်းစီးဆော့ကစားနိုင်သည်။

## Wet 'n' Wild Water World ရေဥယျာဉ်ကြီး

Wet 'n' Wild Water World ရေဥယျာဉ်ကြီးမှာ သြစတြေးလျနိုင်ငံရှိ အကြီးမားဆုံး ရေဥယျာဉ်ကြီးဖြစ်သည်။ အဆိုပါ ရေ ဥယျာဉ်ကြီးသည် အခြားအခြားသော ရေဥယျာဉ်ကြီးများနှင့် လုံးဝမတူဘဲ တစ်နှစ်ပတ်လုံး ဖွင့်လှစ်ထားခြင်းဖြစ်သည်။ ၎င်း ရေဥယျာဉ်ကြီးတွင် သည်းထိတ်ရင်ဖို စိတ်လှုပ်ရှားမှုကို နှစ်သက်သဘောကျသူများအတွက် Tornado အမည်ရှိ ရေလျှောလျှောကြီးနှင့် Black Hole အမည်ရှိ ရေလျှောလျှောကြီးများကို မကြာသေးမီက တည်ဆောက်ခဲ့သည်။ Kamikaze အမည်ရှိ ရေလျှောလျှောကြီးမှာ အကောင်းဆုံးနှင့် စိတ်လှုပ်ရှားစရာ အကောင်းဆုံး ရေလျှောလျှောကြီးဖြစ်သည်။

## Wild Wadi ရေဥယျာဉ်ကြီး

အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး) နိုင်ငံရှိ ဒူဘိုင်းမြို့တွင် တည်ရှိသော Wild Wadi ရေဥယျာဉ်ကြီးမှာ ကမ္ဘာလှည့်ခရီးသည်များအကြား ရေပန်းအစားဆုံး ရေဥယျာဉ်ကြီးဖြစ်သည်။ ၎င်းသည် ဒူဘိုင်းမြို့မှ ကြယ်ခုနစ်ပွင့်အဆင့်ရှိ ဘူဂျာရာဗ် (Burj Al Arab) ဟိုတယ်ကြီးအနီး၌ တည်ရှိသည်။

အဆိုပါ ရေဥယျာဉ်ကြီးကို Jumeirah International ဟိုတယ်ကြီးက ဖွင့်လှစ်ထားခြင်းဖြစ်သည်။ ၎င်းရေဥယျာဉ်ကြီးတွင် ရေလှိုင်းလုံးထ ရေကန်ကြီးများ၊ ရေလျှောလျှောများ၊ ရေလှိုင်းစီးကန်ကြီးများ ပါရှိသည်။ ၎င်းတွင် ပေ ၆၀ မြင့်မားသော ရေတံခွန်ကြီးသည် ၁၀ မိနစ်တစ်ကြိမ် အရှိန်ပြင်းထန်စွာ စီးဆင်းနေသဖြင့် ရေတံခွန်ကြီးအတွင်း ရေလျှောလျှောစီးဆော့ကစားနိုင်သည်။ ဒူဘိုင်းမြို့ရှိ Wild Wadi ရေဥယျာဉ်ကြီးအတွင်း၌ အမှတ်တရ လက်ဆောင်ပစ္စည်း အရောင်းဆိုင်ကလေးများနှင့် စားသောက်ဆိုင်ကြီးများပါရှိသည်။

## Wonderla ရေဥယျာဉ်ကြီး

Wonderla ရေဥယျာဉ်ကြီးသည် အိန္ဒိယနိုင်ငံ တောင်ပိုင်းဘန်ဂလိုမြို့တွင် တည်ရှိပြီး ၈၂ ဧက ကျယ်ဝန်းသော ရေဥယျာဉ်ကြီးဖြစ်သည်။ ၎င်းသည် အိန္ဒိယနိုင်ငံ ဘန်ဂလိုမြို့ရှိ အကြီးမားဆုံး ရှင်မြူးဖွယ် ရေဥယျာဉ်ကြီးများအနက် တစ်ခုအပါအဝင်ဖြစ်သည်။ ၎င်းတွင် အရွယ်သုံးပါးစလုံး ရေလျှောလျှောစီးဆော့ကစားနိုင်သော ရေလျှောလျှောမျိုးစုံ ၅၃ ခုပါရှိသည်။



ထိုရေဥယျာဉ်ကြီး၏ ထူးခြားချက်မှာ ကွန်ပျူတာဖြင့် ထိန်းချုပ်ထားသော ဇာမရေပန်းကြီးဖြစ်သည်။ ၎င်းရေပန်းကြီးသည် မိုးသည်းထန်စွာ ရွာသွန်းသည့်ပမာ ရေချိုးနိုင်သော ရေပန်းကြီးဖြစ်သည်။ အေးမြသော ဆောင်းရာသီကာလတွင်မှ ရေကို အနွေးဓာတ်ပေးထားသော ရေကူးကန်များပါရှိသည်။ ထို့ပြင် ကလေးသူငယ်များအတွက် ဘေးရန်ကင်းရှင်းစွာ ရေလျှောလျှောစီးနိုင်သော ရေလျှောလျှောများလည်းပါရှိသည်။ Wonderla ရေဥယျာဉ်ကြီးကို ၂၀၀၅ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သည်။

## Dream World ရေဥယျာဉ်ကြီး

Dream World ရေဥယျာဉ်ကြီးသည် ထိုင်းနိုင်ငံ ပတ်ထွန်းမ်ဌာနီ ပြည်နယ်တွင် တည်ရှိသည်။ ၎င်းရေဥယျာဉ်ကြီးတွင် ရိုလာကိုစတာ သုံးခုနှင့် ဆော့ကစားနိုင်သော ရေလျှောလျှောမျိုးစုံပါရှိသည်။ Dream World ရေဥယျာဉ်ကြီးကို Dream World Plaza, Adventure Land, Fantasy Land နှင့် Dream Gardens ဟူ၍ ဖန်နယ်မြေလေးခုပိုင်းခြားထားသည်။

အဆိုပါ ရေဥယျာဉ်ကြီး၏ အဓိကဆွဲဆောင်မှုတစ်ရပ်မှာ အာရှတိုက်တွင် ပထမဦးဆုံးတွဲလောင်းခိုစီးရသော ရိုလာကိုစတာကြီးပါရှိခြင်းပင်ဖြစ်သည်။ ၎င်းရိုလာကိုစတာကြီးသည် Adventure Land ဖန်နယ်မြေ၌ တည်ရှိသည်။ Dream World ရေဥယျာဉ်ကြီးတွင် မြစ်သဏ္ဌာန် တသိမ့်သိမ့်၊ တငြိမ့်ငြိမ့် စီးဆင်းနေသော ရေကူးကန်ကြီးအတွင်း၌ ဇော်ဘာဖောင်များ စီးနိုင်သည်။ အဆိုပါ ရေဥယျာဉ်ကြီးအတွင်းရှိ Dream Gardens သီးသန့်ဖန်နယ်မြေကို သာယာလှပသော ရေကန်ကြီးက ဝိုင်းပတ်ဝန်းရံထားသောကြောင့် လာရောက်အနားယူ အပန်းဖြေကြသည်။

နွေရာသီ ကာလတွင်မှ Dream World ရေဥယျာဉ်ကြီးမှာ အပန်းဖြေအနားယူသူများဖြင့် ပြည့်ကျပ်စည်ကားလျက်ရှိသည်။ အဆိုပါ ရေဥယျာဉ်ကြီးတွင် ဒေသခံများသာမက ကမ္ဘာ လှည့်ခရီးသည်များကလည်း သွားရောက်ပြီး အနားယူအပန်းဖြေလေ့ရှိကြသည်။

နေထက်



www.burmeseclassic.com

www.burmeseclassic.com





# တရားမဝင် အမဲလိုက်ခြင်း

ဖြည့်ဖြိုးဟိန်း

တရားမဝင်အမဲလိုက်ခြင်းသည် ဟိုးရှေးယခင်အချိန်များက ကမ္ဘာပေါ်တွင် ထူးခြားဖြစ်စဉ်တစ်ခု မဟုတ်ခဲ့သော်လည်း မကြာသေးမီအချိန်ကစတင်ပြီး သိသာထင်ရှားသော ပြဿနာတစ်ခုအဖြစ်သို့ရောက်လာခဲ့ပြီဖြစ်သည်။ ကမ္ဘာနှင့်အဝန်းတွင် ဖြစ်ပွားလျက်ရှိသည့် တရားမဝင်အမဲလိုက်ခြင်းများကို ကျူးလွန်



www.burmeseclassic.com

www.burmeseclassic.com





နေကြသူများ၌ ကွဲပြားခြားနားသည့် မတူညီသောလုပ်ဆောင်မှုများရှိကြသော်လည်း ပြုလုပ်ရခြင်း၏အဓိကအကြောင်းရင်းမှာ စီးပွားရေးနှင့်တစ်ခါတစ်ရံတွင် ယဉ်ကျေးမှုနှင့်သက်ဆိုင်သည့် ရည်ရွယ်ချက်များကြောင့်ပင်ဖြစ်သည်။ အလုပ်လက်မဲ့နှုန်းမြင့်မားခြင်း၊ ဆင်းရဲမွဲတေခြင်း၊ ငွေကြေးဖောင်းပွခြင်း၊ အစားအစာပြတ်လပ်ခြင်းနှင့် နိုင်ငံခြားငွေလိုအပ်ခြင်းတို့သည်လည်း တောရိုင်းတိရစ္ဆာန်များကို တရားမဝင်အမဲလိုက်ခြင်းအပေါ်တွင် အနည်းနှင့်အများဆိုသလိုပင် အကျိုးသက်ရောက်မှုများရှိနေ၏။

တရားမဝင်အမဲလိုက်ခြင်းဆိုသည်မှာ အဘယ်နည်း။ အမဲလိုက်ခြင်းဖြင့်သော်လည်းကောင်း၊ ထောင်ချောက်ဆင်ခြင်းဖြင့်သော်လည်းကောင်း တရားဥပဒေနှင့်လျော်ညီခြင်းမရှိဘဲ ဥပဒေကို ဆန့်ကျင်ပြီး တိရစ္ဆာန်များကို ရယူခြင်းပင်ဖြစ်သည်။ ယေဘုယျအားဖြင့် တရားမဝင်အမဲလိုက်ခြင်းကို ဥပဒေကြောင်းအရအပြစ်ပေးနိုင်သည်။ အိမ်မွေးတိရစ္ဆာန်များကို ခိုးယူသတ်ဖြတ်ခြင်းသည် ခိုးမှုကျူးလွန်ခြင်းပင်ဖြစ်ပြီး တရားမဝင်အမဲလိုက်ခြင်းဟု မခေါ်ဆိုနိုင်ပေ။

ယနေ့ခေတ်အခါတွင် တရားမဝင်အမဲလိုက်ခြင်းကို ဥပဒေမဲ့လုပ်ရပ်တစ်ခုအဖြစ် လက်ခံလာကြ၏။ အဘယ်ကြောင့်ဆိုသော် အမဲလိုက်ရန်ခွင့်ပြုထားသည့်ရာသီချိန်မဟုတ်ဘဲ သားပေါက်သော ရာသီတွင်ပြုလုပ်ခြင်း၊ တရားမဝင်အမဲလိုက်သူသည် မိမိပိုင်ဆိုင်ခြင်းမရှိသည့် တစ်ပါးသူပိုင်ဆိုင်သော မြေပေါ်တွင် ပိုင်ရှင်ခွင့်ပြုချက်မယူဘဲပြုလုပ်ခြင်း၊ အမဲလိုက်ရန်အတွက် တရားဝင်ခွင့် ပြုချက်ရယူမထားခြင်း၊ ရရှိသောတိရစ္ဆာန်များနှင့် အစိတ်အပိုင်းများကို တရားမဝင်ရောင်းချခြင်း၊ တရားဥပဒေက သတ်မှတ်ထားသည့် အချိန်နာရီ၏ ပြင်ပတွင် အမဲကောင်ကို လိုက်ခြင်း၊ လိုင်စင်မဲ့လက်နက်များကို အသုံးပြုခြင်း၊ ကန့်သတ်တားမြစ်ထားသော နေရာများတွင်ပြုလုပ်ခြင်း၊ လူမဆန်စွာဖြင့် အမဲကောင်နှင့် မအပ်စပ်သည့်အစာကို ထောင်ချောက်နောက်၌တပ်ဆင်ပြီး အမဲကောင်ကို မျှားခေါ်ခြင်း၊ မီးဆလိုက်များအသုံးပြုပြီး သားကောင်ကိုလိုက်ခြင်း၊ ရွေ့လျားသွားလာနေသောယာဉ်များဖြစ်သည့် မော်တော်ယာဉ်၊ ရေယာဉ်နှင့် လေယာဉ်များကို အသုံး





www.burmeseclassic.com

www.burmeseclassic.com





ပြီး၍ အမဲလိုက်ခြင်း၊ ကွယ်ပျောက်သွားတော့မည်ဖြစ်သည့်အတွက် သို့မဟုတ် အန္တရာယ်ကျရောက်နေပြီဖြစ်သည့်အတွက် ဥပဒေကြောင်းအရ အကာအကွယ်ပေးထားသော တိရစ္ဆာန်များကို သတ်ဖြတ်ခြင်းနှင့် သုတေသနပြုလုပ်နေသူတစ်ဦးက မှတ်တမ်းတင်ထားသော တိရစ္ဆာန်ကို သတ်ဖြတ်ခြင်းတို့ကြောင့်ပင်ဖြစ်သည်။

**ရှားရာတိုင်းရင်းဆေးနှင့်တရားမဝင်အမဲလိုက်ခြင်း**

ကျားများနှင့် ကြံ့များ ကဲ့သို့သော တိရစ္ဆာန်များ၏ ကိုယ်ခန္ဓာအစိတ်အပိုင်းများသည် လူ့ခန္ဓာကိုယ်အားအချို့သော အပြုသဘောဆောင်သည့်ကောင်းကျိုးများကို ဖြစ်စေနိုင်သည်ဟု ကျယ်ကျယ်ပြန့်ပြန့်ယုံကြည်လက်ခံထားကြ၏။ တိုင်းရင်းဆေးဆရာများအလိုအရမူ ၎င်းတို့ကြောင့် ခွန်အားကို တိုးပွားစေခြင်း၊ ကင်ဆာရောဂါများကို ကုသပျောက်ကင်းနိုင်ခြင်းများကို ဖြစ်စေသည်ဟု ဆိုပြန်သည်။ ပျောက်ကင်းသည်၊ မပျောက်ကင်းသည်အပထား ရောဂါခံစားနေရသည့် လူနာသည် အကယ်၍များ ပျောက်သွားခဲ့သော်ဆိုသည့်စိတ်အစွဲဖြင့် တိုင်းရင်းဆေးများကို လျစ်လျူရှုမထားနိုင်ဝံ့ဘဲ ဝယ်ယူသုံးစွဲကြ၏။ ထိုကဲ့သို့ ပြုလုပ်သည့်အလေ့အထသည် အာရှတိုက်မှတိုင်းပြည်များအထူးသဖြင့် လတ်တလောအခြေအနေတွင် စီးပွားရေးကောင်းနေသည့်နိုင်ငံများဖြစ်ကြသည့် ဗီယက်နမ်နိုင်ငံနှင့် တရုတ်ပြည်များတွင် တိရစ္ဆာန်များမှရရှိသော အစိတ်အပိုင်းများဖြင့် ဖော်စပ်ထားသည့်တိုင်းရင်းဆေးများကို အလေးထားပြီး ယခင်ကထက်ပိုမိုသုံးစွဲလာကြသည့်အတွက် မှောင်ခိုဈေးကွက်တွင်လည်းဝယ်လိုအားမှာအစဉ်သဖြင့် မြင့်တက်နေ၏။

တရုတ်တိုင်းရင်းဆေးများတွင် မကြာခဏဆိုသလိုပင် အပင်များ၏ အစိတ်အပိုင်းများဖြစ်သည့်အရွက်၊ ပင်စည်၊ အပွင့်နှင့် အမြစ်များအပြင် တိရစ္ဆာန်များ၏ အရိုးများနှင့် ဓာတ်သတ္တုများကိုလည်း ရောနှောပေါင်းစပ်ပြီးဆေးဖော်လေ့ရှိသည်။ အန္တရာယ်ကျရောက်နေသည့်မျိုးစိတ်များကို အသုံးပြုပြီး ဆေးဖော်မှုများအပေါ်တွင် အချေအတင်အငြင်းပွားလျက်ရှိနေပြီး ရလဒ်အနေဖြင့် ကန့်သတ်တားမြစ်ထားသော တိရစ္ဆာန်များကို တရားမဝင်အမဲလိုက်ခြင်းမှာ တစ်နေ့ထက်တစ်နေ့ဆိုသလိုပင် ပိုမိုများပြားလာလျက်ရှိသည်။ အရိုးစွဲနေပြီဖြစ်သော ယဉ်ကျေးမှုနှင့်သက်ဆိုင်သည့် ယုံကြည်မှုတစ်ခုမှာ ကျားရိုးသည်ပန်းရှင်ပြီး ကာမအားကို ကောင်းစေသည်ဟူသော ယုံကြည်မှုပင်ဖြစ်ပြီး ၎င်းအချက်ကို တရုတ်နိုင်ငံနှင့်အခြားအာရှတိုင်းပြည်များတွင် လူတိုင်းပင်သိသလိုဖြစ်နေသည်။ လူသိများလှသည့်အခြားယုံကြည်မှုတစ်ခုမှာ ကျားလိင်အင်္ဂါနှင့် ကျားမျက်လုံးများကလည်း လိင်ပိုင်းဆိုင်ရာအားတိုးမှုများကို ဖြည့်စွမ်းပေးနိုင်သည်ဟူ၍ပင်။

**ရုရှားနိုင်ငံနှင့် တရားမဝင်အမဲလိုက်ခြင်း**

ရာဇဝတ်မှုများနှင့် နပန်းလုံးနေရသည့် ရုရှားနိုင်ငံအတွင်း၌ ရာဇဝတ်မှုများသည် ပုံစံအမျိုးမျိုးဖြင့်ဖြစ်ပွားလျက်ရှိပြီး အဆိုပါ ရာဇဝတ်မှုများထဲတွင် တရားမဝင်အမဲလိုက်ခြင်းလည်းပါဝင်၏။ ၁၉၉၂ ခုနှစ်မှ ၁၉၉၆ ခုနှစ်အကြားကာလတွင် ရုရှားနိုင်ငံမှ ဥပဒေရေးရာအာဏာပိုင်များသည် မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်ခြင်း၊ လက်နက်မှောင်ခိုရောင်းဝယ်ခြင်း၊ ငွေဖြူဖော်ခြင်းနှင့် ပထမချေချင်းညာစစ်ပွဲများကိုသာ အဓိကထားပြီး အာရုံစိုက်ခဲ့၏။ သဘာဝပတ်ဝန်းကျင်နှင့် ဆက်စပ်ပတ်သက်နေသည့် ရာဇဝတ်မှုများဖြစ်သည့် တရားမဝင်အမဲလိုက်ခြင်းနှင့် သစ်





www.burmeseclassic.com

www.burmeseclassic.com







များနိုးထုတ်ခြင်းတို့ကို နိုင်ငံတော်အဆင့်လုံခြုံရေးနှင့်ဆိုင်သောအကြောင်းကိစ္စတစ်ရပ်အနေဖြင့် ဂရုပြုခြင်းမရှိခဲ့ပေ။ ဆိုဗီယက်ပြည်ထောင်စုကြီးပြိုကွဲရာမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံအဖြစ်သို့ကူးပြောင်းဆဲကာလတွင် ပတ်ဝန်းကျင်နှင့်တောရိုင်းတိရစ္ဆာန် ကာကွယ်ထိန်းသိမ်းရေးအဖွဲ့များသည် ဘတ်ဂျက်များဖြတ်တောက်ခံခဲ့ရသဖြင့် ဝန်ထမ်းများယာယီထုတ်ပယ်ခံရခြင်းနှင့်လစာများဖြတ်တောက်ခံရခြင်းတို့ကြောင့် တရားမဝင်အမဲလိုက်သူများအားဟန့်တားတိုက်ခိုက်မည့်သူများ လျော့နည်းသွားစေခဲ့၏။ ရုရှားနိုင်ငံတွင် တရားမဝင်အမဲလိုက်သတ်ဖြတ်ခံရသော တိရစ္ဆာန်များမှ ဝက်ဝံများ၊ အရွယ်ငယ်ပြီး ဦးချိုမပါသော အာရှသမင်များနှင့် ကျားများအစရှိသည်တို့ဖြစ်သည်။ ခန့်မှန်းခြေအားဖြင့် တစ်နှစ်လျှင် တရားမဝင်အမဲလိုက်သည့်အမှုပေါင်း ငါးသောင်းခန့်ဖြစ်ပွားလေ့ရှိသည်။

ရုရှားနိုင်ငံမှ ကျားနှင့်ပတ်သက်ပြီး ကျွမ်းကျင်သူများနှင့်အရာရှိများ၏ ပြောကြားချက်များအရ ရုရှားနိုင်ငံအတွင်းဖြစ်ပွားလျက်ရှိသော ဆိုက်ဘေးရီးယားကျားများကို တရားမဝင်သတ်ဖြတ်ခြင်းအတွက် လုပ်ရိုးလုပ်စဉ်မှာ အောက်ပါအတိုင်းဖြစ်သည်။ ကျားများကို တရားမဝင်သတ်ဖြတ်ခြင်းတွင် မုဆိုးနှစ်မျိုးနှစ်စားရှိပြီး ၎င်းတို့မှာ စနစ်တကျဖွဲ့စည်းထားသောအမဲလိုက်မုဆိုးဂိုဏ်းများနှင့်အခွင့်အရေးရသဖြင့် တရားမဝင်အမဲလိုက်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းနေသော မုဆိုးများတို့ဖြစ်ကြသည်။ ကျားများကို ဖမ်းဆီးသတ်ဖြတ်ရန်အတွက် သားကောင်အဖြစ်တောဝက်များနှင့် သမင်များကို အသုံးပြုလေ့ရှိ၏။ တရားမဝင်အမဲလိုက်ရာမှ ရရှိလာသော ကျားရိုးများကို လူလတ်တန်းစားများထံသို့ရောင်းချလေ့ရှိ၏။ ကျားရိုးများကို အရောင်းအဝယ်ပြုလုပ်ကြသည့် လူလတ်တန်းစားများသည် ယေဘုယျအားဖြင့် ရုရှားလူမျိုးများ၊ ကိုရီးယားအမျိုးအနွယ်များနှင့်တရုတ်လူမျိုးများဖြစ်ကြပြီး ကျားရိုးများကို အဓိက မှောင်ခိုတင်ပို့သောနိုင်ငံများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံနှင့် ဂျပန်နိုင်ငံတို့ပင်ဖြစ်သည်။

**ဂေဟစနစ်နှင့်တောရိုင်းတိရစ္ဆာန်များအပေါ် အကျိုးသက်ရောက်မှုများ**

တရားမဝင်အမဲလိုက်ခြင်းကြောင့် အန္တရာယ်ကျရောက်နေပြီဖြစ်သောမျိုးစိတ်များသည် ကွယ်ပျောက်ရန်အလားအလာများဖြစ်ပေါ်နေပြီး အချိန်မီမတားဆီးနိုင်ခဲ့လျှင် စိုးရွံ့ထိတ်လန့်ဖွယ်ရာအခြေအနေပင်ဖြစ်ပြီး တိရစ္ဆာန်များ၏ အရေအတွက်မှာ အလွန်အကျုံကျဆင်းသွားပေမည်။ ဥပမာပြရလျှင် ရုရှားနိုင်ငံတွင် ကျားကောင်ရေအလွန်အမင်းကျဆင်းသွားခဲ့ပြီး ထိုကဲ့သို့ဖြစ်ရခြင်း၏ အဓိကအကြောင်းရင်းမှာ မှောင်ခိုဈေးကွက်တွင် ကျားရိုးများကို ဆေးဖော်စပ်ရန်အတွက် ဈေးကြီးပေးဝယ်ယူရာမှ ကျားများကို တရားမဝင်သတ်ဖြတ်မှုများပိုမိုများပြားလာခြင်းကြောင့်ပင်ဖြစ်သည်။ အလားတူစွာပင်အာဖရိကတိုက်မှထောင်နှင့်ချီနေသောဆင်များသည်လည်း တရားမဝင်တောလိုက်မုဆိုးများ၏ သတ်ဖြတ်ခြင်းကို နှစ်စဉ်ခံရလျက်ရှိသည်။ အဘယ်ကြောင့်ဆိုသော် ဆင်စွယ်များကို ဘာသာရေးနှင့်ဆိုင်သည့်ရုပ်ထုများနှင့်အသုံးအဆောင်ပစ္စည်းများထုတ်လုပ်ရန်အတွက်ပင်ဖြစ်၏။





www.burmeseclassic.com

www.burmeseclassic.com





ဥပဒေမဲ့တရားမဝင်အမဲလိုက်ခြင်းသည် အထိမခံသော အနေအထားတွင်ရှိသည့် ဂေဟစနစ်အပေါ်သို့လည်း အလွန်အမင်းအကျိုးသက်ရောက်မှုများရှိနိုင်ပေသည်။ ထိုသက်ရောက်မှုများသည် ထာဝရပျက်စီးမှုနှင့်အကြီးအကျယ်ပျက်စီးမှုများအဖြစ်သို့ရောက်ရှိသွားတတ်ပေသည်။ ကျားများကိုအများအပြားသတ်ဖြတ်ခြင်းကြောင့်မျိုးသုဉ်းကွယ်ပျောက်သွားခဲ့ပါက ဂေဟစနစ်ကြီးတစ်ခုလုံးပြိုကွဲသွားခြင်းကိုဖြစ်ပေါ်စေနိုင်၏။ ကျားသည်အစာအလို့ငှာအခြားသတ္တဝါများကို သတ်ဖြတ်စားသောက်တတ်သောကြောင့် အသားစားကြူးသော ကျားများသာမရှိခဲ့လျှင် အပင်များကို အလေးထားစားသောက်နေသောတိရစ္ဆာန်များ၏ အရေအတွက်မှာ ပိုမိုများပြားလာပေမည်။ အပင်စားတိရစ္ဆာန်များ၏ အရေအတွက်မြင့်တက်လာပြီးအသားစားတိရစ္ဆာန်များရှားပါးလာခြင်းကဲ့သို့သော တစ်ဖက်စောင်းနင်းဖြစ်လာခြင်းကြောင့် သဘာဝပေါက်စင်များ၏ ပမာဏမှာလျော့နည်းလာပြီးနောက် အခြားတိရစ္ဆာန်များသို့ ထောက်ပံ့နေသည့်အစားအစာကုန်ခန်းခြင်းမှသည် အစားအစာအတွက် တစ်ဦးအပေါ်တစ်ဦးမှီခိုနေရသည့် ဇီဝအဆင့်ဆင့်သည်လည်း ပျက်စီးသွားပေမည်။

**ပြဿနာအတွက် အဖြေရှာခြင်း**

အချို့သောတောခေါင်းများနှင့် ကြီးကြပ်ရေးအရာရှိများသည် မုဆိုးများကိုဖြားယောင်းမြှူဆွယ်သည့်စက်ရုပ်တိရစ္ဆာန်များကို ကောင်းစွာမြင်နိုင်သည့်နေရာတွင်ထားရှိပြီး တောလိုက်မုဆိုးမှပစ်ခတ်လိုက်သောအခါတွင် ၎င်းကိုဖမ်းဆီးခြင်းပင်ဖြစ်သည်။ အာဖရိကတိုက်ရှိတန်ဇန်းနီးယားနိုင်ငံတွင် တရားမဝင်အမဲလိုက်ခြင်းကြောင့် လျော့နည်းလာသည့်ဆင်များကို ကာကွယ်ရန်အတွက် အာဖရိကတောရိုင်းတိရစ္ဆာန်များထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသည်။ မျိုးသုဉ်းတော့မည့် ဘေးနှင့်ရင်ဆိုင်နေရသည့်ကြံ့များကို ကာကွယ်ရန်အတွက် အာဖရိကတိုက်ရှိသက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများ ပူးပေါင်းပါဝင်ဆောင်ရွက်ပြီး ဥပဒေမဲ့တောလိုက်မုဆိုးများကို အမြန်ဆုံးအမြစ်ပြတ်နှိမ်နင်းရန်ကြိုးပမ်းအားထုတ်လျက်ရှိ၏။ တိုင်းရင်းဆေးဝါးသုံးစွဲသူများအနေဖြင့်လည်း တိရစ္ဆာန်များ၏အရိုးများနှင့် ဖော်စပ်ထားသော တိုင်းရင်းဆေးများအစားသဘာဝအလျောက်ရရှိနိုင်သော သစ်ဥ၊သစ်ဖု၊သစ်မြစ်များဖြင့် စီမံဖော်စပ်ထားသော တိုင်းရင်းဆေးများကိုသာအလေးထားသုံးစွဲခြင်းအားဖြင့် တစ်ဖက်တစ်လမ်းမှ ပူးပေါင်းဆောင်ရွက်၍ အပါယ်တိရစ္ဆာန်များကို တရားမဝင်သတ်ဖြတ်ခံရခြင်းဘေးမှလွတ်ကင်းအောင် သနားဂရုပြုသင့်ပေသည်။



ပြည့်ဖြိုးဟိန်း



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံသားအခွင့်အရေးအတွက် တိုက်ပွဲဝင်ခဲ့သော
အမေရိကန်လူမည်းအမျိုးသမီး ရိုဆာပါ့ခ်၏ အသက်နှစ်တစ်ရာပြည့်မွေးနေ့ကို
ဂုဏ်ပြုသောအားဖြင့် ရီးဒါးစ်ဒိုင်ဂျက်စ် မဂ္ဂဇင်းကြီးသည် သမိုင်းဝင်ဖြစ်ရပ်များပေါ်ပေါက်လာအောင်
သတ္တိပြောင်မြောက်စွာလုပ်ဆောင်ခဲ့သော ပြည်သူကြားမှ
ရဲရဲတောက်အာဂသတ္တိခဲသာမန်လူများအားလုံးကို တလေးတစားအမှတ်တရ
ဂုဏ်ပြုမှတ်တမ်းတင်ဖော်ပြခဲ့သည်။

## ပြည်သူကြားက သမိုင်းကို
# ပြောင်းလဲခဲ့သော သာမန်လူများ

■ နောင်ထွန်းလူ






www.burmeseclassic.com

www.burmeseclassic.com







## ရိုဆာပါ့ခ်

အမေရိကန်နိုင်ငံသား အသက် ၄၂ နှစ်အရွယ်လူမည်းအမျိုးသမီးရိုဆာပါ့ခ်သည် ၁၉၅၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့က မောင့်ဂိုမာရီကုန်တိုက်ကြီးတွင် အုပ်ချုပ်သမအဖြစ် တစ်နေကုန်တစ်နေခန်းပင်ပန်းစွာ အလုပ်လုပ်ခဲ့ပြီးနောက် မောင့်ဂိုမာရီဘတ်စကားပေါ်တက်စီးပြီး အိမ်ပြန်လာခဲ့သည်။ သူမသည် ဘတ်စကားပေါ်တွင် လူမည်းများထိုင်ရန် သီးသန့်သတ်မှတ်ထားသော ထိုင်ခုံတွင် ပင်ပန်းနွမ်းနယ်စွာ ထိုင်ရင်း လိုက်ပါလာခဲ့သည်။

မကြာမီ ဘတ်စကားပေါ်သို့ ခရီးသည်များ တက်လာပြီး လူဖြူခရီးသည်အချို့အတွက် ထိုင်ခုံနေရာလွတ်မကျန်တော့ချေ။ ထိုအခါ ဘတ်စကားယာဉ်မောင်းက ရိုဆာပါ့ခ်အား လူဖြူတစ်ဦးထိုင်ရန် ထိုင်ခုံမှထပြီး နေရာဖယ်နိုင်းခဲ့သည်။ အမေရိကန်နိုင်ငံသားလူမည်းအမျိုးသမီးကြီးရိုဆာပါ့ခ်သည် လူမည်းများအတွက် သီးသန့်သတ်မှတ်ထားသော ထိုင်ခုံတွင် ထိုင်နေသည်က တစ်ကြောင်း၊ တစ်နေ့ကုန်တစ်နေခန်းပင်ပန်းစွာ အလုပ်လုပ်ခဲ့သဖြင့် မလှုပ်ချင်လောက်အောင် အလွန်ပင်ပန်းနွမ်းနယ်နေသည်က တစ်ကြောင်း ထိုင်ခုံမှ ထပြီး နေရာ ဖယ်ပေးရန်တွင်တွင် ငြင်းဆန်ခဲ့သည်။

သို့ဖြစ်ရာ လူမည်းအမျိုးသမီးရိုဆာပါ့ခ်အား နိုင်ငံသားအမိန့်မနာခံမှုအတွက် ဖမ်းဆီးအရေးယူခဲ့သည်။ ဤသို့အယ်လ်ဘားမားမောင့်ဂိုမာရီဘတ်စကားပေါ်၌ လူဖြူခရီးသည် တစ်ဦးအား ထိုင်ခုံနေရာဖယ်ပေးရန် ငြင်းဆန်ခဲ့မှုကြောင့် အယ်လ်ဘားမားမြို့တစ်ဝန်းလုံးတွင် လူထုအုံကြွသပိတ်မှောက်ဆန္ဒပြမှုကြီး ပေါ်ပေါက်လာခဲ့သည်။ မောင့်ဂိုမာရီဘတ်စကားစီးသူ ၇၅ ရာခိုင်နှုန်းမှာ အမေရိကန်နိုင်ငံသားလူမည်းများဖြစ်သောကြောင့် အဆိုပါ သပိတ်မှောက်ဆန္ဒပြမှုကြီးသည် မောင့်ဂိုမာရီဘတ်စကားကုမ္ပဏီကြီး၏ စီးပွားရေးကို အကြီးအကျယ်အထိနာစေခဲ့သည်။

သို့ဖြစ်ရကား မောင့်ဂိုမာရီ ဘတ်စကားများပေါ်တွင် လူဖြူလူမည်းခွဲခြားထားသော ဥပဒေအား ဖျက်သိမ်းပေးရုံမှတစ်ပါး အခြားရွေးချယ်စရာနည်းလမ်းမရှိတော့ချေ။ အဆိုပါ မောင့်ဂိုမာရီဘတ်စကားသပိတ်မှောက်ဆန္ဒပြမှုကြီးသည် အမေရိကန်ပြည်ထောင်စုတွင် နိုင်ငံသားအခွင့်အရေးအတွက် အမေရိကန်လူမည်းပြည်သူလူထုကြီးက အကြမ်းမဖက်သော နည်းဖြင့် တော်လှန်ရေးခေတ်ကို နိဒါန်းအစပျိုးခဲ့ခြင်းဖြစ်သည်။

ဤသို့ ရိုဆာပါ့ခ်က လူဖြူတစ်ဦးအတွက် ထိုင်ခုံနေရာဖယ်ပေးရန် ရဲဝံ့စွာငြင်းဆန်ခဲ့မှုနှင့် လူမည်းလူထုကြီးက မောင့်ဂိုမာရီဘတ်စကားလိုင်းအား သပိတ်မှောက်ဆန္ဒပြခဲ့မှုတို့ကြောင့် နိုင်ငံသားအခွင့်အရေးလှုပ်ရှားမှုအတွက် အဓိကအရေးပါသောဖြစ်ရပ်များအဖြစ် ကမ္ဘာ့သမိုင်းတွင် ကမ္ပည်းတင်နိုင်ခဲ့သည်။ အမေရိကန်နိုင်ငံသားလူမည်းအမျိုးသမီးရိုဆာပါ့ခ်သည် သူမ၏ ဘဝသက်တမ်းတစ်လျှောက်လုံးတွင် ချီးကျူးထောမနာပြုမှုများ အကြိမ်ကြိမ်ခံခဲ့ရသည့်အပြင် NAACP အဖွဲ့ကြီး၏ အမြင့်ဆုံးဆုတံဆိပ်ကိုလည်း ချီးမြှင့်ဂုဏ်ပြုခြင်းခံခဲ့ရသည်။



## တော့ဒ်ဘီးမားနှင့် လေယာဉ်ခရီးသည်များ

လွန်ခဲ့သော ၂၀၀၁ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့က အမေရိကန်ပြည်ထောင်စုမှ ယူနိုက်တက်လေကြောင်းလိုင်း၏ လေယာဉ်ပျံသန်းမှုခရီးစဉ်အမှတ် ၉၃ လေယာဉ်ကြီးအပေါ်တွင် စီးနင်းလိုက်ပါလာသော စာရင်းကိုင်မန်နေဂျာတော့ဒ်ဘီးမားနှင့် အခြားလေယာဉ်ခရီးသည်များသည် ၎င်းတို့စီးနင်းလိုက်ပါလာသော လေယာဉ်ကြီးအား




www.burmeseclassic.com

www.burmeseclassic.com



အကြမ်းဖက်သမားများက ပြန်ပေးဆွဲအပိုင်စီးထားကြောင်း အထိတ်တလန့်သတိပြုမိခဲ့ကြသည်။

လေယာဉ်ခရီးသည်များသည် ၄င်းတို့၏ မိသားစုများနှင့် ဖုန်းပြောဆိုနေစဉ် အခြားလေယာဉ်ပျံများမှာ အကြမ်းဖက်သမားများ၏ ပြန်ပေးဆွဲခံရပြီး ကုန်သွယ်ရေးမျှော်စင်ကြီးနှင့် အမေရိကန်စစ်ဌာနချုပ် ပင်တဂွန်အဆောက်အအုံတို့အား လေယာဉ်ဖြင့် ဝင်တိုက်ဖျက်ဆီးခဲ့ကြကြောင်း သိရှိခဲ့ကြရသည်။ ထိုအခါလေယာဉ်ပေါ်ရှိ ခရီးသည် ၃၃ ဦးနှင့် လေယာဉ်ဝန်ထမ်း ခုနစ်ဦး စုစုပေါင်းလူ ၄၀ တို့သည် အလွန်ထူးခြားသော ရဲစွမ်းသတ္တိနှင့် အတ္တစိတ်ကင်းမှုတို့ကို ရဲရဲတောက် ဖော်ပြခဲ့ကြသည်။

အဆိုပါ လေယာဉ်ကြီးပေါ်ရှိ လူအယောက် ၄၀ စလုံးသည် လေယာဉ်ကြီးအား အပိုင်စီးထားသော အကြမ်းဖက်သမားများထံမှ လေယာဉ်ကို ပြန်လည်သိမ်းပိုက်နိုင်ရန်အတွက် အတူတကွလက်တွဲပူးပေါင်းပြီး အစွမ်းကုန်ကြိုးပမ်းအားထုတ်ခဲ့ကြသည်။ Oracle Corporation ကုမ္ပဏီမှ အသက် ၃၂ နှစ်အရွယ်စာရင်းကိုင်မန်နေဂျာတော့ဒ် ဘီးမားသည် ကယ်လီဖိုးနီးယားသို့ စီးပွားရေးလုပ်ငန်းအစည်းအဝေးတက်ရန် လေယာဉ်စီးလိုက်ပါလာခဲ့ခြင်းဖြစ်သည်။ အစမူလက လေယာဉ်ကြီးမှာ ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဖရန်စစ္စကိုမြို့သို့ ဦးတည်ပျံသန်းနေခြင်းဖြစ်သော်လည်း အကြမ်းဖက်သမားများက လေယာဉ်လမ်းကြောင်းပြောင်းပြီး နယူးယောက်မြို့သို့ ဦးတည်ပျံသန်းနိုင်ခဲ့ခြင်းဖြစ်သည်။၄င်းသည် အကြမ်းဖက်သမားများထံမှ လေယာဉ်ကို ပြန်လည်သိမ်းပိုက်နိုင်ရန်အတွက် လေယာဉ်ခရီးသည်များအား စည်းရုံးခဲ့ပြီး မြေပြင်စခန်းမှ လေကြောင်းဝန်ထမ်းများအား ဆက်သွယ်ပြီး အကြမ်းဖက်သမားများထံမှ လက်နက်များကို လုယူပြီး လေယာဉ်ကို ပြန်လည်သိမ်းပိုက်တော့မည်ဖြစ်ကြောင်း နောက်ဆုံးသတင်းပေးခဲ့သည်။ သို့ဖြင့် လေယာဉ်ခရီးသည်များအားလုံးစည်းလုံးညီညွတ်စွာနှင့် သတ္တိပြောင်မြောက်စွာ အကြမ်းဖက်သမားများအား ခုခံတိုက်ခိုက်ပြီး ပင်ဆယ်လ်ဗေးနီးယားပြည်နယ်ရှိ ကွင်းပြင်ကြီးထဲသို့ လေယာဉ်ကြီးကို ထိုးဆင်းခဲ့ရာ လေယာဉ်ကြီး ပျက်စီးသွားခဲ့သည်။

သို့ဖြင့် ၂၀၀၁ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့၊ နံနက် ၁၀ နာရီတွင် လေယာဉ်ကြီး ပျက်စီးသွားပြီး လေယာဉ်ပေါ်လိုက်ပါလာသူ အယောက် ၄၀ စလုံးအသက်သေဆုံးသွားခဲ့သည်။ ထိုသို့လေယာဉ်ပေါ်လိုက် ပါလာသူများ သေဆုံးသွားသော်လည်း ကုန်သွယ်ရေးမျှော်စင်ကြီးရှိ အမေရိကန်ပြည်သူထောင်ပေါင်းများ စွာ၏ အသက်ကို ကယ်တင်ပေးနိုင်ခဲ့သည်။ ၄င်းတို့ သေဆုံးခဲ့ပြီး တစ်နှစ်အကြာအထိမ်း အမှတ်ဂုဏ်ပြုပွဲတွင် ပင်ဆယ်လ်ဗေးနီး ယားပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ တောမ်ရစ်ချ်က အဆိုပါလေယာဉ်ပေါ်ရှိ လူ အယောက် ၄၀ အားလေယာဉ်ကြီးကို နဂိုပစ်မှတ်မှ လွဲအောင်သတ္တိပြောင်မြောက် ရဲရင့်စွာ တိုင်းပြည်အတွက် အသက်စွန့်ခဲ့မှုအတွက် "နိုင်ငံသားစစ်သည်တော်များနှင့် သူရဲကောင်းများ" အဖြစ် ဂုဏ်ပြုခဲ့သည်။

## မိုဟာမက်ဘိုအာဇီဇီ

တူနီးရှားနိုင်ငံမှ လမ်းဘေးဈေးသည် မိုဟာမက်ဘိုအာဇီဇီသည် ပစ်ကပ်ကုန်တင်ကားတစ်စီးကို ငှားရမ်းရန်လည်းကောင်း၊ ဝယ်ယူရန်လည်းကောင်း ငွေလုံလောက်စွာစုဆောင်းနိုင်ရန် အကြီးအကျယ်စိတ်ကူးယဉ်အိပ်မက်မက်နေရုံမှတစ်ပါး အခြားမည်သည့်အရာကိုမျှ ယောင်၍ပင် စိတ်ကူးယဉ်အိပ်မက်မမက်ခဲ့ဖူးချေ။ သို့ဖြင့် ၄င်းသည် လမ်းဘေးတွင် ဈေးရောင်းပြီး ငွေစုနိုင်ရန် ‹ပုးပန်းခဲ့သည်။ သို့ရာတွင် ၄င်းသည် မိမိ၏ စိတ်ကူးယဉ်အိပ်မက်မှာ မည်သည့် နည်းနှင့်မျှ ရုပ်လုံးမပေါ်လာနိုင်သော အခြေအနေမျိုးနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ ၄င်းအနေဖြင့် သမင်မွေးရင်း ကျားစားရင်းဖြင့် ငွေစုဆောင်းနိုင်ဖို့ ဝေးစွ စားသောက်နိုင်ရန်ပင်လျှင် အနိုင်နိုင်ရုန်းကန်နေရရှာသည်။

ထို့ပြင် ၄င်းသည် တူနီးရှားမြူနီစီပယ်အရာရှိ တစ်ဦးနှင့် ၄င်း၏ တပည့်တပန်းလက်ထောက်များက ၄င်းရောင်းချနေသော ကုန်ပစ္စည်းများအား မတရားသိမ်းယူပြီး ၄င်းအား ရိုက်နှက်အနှောင့်အယှက်ပေးခြင်းခံရ



မှုကို ဆန့်ကျင်ကန့်ကွက်သည့်အနေဖြင့် ၂၀၁၀ ပြည့်နှစ်ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ကိုယ့်ကိုယ်ကိုယ်မီးရှို့ပြီး ဆန္ဒပြခဲ့သည်။ မိုဟာမက်ဘိုအာဇီဇီက မိမိကိုယ်ကိုယ်မီးရှို့ပြီး အဆုံးစီရင်သွားခဲ့မှုသည် တူနီးရှားအခြေခံလူတန်းစားဆင်းရဲသားပြည်သူများ၏ ခံစားမှုကို ရဲဝံ့စွာ ကိုယ်စားပြုထင်ဟပ်ဖော်ပြခဲ့သော အမှတ်သင်္ကေတတစ်ခုဖြစ်လာခဲ့သည်။

တူနီးရှားနိုင်ငံသားဘိုအာဇီဇီ၏ သေဆုံးမှုသည် တူနီးရှားနိုင်ငံတစ်ဝန်းလုံးတွင် ဆူပူအုံကြွမှုကြီးကို ပေါ်ပေါက်လာစေခဲ့ပြီး နောက်ဆုံးတွင် ၂၃ နှစ်တိုင်တိုင် အာဏာယစ်မူးမတရားဖိနှိပ်အုပ်ချုပ်ခဲ့သော တူနီးရှားသမ္မတဖိုင်းအယ်လ်အာဘစ်ဒင်းဘင်အာလီအား ပြုတ်ကျသွားစေခဲ့သည်အထိ ဂယက်ရိုက်ခဲ့သည်။ တူနီးရှားအာဏာရှင်သမ္မတသည် ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့တွင် ပြုတ်ကျသွားအောင် တူနီးရှားပြည်သူတို့၏ ပုန်ကန်ထကြွမှုကြီးသည် အာရပ်နွေဦးလှုပ်ရှားမှုကြီးကို ထပ်ဆင့် ပေါ်ပေါက်လာအောင် ဂယက်ရိုက်ခဲ့ပြီး နောက်ဆုံးတွင် အီဂျစ်နိုင်ငံနှင့် လစ်ဗျားနိုင်ငံတို့မှ အာဏာရှင်အစိုးရများအား ဖြုတ်ချနိုင်ခဲ့သည်အထိ သြဇာသက်ရောက်ခဲ့သည်။

မိုဟာမက်ဘိုအာဇီဇီ သေဆုံးပြီးနောက် ၂၀၁၁ ခုနှစ်တွင် ၄င်းအား ဆာခါရော့ဗ်ဆုတံဆိပ်ကို ဂုဏ်ပြုချီးမြှင့်ခဲ့သည်။ ထို့ပြင် တူနီးရှားအစိုးရအဖွဲ့သစ်သည် ၄င်းအား တလေးတစားဂုဏ်ပြုသောအားဖြင့် တံဆိပ်ခေါင်းထုတ်ဝေခဲ့သည်။





www.burmeseclassic.com

www.burmeseclassic.com





## ကင်ဒီလိုက်တနာ

ကင်ဒီလိုက်တနာ၏ သမီးငယ်လေး ဆီရီနာအခါလည်သမီးအရွယ်တွင် ကင်ဒီလိုက်တနာ၏ မော်တော်ကားကို အနောက်ဘက်မှ အရက်မူးကားမောင်းသမားက မဆင်မခြင်ဝင်တိုက်ခဲ့သဖြင့် သမီးငယ်လေး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ တစ်ဖန်ခြောက်နှစ်အကြာတွင် သူမ၏ သားငယ်ထရာဝစ်ဆ်အား ကားမောင်းလိုင်စင်မဲ့အရက်မူးကားမောင်းသမားက ကားဖြင့် ဝင်တိုက်ခဲ့ရာ သားငယ်ခမျာ ဒဏ်ရာပြင်းထန်စွာရရှိခဲ့ပြီး ထာဝရဦးနှောက်ပျက်စီးသွားခဲ့ရှာသည်။

ထို့နောက် ၁၉၈၀ ပြည့်နှစ်၊ မေလ ၃ ရက်နေ့တွင် ကင်ဒီလိုက်တနာ၏ အသက် ၁၃ နှစ်အရွယ်သမီးဖြစ်သူကာရီသည် နေအိမ်မှ အနီးဝန်းကျင်ရှိ ခရစ်ယာဉ်ဘုရားရှိခိုးကျောင်းပရဝဏ်အတွင်း၌ ကျင်းပသော ပျော်ပွဲရွှင်ပွဲသို့ လမ်းလျှောက်သွားနေစဉ် အရက်မူး ကားမောင်းသမားက ကားဖြင့် အရှိန်ပြင်းထန်စွာ ဝင်တိုက်ခဲ့ရာ ကာရီခမျာ ၁၂၅ ပေအထိ လွင့်စဉ်သွားပြီး ခန္ဓာကိုယ်အစိတ်အပိုင်းများ အပိုင်းပိုင်းပြတ်ကာ သေဆုံးသွားခဲ့ရရှာသည်။

ထိုအရက်မူးကားမောင်းသမားမှာ သမီးကာရီကို ကားဖြင့် မတိုက်မီနှစ်ရက်အလိုက အရက်မူးပြီးကားတိုက်ကာ ထွက်ပြေးတိမ်းရှောင်နေမှုကြောင့် အဖမ်းခံရပြီး အာမခံဖြင့် ပြန်လွတ်လာသော ယာဉ်စည်းကမ်းအကြိမ်ကြိမ်ဖောက်ဖျက်ကျူးလွန်ခဲ့ဖူးသူဖြစ်သည်။ သို့ဖြင့် ကင်ဒီလိုက်တနာသည် သမီးကာရီကွယ်လွန်အနိစ္စရောက်သွားပြီး လေးရက်အကြာနှင့် ကာရီ၏ အသုဘချပြီး နောက်တစ်နေ့တွင် နောင်အနာဂတ်တွင် မိမိကဲ့သို့ အခြားသူများရင်နင့်အောင် မခံစားရစေရန်အတွက် ရည်ရွယ်ပြီး ၁၉၈၀ ပြည့်နှစ်၊ မေလ ၇ ရက်နေ့တွင် အရက်မူးကားမောင်းမှုကို ဆန့်ကျင်ရှုတ်ချသော မိခင်များအဖွဲ့ (MADD-Mothers Against Drunk Driving) ကို ကမကထပြုကြီးမှူး တည်ထောင်ခဲ့သည်။

ထိုစဉ်ကာလက အမေရိကန်ပြည်ထောင်စုတွင် အရက်မူးပြီး ကားမဆင်မခြင်မောင်းနှင်မှုအတွက် အရေးယူနိုင်သော ဥပဒေဟူ၍ မည်မည်ရရမရှိသေးချေ။ ကင်ဒီလိုက်တနာ၏ MADD အဖွဲ့ကြီးသည် အမေရိကန်ပြည်ထောင်စုတွင် အရက်မူးပြီး မဆင်မခြင်ကားမောင်းမှုအတွက် နိုင်ငံတစ်ဝန်းလုံးတွင် အကြီးအကျယ်ဆန့်ကျင်ရှုတ်ချမှုများကို ပေါ်ပေါက်လာစေခဲ့သည်။ သို့ဖြစ်ရာ အမေရိကန်ပြည်ထောင်စုတစ်ဝန်းလုံးတွင် အရက်မူးပြီး ကားမဆင်မခြင်မောင်းနှင်မှုအတွက် အရေးယူနိုင်သော ပြင်းထန်တင်းကျပ်သည့် ဥပဒေများကို အောင်မြင်စွာ အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့သည်။

## အညတရသံချပ်ကာကားလူသား

တရုတ်နိုင်ငံတွင် တီယန်အန်းမင်ရင်ပြင်၌ တရုတ်တပ်မတော်အား ရဲဝံ့စွာ ရင်ဆိုင်ခဲ့သော အမည်မသိအညတရလူတစ်ဦးအား သံချပ်ကာ ကားများ ရှေ့တွင် မားမားမတ်မတ်မတ်တတ်ရပ်နေပုံကို ကမ္ဘာ့သတင်းစာတ်ပုံများတွင် ဖော်ပြခဲ့ကြသည်။ သို့ရာတွင် ထိုသူမှာ မည်သူမည်ဝါဖြစ်သူကိုမူ ဂယနကမသိရှိကြချေ။

၁၉၈၉ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့တွင် တရုတ်တပ်မတော်သည် တီယန်အန်းမင်ရင်ပြင်၌ ဆန္ဒပြနေသော ကျောင်းသားများအား အကြမ်းဖက်နှိမ်နင်းခဲ့ပြီး နောက်တစ်နေ့ ၁၉၈၉ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့တွင်



တရုတ်တပ်မတော်၏ သံချပ်ကာ ကားများ ရှေ့တွင် မတ်တတ်ရပ်နေပုံကို ကမ္ဘာသတင်း



www.burmeseclassic.com

www.burmeseclassic.com



ဌာနများက ခတ်ပုံရိုက်ထားခြင်းဖြစ်သည်။ ထိုလူလက်တစ်ဖက်စီတွင် ဈေးအိတ်များကို ကိုင်ဆောင်ထားပြီး သံချပ်ကာကားများရှေ့တွင် မတ်တတ်ရပ်နေသဖြင့် ထိပ်ဆုံးမှ သံချပ်ကာကားက ၎င်းအား ရှောင်ကွင်းပြီး ဆက်မောင်းနှင်ရန် ကြိုးပမ်းခဲ့သော်လည်း ၎င်းက သံချပ်ကားရှေ့သွားပြီး ပိတ်ရပ်ကာ အကြမ်းမဖက်ဘဲ ဆန္ဒပြခဲ့သည်။

ဤသို့ သံချပ်ကာကားများက ၎င်းအား ဝင်မတိုက်ဘဲ အကြိမ်ကြိမ်ရှောင်ကွင်းခဲ့ပြီး နောက်ဆုံးတွင် ထိပ်ဆုံးမှ သံချပ်ကာကားသည် အင်ဂျင်စက်ကို ပိတ်ပြီး ရပ်တန့်ခဲ့ ရာ နောက်ဘက်မှ သံချပ်ကာကားယဉ်တန်းကြီးကလည်း လိုက်ပြီး ရပ်တန့်ခဲ့သည်။ ထိုအခါ ၎င်းသည် ထိပ်ဆုံးမှ သံချပ်ကာကားပေါ်သို့ ခုန်တက်ပြီး သံချပ်ကာကားအတွင်းမှ စစ်သားများနှင့် စကားပြောဆိုဆွေးနွေးခဲ့သည်။ ထို့နောက် ၎င်းသည် သံချပ်ကာကားပေါ်မှ အောက်သို့ ပြန်ခုန်ဆင်းသွားသဖြင့် သံချပ်ကာကားများက ရှေ့ဆက်မောင်းနှင်ရန် အင်ဂျင်စက်များကို နှိုးလိုက်ကြသည်။

ထိပ်ဆုံးသံချပ်ကာကား၏ နံဘေးတွင် မတ်တတ်ရပ်နေသော ထိုလူသည် နောက်ထပ်တစ်ဖန် သံချပ်ကာကားရှေ့သို့ ပြန်သွားပြီး မတ်တတ်ရပ်နေပြန်သည်။ ထိုအခါ အပြာရောင်ဝတ်စုံဝတ်ဆင်ထားသူနှစ်ဦးက ထိုလူအား အတင်းဆွဲခေါ်သွားပြီး အနီးရှိ လူအုပ်ကြီးအတွင်းသို့ တိုးဝင်ပျောက်ကွယ်သွားကြသည်။ ၁၉၉၈ ခုနှစ်တွင် တိုင်းမ်မဂ္ဂဇင်းကြီးက ထိုလူအား ''အညတရပုန်ကန်သူ'' ဟု ခေါင်းစီးတပ်ပြီး ရာစုနှစ်၏ အရေးပါဆုံး လူအယောက်တစ်ရာစာရင်းတွင် ဂုဏ်ပြုဖော်ပြခဲ့သည်။

တရုတ်တပ်မတော်၏ သံချပ်ကာကားများရှေ့တွင် မတ်တတ်ရပ်သူအား ကမ္ဘာ့သတင်းလောကတွင် ၎င်း၏ နာမည်အစစ်အမှန်မသိရသဖြင့် ၎င်းအား တရုတ်နာမည် ဝမ်ဝေလင်းဟု ရည်ညွှန်းဖော်ပြကြသည်။ ထိုအညတရသံချပ်ကာကားလူသားမှာ မည်သူမည်ဝါမသိရသော်လည်း ထိုလူမှာ တရုတ်အစိုးရ၏ ဖိနှိပ်အုပ်ချုပ်မှုကို ရဲဝံ့စွာ တော်လှန်ဆန့်ကျင်ခဲ့သော အမှတ်သင်္ကေတအဖြစ် ကမ္ဘာတစ်ဝန်းလုံးက အသိအမှတ်ပြုဂုဏ်ပြုခဲ့ကြသည်။



## ဂျေကေရိုလင်း

ကမ္ဘာ့စာဖတ်ပရိသတ်ကြီးက တစ်ခဲနက် ဝယ်ယူအားပေးပြီး လက်ထဲက မချချင်လောက်အောင် ဖတ်ကောင်းလှသော ဟယ်ရီပေါ်တာဝတ္ထုဇာတ်လမ်းတွဲများ၏ ဖန်တီးရှင်မှာ ဗြိတိန်နိုင်ငံမှ စာရေးဆရာမဂျေကေရိုးလင်းပင်ဖြစ်သည်။ အနောက်တိုင်းစာအုပ်ထုတ် ဝေရေးသမိုင်းတွင် ဂျေကေရိုးလင်းလောက် စာဖတ်ပရိသတ်ကို ဆွဲဆောင်နိုင်သော စာရေးဆရာမျိုး ယခင်က မရှိခဲ့သေးဖူးချေ။

ဗြိတိသျှစာရေးဆရာမ ဂျေကေရိုးလင်း၏ နာမည်အပြည့်စုံမှာ ဂျိုအန်းကက်သရင်းရိုးလင်းဖြစ်သည်။ သူမသည် ဗြိတိန်နိုင်ငံ အိပ်စတာတက္ကသိုလ်မှ ပြင်သစ်အဓိကဘာသာဖြင့် ဘွဲ့ရရှိခဲ့သည်။ ၁၉၉၀ ပြည့်နှစ်တွင် မိခင်ကြီးကွယ်လွန်သွားသဖြင့် သူမသည် ပေါ်တူဂီနိုင်ငံသို့ သွားပြီး ကျောင်းဆရာမလုပ်ကိုင်ခဲ့သည်။ သူမသည် ပေါ်တူဂီစာနယ်ဇင်းဆရာနှင့် ဖူးစာဆုံပြီး အိမ်ထောင်ကျခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် သမီးလေးဂျက်ဆီကာကို မွေးဖွားခဲ့ပြီး ဂျေကေရိုးလင်းတို့ လင်မယားလမ်းခွဲပြတ်စဲကြသောကြောင့် အင်္ဂလန်နိုင်ငံသို့ သမီးကလေးနှင့်အတူ ပြန်လာခဲ့သည်။

ဂျေကေရိုးလင်းသည် ကိုးလလုံးလုံး ဘာအလုပ်အကိုင်မျှမရှိခဲ့သကဲ့သို့ လက်ထဲတွင် ခြူးတစ်ပြားမှလည်း မကျန်တော့ချေ။ သို့ဖြစ်၍ သူမသည် လူမမည်သမီး၏ ကလေးကို မိခင်တစ်ဦးတည်းက အစိုးရထောက်ပံ့ကြေးဖြင့် ကျွေးမွေးပြုစုစောင့်ရှောင်ခဲ့ရရှာသည်။ သူမသည် မိမိဘဝရှေ့ရေးကို မတွေးတောဘဲ မိမိဖြစ်ချင်လွန်းသော စာရေးဆရာမဖြစ်လာအောင် အာရုံစိုက်ပြီးစာကိုသာ သဲကြီးမဲကြီးဇောက်ချရေးသားရန် စိတ်ပိုင်းဖြတ်ခဲ့သည်။

သို့ဖြစ်ရာ သူမသည် သမီးငယ်ကလေး ဂျက်ဆီကာ အိမ်၌ အိပ်နေချိန်တွင် ကော်ဖီဆိုင်တစ်ဆိုင်သွားပြီး စားပွဲလွတ်တစ်လုံး ရှာကာ လွန်ခဲ့သော ငါးနှစ်ကတည်းက ရေးရန်တေးထားသော ဝတ္ထုကို သဲကြီးမဲကြီး စရေးသားခဲ့သည်။ သို့ဖြင့် ကလေးမှော်ဆရာလေး ဟယ်ရီပေါ်တာမှော်ပဥ္စလက်ဝတ္ထု "Harry Potter and The Philosopher's (Sorcerer's) Stone" ဝတ္ထုစာအုပ်ကို ဂျေကေရိုလင်းကလောင်အမည်ဖြင့် အောင်မြင်စွာ ရေးသားထုတ်ဝေနိုင်ခဲ့သည်။

သူမသည် ပထမဦးဆုံး ဝတ္ထုရေးသားပြီးသောအခါ စာအုပ်ထုတ်ဝေမည့်သူကို ခက်ခက်ခဲခဲလေးကြိမ်ခန့်ရှာဖွေခဲ့ရပြီး နောက်ဆုံးတွင် ဘယ်ရီစာအုပ်တိုက်က ထုတ်ဝေခဲ့သည်။ ဂျေကေရိုးလင်း၏ ဝတ္ထုစာအုပ်ထုတ်ဝေသူက အမျိုးသမီးကလောင်အမည်ဖြင့် ရေးသားထားသော ဝတ္ထုစာအုပ်သည် လူငယ်စာဖတ်ပရိသတ်အား ဆွဲဆောင်နိုင်လိမ့်မည်ဟု မယုံကြည်ခဲ့ချေ။ သို့ရာတွင် ဟယ်ရီပေါ်တာ ဝတ္ထုစာအုပ် ၆ အုပ်ထုတ်ဝေခဲ့ပြီး ၁၀ နှစ်အကြာတွင် ဂျေကေရိုးလင်း၏ ဟယ်ရီပေါ်တာဝတ္ထုစာအုပ်များသည် အရောင်းအသွက်ဆုံးဝတ္ထုစာအုပ်များအားလုံး၏ စံချိန်ကို ချိုးနိုင်ခဲ့ပြီး ကမ္ဘာကျော်ရုပ်ရှင်ဇာတ်ကားကြီးဖြစ်လာသည်အထိ အောင်မြင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com





## ရိုင်ယန်ဗိုက်

ရိုင်ယန်ဗိုက်သည် အမေရိကန်ပြည်ထောင်စု အင်ဒီယာနားပြည်နယ်ကိုကိုမိုမြို့မှ ဆယ်ကျော်သက်လူငယ်လေးတစ်ဦး ဖြစ်သည်။ ၎င်းသည် သွေးအားနည်းရောဂါဝေဒနာရှင်တစ်ဦးဖြစ်ပြီး မသန့်ရှင်းသော သွေးဖြင့် သွေးသွင်းကုသမှုခံယူခဲ့မိသောကြောင့် အိပ်ချ်အိုင်ဗီ (အေအိုင်ဒီအက်စ်)ရောဂါကူးစက်ခံခဲ့ရသည်။ ၁၉၈၄ ခုနှစ်ဒီဇင်ဘာလတွင် ၎င်းအား အိပ်ချ်အိုင်ဗီရောဂါစွဲကပ်နေကြောင်း ရောဂါဖော်ထုတ်သတ်မှတ်ပေးခြင်းခံခဲ့ရစဉ်က ၎င်းအား နောက်ထပ် ခြောက်လခန့်သာ အသက်ရှင်နေထိုင်နိုင်တော့မည်ဟု ဆရာဝန်များက ခန့်မှန်းထားခဲ့ကြသည်။

ရိုင်ယန်ဗိုက်သည် အိပ်ချ်အိုင်ဗီ (အေအိုင်ဒီအက်စ်)ရောဂါကူးစက်ခံရမှုကြောင့် ၎င်းအား အလယ်တန်းကျောင်းမှ ထုတ်ပယ်ခြင်းခံခဲ့ရသည်။ ရိုင်ယန်သည် အေအိုင်ဒီအက်စ်ရောဂါပျောက်ကင်းအောင် ကြိုးပမ်းနေစဉ် ၎င်းအား အိပ်ချ်အိုင်ဗီ (အေအိုင်ဒီအက်စ်)ရောဂါကူးစက်ခံရသူဖြစ်ကြောင်း လူများက သတိပြုမိခဲ့ကြသည်။ ရှေးယခင်က အေအိုင်ဒီအက်စ်ရောဂါမှာ မူးယစ်ဆေးဝါးသုံးစွဲသူများနှင့် ကာမဂုဏ်လိုက်စားပြီး လိင်ဆက်ဆံသူများ၊ မိန်းမလျာများအကြားတွင်သာ ဖြစ်ပွားလေ့ရှိသော ရောဂါအဖြစ် ယူဆထားကြသည်။

ရိုင်ယန်ဗိုက်ကျောင်းဆက်တက်နိုင်ရန် ကြိုးပမ်းသောအခါ မိဘအတော်များများနှင့် ကျောင်းဆရာအချို့က စိုးရိမ်ပူပန်မိခဲ့ကြသည်။ ၎င်းသည် ဆရာဝန်များခန့်မှန်းထားချိန်ထက် ငါးနှစ်ကြာမှ၍ နေထိုင်နိုင်ခဲ့ပြီး ၎င်းအထက်တန်းကျောင်းမအောင်မြင်မီ တစ်လအလို ၁၉၉၀ ပြည့်နှစ်ဧပြီလ ၈ ရက်နေ့ အသက် ၁၈ နှစ်အရွယ်တွင် ကွယ်လွန်အနိစ္စရောက်သွားခဲ့သည်။

ရိုင်ယန်ဗိုက်သည် ၎င်းကဲ့သို့ အိပ်ချ်အိုင်ဗီ (အေအိုင်ဒီအက်စ်)ရောဂါကူးစက်ခံရသူများကိုလည်း တန်းတူညီမျှ ရောဂါကုသပေးမှုကို ရရှိအောင် ကြိုးပမ်းအားထုတ်ခဲ့ရာ အေအိုင်ဒီအက်စ်လူနာများရင်ဆိုင်ကြုံတွေ့နေရသော ခွဲခြားဆက်ဆံခံနေရမှုကို ပပျောက်သွားအောင် အကြီးအကျယ်အထောက်အကူပြုခဲ့သည်။

## လီလီလက်ဒ်ဘက်တား

လီလီလက်ဒ်ဘက်တားသည် Good Year ကုမ္ပဏီကြီးတွင် နှစ်ပေါင်း ၂၀ ခန့် အလုပ်လုပ်ကိုင်ခဲ့ပြီးနောက် အငြိမ်းစားယူခဲ့သည်။ သူမသည် Good Year ကုမ္ပဏီတွင် အလုပ်လုပ်ခဲ့စဉ် နှစ်ပေါင်းများစွာတွင် သူမနှင့် တန်းတူအမျိုးသားလုပ်ဖော်ကိုင်ဖက် အလုပ်သမားများထက် လစာလျော့ပေးခဲ့မှုအတွက် ၁၉၉၈ ခုနှစ်တွင် Good Year ကုမ္ပဏီအား တရားစွဲဆိုခဲ့သည်။ အဆိုပါ တရားစွဲဆိုမှုသည် တရားရေးအဆင့်ဆင့်ကို ဖြတ်သန်းပြီး နောက်ဆုံးတွင် တရားရုံးချုပ်ကြီးအထိ ရောက်ရှိသွားခဲ့သည်။

တရားသူကြီး ရုသ်ဘေဒါသည် လီလီလက်ဒ်ဘက်တားအားဘက်လိုက်ခြင်းမဟုတ်ဘဲ ဤသို့ တန်းတူညီမျှမှု မရှိသော လစာပေးမှုကို သဘောမတူသဖြင့် အမေရိကန်လွှတ်တော်သို့ စာရေးသားတိုင်ကြားခဲ့သည်။ သို့ဖြစ်ရကား အမေရိကန်လွှတ်တော်က လီလီလက်ဒ်ဘက်တား၏ တရားမျှတမှုမရှိသော လစာပေးမှုအတွက် ဥပဒေတစ်ရပ်ကို ၂၀၀၉ ခုနှစ်တွင် တရားဝင်ပြဋ္ဌာန်းခဲ့သဖြင့် လုပ်ငန်းခွင်တွင် အမျိုးသမီးအလုပ်သမားထုကြီးအား ပိုမိုထိရောက်စွာ အကာအကွယ်ပေးနိုင်သော ဥပဒေကို ပြင်ဆင်သတ်မှတ် ပြဋ္ဌာန်းနိုင်ခဲ့သည်။

■ နောင်ထွန်းမှူး






www.burmeseclassic.com

www.burmeseclassic.com




# ကမ္ဘာ့ပထမဆုံးမိုဘိုင်းဖုန်းနှင့် ကမ္ဘာကိုပြောင်းလဲခဲ့သော မိုဘိုင်းဖုန်းများ

■ ဇော်ဇော်

ပြီးခဲ့တဲ့နှစ် အနည်းငယ်က HTC မိုဘိုင်းနည်းပညာအဖွဲ့ အကြီး၏ ဆော့ဖ်ဝဲဒီဇိုင်နာချုပ် ပြောခဲ့ဖူးတဲ့ စကားတစ်ခွန်းရှိပါတယ်။ "တစ်နေ့မှာ လက်ထဲပါဝင်တာရှိတဲ့ မိုဘိုင်းဖုန်းကနေ လူတွေရဲ့ တစ်နေ့တာ ပြုလုပ်ရမယ့်ကိစ္စအားလုံးကို အပြည့်အဝထောက်ပံ့ပေးနိုင်မယ်" ဆိုတာပါပဲ။ လူနေမှုအပြောင်းအလဲခြင်းကို ခြေရာခံကြည့်ရမှာ ကမ္ဘာ့ရှေ့စွာဖွံ့ဖြိုးလာမှု နည်းပညာများစွာ ဆန်းသစ်လာမှုကို မြင်တွေ့ရမယ့် ဆက်သွယ်ရေး နည်းပညာရဲ့ အရေးပါမှုကောက် တင်ပြချင်တာရှိတဲ့ အပိုင်းက အတော်လေးနည်းပါတယ်။ အင်တာနက်နည်းပညာ၊ မိုဘိုင်းနည်းပညာနဲ့ တယ်လီကွန်းနည်းပညာအားလုံး ပေါင်းစည်းနိုင်ခဲ့ပြီးတဲ့နောက်မှာ ဆက်သွယ်ရေးနည်းပညာရဲ့ အရှိန်အဟုန်က အံ့မခန်းဖြစ်လာခဲ့ပါတယ်။ ဆက်သွယ်ရေးနည်းပညာမှာ ဇာတ်ဝင်ခန်းအရာအကောင်းဆုံးက မိုဘိုင်းဖုန်းတွေပါပဲ။ ဇာတ်ဝင်တွေထဲမှာ ကမ္ဘာ့မိုဘိုင်းဖုန်းသမိုင်းမှာ ကမ္ဘာကြီးကို ပြောင်းလဲပစ်ခဲ့တဲ့အမျိုးအစားတွေ မှတ်တမ်းတင်ရှိနေပါတယ်။





www.burmeseclassic.com

www.burmeseclassic.com


လွန်ခဲ့တဲ့ နှစ်ပေါင်း ၄၀ ကြာဖြစ်တဲ့ ၁၉၇၃ ခုနှစ် ဧပြီ ၃ ရက်မှာ Motorola နည်းပညာအဖွဲ့အစည်းရဲ့ သုတေသနပညာရှင်တစ်ဦးဖြစ်သူ ထိပ်တန်းအင်ဂျင်နီယာ မာတင်ကူးပါးဟာ မိုဘိုင်းဖုန်းစမ်းသပ်ထုတ်လုပ်မှုကိုအောင်မြင်ခဲ့ပါတယ်။ သူဟာ Motorola DynaTAC အမည်ရှိတဲ့ ကမ္ဘာ့ပထမဆုံးမိုဘိုင်းဖုန်းအမျိုးအစားသစ်ကို ဖန်တီးနိုင်ခဲ့တာဖြစ်ပြီး အဲဒီဖုန်းကနေ ခေါ်ဆိုမှုများစွာကို နယူးယောက်မြို့ကနေအောင်အောင်မြင်မြင်ပြုလုပ်ရခဲ့ပါတယ်။ ဒီဖုန်းဟာ စီးပွားရေးဈေးကွက်ထဲမှာ ရောင်းချတဲ့ အချိန်အခါထိရောက်ဖို့ ဆယ်စုနှစ်တစ်စုစာ အချိန်ယူခဲ့ရပေမယ့်သူ့ကို စမ်းသပ်အောင်မြင်ခဲ့တဲ့ ပထမဆုံးနေ့ကိုအစွဲပြုပြီး မိုဘိုင်းဖုန်းတွေရဲ့ သက်တမ်းဟာ နှစ် ၄၀ ရှိခဲ့ပြီလို့ မိုဘိုင်းနည်းပညာ လောကသားတွေက ကြွေးကြော်နိုင်ခဲ့တယ်။

ပထမဆုံးမိုဘိုင်းဖုန်းကနေတစ်ဆင့် ထွက်ပေါ်လာတဲ့ ဖုန်းခေါ်ဆိုသံဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ၄၀ ကလို့ သိခဲ့ရပါပြီ။ မိုဘိုင်းနည်းပညာတွေအပြိုင်အဆိုင်စမ်းသပ်နေကြတဲ့ သုတေသနပြုသူများစွာထဲက မစ္စတာကူးပါးက လမ်းကြောင်းမှန်ကိုရွေးချယ်နိုင်ခဲ့တာပါ။ သူ့ရဲ့ပြိုင်ဘက်နည်းပညာရှင်တွေကလည်း သူတို့နဲ့သက်ဆိုင်တဲ့ နေရာတွေကနေမိုဘိုင်းဖုန်းတွေကို လျှို့ဝှက်ဖန်တီးနေခဲ့ကြပါတယ်။ ဒါပေမဲ့ ကူးပါးရဲ့ဖုန်းခေါ်ဆိုမှုကို သူတို့မြင်တွေ့ခံစားလိုက်ရတဲ့ အချိန်မှာတော့ ဝိုင်းပြီးချီးမွမ်းထောမနာပြုခဲ့ကြရပါတော့တယ်။ အဲဒီဖုန်းဟာ ကိုးလက်မအရှည်ရှိပြီး ဆားကစ်ဘုတ်ပေါင်း ၃၀ နဲ့ဖွဲ့စည်းထားတာပါ။ အားဖြည့်ဖို့အတွက် ၁၀ နာရီလောက်လိုအပ်ပြီး စကားပြောချိန် ၃၅ မိနစ်အထိအသုံးခံတဲ့ မိုဘိုင်းဖုန်းအမျိုးအစားလည်းဖြစ်ပါတယ်။ အဲဒီအချိန်ကစပြီး ဒီမိုဘိုင်းဖုန်းအမျိုးအစားဟာ ကမ္ဘာကြီးရဲ့ဆက်သွယ်ရေးကဏ္ဍကို အကြီးအကျယ်ပြောင်းလဲဖို့ဦးတည်လာခဲ့ပါတော့တယ်။ ဒါပေမဲ့ ဆယ်စုနှစ်လေးခုအကြာမှာ ဒီမိုဘိုင်းဖုန်းအမျိုးအစားကအစပြုခဲ့တဲ့ မိုဘိုင်းတယ်လီကွန်းဆက်သွယ်ရေးကဏ္ဍဟာနှစ်စဉ် ရင်းနှီးမြှုပ်နှံမှု ဒေါ်လာဘီလျံ ၁၀၀၀ ကျော်ရင်းနှီးမြှုပ်နှံနေရတဲ့ စီးပွားရေးကဏ္ဍတစ်ရပ်ဖြစ်လာမယ်ဆိုတာကိုတော့ အဲဒီတုန်းက သတိမပြုမိခဲ့ကြပါဘူး။

အချင်းချင်း ဆက်သွယ်စကားပြောခြင်းနဲ့ စာသားတွေပေးပို့ကြခြင်းတို့ကို ပြုလုပ်ကြရုံသာမကပါဘူး။ ဓာတ်ပုံရိုက်ကူးမှုတွေ၊ သီချင်းဖွင့်ခြင်းတွေနဲ့ ဂိမ်းကစားခြင်းတွေကိုလည်း မိုဘိုင်းဖုန်းတစ်လုံးပေါ်မှာ ပြုလုပ်နေကြပါပြီ။ အွန်လိုင်းကဏ္ဍ ပိုမိုဖွံ့ဖြိုးလာမှုနဲ့ မိုဘိုင်းစက်လည်ပတ်မှုစနစ်တွေ ပိုမိုဖွံ့ဖြိုးလာပြီးတဲ့နောက်ပိုင်းမှာ မိုဘိုင်းဖုန်းတွေကတစ်ဆင့် အင်တာနက်ဝန်ဆောင်မှုတွေကို လက်ခံအသုံးပြုလာနိုင်တာကိုလည်းတွေ့ရပါတယ်။ အစကပြန်ကောက်ပြီးပြောရမယ်ဆိုရင် ၁၉၇၃ ခုနှစ်မှာ ပထမဆုံး မိုဘိုင်းဖုန်းကတစ်ဆင့် ဖုန်းခေါ်ဆိုမှုကို ပြုလုပ်နိုင်တဲ့ Motorola DynaTAC 8000X ကို ဆယ်နှစ် အကြာဖြစ်တဲ့ ၁၉၈၃ နှစ်မှာ Motorola ကဈေးကွက်တင်ပါတယ်။ ရောင်းချတဲ့ဈေးနှုန်းက မျက်ရည်ကျလောက်ပါတယ်။ ဒေါ်လာ ၄၀၀၀ ဝန်းကျင်ဖြစ်နေလို့ပါပဲ။ အဲလေးချိန်ကတော့ တစ်ကီလိုကို နည်းနည်းကျော်ပါတယ်။ ဒါပေမဲ့ အဲဒီအချိန်တုန်းကတော့ ဒီမိုဘိုင်းဖုန်းဟာ ပြိုင်ဆိုင်သူမဲ့တဲ့ မိုဘိုင်းနည်းပညာဆန်းသစ်မှုလက်ရာဖြစ်ခဲ့ပါတယ်။

အခုအချိန်မှာတော့ အဲဒီမိုဘိုင်းဖုန်းအမျိုးအစားကို ဖန်တီးခဲ့တဲ့ မစ္စတာကူးပါးဟာ

အဲဒီဖုန်းဟာ ကိုးလက်မအရှည်ရှိပြီး
ဆားကစ်ဘုတ်ပေါင်း ၃၀ နဲ့
ဖွဲ့စည်းထားတာပါ။
အားဖြည့်ဖို့အတွက်
၁၀ နာရီလောက်လိုအပ်ပြီး
စကားပြောချိန် ၃၅ မိနစ်
အထိအသုံးခံတဲ့ မိုဘိုင်းဖုန်းအမျိုး
အစားလည်းဖြစ်ပါတယ်။
အဲဒီအချိန်ကစပြီး ဒီမိုဘိုင်းဖုန်း
အမျိုးအစားဟာ ကမ္ဘာကြီးရဲ့
ဆက်သွယ်ရေးကဏ္ဍကို
အကြီးအကျယ်ပြောင်းလဲဖို့
ဦးတည် လာခဲ့ပါတော့တယ် . . .

အသက် ၈၅ နှစ်အရွယ်ရှိနေပါပြီ။ သူ့ကို မိုဘိုင်းဖုန်းတွေရဲ့ဖခင်လို့လည်း ကမ္ဘာတစ်ဝန်းလုံးက တင်စားကြပါတယ်။ အခုလို နှစ်ပေါင်း ၄၀ ကျော် သက်တမ်းရှိလာတဲ့ မိုဘိုင်းဖုန်းတွေရဲ့အကြောင်းနဲ့ပတ်သက်ပြီး သူ ရဲ့စိတ်ခံစားမှုပိုင်းကို မေးမြန်းကြည့်ရာမှာတော့ ``တကယ်တော့ ဟိုအရင်စထုတ်စဉ်ကဈေးနှုန်းမြင့်မားလွန်းတဲ့ မိုဘိုင်းဖုန်းထုတ်လုပ်မှုဟာ အခုလို ကမ္ဘာ့နည်းပညာ စီးပွားရေးလောကကို ကြီးစိုးမယ်လို့ လုံးဝမတွေးမိခဲ့ပါဘူး။ အလေးချိန်နဲ့ အရွယ်အစားကလည်း အခုလိုအခြေအနေမှာ မရှိတာလည်းပါပါတယ်။ နောက်ဆုံးယုံကြည်တာတစ်ခုကတစ်နေ့မှာတော့ မိုဘိုင်းဖုန်းတွေဟာ နားမှာတပ်ထားလို့ရတဲ့ အရွယ်အစား ဒါမှမဟုတ် အရေပြားအောက်မှာထည့်ထားလို့ရတဲ့ အရွယ်အစားစတာတွေဆီ ပြောင်းလဲထုတ်လုပ်ဖန်တီးသွားနိုင်ဖို့ရှိနေပါတယ်``လို့ သူက ဆိုပါတယ်။

မစ္စတာကူးပါးဟာ မိုဘိုင်းဖုန်းသမိုင်းမှာ နှစ်ပေါင်း ၆၀ လောက် နှစ်မြှုပ်နေခဲ့သူပါ။ အခုအချိန်မှာအသက်အရွယ်ကြီးရင့်နေပေမယ့် မိုဘိုင်းဖုန်းဖန်တီးမှုတွေကို စိတ်ဝင်တ





www.burmeseclassic.com

www.burmeseclassic.com



အား စောင့်ကြည့်နေတတ်တာကိုလည်း တွေ့ရပါတယ်။ အမေရိကန်နိုင်ငံ အင်ဂျင်နီယာဘာသာရပ်နဲ့ နည်းပညာဆိုင်ရာ ပညာသင်ကြားရေးအဖွဲ့အစည်းမှ ပညာရှင်တစ်ဦးဖြစ်တဲ့ ဒေါက်တာမိုက်ခ်ရှော့ထ်ကတော့ ``တကယ်တော့ စတင်ဖန်တီးပြီး ၁၀ နှစ်ကျော်ကြာမှ ဈေးကွက်တင်နိုင်ခဲ့ခြင်းရဲ့ အခြေအနေကို ပြန်ကြည့်တဲ့အခါမှာ မစ္စတာကူးပါးဟာ အဆင့်မြင့်စမ်းသပ်မှုတွေကို ထပ်မံပြုလုပ်ရင်း ဈေးကွက်အခြေအနေကို အကဲခတ်နေခဲ့လို့ပဲဆိုတာကို တွေ့ရတယ်။ ဘယ်လိုပဲဆိုဆို မိုဘိုင်းဖုန်းတွေက လူသားတွေရဲ့ဘဝကို ပြောင်းလဲနိုင်ခဲ့ပါတယ်။ အခုအချိန်မှာ ဘယ်လိုပြောင်းလဲလာတယ်၊ ဘယ်လိုဖန်တီးနိုင်တယ်ဆိုတာတွေထက် အဲဒီအချိန်က မစ္စတာကူးပါး ဘယ်လိုလမ်းစရခဲ့တယ်ဆိုတာက ပိုစိတ်ဝင်စားစရာကောင်းပါတယ်´´လို့ ဆိုပါတယ်။

ဒီဂျစ်တယ်ခေတ်ပြောင်းကာလရဲ့ အဓိကအကျဆုံးအချိန်က ၁၉၉၃ ခုနှစ်ကနေ ၂၀၀၃ ခုနှစ်ဆိုတဲ့ ဆယ်စုနှစ်တစ်စုကြာအချိန်ကာလဖြစ်ပါတယ်။ အဲဒီကာလအတွင်း မိုဘိုင်းဆက်သွယ်ရေးနည်းပညာသစ်တွေ ထွန်းကားခဲ့သလို ကွန်ရက်စနစ်သစ်တွေလည်း ဖန်တီးနိုင်ခဲ့ကြပါတယ်။ နောက်ဆုံးဆယ်စုနှစ်ဖြစ်တဲ့ ၂၀၀၃ ခုနှစ်ကနေ ၂၀၁၃ ခုနှစ်အချိန်ကာလအတွင်းမှာတော့ မိုဘိုင်းဖုန်းတွေဟာ အင်တာနက်ဝန်ဆောင်မှုတွေကိုပါအသုံးပြုနိုင်တဲ့အခြေအနေဖြစ်လာခဲ့ပြီး ကွန်ပျူတာအလုပ်လုပ်ဆောင်မှုနဲ့ ပုံစံချင်းတူညီမှုရှိတဲ့စမတ်ဖုန်းတွေကို ကျယ်ပြန့်စွာအသုံးပြုနိုင်ခွင့်မှာလည်း အမှန်တရားတစ်ခုဖြစ်လာခဲ့ပါတော့တယ်။

အခုဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးမှုနဲ့အတူ ကမ္ဘာကြီးကိုပြောင်းလဲပစ်ခဲ့တဲ့ မိုဘိုင်းဖုန်းတွေကို ဖော်ပြပေးချင်ပါတယ်။ မိုဘိုင်းဖုန်းထုတ်လုပ်မှုသမိုင်းမှာ အထင်ကရဖြစ်စရာ စံချိန်တွေနဲ့ဖုန်းအမျိုးအစားများစွာရှိခဲ့ပေမယ့် လူတွေရဲ့ နေထိုင်မှုဘဝနဲ့မိုဘိုင်းဖုန်းအသုံးပြုမှုပုံစံကို ခြားနားအောင်ပြောင်းလဲနိုင်ခဲ့တဲ့ အမျိုးအစားကတော့ အနည်းငယ်သာရှိပါတယ်။ အဲဒီဖုန်းတွေကို ခေတ်ပုံတွေ၊ ထုတ်လုပ်တဲ့ကုမ္ပဏီတွေ၊ ဖုန်းရဲ့အသုံးဝင်မှုပုံစံတွေနဲ့အတူ ဖော်ပြပေးသွားပါမယ်။



## 1.Motorola Dyna TAC 8000X

ဒီဖုန်းကတော့ ကမ္ဘာ့ပထမဆုံးမိုဘိုင်းဖုန်းအဖြစ်မှတ်တမ်းဝင်ထားတဲ့ Motorola အမှတ်တံဆိပ်ဖုန်းဖြစ်ပါတယ်။ ဒီဖုန်းကို ၁၉၇၃ ခုနှစ်မှာ ဖန်တီးသူ မာတင်ကူးပါးက စတင်ခေါ်ဆိုအသုံးပြုနိုင်ခဲ့တာပါ။ ၁၉၈၃ ခုနှစ်မှာဈေးကွက်ရောက်လာခဲ့ပြီး တစ်ကမ္ဘာလုံးရဲ့ ချီးကျူးထောပနာပြုမှုကို ခံခဲ့ရပါတယ်။ အခုအချိန်မှာ မိုဘိုင်းဖုန်းတွေ ပလူ ပျံအောင်ထွက်ပေါ်နေပေမယ့် ကမ္ဘာ့ဆက်သွယ်ရေးကဏ္ဍနဲ့ လူနေမှုပုံစံကို ပြောင်းလဲပစ်နိုင်ခဲ့တဲ့ ဒီဖုန်းကတော့ မိုဘိုင်းဖုန်းသမိုင်းမှာ အထင်ကရဖြစ်စရာ အကောင်းဆုံးဖုန်းအမျိုးအစားအဖြစ်မှတ်တမ်းဝင်နေမှာပါ။ ဒီဖုန်းမှာ ဆားကစ်ဘုတ်ပေါင်း ၃၀ ပါဝင်ပြီး အမြင့် ကိုး လက်မရှိပါတယ်။

## 2.Motorola Micro TAC

ကမ္ဘာ့မိုဘိုင်းဖုန်းကို ဈေးကွက်တင်ပြီးတဲ့နောက် ခြောက်နှစ်အကြာမှာတော့ Motorola က ဒီဖုန်းကို မိတ်ဆက်ခဲ့ပါတယ်။ ဒီဖုန်းဟာ အရင်မော်ဒယ်လို အရှည်ကိုးလက်မရှိပေမယ့် အလေးချိန်ကတော့ အများကြီးလျော့နည်းလာခဲ့ပါတယ်။ အရွယ်အစားပုံစံလည်းသေးငယ်လာခဲ့တာကြောင့် Micro ဆိုတဲ့အမည်ကို ထည့်သွင်းပြီး ကြော်ငြာနိုင်ခဲ့တာပါ။ အရင်မိုဘိုင်းဖုန်းမှာဂဏန်းနဲ့စာလုံးနှိပ်ဖို့ Keypad သီးခြားထည့်သွင်းထားပေမယ့် ဒီဖုန်းမှာတော့ ရောပြီး အသုံးပြုထားတာတွေ့ရပါတယ်။ အဲဒီပုံစံက အခုချိန်အထိ ခေတ်အသုံးပြုတဲ့ဖုန်းတွေမှာ တွေ့မြင်နေရပါတယ်။







## 3. Nokia 3210

ကမ္ဘာ့လူငယ်အများစုရဲ့လက်ထဲမှာနေရာယူနိုင်ခဲ့တဲ့တတိယမြောက်မိုဘိုင်းဖုန်းပဲဖြစ်ပါတယ်။ ဖင်လန်နိုင်ငံအခြေစိုက် Nokia က ထုတ်လုပ်ခဲ့တာဖြစ်ပြီး လက်ရှိအချိန်အထိ ဒီဖုန်းနဲ့ဒီဇိုင်းပုံစံချင်းနီးစပ်တဲ့ မိုဘိုင်းဖုန်းတွေကို Nokia ကထုတ်လုပ်နေဆဲ ဖြစ်ပါတယ်။ ဒီဖုန်းအမျိုးအစားကိုထုတ်လုပ်စဉ်ကာလက ဆက်သွယ်ရေးကဏ္ဍမှာ ဈေးကွက်တိုးတက်ပြောင်းလဲမှုများစွာဖြစ်ခဲ့သလို လူနေမှုဘဝမှာလည်း တစ်ဦးနဲ့တစ်ဦး အရေးကြီးတဲ့လက်ဆောင်ပစ္စည်း တစ်ခုအဖြစ် ရောင်းအားကောင်းခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



### 4.Sony Ericsson T681

ဂဏန်းပေါင်းစက်တစ်လုံးရဲ့ မျက်နှာပြင်ပုံစံနဲ့ထုတ် လုပ်ဖန်တီးထားပြီး အဖြူအမည်းအရောင်ပုံစံတွေကနေ ဖောက်ထွက်ထားတဲ့ မီးခိုးနဲ့အပြာရောင် ပေါင်းစပ်မှုတို့ကြောင့် အသွင်ဆန်းတဲ့ မိုဘိုင်းဖုန်းအဖြစ် ဈေးကွက်ထဲဝင်ရောက်ခဲ့တဲ့ အမျိုးအစားပါ။ ဒီဖုန်းရဲ့ Feature တချို့က လက်ရှိအထိ အသုံးပြုဖို့အသက်ဝင်နေသေးပြီး Bluet-ooth,MMS,E-mail စတဲ့ အသုံးပြုမှုတွေကို ပါ ထောက်ပံ့ပေးထားနိုင်ခဲ့လို့ ဆက်သွယ်ရေးပုံစံကို အများကြီး ပြောင်းလဲပစ်နိုင်ခဲ့ပါတယ်။




### 5. Danger Hiptop

Nokia 3210 ကို လူငယ်တွေရဲ့ဖုန်းလို့တင်စားမယ်ဆိုရင် ဒီဖုန်းကို ဘယ်လိုသတ် မှတ်ရမလဲဆိုတာ စဉ်းစားစရာ အလွန်ကောင်းနေပါတယ်။ ဘာကြောင့်လဲဆိုတော့ ၂၀၀၂ ခုနှစ် ဒီဖုန်းထွက်ရှိချိန်မှာ သူ့လောက်လက်ထဲထည့်ထားတဲ့အခါ လှပတဲ့ ဒီဇိုင်းပုံစံရှိတဲ့ဖုန်းအမျိုးအစားရှာဖွေနိုင်ဖို့ ခက်ခဲနေလို့ပါပဲ။ ၂ ဒသမ ၆ လက်မအရွယ် အစားရှိတဲ့မျက်နှာပြင်ပေါ်မှာ အသုံးပြုနိုင်မယ့် Feature ထောက်ပံ့မှုတွေက များစွာစုံ လင်ပါတယ်။ ဂိမ်းတွေပါဆော့ကစားနိုင်လာလို့ လူကြိုက်များခဲ့ကြတာဖြစ်သလို Keypad ပုံစံကိုလည်းကွန်ပျူတာတွေရဲ့ Keyboard ပုံစံအတိုင်း ဒီဇိုင်းပုံဖော်ထားပါတယ်။




### 6.Blackberry 6210

ဒီဇိုင်းဆန်းတဲ့ မိုဘိုင်းဖုန်းအမျိုးအစားဖြစ်ပြီး ၂၀၀၃ ခုနှစ်မှာ စတင်မိတ်ဆက်ပေးခဲ့တာပါ။ မိုဘိုင်းစီးပွားရေးဈေးကွက်အတွင်းကို မုန်တိုင်းတစ်ခုသဖွယ်ဝင်ရောက်လာနိုင်ခဲ့တဲ့ ဖုန်းအမျိုးအစားလည်းဖြစ်ပြီး ကနေဒါအခြေစိုက် Research in Motion ကနေ ထုတ်လုပ်ခဲ့တာပါ။ မာလ်တီမီဒီယာပိုင်းအသုံးချမှုနဲ့ ဆက်သွယ်ရေး Feature သစ်တွေအပြင် တစ်နေ့တာ လူနေမှုဘဝအတွက် မှတ်သားစရာတွေကိုလည်း ဒီဖုန်းနဲ့ပြုလုပ်နိုင်အောင် ဖန်တီးပေးနိုင်ခဲ့ပါတယ်။





### 7. Treo 600

၂၀၀၃ ခုနှစ် နှစ်ကုန်ပိုင်းလောက်မှာ ထွက်ပေါ်လာခဲ့တဲ့မိုဘိုင်းဖုန်းအမျိုးအစားဖြစ်ပြီး ဒီဖုန်းဟာ PDA လို့ပြောရမယ့် တစ် ကိုယ်ရေသုံးဒီဂျစ်တယ်အသုံးအဆောင်ပစ္စည်းတွေခေတ်စားလာပြီးတဲ့နောက်ပိုင်းမှာ အဲဒီ Feature တွေကိုအနီးစပ်ဆုံး ထည့်သွင်းပြီးပြုလုပ်ထားတဲ့အမျိုးအစားလည်းဖြစ်လာခဲ့ပါတယ်။ အရောင်အသွေးစုံတဲ့ ၂ ဒသမ ၅ လက်မအရွယ်မျက်နှာပြင်ကို အသုံးပြုထားပြီး ကင်မရာ၊ MP3 Player စတဲ့ Feature တွေကိုလည်းပံ့ပိုးပေးနိုင်ခဲ့ပါတယ်။ နှစ်သက်စရာကောင်းတဲ့အချက်ကတော့ကီးဘုတ်ပုံစံအပြည့်အဝပါပင်ခဲ့တာပဲဖြစ်ပါတယ်။ ဒီဖုန်းမှာရှိတဲ့ Feature အများစုဟာ လက်ရှိ အချိန်မှာ ခေတ်စားနေတဲ့ Android နဲ့ iOS စက်လည်ပတ်မှုတွေမှာပါဝင်တဲ့ Feature တွေနဲ့ ဆင်တူသလိုဖြစ်နေတာကိုအံ့သြစရာတွေ့ရှိရပါတယ်။

### 8. Motorola Razr

ပလတ်စတစ်ခန္ဓာကိုယ်တွေနဲ့ မိုဘိုင်းဖုန်းတွေသာ ဈေးကွက်ထဲမှာတွေ့မြင်နေရတဲ့အချိန်ဖြစ်တဲ့ ၂၀၀၄ ခုနှစ်မှာ Motorola က အလူမီနီယံကိုယ်ထည်နဲ့ဒီဖုန်းအမျိုးအစားကို မိတ်ဆက်ပေးခဲ့ပါတယ်။ ကျစ်လျစ်မှုဒီဇိုင်းပုံကို ထိတွေ့ခံစားရပြီး လူကြိုက်အရမ်းများတဲ့ဖုန်းအဖြစ် နိုင်ငံတကာဈေးကွက်ကို အလုံးရေ သန်း ၁၃၀ ရောင်းချနိုင်ခဲ့ပါတယ်။ ခေါက်ဖုန်းဒီဇိုင်းပုံစံအပြင် ခလုတ်ထည့်သွင်းမှုပုံစံတွေက ဆက်လက်ပြီးထွက်ရှိလာမယ့် မိုဘိုင်းဖုန်းအများစုအတွက်လည်း စံနမူနာဖြစ်ခဲ့ပါတယ်။ အသံထွက်ကောင်းမွန်တဲ့ စပီကာပါဝင်ပြီး သီချင်းနားထောင်ချင်သူတွေအတွက်လည်း ရွေးချယ်စရာဖုန်းအမျိုးအစားအဖြစ် သတ်မှတ်ခြင်းခံခဲ့ရပါတယ်။





www.burmeseclassic.com

www.burmeseclassic.com



## 9. Motorola Rockr

နောင်တစ်ချိန်မှာ စမတ်ဖုန်းထုတ်လုပ် မှုလောကကို ဦးဆောင်နိုင်ခဲ့တဲ့ Apple နည်း ပညာအဖွဲ့အစည်းနဲ့ပူးပေါင်းပြီး Motorola က ၂၀၀၅ ခုနှစ်မှာ ဒီမိုဘိုင်းဖုန်းကို မိတ် ဆက်ပေးခဲ့တာပါ။ ထူးခြားချက်ကတော့ Apple ရဲ့ iTunes ဝန်ဆောင်ကို ပေါင်းစပ် ပေးနိုင်ခဲ့တာပါပဲ။ ဒီဖုန်းမိတ်ဆက်ပွဲမှာ စတိဗ်ဂျော့ဘ်ကိုယ်တိုင်လာရောက် မိတ်ဆက်ပေးခဲ့တာဖြစ်လို့လည်း လူသိများခဲ့ပါတယ်၊ ဒေါ့သီချင်းဝန်ဆောင်မှုပါ ပူးတွဲပြီးတော့ ဖြန့်ချိခဲ့တာဖြစ်လို့ Music ဖုန်းအဖြစ် လက်ခံခဲ့ကြပြီး ဈေးကွက်မှာလည်းအောင်မြင်ခဲ့ပါတယ်။ တကယ်တော့ Apple ရဲ့ iPhone ထုတ်လုပ်မယ့် အစီအစဉ်ဟာ ဒီဖုန်းကို iTunes နဲ့ အတူ မိတ်ဆက်ခဲ့ပြီးတဲ့နောက်မှာ ပိုမိုပီပြင်လာခဲ့တာပဲဖြစ်ပါတယ်။




## 10. Nokia N95

စမတ်ကျကျနဲ့ လုပ်ငန်းဆောင်တာတွေကိုပြုလုပ်နိုင်ဖို့အတွက် ဖန်တီးလာခဲ့တဲ့ မိုဘိုင်းဖုန်းတွေကို စမတ်ဖုန်းလို့ထပ်အဆင့်အမည်သတ်မှတ်ပြီးခေါ်ဝေါ်ခဲ့ပါတယ်။ စမတ်ဖုန်းတွေရဲ့ ကနဦးအမျိုးအစားတွေထဲ မှာ Nokia အမှတ်တံဆိပ် ဒီဖုန်းလည်းပါဝင်ခဲ့ပါတယ်။ Synbian 9.2 စက်လည်ပတ်မှုကိုအသုံးပြုထားပြီး ရုပ်ထွက်ပိုင်းဆိုင်ရာအတွက် သရီးဒီဂရုပ်ဖစ်နည်းပညာတွေကိုပါ ပေါင်းစပ်ပေးနိုင်ခဲ့ပါတယ်။ ၂၀၀၇ ခုနှစ်မှာ မိတ်ဆက်ခဲ့ပြီး စက်လည်ပတ်မှုစနစ်အခြေပြုပြီးထွက်ရှိထားတဲ့ စမတ်ဖုန်းတွေအတွက် နမူနာယူစရာအမျိုးအစားလည်းဖြစ်ခဲ့ပါတယ်။ လူကြိုက်အရမ်းများခဲ့ပြီး 5 MP ရှိတဲ့ ကင်မရာအသုံးပြုထားတာကြောင့် ခရီးသွားဓာတ်ပုံမှတ်တမ်းတင်ချင်သူတွေပါ သဘောကျခဲ့ ကြတဲ့ အမျိုးအစားလေးပါပဲ။




## 11. iPhone

၂၀၀၇ ခုနှစ်၊ ဇွန် ၂၉ ရက်မှာ ကမ္ဘာ့စမတ်ဖုန်းလောကကို တစ်ခေတ်ဆန်းစေမယ့်အမျိုးအစားကို Apple က မိတ်ဆက်ပေးခဲ့ပါတယ်။ ဒီဖုန်းကြောင့်လည်း Apple ဟာ ကွန်ပျူတာနည်းပညာအဖွဲ့အစည်းအဖြစ်သာမကဘဲ ကမ္ဘာကျော်စမတ်ဖုန်းထုတ် လုပ်ရေးအဖွဲ့အစည်းအဖြစ်လည်း နည်း ပညာနယ်ပယ်မှာ အောင်ပွဲခံနိုင်ခဲ့ပါတယ်။ iOS စက်လည်ပတ်မှုကိုအသုံးပြုထားပြီး ထိတွေ့မျက်နှာပြင်စနစ်နဲ့ ရိုးရှင်းလှပသပ်ရပ်တဲ့ဒီဇိုင်းပုံစံတွေက အနာဂတ်စမတ်ဖုန်း အားလုံးအတွက် စံနူန်းတစ်ခုကို ချပြလိုက်သလိုပါပဲ။ ဘာကြောင့်လဲဆိုရင် iPhone ထွက်ရှိပြီးတဲ့နောက်ပိုင်းမှာ စမတ်ဖုန်းထုတ်လုပ်မှုတွေကိုပြုလုပ်ကြတဲ့အခါ အလေးချိန်၊ အရွယ်အစား၊ တိုင်းတာမှုတွေကို အဓိကအညွှန်းထားတဲ့ဖုန်းက iPhone ဖြစ်နေလို့ပါပဲ။ ဒါကြောင့် မိုဘိုင်းလူနေမှုဘဝကို ပြောင်းလဲရာမှာအရေးကြီးဆုံးပုံစံ တစ်ခုသတ်မှတ်ခဲ့တဲ့ iPhone ကလည်း ချန်ထားခဲ့လို့မရတဲ့ လက်ရာတစ်ခုလို့ဆိုရမှာပါ။



## 12. HTC Dream

လက်ရှိအချိန်တိုင်းတာမှုအရ ကမ္ဘာ့လူသုံးအများဆုံး မိုဘိုင်းစက်လည်ပတ်မှုဟာ Android ပဲဖြစ်ပါတယ်။ ဒီစက်လည်ပတ်မှုကို ပထမဆုံးအသုံးပြုပြီး စတင်ထွက်ရှိလာခဲ့တဲ့အမျိုးအစားကတော့ HTC Dream ပဲ ဖြစ်ပါတယ်။ ၂၀၀၉ ခုနှစ်မှာ စတင်မိတ်ဆက်ခဲ့တာဖြစ်ပြီး Keyboard ပုံစံကို Slide နဲ့ထည့်သွင်းပြီး ဆွဲဆောင်မှုရှိအောင်ဖန်တီးပေးခဲ့ပါတယ်။ မြန်နှုန်း 528 MHz ရှိတဲ့ Processor နဲ့မိတ်ဆက်ပေးခဲ့တာဖြစ်ပြီး မျက်နှာပြင်အရွယ်အစား ၃ ဒသမ ၂ လက်မရှိလို့ အဲဒီအချိန်ကတော့ မျက်နှာပြင်အရွယ်အစားကြီးတဲ့ စမတ်ဖုန်းလို့ ခေါ်ဝေါ်ခဲ့ကြပါတယ်။ ထိတွေ့စနစ်အသုံးပြုနိုင်အောင် ဖန် တီးထားသလို Android စက်လည်ပတ်မှုကို မိုဘိုင်းဖုန်းအသုံးပြုသူတွေလက်သင့်ခံလာအောင် ပထမဆုံးဆွဲဆောင်နိုင်ခဲ့တဲ့ အမျိုးအစားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့ပါတယ်။





www.burmeseclassic.com

www.burmeseclassic.com



# အာဒီ သို့မဟုတ် ကမ္ဘာက စိတ်ဝင်စားခဲ့သည့် လွန်ခဲ့သော နှစ်ပေါင်း လေးသန်းကျော်က အမျိုးသမီး

ရှေ့မြင်ကွင်းတစ်ဆုံး မြင်မြင်သမျှ လွင်တီးခေါင်များသာ...။ အနီးဝန်းကျင်ရှိ တောင်ပူစာလေးများပေါ်ဝယ် ချုံပုတ်လေးများက ခပ်ကျဲကျဲ..။ ရာသီဥတုကား ပူပြင်းလှချေ၏။ ဟိုးအဝေး ခပ်ပျပျ လှမ်းမြင်နေရသည့် တောင်တန်းများ၏ အောက်ခြေမှာတော့ စိမ်းစိမ်းစိုစိုတောအုပ် လေးတစ်ခုဖြစ်တန်ရာသည်။ ဤဒေသကား အီသီယိုပီးယား နိုင်ငံအလယ်အဝါ့ရှ်ဒေသပင်...။ ပူပြင်းခြောက်သွေ့၍ ခက်ခဲကြမ်းတမ်းသည့် ဒေသတစ်ခုဖြစ်နေသော်ငြားလည်း ယင်းသည်ကား လူသားတို့ဖြစ်စဉ် သမိုင်းကြောင်းတွင် အရေးပါဆုံးသော နေရာတစ်ခုပင်တည်း။

မောင်ရဲမာန်(မြဝတီ)
Ref : National Geographic Magazine



မိုးစွေသည့်နေ့တစ်နေ့တွင် ဇီဝဗေဒအထောက်အထားများကို စုပေါင်းရှာဖွေနေကြသည့် ပညာရှင်နှင့်အဖွဲ့သားများ

**ကမ္ဘာမြေကို လွှမ်းမိုးအနိုင်ရျိုးခဲ့ကြပုံ**

အဆိုပါ နေရာကား ကမ္ဘာပေါ်ဝယ် သက်ရှိတို့ အစောဆုံး ရှင်သန်နေထိုင်ခဲ့ကြရာ နေရာဟုလည်း ဆိုနိုင်ပေ၏။ လွန်ခဲ့သည့် နှစ်ပေါင်း ခြောက်သန်းခန့်ကတည်းက လူသားတို့၏ ရှေးမျိုးနွယ်စဉ်ဆက်တို့သည် ဤဒေသဝယ် ရှင်သန်နေထိုင်ခဲ့ကြဖူးသည်။ ဘဝအတွက် ရုန်းကန်လှုပ်ရှားခဲ့ကြဖူးသည်။ သေဆုံးချုပ်ငြိမ်းခဲ့ကြဖူးလေ၏။ ယခုမူ ၎င်းတို့၏ ကြွင်းကျန်ရစ်သော ကျောက်ဖြစ်ရုပ်ကြွင်းတို့သည် အကြောင်းအမျိုးမျိုး ကြောင့် ကမ္ဘာမြေပြင်ပေါ်သို့ ပေါ်ထွက်လာခဲ့ချေပြီ။ ယင်းတို့အထဲတွင် Ardipthecus Ramidus မျိုးစိတ်ဝင် အာဒီအမည်ရှိ ကမ္ဘာအသက်ကြီးဆုံး အမျိုးသမီး၏ ကျောက်ဖြစ် ရုပ်ကြွင်းအရိုးများလည်း ပါဝင်ပေ၏။ ၎င်းတို့ကပင် သေးငယ်သော ဦးနှောက်ကို ပိုင်ဆိုင်ထားသော်ငြားလည်း ရှေးကျလှသည့် ပရိုင်းမိတ်တို့က ကမ္ဘာမြေကြီးကို မည်သို့မည်ပုံ လွှမ်းမိုးအနိုင်ယူခဲ့ကြသည်ကို ပြန်ပြောင်းပြောပြတော့မည်မှာ အမှန်ပင် မဟုတ်ပါလား။

အိုဝင်လပ်ဗ်ဂျိုင်းတစ်ယောက် ဖျတ်ခနဲ လှမ်းကြည့်လိုက်မိသည့် အမျိုးသမီးမှာ သူ့အား ၁၅ နှစ်ကျော်တိုင်တိုင် စိတ်ဝင်တစား စွဲလမ်းစေတော့မည်ဆိုသည့်အဖြစ်ကို သူတကယ်မသိခဲ့ရိုးအမှန်...။ ဤသို့ဆိုလိုက်သဖြင့် အိုဟိုင်းယိုးပြည်နယ်ရှိ ကဲ့န်စတိတ် တက္ကသိုလ်မှ နိုင်းယှဉ်လေ့လာမှုဆိုင်ရာ ခန္ဓာဗေဒပညာရှင် လပ်ဗ်ဂျိုင်းတစ်ယောက်မြင်တွေ့ခဲ့ရသည်မှာ ချောမောလှပ၍ ဆွဲဆောင်မှုရှိသော ခေတ်၏ သမီးပျိုတစ်ယောက်ဟုတော့ မထင်စေချင်ပါ။ အဒစ်အဘာဘာမြို့ ရှိ အီသီယိုပီးယားအမျိုးသား ပြတိုက်တွင် သူ မြင်တွေ့ခဲ့ရသည့် အမျိုးသမီးဆိုသည်ကား လောလောလတ်လတ် တူးဖော်ရရှိထားသော အာဒီပီးသီးကပ်စ် ရေးမီးဒပ်စ်၏ ကျောက်ဖြစ်ရုပ်ကြွင်းအရိုးစုများပင်တည်း။ အရိုးအချို့မှာ ဆိုးဆိုးရွားရွားပင် ကြေမွပျက်စီးနေချေပြီ။

''ကျွန်တော် ပထမဆုံး ဝင်လာတဲ့ အတွေးက လမ်းပေါ်မှာ ကားတိုက်ပြီး သေသွားတဲ့ မျောက်တစ်ကောင်ရဲ့ အရိုးစုတွေကို ဘာကြောင့် ငါ့ကို ဒီအထိခေါ်လာပြီး လာကြည့် ခိုင်းရတာလဲလို့ပေါ့ဗျာ'' ဟု လပ်ဗ်ဂျိုင်းက ဟာသနှောကာပြန်ပြောပြသည်။ ''ဒါပေမဲ့ ဆယ်မိနစ်လောက်လည်း ကြာရော အလွန်အရေးပါတဲ့ အစိတ်အပိုင်းတွေကို ကျွန်တော်မြင်တွေ့ခွင့်ရနေပြီ
ဆိုတာကို သဘောပေါက်လာ မိ



www.burmeseclassic.com

www.burmeseclassic.com

အဲဒီမှာ ဒုတိယအတွေးက ပေါ်လာတော့တာပဲ။ ဘုရားရေ... အဲဒါကြီး ကို ကျွန်တော်တို့ အဖြေထုတ်နိုင်ပါ့မလားဆိုတာကိုပါပဲ" ဟု သူက ဆက်၍ ပြောပြခဲ့သည်။

နှစ်ပေါင်းများစွာ ကြာခဲ့ချေပြီ။ အာဒီ၏ အရိုးများအား ကျောက်သားများ အတွင်းမှ ဂရုတစိုက်ထုတ်ယူနိုင်ခဲ့ချေပြီ။ လပ်ဗ်ဂျိုင်းတို့ ပညာရှင်တစ်စုမှာ အံ့အားသင့်စရာများကို တစ်ခုပြီးတစ်ခု တွေ့လာခဲ့ကြရသည်။ ယခင် အယူအဆများအရ လူသားဆင့်ကဲဖြစ်စဉ် သမိုင်းတစ်လျှောက် ရှေးဦးလူသား မျိုးနွယ်များ၏ ရုပ်ဆင်းအင်္ဂါနှင့် ကိုယ်နေ ဟန်ထားတို့သည် ယနေ့ထက်ထိတိုင် သက်ရှိ ထင်ရှားရှိသေးပြီး လူသားတို့နှင့် နီးစပ်စွာ တူညီလျက်ရှိနေ ကြကုန်သော ချင်ပန်ဇီ မျောက်ဝံများနှင့် အတော်ပင်ဆင်တူစွာရှိ နေကြပေလိမ့်မည်ဟု ကာလကြာမြင့်စွာ ယူဆထားခဲ့ကြလေ၏။

လပ်ဗ်ဂျိုင်းအနေဖြင့်မူ ရှေးဟောင်းမနုဿဗေဒပညာရှင်များအကြား ထင်ပေါ်ကျော်ကြားလူသိများခဲ့သည့် လူစီ၏ရုပ်ကြွင်း အရိုးစုများကိုလည်း ခွဲခြမ်းစိတ်ဖြာ လေ့လာခဲ့ဖူးလေပြီ။ ယခု အာဒီ၏ ရုပ်ကြွင်းများမှာမူ နှစ် ပေါင်း ၄ ဒသမ ၄ သန်းကြာမြင့်ခဲ့ပြီဖြစ်သဖြင့် လူစီထက် နှစ်ပေါင်း တစ်သန်းပို၍ အသက်ကြီးသည်ဟု ဆိုရပေမည်။ အာဒီပီးသီးကပ်စ်ရေးမီးဒပ်စ်သည် လူစီနှင့် မတူညီသကဲ့သို့ ချင်ပန်ဇီများနှင့်လည်း တူညီမှုမရှိ။ သူတွင် မိုင်ယိုဆင်းယုဂ်အတွင်း မျိုးသုဉ်းပျောက်ကွယ်သွားကြပြီဖြစ်သော ရှေးကျလှ သည့် မျောက်များနှင့် လူဝံများတွင် တွေ့ရှိရသည့် လက္ခဏာများနှင့် ယနေ့ဟိုမိနစ် လူသားတို့၏ လက္ခဏာသွင်ပြင်များ ပေါင်းစပ်ပိုင်ဆိုင်ထားသည်ကို ထူး ခြားစွာ လေ့လာတွေ့ရှိခဲ့ကြလေသည်။



အာဒီ၏ ခြေချောင်းဖွဲ့စည်းပုံအား ဤသို့တွေ့မြင်ရသည်။



အာဒီ၏ ဘေးသို့ကားထွက်နေသော ခြေမကြီးများအား သရုပ်ဖော်ထားစဉ်

### ထူးခြားသည့် ခြေဖဝါး ခြေမက ကားရှိသော

ဦးစွာ အာဒီ၏ ခြေဖဝါးကို လေ့လာကြည့်ကြပါစို့။ လူစီအပါအဝင် ယနေ့ခေတ် ဟိုမိနစ်လူသားတို့ဝယ် အခြားသော ခြေချောင်းတို့နှင့်အပြိုင် တည်ရှိနေသည့် ခြေမများပါရှိကြသည်။ ယင်းကြောင့်ပင် လူသားတို့၏ ရှေးမျိုးနွယ်များတို့သည် မြေပြင်ပေါ်၌ မတ်မတ်ရပ်ကာ နေနိုင်စွမ်းရှိခဲ့ကြပေ၏။ သို့သော် အာဒီ၏ ခြေမမှာမူ လူဝံများကဲ့သို့ ဘေးသို့ စောင်း၍ ထွက်နေသည်ကို လေ့လာတွေ့ရှိကြရသည်။ ယင်းကြောင့် သစ်ပင်ပေါ်သို့ တက်ရောက်ရာ၌ သစ်ကိုင်းများကို ခိုင်ခိုင်မြဲမြဲကိုင်တွယ်ဆုပ်ဖမ်းနိုင်စွမ်း ပိုမိုကောင်းမွန်သည်ဟု သုံးသပ်ရပေမည်။ သို့သော် ထူးခြားချက်တစ်ခုကား အာဒီ၏ ခြေဖဝါးတွင် အော့စ်ပီရိုနီယမ်ဟုခေါ်သော အရိုးငယ်တစ်ခု ပါရှိနေခြင်းပင်။ ယင်းအရိုးမှာ ရှေးဦးခေတ်လူဝံများမှသည် ယနေ့ခေတ် လူသားမျိုးနွယ်များအထိတိုင် စဉ်ဆက်မပြတ်ပါရှိနေသော်ငြားလည်း ချင်ပန်ဇီမျောက်ဝံများနှင့် ဂေါ်ရီလာ လူဝံများတွင်မူ လုံးဝပါဝင်ခြင်းမရှိချေ။ ယင်းအရိုးငယ်ပါရှိသည့်အတွက် လူသားတို့၏ခြေဖဝါးမှာ ပိုမို၍ ပြန့်ကားခိုင်မာနေခြင်းလည်းဖြစ်၏။ ယင်းအတွက်ကြောင့် အာဒီပီးသီးကပ်စ်ရေးမီးဒပ်စ်သည် မြေပြင်ပေါ်ဝယ် မတ်မတ်ရပ်နိုင်စွမ်းရှိသည်ဟု လပ်ဗ်ဂျိုင်းနှင့် သိပ္ပံပညာရှင်များအားလုံးက အခိုင်အမာယူဆနိုင်ခဲ့ကြပေသည်။ ထိုမျှသာမကသေး...။ ညီညာစွာ အပြိုင်တည်ရှိနေသည့် ခြေချောင်းလေးချောင်းကို အသုံးပြုခြင်းအားဖြင့် အာဒီသည် ခြေနှစ်ချောင်းပေါ် မတ်မတ်ရပ်ကာ ခြေလှမ်းကျဲများဖြင့် လမ်းလျှောက်နိုင်စွမ်းရှိသည်ကိုပါ သိရှိလာခဲ့ကြချေ၏။

အာဒီ၏ တင်ပဆုံရိုးသည်လည်း ယနေ့ လူသားများအဖြစ်သို့ ရောက်ရှိလာမည့် အရိပ်လက္ခဏာများအဖြစ် တွေ့ရှိခဲ့ကြ သည်။ လူသားတို့၏ တင်ပဆုံရိုးမှာ ခြေနှစ်ချောင်းပေါ်တွင် မတ်မတ်ရပ်၍ လမ်းလျှောက်နိုင်ရေး အဆင်ပြေလွယ်ကူရန်အတွက် အဓိက ထောက်ပံ့ပေးနေသော အရာ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ခြေနှစ် ချောင်းတွင် မတ်တတ်ရပ်၍ လမ်းလျှောက် သူများအနေဖြင့် ခြေတစ်ဖက်က



www.burmeseclassic.com

www.burmeseclassic.com





ခက်ခဲစွာ ပြန်လည်တပ်ဆင်ထားသည့် အာဒီ၏ ဦးခေါင်းပုံ



ရုပ်ကြွင်းအပိုင်းအစလေးတစ်ခုရရန်အတွက် ဤသို့ ပင်ပန်းစွာ ကြိုးစားရှာဖွေကြရသည်။

ရှေ့သို့ လှမ်းလိုက်ချိန်တွင် ကျန်ခြေတစ်ဖက်က လေထဲတွင် လွဲ၍ လိုက်ပါရသည်မဟုတ်ပါလား။ ထိုအခြေအနေတွင် ခန္ဓာကိုယ်ဟန် ချက်မပျက်စေရေးအတွက် တင်ပဆုံရိုး၏ အနေအထားက လွန်စွာ အရေးကြီးပေသည်။ လွန်ခဲ့သည့်နှစ် ပေါင်း ၃ ဒသမ ၂ သန်းခန့်တွင် အသက်ရှင်နေထိုင်ခဲ့သည့် လူစီ၏ အနေအထားမှ စတင်ကာ လူသား တို့၏ တင်ပဆုံရိုးမှာ ပိုမိုကျယ်ပြန့်လာကာ ပို၍ တိုတောင်းလာခဲ့သည်။ ထို့ကြောင့် တင်ပါးရိုးအား တည်ငြိမ်မှုရှိစေရန် ထောက်ကူပေးနေသည့် ဂလူတီယယ် ကြွက်သားများကို ပိုမိုတွယ်ကပ်နေနိုင်စေရန်နေရာ ပို၍ ကျယ်ပြန့်လာခဲ့ရပေ၏။

ချင်ပန်ဇီမျောက်ဝံတို့၏ တင်ပဆုံရိုးမှာမူ ကျဉ်းမြောင်းကာ ရှည်လျားသည့်အတွက် သစ်ပင်ပေါ်သို့ တက်ရောက်ရာတွင် ပိုမိုခိုင်မြဲမှုရရှိစေရန် အထောက်အကူပြုပေးနိုင်သော်ငြားလည်း ခြေနှစ်ချောင်းဖြင့် လမ်းလျှောက်ရာတွင်မူ ဘယ်ညာယိမ်းထိုးနေလေ့ ရှိပေ၏။ အာဒီ၏ တင်ပဆုံရိုးအထက်ပိုင်းမှာ တိုတောင်းကာ ကျယ်ပြန့်နေပြီး ယင်း အနေအထားမှာ လူသားများမှ လွဲ၍ အခြားမည်သည့်သတ္တဝါများတွင်မျှ တွေ့ရလေ့မရှိချေ။ ထို့ပြင် တင်ပဆုံရိုးအတွင်းပိုင်းအစွန်များသည်လည်း လူသားများကဲ့သို့ ငေါထွက်နေသဖြင့် မတ်မတ်ရပ်ကာ ခြေလှမ်းကျဲဖြင့် လမ်းလျှောက်နိုင်ရေးအတွက် အထောက်အပံ့ သဖွယ်ဖြစ်နေသည်ကို တွေ့ရသည်။ သို့သော် အောက်ပိုင်းတင်ပဆုံရိုးများမှာမူ လူဝံတို့၏ ဖွဲ့စည်းပုံနှင့် ဆင်တူနေဆဲဖြစ်၏။ ယင်းအနေအထားမှာ ကြီးမားသည့် နောက် ပိုင်းတွယ်ဆက်ကြွက်သားများ ကပ်တွယ်ထားရန် သင့်လျော်သည့် အနေအထားဖြစ်ပြီး အဆိုပါကြွက်သားများမှာ သစ်ပင်ပေါ် တက်ရောက်ရာ၌ အထူးလိုအပ်သော ကြွက်သားများ ဖြစ်ကြသည်။

ထူးဆန်းသည်က အာဒီ၏ လက်များပင် ဖြစ်၏။ ယနေ့ခေတ်အာဖရိကလူဝံများတွင် ရှည်လျားသော လက်ချောင်းများနှင့် လက်ဖဝါးများကို ပိုင်ဆိုင်ထားသည့်အတွက် သစ်ပင်များပေါ်ဝယ် နေထိုင်သွားလာရာ၌ အဆင်ပြေလွယ်ကူစေပြီး သန်မာ၍ ခိုင်မြဲသော အဆစ်များရှိသည့် အတွက်လည်း မြေပြင်ပေါ်၌ လမ်းလျှောက်ရာဝယ် ခန္ဓာကိုယ်၏ အလေးချိန်ကို လက်ဆစ်များဖြင့် ထောက်ပင့်ထားနိုင်စွမ်းရှိကြချေ၏။ ရှေးယခင်ကာလများကတည်းကပင် လူသားမျိုးစိတ်များနှင့် လားလားမျှ ဆက်စပ်မှုမရှိခဲ့ကြသော ချင်ပန်ဇီမျောက်ဝံများနှင့် ဂေါ်ရီလာလူဝံများက ၎င်းတို့ လက်ဆစ်များဖြင့် မြေပြင်ကို ထောက်ကာ အဆင်ပြေစွာ လမ်းလျှောက်ကြသည်ကို ထောက်ချင့်၍ လူသား တို့၏ ရှေးဘိုးဘွားအရင်းအချာတို့သည်လည်း ယနေ့ကာလကဲ့သို့ မတ်မတ်ရပ်ကာ လမ်းလျှောက်နိုင်ခြင်းမရှိမီ ဤကဲ့သို့ပင် လက်ဆစ်များဖြင့် ထောက်၍ လမ်းလျှောက်ခဲ့ကြရလိမ့်မည်ဟု သိပ္ပံပညာရှင်တို့က ကာလရှည်ကြာ ယူဆခဲ့ကြလေ၏။ သို့သော်ငြား အာဒီ၏ လက်များကို လေ့လာခြင်းအားဖြင့် ယင်းအယူအဆမှာ အမှားကြီးများလေပြီဟု သတ်မှတ်ရတော့မည်သာ။

အာဒီ၏ လက်ချောင်းများမှာ ရှည်လျားသော်ငြားလည်း လက်ဖဝါးမှာ တိုတောင်း၍ ကွေးနိုင်၊ ညွတ်နိုင်စွမ်း ကောင်းမွန်လှသည်။ ယင်းအခြေအနေကြောင့် သူမသည် သစ်ပင်ထိပ်ဖျားအကိုင်းများတွင်ပင် လက်ဖဝါးများဖြင့် အဆင်ပြေစွာ ဆုပ်ကိုင်သွားလာနိုင်စွမ်းရှိသဖြင့် သူ၏ ရွေ့လျားပုံမှာ မျောက်တစ်ကောင်ထက်စာလျှင် လူဝံတစ်ကောင်နှင့် ပိုတူနေပေလိမ့်မည်။ ထို့ပြင် သစ်ကိုင်းများတွင် ဦးခေါင်းနောက် လက်လွှဲကာ တွဲလဲ ခို ရွေ့လျားနိုင်စွမ်းလည်း ရှိကြသည်။

**ကြီးစွာသော ဂယက်များ ပညာရှင်များအကြားဝယ်**

ယင်းသို့ မျောက်တစ်ကောင်အလား လက်ချောင်းများအပါအဝင် ရှေးကျလှသည့် လက္ခဏာအသွင်အပြင်များကို ပိုင်ဆိုင်ထား ရှိသည့် အာဒီ-ရေးမီးအပ်စ်ကို လေ့လာခြင်း အားဖြင့် လူသားမျိုးရင်း၏ မူလဇာစ်မြစ်ကို ခွဲခြမ်းစိတ်ဖြာနေကြသော သိပ္ပံပညာရှင်များ အကြား ကြီးစွာသော ဂယက်ရိုက်မှုများ ဖြစ်ပေါ်လာခဲ့ရပေတော့သည်။ အကယ်၍ အာဒီအား လေ့လာသုံးသပ်မှုများသာ မှန်ကန်ပါက လူသားတို့၏ ရှေးဘိုးဘေးဘီဘင်တို့သည် ယနေ့ခေတ် မတ်မတ်ရပ် လမ်းလျှောက်နိုင်မှု မတိုင်မီ





www.burmeseclassic.com

www.burmeseclassic.com



မျောက်ဝံများကဲ့သို့ လက်ဆစ်များ ထောက်၍ လမ်းလျှောက်ခဲ့ကြရပေလိမ့်မည်ဟူသော အယူအဆများမှာ တက်တက်စင်များယွင်းပေတော့မည်သာပင်။ စောဒက တက်ဖွယ်တော့ ရှိပေသည်။ သည့်ထက် ရှေးကျသည့် ကာလများကပင် လူသားမျိုးနွယ်တို့သည် ချင်ပန်ဇီများကဲ့သို့ ပစ္စည်းကိရိယာ လက်နက်တို့ကို အဆင်ပြေစွာ အသုံးပြုခဲ့ကြသေးသည် မဟုတ်ပါလား။ ထိုစဉ်ကာလက ရှေးကျသည့် အပြုအမူများကို ကျင့်သုံးခဲ့ကြဖူးပြီး အာဒီ၏ ခေတ်သို့ ရောက်လာမှသာ အဆိုပါ အမူအကျင့်များ ပျောက်ကွယ် သွားခဲ့သည်ဆိုလျှင်ကော...။ သို့သော်အခြေအနေက ထိုသို့ မဟုတ်ပြီဟု ၎င်းတို့က သုံးသပ်ခဲ့ကြသည်။

မည်သို့ပင်ဆိုစေ၊ မည်သည့်လက္ခဏာအသွင်အပြင်များကို ပြဆိုသည်ဖြစ်စေ၊ အချို့သော သိပ္ပံပညာရှင်များကမူ အာဒီ-ရေးမီးဒပ်စ်မှာ လူသားမျိုးရင်းစစ်စစ်တစ်ယောက် မဟုတ်ဟု စောဒကတက်ခဲ့ကြသေးပေ၏။ နယူးယောက်တက္ကသိုလ်မှ တယ်ရီဟယ်ရစ်ဆန်ဆိုသူ သုတေသနပညာရှင်ကဆိုလျှင် အာဖရိကတိုက်နှင့် ယူရေးရှားဒေသအနံ့အပြားတွင် လွန်ခဲ့သည့် နှစ်ပေါင်း ငါးသန်းမှ ၂၈ သန်းအကြား မိုင်ယိုဆင်းယုဂ်အတွင်း မျိုးစိတ်ပေါင်းမြောက်မြားစွာသော လူဝံမျိုးနွယ်တို့ နေထိုင်ကျက်စားခဲ့ကြသည်ဟု ထောက်ပြခဲ့သည်။ "အာဒီဆိုတာလည်း အဲဒီလူဝံမျိုးစိတ်ထဲက တစ်ကောင်ကောင်သိပ်ဖြစ်နိုင်တာပေါ့ဗျာ။ အဲဒီလိုလူဝံမျိုးစိတ်တစ်ခုက လူသားမျိုးရင်းအဖြစ် ရောက်ရှိလာတယ်ဆိုတာကတော့ တယ်လက်မခံနိုင်စရာ ကိစ္စပဲ" ဟု ဟယ်ရစ်ဆန်က ကန့်ကွက်ခဲ့သည်။ အဆိုပါကိစ္စအား တုံ့ပြန်သည့်အနေဖြင့် နောင်တွင် ဟိုမိနစ်လူသားမျိုးစိတ်အဖြစ်သို့ ရောက်ရှိလာမည့် အာဒီ-ရေးမီဒပ်စ်၏ သိသာထင်ရှားလှသော လက္ခဏာသွင်ပြင်ပေါင်း နှစ်ဒါဇင်ကျော်ကို လဗ်ဂျိုင်းက သက်သေပြခဲ့သည်။ ယင်းအချက်အလက်များကို သက်သေပြရန်အတွက်လည်း ဟယ်ရစ်ဆန်ကပင် တောင်းဆိုခဲ့ခြင်း ဖြစ်၏။ နောက်ဆုံးတွင် အဆိုပါသိပ္ပံပညာ ရှင်နှစ်ဦးစလုံးက မျိုးသုဉ်းသွားကြပြီဖြစ်သော လူဝံမျိုးနွယ်တို့မှာ လူသားမျိုးရင်းနှင့် လုံးဝသက်ဆိုင်ခြင်းမရှိကြောင်း စိတ်တူကိုယ်တူ လက်ခံခဲ့ကြလေသည်။

အာဒီ-ရေးမီးဒပ်စ်သည် လူသားဖြစ်သော ဟိုမိနစ်မျိုးနွယ်ဝင်ပင် ဆိုကြပါစို့။ သူသည် ခြေနှစ်ချောင်းပေါ် မတ်တတ်ရပ်သူ စင်စစ်ဟုတ်ပါ၏လော။ အာဒီအား ရှာဖွေတွေ့ရှိခြင်းမရှိခဲ့စဉ်က သိပ္ပံပညာရှင်များအဖို့ အချို့သော မေးခွန်းများမှာ အဖြေရှာရန် လမ်းစပျောက်နေသော အခြေအနေဖြစ်ခဲ့ရ လေ၏။ အဆင့်မြင့်ပရိုင်းမိတ်မျိုးစိတ်များစွာ ရှိသည့်အနက် လူသားတို့မှာ တစ်ခုတည်းသော ခြေနှစ်ချောင်းပေါ် မတ်တတ်ရပ်သွားလာနိုင်သည့် မျိုးစိတ်ဟု ဆိုနိုင်ပေသည်။ အလားတူပင် ဟိုမီနစ်မျိုးနွယ်တို့တွင် ကြီးမားသော ဦးနှောက်ကို ပိုင်ဆိုင်ထားရှိကြသည်ဟု အများက သတ်မှတ်ထားကြပြီးလည်း ဖြစ်သည်။ သို့သော် ၁၉၂၄ ခုနှစ်တွင် ရှာဖွေတွေ့ရှိခဲ့သည့် ဩစတြာလိုပီသီးဆင်း လူသားထိတိုင် သေးငယ်သော ဦးနှောက်ကိုသာ ပိုင်ဆိုင်ထားခဲ့ဖြစ်သည်။ အလားတူပင် ဘေးသို့ ကားထွက်နေသော ခြေမကြီးများရှိနေလျက်နှင့် အာဒီတစ်ယောက် မည်ကဲ့သို့ ခြေနှစ်ချောင်းပေါ်ဝယ် မတ်မတ်ရပ်နေနိုင်သနည်းဆိုသော အချက်မှာလည်း သိပ္ပံ ပညာရှင်များအဖို့ ခေါင်းစားဖွယ် ဖြစ်ခဲ့ရသည်။

"ဒါဟာ ခြေနှစ်ချောင်းသတ္တဝါရဲ့ ခြေဖဝါးပုံစံမျိုး မဟုတ်ဘူး" ဟု ကန့်ကွက်ခဲ့သူ



လူစီ(ဝဲဘက်)နှင့် အာဒီတို့၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို နှိုင်းယှဉ်ပြသထားပုံ



ယနေ့လူသားများနှင့် အရွယ်အစားတူညီသည့် အာဒီ၏ လက်ဖဝါးဖွဲ့စည်းပုံ

www.burmeseclassic.com

www.burmeseclassic.com



မှာ စတုန်းနီးဘရွတ်ခ်တက္ကသိုလ်မှ ဆင့်ကဲဖြစ်စဉ်အသွင်သဏ္ဌာန်ဆိုင်ရာ ဇီဝဗေဒပညာရှင် ဝီလျံဂျန်းဂါးစ်ပင်ဖြစ်သည်။ ''အာဒီဆီမှာ ဘေးကို အလွန်ကားထွက်နေတဲ့ ခြေမကြီးတွေ ရှိနေတယ်ဆိုတာ မြင်ယောင်ကြည့်နိုင်ပါတယ်။ ဒီလိုခြေဖဝါးမျိုး ပိုင်ဆိုင်ထားတဲ့အတွက်လည်း ပင်စည်ကို အလွယ်တကူ တွယ်တက်ပြီး ထိပ်ဖျားကို ရောက်နိုင် တာပေါ့ဗျာ။ တောင်ပံပါလို့ ပျံတက်သွားကြတာမှ မဟုတ်ဘဲ'' ဟု သူက ထောက်ပြခဲ့ သည်။ ဤသို့ သစ်ပင်ပေါ်ဝယ် ခြေလေး ချောင်းကို အသုံးပြုကာ အဆင်ပြေစွာ သွားလာနေထိုင်နိုင်စွမ်းရှိသည့် သတ္တဝါတစ် ကောင်အနေဖြင့် မည်သည့်အကြောင်းကြောင့် မြေပြင်ပေါ်ဝယ် ခြေနှစ်ချောင်းဖြင့် သွားလာရသည့်ဘဝကို ပြောင်းလဲခဲ့ရပါသနည်းဟု ဂျန်းဂါးစ်က မေးခွန်းထုတ်ခဲ့ခြင်း ဖြစ်ပေ၏။

**လူဝံများ၏ ထိုစွယ်သွား လက်နက်အလား သုံးခဲ့ကြပုံ**

လပ်ဗ်ဂျိုင်းကမူ ဂျန်းဂါးစ်၏ မေးခွန်းအား အငြင်းပွားဖွယ် စကားတစ်ခွန်းဖြင့်သာ အဖြေပေးခဲ့လေသည်။ ''မျိုးဆက်ပွားဖို့အတွက်ပေါ့ဗျာ'' ဟူ၍ပင်။ လပ်ဗ်ဂျိုင်းသည် ခေတ်အချိန်အပြောင်းတွင် ခြေနှစ်ချောင်း သတ္တဝါတို့အုပ်စုဖွဲ့နေထိုင်မှုအလေ့အထ၏ အရေးပါမှုကို အဓိကထား လေ့လာခဲ့ခြင်း ဖြစ်သည်။ ၄င်းအယူအဆ၏ အဓိကကောက်ချက်အချို့မှာ လူသားမျိုးရင်းနှင့် အံဝင်ခွင်ကျဖြစ်သလို အချို့မှာလည်း ကွဲ ပြားခြားနားနေသည်ကို တွေ့ရှိရပေသည်။ သူက လူဝံအထီးအချင်းချင်း ယှဉ်ပြိုင်တိုက်ခိုက်ကြရာ၌ လက်နက်အဖြစ် အသုံးပြုကြခြင်းဖြစ်သည်ဟု ထောက်ပြခဲ့သည်။

ယနေ့ခေတ်ကာလအထိတိုင် သက်ရှိထင်ရှားရှိနေသေးသော လူဝံများနှင့် မျိုးသုဉ်းပျောက်ကွယ်သွားကြပြီဖြစ်သော လူဝံအထီးတိုင်းတွင် ကြီးမား၍ ထင်သာမြင်သာရှိသော စွယ်သွားကြီးများကို ပိုင်ဆိုင်ထား ကြသည်။ အဆိုပါစွယ်သွားများမှာ အောက်သွားများနှင့် ထိတွေ့မိလျက်ရှိရာ သဘာဝ အလျောက် သွေးပေးသကဲ့သို့ ဖြစ်နေသည့်အတွက်လည်း အမြဲပင် ချွန်ထက်လျက်ရှိ နေကြပေ၏။ လူသားများတွင်မူ ယောကျ်ား ၏စွယ်သွားမှာ မိန်းမများနည်းတူ သေးငယ်လေ့ရှိကြသည်။ အာဒီပီးသီးကပ်စ်ရေးမီးဒပ်စ်အား ရှာဖွေတွေ့ရှိခဲ့ရာ အလယ်အဝါ့ရှ် ဒေသ၏ မြေပြင်အောက်မှ အထီးနှင့်အမနှစ်မျိုးစလုံး၏ စွယ်သွားများဟု ယူဆရသော စွယ်သွား ၂၁ ချောင်းအား သီးခြားစီရှာဖွေ တွေ့ရှိခဲ့ကြလေသည်။ အားလုံးမှာ လူသားများ၏ စွယ်သွားများနှင့် တထေရာတည်းပင်...။

လပ်ဗ်ဂျိုင်း၏ သုံးသပ်တင်ပြချက်အရ အာဒီ-ရေးမီးဒပ်စ်အထီးများသည် ကြင်ဖော်တစ်ယောက်ရရှိရေးအတွက် အခြားသော ပြိုင်ဘက်အထီးများနှင့် သူသေ ကိုယ်ကြေတိုက်ခိုက်သတ်ပုတ်နေခြင်းမရှိကြတော့ဘဲ ကြင်ဖော်တစ်ယောက်ကိုသာ သတ်သတ်မှတ်မှတ်ရွေးချယ်လေ့ရှိကြပြီး သူမနှင့် မွေးဖွားလာသော ရင်သွေးငယ်များကို အာဟာရ ဓာတ်ကြွယ်ဝသော အစားအစာများ ရှာဖွေကာ ပေးကမ်းထောက်ပံ့လေ့ရှိကြသည်ဟု ဆိုသည်။ ယင်းဓလေ့ကို ကျင့်သုံးခြင်းအားဖြင့် မွေးဖွားလာသော ရင်သွေးများမှာလည်း မိမိ၏ ရင်သွေးအရင်းအချာဖြစ်ကြောင်း သေချာစေနိုင်သည့် အကျိုးကျေးဇူးကို ရရှိနိုင်ပေ၏။

ယင်းသို့ လုပ်ဆောင်နိုင်ရေးအတွက် အာဒီ-ရေးမီးဒပ်စ်အထီးများမှာ သစ်ပင်များပေါ်ဝယ် ခြေ လက်လေးဖက်စလုံး အသုံးပြုသွားလာ



ကျောက်ဖြစ်ရုပ်ကြွင်းမနုဿဗေဒပညာရှင်၏ လက်ထဲတွင် တွေ့ရသော အာဒီ၏ မေးရိုးနှင့်သွားများ



ကြေမွနေသည့် အာဒီ၏ ဦးခေါင်းခွံအစိတ်အပိုင်းများကို စနစ်တကျပြန်လည်တပ်ဆင်ရန် စီစဉ်ထားရှိစဉ်



အာဒီ၏ ဦးခေါင်းရိုးများကို ပြန်လည် တပ်ဆင်နိုင်ရေးအတွက် ကွန်ပျူတာအကူအညီဖြင့် စနစ်တကျပြန်လည်စီစဉ်ထားရှိစဉ်





www.burmeseclassic.com

www.burmeseclassic.com



နေထိုင်လေ့ရှိသည့် သတ္တဝါများဖြစ်လင့် ကစား အစားအစာများ ပြန်လည်သယ် ဆောင်လာရန်အတွက်မူ လက်နှစ်ကို မလွဲ မသွေ အသုံးပြုကြရတော့ မည်ပင်။ ယင်း စနစ်ကို "မျိုးဆက်အတွက် အစားအစာ" ဟု သူက အမည်ပေးထားသည်။ အာဒီ- ရေးမီးဒပ်စ်များအဖို့ ခြေနှစ်ချောင်းကို အသုံးပြုသွားလာသော အလေ့အထမှာ အဆင်ပြေချင်မှ ပြေမည် ဖြစ်သော်လည်း ယင်းစနစ်ကို မလွဲမသွေ လိုက်နာကျင့် သုံးပါမှသာ သူ့အဖို့ ရင်သွေး အရင်းအချာ များ ရရှိနိုင်မည်မှာ အမှန်။ ဆင့်ကဲဖြစ်စဉ် အတွင်း အဆင့်ဆင့်တိုးတက်လာမှု သဘော တရားအရ ဆွေမျိုးအသိုင်း အဝိုင်းအုပ်စု အင်အားတောင့်တင်းသူများသာလျှင် အခက်အခဲအမျိုးမျိုးကို အောင်မြင် စွာ ကျော်လွှားနိုင်မည်မဟုတ်ပါလား။

အကယ်၍ သိပ္ပံပညာရှင်များ၏ အယူ အဆများသာ ဝေးကွာလှသော အတိတ်ကာ လအတွင်း အမှန်တကယ် ဖြစ်ပျက်ခဲ့သည် မှန်ပါက အာဒီ၏ ခြေနှစ်ချောင်းပေါ် မတ် တတ်ရပ်၍ လမ်းလျှောက်နိုင်စွမ်းမှာ သြစ တြေလိုပီးသီးကပ်စ်လူသားမျိုးစိတ်များ ထက် နှစ်ပေါင်း ၂၀၀၀၀၀ မျှ ပို၍ စောခဲ့ သည်ဟု သတ်မှတ်ရတော့မည်ပင်။ အဆိုပါ သြစတြေး လိုပီးသီးကပ်စ်မျိုးစိတ်မှာ လူစီ နှင့် မျိုးနွယ်ချင်းတူပြီး ယင်း၏ ရုပ်ကြွင်းများ ကိုလည်း အာဒီအား ရှာဖွေတွေ့ရှိခဲ့ရာ ဒေသမှပင် တူးဖော်ရရှိခဲ့ခြင်းဖြစ်သည်။ ထူးခြားမှုတစ်ခုမှာ ၎င်းသြစတြေလိုပီးသီး ကပ်စ်လူသားတို့သည် ယနေ့ခေတ်လူသား များအတိုင်း ခြေနှစ်ချောင်းပေါ် ပြည့်ပြည့် ဝဝ မတ်တတ်ရပ်ကာ ခြေလှမ်းကျဲများဖြင့် သွားလာနိုင်ခဲ့ခြင်း ပင်ဖြစ်၏။

**အစပျိုးနိဒါန်း ဇာတ်လမ်းရှည်၏ အခန်းတစ် ခုသာ**

ဤသို့ဆိုပါလျှင် အလွန်ရှေးကျလှ၍ ဘေးသို့ ပြန့်ကားထွက်နေသော ခြေမများ ပိုင်ရှင် အာဒီ - ရေးမီးဒပ်စ်တို့အနေဖြင့် ကမ္ဘာဦးသမိုင်းကြောင်းအရဆိုရသော် တို တောင်းလှသည်ဟု သတ်မှတ်ရမည်ဖြစ် သော နှစ်ပေါင်း ၂၀၀၀၀၀ အတွင်းဝယ် ယနေ့ခေတ်လူသားများ၏ ဘိုးဘွားအဆက် ဆက်လက္ခဏာအသွင်အပြင်များအဖြစ်သို့ အလျှင်အမြန်ပင် ပြောင်းလဲ ရောက်ရှိခဲ့ပါ



သိပ္ပံပညာရှင်များအနေဖြင့် ဒေသခံလူမျိုးစု ခေါင်းဆောင်များနှင့် အဆင်ပြေစွာ ဆက်ဆံတတ်ဖို့ကလည်း အရေးကြီးသည်။



ထိုခေတ်လူသားများ အသုံးပြုခဲ့ဟန်တူသည့် ခုနစ်လက်မခွဲအရွယ်အစားခန့်ရှိသော အသားများကို ခုတ်ထစ်သည့် ကျောက်လက်နက်တစ်ခု



အဖိုးတန်အထောက်အထားများကို ဂရုတစိုက်ရှာဖွေနေသည့် သိပ္ပံပညာရှင်ပါမောက္ခတစ်ဦး

သလော။ သို့မဟုတ် အာဒီကိုယ်တိုင်ကပင် လျှင် တစ်မူထူးဆန်း၍ ရှေးကျလှသော လက္ခဏာအသွင်အပြင်များကို ထူးခြားစွာ ပိုင်ဆိုင် ထားပြီး ကံမကောင်းစွာဖြင့် မျိုးဆက်သုဉ်းကာ ကွယ်ပျောက်သွားခဲ့ရရှာ သော သီးခြားမျိုးစိတ်တစ်ခုဖြစ်လေသ လော။ လွယ်လွယ်ကူကူဖြင့် အဖြေရှာဖော် ထုတ်နိုင်စွမ်းသော မေးခွန်းများမဟုတ်ရ ကား သိပ္ပံပညာရှင်များအနေဖြင့် အကြီး အကျယ် ခေါင်းစားကြရဦး မည်ကတော့ အမှန်ပင်။

"ဒီရှာဖွေတွေ့ရှိမှုတွေကတော့ ဘာပဲ ပြောပြော အလွန်အရေးပါပြီး တန်ဖိုး ကြီးမားလှတဲ့ တွေ့ရှိမှုတွေလို့တော့ ဆိုရမှာ ပါပဲ။ နယ်ပယ်အသီးသီးက ပညာရှင်များစွာ တို့ရဲ့ အားထုတ်မှုတွေဟာ လူသားသမိုင်း ကြောင်းအတွက် မော်ကွန်းထိုးလောက်တဲ့ အထောက်အထားတွေကို ရရှိစေတာတော့ မငြင်းနိုင်ပါဘူး"ဟု ဂျွန်းဂါးစ်က မှတ်ချက် ပြု ခဲ့သည်။ "ဒါပေမဲ့ပေါ့ဗျာ...ဒါတွေဟာ ဇာတ်လမ်းရှည်တစ်ပုဒ်ရဲ့ အစပျိုးနိဒါန်း လေးပဲ ရှိပါသေးတယ်လို့ ပြောရတော့မှာ ပါပဲ"ဟု သူက ဆက်လက်၍ သုံးသပ်သွားခဲ့ လေသည်။



၁၉၉၇ ခုနှစ်တွင် ရှာဖွေတွေ့ရှိခဲ့သည့် ကြီးမားသော ဦးနှောက်ပိုင်ရှင် ရှေးဦးလူသား၏ ဦးခေါင်းခွံရိုးနှင့် ၎င်းအားခန့်မှန်းသရုပ်ဖော်ထားသည့် ဟာတိုလူသား

မောင်ရဲမာန်(မြဝတီ)

Ref : National Geographic Magazine



www.burmeseclassic.com

www.burmeseclassic.com









အိန္ဒိယနိုင်ငံသည် အာရှတိုက်၏တောင်ပိုင်းတွင်တည်ရှိနေသော နိုင်ငံတစ်ခုဖြစ်ပြီး
ကမ္ဘာပေါ်တွင် ဧရိယာအားဖြင့် သတ္တမမြောက်အကြီးဆုံးနိုင်ငံဖြစ်သည်။
အိန္ဒိယနိုင်ငံသည် ဒုတိယမြောက်လူဦးရေအထူထပ်ဆုံးသောနိုင်ငံဖြစ်ပြီး လူပေါင်း (၄.၂)ဘီလျံယံခန့် မိုတင်းနေထိုင်
လျက်ရှိသည့် ကမ္ဘာပေါ်တွင် အကြီးဆုံးဒီမိုကရေစီနိုင်ငံဖြစ်သည်။ အိန္ဒိယနိုင်ငံကို တောင်ဘက်ပိုင်းတွင် အိန္ဒိယသမုဒ္ဒရာ၊
အနောက်တောင်ဘက်ပိုင်းတွင် အာရေဗီယံပင်လယ်နှင့် အရှေ့တောင်ဘက်ပိုင်းတွင် ဘင်္ဂလားပင်လယ်အော်တို့မှ
ဝန်းရံလျက်ရှိပြီး အနောက်ဘက်တွင် ပါကစ္စတန်နိုင်ငံ၊ အရှေ့မြောက်ဘက်တွင် တရုတ်၊ နီပေါနှင့်ဘူတန်နိုင်ငံများ၊
အရှေ့ဘက်တွင် မြန်မာနိုင်ငံနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံများဖြင့် နယ်နိမိတ်ခြင်းထိစပ်လျက်ရှိ၏။ အိန္ဒိယသမုဒ္ဒရာအတွင်း၌
အိန္ဒိယနိုင်ငံသည် သီရိလင်္ကာနိုင်ငံနှင့် မော်လဒိုက်နိုင်ငံများ၏အနီးပတ်ဝန်းကျင်တွင် တည်ရှိနေသည့်အပြင်
အိန္ဒိယပိုင်ဆိုင်သော အန်ဒမန်ကျွန်းနှင့်နီကိုဘာကျွန်းများသည် ထိုင်းနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံများဖြင့်
ရေပြင်နယ်နိမိတ်အရ ထိစပ်လျက်ရှိသည်။

# မဟာအိန္ဒိယနိုင်ငံ နှင့် ကာမဘီလူးများ





www.burmeseclassic.com

www.burmeseclassic.com



၁၈ ရာစု အစောပိုင်းကာလများတွင် အိန္ဒိယနိုင်ငံသည် တဖြည်းဖြည်းချင်းကျူးကျော်ခံရပြီးသည့်နောက် ဗြိတိသျှ အရှေ့အိန္ဒိယကုမ္ပဏီ၏ အုပ်ချုပ်မှုအောက်သို့ ရောက်ရှိသွားခဲ့ပြီး ၁၉ ရာစုအလယ်ပိုင်းအချိန်များမှအစပြုပြီး ယူကေနိုင်ငံမှတိုက် ရိုက်အုပ်ချုပ်ခြင်းကို ခံခဲ့ရ၏။ မဟတ္တမဂန္ဒီ ဦးဆောင်ဦးရွက်ပြုခဲ့သည့် အကြမ်းမဖက် လှုပ်ရှားမှုလမ်းစဉ်အရ လွတ်လပ်ရေးအတွက်ကြိုးပမ်းမှုများ ပြုလုပ်ခဲ့ပြီးနောက် ၁၉၄၇ ခုနှစ်တွင် အိန္ဒိယနိုင်ငံသည် အင်္ဂလိပ်တို့ထံမှလွတ်လပ်ရေးရရှိခဲ့ပြီး အချုပ်အခြာ အာဏာပိုင်ဆိုင်သော နိုင်ငံတစ်ခုအဖြစ် ကမ္ဘာ့အလယ်တွင်ဝင့်ဝင့်ထည်ထည်ရပ်တည်နိုင်ခဲ့၏။ အိန္ဒိယနိုင်ငံသည် နျူကလီးယားလက်နက်ပိုင်ဆိုင်ထားသည့် တိုင်းပြည်တစ်ခုဖြစ်ပြီး ဒေသအတွင်း၌ ဩဇာအရှိန်အဝါရှိသော နိုင်ငံတစ်ခုလည်းဖြစ်သည်။ ကမ္ဘာပေါ်တွင် တတိယမြောက်အကြီးဆုံးသော စစ်တပ်ကိုပိုင်ဆိုင်ထားသည့် နိုင်ငံတစ်ခုဖြစ်ပြီး သတ္တမမြောက် စစ်သုံးစရိတ်အများဆုံးသုံးစွဲသည့်နိုင်ငံလည်းဖြစ်သည်။



အိန္ဒိယဆိုသော အမည်နာမသည် Indus မှ ဆင်းသက်လာခြင်းဖြစ်ပြီး Idus သည် ရှေးဟောင်းပါရှန်းစာလုံးဖြစ်သည့် Hindus မှ မြစ်ဖျားခံလာခြင်းပင်ဖြစ်သည်။ Hindus ဆိုသော ဝေါဟာရသည် သက္ကတဘာသာစကားမှ Sindhu မှ ပေါ်ပေါက်လာခဲ့ခြင်းပင် ဖြစ်သည်။ ရှေးဟောင်းဂရိလူမျိုးများသည် အိန္ဒိယလူမျိုးများကို Indoi ဟု ရည်ညွှန်းသုံးစွဲခဲ့ကြပြီး Indus လူမျိုးများဟု ဘာသာပြန်နိုင်၏။ အိန္ဒိယနိုင်ငံသည် ပါလီမန်စနစ်၏အောက်တွင် အခြေခံဥပဒေအရ ရွေးကောက်တင်မြှောက်ထားသော အစိုးရအဖွဲ့မှ အုပ်ချုပ်ခြင်းပင်ဖြစ်ပြီး ကျယ်ပြောလှသော အိန္ဒိယနိုင်ငံကြီးကို ပြည်နယ်ပေါင်း ၂၈ ခု အပါအဝင် ပေါင်းစည်းသော နယ်မြေခုနစ်ခုတို့ဖြင့် ဖွဲ့စည်းထားခြင်းပင်ဖြစ်သည်။ အိန္ဒိယနိုင်ငံကြီးသည် ဆင်းရဲမွဲတေခြင်း၊ စာမတတ်မြောက်ခြင်း၊ စာရိတ္တပျက်ပြားခြင်း၊ အာဟာရချို့တဲ့ခြင်း၊ ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှု မလုံလောက်ခြင်း၊ အကြမ်းဖက်ဝါဒများအပြင် အမျိုးသမီးများအား လိင်ပိုင်းဆိုင်ရာစော်ကားမှုများဖြင့်ပါ ရင်ဆိုင်လျက်ရှိနေ၏။ အမျိုးသမီးများအား မအေနှမချင်းမစာနာဘဲ အလိုမတူဘဲ ဗလက္ကာရပြုခြင်းများသည် အထူးသဖြင့် အိန္ဒိယနိုင်ငံ၏ မြို့တော်ကြီးဖြစ်သည့် နယူးဒေလီနှင့်တစ်ဝိုက်တွင်ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားလျက်ရှိသည်။

> ”
>
> ပြည်သူလူထုမှ မုဒိမ်းမှုဖြစ်ပွားရာ နယူးဒေလီတွင် အမျိုးသမီးများအား လုံလောက်သော လုံခြုံရေးမပေးနိုင်ခဲ့ခြင်းအတွက် အိန္ဒိယအစိုးရနှင့် နယူးဒေလီအစိုးရတို့အား ဆန့်ကျင်ဆန္ဒပြခဲ့ကြ

ကမ္ဘာ့မီဒီယာလောကတွင် ဟိုးလေးတကျော်ဖြစ်သွားခဲ့သည့် အိန္ဒိယနိုင်ငံမှ အုပ်စုဖွဲ့မုဒိမ်းကျင့်ပြီးနောက် လူသတ်မှုဖြစ်ပွားခြင်းသည် ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် နယူးဒေလီမြို့၏ တောင်ဘက်ခြမ်းအနီးရှိ ဒေသတစ်ခုတွင် ဖြစ်ပွားခဲ့ခြင်းပင်ဖြစ်သည်။ အသက် ၂၃ နှစ်အရွယ် အိန္ဒိယသမီးပျိုတစ်ဦးသည် သူမ၏အမျိုးသားအဖော်နှင့် ခရီးသွားနေစဉ် ဘတ်ကားအတွင်း၌ အုပ်စုဖွဲ့မုဒိမ်းကျင့်ခံရခြင်းပင်ဖြစ်သည်။ အခင်းဖြစ်ပွားခဲ့စဉ်အခါက ကားအတွင်း၌ ယာဉ်မောင်းအပါအဝင် အခြားအမျိုးသားခြောက်ဦးရှိနေခဲ့ပြီး ယင်း တို့အားလုံးမှ အမျိုးသမီးအား အတင်းအဓမ္မ ကာမဓားပြတိုက်ခဲ့ခြင်းပင်ဖြစ်သည်။ အခင်း ဖြစ်ပွားပြီးနောက် ၁၃ ရက်အကြာ စင်္ကာပူနိုင်ငံ၌ အရေးပေါ်ဆေးကုသမှုခံယူနေစဉ် အဆိုပါအမျိုးသမီးသည်ရရှိခဲ့သောဒဏ်ရာများဖြင့် တိမ်းပါးသွားခဲ့ရ၏။ ယင်းဖြစ်ရပ်သည် ပြည်တွင်းရော ပြည်ပ၌ပါ ကျယ် ကျယ်လောင်လောင်လူပြောများခဲ့ပြီး နိုင်ငံအတွင်းနှင့် ပြည်ပမှအမျိုးမျိုးသော အမျိုးသမီးအသင်းအဖွဲ့များက အဆိုပါ ဖြစ်ရပ်ကို ပြစ်တင်ရှုတ်ချခဲ့၏။

နောက်ဆက်တွဲအနေဖြင့် ပြည်သူလူထုမှ မုဒိမ်းမှုဖြစ်ပွားရာ နယူးဒေလီတွင် အမျိုးသမီးများအားလုံလောက်သော လုံခြုံရေးမပေးနိုင်ခဲ့ခြင်းအတွက် အိန္ဒိယအစိုးရနှင့် နယူးဒေလီအစိုးရတို့အား ဆန့်ကျင်ဆန္ဒပြခဲ့ကြ၏။ ထောင်နှင့်ချီသော ဆန္ဒပြသူများနှင့် လုံခြုံရေးတပ်ဖွဲ့များအကြားတွင် ထိပ်တိုက်ရင်ဆိုင်မှုများဖြစ်ပွားခဲ့ပြီး အလားတူဆန္ဒပြပွဲများမှာ အိန္ဒိယနိုင်ငံတစ်ဝန်းရှိ အခြားမြို့ကြီးများတွင်လည်း ဖြစ်ပွားခဲ့သည်။ အားလုံးသော တရားခံများမှာ ဖမ်းဆီးခံရပြီး နောက် ဗလက္ကာရပြုလုပ်မှုနှင့်လူသတ်မှုအပါအဝင် အမှုပေါင်းငါးခုဖြင့်တရားစွဲခံခဲ့ရ၏။ တရားခံယာဉ်မောင်းဖြစ်သူမှာ ၂၀၁၃ ခုနှစ်၊ မတ်လတွင် အကျဉ်းထောင်အတွင်း၌ ရဲများ၏ အစောင့်အရှောက်အောက်တွင်သေဆုံးသွားခဲ့၏။ ရဲဘက်ဆိုင်ရာမှ ထုတ်ပြန်သော သတင်းများအရ ယာဉ်မောင်းသည် ကိုယ့်ကိုယ်ကိုယ်ကြိုးဆွဲချသေဆုံးခြင်းဖြစ် သည်ဟုဆိုသော်လည်း တရားခံဘက်မှရှေ့နေနှင့်မိသားစုတို့ကမူ အသတ်ခံရခြင်းဖြစ်သည်ဟု သံသယရှိခဲ့ကြ၏။ ကျန်တရားခံ ငါးဦးမှာမူ ကျူးလွန်ခဲ့သော





www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မှုများအတွက် တရားရုံးတွင် တရားရင်ဆိုင်လျက်ရှိသည်။

ဗလက္ကာရပြုခံရသည့်အမျိုးသမီးနှင့် သူ၏အမျိုးသား အဖော်ဖြစ်သူတို့မှာ နယူးဒေလီတောင်ပိုင်းတွင် လိုက်ပါစီးနင်းခဲ့ခြင်းဖြစ်သည်။ သူတို့စုံတွဲအပြင် ကားပေါ်တွင် ယာဉ်မောင်းအပါအဝင် အမျိုးသားခြောက်ဦးလိုက်ပါလာခဲ့၏။ ကားသည် ပုံမှန်မောင်းနေကျလမ်းကြောင်းမှ သွေဖယ်သွားပြီး ကားပြတင်းပေါက်များ ပိတ်လိုက်သောအခါ၌ အမျိုးသမီး



ဖြစ်သူ၏ သူငယ်ချင်းမှာ သံသယဖြစ်လာသဖြင့် ကန့်ကွက်ပြောဆိုသောအခါ ယာဉ်မောင်းအပါအဝင်ကားပေါ်ပါ အမျိုးသားခြောက်ဦးက စုံတွဲအားယခုလို ညဥ့်နက်နေသည့် အချိန်တွင် နှစ်ယောက်တည်းဘာလုပ်နေသနည်းဟု မခံချင်အောင် ထိကပါးရိကပါးပြောဆိုခဲ့၏။ အမျိုးသမီးဖြစ်သူ၏ သူငယ်ချင်းမှာ ဒေါသထွက်သဖြင့်... ချင်းမှဟန့်တားသော အခိုက်ဝယ်ထိုးကြိတ်ခံလိုက်ရပြီး ပါးစပ်ကိုဆို့ခံရပြီးနောက် သတိမေ့သွားအောင်သံတုတ်ဖြင့် ရိုက်နက်ခံလိုက်ရ၏။ ထို့နောက် အမျိုးသမီးအား ကားနောက်ပိုင်းသို့ ဆွဲခေါ်သွားကာ သံတုတ်ဖြင့် ရိုက်နှက်ပြီး သူမအား ဝိုင်းပြီး မုဒိမ်းကျင့်ခြင်းပင်ဖြစ်သည်။

နောက်ပိုင်းတွင် ထုတ်ပြန်သော ဆေးစစ်ချက်အရ စော်ကားခံရခြင်းကြောင့် အမျိုးသမီးဖြစ်သူ၏ ဝမ်းဗိုက်၊ အူများနှင့် လိင်အင်္ဂါများတွင် အပြင်းအထန်အနာတရဖြစ်ခဲ့ပြီး ထိုသို့ဖြစ်ရခြင်းမှာတုံးသောအရာဝတ္ထုဖြင့် (သံတုတ်ဖြစ်နိုင်သည်ဟု သံသယရှိ)အတွင်းပိုင်းသို့ ထိုးဖောက်ခဲ့ခြင်းကြောင့်ပင်ဖြစ်သည်ဟု ဆရာဝန်များကပြောကြားခဲ့သည်။ အဆိုပါ သံတုတ်ဆိုသည်မှာ သံချေးတက်နေသည့် အင်္ဂလိပ်စာလုံး အယ်လ်ပုံရှိကားဘီးဖြုတ်တပ်ရာတွင် အသုံးပြုသော အရာဖြစ်သည်ဟု ရဲမှရည်ညွှန်းပြောဆိုခဲ့သည်။ အစော်ကားခံခဲ့ရသော အမျိုးသမီးသည် မုဒိမ်းကောင်များအား တန်ပြန်တိုက်ခိုက်သည့်အနေဖြင့် လူသုံးယောက်အား ကိုက်ဆွဲခဲ့သဖြင့် တရားခံများ၌ သွားရာများ ထင်ကျန်ရစ်ခဲ့သည်ဟု ရဲမှသတင်းထုတ်ပြန်ခဲ့သည်။ ရိုက်နှက်မုဒိမ်းကျင့်ပြီးနောက် မုဒိမ်းကောင်များသည် အမျိုးသမီးရော၊ အမျိုးသားနှစ်ယောက်စလုံးကို မောင်းနှင်လျက်ရှိသော ကားပေါ်မှ ပစ်ချခဲ့၏။ ထို့နောက် ယာဉ်မောင်းဖြစ်သူသည် အမျိုးသမီးအပေါ်သို့ကားကိုဖြတ်မောင်းရန် ကြိုးပမ်းခဲ့သော်လည်း အမျိုးသားအဖော်မှ သူမအား လမ်းဘေးသို့ ဆွဲချနိုင်ခဲ့သည်။

ရာဇဝတ်မှု ကျူးလွန်သူများထဲမှတစ်ဦးက အထောက်အထားများ မကျန်ရစ်စေရန်အတွက် ကားကို သန့်ရှင်းရေးပြုလုပ်ခဲ့သော်လည်း နောက်တစ်နေ့တွင်အထောက် အထားများကို ရဲမှရှာဖွေပုံစံဖြင့်သိမ်းဆည်းခဲ့၏။ ည ၁၁ နာရီအချိန်ခန့်တွင် လမ်းသွားလမ်းလာတစ်ဦးက လမ်းဘေးတွင် အဝတ်အပိုင်းအစများကိုတွေ့ရှိခဲ့ပြီး နယူးဒေလီရဲဌာနသို့ အကြောင်းကြားခဲ့ပြီးနောက် ဒဏ်ရာများဖြင့် အလူးလူးဖြစ်နေသည့်အမျိုးသမီးနှင့်အမျိုးသားအား ဆေးရုံသို့ ပို့ဆောင်ပေးခဲ့၏။ ဆေးရုံသို့ရောက်ရှိသောအခါတွင် ဗလက္ကာရပြုခံခဲ့ရသည့် အမျိုးသမီးမှာ အရေးပေါ်အတွင်းလူနာအဖြစ် ကုသပေးခြင်းခံခဲ့ရ၏။ သူမ၏ ကိုယ်ခန္ဓာအနှံ့အပြားတွင် ဒဏ်ရာများဖြင့် ပြည့်နက်လျက်ရှိပြီး သူမ၏အူများမှာ ဝမ်းဗိုက်အတွင်း၌ ငါးရာခိုင်နှုန်းခန့်သာကျန်ရှိတော့၏။ အဆိုပါဆေးရုံမှ ဆရာဝန်တစ်ဦးက သံတုတ်သည် သူမကိုယ်ခန္ဓာအတွင်းပိုင်းသို့ထိုးစိုက်ခံခဲ့ရပြီးအားဖြင့် ဆွဲထုတ်လိုက်ခြင်းကြောင့် အူများကိုအပြင်သို့ ဆွဲထုတ်သကဲ့သို့ ဖြစ်သွားခြင်းဖြစ်သည်ဟု နောက်ပိုင်းတွင် ပြောကြားခဲ့သည်။

အစော်ကားခံရသော အမျိုးသမီးငယ် သည် ဒေလီတွင် မွေးဖွားကြီးပြင်းခဲ့ပြီး သူမ၏မိဘများမှာ ဥတ္တာပရာဒေ့ရှ်ပြည်နယ်ရှိတစ်ခုသော ရွာငယ်ဇနပုဒ်လေးမှဖြစ်၏။ သူမ၏ အဖေမှာ သူပိုင်စိုက်ပျိုးမြေကိုရောင်းချ၍ သမီးဖြစ်သူအား ပညာအမွေပေးခဲ့ပြီးနောက် ဒေလီမှ ပုဂ္ဂလိကပိုင်ကုမ္ပဏီတစ်ခုတွင် အလုပ်ဝင်ရောက်စေခြင်းဖြစ်သည်။ အိန္ဒိယနိုင်ငံ၏

”

...စော်ကားခံခဲ့ရသော
အမျိုးသမီးသည်
...ဒိမ်းကောင်များအား
တန်ပြန်
...ိုက်ခိုက်သည့်
အနေဖြင့်
...ူသုံးယောက်အား
...ိုက်ဆွဲခဲ့သဖြင့်
...ရားခံများ၌
သွားရာများ
...င်ကျန်ရစ်ခဲ့သည်ဟု
ရဲမှ သတင်း
...ုတ်ပြန်ခဲ့သည်။








www.burmeseclassic.com

www.burmeseclassic.com






အက်ဥပဒေအရ ကနဦးအစတွင် ပြဿနာဖြစ်ပွားသူ၏ နာမည်အရင်းကို မီဒီယာများ၌ထုတ်ဖော်ပြောဆိုလေ့ မရှိသဖြင့် အမျိုးမျိုးသောအမည်ဝှက်များဖြစ်သည့် ရတနာ၊ အကြောက်ကင်းမဲ့သူ၊ အလင်းရောင်စသည်ဖြင့် တော်ကားခံခဲ့ရသော အမျိုးသမီး၏ အမည်ကို ရေးသားဖော်ပြခဲ့ကြသည်။ သူမ၏ အမျိုးသားအဖော်ဖြစ်သူမှာ အသက် ၂၈ နှစ်အရွယ် ဥတ္တာပရာဒေ့ရှ် ပြည်နယ်မှပင် ဖြစ်ပြီး နယူးဒေလီတွင်နေထိုင်ခြင်းဖြစ်သည်။ နောက်ပိုင်းတွင် အမျိုးသမီးငယ်၏ ဖခင်ဖြစ်သူနှင့် အစ်ကိုများက သူမ၏အမည်အား မီဒီယာများတွင် ရေးသားဖော်ပြခွင့်ပြုခဲ့ကြသည်။

၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက် နေ့တွင် မုဒိမ်းကောင်များအတွင်းသို့ သက်ဆင်းခံခဲ့ရသည့် အမျိုးသမီးငယ်အား ပဉ္စမအကြိမ်မြောက်ခွဲစိတ်ကုသမှုကိုပြုလုပ်ခဲ့ပြီး ကျန်ရှိနေသေးသည့် အူအများစုကို ဖယ်ရှားပစ်ခဲ့သည်။ သူမသည်တည်တည်ငြိမ်ငြိမ်ရှိသော်လည်း စိုးရိမ်ဖွယ်အခြေအနေပင်ဖြစ်သည်ဟု ဆရာဝန်များက ပြောကြားခဲ့သည်။ ဒီဇင်ဘာ ၂၁ ရက် နေ့တွင် အိန္ဒိယအစိုးရသည် အထူးကုဆရာဝန်ကြီးများပါဝင်သော ကော်မတီတစ်ရပ်ကို လူနာအမျိုးသမီးငယ်အား အထူးဂရုပြုကုသနိုင်စေရန်အတွက် ဖွဲ့စည်း ခဲ့သည်။ ဒီဇင်ဘာ ၂၅ ရက်နေ့တွင် လူနာမှာ အဖျားတက်လာခဲ့ပြီး ကိုယ်အပူချိန် ၁၀၂ ဒီဂရီနှင့် ၁၀၃ ဒီဂရီ ထိအောင် ရောက်ရှိခဲ့သည့်အပြင် ခန္ဓာကိုယ်အတွင်း၌လည်း သွေးယိုစိမ့်မှုများဖြစ်လာခဲ့၏။ အိန္ဒိယဝန်ကြီးချုပ်ဖြစ်သူ သဘာပတိအဖြစ်ဆောင်ရွက်ခဲ့သော ဒီဇင်ဘာ ၂၆ ရက်နေ့တွင်ပြုလုပ်ခဲ့သည့် ကက်ဘိနက်အစည်းအဝေးတွင် လူနာအားပိုမိုကုသမှုပြု လုပ်နိုင်ရန် အတွက် စင်္ကာပူနိုင်ငံသို့ပို့ဆောင်ပြီး ဆေးကုသမှုခံယူရန် ဆုံးဖြတ်ချက်ချခဲ့သည်။

ယဲ့ယဲ့မျှသာရှိတော့သည့်လူမမာအားလေကြောင်းခရီးဖြင့် နိုင်ငံခြားသို့ပို့ဆောင်မည့်အဆိုပါ ဆုံးဖြတ် ချက်အားဝေဖန်ခဲ့ကြပြီး လူနာအားအထူးကြပ်မတ်ဆောင်သို့ပြောင်းရွှေ့ပြီးအတွင်းမှ အင်္ဂါများကို အစားထိုးကုသရန်အတွက် ဆရာဝန်များက မေးခွန်းထုတ်ခဲ့ကြ၏။ ဒီဇင်ဘာ ၂၇ ရက်နေ့တွင် စင်္ကာပူနိုင်ငံသို့ သွားသည့် ခြောက်နာရီကြာ လေကြောင်းခရီးတွင် လူနာမှာ ရုတ်တရက် သေဆုံးလုနီးပါးဖြစ်သွားသဖြင့် ဆရာဝန်များမှ အစွမ်းကုန်ကြိုးပမ်းခဲ့သော်ငြားလည်း သွေးခုန်နှုန်းနှင့် သွေးဖိအားမှာ သုံးမိနစ်နီးပါး ရပ်တန့်သွားခဲ့ရာမှ လူနာမှာ သတိပြန် လည်လာခြင်းမရှိတော့ပေ။ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် သူမ၏အခြေအနေမှာ အသည်း အသန်ဖြစ်လာခဲ့ပြီး ဦးနှောက်ပျက်စီးသွားခြင်း၊ အဆုတ်ရောင်ရောဂါ၊ ဝမ်းဗိုက်အတွင်း၌ ရောဂါပိုးများပျံ့နှံ့ဝင်ခြင်းတို့ကြောင့် ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် အမျိုးသမီးငယ်မှာ အသက်ငယ်ငယ်အရွယ်မှာပင် လူ့လောကကို မျက်ကွယ်ပြုသွားလေတော့သည်။ ဒီဇင် ဘာလ ၃၀ ရက်နေ့တွင် သူမ၏အလောင်းကို ဒေလီမှာပင် ထူထဲများပြားလှသည့် အစောင့်အရှောက်များအောက်တွင် မီးသင်္ဂြိုဟ်ခဲ့သည်။

”
အဝေးပြေးလမ်းမကြီးတွင် တပ်ဆင်ထားသော စီစီတီဗီကင်မရာမှတစ်ဆင့် ယာဉ်အမျိုးအစား၊ အရောင်နှင့်နာမည်များကို ရှာဖွေတွေ့ရှိခဲ့ပြီးနောက် အဆိုပါဘတ်စ်ကားအား ကိုယ်ပိုင်ကျောင်းတစ်ခုမှ စာချုပ်ချုပ်ထားပြီး ငှားရမ်းအသုံးပြုနေ ခြင်းကိုလည်း အတည်ပြုနိုင်ခဲ့၏ …

ရဲများသည် တရားခံအချို့ကို ၂၄ နာရီ အတွင်း ရှာဖွေဖမ်းဆီးခဲ့၏။ အဝေးပြေးလမ်းမကြီးတွင် တပ်ဆင်ထားသော စီစီတီဗီကင်မရာမှတစ်ဆင့် ယာဉ်အမျိုးအစား၊ အရောင်နှင့်နာမည်များကို ရှာဖွေတွေ့ရှိခဲ့ပြီးနောက် အဆိုပါဘတ်စ်ကားအား ကိုယ်ပိုင်ကျောင်းတစ်ခုမှ စာချုပ်ချုပ်ထားပြီး ငှားရမ်းအသုံးပြုနေခြင်းကိုလည်း အတည်ပြုနိုင်ခဲ့၏။ အမျိုး သားဖြစ်သူမှ ပြောကြားသည့်အတိုင်း ဆွဲထားသော ပုံကြမ်းနှင့်တကွ အခင်းဖြစ်ပွား စဉ်အချိန်က ခိုးယူခံလိုက်ရသော လက်ကိုင်ဖုန်းမှတစ်ဆင့် ယာဉ်မောင်းဖြစ်သူအား ခြေရာခံမိခဲ့ပြီး ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်။ မုဒိမ်း မှုနှင့် ဆက်စပ်၍ လူခြောက်ယောက်အား ဖမ်းဆီးခဲ့ရာ ယာဉ်မောင်း၊ ယာဉ်မောင်း၏ညီ၊ လက်ထောက်ကာယနည်းပြတစ်ဦး၊ သစ် သီးရောင်းသူတစ်ဦး၊ အသက် ၁၇ နှစ်အရွယ် လူမမယ်တစ်ဦးနှင့် ဒေလီသို့ တက်လာပြီး အလုပ်ရှာဖွေသူတစ်ဦးတို့ပင် ဖြစ်သည်။ သတင်းများအရအခင်းဖြစ်ပွားသည့်နေ့အစောပိုင်းတွင် တရားခံများသည် ပါတီပွဲကျင်းပသည့်အနေဖြင့် အုပ်စုဖွဲ့သောက်စား မူးယစ်နေခဲ့ခြင်းဖြစ်ပြီး လူမမည်လေးသည်








www.burmeseclassic.com

www.burmeseclassic.com







နောက်ပိုင်းမှ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဘတ်စ်ကားမှာ အများပြည်သူ ခရီးသွားများကို သယ်ယူပို့ဆောင်ရန် ခွင့်ပြုထားခြင်းမရှိသည့်အပြင် ကားပြတင်းများ၌ မှန်အမည်းများ တပ်ဆင်ထားသည့်အတွက် ဒေလီမြို့တွင်း၌လည်း မောင်းနှင်ခွင့်မရှိပေ။ သို့သော်လည်း သောက်စားမူးယစ်ထားသည့် ယင်းအုပ်စုသည် အပြောင်အပြက်ပြုလုပ်ရန် ဆုံးဖြတ်ခဲ့ကြပြီး လက်သမားဆရာတစ်ဦးကို ကားခဆယ်ရူပီးဖြင့် တင်ဆောင်လာခဲ့ပြီး ခရီးသည်ထံမှ ရူပီးရှစ်ထောင်ဓားပြတိုက်ခဲ့ပြီးနောက် ဒေလီမြို့တောင်ပိုင်းတွင် ခရီးသည်အား ကားပေါ်မှ မောင်းချခဲ့သည်။ ထို့နောက် ကားကို တစ်ဖန်ပြန်ကွေ့လာပြီးနောက် လမ်းတွင် ကားပေါ်၌ပင် အမျိုးသမီးဖြစ်သူအား လူမဆန်စွာပင် အုပ်စုဖွဲ့ပြီး ကာမဓားပြတိုက်ခဲ့ရုံသာမက သက်သေမကျန်ရစ်အောင် လက်စလက်နဖျောက်သည့် အနေဖြင့် အသက်ဆုံးရှုံးသွားအောင် တမင်ချည်ရွယ်ပြီး ပြုလုပ်ခဲ့ခြင်းပင်ဖြစ်သည်။ ဖမ်းဆီးရမိခဲ့သည့် တရားခံများကိုလည်း မုဒိမ်းမှု၊ လူသတ်မှု၊ ပြန်ပေးမှု၊ ဓားပြတိုက်မှုနှင့် စော်ကားမှုများဖြင့် ရုံးတင်တရားစွဲနိုင်ခဲ့သည်။

**မုဒိမ်းကျင့်ခံရပြီးနောက် မီဒီယာများသို့ သတင်းပေးပို့မှုများမြင့်တက်လာခြင်းနှင့် ဆန္ဒထုတ်ဖော်ပွဲများကြောင့် အမျိုးသမီးထုအတွင်း၌ နိုးကြားလာခဲ့ခြင်းနှင့်အတူ ဟိုးယခင်အခါက မုဒိမ်းကျင့်ခံရသဖြင့် တိုင်ကြားခြင်းနှင့် ဥပဒေအကြောင်းအရ ဖြေရှင်းခြင်းအား ဘယ်အခါကမှမပြုလုပ်ခဲ့သည့် အခြေအနေမှ ...**

သူမသေဆုံးသွားခဲ့ချိန်မှ အစပြုပြီး အိန္ဒိယနိုင်ငံတစ်ဝန်းတွင် ဆန္ဒထုတ်ဖော်ပွဲများ ဖြစ်ပွားခဲ့ပြီးနောက် ဆန္ဒထုတ်ဖော်ပွဲများမှ မီဒီယာများနှင့် ရဲများအား အိန္ဒိယနိုင်ငံတွင် တဖြည်းဖြည်းမြင့်တက်လာသော မုဒိမ်းမှုများနှင့် အမျိုးသမီးများအား စော်ကားမှုများကို ပိုမိုအာရုံစိုက်လာစေရန် တွန်းအားပေးခဲ့သည်။ သတင်းစာများတွင် အကျည်းရုံးဖော်ပြခံရလေ့သာရှိပြီး တီဗီမှ ထုတ်လွှင့်နေသော သတင်းဌာနများသို့ သတင်းပို့ခဲလှသော အမျိုးသမီးများအား လိင်ပိုင်းဆိုင်ရာ စော်ကားမှုများမှာ အဆိုပါ ဖြစ်ရပ်အပြီးတွင် နေ့စဉ်နီးပါးဆိုသလို ခေါင်းကြီးပိုင်းတွင် ပါလာသည်မှာ အကြီးအကျယ်ပြောင်းလဲမှုတစ်ခုပင်ဖြစ်သည်။ ပန်ဂျပ်ပြည်နယ်တွင် နေထိုင်သူ အမျိုးသမီးတစ်ဦး အလားတူဖြစ်ရပ်မျိုးကဲ့သို့ မုဒိမ်းကျင့်ခံရပြီးနောက် မီဒီယာများသို့ သတင်းပေးပို့မှုများမြင့်တက်လာခြင်းနှင့် ဆန္ဒထုတ်ဖော်ပွဲများကြောင့် အမျိုးသမီးထုအတွင်း၌ နိုးကြားလာခဲ့ခြင်းနှင့်အတူ ဟိုးယခင်အခါက မုဒိမ်းကျင့်ခံရသဖြင့် တိုင်ကြားခြင်းနှင့် ဥပဒေအကြောင်းအရ ဖြေရှင်းခြင်းအား ဘယ်အခါကမှ မပြုလုပ်ခဲ့သည့် အခြေအနေမှ ယခုအခါတွင် တိုင်ချက်ကို ချက်ချင်းဖွင့်ကြပြီး မေးမြန်းစရာမလိုဘဲ အဖြစ်မှန်ကို ဖော်ပြခြင်းများဖြစ်လာပြီဟု ရဲတပ်ဖွဲ့မှ အဆင့်မြင့်ရဲအရာရှိတစ်ဦးက ပြောကြားခဲ့သည်။ ကြိုးနီစနစ်ဖြင့် လည်ပတ်လျက်ရှိသည့် အိန္ဒိယနိုင်ငံတွင် အမှုအခင်းဖြစ်ပွားပြီးနောက် တရားခံများကို ရုံးတင်စစ်ဆေးပြီးနောက် စီရင်ချက်ချမှတ်နိုင်ရန်အတွက် နှစ်နှင့်ချီပြီးစောင့်ရခြင်းသည်လည်း မဟာအိန္ဒိယနိုင်ငံကြီး၏ မဟာပြဿနာတစ်ခုပင်ဖြစ်သဖြင့် မည်မျှပင် မှန်ကန်စေကာမူ တော်ရုံတန်ရုံအားဖြင့် မည်သူကမှ အမှုအခင်းဖြစ်ပွားလိုခြင်းမရှိချေ။

■ ပြည့်ဖြိုးဟိန်း






www.burmeseclassic.com

www.burmeseclassic.com



# ကမ္ဘာပေါ်တွင် အင်တာနက်အမြန်နှုန်း အမြင့်မားဆုံးနိုင်ငံများ

လွင်ကျော်မြတ်




ကမ္ဘာ့နိုင်ငံများ၏ အင်တာနက် ဆက်သွယ်မှုအမြန်နှုန်းများကို ၎င်းတို့၏ ပျမ်းမျှအမြင့်ဆုံးအင်တာနက် ဆက်သွယ်မှုအမြန်နှုန်းဖြင့် တိုင်းတာသတ်မှတ်လေ့ရှိသည်။ အဆိုပါအင်တာနက်ဆက်သွယ်မှု အမြန်ဆုံးသည် နိုင်ငံတစ်နိုင်ငံရှိ သီးသန့်နေရာဒေသတစ်ခုတွင် တရားဝင်မှတ်ပုံတင်ထားသော အင်တာနက်ထုတ်လွှင့်ပေးနိုင်သည့် ဝန်ဆောင်မှုကုမ္ပဏီ၏ IP Adress များအားလုံး၏ ပျမ်းမျှအမြင့်ဆုံး အင်တာနက်ဆက်သွယ်မှု အမြန်ဆုံးကို ဆိုလိုခြင်းဖြစ်သည်။

ကမ္ဘာ့တစ်နံတစ်လျားရှိနိုင်ငံများတွင် မြန်နှုန်းမြင့် (Broad-band) ဖိုင်ဘာကွန် ရက်ဆက်သွယ်ရေး နည်းစနစ်နဲ့ ကေဘယ်လ်ကြိုး(Cable)ကွန်ရက်ဆက်သွယ်ရေးနည်းစနစ်တို့ကို အသုံးပြုခြင်းကြောင့် အင်တာနက်ဆက်သွယ်မှုဝန်ဆောင်ရည်နှင့် အမြန်နှုန်းအမျိုးမျိုးရှိသည်။ အဆိုပါအင်တာနက်ဆက်သွယ်ရေး ဖိုင်ဘာကွန်ရက်နှင့် ကေဘယ်လ်ကြိုးဆက်သွယ်ရေးကွန်ရက်များသည် အင်တာနက်ဆက်သွယ်ရေးအချက်ပြလှိုင်းများကို ထုတ်လွှင့်မှုနှင့် အဓိကအားဖြင့် ဆက်စပ်မှုရှိသည်။

သို့ဖြစ်ရာ နိုင်ငံတစ်နိုင်ငံက ထုတ်လွှင့်ဖြည့်ဆည်းပေးနိုင်သော အင်တာနက်ဆက်သွယ်ရေးအမြန်နှုန်းအမျိုးမျိုးမှာ အဆိုပါဖိုင်ဘာကွန်ရက်နှင့် ကေဘယ်လ်ကွန်ရက်ဆက်သွယ်ရေးနည်းစနစ်များ အပေါ်တွင် အဓိကမူတည်နေသည်။ ကမ္ဘာ့တစ်နံတစ်လျားတွင် အင်တာနက်ဆက်သွယ်ရေး ကောင်းမွန်သောနိုင်ငံများအနက် အင်တာနက်ဆက်သွယ်ရေး အမြန်ဆုံး အမြင့်မားဆုံး နိုင်ငံများတွင်









www.burmeseclassic.com

www.burmeseclassic.com





အင်တာနက်ဆက်သွယ်ရေး အမြန်နှုန်းမှာ တစ်မူထူးခြားစွာ မြန်ဆန်မှုရှိကြောင်း တွေ့ရှိရသည်။

*ဟောင်ကောင်*

ဟောင်ကောင်၏ အင်တာနက်ဆက်သွယ်မှုပျမ်းမျှအမြင့်မား ဆုံးအမြန်နှုန်းမှာ တစ်စက္ကန့်လျှင် ၅၄ ဒသမ ၁ မီဂါဘိုက်ရှိသောကြောင့် ဟောင်ကောင်၏ အင်တာနက်ဆက်သွယ်မှုကို ''မျက်စိတစ်မှိတ်လျှပ်တစ်ပြက်အင်တာနက်'' ဟု မကြာခဏချီးမွမ်းခန်းဖွင့်ကြသည်။ ရုပ်ရှင်ဇာတ်ကားကြီးတစ်ကားလုံးကို Download လုပ်ပါက စံချိန်တင်လောက်အောင် လေးမိနစ်တည်းနှင့် အချိန်တိုအတွင်း Download လုပ်နိုင်သည်။

ဟောင်ကောင်တွင် အင်တာနက်ထုတ်လွှင့်ပေးလျက်ရှိသော မြန်နှုန်းမြင့် Broadband အင်တာနက်၏ အမြန်နှုန်းမှာ တစ်စက္ကန့်လျှင် ၁၀ မီဂါဘိုက်မှ ၁၀၀၀ မီဂါဘိုက်အကြားတွင်ရှိသည်။ အဆိုပါ Broadband အင်တာနက်ဆက်သွယ်မှုစနစ်ကို Fibre-to-the-building မြန်နှုန်းမြင့်ကွန်ရက်စနစ်နှင့် Firbre-to-the-home မြန်နှုန်းမြင့်ကွန်ရက်စနစ်တို့ဖြင့် အင်တာနက်ထုတ်လွှင့်ပေးလျက်ရှိသည်။ အဆိုပါမြန် နှုန်းမြင့်ကွန်ရက်စနစ်နှစ်မျိုးစလုံးကို အလင်းဖန်မျှင်ဆက်သွယ်ရေးနှစ်ကိုအခြေခံပြီး အင်တာနက်ထုတ်လွှင့်ပေးခြင်းဖြစ်သည်။

*တောင်ကိုရီးယားနိုင်ငံ*

တောင်ကိုရီးယားနိုင်ငံသည် ကမ္ဘာပေါ်တွင် အင်တာနက်အမြန်နှုန်းအမြင့်မားဆုံးထိပ်တန်းနိုင်ငံများအနက် တစ်နိုင်ငံအဖြစ်ပါဝင်သော ရှားရှားပါးပါး အာရှနိုင်ငံများအနက် တစ်နိုင်ငံဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံ၏ ဆက်သွယ်မှုအမြန်နှုန်းမှာ တစ်စက္ကန့်လျှင် ၄၈ ဒသမ ၈ မီဂါဘိုက်ရှိသောကြောင့် တောင်ကိုရီးယားနိုင်ငံကို ကမ္ဘာပေါ်တွင် အင်တာနက်ဆက်သွယ်မှုအမြန်နှုန်းအမြင့်မားဆုံးနိုင်ငံအဖြစ် ကျယ်ကျယ်ပြန့်ပြန့် ယူဆသတ်မှတ်ခြင်းခံခဲ့ရသည်။

တောင်ကိုရီးယားနိုင်ငံ၏ ADSL ကွန်ရက် အင်တာနက်ဆက်သွယ်ရေးနည်းစနစ်၏ အမြန်နှုန်းမှာ တစ်စက္ကန့်လျှင် နှစ်မီဂါဘိုက်မှ ရှစ်မီဂါဘိုက်အကြားတွင် ရှိသည်။ တောင်ကိုရီးယားနိုင်ငံ၏ VDSL အမြန်နှုန်းမှာ ဆိုးလ်မြို့နှင့် အင်ချွန်းမြို့တို့တွင် တစ်စက္ကန့်လျှင် ၁၀၀ မီဂါဘိုက်အထိရှိသည်။

*ရိုမေးနီးယားနိုင်ငံ*

ဥရောပတိုက်မှ ရိုမေးနီးယားနိုင်ငံသည် အင်တာနက် ပျမ်းမျှအမြန်နှုန်းမှာ မကြာသေးမီက ၃ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းလာခဲ့သော်ငြားလည်း ၄င်း၏ မြန်နှုန်းမြင့် Broadband အင်တာနက်ဆက်သွယ်မှု အမြန်နှုန်းမှာ တစ်စက္ကန့်လျှင် ၃၂ ဒသမ ၅ မီဂါဘိုက်ရှိသောကြောင့် ကမ္ဘာပေါ်တွင် အင်တာနက်ဆက်သွယ်မှုအမြန်နှုန်းအမြင့်မားဆုံးနိုင်ငံများအနက် တစ်နိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့သည်။

ရိုမေးနီးယားနိုင်ငံ၏ အင်တာနက် အမြန်နှုန်းမှာ တောင်ကိုရီးယားနိုင်ငံ၏ အင်တာနက်အမြန်နှုန်းထက် အနည်းငယ် မသိမသာ နှေးကွေးနေသည်။ ရိုမေးနီးယားနိုင်ငံ လူဦးရေစုစုပေါင်း၏ ၇ ဒသမ ၈ သန်းအနက် လူဦးရေ လေးသန်းခန့်မှာ အင်တာနက်လပေးအသုံးပြုသူများဖြစ်ကြပြီး ၄င်းတို့မှာ မြန်နှုန်းမြင့် Broadband အင်တာနက်အသုံးပြုသူများဖြစ်သည်။

ရိုမေးနီးယားနိုင်ငံ၏ မြန်နှုန်းမြင့်အင်တာနက်စနစ်ကို Coaxial Cable စနစ်ဖြင့် ဆက်သွယ်အသုံးပြုနိုင်ပြီး ရိုမေးနီးယားနိုင်ငံတွင် လူကြိုက်အများဆုံး အင်တာနက်စနစ်ဖြစ်သည်။ ရိုမေးနီးယားနိုင်ငံ၏ အင်တာနက် အမြန်နှုန်းမှာ တစ်စက္ကန့်လျှင် နှစ်မီဂါဘိုက်မှ ၁၂၀ မီဂါဘိုက်အထိ ရှိသည်။

*အိုင်ယာလန်နိုင်ငံ*

အိုင်ယာလန်နိုင်ငံ၏ အင်တာနက် အမြန်နှုန်းမှာ ပျမ်းမျှ အမြင့်ဆုံး တစ်စက္ကန့်လျှင် ၆ ဒသမ ၈ မီဂါဘိုက်ရှိသောကြောင့် ကမ္ဘာပေါ်တွင် အင်တာနက်ဆက်သွယ်မှု အမြန်နှုန်းအမြင့်မားဆုံးနိုင်ငံများအနက် တစ်နိုင်ငံဖြစ်သည်။ အိုင်ယာလန်နိုင်ငံ လူဦးရေစုစုပေါင်း၏ ၅၀ ရာခိုင်နှုန်းကျော်မှာ မြန်နှုန်းမြင့် Broadband အင်တာနက်စနစ်၏ အင်တာနက်ဆက်သွယ်အမြန်နှုန်းမှာ တစ်စက္ကန့်လျှင် ၇၀ မီဂါဘိုက်မှ ၁၀၀ မီဂါဘိုက် အမြန်နှုန်းဖြင့် အသုံးပြုနိုင်ပြီး လူဦးရေ စုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းခန့်မှာမူ မြန်နှုန်းမြင့် Broadband အင်တာနက်စနစ်၏





www.burmeseclassic.com

www.burmeseclassic.com



အင်တာနက်ဆက်သွယ်မှုအမြန်နှုန်း တစ်စက္ကန့်လျှင် ၄၀ မီဂါဘိုက်ဖြင့် အင်တာနက်အသုံးပြုနိုင်သည်။

အိုင်ယာလန်နိုင်ငံ၏ လူကြိုက်အများဆုံး မြန်နှုန်းမြင့်အင်တာနက်စနစ်တွင် 3G နည်းပညာ၊ DSL နှင့် Fixed Wireless နှင့် Cable Internet)စနစ်တို့ ပါဝင်သည်။ အိုင်ယာလန်နိုင်ငံ၏ လူဦးရေ ၇၇ ရာခိုင်နှုန်းသို့မဟုတ် လူဦးရေ ၃၃ ဒသမ ၆ သန်းခန့်မှာ အင်တာနက်အသုံးပြုသူများဖြစ်ကြသည်။

**ချက်သမ္မတနိုင်ငံ**

ချက်သမ္မတနိုင်ငံ၏ အင်တာနက်ဆက်သွယ်မှုအမြန်နှုန်းမှာ ပျမ်းမျှတစ်စက္ကန့်လျှင် ၆ ဒသမ ၇ မီဂါဘိုက်ရှိသဖြင့် ဥရောပတွင် အင်တာနက်အမြန်နှုန်းအမြင့်မားဆုံးနိုင်ငံတစ်နိုင်ငံဖြစ်သည်။ ချက်သမ္မတနိုင်ငံသည် ၂၀၀၃ ခုနှစ်က ISP(Internet Services Provider) အင်တာနက်ထုတ်လွှင့်ရေး ဝန်ဆောင်မှုလုပ်ငန်းကုမ္ပဏီများအား ဈေးနှုန်းချိုသာစွာဖြင့် အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ချပေးခဲ့သဖြင့် ၂၀၀၇ ခုနှစ် နှစ်ကုန်ပိုင်းတွင် အင်တာနက်လပေးအသုံးပြုသူဦးရေမှာ ၃၀၀,၀၀၀ အထိ တိုးပွား များပြားလာခဲ့သည်။

ကေဘယ်လ်အင်တာနက်၏ အမြန်နှုန်းသည် လောလောဆယ်တွင် တစ်စက္ကန့်လျှင် ၁၂၀ မီဂါဘိုက်ရှိသည်။ ချက်သမ္မတနိုင်ငံတွင် Cable Internet ဆက်သွယ်မှုစနစ်မှာ မြန်နှုန်းမြင့် Broadband အင်တာနက်လပေးသုံးစွဲသူများအကြားတွင် လူကြိုက်အများဆုံးနှင့် ရေပန်းအစားဆုံး အင်တာနက်ဆက်သွယ်မှုစနစ်ဖြစ်သည်။



**ဘယ်လ်ဂျီယံနိုင်ငံ**

ဘယ်လ်ဂျီယံနိုင်ငံတွင် ၁၉၉၉ ခုနှစ်က ADSL စနစ်ကို ပထမဦးဆုံးအကြိမ် စတင်ထုတ်လွှင့်ပေးခဲ့စဉ်က ဘယ်လ်ဂျီယံနိုင်ငံ၏ ပျမ်းမျှ အင်တာနက် ဆက်သွယ်မှုအမြန်နှုန်းမှာ တစ်စက္ကန့်လျှင် ၃၂ ဒသမ ၇ မီဂါဘိုက်ရှိသောကြောင့် ကမ္ဘာပေါ်တွင် အင်တာနက်ဆက်သွယ်မှုအမြန်နှုန်း အမြင့်မားဆုံးနိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့သည်။

ဘယ်လ်ဂျီယံနိုင်ငံတွင် အထူးသဖြင့် မြို့တော်ဖြစ်သော ဘရပ်ဆဲလ်မြို့၌ Download ပြုလုပ်နိုင်သော အမြန်နှုန်းမှာ တစ်လလျှင် 5 GB မှ 500 GB အကြားတွင် ရှိသည် ဘယ်လ်ဂျီယံနိုင်ငံ၏ အင်တာနက်ဆက်သွယ်မှုအမြန်နှုန်းမြင့်မားမြန်ဆန်မှုကြောင့် ရုပ်ရှင်ဇာတ်ကားတစ်ကားလုံးကိုပင် အချိန်ငါးမိနစ်အတွင်း အလွန်လျင်မြန်စွာ Download လုပ်နိုင်သည်။

ဘယ်လ်ဂျီယံနိုင်ငံသည် အင်တာနက်ကို ကေဘယ်လ်ကြိုးကွန်ရက်နည်းစနစ်ဖြင့်လည်း ထုတ်လွှင့်ပေးသောကြောင့် ထိုစနစ်၏ အင်တာနက် ဆက်သွယ်မှုအမြန်နှုန်းမှာ တစ်စက္ကန့်လျှင် ၁၀၀ မီဂါဘိုက်မှ ၅၁၂ ကီလိုဘိုက်အထိ ရှိသည်။

**ဆွစ်ဇာလန်နိုင်ငံ**

ဆွစ်ဇာလန်နိုင်ငံသည် ဥရောပါတိုက်တွင် မြန်နှုန်းမြင့်အင်တာနက်ဆက်သွယ်မှုရှိသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ဆွစ်ဇာလန်နိုင်ငံ၏ အင်တာနက် အမြန်နှုန်းမှာ ပျမ်းမျှ တစ်စက္ကန့်လျှင် ၃၂ ဒသမ ၄ မီဂါဘိုက်ရှိသည်။ ဆွစ်ဇာလန်နိုင်ငံသည် အနောက်နိုင်ငံများတွင် အမေရိကန်ပြည်ထောင်စုပြီးလျှင် ဒုတိယမြောက် အင်တာနက်ဆက်သွယ်မှုအမြန်ဆုံး နိုင်ငံဖြစ်သည်။

အမေရိကန်ပြည်ထောင်စု၏ အင်တာနက်အမြန်နှုန်းမှာ တစ်စက္ကန့်လျှင် ၂၉ ဒသမ ၆ မီဂါဘိုက်ရှိသည်။ ဆွစ်ဇာလန်နိုင်ငံတွင် DSL နည်းပညာ၊ ဂြိုဟ်တုဆက်သွယ်ရေးနည်းစနစ်နှင့် ဖိုင်ဘာအလင်းဖန်မျှင်ကွန်ရက်စနစ်တို့ဖြင့် အင်တာနက် ထုတ်လွှင့်ပေးလျက်ရှိသည်။ အဆိုပါအင်တာနက်စနစ်များမှာ ADSL စနစ်နှင့် VDSL စနစ်တို့လောက် လူကြိုက်များ ရေပန်းစားခြင်းမရှိချေ။



နေအိမ်များ၌ မြန်နှုန်းမြင့် Broadband အင်တာနက်စနစ်အသုံးပြုသူများအနေဖြင့် လက်ရှိအင်တာနက်စနစ်ကို မနှစ်သက်ကြသော်လည်း စီးပွားရေးလုပ်ငန်းရှင်



www.burmeseclassic.com

www.burmeseclassic.com



များအနေဖြင့် ဆွစ်ဇာလန်နိုင်ငံ၏ အင်တာနက် ထုတ်လွှင့်ပေးနိုင်မှုအခြေအနေအရ လက်ရှိအင်တာနက်ထုတ်လွှင့်မှုစနစ်အပေါ်သာ အဓိက မှီခိုအားထားနေရသည်။

*ဘူလ်ဂေးရီးယားနိုင်ငံ*

ဘူလ်ဂေးရီးယားနိုင်ငံ၏ အမြင့်ဆုံး အင်တာနက်အမြန်နှုန်းမှာ တစ်စက္ကန့်လျှင် ၃၂ ဒသမ ၁ မီဂါဘိုက်ရှိသောကြောင့် ကမ္ဘာပေါ်တွင် အင်တာနက် ဆက်သွယ်မှုမြန်နှုန်း အမြင့်ဆုံးနိုင်ငံများအနက် တစ်နိုင်ငံအပါအဝင်ဖြစ်သည်။ ဘူလ်ဂေးရီးယားနိုင်ငံမှ အင်တာနက်သုံးစွဲသူများ၏ ၅၀ ရာခိုင်နှုန်းမှာ LAN (Local Area Network) ဖြင့် အသုံးပြုလျက်ရှိသည်။

အဆိုပါအင်တာနက်အသုံးပြုသူများသည် အခြားအင်တာနက် ဆက်သွယ်မှုနည်းစနစ်များအားလုံးထက် LAN စနစ်ကိုသာ ရွေးချယ်အသုံးပြုခြင်းမှာ အင်တာနက် ဆက်သွယ်မှုအမြန်နှုန်း အလွန်မြန်ဆန်မှုကြောင့်ဖြစ်သည်။ ၂၀၀၄ ခုနှစ်တွင် ဘူလ်ဂေးရီးယားနိုင်ငံသည် ကြေးနန်းဆက်သွယ်ရေး လုပ်ငန်းများအား လွတ်လပ်ခွင့်ပေးခဲ့မှုကြောင့် ADSL(Asymmetric Digital Subscriber Line) အင်တာနက်စနစ်ကို စတင်ထုတ်လွှင့်ခဲ့သည်။

အဆိုပါ ADSL အင်တာနက်ထုတ်လွှင့်မှုစနစ်ကြောင့် ဘူလ်ဂေးရီးယားနိုင်ငံသည် မဝေးလှသော အနာဂတ်ကာလတွင် အင်တာနက်မှ သတင်းအချက်အလက်များကို ပိုမိုမြန်ဆန်စွာ ထုတ်လွှင့်ပေးနိုင်တော့မည်ဖြစ်သည်။



*အစ္စရေးနိုင်ငံ*

အရှေ့အလယ်ပိုင်းဒေသမှ အစ္စရေးသည် ပျမ်းမျှ အင်တာနက်ဆက်သွယ်ရေး အမြန်နှုန်းမှာ တစ်စက္ကန့်လျှင် ၁၀ ဒသမ ၉ မီဂါဘိုက်ရှိသည်။ အစ္စရေးသည် ၎င်း၏ လူဦးရေစုစုပေါင်း ၉၅ ရာခိုင်နှုန်းအထိ မြန်နှုန်းမြင့် Broadband အင်တာနက်အသုံးပြုနိုင်ရန်အတွက် မြန်နှုန်းမြင့် အင်တာနက်စနစ်ကို ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် အဆင့်မြှင့်တင်ပေးနိုင်ခဲ့သော နိုင်ငံအချို့အနက် တစ်နိုင်ငံအဖြစ် ပါဝင်သည်။

အစ္စရေး၏ အဓိက ကြေးနန်းဆက်သွယ်ရေးကုမ္ပဏီကြီးနှစ်ခုဖြစ်သော ဘက်ဇက်ခ်(Bezeg)နှင့် ဟော့ထ်(Hot) ကုမ္ပဏီကြီးတို့မှတစ်ဆင့် တယ်လီဖုန်းနှင့် ကေဘယ်လ်ကြိုးဆက်သွယ်ရေးစနစ်တို့ဖြင့် အစ္စရေးနိုင်ငံ၏ အင်တာနက်ကို ထုတ်လွှင့်ပေးလျက်ရှိသည်။ ဘက်ဇက်ခ်ကုမ္ပဏီသည် လောလောဆယ်တွင် Fibre-to-the-home(FTTH) အင်တာနက် ကွန်ရက်စနစ်ဖြင့် အင်တာနက်ထုတ်လွှင့်မှုကို စတင်စမ်းသပ်ထုတ်လွှင့်ပေးလျက်ရှိသည်။

အဆိုပါ FTTH အင်တာနက်ကွန်ရက်စနစ်သည် အလင်းတန်းမျှင်ကို အသုံးပြုပြီး အင်တာနက်ဆက်သွယ်မှုစနစ်ဖြင့် မြန်နှုန်းမြင့် Broadband ကို နေအိမ်များနှင့် ရုံးများအတွက် အင်တာနက်ထုတ်လွှင့်ပေးလျက်ရှိသည်။

*စင်ကာပူ*

စင်ကာပူကို ကမ္ဘာပေါ်တွင် နည်းပညာဖွံ့ဖြိုးအတိုးတက်ဆုံးအချက်အချာနေရာအဖြစ် ယူဆသတ်မှတ်ထားသည်။ စင်ကာပူ၏ အင်တာနက်ဆက်သွယ်မှုအမြန်နှုန်းမှာ တစ်စက္ကန့်လျှင် ၁၀ ဒသမ ၇ မီဂါဘိုက်ရှိသောကြောင့် ကမ္ဘာ့ပျမ်းမျှအင်တာနက်အမြန်နှုန်းတစ်စက္ကန့်လျှင် ၁၅ ဒသမ ၀၉ မီဂါဘိုက်ထက်နှစ်ဆနီးပါးပိုမိုမြန်ဆန်နေသည်။ စင်ကာပူတွင် အင်တာနက် ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သော ကုမ္ပဏီခြောက်ခုရှိပြီး မြန်နှုန်းမြင့် Broadband အင်တာနက်အသုံးပြုသူဦးရေ ၃၀၀.၀၀၀ ကျော်ရှိသည်။

စင်ကာပူသည် ၂၀၀၆ ခုနှစ်က 'Wireless @SG' စီမံကိန်းကို စတင်အကောင်အထည်ဖော်ခဲ့စဉ်က စင်ကာပူ၏ အင်တာနက်ဆက်သွယ်မှုအမြန်နှုန်းမှာ တစ်စက္ကန့်လျှင် တစ်မီဂါဘိုက်သို့ အမြန်နှုန်း နှစ်ဆတိုးလာခဲ့သည်။ စင်ကာပူ၏ အလွန်မြန်ဆန်






www.burmeseclassic.com

www.burmeseclassic.com





သော အင်တာနက် အမြန်နှုန်းကို စင်ကာပူနိုင်ငံတစ်ဝန်းလုံးတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလျက်ရှိသော မြန်နှုန်းမြင့်ဖိုင်ဘာကွန်ရက်က ဖြည့်ဆည်းထုတ်လွှင့်ပေးလျက်ရှိသည်။

အဆိုပါမြန်နှုန်းမြင့် ဖိုင်ဘာကွန်ရက်ကို 'Next Generation Nationwide Broadband Network' စီမံကိန်းအဖြစ် ၂၀၁၀ ပြည့်နှစ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ယနေ့မျက်မှောက်ကာလတွင် စင်ကာပူနိုင်ငံသည် နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအခန်းကဏ္ဍမှ အထောက်အကူပြု ပံ့ပိုးပေးလျက်ရှိသော အင်တာနက်ထုတ်လွှင့်စနစ်ကို အင်တာနက်ဆက်သွယ်မှုအမြန်နှုန်းအမြင့်မားဆုံးနိုင်ငံ တစ်နိုင်ငံအဖြစ် ထည်ထည်ဝါဝါ ရပ်တည်လျက်ရှိပေသည်။

လွင်ကျော်မြတ်


# မြေကွက်များဝယ်လိုသည်

သံလျင်၊ ကျောက်တန်း စံချိန်မီ အဆင့် (၁၊ ၂၊ ၃) သီလဝါ၊
တပ်ရာကုန်းနှင့် စက်မှုဇုန်ရှိ မြေကွက်များ ဝယ်လိုသည်။

ဒဂုံဆိပ်ကမ်း - 58, 59, 60, 61, 77, 78, 79, 80, 85, 86, 90, 91

အရှေ့ပိုင်း - 14, 15, 16 (A, B), 118, 119, 120, 121, 122, 123, 124, 125, 126, 127, 128, 129, 130, 132, 133, 134, 135, 136 137, 138, 139, 157, 158, 159, 160

တောင်ပိုင်း - 145, 146, 147 နှင့် စက်မှုဇုန်ရှိ မြေကွက်များ ဝယ်လိုသည်။

01-206211, 09 43070168




www.burmeseclassic.com

www.burmeseclassic.com

ရိုးလ်လက်စ်နာရီ ထုတ်လုပ်သည့် ကုမ္ပဏီကို ၁၉၀၅ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့တော်ကြီးတွင် စတင်တည်ထောင်ခဲ့ပြီးနောက် အရည်အသွေးအထူးမြင့်မားလှသည့် လက်ပတ်နာရီများကို ထုတ်လုပ်ရောင်းချခဲ့သည်။ ၁၉၁၉ ခုနှစ်တွင် ကုမ္ပဏီ၏ရုံးချုပ်ကို ဆွစ်ဇာလန်နိုင်ငံ၏မြို့တော်ဖြစ်သည့် ဂျီနီဗာသို့ ပြောင်းရွှေ့ခဲ့ပြီး နာရီများကို ဆက်လက်ထုတ်လုပ်ခဲ့သည်။ ရိုးလ်လက်စ် အမှတ်တံဆိပ်သည် ကမ္ဘာကျော်တန်ဖိုးကြီး တံဆိပ်များထဲမှတစ်ခုဖြစ်ပြီး အဖိုးတန်နာရီများကို ထုတ်လုပ်လျက်ရှိသည့် အကြီးဆုံးသော နာရီကုမ္ပဏီကြီးတစ်ခုပင်ဖြစ်သည်။ ယခုလောလောဆယ်တွင် ရိုးလ်လက်စ်ကုမ္ပဏီသည် ဝန်ထမ်းပေါင်း ၂၈၀၀ ဖြင့် တစ်နေ့လျှင် နာရီအလုံးပေါင်း ၂၀၀၀ ကျော်ခန့် ထုတ်လုပ်လျက်ရှိသည်။ ရိုးလ်လက်စ်နာရီသည် ကမ္ဘာကျော်တင်းနစ်ပြိုင်ပွဲကြီးများဖြစ်ကြသော ဝင်ဘယ်လ်တန်တင်းနစ်ပြိုင်ပွဲနှင့် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲများ၏ အချိန်မှတ်သားသူအဖြစ် တာဝန်ထမ်းဆောင်ရွက်ရန် အတည်ပြုထားခြင်းခံရသည်။

# ကမ္ဘာကျော် ရိုးလ်လက်စ်နာရီ

**ပြည့်ဖြိုးဟိန်း**




www.burmeseclassic.com

www.burmeseclassic.com

Hans Wilsdorf ဆိုသူနှင့် သူ၏ ယောက်ဖဖြစ်သူ Alfred Davis တို့သည် နောက်ဆုံးတွင်ရိုးလ်လက်စ် အက်စ်အေဟု ဖြစ်လာမည့် Wilsdorf and Davis ဟု အမည်ရသောကုမ္ပဏီကိုစတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ထိုစဉ်အချိန်က Wilsdorf နှင့် Davis တို့၏ အဓိက စီးပွားရေးလုပ်ငန်းမှာ ဆွစ်ဇာလန်နိုင်ငံမှ ထုတ်လုပ်သည့် နာရီအစိတ်အပိုင်းများကို အရည်အသွေးကောင်းမွန်သော နာရီဒိုင်ခွက်များတွင် တပ်ဆင်အသုံးပြုရန်အတွက် အင်္ဂလန်နိုင်ငံသို့မှာယူတင်သွင်းရောင်းချခြင်းပင်ဖြစ်သည်။ အဆိုပါ လက်ပတ်နာရီများကို ရတနာကုန်သည်များထံသို့ ရောင်းချခြင်းဖြစ်ပြီး နာရီများတွင် မှာယူသူတို့၏ နာမည်များကို ရေးထိုးပေးထားသည်။ Wilsdorf and Davis မှ အစောပိုင်းတွင် ထုတ်လုပ်ခဲ့သော နာရီများ၏ အိမ်အတွင်းပိုင်း၌ အမှတ်အသားတစ်ခုအနေဖြင့် W & D ဆိုသော စာတန်းလေးကိုပြုလုပ်ထည့်သွင်းခဲ့သည်။

၁၉၀၈ ခုနှစ်တွင် Wilsdorf သည် ရိုးလ်လက်စ်ကုန် အမှတ်တံဆိပ်ကို မှတ်ပုံတင်ခဲ့ပြီးနောက် ဆွစ်ဇာလန်နိုင်ငံတွင်ရုံးခန်းတစ်ခုဖွင့်လှစ်ခဲ့သည်။ ၁၉၁၅ ခုနှစ် နိုဝင်ဘာ ၁၅ရက်တွင် ရိုးလ်လက်စ်ဟု အမည်ပေးထားသော ကုမ္ပဏီကို မှတ်ပုံတင်ခဲ့သည်။ ၁၉၁၉ ခုနှစ်တွင် Wilsdorf သည် အင်္ဂလန်နိုင်ငံရှိ နာရီကုမ္ပဏီကို ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့သို့ပြောင်းရွှေ့ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ဇိမ်ခံပစ္စည်းများတင်သွင်းမှုအပေါ်တွင်သာမကနာရီအိမ်များပြုလုပ်ရာတွင် အသုံးပြုသည့် ငွေနှင့် ရွှေများကဲ့သို့သော ပစ္စည်းများအပေါ် အခွန်စည်းကြပ်မှုများ ပိုမိုမြင့်မားလာခြင်းကြောင့်ပင်ဖြစ်သည်။







ရိုးလ်လက်စ်နာရီများ၏ ဈေးနှုန်းမှာ နာရီပုံစံနှင့် ပြုလုပ်သည့် ပစ္စည်းပေါ်တွင် မူတည်ပြီး အမျိုးမျိုးကွဲပြားခြားနားသွားသည်။ သံချေးတက်ခြင်းနှင့် အစွန်းထင်းမဖြစ်စေနိုင်သည့် ခရမ်း(သံမဏိအတု)ဖြင့် ပြုလုပ်ထားသည့် ရိုးလ်လက်စ်နာရီတစ်လုံး၏ တန်ဖိုးသည် ယူကေနိုင်ငံတွင် ပေါင် ၅၂၅၀ မှ အစပြုခြင်းဖြစ်သည်။ စိန်စီခြယ်ထားသော နာရီများမှာ သိသိသာသာပင် တန်ဖိုးမြင့်မားသွားသည်။ ရိုးလ်လက်စ်နာရီများ၏ ဈေးနှုန်းကို ခန့်မှန်းခြေပြုစုထားသည့် စာရင်းတစ်ခု၏ အဆိုအရမူ ဈေးနှုန်းများသည် အမေရိကန်ဒေါ်လာ ၅၆၀၀ မှ ၇၅၀၀၀ အကြားတွင်ရှိသည်။ ရိုးလ်လက်စ်နာရီကုမ္ပဏီမှ ထုတ်လုပ်သမျှနာရီအမျိုးအစားများထဲတွင် တန်ဖိုးအကြီးဆုံးသော နာရီ၏ လက်လီဈေးနှုန်းကျသင့်ငွေမှာ အမေရိကန်ဒေါ်လာဖြင့် ၄၈၅ ၃၅၀ ပင်ဖြစ်သည်။ Forbes မဂ္ဂဇင်းမှ ဆောင်းပါးတစ်ခုတွင် ဆွစ်နာရီလုပ်ငန်းတွင် ရိုးလ်လက်စ်နာရီနှင့် ယှဉ်ပြိုင်နိုင်သည့် အခြားသော နာရီအမျိုးအစားများမှာ Corum, Universal Geneve နှင့် IWC တို့ပင်ဖြစ်သည်ဟု ရေးသားဖော်ပြထားသည်။ တန်ဖိုးကြီးပြီး လူကြိုက်များလှသောကြောင့် ရိုးလ်နာရီများကို မကြာခဏဆိုသလို အတုအပပြုလုပ်ပြီး လမ်းဘေးနှင့်အွန်လိုင်းမှတစ်ဆင့်တရားမဝင်ရောင်းချခြင်းများကိုလည်း ပြုလုပ်ကြသည်။

ရိုးလ်လက်စ်နာရီကုမ္ပဏီသည် ကမ္ဘာ့ပထမဦးဆုံး ရေလုံနာရီများကို စတင်ထုတ်လုပ်ခဲ့သည့် နာရီကုမ္ပဏီဖြစ်ပြီး အဆိုပါနာရီများသည် ရေအောက်အနက်မီတာတစ်ရာ (ပေပေါင်း ၃၃၀)မှ ရေဖိအားကို ကြံ့ကြံ့ခံနိုင်စွမ်းရှိပြီး ကောင်းစွာအလုပ်လုပ်နိုင်သည်။ ထို့ပြင်ရိုးလ်လက်စ်နာရီကုမ္ပဏီမှပင်လယ်ရေအောက်အနက်သို့ ငုပ်မည့်ရေငုပ်သမားများအတွက်၊တောင်တက်သမားများအတွက်နှင့် လေယာဉ်မောင်းသူများအတွက် ရည်ရွယ်ပြီး သီးခြားနာရီအမျိုးအစားများကိုလည်း ထုတ်လုပ်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် ရေအောက်အနက်သို့ ပေပေါင်း ၃၅၀၁၄ ထိအောင် Challenger Deepရေငုပ်သင်္ဘော


www.burmeseclassic.com

www.burmeseclassic.com







ဖြင့် သွားရောက်ခဲ့ပြီး ကမ္ဘာ့စံချိန်တင်ခဲ့ကြသည့် ရှုးစမ်းရှာဖွေလေ့လာရေးသမား နှစ်ဦး၁လုံး၏ လက်များတွင် ရိုးလ်လက်စ်နာရီကုမ္ပဏီမှ အထူးတီထွင်ထုတ်လုပ်ပေးလိုက်သော ရေအောက်အနက်တွင် အသုံးပြုနိုင်သည့်နာရီများကို ဝတ်ဆင်ထားခဲ့ကြသည်။ အလားတူ ရေအောက်ကို သွားသည့်ဖြစ်ရပ်မျိုးကို ၂၀၁၂ ခုနှစ်တွင် ကမ္ဘာကျော် ရုပ်ရှင်ဒါရိုက်တာကြီးတစ်ဦးဖြစ်သူ ဂျိမ်းစ်ကင်မရွန်းမှ ပြုလုပ်ခဲ့ရာသူအသုံးပြုခဲ့သည့် ရေငုပ်ခက်ရုပ်ယာဉ်၏ လက်မောင်းတွင် အထူးတီထွင်ထုတ်လုပ်ထားသည့် ရိုးလ်လက်စ်နာရီတစ်လုံးကို ဝတ်ဆင်ပေးထားခဲ့သည်။ ဧဝရက်တောင်ထိပ်သို့ ပထမဦးဆုံး တက်ရောက်နိုင်ခဲ့သည့် Sir Edmund Hillary ၏ အဖွဲ့မှ နီပေါနိုင်ငံသားတစ်ဦးဖြစ်သူ Tenzing Norgay နှင့်တကွအခြားသော အဖွဲ့ဝင်များသည် ၁၉၅၃ ခုနှစ်တွင် အမြင့်ပေပေါင်း ၂၉၀၃၅ ရှိသည့် ကမ္ဘာ့အမြင့်ဆုံးဖြစ်သော ဧဝရက်တောင်ထိပ်သို့ တက်ရောက်သောအခါတွင် ရိုးလ်လက်စ်နာရီများကို ဝတ်ဆင်သွားခဲ့ကြသည်။

ဒုတိယကမ္ဘာစစ်ကြီးအစပိုင်းတွင် ဗြိတိန်လေတပ်မတော်မှ လေသူရဲများသည် ၎င်းတို့၏ အရည်အသွေးညံ့ဖျင်းလှသည့် နာရီများကို အစားထိုးအသုံးပြုရန်အတွက် ရိုးလ်လက်စ်နာရီများကိုဝယ်ယူခဲ့ကြသည်။ သို့သော်လည်း ရန်သူ၏ ဖမ်းဆီးခြင်းကို ခံရပြီးသည့်နောက် ချွေးတပ်စခန်းများသို့ ပို့ဆောင်ခံရသောအခါတွင် ၎င်းတို့၏ နာရီများမှာ သိမ်းဆည်းခြင်းခံရတော့သည်။ အဆိုပါ သတင်းကို Wilsdorf ကြားသိသောအခါတွင် သိမ်းဆည်းခံရသော နာရီများကို အစားထိုးပေးရန်နှင့် ကျသင့်ငွေကို စစ်ကြီးပြီးဆုံးမှသာပေးရန် ကမ်းလှမ်းခဲ့သည်။ Wilsdorf ကိုယ်၌ကလည်း ဒုတိယကမ္ဘာစစ်ကြီးကို ဂျာမန်များအနေဖြင့်မည်သို့မှနိုင်စရာအကြောင်းမရှိဟုယူဆထားသဖြင့် နာရီဖိုးဆုံးရှုံးစရာမရှိဟု အသေအချာတွက်ဆထားခဲ့သည်။ ရလဒ်အနေဖြင့် နာရီအလုံးပေါင်း ၃၀၀၀ ခန့်နီးပါးအမှာစာများရရှိခဲ့ပြီး ဒုတိယ ကမ္ဘာစစ်အတွင်း၌ ဥရောပတွင် ရောက်ရှိတာဝန် ထမ်းဆောင်နေကြသည့် အမေရိကန်လူမျိုးများသည်လည်း အဆိုပါဖြစ်စဉ်ကို ကြားသိခဲ့ခြင်းသည် စစ်ကြီးပြီးဆုံးသောအခါတွင် ရိုးလ်လက်စ်နာရီများ အမေရိကန်ဈေးကွက်တွင် ရောင်းချရန်အတွက် အထောက်အပံ့ဖြစ်စေခဲ့သည်။

အင်္ဂလန်နိုင်ငံတွင် ဖြစ်ပွားခဲ့သည့် လူသိများလှသော လူသတ်မှုတစ်ခုတွင် အသတ်ခံရသူ၏လက်တွင် ပတ်ထားသော လက်ပတ်နာရီမှတစ်ဆင့် လူသတ်သမားဖြစ်သူကိုခြေရာခံနိုင်ခဲ့ပြီး နောက်ဆုံးတွင် လူသတ်မှုကျူးလွန်သူကို ဖမ်းဆီးမိခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် အင်္ဂလိပ်ရေလက်ကြား၌ တံငါသည်တစ်ဦးမှ အလောင်းတစ်လောင်းကို တွေ့ရှိခဲ့ရာ မည်သူမည်ဝါဟုခွဲခြားနိုင်ခြင်းအလျှင်းမရှိဘဲ လက်တွင်ပတ်ထားသည့် ရိုးလ်လက်စ်နာရီကိုသာ အတည်ပြုနိုင်ခဲ့သည်။ ရိုးလ်လက်စ်နာရီများကို ပြုပြင်သည့်အခါတိုင်း အထူးအမှတ်အသားများကို နာရီအတွင်းပိုင်းတွင် ထွင်းပေးလိုက်တတ်ခြင်းကြောင့် ဗြိတိသျှရဲတို့သည် နာရီပြုပြင်သည့် မှတ်တမ်းများမှတစ်ဆင့်ခြေရာခံပြီးနောက်




နာရီပိုင်ရှင်ဖြစ်သူကိုဖော်ထုတ်နိုင်ခဲ့သည်။ ထို့ပြင် ဗြိတိသျှရဲတို့သည် နာရီတွင် ပါရှိသော ပြက္ခဒိန်ကိုစစ်ဆေးပြီးနောက် နာရီပိုင်ရှင်သေဆုံးသွားသည့်အချိန်ကို ဆုံးဖြတ်နိုင်ခဲ့သည်။ ရိုးလ်လက်စ် နာရီများသည် လုံးဝရေလုံအောင်ပြုလုပ်ထားခြင်းဖြစ်ပြီး လှုပ်ရှားမှုကင်းမဲ့သော အခြေအနေတွင် နောက်ထပ်နှစ်ရက် သို့မဟုတ် သုံးရက် လောက်ဆက်ပြီးနာရီသွားနေစေရန်အတွက် ပြုလုပ်ထားခြင်းဖြစ်သောကြောင့် ရဲများသည် သေဆုံးသည့်အချိန်ကို အမှားအယွင်းနည်းပါးစွာဖြင့် ဆုံးဖြတ်နိုင်ခဲ့ခြင်းဖြစ်သည်။ လူသတ်မှုကျူးလွန်ခဲ့သူမှာ ကနေဒါနိုင်ငံမှ ထွက်ပြေးတိမ်းရှောင်လာသည့် ဝရမ်းပြေးတစ်ဦးဖြစ်ပြီး ၎င်းအားခိုးမှု၊ ငွေဖြုန်းဖော်မှုနှင့် အတုအပပြုလုပ်မှုများအပါအဝင် စွဲချက်ပေါင်း ၁၈ ခုဖြင့် သက်ဆိုင်ရာမှ အလိုရှိနေသူတစ်ဦးပင်ဖြစ်သည်။

ပြည့်ဖြိုးဟိန်း





www.burmeseclassic.com

www.burmeseclassic.com



# ကမ္ဘာကြီးကို ပြောင်းလဲစေခဲ့သော တီထွင်မှုများ

နန္ဒမင်းဗိုင်

လွန်ခဲ့သော နှစ် ၅၀ ကာလက သိပ္ပံပညာရှင်များနှင့် သုတေသီများ၏ အပတ်တကုတ် ကြိုးပမ်းအားထုတ်ဆန်းသစ်တီထွင်မှုများကြောင့် သိပ္ပံနှင့် နည်းပညာများမှာ တစ်ဟုန်ထိုး ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ မကြာသေးမီ ဆယ်စုနှစ်များကာလက သိပ္ပံပညာရှင်များနှင့် သုတေသီများ၏ ဆန်းသစ်တီထွင်မှုများသည် ပုံမှန်တဖြည်းဖြည်း တစ်စထက်တစ်စ ဖွံ့ဖြိုးတိုးတက်လာသောကြောင့် လူသားတို့အနေဖြင့် တစ်ချိန်တစ်ခါက စိတ်ကူးယဉ်သိပ္ပံဝတ္ထုများနှင့် သိပ္ပံရုပ်ရှင်ကားများထဲတွင်သာ စိတ်ကူးယဉ်အိပ်မက်မက်ခဲ့ရသောအရာများမှာ ယခုအခါ ပကတိအရှိလောကကြီးတွင် အမှန်တကယ် တည်ရှိသော အရာများ ဖြစ်လာခဲ့သည်။

ဆန်းသစ်တီထွင်မှုများကြောင့် လူသားတို့၏ လူမှုနေထိုင်မှုဘဝအဆင့်အတန်းနှင့် အရည်အသွေးတို့မှာ သိသိသာသာ တိုးတက်မြင့်မားလာခဲ့သည်။ ထို့ပြင် ဤဆန်းသစ်တီထွင်မှုများသည် အခြားသော ဆန်းသစ် တီထွင်မှုများအတွက် နိဒါန်းပျိုးလမ်းခင်းပေးနိုင်ခဲ့သောကြောင့် တီထွင်ဖန်တီးမှုအသစ်






www.burmeseclassic.com

www.burmeseclassic.com



များ တစ်ခုပြီးတစ်ခု အောင်မြင်စွာ ပေါ် ထွက်လာခဲ့ပေသည်။

**အေတီအမ်(ATM) အလိုအလျောက် ငွေထုတ်စက်**

အလိုအလျောက် ငွေထုတ်စက် (ATM-Automated Teller Machine) ရှေ့ပြေးပုံစံများသည် ၁၉၆၀ ပြည့်လွန်နှစ်များကာလ အတောအတွင်း၌ စတင်ပေါ်ပေါက်လာခဲ့သည်။ သို့ရာတွင် အဆိုပါ အေတီအမ် အလိုအလျောက်ငွေထုတ်စက်များသည် ကြိုတင်သတ်မှတ်ထားသော ငွေကြေးပမာဏကိုသာ အလိုအလျောက် ထုတ်ပေးနိုင်စွမ်းရှိပြီး အခြားကွန်ပျူတာများနှင့်လည်း ကွန်ရက်သဖွယ် ချိတ်ဆက်ထားနိုင်ခြင်းမရှိသေးချေ။ ၁၉၇၀ ပြည့်လွန်နှစ်များကာလတွင် သံလိုက်ဓာတ်ဖြင့် အမှတ်သင်္ကေတအစင်းကြောင်းများ ထည့်သွင်းထားသော ငွေထုတ်ကတ်ပြားများကို စတင်အသုံးပြုနိုင်ခဲ့သည့်အပြင် အေတီအမ် အလိုအလျောက် ငွေထုတ်စက်များကို အခြားကွန်ပျူတာများနှင့်လည်း ကွန်ရက်သဖွယ် ချိတ်ဆက်ထားနိုင်ခဲ့မှုကြောင့် မည်သည့်နေရာတွင်မဆို စိတ်တိုင်းကျ ငွေထုတ်ယူနိုင်ခဲ့ရာ အေတီအမ် အသုံးပြုမှုမှာ လျှင်မြန်စွာ တွင်ကျယ်လာခဲ့သည်။

ယနေ့မျက်မှောက်ကာလတွင် အဆိုပါ အေတီအမ်အလိုအလျောက်ငွေထုတ်စက်များမှာ အများပြည်သူလူထု၏ နေ့စဉ် လူနေမှုဘဝပုံစံ၏ ပုံမှန်အစိတ်အပိုင်းတစ်ရပ်ဖြစ်လာခဲ့သည်။ အေတီအမ်စက်များသည် အများပြည်သူလူထုအား သက်ရှိဘဏ်ဝန်ထမ်းများနှင့် ထိတွေ့ဆက်ဆံစရာ လုံးဝမလိုဘဲ ရက်သတ္တတစ်ပတ်လုံး ၂၄ နာရီ အချိန်ပြည့် ငွေထုတ်ပေးလျက်ရှိသောကြောင့် ဘဏ်မှ ငွေထုတ်ယူရာတွင် လွယ်ကူအဆင်ပြေလာခဲ့သည်။

**ဒီအင်န်အေ (DNA) မျိုးရိုးဗီဇစမ်းသပ်မှု**

၁၉၇၀ ပြည့်လွန်နှစ်များ နှောင်းပိုင်းကာလက သိပ္ပံပညာရှင်များသည် ဒီအင်န်အေမျိုးရိုးဗီဇမော်လီကျူးအချို့အား အစဉ်လိုက် ဆက်စပ်နိုင်ရန် စတင်ကြိုးပမ်းအားထုတ်ခဲ့ကြသည်။ ထို့နောက် ၁၉၉၀ ပြည့်နှစ်တွင် အမေရိကန်ပြည်ထောင်စု အစိုးရသည် သိပ္ပံပညာရှင်များအား မနုဿလူသားတို့၏ DNA မျိုးရိုးဗီဇ မြေပုံကို အတိအကျ ရေးဆွဲရန် အားပေးတိုက်တွန်းခဲ့သည်။ ထိုသို့ အမေရိကန်ပြည်ထောင်စု အစိုးရ၏ ကြိုးပမ်းအားထုတ်မှုကြောင့် မနုဿလူသားများ၏ DNA မျိုးရိုးဗီဇဖွဲ့စည်းတည်ဆောက်မှုတွင် အဓိကပါဝင်သော မျိုးရိုးဗီဇ ၂၀၀၀၀ မှ ၂၅၀၀၀ အထိ ၂၀၀၃ ခုနှစ်တွင် အမျိုးအမည် ခွဲခြားဖော်ထုတ် သတ်မှတ်နိုင်ခဲ့သည်။

ဤအောင်မြင်မှုကြောင့် DNA မျိုးရိုးဗီဇနှင့် ဆက်စပ်လျက်ရှိသော ရောဂါဘယ သုတေသနပြုမှုများနှင့် ဆေးဝါးကုသမှုတို့တွင် အကြီးအကျယ် တိုးတက်လာ





www.burmeseclassic.com

www.burmeseclassic.com







စေခဲ့သည်။

### သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် လျှပ်စစ်ကားများ

၁၉၂၀ ပြည့်လွန်နှစ်များကာလမှစ၍ လျှပ်စစ်ကားရွေ့ပြေးပုံစံအမျိုးမျိုးကို ဆန်းသစ်တီထွင်ခဲ့ပြီး သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှုကြောင့် လျှပ်စစ်ကားများကို ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် အရှိန်အဟုန်မြှင့်တင် ဆန်းသစ်တီထွင်ခဲ့ကြသည်။ ဂျပန်နိုင်ငံမှ တိုယိုတာကားကုမ္ပဏီသည် ၎င်း၏ Prius လျှပ်စစ်ကားရွေ့ပြေးပုံစံကို လွန်ခဲ့သော ငါးနှစ်ခန့်က စတင်ဆန်းသစ်တီထွင်ခဲ့သည်။

မကြာသေးမီကာလ ၂၀၀၃ ခုနှစ်က စတင် တည်ထောင်ခဲ့သော Tesla Motors ကားကုမ္ပဏီသည် ၎င်း၏ ပထမဦးဆုံး ရွေ့ပြေးပုံစံ လျှပ်စစ်ကားတစ်စီးကို ၂၀၀၈ ခုနှစ်တွင် စတင်ထုတ်လုပ်ခဲ့သည်။ အဆိုပါ Tesla မော်တော်ကားကုမ္ပဏီမှာ လျှပ်စစ်ကားများ ထုတ်လုပ်ရောင်းချရာတွင် အခက်အခဲလုံးဝမရှိဘဲ လျှပ်စစ်ကားများကို အောင်မြင်စွာထုတ်လုပ်နိုင်သော ပထမဦးဆုံး ကုမ္ပဏီဖြစ်သည်။

၎င်းကုမ္ပဏီ၏ အင်တာနက်ဝက်ဘ်ဆိုက်တွင် Tesla လျှပ်စစ်ကားများသည် ဓာတ်ဆီဖြင့် မောင်းနှင်သော ကားများ၏ စွမ်းဆောင်ရည်နှင့်နှိုင်းယှဉ်ပါက ၂၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းအထိ စွမ်းဆောင်ရည်ပိုမိုသာလွန်ထက်မြက်ကြောင်း ဖော်ပြထားသည်။ Ford Motor ကား ကုမ္ပဏီနှင့် Honda Motor ကားကုမ္ပဏီကြီးများကလည်း လျှပ်စစ်မော်တော်ကားများ ထုတ်လုပ်ရောင်းချရေးတွင် သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

### ဆက်သွယ်ရေးကဏ္ဍအတွက်အလင်းဖန်မျှင်

သိပ္ပံပညာရှင်များနှင့် သုတေသီများသည် အလင်းဖန်မျှင်(Fiber Optics) နည်းပညာကို ၁၈၀၀ ပြည့်လွန်နှစ်များကာလကတည်းက စတင်လေ့လာခဲ့ကြသည်။ သို့ရာတွင် ၁၉၇၀ ပြည့်လွန်နှစ်ကာလရောက်မှသာလျှင် အလင်းဖန်မျှင်၏ အရည်အသွေးမှာ ဆက်သွယ်ရေးကဏ္ဍအတွက် ထိရောက်စွာ အသုံးပြုနိုင်လောက်အောင် တိုးတက်ဖွံ့ဖြိုးလာခဲ့သည်။

သို့ဖြစ်ရာ အလင်းဖန်မျှင်မှာ ကြေးနန်းဆက်သွယ်ရေးကဏ္ဍနှင့် အင်တာနက်ကွန်ရက်ချိတ်ဆက်ရေးနယ်ပယ်တွင် ထိရောက်မှုရှိသော ဆက်သွယ်ရေးပစ္စည်းအဖြစ် တွင်ကျယ်စွာ အသုံးပြုခဲ့ကြသည်။ အလင်းဖန်မျှင် ကေဘယ်လ်ကြိုးများသည် အလွန်ဝေးလံခေါင်သီသော နေရာအထိ ဆက်သွယ်နိုင်စွမ်းရှိပြီး အချက်ပြလှိုင်းထုတ်လွှင့်မှုအမြန်နှုန်းမှာလည်း တစ်စက္ကန့်လျှင် ၁၀၀ Gigabytes ကျော်အထိ မြန်ဆန်သောကြောင့် အလင်းဖန်မျှင်ကို ဆက်သွယ်ရေးကဏ္ဍအတွက် အဓိက တွင်ကျယ်စွာ အသုံးပြုလာခဲ့ခြင်းဖြစ်သည်။

အလင်းဖန်မျှင်သည် ဆက်သွယ်ရေးအထောက်အကူပြုပစ္စည်းကိရိယာများအတွက် အချက်ပြသင်္ကေတလှိုင်းထုတ်လွှတ်မှုအမြန်နှုန်း အလွန်မြန်ဆန်ပြီး ထိရောက်မှုရှိခြင်းကြောင့် မကြာသေးမီနှစ်များကအလွန်တိုတောင်းသောအချိန်ကာလအတောအတွင်း ဆက်သွယ်ရေးကဏ္ဍတွင် မရှိမဖြစ်အလွန်အရေးပါသော ဆက်သွယ်ရေးပစ္စည်း ဖြစ်လာခဲ့သည်။

### လေဆာနှင့်စက်ရုပ်အသုံးပြုခွဲစိတ်ကုသမှု

၁၉၈၀ ပြည့်လွန်နှစ်များကာလတွင် ခွဲစိတ်ကုသမှု ဆေးသိပ္ပံလောကတွင် အဓိက ဖွံ့ဖြိုးတိုးတက်မှုများ သိသိသာသာ ပေါ်ပေါက်လာခဲ့သည်။ ပထမဦးဆုံး Minimally Invasive Surgery ခွဲစိတ်ကုသမှုကို ၁၉၈၇ ခုနှစ်တွင် ပထမဦးဆုံးအကြိမ်အဖြစ် ခွဲစိတ်ကုသပေးနိုင်ခဲ့သည်။ ၁၉၈၅ ခုနှစ်ခန့်က စက်ရုပ်ကို အသုံးပြုပြီး လူနာ၏





www.burmeseclassic.com

www.burmeseclassic.com





အသားတစ်သျှူးစနမူနာကို ပထမဦးဆုံး အကြိမ် စတင်ထုတ်ယူနိုင်ခဲ့သည်။

၁၉၈၀ ပြည့်လွန်နှစ်များ အစောပိုင်း ကာလတွင် သိပ္ပံပညာရှင်များသည် လေဆာ ရောင်ခြည်သည်လည်း လူသားတို့၏ ကိုယ်တွင်းအင်္ဂါအစိတ်အပိုင်းများမှ အသားစတစ်သျှူးများကို ရောဂါအမျိုးအစား စမ်းသပ်စစ်ဆေးကြည့်ရှုနိုင်ရန်အတွက် နမူနာယူရန် လုပ်ဆောင်ပေးနိုင်ကြောင်း ရှာဖွေတွေ့ရှိခဲ့ကြသည်။ သို့ဖြစ်ရာ ဤသို့ ရှာဖွေ တွေ့ရှိမှုကြောင့် ခွဲစိတ်ကုသမှုများကို ပိုမို၍ တိကျအောင် အကြီးအကျယ် အထောက်အကူပြုခဲ့သည်။

သို့ဖြစ်ရာ ဤလေဆာနည်းပညာကြောင့် ခွဲစိတ်ကုသမှုမှာ အသက်ဘေးအန္တရာယ်ပိုမိုလုံခြုံမှုရှိလာပြီး လူနာကို လျင်မြန်စွာ ကျန်းမာလာစေသည်။

**နေရောင်ခြည်စွမ်းအင်**

၁၈၀၀ ပြည့်လွန်နှစ်များကာလက သိပ္ပံပညာရှင်များသည် နေရောင်ခြည်စွမ်းအင်ကို အသုံးပြုပြီး ရေနွေးငွေ့ ထုတ်လုပ်ခဲ့စဉ်အတောအတွင်းက နေရောင်ခြည်စွမ်းအင်၏ အကျိုးသက်ရောက်မှုကို ပထမဦးဆုံး အကြိမ် စတင်ရှာဖွေတွေ့ရှိခဲ့ကြသည်။ ယနေ့ခေတ် နေရောင်ခြည်စွမ်းအင် အသုံးပြုရေးအတွက် လှုပ်ရှားမှုမှာ ၁၉၇၀ ပြည့်လွန်နှစ်များကာလက ရေနံပိတ်ပင်မှုနှင့် စွမ်းအင်အကျပ်အတည်းတို့ကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်။

ယနေ့မျက်မှောက်ကာလတွင် စီးပွားဖြစ်ထုတ်လုပ်သော နေရောင်ခြည်စွမ်းအင် ထုတ်လုပ်ရေးစက်ရုံကြီးအချို့ တည်ရှိနေပြီး နေအိမ်များနှင့် စီးပွားရေးလုပ်ငန်း အဆောက်အအုံများမှာ နေရောင်ခြည်စွမ်းအင်ဖြင့် အပူဓာတ်ရရှိလျက်ရှိသည်။ အချို့သော နေရောင်ခြည်မှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးသော ဂျင်နရေတာလျှပ်ထုတ်စက်များသည် လျှပ်စစ်ဓာတ်အားပေးစက်ရုံများသို့ လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ပေးလျက်ရှိသည်။ နေရောင်ခြည်မှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်သော နည်းပညာကို ဆန်းသစ်တီထွင်နိုင်မှုကြောင့် လူသားတို့လိုအပ်သော စွမ်းအင်ကို ထိရောက်စွာ ဖြည့်ဆည်းပေးနိုင်သည့်အပြင် လောင်စာစွမ်းအင် အသုံးပြုမှုကြောင့် ရာသီဥတုဖောက်ပြန် ပြောင်းလဲသွားမည်ကို တွေးတော စိုးရိမ်မှုပပန်နေမှုများကိုလည်း ပြေပျောက်သွားစေခဲ့သည်။

**ဘားကုတ်နှင့် စကင်နာများ**

သိပ္ပံပညာရှင်များသည် ၁၉၅၀ ပြည့်လွန်နှစ်များကာလတွင် ပထမဦးဆုံး ဘားကုတ်(Bar Code)နှင့် ဘားကုတ်ဖတ်စကင်နာ(Bar Code Scanner) တို့ကို ဆန်းသစ်တီထွင်ခဲ့ကြသည်။ သို့ရာတွင် အဆိုပါဘားကုတ်များကို ၁၉၆၀ ပြည့်လွန်နှစ်များအထိ စီးပွားရေးလုပ်ငန်းများတွင် အသုံးမပြုခဲ့ချေ။ ၁၉၇၀ပြည့်လွန်နှစ်များတွင် ဘားကုတ်၏ စံချိန်စံညွှန်းဖြစ်သော UPC (Universal Product Code) ကို ဆန်းသစ်တီထွင်နိုင်ခဲ့မှုကြောင့် ဘားကုတ်အသုံးပြုမှုမှာ တွင်ကျယ်လာခဲ့သည်။

ယခုအခါတွင် ဘားကုတ်များကို ကုန်တိုက်ကြီးများနှင့် စတိုးဆိုင်များတွင် အဓိကတွင်ကျယ်စွာအသုံးပြုလျက်ရှိသည်။ ထို့ပြင် ဘားကုတ်များကို ကုန်ပစ္စည်းများ ထုတ်လုပ်မှုနှင့် စစ်ဘက်ဆိုင်ရာတို့တွင်လည်း အသုံးပြုလျက်ရှိသည်။

**ပဋိသန္ဓေတားဆေး**

ပဋိသန္ဓေတားဆေးမှာ အမျိုးသမီးတို့၏ ခန္ဓာကိုယ်အတွင်း၌ အီစထရိုဂျင်နဲ့ ပရိုဂျက်စတင်(Estrogen and Progestin) ဟော်မုန်းဓာတ်များ ထုတ်လုပ်ပေးမှုကို တုပပြီး ဟော်မုန်းအတုများ ထုတ်လုပ်ပေးထားခြင်းဖြစ်သည်။ ပထမဦးဆုံး ပဋိသန္ဓေတားဆေးမှာ အီနိုဗစ်(Enovid) သောက်ဆေးဖြစ်သည်။ ထိုသောက်ဆေးကို ၁၉၅၇ ခုနှစ်တွင် ထုတ်လုပ်ရောင်းချနိုင်ရန်အတွက် သဘောတူ ခွင့်ပြုချက် ပထမဦးဆုံးလျှောက်ထားခဲ့သည်။

အဆိုပါသောက်ဆေးမှာ ရာသီသွေး ပုံမှန်မရှိမှုနှင့် မျိုးမအောင်မှုတို့ကို ကုသရန်အတွက်သာ ဖြစ်ပြီး ပဋိသန္ဓေတားဆေးအ







www.burmeseclassic.com

www.burmeseclassic.com






ဖြစ် မထုတ်လုပ်ခဲ့ချေ။ နောက်ပိုင်းတွင် ၄င်းသောက်ဆေးအား ပဋိသန္ဓေတားဆေးအဖြစ် ထုတ်လုပ်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် အဆိုပါအီနိုဗစ် ပဋိသန္ဓေတားဆေးကို အက်ဖ်ဒီအေ(FDA - Food and Drug Administration) အဖွဲ့ကြီး၏ သဘောတူခွင့်ပြုချက်ရရှိရန် တရားဝင်လျှောက်ထားခဲ့သည်။ ပဋိသန္ဓေတားဆေးမှာ အမျိုးသမီးများ ကိုယ်ဝန်မရှိအောင် တားဆီးရာတွင် ထိရောက်မှုအရှိဆုံးနည်းလမ်းဖြစ်ခဲ့သည်။

**နှလုံးသွေးကြောလမ်းကြောင်းလွှဲ ခွဲစိတ်ကုသမှုနှင့် နှလုံးသွေးကြောချဲ့ Stents ကိရိယာတီထွင်မှု**

ပထမဦးဆုံးအကြိမ် နှလုံးသွေးကြောလမ်းကြောင်းလွှဲ ခွဲစိတ်ကုသပေးမှုကို အမေရိကန်ပြည်ထောင်စုတွင် ၁၉၆၀ ပြည့်လွန်နှစ်များ၌ စတင်ကုသပေးခဲ့သည်။ နှလုံးသွေးကြောချဲ့ကိရိယာလေး (Coronary Stent) ကို နှလုံးသွေးကြောချဲ့ပေးသော Angioplasty Balloon ကိရိယာလေး၏ စွမ်းဆောင်ရည် မပြည့်ဝမှုနှင့် မထိရောက်မှုတို့ကြောင့် ကိရိယာအသစ် ထပ်မံဆန်းသစ်တီထွင်ခဲ့ခြင်းဖြစ်သည်။

နှလုံးရောဂါလူနာများအား နှလုံးသွေးကြောလမ်းကြောင်းလွှဲ ခွဲစိတ်ကုသပေးရာတွင် နှလုံးသွေးကြောကို ချဲ့ကားပေးသော Angioplasty Ballon ကိရိယာလေးကို ပြန်လည် ဖယ်ရှားပေးလိုက်သောအခါ နှလုံးသွေးကြောသည် တစ်ခါတစ်ရံ ပြန်လည် ပိတ်ဆို့သွားလေ့ရှိသည်။ သို့ဖြစ်ရာ ခွဲစိတ်ကုဆရာဝန်များအနေဖြင့် နှလုံးသွေးကြောများကို အစဉ်အမြဲ ထာဝရပွင့်နေစေသော နည်းလမ်းကို ရှာဖွေ ကြိုးဆခဲ့ကြသည်။

သို့ဖြစ်ရာ ၁၉၈၆ ခုနှစ်တွင် နှလုံးရောဂါလူနာ၏ နှလုံးသွေးကြောအတွင်း၌ သွေးကြော ချဲ့ကားပေးသော Coronary Stent ကိရိယာလေးကို ပထမဆုံးအကြိမ် အောင်မြင်စွာ ထည့်သွင်းကုသပေးနိုင်ခဲ့သည်။ ပထမဦးဆုံး နှလုံးသွေးကြောချဲ့ကားပေးသော Coronary Stents များကို အမေရိကန်ပြည်ထောင်စု၌ ၁၉၉၄ ခုနှစ်တွင် အသုံးပြုရန်အတွက် သဘောတူခွင့်ပြုခဲ့သည်။

**ကြိုးမဲ့ဆက်သွယ်ရေး အင်တင်နာ**

IEEE 802.16 အင်တင်နာ (Antenna) သည် ဒီအက်စ်အယ်လ် (DSL) နှင့် ကေဘယ်လ်မြန် နှုန်းမြင့် (Cable Broadband) တို့ဖြင့် နှိုင်းယှဉ်ပါက အင်တာနက် ထုတ်လွှင့်မှုကို မိုင် ၃၀ ကျော်အကွာအဝေးအထိ အင်တာနက်ဆက်သွယ်မှုအမြန်နှုန်းမြန်ဆန်စွာဖြင့် ထုတ်လွှင့်ပေးနိုင်စွမ်းရှိသည်။

အိုင်အီးအီးအီးဌာန (IEEE- Institute of Electrical and Electronics Engines) သည် ကြိုးမဲ့ဆက်သွယ်ရေး(Wi-Fi) စနစ်ထက် အဆပေါင်းများစွာ ပိုမိုမြန်ဆန်သော ကြိုးမဲ့ဆက်သွယ်ရေး ကွန်ရက်စနစ်ကို ဆန်းသစ်တီထွင်ခဲ့သည်။ အဆိုပါ IEEE 802.16 ကြိုးမဲ့ဆက်သွယ်ရေးစနစ်သည် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံများအား ကေဘယ်လ်ဝိုင်ယာကြိုးကို အသုံးပြုသော ကြေးနန်းဆက်သွယ်ရေး စနစ်အား ဖျက်သိမ်းပြီး ဒီဂျစ်တယ်ခေတ်သို့ ပြောင်းလဲ ရောက်ရှိသွားအောင် တွန်းအားပေးနိုင်စွမ်းရှိသည်။

**ဇီဝလောင်စာစွမ်းအင်**

ဇီဝလောင်စာ(Biofuel)မှာ အပင်များနှင့် ဇီဝဖြုပ်ထုတို့ ဓာတုအသွင်ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသော လောင်စာအရည်ဖြစ်သည်။ ယခုလောလောဆယ်တွင် ဒါဗိက





www.burmeseclassic.com

www.burmeseclassic.com



ဇီဝလောင်စာနစ်မျိုးကို စီးပွားရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် ထုတ်လုပ်လျက်ရှိသည်။ အဆိုပါဇီဝလောင်စာနစ်မျိုးမှာ အီသာနောလ်(Ethanol)နှင့် ဇီဝဒီဇယ်ဆီ (Biodiesel) တို့ဖြစ် သည်။

အီသနောလ်ကို ဓာတ်ဆီ၏ အလှည့်အပြောင်းအဖြစ် အစားထိုးအသုံးပြုသည်။ အဆိုပါ အီသနောလ်သည် ပြောင်းဖူး၊ ကြံနှင့် သကြားမုန်လာပင်များမှ သကြားဓာတ်များ အချဉ်ပေါက်ပြီး ထွက်ရှိလာခြင်းဖြစ်သည်။ ဇီဝဒီဇယ်ဆီကို ပဲပုပ်၊ မုန်ညင်းစေ့နှင့် အုန်းသီးများမှ ထုတ်လုပ်သော ဟင်းသီးဟင်းရွက်ဆီများဖြင့် ထုတ်လုပ်ထားခြင်း ဖြစ်သည်။



သမားရိုးကျ ရုပ်ကြွင်းလောင်စာ ထုတ်လုပ်သော အရင်းအမြစ်များအစား အလှည့်အပြောင်းအဖြစ် ဇီဝလောင်စာကို ဆန်းသစ်တီထွင်ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ အမေရိကန်ပြည်ထောင်စုမှ လောင်စာစွမ်းအင်ဌာန၏ သုတေသနပြုမှုအရ အမေရိကန်ပြည်ထောင်စု၏ ဇီဝဒြပ်ထုရရှိရာ အရင်းအမြစ် များသည် ခရစ်နှစ် ၂၀၃၀ ပြည့်နှစ်အရောက်တွင် ဓာတ်ဆီ၊ လောင်စာစွမ်းအင် ၃၀ ရာခိုင် နှုန်းကျော်အထိ အစားထိုး နေရာယူလာမည့် အလားအလာရှိသည်ဟု ဆိုသည်။



## ဆဲလ်ဖုန်းများ

၁၉၇၀ ပြည့်လွန်နှစ်များ ကာလတွင် မော်တော်ကားများ အတွင်း၌ သယ်ယူအသုံးပြုနိုင်သော ကားဖုန်းများ ပေါ်ပေါက်လာခဲ့သည်၊ ၁၉၈၃ ခုနှစ်တွင် မော်တော်ရိုလာ (Motorola) ကုမ္ပဏီသည် လက်ထဲကိုင်၍ အသုံးပြုနိုင် သော ပထမဦးဆုံး ဆဲလ်ဖုန်း (Cellphone) ကို ဆန်းသစ်တီထွင်ခဲ့သည်။ ၎င်းကုမ္ပဏီမှ ထုတ်လုပ်သော Dyna TAC 8000X ဆဲလ်ဖုန်းမှာ အလေးချိန် နှစ်ပေါင်ခန့်ရှိပြီး တန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၃၉၉၅ ဒေါ်လာရှိသည်။

## ကမ္ဘာ့တည်နေရာပြဂျီပီအက်စ်စနစ်

၁၉၇၈ ခုနှစ်တွင် ပထမဦးဆုံး ခေတ်သစ်နက်ခ်စတားဂြိုဟ်တုမှ ကမ္ဘာ့တည်နေရာပြစနစ် ဂျီပီအက်စ်(GPS-Global Positioning System)ကို ထုတ်လွှင့်ခဲ့သည်။ GPS စနစ်၏ ရှေ့ပြေးဖြစ်သော Transit ကမ္ဘာ့တည်နေရာပြစနစ်ကို ၁၉၆၀ ပြည့်လွန်နှစ်များ အစောပိုင်းတွင် စတင် ဆန်းသစ်တီထွင်ခဲ့ပြီး နျူကလီးယား ရေငုပ်သင်္ဘောများကို လမ်းညွှန်ရန်အတွက် အသုံးပြုခဲ့သည်။

ခရစ်နှစ် ၂၀၀၀ ပြည့်နှစ်အရောက်တွင် အမေရိကန်ပြည်ထောင်စု သမ္မတဘီလ်ကလင်တန်သည် GPS စနစ်ကို





www.burmeseclassic.com

www.burmeseclassic.com





အရပ်ဘက်တွင် အသုံးပြုရန် သဘောတူခွင့်ပြုခဲ့သည်။ ယခုအခါ လက်ထဲတွင် ကိုင်ဆောင်ထား၍ရသော ဂျီပီအက်စ်ကိရိယာလေးသည် လူတစ်ဦးရှိရာနေရာကို သုံးကိုက်အကွာအဝေးအတွင်း ရှာဖွေဖော်ပြနိုင်စွမ်းရှိသည်။

ယနေ့မျက်မှောက်ကာလအတွင်း ကမ္ဘာတည်နေရာပြစနစ်ဂျီပီအက်စ်ကိရိယာလေးကို မော်တော်ကားများ၊ မိုဘိုင်းဖုန်းများ၊ နာရီများနှင့် အခြားလူသုံးကုန်ပစ္စည်းများတွင် ထည့်သွင်းတပ်ဆင်အသုံးပြုလျက်ရှိသည်။

## အွန်လိုင်းဈေးဝယ်ခြင်း

၁၉၆၀ ပြည့်လွန်နှစ်များနှင့် ၁၉၇၀ ပြည့်လွန်နှစ်များကာလအတောအတွင်းက Electronic Data Interchange ကုမ္ပဏီကြီးများ အသုံးပြုခဲ့သော အီလက်ထရွန်နစ်ကုန်သွယ်ရေးစနစ် (E-commerce) ကို ယနေ့ မျက်မှောက်ကာလတွင် ကွန်ပျူတာများနှင့် ကွန်ရက်သဖွယ် ချိတ်ဆက်ထားပြီး စီးပွားရေးလုပ်ငန်းများတွင် ရောင်းဝယ်ဖောက်ကားရာ၌ ကျယ်ကျယ်ပြန့်ပြန့် တွင်ကျယ်စွာ အသုံးပြုလျက်ရှိသည်။

၁၉၈၀ ပြည့်လွန်နှစ်များကာလတွင် အမေရိကန်ပြည်ထောင်စု၏ ပထမဦးဆုံး အဓိကအင်တာနက် အွန်လိုင်း ဝန်ဆောင်မှုလုပ်ငန်းဖြစ်သော Compu Serve သည် ၎င်း၏ အသင်းဝင်များအတွက် အီလက်ထရွန်နစ်ကုန်တိုက်ကြီးအဖြစ် ဖန်တီးပြီး ကုန်ပစ္စည်းများကို အင်တာနက်မှတစ်ဆင့် ရောင်းချပေးခဲ့သော်လည်း အသုံးပြုသူများအဖို့ အဆင်မပြေဖြစ်ခဲ့သည်။

၁၉၉၀ ပြည့်လွန်နှစ်များကာလတွင် www.worldwideweb အင်တာနက်စနစ်နှင့် အင်တာနက်တွင် လိုအပ်သော သတင်းအချက်အလက်များကို ရှာဖွေကြည့်ရှုနိုင်သော Browser များ ပေါ်ပေါက်လာသောအခါ အီလက်ထရွန်နစ်ကုန်သွယ်ရေးမှာ တစ်ခေတ်ဆန်းသစ်လာခဲ့သည်။



## သံလိုက်လှိုင်းပုံရိပ်ဖော်စက်

သံလိုက်လှိုင်းပုံရိပ်ဖော်စက်(MRI-Magnetic Resonance Imaging) သည် လူနာများအား ရောဂါဘယအမျိုးအမည် ခွဲခြားဖော်ထုတ်သတ်မှတ်ပေးရာတွင် အဓိကအရေးပါသော နည်းပညာဖြစ်လာခဲ့သည်။ သံလိုက်လှိုင်းပုံရိပ်ဖော်စက်(MRI) နည်းပညာမှာ ၁၉၃၀ ပြည့်လွန်နှစ်များက ရှာဖွေတွေ့ရှိခဲ့သော ရူပဗေဒပညာရပ်မှ နျူကလီးယားသံလိုက်လှိုင်းပဲ့တင်ထပ်မှု(NMR-Nuclear Magnetic Resonance)အပေါ် အခြေခံဆန်းသစ်တီထွင်ထားသော နည်းပညာဖြစ်သည်။

နျူကလီးယား သံလိုက်လှိုင်းပဲ့တင်ထပ်မှု အယူအဆသဘောတရားအရ သံလိုက်စက်ကွင်းများနှင့် ရေဒီယိုလှိုင်းများသည် Atom အား အလွန်သေးငယ်သော ရေဒီယိုအချက်ပြလှိုင်းများ ထုတ်လွှင့်စေသည်ဟု ဆိုသည်။ ကျန်းမာရေးဆေးသိပ္ပံနယ်ပယ်တွင် ပထမဦးဆုံး သံလိုက်လှိုင်းပုံရိပ်ဖော်စက်(MRI)ကိရိယာကို ၁၉၈၀ ပြည့်လွန်နှစ်များအစောပိုင်း ကာလတွင် ဖွေဆော်ဦးအသုံးပြုခဲ့သည်။

သံလိုက်လှိုင်းပုံရိပ်ဖော်စက်(MRI) ကိရိယာတီထွင်မှုနှင့် စပ်လျဉ်း၍ မည်သူမည်ဝါတီထွင်ခဲ့သည်ကိုမူ ဂယနဏ မသိရချေ။ သို့ရာတွင် အဆိုပါ သံလိုက်လှိုင်းပုံရိပ်ဖော်စက်(MRI)ကိရိယာကို ၁၉၇၃ ခုနှစ်က သိပ္ပံပညာရှင် မစ္စတာရေမွန်ဒ်ဒါမာဒီယန်က ဆန်းသစ်တီထွင်ခဲ့ပုံရသည်ဟု ယူဆထားသည်။

**နန္ဒမင်းပိုင်**



www.burmeseclassic.com

www.burmeseclassic.com



# သဘာဝဒဏ်ခံရပြန်သည့် ကမ္ဘာကျော် မဟာတံတိုင်းကြီး

မောင်ရဲမာန်(မြဝတီ)





www.burmeseclassic.com

www.burmeseclassic.com



မြူခိုးများဝေဆိုင်းနေသည့်မြင့်မားစိမ်းစိုလှသောတောင်စဉ်တောင်တန်းကြီး...။ အဆိုပါတောင်စဉ်တောင်တန်းတစ်လျှောက်ခက်ခက်ခဲခဲတည်ဆောက်ထားကြသည့်ကြီးမားခိုင်ခံ့လှသော တံတိုင်းကြီးမှာ ကွေ့ကွေ့ကောက်ကောက် မျက်စိတစ်ဆုံး တည်ရှိနေ၏။ ပမာပြုရလျှင် တောင်စဉ်တစ်လျှောက် မင်းမူ ကျက်စားနေသည့် နဂါးကြီးတစ်ကောင်နှင့်ပင် တူလှသေးချေသည်။ စင်စစ် တွင်လည်း အဆိုပါမဟာတံတိုင်းကြီးမှာ တရုတ်လူမျိုးတို့၏ သမိုင်းကြောင်းကို ဖော်ညွှန်းနေသည့် တရုတ်နိုင်ငံ၏ သင်္ကေတပြယုဂ်တစ်ခုပင်မဟုတ်ပါလား...။





www.burmeseclassic.com

www.burmeseclassic.com



# မြူဆိုင်းတောင်တန်းများကို နောက်ခံပြုလျက် လွမ်းမောဖွယ်မြင်တွေ့ရသည့် မဟာတံတိုင်းကြီး

မဟာတံတိုင်းကြီးကို သားစဉ်မြေးဆက် ထိန်းသိမ်းစောင့်ရှောက်ခဲ့သူ ဆွန်ရှန်းယွမ်

## ပြုလာမည့်အန္တရာယ် ပြည်ကျွင်းမှသာ လာစွယ်၍

အကယ်စင်စစ် မဟာတံတိုင်းကြီးအား တည်ဆောက်ခဲ့သည့် ရည်ရွယ်ချက်မှာ ကျူးကျော်ဝင်ရောက်လာသူများကို ရှေ့ဆက်မတိုးနိုင်ရေး ခုခံဟန့်တားနိုင်ရန်အတွက်ဖြစ်သည်။ သို့သော် ယနေ့ခေတ်အခါတွင်မူကား အခြေအနေက ပြောင်းသွားခဲ့ချေပြီ။ ကမ္ဘာကျော်မဟာတံတိုင်းကြီးအား ဖျက်ဆီးအန္တရာယ်ပြုမည့်သူများမှာ ကျူးကျော်ဝင်ရောက်လာသူများမဟုတ်ကြတော့…။ ယင်းအား ဖျက်လိုဖျက်ဆီးပြုမည့်သူများ လာရောက်ရာအရပ်ဒေသမှာ တရုတ်ပြည်မကြီးထဲကသာ ဖြစ်သည်ဟုဆိုပါလျှင်….။

ခံ့ထည်လှသည့်တံတိုင်းကြီးမှာ တောင်စဉ်တစ်လျှောက်ကွေ့ဝိုက်ကာ လှပစွာတည်ရှိနေလေ၏။ သူရဲခို၊ ရင်တားတို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော ကင်းမျှော်စင်များကလည်း မြင်ကွင်းကို တစ်မျိုးတစ်ဖုံ အားဖြည့်ထားသည့်နှယ်…။ အကောင်းစား ဂိုးတက်စ်အမျိုးအစား တောင်တက်ဖိနပ် အားကိုးနှင့် မတ်စောက်လှသည့် ကျောက်တောင်များကို ကုပ်တက်ရင်း သူ၏လမ်းပြဖြစ်သူ ဆွန်ရှန်းယွမ်ကို တစ်ချက်လှမ်းကြည့်လိုက်သည်။ အပေါ်စားညှပ်ဖိနပ်လေးကို စီးထားသည့်ဆွန်က ရော်ဘာအောက်ခံပါးနေပြီဖြစ်သော သူ၏ဖိနပ်ကို ငုံ့ကြည့်ရင်း 'ကျွန်တော်က နှစ်ပတ်တစ်ခါဖိနပ်အသစ်တစ်ရန် လဲရတယ်ဗျ' ဟု ရယ်ကျဲကျဲလေးပြော၏။ သူ့စိတ်ထဲတွင် အပြေးအလွှားတွက်ချက်ကြည့်လိုက်မိသည်။ ဤအတိုင်းဆို လွန်ခဲ့သည့် ဆယ်နှစ်တာအတွင်း မဟာတံတိုင်းကြီးကို ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများ လုပ်ရင်းကိုင်ရင်းဖြင့် ဆွန်တစ်ယောက်ဖိနပ် အရန်ပေါင်း ၂၅၀ ခန့်ပျက်စီးဆုံးရှုံးခဲ့ရပေလိမ့်မည်။ ဆွန်ကတော့ သူ၏ မိသားစုမျိုးရိုးဂုဏ်သိက္ခာနှင့်ဆိုင်သော ဤတာဝန်ကို ထမ်းဆောင်နေရသည်ကိုက ပျော်နေပုံပင်…။

လွန်ခဲ့သော ရာစုနှစ်လေးခုခန့်က ဆွန်၏ ဘိုးဘေးအစဉ်အဆက်တို့သည် မြောက်ပိုင်း ဟီဘေးပြည်နယ်တောင်တန်းများပေါ်ရှိ ဤခံတပ်ကြီးပေါ်ဝယ် စစ်သည်တော်ချုပ်ဝတ်တန်ဆာများနှင့် တိုက်ပွဲဝင်စစ်ဖိနပ်ရှည်များ ဝတ်ဆင်ကာ မဟာတံတိုင်းကြီး၏ အစိတ်အပိုင်းများကို အသီးသီးတာဝန်ယူကာကွယ်စောင့်ရှောက်ခဲ့ကြပေလိမ့်မည်။ မင်ဧကရာဇ်၏ စစ်သည်တော်များဖြစ်ကြသော ၄င်းတို့သည် တရုတ်ပြည်အနောက်ပိုင်း သဲကန္တာရများမှသည် ဘိုဟိုင်းပင်လယ်ထဲထိတိုင် ကီလိုမီတာ ၆၅၀၀ (မိုင် ၄၀၀၀) ကျော်ရှည်လျားသည့် တရုတ်ပြည်သူတို့ ချန်ချန်းဟု ခေါ်ဆိုကြသော မဟာတံတိုင်းရှည်ကြီး၏ အစိတ်အပိုင်းများကို ကာကွယ်စောင့်ရှောက်သည့် တာဝန်အား ရှုပ်ရှုပ်ချွံချွံထမ်းဆောင်ခဲ့ကြပေလိမ့်မည်။

မျိုးဆက်နှစ်ဆယ့်တစ်ခု လွန်မြောက်ပြီးသည့်တိုင် မဟာတံတိုင်းကြီးအား ကျူးကျော်ဝင်ရောက်လာသူများ၏ရန်မှ ကာကွယ်သည့် တာဝန်ကို ဆွန်တစ်ယောက်အစဉ်အလာမပျက် ဆက်လက်ထမ်းဆောင်ဆဲပင်။ အသက် ၆၀ ရှိပြီဖြစ်သော်လည်း ကျန်းမာသန်စွမ်းဆဲဖြစ်သည့် လယ်ယာလုပ်သားကြီးဆွန်က ၄င်းနေ့စဉ်မပျက်မကွက် ထမ်းရွက်နေသည့် ကင်းလှည့်တာဝန်ကို လာရောက် လေ့လာရန် သူ့အားဖိတ်ခေါ်ခဲ့ခြင်းပင်။ ယနေ့ခေတ်တွင်မူ သူ၏တာဝန်မှာ ရန်သူများကို ခုခံတိုက် ထုတ်ရန်မဟုတ်တော့ပါချေ။ ဒေါင်ကျာကောင်းရွာလေးရှိ သူ၏နေအိမ်အထက် တောင်တန်းလေးပေါ်မှ မဟာတံတိုင်းတစ်လျှောက် သူ နေ့စဉ်ကင်းလှည့် ရှာဖွေနေသည်ကား တစ်နေ့တခြားများပြားလာသည့် ကမ္ဘာလှည့်ခရီးသည်များနှင့် ဒေသခံပြည်သူတို့၏ပယောဂကြောင့် ဖြစ်ပေါ်လာသော အပျက်အစီးများကိုသာ ဖြစ်ပေ၏။

တောင်ကုန်းလေးတစ်ခု၏ ထိပ်များ





www.burmeseclassic.com

www.burmeseclassic.com



ပေါ်သို့ ခြေချမိသည်နှင့်ပင် ပို၍မြင့်သော တောင်တန်းများထက်ဆီမှ မဟာတံတိုင်းကြီးကို ပုံစံတစ်မျိုးဖြင့် မြင်တွေ့လိုက်ရသည်။ ၁၀ မီတာ(၃၂ ပေ)ခန့် မြင့်မားပြီး အထပ်နှစ်ထပ်ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည့် ကင်းမျှော်စင်ကြီးများကလည်း ခံ့ညားလှသည်ပင်..။ ဆွန်တစ်ယောက်ကမူ တစ်စုံတစ်ရာကို ပြရန် စိတ်အားထက်သန်နေပုံရသည်။ ယင်းမှာ သူမနက်တိုင်း မပျက်မကွက် ကင်းလှည့်တာဝန်ကို ကျေကျေနပ်နပ်ကြီး ထမ်းဆောင်နေသည့် အကြောင်းရင်းခံတစ်ခုလည်း ဖြစ်ပုံရ၏။ သူတို့မျှော်စင်ကို အရောက်တွင် တံခါးဝအထက်အခုံးပေါ်၌ တရုတ်ပုံစံရေးထွင်းထားသည့် စာတန်းတစ်ခုကို ဆွန်က ညွှန်ပြလိုက်သည်။ 'ဆွန်မျိုးနွယ်စု မျှော်စင်' ဟူ၍ပင်တည်း။ 'ခင်ဗျားမှာ ဂန္ထဝင်မြောက်အိမ်ကြီးတစ်လုံးကို ပိုင်ဆိုင်ထားပြီး အဲဒီအိမ်ကြီးကို ဖျက်လိုဖျက်ဆီးလုပ်မယ့်သူတွေကလည်း ရှိမယ်ဆိုရင်တော့.. ခင်ဗျားမှာ မလွဲမသွေ ကာကွယ်ရမယ့်တာဝန်ရှိလာပြီပေါ့ဗျာ' ဟု ဆွန်က ပြောကြားလိုက်လေသည်။

**ယိုယွင်းလာသည့်တရားခံအမှန်က သဘာဝနှင့်လူသား**

တကယ်တော့ တရုတ်နိုင်ငံ၏ ကမ္ဘာကျော်အထင်ကရ အထိမ်းအမှတ်အဆောက်အအုံကြီး တဖြည်းဖြည်းယိုယွင်းလာရသည်မှာ လူသားနှင့်သဘာဝတရား အရာနှစ်ပါးစလုံး၏ ဖွဲ့ခြွေတိုက်စားမှုကြောင့်ဆိုလျှင် မှားအံ့မထင်..။ တံတိုင်းကြီး၏ အစိတ်အပိုင်းမည်ရွေ့မည်မျှ ပျက်စီးဆုံးရှုံးသွားရပြီဆိုသည်ကို မည်သူမျှ တိတိကျကျမပြောနိုင်ကြ။ ရှုပ်ထွေးလှသည့် သမိုင်းကြောင်းနှင့်အညီ မည်သည့်အစိတ်အပိုင်းက မူရင်းပကတိအတိုင်း ရှိနေသည်ကိုလည်း မည်သူကမျှ သက်သေမပြနိုင်ကြတော့ပါချေ။ သို့သော် ကျွမ်းကျင်သူ တရုတ်ပညာရှင်များ၏ ခန့်မှန်းတွက်ချက်မှုများအရ မဟာတံတိုင်းကြီးတစ်ခုလုံး၏ သုံးပုံနှစ်ပုံခန့်မှာ ပျက်စီးသွားခဲ့ပြီ သို့မဟုတ် ဖျက်ဆီးခံခဲ့ရပြီးသည့် အပြင် ကျန်အစိတ်အပိုင်းများမှာလည်း ပျက်စီးတော့မည့် အခြေအနေသို့ ရောက်ရှိနေပြီဖြစ်သည်ဟုဆို၏။

ယနေ့ခေတ်ကာလတွင် ဂုဏ်ယူဝင့်ကြွားဖွယ်ရာအမျိုးသား အထိမ်းအမှတ်ပြယုဂ်ကြီးတစ်ခုအဖြစ် တသသအမှတ်ရ တင်နေကြသော်ငြားလည်း အမှန်စင်စစ် ယခင်လွန်လေပြီးသောကာလအတွင်းဝယ် အဆိုပါတံတိုင်းကြီးအား မြတ်နိုး တန်ဖိုးထားမှုမှာ ခပ်ပါးပါးသာလျှင်ရှိခဲ့ကြချေ၏။ ၂၀ ရာစုခေတ်ဦးပိုင်းတွင် ထင်ရှားကျော်ကြားခဲ့သည့် စာပေဂုရုကြီး လူဆွန်းကဲ့သို့ တွေးခေါ်ပညာရှင်ကြီးများကပင်လျှင် မဟာတံတိုင်းကြီး၏ ခံတပ်စည်း မကြာခဏကျိုးပေါက်ခဲ့မှုကို ထောက်ပြကာ ကောင်းကျိုးထက် ဆိုးကျိုးများကို ဖြစ်စေသောအရာဟု သမုတ်ခဲ့ဖူးသည်။ မလိုအပ်ပါဘဲ လူ့အသက်ပေါင်းများစွာနှင့် အရင်းအမြစ်၊ ငွေကြေးအမြောက်အမြားကို ဖြုန်းတီးပစ်ခဲ့သည့်အတွက် နိုင်ငံ၏ အရံအတားအဖြစ် ရလာသည့် အကျိုးနှင့်စာလျှင် ချွတ်ခြုံကျအင်အားချည့်နဲ့သွားစေမှုက အဆပေါင်းများစွာ ပိုမိုခဲ့သည်ဟု ဝေဖန်ခဲ့ကြသည်။

ထို့ထက်ပိုဆိုးသည့်အဖြစ်နှင့်ပင် ကြုံခဲ့ရသေး၏။ ၁၉၆၀ ပြည့်နှစ်တွင် မော်စီတုန်း၏ တပ်နီတော်အစောင့်တပ်သားများက သမိုင်းဝင် ရှေးဟောင်းအဆောက်အအုံကြီး၏ အစိတ်အပိုင်းအချို့ကို သက်ဦးဆံပိုင်အာဏာရှင်တို့၏ မနှစ်မြို့ဖွယ်၊ စက်ဆုပ်ဖွယ် အမွေအနှစ်များအဖြစ် သတ်မှတ်ကာ ဖြိုချဖျက်ဆီးပစ်ခဲ့ခြင်းပင်။ မော်၏ နောက်ပိုင်းကာလများတွင်မူ ပြုပြင် ပြောင်းလဲရေးလုပ်ငန်းများကို အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့သူ တိန့်ရှောင်ဖိန်က မဟာတံတိုင်းကြီးအား တိုင်းပြည်၏ ဂုဏ်ဆောင်ပြယုဂ်ကြီးတစ်ခုအဖြစ် ဂုဏ်သတင်းကျော်စောစေရန် အရောင်တင်ပေးနိုင်ခဲ့လေသည်။ သို့သော် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အားနည်းနေဆဲပင်...။

''တရုတ်ပြည်ကို ချစ်မြတ်နိုးပါ.. မဟာတံတိုင်းကြီးကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပါ'' ဟု တိန့်ရှောင်ဖိန်က ကြွေးကြော်ခဲ့သည်။ တစ်ချိန်တည်းတွင်ပင် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကိုပါ ကဏ္ဍအလိုက် စီစဉ်ဆောင်ရွက်သည်။ သို့သော် ကျော်လွှားဖြေရှင်းရန် ခက်ခဲသည့် အတားအဆီးပြဿနာများက ရှိဆဲပင်။ သဘာဝ၏ဘေးဒဏ်များသာမက လူတို့၏ မဆင်မခြင် ဂရုမစိုက်မှုများကလည်း အခက်အခဲကို ကြီးထွားစေခဲ့၏။ ယင်းတို့အထဲတွင် စက်မှုလုပ်ငန်းများကို အဆင်အခြင်မဲ့ ချဲ့ထွင်လာခြင်းက အဆိုးဆုံးပင်..။ ယင်းအပြင် မဟာတံတိုင်းကြီးအား တရုတ်တို့၏ စရိုက် လက္ခဏာအငွေ့အသက်များပါဝင်နေသော ဒစ္စနေးကမ္ဘာကြီးအဖြစ် အတင်းအကျပ်အသက်သွင်းလိုနေသည့် ခရီးသွားလုပ်ငန်းရှင်များ


၁၉၈၄ ခုနှစ်တွင် မဟာတံတိုင်းကြီးအား အစမှအဆုံး ၅၀၀၀ ရက်တိုင်တိုင် လမ်းလျှောက်ဖြတ်သန်းပြခဲ့သူ ဒေါင်ယို့ဟွီး


ယိုယွင်းပျက်စီးနေပြီဖြစ်သော ကင်းမျှော်စင်တစ်ခုအား တွေ့မြင်ရပုံ



www.burmeseclassic.com

www.burmeseclassic.com



၁၉၀၇ ခုနှစ်က ရိုက်ကူးမှတ်တမ်းတင်ခဲ့ကြသည့် ဓာတ်ပုံထဲတွင် တွေ့မြင်ရသော မဟာတံတိုင်းကြီး

ကလည်း တစ်မှောင့်ပင်...။

သို့သော်ငြား ကံကောင်းသည်ကား အခြေအနေမှာ မျှော်လင့်ချက် ကင်းမဲ့နေသည့် အနေအထားသို့ မရောက်သေးခြင်းပင်ဖြစ်၏။ ဆွန်တို့ကဲ့သို့ ယဉ်ကျေးမှုအမွေအနှစ်ကို မြတ်နိုးကာ ကိုယ်ပိုင်အသိစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်လိုသည့် ဒေသခံများကလည်း မဟာတံတိုင်းကြီးကို တစိုက်မတ်မတ် ထိန်းသိမ်းရန် စိတ်အားထက်သန်နေကြသည်။ သူတို့က မဟာတံတိုင်းကြီးကို လူအများ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြစေရေးအတွက် ဥပဒေများပြဋ္ဌာန်းစေချင်ကြသည်။ လောလောဆယ် ထိရောက်သည့် အစဦးလုပ်ဆောင်ချက်သည်ကား ၁၀ နှစ်တာတိုင်တိုင် GPS စနစ်ဖြင့် တံတိုင်းကြီးအား အနှံ့ ပဋိလုံစစ်ဆေးကြည့်ရှုခဲ့ခြင်းပင်။ ယင်း၏ ရလဒ်အနေဖြင့် တံတိုင်းကြီး၏ အကြောင်းကို ပို၍ ပြည့်ပြည့်စုံစုံသိရှိလာခဲ့ကြသည့်အပြင် ပျက်စီးဆုံးရှုံးမှုအပိုင်းကိုလည်း ပိုမိုနားလည်လာကြခြင်းပင်ဖြစ်၏။

''မဟာတံတိုင်းကြီးဟာ တကယ့်ကို ထူးကဲအံ့ချီးဖွယ်ရာ အဆောက်အအုံကြီး တစ်ခုပါဗျာ... ဒါဟာ တရုတ်ပြည်တစ်ခုတည်းသာ မဟုတ်ပါဘူး.. လူသားတစ်ရပ်လုံးရဲ့ ယဉ်ကျေးမှုအောင်ပွဲပြယုဂ်ကြီးတစ်ခုဆိုလည်း မမှားပေဘူးမဟုတ်လားဗျာ'' ဟု မှတ်ချက်ပြုခဲ့သူမှာ တရုတ်ပြည် မဟာတံတိုင်းကြီးအသင်း၏ ဥက္ကဋ္ဌဖြစ်သူ ဒေါင်ယိုဟွီးပင်ဖြစ်သည်။ ''ဒီအရာကြီးကိုသာ ပျက်စီးပလေ့စေကွာဆိုပြီး မပြင်မဆင်ဘဲ ပစ်ထားလိုက်မယ်ဆိုရင် ကျွန်တော်တို့လောက် ရှက်ဖွယ်လိလိကောင်းတဲ့သူတွေ လောကမှာ ရှိပါဦးမလားဗျာ'' ဟု သူက ဆို၏။

## ပြင်ရန်ခက်သည့်ကျဲနေရာ နှိုင်းယှဉ်ရွယ်ရာမယ်မရှိ

တံတိုင်းကြီးအား ပြင်ဆင်ရန် စီစဉ်ကြရာတွင် တရုတ်နိုင်ငံအနောက်ဘက် နယ်စပ်အနီးရှိ လွင်ပြင်ကို ဖြတ်သန်းတည်ဆောက်ထားသော အစိတ်အပိုင်းကို ပြင်ဆင်ရသည်လောက် ခက်ခဲသည့် အရာရှိတော့မည်မထင်။ မဟာတံတိုင်းကြီး၏ အဆိုပါအပိုင်းအား ကျောက်တုံးများဖြင့် တည်ဆောက်ထားခြင်းမဟုတ်ဘဲ မြေသားများဖြင့်သာ တည်ဆောက်ထားကြသည့်အတွက် ပြင်ဆင်ရန် ထိမိကိုင်မိသည်နှင့်ပင် ပိုမိုပျက်စီးသွားနိုင်သည့်အနေအထားဖြစ်၏။ အဆိုပါဒေသ နင်းရှာမြို့အနီး ဆန်ဂွမ်ကောတောင်ကြားနံဘေးရှိ မဟာတံတိုင်းပေါ်တွင် ကီလိုမီတာအတော်ဝေးဝေးထိတိုင် သူ လမ်းလျှောက်သွားနေခဲ့မိသည်။ မြေသားဖြင့် တည်ဆောက်ထားပြီး စစ်သည်တော်များ မြင်းစီး ကင်းလှည့်ရန် လုံလောက်သည့် အကျယ်အဝန်းရှိသော်ငြားလည်း အစိတ်အပိုင်း အတော်များများမှာ သဘာဝဘေးဒဏ်နှင့် လူတို့၏လက်ချက်ကြောင့် အတော်ပင်ယိုယွင်း ပျက်စီးလျက်ရှိနေချေပြီ။ အဆိုးရွားဆုံးမှာ ပတ်ဝန်းကျင်ဒေသများ ကန္တာရအဖြစ်သို့ တဖြည်းဖြည်းရောက်ရှိလာခြင်းပင်ဖြစ်သည်။ ဤသို့ဖြစ်ခဲ့ရခြင်း၏ အဓိကအကြောင်းတရားမှာလည်း အဆိုပါမဟာတံတိုင်းကြီး တည်ဆောက်ခဲ့ခြင်းနှင့်ပင် ဆက်စပ်နေသည်ဟုဆိုလျှင် မှားအံ့မထင်ချေ..။

မဟာတံတိုင်းကြီးအား ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများတွင် ဦးဆောင် ပါဝင်သူတစ်ဦးဖြစ်သည့် အသက် ၆၈ နှစ်ရှိပြီဖြစ်သော ဗိသုကာပညာဓာတ်ပုံဆရာကြီး ချန်းဒါလင်း၏ပြောပြချက်အရ ခေတ်အဆက်ဆက်က ဧကရာဇ်မင်းတို့သည် တံတိုင်းကြီးအား ရန်သူတို့ ရုတ်တရက် ချဉ်းနင်းတိုက်ခိုက်ခြင်း မပြုနိုင်စေရေးအတွက် နံဘေးဝဲယာတစ်နံတစ်လျားရှိ သစ်တောများနှင့် အပင်ဟူသမျှတို့ကို ခုတ်ထွင် ရှင်းလင်းပြီး မီးရှို့ပစ်စေခဲ့သည်ဟုဆိုသည်။ ထို့ပြင် တပ်စွဲထားသည့် စစ်သည်တော်တို့အဖို့ ရိက္ခာအလို့ငှာ ကောက်ပဲသီးနှံတို့စိုက်ပျိုးနိုင်ရေးအတွက် သစ်ပင်များကို ခုတ်ထွင်ရှင်းလင်းခဲ့ကြပြန်၏။ မင်မင်းဆက်လက်ထက် အလယ်ခေတ်ခန့်တွင် ဟောင်ကောင် ကျွန်း၏ ဆယ်ဆပမာဏမျှ ကျယ်ဝန်းသော စတုရန်းကီလိုမီတာ ၁၁,၃၃၀ အကျယ်ရှိ သစ်တောကြီးများကို ပြုတ်ပြုတ်ပြန်းရှင်းလင်းပစ်ခဲ့ပြီး ယင်းသည်ပင် သဘာဝပတ်ဝန်းကျင်အား အကြီးအကျယ် ထိခိုက်ပျက်စီးစေခဲ့သည်ဟု ချမ်းကပြောပြသည်။ ယင်းဒေသအား လူတို့တဖြည်းဖြည်း စွန့်ခွာသွားခဲ့ကြပြီးသည့်နောက် ယနေ့အခါတွင် ကန္တာရလုံးလုံးဘဝသို့ ရောက်ရှိသွားခဲ့ရပြီတည်း။

အကြောင်းအရာအမျိုးမျိုးတို့ကြောင့် ဖျက်ဆီးခံရသည့် အနေအထားများလည်း ရှိသေး၏။ တရုတ်နိုင်ငံမြောက်ပိုင်း ဆန်ဂွမ်ကောတောင်ကြားရှိ မဟာတံတိုင်းကြီးတွင် အကြောင်းကိစ္စ လိုအပ်လာ၍ဟုဆိုကာ





www.burmeseclassic.com

www.burmeseclassic.com



ဖြိုချ ဖျက်ဆီးခဲ့ကြသဖြင့် ပြတ်တောက်နေသော နေရာကြီးနှစ်ခုရှိသည်။ တစ်ခုမှာ နင်းရှာမြို့မှသည် မွန်ဂိုလီးယားကုန်းတွင်းပိုင်းအထိ ဖောက်လုပ်ထားသော အဝေးပြေးလမ်းမကြီးအတွက် ဖြိုဖျက်ပစ်ခဲ့ခြင်းဖြစ်၏။ နောက်တစ်နေရာမှာ နိုင်ငံပိုင်ကျောက်ထုတ်စက်ရုံအတွက် ကျောက်ကျင်းများတူးဖော်ရန် တံ တိုင်းကြီးအား ဖျက်ဆီးဖြိုချခဲ့ကြပြန်သည်။

ဆောက်လုပ်ရေးလုပ်ငန်းသုံး ထရပ်ကားကြီးများစွာကလည်း ဝန်အပြည့်တင်ဆောင်လျက် တံတိုင်းကြီး၏အစိတ်အပိုင်းအတော်များများကို ဖြိုချကာ ဖောက်လုပ်ထားသော လမ်းကြမ်းများပေါ်တွင် အချိန်နှင့်အမျှ တဝေါဝေါမောင်းနှင် ဖြတ်သန်းသွားလာနေကြသည်မှာလည်း စိတ်မချမ်းမြေ့ဖွယ်ရာပင်။ ထိုအစိတ်အပိုင်းများသည် နင်းရှာမြို့မှ အလှမ်းဝေးသည့်နေရာများတွင် တည်ရှိနေသော်ငြားလည်း တရုတ်နိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာခြင်း၏ နောက်ဆက်တွဲဂယက်ရိုက်မှုဒဏ်ကို မဟာတံတိုင်းကြီးကလည်း မလွှဲသာမရှောင်သာ ခံနေခဲ့ရပုံရပေသည်။

သို့ဖြစ်ရာ ၂၀၀၆ ခုနှစ် ဒီဇင်ဘာလတွင် ဥပဒေအသစ်တစ်ရပ်ပြဋ္ဌာန်း၍ တံတိုင်းကြီးအား လူသားတို့၏ပယောဂကြောင့် ဖျက်ဆီးခံရခြင်းမှကာကွယ်ရန် လုပ်ဆောင်ကြိုးပမ်းခဲ့ကြပြန်သည်။ ``ဥပဒေကတော့ ပြဋ္ဌာန်းပေးတာပါပဲ..ဒါပေမဲ့လည်း လက်တွေ့ လိုက်နာဆောင်ရွက်ဖို့ ကြပ်မတ်ရခက်ခဲနေတာက တကယ့်ပြဿနာပါ´´ ဟု ဒေါင်ယိုဟွီးက ထောက်ပြခဲ့သည်။ အဆိုပါဥပဒေအရ အထိမ်းအမှတ်အဆောက်အအုံကြီးအား တစ်စိတ်တစ်ပိုင်းဖြစ်စေ ဖျက်ဆီးခြင်းသည် ပြစ်မှုမြောက်စေမည်ဖြစ်သည်။ ယင်းသတ်မှတ်ချက်ထဲတွင် တံတိုင်းကြီး၏ အစိတ်အပိုင်းအား ဘူဒိုဇာများဖြင့် ဖြိုချခြင်းမှသည် မှော်စင်ပြအိုးများပေါ်တွင် ညလုံးပေါက်ပါတီပွဲများ ကျင်းပခြင်းအထိ ပါဝင်နေပေ၏။

ယင်းသို့ကျူးလွန်သူများကို နိုင်ငံ၏သင်္ကေတ အမွေအနှစ်များအား ဖျက်လိုဖျက်ဆီးလုပ်ခြင်းအတွက် ကဲ့ရဲ့ရှုတ်ချမှုနှင့်အတူ စံနမူနာပြအနေဖြင့် ထိရောက်သည့် ဒဏ်ငွေနှင့် ပြစ်ဒဏ်ချမှတ်ရန် သတ်မှတ်ထားခြင်းဖြစ်သည်။ သို့သော် ဥပဒေ ပြဋ္ဌာန်းသည်က ပြဋ္ဌာန်းသည်သာမည်ပေ၏။ အတိုင်းအတာအားဖြင့် ကီလိုမီတာ ၆,၅၀၀ (မိုင် ၄၀၀၀) ကျော်တစ်နံတစ်လျား ရှည်လျားလှသည့် အဆိုပါမဟာတံတိုင်းကြီးအား မည်သူက အချိန်ပြည့် မျက်လုံးဒေါက်ထောက် စောင့်ကြည့်နေနိုင်ပါအံ့နည်း။ မည်သူကရော ဝေးဝေးနီးနီးအချိန်ပြည့် ကာကွယ်နိုင်ပါမည်နည်း။ ခက်လှပေ။

**ခရီးသွားလုပ်ငန်းတိုးမြှင့်ရေး အဓိကဦးစားပေးခဲ့ပုံပင်**

ရက်သတ္တပတ် အနည်းငယ်ကြာပြီးသည့်နောက် မဟာတံတိုင်းကြီး၏ အခြားသော အပိုင်းများကို လေ့လာရန်အတွက် အရှေ့ဘက်ကီလိုမီတာ ၂,၀၀၀ (၁၂၄၃ မိုင်) ခန့် ကွာဝေးသော အရပ်ဒေသဆီသို့ သူရောက်ရှိခဲ့ပြန်သည်။ အရှေ့ဘက် ရှန်ဒေါင်းပြည်နယ်အတွင်းရှိ တံတိုင်းကြီးမှာလည်း တောင်စဉ် တစ်လျှောက်ကွေ့ကောက်ကောက်ဖြင့် လှပစွာ တည်ရှိဆဲပင်။ ပေကျင်းမြို့နှင့် မဝေးလှတော့သော ဟီထောင်ယင်းရွာကလေးအနီးရှိ မင်ခေတ်လက်ရာအတိုင်း ပြန်လည် တည်ဆောက်ထားသည်ဟု ကျော်ကြားနေသော တံတိုင်းကြီး၏ သူရဲခိုစကြံလမ်းမှသည် ကင်းမျှော်စင်များအထိတိုင် စေ့စေ့စပ်စပ် သူ လေ့လာကြည့်ရှု၏။

ထိုသို့ လေ့လာနေရာမှ သူသိရှိလာရသည်ကား တံတိုင်းကြီးအား ကျောက်အုတ်များဖြင့် ပြန်လည် တည်ဆောက်ထားခြင်းမဟုတ်ဘဲ ကွန်ကရစ်များကို ကျောက်တုံးပုံသဏ္ဌာန်သွန်းလောင်း ထုဆစ်၍ပြန်လည်ဆောက်လုပ်ထားသည်ဆိုခြင်းပင်။ ဤနေရာမှသည် မြောက်ဘက်ကီလိုမီတာ ၃၇၀ (၂၂၉ မိုင်)အကွာခန့်တွင်တည်ရှိသော မင်ခေတ်တံတိုင်း လက်ရာကို သူအသေးစိတ် လေ့လာခဲ့ဖူးသည်။ ထိုလက်ရာပုံစံများနှင့် နည်းနည်းလေးမှပင် ကိုက်ညီခြင်းမရှိတော့..။ ဤနေရာတွင် မင်မင်းဆက် မတိုင်မီလွန်ခဲ့သည့် နှစ်ပေါင်း ၂,၀၀၀ ခန့်လောက်က ဆောက်လုပ်ခဲ့သည့် ရှေးဟောင်းသမိုင်းဝင် ခံတပ်ကြီးတစ်ခု တည်ရှိခဲ့သည်ဟုလည်း သူ ကြားသိခဲ့ဖူးသည်။ ယခုမရှိတော့ပြီ..။ ကွန်မြူနစ်ခေါင်းဆောင်တို့သည် သမိုင်းအထောက်အထားများကို ထိန်းသိမ်းရန်ထက် ခရီးသွားလုပ်ငန်း တိုးမြှင့်ရေးကိုသာ ဦးစားပေး ဆောင်ရွက်ခဲ့ပုံရ၏။

တံတိုင်းကြီး၏ တစ်နေရာတွင်ရပ်ရင်း တိတ်ဆိတ်နေသည့် ပတ်ဝန်းကျင်ကို သူ တွေတွေငေးကြည့်နေမိသည်။ ထိုစဉ်အခိုက် ဂိတ်ပေါက်ဝတွင် ရုတ်တရက်ပေါ်လာသည့် လူတစ်ဦးကို မြင်တွေ့လိုက်ရသဖြင့် သူ့အတွေးစများပြတ်တောက်သွားရ၏။ စက်ရုံလုပ်သားဟောင်းတစ်ဦးဖြစ်သူ အသက် ၆၂ နှစ်အရွယ်ရှိမစ္စတာဖူသည် တံတိုင်းကြီးအားစောင့်ရှောက်သူတစ်ဦးဟု သိခွင့်ရလိုက်သည်။ သူသည်လည်း အခြားရွာသားများနည်းတူ တံတိုင်းကြီးအား ထိန်းသိမ်းသည့် အလုပ်ကို လုပ်ကိုင်ရင်း အနာဂတ်ပျောက်ဆုံးနေသူဖြစ်၏။ ``ဒါဟာ ငွေတွေကို ဖြုန်းတီးပစ်နေတာလို့ ကျုပ်တော့ထင်တယ်ဗျ..အရာရှိတွေကတော့ မဟာတံတိုင်းကြီးကို ထိန်းသိမ်းစောင့်ရှောက်ကြပါလို့ တွင်တွင်အော်နေကြတာပါပဲ..




**မဟာတံတိုင်းကြီးအား ခေတ်အလိုက် မင်းဆက်ဆက်တို့ တည်ဆောက်ခဲ့ကြပုံ**



www.burmeseclassic.com

www.burmeseclassic.com



မဟာတံတိုင်းကြီး၏ တစ်စိတ်တစ်ပိုင်းအား အပေါ်စီးမှ တွေ့မြင်ရစဉ်



မဟာတံတိုင်းကြီးပေါ်မှ ဖက်ရှင်ရှိုးပွဲ

ကယ်တမ်းကျတော့ တိုးရစ်တွေရဲ့ အိတ်ထဲက ငွေတွေကို သူတို့ပိုပြီးမက်မောနေကြတယ်လို့တော့ ကျုပ်တော့ထင်တယ်'' ဟု သူက ရင်ဖွင့်သည်။

စင်စစ်တွင်လည်း မဟာတံတိုင်းကြီးနှင့်ဆက်စပ်၍ ရရှိလာသောဝင်ငွေမှာ နည်းနည်းနောနောမဟုတ်။ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းသည် ဒေသခံ အစိုးရအဖွဲ့နှင့် စီးပွားရေးလုပ်ငန်းရှင်ကြီးများအတွက် အကျိုး အမြတ်မြိုးမြိုးမြက်မြက်ရသည့် ရင်းနှီးမြှုပ်နှံမှုများဖြစ်လာနေသည်။ ကမ္ဘာလှည့်ခရီးသွားများ တိုးတက်စုပြုံနေသဖြင့် ဆက်စပ်လုပ်ငန်းများဖြစ်သည့် ကောင်းကင်ကြိုးရထားစီးခြင်းလုပ်ငန်း၊ အမှတ်တရပစ္စည်း အရောင်းဆိုင်၊ စားသောက်ဆိုင်များကလည်း ဝင်ငွေကောင်းလိုက်သည့် ဖြစ်ခြင်းပင်။ သို့သော်ငြားလည်း တစ်ဖက်တွင် သဘာဝပတ်ဝန်းကျင်ကိုထိခိုက်ပျက်စီးစေသည့် ဆိုးကျိုးကလည်းရှိနေ၏။ သို့သော် ယနေ့တရုတ်နိုင်ငံ၏ ကျင့်သုံးနေသည့်မူအရ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများမှာ ဝင်ငွေရရေးဦးစားပေးဆိုသည့် ခံယူချက်၏နောက် ဒုတိယနေရာတွင်ပင်ရှိနေသေးချေသည်။

''ဒီကနေ့ ကျုပ်တို့အမှန်တကယ်အလိုရှိနေတာက မစ္စတာဆွန်လိုလူတွေနဲ့ချည်းဖွဲ့စည်းထားတဲ့ တပ်ဖွဲ့တစ်ဖွဲ့ပဲဗျ'' ဟု ထုတ်ဖော် ပြောဆိုလာသူမှာ ပေကျင်းယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်စောင့်ရှောက်ရေးစင်တာကိုတည်ထောင်သူ ဟီရှုကျောင်း ဆိုသူပင်ဖြစ်သည်။ 'မစ္စတာဆွန်လိုလူ တစ်နိုင်ငံလုံးမှာ ၅,၀၀၀ ဒါမှမဟုတ်… ၁၀,၀၀၀ လောက်သာရှိ ကြည့်စမ်းပါဗျာ… မဟာတံတိုင်းကြီးအတွက် ကျုပ်စိတ်အေးအေးထားနေနိုင်ပြီပေါ့ဗျာ' ဟု သူက သူ့သဘောထားကို ထုတ်ဖော်ပြောကြားခဲ့သည်။

မဟာတံတိုင်းကြီးအား ကာကွယ်စောင့်ရှောက်ရာတွင် အခက်အခဲများစွာရှိနေသေးသည့်အနက်တစ်ခုမှာ တံတိုင်းကြီးသည် ကြီးမားရှည်လျားလှသည့်အလျောက် အချို့သော အစိတ်အပိုင်းအတော်များများမှာ လူနေကျဲပါးလွန်းလှသည့် ဒေသအတွင်းဝယ် တစ်နံတစ်လျား တည်ရှိနေခြင်းလည်း အပါအဝင်ဖြစ်သည်။ ဒေသခံပြည်သူများမှာ ပြည်မဒေသနှင့် အသွားအလာ အဆက်အဆံနည်းပါးလှသည့်အပြင် ယဉ်ကျေးမှုအမွေအနှစ် ဆိုသည်ကို မသိ၊ တရုတ်ပြည်မကြီး၏ အစဉ်အလာသမိုင်း ကြောင်းကို နားမလည်၊ မဟာတံတိုင်းကြီးကို ကာကွယ် စောင့်ရှောက်ရကောင်းမှန်းလည်း သိကြသူများမဟုတ်ရကား… ထိန်းသိမ်းစောင့် ရှောက်ရေးကြိုးပမ်းအားထုတ်မှုများမှာ အတော်ပင် ကိုးရိုးကားရားနိုင်လှပေ၏။

### ခံယူချက်အသစ်နှင့် သဘောထားအမြင်စုံရုံသာ

ဆန်ဂွမ်ကောတောင်ကြားဒေသ၌ တံတိုင်းကြီးအားလေ့လာခဲ့စဉ်အတွင်း တံတိုင်းကြီး၏အောက်ခြေအရိပ်တွင် အထီးကျန်စွာနေထိုင်သူ အသက် ၅၂ နှစ်အရွယ် ဒင်းရှန်းယီဆိုသူနှင့် သူဆုံတွေ့ခဲ့သေးသည်။ ဒင်း၏ နိစ္စဓူဝတာဝန်မှာ ရေ၊ လေတို့၏တိုက်စားမှုကြောင့် လိုဏ်ခေါင်းဖြစ်နေသည့် တံတိုင်းကြီး၏ အောက်ခြေတစ်နေရာတွင် ငြိမ်သက်စွာ ထိုင်ရင်း သိုးကောင်ရေ ၇၀၀ ကို နေ့စဉ်ညတိုင်းထိန်းကျောင်းပေးရခြင်းပင်ဖြစ်၏။ သူက မဟာတံတိုင်းကြီး၏သမိုင်းကို ကြားဖူးနားဝလောက်သာ သိရုံမျှသိသည်ဟု ဝန်ခံ၏။ နှစ်ပေါင်း ၃၈၀ မျှသက်တမ်းရှိပြီဖြစ်သော ထိုအစိတ်အပိုင်းကိုသူက ''ဒါကြီးကိုတည်ဆောက်ခဲ့တာ နှစ်တစ်ရာလောက်ရှိပြီထင်တာပဲ'' ဟု မှားယွင်းစွာ ဖြေကြားခဲ့သော်လည်း သူ ဤသို့ဖြေရန်ပင် တော်တော် စဉ်းစားခဲ့ရသေးသည်။ သို့သော် တည်ဆောက်ရခြင်း၏ရည်ရွယ်ချက်ကိုမူ ''မွန်ဂိုတွေရဲ့ရန်ကို ကာကွယ်ဖို့ပေါ့ဗျာ'' ဟု မှန်ကန်စွာ သူ ဖြေဆိုနိုင်ခဲ့၏။

တောင်ထိပ်တစ်နေရာတွင် ရပ်ရင်း ကွေ့ကောက် နိမ့်ဆင်းသွားသည့် တံတိုင်းကြီးကို တစ်မျှော်တစ်ခေါ်လှမ်းမျှော် ကြည့်ရှုနေမိ၏။ တစ်နေရာတွင် တောင်ကျရေ တိုက်စားမှုကြောင့် ပြိုကျနေသည်ကို လည်းကောင်း၊ ခပ်လှမ်းလှမ်းတွင် မြေထိုးစက်များဖြင့် ဖြိုချထားမှုကြောင့် ပြိုပျက်နေသည့် အစိတ်အပိုင်းများကိုလည်းကောင်း ထင်ထင်ရှားရှား မြင်တွေ့နေရသည်။ ဤသို့ပြိုကျပျက်စီးနေသည်ကို မြင်တွေ့ရသောအခါ မည်သို့ခံစားမိပါသနည်းဟု ဒင်းအား မေးကြည့်သည်။ 'လေပြင်းတွေ တိုက်တဲ့အခါ ကျုပ်ခိုလှုံစရာနေရာတွေ ပျက်စီးသွားတာပေါ့ဗျာ' ဟု သူက ခပ်ပေါ့ပေါ့ပင်ဖြေ၏။ ဆွန်ကဲ့သို့ မဟာတံတိုင်းကြီးအပေါ် အလေးအနက်ထားသည့် အရိပ်အယောင် သူ့တွင် သိပ်မတွေ့ရချေ။

စာမျက်နှာ ၁၉၁ သို့



www.burmeseclassic.com

www.burmeseclassic.com





# အန္တရာယ်များလှသော ဝံပုလွေများကြားမှ ဝံပုလွေလူသား



မိုင်းစိုးဟန်

ဂျာမနီနိုင်ငံမှ အသက် ၇၉ နှစ်အရွယ်ရှိ သုတေသီ ဝါနာဖရန်းသည် ဝံပုလွေများ ကို ၂၅ ဧက ကျယ်ဝန်းသော ဘေးမဲ့ဥယျာဉ်ကြီးအတွင်း၌ ၁၉၇၂ ခုနှစ်မှစ၍ နှစ်ပေါင်း ၄၀ ကျော် ထိန်းသိမ်းစောင့်ရှောက်ခဲ့ပြီး ဝံပုလွေများနှင့်အတူ နေထိုင်ခဲ့သဖြင့် ဝံပုလွေလူသားအဖြစ် ကမ္ဘာတစ်လွှားလူသိများ ထင်ရှားကျော်ကြားလျက်ရှိသည်။ ဂျာမန်သုတေသီ ဝါနာဖရန်းသည် ဝံပုလွေဘေးမဲ့ဥယျာဉ်ကြီးအတွင်း၌ ဝံပုလွေများနှင့်အတူ နေထိုင်ပြီး ဝံပုလွေများ၏ သဘာဝစရိုက်များနှင့် အပြုအမူများအကြောင်းကို ထဲထဲဝင်ဝင် ခြေခြေမြစ်မြစ် သုတေသနပြုလေ့လာနေသော သုတေသီတစ်ဦးဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်း ၄၀ ကျော်က ဂျာမန်လူမျိုးသုတေသီ ဝါနာဖရန်းသည် ဂျာမနီနိုင်ငံဆားလန်းပြည်နယ် မာဇစ်ဂ်မြို့ရှိ ဝံပုလွေဘေးမဲ့ဥယျာဉ်ကြီးကို စတင်ထူထောင်ခဲ့ပြီး ၎င်းကိုယ်တိုင် ဝံပုလွေအကောင် ၇၀ ကျော်ကို မွေးမြူပြုစုစောင့်ရှောက်ခဲ့သည်။ ၎င်းသည် သုတေသနပြုလေ့လာနေသော ဝံပုလွေများနှင့် အပြန်အလှန်ဆက်သွယ်နိုင်ရန်အတွက် ဝံပုလွေအုပ်ထဲမှ ဝံပုလွေတစ်ကောင်ပမာ ဝံပုလွေများနှင့်အတူ နေထိုင်ခဲ့သည်။

ထိုဘေးမဲ့ ဥယျာဉ်ကြီးအတွင်းရှိ ဝံပုလွေများကလည်း ဝါနာဖရန်းကို လူသားတစ်ဦးအဖြစ်မယူဆဘဲ ဝံပုလွေခေါင်းဆောင်ကြီးဟူ၍သာ ထင်မြင်ယူဆထားကြဟန်ရှိသည်။ မာဇစ်ဂ်မြို့ရှိ ဝံပုလွေဘေးမဲ့ဥယျာဉ်ကြီးအတွင်းရှိ ဝံပုလွေများသည် ဥရောပ၊ ဆိုက်ဘေးရီးယား၊ ကနေဒါ၊ မွန်ဂိုလီးယားနှင့် အာတိတ်ဒေသစသည့် နေရာဒေသများမှ ယူဆောင်မွေးမြူထားသော ဝံပုလွေမျိုးစိတ်များဖြစ်သည်။ ဂျာမန်သုတေသီ ဖရန်းသည် ယခုအခါ အသက် ၈၀ နားကပ်လာပြီဖြစ်သော်လည်း ဝံပုလွေများအပေါ် သံယောဇဉ်အလွန်ကြီးမားလွန်းသောကြောင့် ဝံပုလွေများနှင့်အတူ ယနေ့ထက်ထိတိုင် မခွဲနိုင်မခွာရက် တပူးတွဲတွဲဆက်လက်အတူနေထိုင်လျက်ရှိသည်။

ထိုသို့ ဘေးအန္တရာယ်အလွန်များလှသော သားရဲတိရစ္ဆာန် ဝံပုလွေကြီးများနှင့်အတူ ၎င်း၏ဘဝတစ်ခုလုံးကို မြှုပ်နှံပြီး နှစ်ပရိစ္ဆေဒပေါင်းများစွာ ဝံပုလွေတစ်ကောင်ပမာ နေထိုင်ပုံမှာ အသည်းယားတုန်လှုပ်ဖွယ်ကောင်းလှသည်။ ဖရန်းသည် ဝံပုလွေအုပ်ထဲမှ ဝံပုလွေအထီးခေါင်းဆောင်ကြီးအဖြစ် ပြုမူနေထိုင်ပြီး မျိုးစိတ်ကွဲဝံပုလွေအုပ်စုခြောက်ခုကို ထိန်းသိမ်းစောင့်ရှောက်ပေးလျက်ရှိ



www.burmeseclassic.com

www.burmeseclassic.com





သည်။ ဂျာမန်သုတေသီဝါနာဖရန်း ထံသို့ တိရစ္ဆာန်ရုံများနှင့် တိရစ္ဆာန်ဘေးမဲ့ဥယျာဉ်များမှ ဝံပုလွေသားပေါက်ငယ်ကလေးများကို မွေးမြူစောင့်ရှောက်ရန် ပေးပို့ခဲ့ကြသည်။

ဖရန်းသည် ဝံပုလွေများအပေါ် ဩဇာလွှမ်းမိုးနိုင်ရန်အတွက် အစာကျွေးချိန်တွင် အသားရှိရာသို့ ပထမဆုံးအရင်ဦးစွာ ရောက်အောင်ဦးဆောင်သွားရသော ခေါင်းဆောင်ဝံပုလွေအဖြစ် နေထိုင်ပြုမူခဲ့သည်။ ၎င်းသည် ဝံပုလွေများကို အစာကျွေးချိန် တွင် အသားစိမ်း၊ အသားတုံးများကို မိမိနှုတ်ခမ်းဖြင့် ကိုက်ယူကာ ဝံပုလွေများအား အစာကျွေးလေ့ရှိသည်မှာ အသည်းယားစဖွယ်ဖြစ်သည်။ ၎င်းသည် ဝံပုလွေများနှင့်အတူ ဘေးမဲ့ဥယျာဉ်ကြီးအတွင်းရှိ နင်းတောကြီးထဲတွင် တစ်နေကုန် တစ်နေခန်း လှုံးလား ထွေးလား ဆော့ကစားခြင်း၊ သွေးစိမ်းရှင်ရှင်အသားတုံးများကို ပါးစပ်ဖြင့်ကိုက်၍ ဝံပုလွေများအား ကိုယ်တိုင်အစာကျွေးမွေးခြင်း၊ တစ်ခါတစ်ရံ ဝံပုလွေများနှင့်အတူ အိပ်စက်ခြင်းတို့ကို ပြုလုပ်လေ့ရှိသည်။

အဆိုပါ ဝံပုလွေ သုတေသနအလုပ်မှာ ဂျာမန် သုတေသီဝါနာဖရန်း၏ ပထမဦးဆုံးအလုပ်မဟုတ်ချေ။ ၎င်းသည် ယခင်က လေထီးတပ်သား စစ်မှုထမ်းဟောင်းတစ်ဦးနှင့် ဝါရင့်သမ္မာရင့် ကြေးစား ဥယျာဉ်မှူးတစ်ဦးဖြစ်ခဲ့သည်။ ဖရန်းက ၎င်း၏ ဝံပုလွေသုတေသန အလုပ်ကို မမျှော်လင့်ဘဲ စတင်လုပ်ကိုင်ခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ဂျာမနီနိုင်ငံ စတုဂတ်တိရစ္ဆာန်ရုံကြီးတွင် ဥယျာဉ်မှူးအဖြစ်အလုပ်လုပ်ကိုင်နေစဉ်က ၎င်း တိရစ္ဆာန်ရုံမှ ဝက်ဝံထိန်းသိမ်းစောင့်ရှောက်ရေးအလုပ်သမားတစ်ဦးသည် ရုတ်တရက် ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် ၎င်းက သားရဲတိရစ္ဆာန်ထိန်းသိမ်းရေးလုပ်သားအဖြစ် ခေတ္တယာယီတာဝန်ယူခဲ့ရသည်။

၁၉၇၂ ခုနှစ်တွင် ဖရန်းသည် ဂျာမနီနိုင်ငံ ဆားလန်းပြည်နယ် မာဇစ်ဂ်မြို့မှ ချေးငွေရရှိခဲ့သဖြင့် ၎င်း၏ ဝံပုလွေဘေးမဲ့ဥယျာဉ်ကြီးကို စတင်ထူထောင်ရန်အတွက် မြေနေရာများ ဝယ်ယူနိုင်ခဲ့သည်။ ၎င်း၏ ဝံပုလွေဘေးမဲ့ဥယျာဉ်ကြီးတွင် လောလောဆယ်၌ မွန်ဂိုလီးယားနိုင်ငံနှင့် အာတိတ်ဒေသမှ ဝံပုလွေအကောင်ရေ ၇၀ ကို မွေးမြူစောင့်ရှောက်ထားသည်။ ထိုဝံပုလွေအတော်များများကို ၎င်းကိုယ်တိုင် မွေးမြူခဲ့ခြင်းဖြစ်ပြီး အခြားဝံပုလွေများကို တိရစ္ဆာန်ရုံများနှင့် ဘေးမဲ့ တိရစ္ဆာန်ဥယျာဉ်များမှ ဝံပုလွေသားပေါက်ငယ်ကလေးများအဖြစ် ရရှိခဲ့သည်။

ဝံပုလွေများမှာ ခွေးမျိုးရင်းတွင် ပါဝင်သောသတ္တဝါဖြစ်ပြီး ၎င်းတို့၏ အိမ်နီးချင်းဖြစ်သော လူသားများနှင့် ရန်ဘက်ဖြစ်ခဲ့သော သမိုင်းကြောင်း နောက်ခံရှိသည်။ ဝံပုလွေများမှာ သတ္တလောကတွင် ရက်စက်ကြမ်းကြုတ်သော သားရဲတိရစ္ဆာန်အဖြစ် သတ်မှတ်ခြင်းခံခဲ့ရသော်လည်း ၎င်းတို့သည် လူသားများကို အကြောင်းမဲ့ သက်သက်ရန်မူတိုက်ခိုက်ခဲလှသည်။ အထူးသဖြင့် ရှေးခေတ်ဒဏ္ဍာရီပုံပြင်များထဲတွင် ဝံပုလွေများအား နာမည်ဆိုးရအောင် သရုပ်ဖော်ထားခဲ့ကြသောကြောင့် လူသားတို့က ဝံပုလွေများကို စက်ဆုပ်ရွံရှာမုန်းတီးပြီး ရန်သူအဖြစ် သဘောထားခဲ့ကြခြင်းဖြစ်သည်။

ဝါနာဖရန်း၏ ဝံပုလွေဘေးမဲ့ဥယျာဉ်ကြီးအတွင်း၌ ဝံပုလွေများမှာ ဘေးအန္တရာယ်ကင်းရှင်းစွာ ကျင်လည်ကျက်စားနေနိုင်ကြသော်လည်း ဂျာမန်လူမျိုးများသည် ၎င်းတို့၏ အိမ်နီးချင်း ဝံပုလွေများကို ၂၀ ရာစုစောစောပိုင်းကာလက မျိုးသုဉ်းပျောက်ကွယ်သွားသည်အထိ အမဲလိုက်သတ်ဖြတ်သုတ်သင်ပစ်ခဲ့ကြသည်။ ၂၀၀၂ ခုနှစ် နိုဝင်ဘာလက ဂျာမနီနိုင်ငံ၏မြို့တော် ဘာလင်မြို့အနီးဝန်းကျင်တွင် တွေ့ရှိရသော ဝံပုလွေအုပ်ကို ရှေးရိုးစွဲများက အမြစ်ပြတ်သုတ်သင်သတ်ဖြတ်ခဲ့ကြသည်။ ကနေဒါ၊ ရုရှား၊ နော်ဝေနှင့် စကင်ဒီနေးဗီးယားနိုင်ငံများမှ အစိုးရများသည်လည်း ဝံပုလွေအကောင်ရေ လျော့နည်းကျဆင်းသွားရေးအတွက် ဝံပုလွေများကို အမဲလိုက်သတ်ဖြတ်ခွင့်ပြုခဲ့ကြသည်။ တစ်ခါတစ်ရံတွင် ဝံပုလွေများကို မျိုးသုဉ်းပျောက်ကွယ်သွားသည့်အထိ အမြစ်ပြတ်သုတ်သင်ရှင်းလင်းခွင့်ပြုခဲ့သည်။

နိုင်ငံတကာ သဘာဝထိန်းသိမ်းစောင့်





www.burmeseclassic.com

www.burmeseclassic.com



ရှောက်ရေးအဖွဲ့ကြီးက ဝံပုလွေများအား မျိုးသုဉ်းပျောက်ကွယ်သွားမည့် ဘေးအန္တရာယ်အတွက် စိုးရိမ်ပူပန်ရမှုအနည်းဆုံး တိရစ္ဆာန်မျိုးစိတ်အဖြစ် သတ်မှတ်ထားသော်လည်း ဝံပုလွေမျိုးစိတ်အမျိုးမျိုး၏ အကောင်ရေ စာရင်းများက အချို့ဝံပုလွေမျိုးစိတ်ငယ်များမှာ ယင်းတို့၏ အသက်ရှင်သန်နေထိုင်နိုင်ရေးအတွက်ပင်လျှင် ခဲခဲယဉ်းယဉ်း ရုန်းကန်နေရကြောင်း ဖော်ပြလျက်ရှိပြီး ဝံပုလွေမျိုးစိတ်အချို့မှာမူ လုံးလုံးလျားလျား မျိုးသုဉ်းပျောက်ကွယ်သွားပြီဖြစ်ကြောင်း ဖော်ပြလျက်ရှိသည်။

ဝံပုလွေ ဟု ယေဘုယျအားဖြင့် ရည်ညွှန်းခေါ်ဆိုနေသော Grvy Wolf အမျိုးအစားဝံပုလွေသည် Canidar မျိုးရင်းတွင်ပါဝင်သည်။ ဝံပုလွေများတွင် အနံ့ခံဆဲလ်ပေါင်းသန်း ၂၀၀ ရှိသည်။ ထိုအနံ့ခံဆဲလ်များက ၎င်းအား တစ်မိုင်ကျော်အကွာဝေးရှိ သားကောင်၏ အနံ့ကိုခံနိုင်စွမ်းရှိစေသည်။ ၎င်းတို့သည် ပြေးလွှားသောအခါ ခြေဖျားထောက်၍ ပြေးလွှားတတ်ကြသဖြင့် ၎င်းတို့သည် တစ်ရှိန်ထိုး ပြေးလွှားနေရာမှ စက္ကန့်ပိုင်းအတွင်း ရုတ်ခြည်းရပ်တန့်နိုင်ပြီး ချာခနဲနောက်ပြန်လှည့်နိုင်စွမ်းရှိစေသည်။

ဝံပုလွေ မျိုးစိတ်ငယ်ကို အုပ်စုနှစ်ခု ခွဲခြားသတ်မှတ်ထားသည်။ ၎င်းတို့မှာ မြောက်ပိုင်းဝံပုလွေ (Northern Wolves) နှင့် တောင်ပိုင်းဝံပုလွေ (Southern Wolves) ဟူ၍ ဖြစ်သည်။ မြောက်ပိုင်းဝံပုလွေများသည် မြောက်အမေရိက၊ ဥရောပနှင့် အာရှမြောက်ပိုင်းတို့တွင် ကျက်စားကြပြီး တောင်ပိုင်းဝံပုလွေများကို တောင်အာဖရိက၊ အာရေဗျကျွန်းဆွယ်နှင့် အာရှတောင်ပိုင်းတို့တွင်တွေ့ရှိရသည်။ အဆိုပါ ဝံပုလွေအုပ်စုနှစ်ခုသည် ရုပ်ပိုင်းဆိုင်ရာ ထူးခြားချက်လက္ခဏာများအရ ကွဲပြားခြားနားကြသည်။



မြောက်ပိုင်း ဝံပုလွေများသည် တောင်ပိုင်းဝံပုလွေများထက် ခန္ဓာကိုယ်အရွယ်အစား ပိုမိုကြီးမားကြသည်။ Gray wolf ၏ သတ္တဗေဒ အမည်မှာ Canis Lupus ဖြစ်သည်။ ဝံပုလွေအထီး၏ ခန္ဓာကိုယ်အလေးချိန်မှာ ၉၅ ပေါင်မှ ၉၉ ပေါင်အထိရှိပြီး ဝံပုလွေအမ၏ ခန္ဓာကိုယ်အလေးချိန်မှာ ၇၉ ပေါင်မှ ၈၅ ပေါင်အထိရှိသည်။ ယေဘုယျအားဖြင့် ဝံပုလွေများသည် ပေါင် ၄၀ မှ ၁၇၅ ပေါင်အထိရှိပြီး ခန္ဓာကိုယ်အလျားမှာ ၃၆ လက်မမှ ၆၃ လက်မအထိရှည်လျားသည်။

Gray wolf ဝံပုလွေ၏ ခန္ဓာကိုယ်အရောင်မှာ မီးခိုးရောင်၊ အဖြူရောင်နှင့် အမည်းရောင်ဖြစ်ကြသည်။

Gray Wolf ဝံပုလွေများသည် အုပ်စုဖွဲ့နေကာပေါင်းသင်းဆက်ဆံတတ်သော သတ္တဝါဖြစ်သည်။ ၎င်းတို့သည် အုပ်စုဖွဲ့နေထိုင်ပြီး ခွန်အားဗလကြီးမားသော ဝံပုလွေအထီးတစ်ကောင်က ခေါင်းဆောင်အဖြစ် အုပ်ချုပ်သည်။ ဝံပုလွေများသည် အုပ်စုအတွင်းအဆင့်လိုက် အုပ်ချုပ်မှုစနစ်ကို ကျင့်သုံးကြသည်။ ဝံပုလွေအုပ်စု တစ်ခုတွင် အနည်းဆုံး နှစ်ကောင်၊ သုံးကောင်မှ အကောင်ရေ ၃၀ ခန့်အထိပါရှိသည်။

ဝံပုလွေများသည် အရွယ်အစားကြီးမားသော သားကောင်များကို ရှာဖွေရန်အတွက် တစ်ချိန်လုံး လိုလိုတစ်နေကုန် တစ်







www.burmeseclassic.com

www.burmeseclassic.com





နေခန်း မမောမပန်းလှည့်လည်ရှာဖွေနေတတ်ကြသည်။ ၎င်းတို့သည် အခြားတောရိုင်း တိရစ္ဆာန်များကဲ့သို့ပင် ၎င်းတို့၏ အနံ့ခံအာရုံအင်္ဂါများအပေါ်အဓိက မှီခိုအားထားကြသည်။ ဝံပုလွေများသည် အဆိုပါ အာရုံခံအင်္ဂါများကို အခြားဝံပုလွေများနှင့် ဆက်သွယ်ရန်လည်းကောင်း၊ သားကောင်များအား အမဲလိုက်ဖမ်းဆီးရန်လည်းကောင်းအသုံးပြုကြသည်။ ၎င်းတို့သည် လေးမိုင်ခန့်အကွာအဝေးမှ အခြားဝံပုလွေများဆွဲဆွဲငင်ငင်အူနေသည်ကို အာရုံခံကြားနိုင်စွမ်းရှိကြသည်။ ၎င်းတို့၏ အနံ့ခံအာရုံသည် လူသားတို့၏ အနံ့ခံအာရုံထက် အဆတစ်ရာ ပိုမိုထက်မြက်ကြသည်။ ၎င်းတို့သည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အမြန်နှုန်းဖြင့် တစ်ရှိန်ထိုးပြေးလွှားနိုင်စွမ်းရှိသည်။

ဝံပုလွေများမှာ ကျောချမ်းတုန်လှုပ်ဖွယ်ကောင်းလောက်အောင် ဆွဲဆွဲငင်ငင် အူတတ်ခြင်းကြောင့် ထင်ရှားကျော်ကြားသည်။ ဝံပုလွေတစ်ကောင်သည် အချိန် ၅ စက္ကန့်မျှသာအူလေ့ရှိသည်။ သို့ရာတွင် အခြား ဝံပုလွေများကပါ ဝိုင်းအူသောအခါ ၎င်း၏ အူချိန်မှာ အနည်းငယ်ပိုကြာပုံရသည်။ ဝံပုလွေများသည် တစ်ချိန်တည်း၊တစ်ပြိုင်တည်းမအူတတ်ကြချေ။ ဝံပုလွေတစ်ကောင်အူပြီးပြီးချင်းအခြား ဝံပုလွေတစ်ကောင်က ချက်ချင်းကောက်ကာငင်ကာ ဆက်အူသောကြောင့် ဝံပုလွေအုပ်စုအတွင်းရှိ တကယ့် ဝံပုလွေအကောင်ရေထက် အကောင်ရေပိုများသည်ဟု ထင်ရစေသည်။

ဝံပုလွေအူသံမှာ အခြားဝံပုလွေများအား ၎င်းတို့မည်သည့်နေရာတွင် ရှိနေသည်ကို သိရှိစေရန်လည်းကောင်း၊ အုပ်စုအတွင်းရှိ အခြားဝံပုလွေများအား အမဲစလိုက်ရန်အတွက် တပ်လှန့် နှိုးဆော်ရန်လည်းကောင်း အူခြင်းဖြစ်သည်။ တစ်ခါတစ်ရံတွင်မူ ဝံပုလွေအူသံသည် အုပ်စုအတွင်းရှိ အခြားဝံပုလွေများအား ဘေးအန္တရာယ်ရှိကြောင်း တပ်လှန့်သတိပေးခြင်းလည်းဖြစ်သည်။ ဝံပုလွေများသည် မျက်နှာအမူအရာ၊ အသံနှင့် ခန္ဓာကိုယ်အမူအရာတို့ဖြင့် အချင်းချင်းဆက်သွယ်တတ်ကြသည်။

ဝံပုလွေများ၏ မျက်လုံးပေါ်ရှိ အလင်းပြန်သောအလွှာကြောင့် ၎င်းတို့၏ မျက်လုံးများသည် ညအမှောင်ထုထဲတွင် တောက်ပဝင်းထိန်နေပြီး ညအမှောင်ထုထဲတွင် စက္ခုအမြင်အာရုံကို ထက်မြက်စေသည်။ အထူးခြားဆုံးအချက်မှာ ဝံပုလွေများသည် ဇီဇအားဖြင့် အရောင်ကန်းနေကြသည်။ ဝံပုလွေအုပ်တစ်အုပ်အတွင်းရှိ ဝံပုလွေအမများအားလုံးသည် သားပေါက်မျိုးပွားနိုင်စွမ်း ရှိသော်လည်း ဝံပုလွေအမအချို့ကသာ သားပေါက်မျိုးပွားကြသည်။ ဝံပုလွေအုပ်စုအတွင်းရှိ ခေါင်းဆောင် ဝံပုလွေအထီးနှင့် ခေါင်းဆောင်အမတို့ကသာလျှင်များသောအားဖြင့် မျိုးပွားသားပေါက်လေ့ရှိသည်။ အခြားဝံပုလွေများက ထိုသားပေါက်ငယ်ကလေးများကို ပြုစုစောင့်ရှောက်ပေးကြသည်။

ဝံပုလွေများသည် တစ်နေ့တည်းတွင် ၁၂ မိုင်အကွာအဝေးအထိသားကောင်ကို မမောမပန်း ဇွဲနပဲနှင့် လှည့်လည်ရှာဖွေတတ်ကြသည်။ ဝံပုလွေအုပ်သည် သားကောင်၏ အနံ့ကို အနံ့ခံမိပါက ၎င်းတို့သည် တစ်ကောင်နှင့်တစ်ကောင် နှာခေါင်းချင်း တို့ထိပွတ်သပ်ပြီးအမြီးများကို ဝေ့ယမ်းကာ အောင်ပွဲခံတတ်ကြသည်။ ထို့နောက် သားကောင်ရှိရာဆီသို့ အုပ်စုလိုက်စုပေါင်း အမဲလိုက်ဖမ်းဆီးကြသည်။ သားကောင်ကို ဖမ်းဆီးသတ်ဖြတ်ပြီးသောအခါ အုပ်စုခေါင်းဆောင် ဝံပုလွေအထီးနှင့် အမတို့က အရင်ဦးဆုံးအစာစားပြီး ၎င်းတို့၏ သားပေါက် ငယ်ကလေးများကဆက်စားကြသည်။ ၎င်းတို့စားပြီးသောအခါ ကျန်ဝံပုလွေများက သားကောင်၏ အကြွင်းကျန်များကို အခြားတစ်နေရာသို့ ဆွဲယူသွားပြီး ဆက်စားကြသည်။

ဆာလောင်မွတ်သိပ်နေသော ဝံပုလွေတစ်ကောင်သည် တစ်ထိုင်တည်းနှင့် အသားစိမ်းပေါင် ၂၀ ခန့်စားနိုင်သည်။ ၎င်းတို့သည် သမင်၊ ဒရယ်၊ ဆိတ်၊ သိုး၊ ယုန်၊ ငှက်၊ ငါး၊ ဖွတ်၊ပုတတ်၊ မြွေနှင့် သစ်သီးများကို စားသောက်တတ်ကြသည်။ အချို့ဝံပုလွေများသည် ကမ္ဘာစစ်ကြီးကာလအတောအတွင်းက စစ်မြေပြင်တွင် သေဆုံးနေသော စစ်သားများနှင့် အရပ်သားများ၏ အလောင်းများကို စားသောက်ခဲ့ကြသဖြင့် နောက်ပိုင်းတွင် လူတို့အား တိုက်ခိုက်ခဲ့ကြပုံရသည်။ ထို့ပြင် ၎င်းတို့သည် လူတို့မွေးမြူထားသော တိရစ္ဆာန်များကို ဝင်ရောက်စားသောက်မှုကြောင့် လူတို့၏ အမဲလိုက်သတ်ဖြတ်မှု ခံ





www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရသည်။

ရှေးပဝေသဏီ ကာလမှစ၍ ဝံပုလွေများကို အန္တရာယ်ရှိသော သတ္တဝါ၊ မကောင်းဆိုးဝါး သတ္တဝါဟု လူတို့က သတ်မှတ်ထားပြီး ကြောက်ရွံ့ခဲ့ကြသည်။ ဝံပုလွေများ သည် သဘာဝအားဖြင့် ရှိုးတိုးရှန့်တန့်နှင့်လူကို ကြောက်ရွံ့တတ်ကာ အကြောင်းမဲ့ လူကို ရန်မူတိုက်ခိုက်ခဲလှသ ည်။ ယနေ့မျက်မှောက်ကာလတွင် မြောက်အမေရိကတွင် ဝံပုလွေအကောင်ရေ ၆၅.၀၀၀ ကျန်ရှိပြီး ကမ္ဘာတစ်ဝန်းလုံးတွင် ဝံပုလွေအကောင်ရေ စုစုပေါင်းမှာ ခန့်မှန်းခြေအားဖြင့် အကောင်ရေ ၁၅၀.၁၀၀ ခန့်သာကျန်ရှိတော့သည်။

ဝံပုလွေများမှာ ခွေးများနှင့်မတူချေ။ ခွေးများကို အိမ်မွေးတိရစ္ဆာန်များအဖြစ် အလွယ်တကူမွေးမြူနိုင်သည် ။ဝံပုလွေ သားပေါက်ငယ်ကလေးများသည် သွေးစိမ်းရှင်ရှင် အသား၏ အရသာကို မြည်းစမ်းခွင့်ရပြီးသည်နှင့်တစ်ပြိုင်နက် ရက်စက်ကြမ်းကြုတ်သော သားရဲတိရစ္ဆာန်အဖြစ်ပြောင်းလဲသွားကြသဖြင့် ၎င်းတို့ကို ခွေးများကဲ့သို့ အိမ် မွေးတိရစ္ဆာန်အဖြစ် ယဉ်ပါးအောင် မွေးမြူ၍ မရနိုင်ချေ။ ဂျာမန်သုတေသီ ဝါနာဖရန်းက ဘေးမဲ့ဥယျာဉ်ကြီးအတွင်း၌ ဝံပုလွေများနှင့် အတူနေထိုင်ပြီး ဝံပုလွေများအား သုတေသနပြုလျက်ရှိပြီး ဝံပုလွေများအား အကောင်ရေ ပြန်လည်တိုးပွားလာအောင် တစ်ဖက်တစ်လမ်းမှ တစ်ပိုင်တစ်နိုင်ထိန်းသိမ်းစောင့်ရှောက်ပေး လျက်ရှိသည်။

သားရဲတိရစ္ဆာန် ဝံပုလွေများအား လွန်ခဲ့သော နှစ်ပေါင်း ၄၀ ကျော် ကာလ ၁၉၇၂ ခုနှစ်မှစ၍ ဖရန်းက ဝံပုလွေများနှင့်အတူနေထိုင်ပြီး သုတေသနပြုလျက်ရှိသကဲ့သို့ပင် အမေရိကန်နိုင်ငံတွင်လည်း ဝံပုလွေများနှင့်အတူ နေထိုင်ပြီး သုတေသနပြုသူများရှိခဲ့ဖူးသည်။ ၁၉၈၄ ခုနှစ် စက်တင်ဘာလထုတ် သုတစွယ်စုံ မဂ္ဂဇင်းတွင် မေအောင်စိုး၏ "လက်ရည်တစ်ပြင်တည်းနေသည့် ဝံပုလွေများ" ဆောင်းပါးထဲတွင် အမေရိကန်ပြည်ထောင်စု ပင်ဆယ်လ်ဗေးနီးယားမှ ပေါလ်ဗို့ရှ်သည် ဝံပုလွေများနှင့်အတူနေပြီး သုတေသနပြုခဲ့သူ တစ်ဦးဖြစ်သည်။ ၎င်းမွေးမြူထားသော ဘလေ့ဇ်အမည်ရှိ ဝံပုလွေကြီးသည် ပေါလ်ဗို့ရှ်ကို ခုန်အုပ်ပြီး လည်ပင်းကို ငုံခဲထားကာ ချစ်စနိုးကျီစယ်လေ့ရှိရာ မြင်တွေ့ရသူများအဖို့ ကျောချမ်းတုန်လှုပ်စရာကောင်းလှသည်။ ထို့ပြင် အမေရိကန်ပြည်ထောင်စုမှ ရှောင်းအယ်လစ်ဆ်ဆိုသူကလည်း လွန်ခဲ့သော ၂၀၀၇ ခုနှစ် ဧပြီလက ဝံပုလွေများနှင့်အတူ နေထိုင်ပြီး သုတေသနပြုခဲ့ဖူးသည်။

ဝံပုလွေဘေးမဲ့ဥယျာဉ်နှင့် အလွန်နီးကပ်စွာနေထိုင်ရခြင်းကို လူအတော်များများ အနေဖြင့် ကြောက်ရွံ့ထိတ်လန့်မိကြမည်မှာ မမွှတာဖြစ်သော်လည်း ဂျာမနီနိုင်ငံမာဇစ်ဂ်မြို့မှ မြို့သူမြို့သားအတော်များများသည် ၎င်းတို့၏ မြို့ကို ဝံပုလွေမြို့ဟုအမြတ်တနိုးခေါ်ဆိုကြသည်။ မာဇစ်ဂ်မြို့မှာ ဝံပုလွေများကို စိတ်ဝင်စားသော ကမ္ဘာလှည့်ခရီးသည်များလာရောက်လည်ပတ်အောင် ဆွဲဆောင်နိုင်သော နေရာဖြစ်လာခဲ့သည်။ မာဇစ်ဂ် မြို့သူမြို့သားများက ဂျာမန် သုတေသီ ဝါနာဖရန်း မွေးမြူထားသော ဝံပုလွေများကြောင့် ၎င်းတို့နေထိုင်ရာ မာဇစ်ဂ်မြို့မှာ ကမ္ဘာတစ်လွှားထင်ရှားကျော်ကြားပြီး ကမ္ဘာလှည့် ခရီးသည်များ အာရုံစိုက်လာခဲ့မှုကြောင့် ၎င်းအား အထူးကျေးဇူးဥပကာရတင်ရှိနေကြသည်။

ဖရန်းသည် ဂျာမန်ဘာသာစကားပြောဆိုရာတွင် လေသံမာသဖြင့် ၎င်း၏ လေသံကို ပျော့ပျောင်းရန် အားစိုက်လုံးပန်းခဲ့ရသည်။ ဝံပုလွေများသည် နူးညံ့ပျော့ပျောင်းသောအသံများကို နှစ်သက်ကြသည်။ ဖရန်းသည် ဝံပုလွေအုပ်များအကြားတွင် နှစ်ပေါင်းများစွာ ဝံပုလွေ ခေါင်းဆောင်ကြီးအဖြစ် ဝံပုလွေတစ်ကောင်ကဲ့သို့ နေထိုင် ခဲ့သူဖြစ်သော်လည်း လူသားတစ်ဦးအဖြစ်သာ ခံယူနေထိုင်ခဲ့သည်။ ဝါနာဖရန်းက ၎င်းအနေဖြင့် ထူးထူးခြားခြား ဘဝနှစ်ခုတွင် ရှင်သန်နေထိုင်ရကြောင်း ဝန်ခံပြောကြားခဲ့ပြီး မည်သည့်ဘဝတွင် နေထိုင်ရသည်ကို ပိုမိုသဘောကျနှစ်သက်ကြောင်းကိုမူ ထုတ်မပြောဘဲ ၎င်းဘာသာရင်ထဲတွင် လျှို့ဝှက်ထားသည်။





ပိုင်စိုးဟန်



www.burmeseclassic.com

www.burmeseclassic.com

## PPH နည်းစနစ်ကိုအသုံးပြု၍ လိပ်ခေါင်းရောဂါကို တစ်ကြိမ်တည်းဖြင့် အမြစ်ပြတ်ကုသပေးခြင်း



လိပ်ခေါင်းရောဂါမှာဖြစ်လေ့ဖြစ်ထရှိသောရောဂါဖြစ်ပါသည်။ ရောဂါရပြီဆိုလျှင်သွေးဝမ်းပါခြင်း၊စအိုနာကျင်ခြင်း၊ယားယံခြင်း၊စအိုတွင်အသားပိုထွက်နေတတ်ပါသည်။သမာရိုးကျကုသနည်းများသည် အမြစ်ပြတ်ခြင်းမရှိပဲပြန်ဖြစ်ပွားတတ်ပါသည်။အလွန်ဒုက္ခ ပေးပါသည်။ ရောဂါပြင်းလျှင် စအိုအူကင်ဆာဖြစ်၍ အသက်အန္တရာယ် ရှိပါသည်။

ကျွန်တော်တို့ ဆေးကုခန်းမှ အမေရိကန်နိုင်ငံမှ ကွန်ပျူတာ HD စအို အူလမ်းကြောင်းစစ်ဆေးရေးစက်ဖြင့် ရောဂါအခြေအနေ ရောဂါတည်ရှိရာနေရာကို တိတိကျကျ ရှာဖွေ ပေးပါသည်။ ထို့အတူ အမေရိကန်နိုင်ငံ မှ PPH စအို အူလမ်းကြောင်း ကုထုံးဖြင့် အတွင်းလိပ်၊ အပြင်လိပ်၊ ရောရာလိပ်၊ စအိုကွဲ၊ ဂရင်ဂျီနာ စသော ရောဂါများကို တစ်ကြိမ်တည်းဖြင့် ပျောက် ကင်းအောင် ကုသပေးပါသည်။ ကုသရာတွင် အားသာချက်မှာ အမြစ်ပြတ်၍ နာကျင်မှုနည်းခြင်း၊ သွေးမထွက်ခြင်း၊ ဒဏ်ရာသေး၍ ပျောက်လွယ်သည်။ ၄င်းသည် စအိုအူလမ်းကြောင်းရောဂါ ကုသရာတွင် ခေတ်အမှီဆုံး၊ သိပ္ပံနည်းအကျဆုံး၊ အန္တရာယ် အကင်းဆုံးကုထုံးဖြစ်ပါသည်။ (ကျွန်တော်တို့ဆေးကုခန်းမှ ကုသပြီးနောက် ၁၀နှစ်အတွင်း ရောဂါ ပြန်ထလာပါက အခမဲ့ ပြန်လည်ကုသပေးပါသည်။)



**ကုသမှုအကျိုးရှိရန် အာမခံချက်ပေးသည်။**

## အမျိုးသားများအတွက် အားဖြည့်စခန်း



ယနေ့ခေတ်တွင် လူနေမှုစနစ်သည် လျှင်မြန်သွက်လက်၍ ဖိအားများသောကြောင့် ကျောက်ကပ် အားနည်းခြင်း ပန်းသေခြင်း၊ သုတ်လွှတ်မြန်ခြင်းစသော ရောဂါများ အဖြစ်များလာပါသည်။ ရောဂါသည် အများစုသည် မှန်ကန်တိကျသော ကုထုံးဖြင့် ထိရောက်စွာ ကုသနိုင်ခြင်း မရှိသဖြင့် ကုသချိန်ကြာလာသည် နှင့်အမျှ ရောဂါ ဆိုးရွားလာရ ပါသည်။ ကိုယ်စိတ် ဒုက္ခရောက်စေပြီး အိမ်ထောင်ရေး ပြိုကွဲသည်အထိ ဆိုးကျိုးများဖြစ်လာနိုင် ပါသည်။

ကျွန်တော်တို့ ဆေးကုခန်းသည် အမျိုးသား ရောဂါ အထူးကုသသော ဆေးကုခန်း ဖြစ်ပါသည်။ ရောဂါ အခြေအနေကို တိကျမှန်ကန်စွာ စစ်ဆေးကုသပေး ကုသပေး ပါသည်။ ရောဂါအခြေအနေရ အဆင့်မြင့် နည်းပညာဖြင့် ထုတ်လုပ်ထားသော ဆေးဝါးများဖြင့် ကျောက်ကပ်အား နည်းခြင်း၊ ပန်းသေခြင်း၊ သုတ်လွှတ် မြန်ခြင်း၊ အိမ်မက် သုတ်လွှတ်ခြင်း၊ လိင်တံသေးငယ် သွားခြင်း၊ ကလေး မမွေး မြုံနေခြင်းစသော ရောဂါများကို အထူးကုသပေးပါသည်။ ဆေးစွမ်းထက်ခြင်း ကုသချိန်တိုတောင်းခြင်း၊ အန္တရာယ်ကင်းခြင်း၊ ဘေးထွက်ဆိုးကျိုး ကင်းခြင်းစသော အားသာချက်များ ရှိပါသည်။ သာမန် ရောဂါများကို တစ်ကြိမ် ကုသခြင်းဖြင့် ပျောက်ကင်းစေပါသည်။

နိုင်ငံတကာတွင် လက်ရှိသုံးစွဲနေသော ဆေးဝါးများဖြင့် အမျိုးသား ရောဂါများဖြစ်သည့် ကျောက်ကပ် အားနည်းခြင်း ပန်းသေခြင်း၊သုတ်လွှတ်မြန်ခြင်း ကလေးမမွေးနိုင်မြုံနေခြင်း စသော ရောဂါများကို ပျောက်ကင်းအောင်ကုပေးပါသည်။

**ခေတ်မှီ ဆေးကုခန်း ဖုန်း - ၀၉ ၄၂၀၁၀၈၈၈၀**

**အမှတ် (၈)၊ စဉ်အိုးတန်းအောက်လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။**

www.burmeseclassic.com

www.burmeseclassic.com



# လီယိုနာဒိုဒါဗင်ချီ၏ပျောက်ဆုံးနေသော အဖိုးတန်ပုံတူပန်းချီကားတစ်ချပ်

မောင်ရဲမာန်(မြဝတီ)

သူမ၏အမည်လေးက ဘီယန်ကာဖော်ဇာ…။ အမည်ကမဟာဆန်သကဲ့သို့ ပျိုမျစ်နုနယ် ချစ်စဖွယ် ရုပ်သွင်လေးကလည်း သိမ်သိမ်မွေ့မွေ့ပင်။ အနားကွပ်ပေါင်အတွင်းမှ လုပသောမျက်နှာလေးက လာရောက်ကြည့်ရှုသူများကို သတိပြုမိစေသည်က တော့အမှန်…။ စင်စစ် သူမကားသက်ရှိ လူသားတစ်ဦးတော့ဖြင့်မဟုတ်ပါချေ။ ၁၉၉၈ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့၌ နယူးယောက်မြို့တော်တွင်ခင်းကျင်းပြသထားသည့် ခရစ္စတီးစ်လေလံပွဲတစ်ခုမှ ပုံတူပန်းချီကားတစ်ချပ်သာဖြစ်ချေ၏။ ပြပွဲသို့လာရောက်ကြည့်ရှုကြသည့် များပြားစွာသောပရိသတ်တို့က ထိုအချိန်ထိသူမ၏အမည်ကိုမသိကြသေး။ အဆိုပါ သူမ၏ ပုံတူကိုရေးဆွဲဖန်တီးခဲ့သူ အနုပညာရှင် မည်သူဖြစ်သနည်းဆိုသည်ကိုလည်း သိရှိသူ တစ်ဦးတစ်ယောက်မျှမရှိခဲ့…။ ကက်တ လောက်စာရင်းတွင်ဖော်ပြထားသည်က သားရေပေါ်တွင် ရောင်စုံမြေဖြူ၊ မင်တို့ဖြင့် ရေးဆွဲသည့်ပန်းချီကား၊ ၁၉ ရာစုအစောပိုင်းကာလ၊ ဂျာမန်လူမျိုး၊ ရီနေးဆင့်ခေတ်ခေါ် ဥရောပအလယ်ခေတ် ဝတ်စားဆင်ယင်မှု ပုံစံအားအတုယူရေးဆွဲထားသည်ဟုသာ ဖော်ပြထားလေသည်။ ယင်းပန်းချီကားချပ်အား နယူးယောက်မြို့သူတစ်ဦးဖြစ်သည့် ကိတ်ဂန့်ဇ်ဆိုသူအမျိုးသမီးက ဒေါ်လာ ၂၁,၈၅၀ ပေး၍ဝယ်ယူသွားခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



## မသိလျက်နှင့်ဝယ်ယူ
## ရတနာတစ်ဆူဖြစ်နေရောသလား

ဆယ်စုနှစ်တစ်ခုကြာမြင့်သွားသည့် အထိ အဆိုပါဈေးနှုန်းမှာမပြောင်းမလဲတည်ရှိဆဲပင်…။ တစ်နေ့တွင် ကနေဒီယံလူမျိုး ပန်းချီကားဝယ်ယူစုဆောင်းသူတစ်ဦးဖြစ်သည့် ပီတာဆေးလ်တားမင်းဆိုသူသည် ဂန့်ဇ်၏ ပြခန်း ထဲသို့ရောက်ရှိလာပြီး ဘီယန်ကာ၏ ဘေးတစောင်းပုံလေးအားမြင်တွေ့သွားလေသည်။ မြင်မြင်ချင်းနှစ်သက်မိသွားသဖြင့် သူချက်ချင်းပင်ပြန်လည်ဝယ်ယူလိုက်သည်။

ဤပန်းချီကားမှာ အမှန်တကယ် ရီနေးဆင့်ခေတ်ကရေးဆွဲခဲ့လေသလားဟုပင် သူတွေးလိုက်မိသေး၏။ ဤတွင် ဂန့်ဇ်က ပန်းချီကား၏ လက်ရာမှာ လီယိုနာဒိုဒါဗင်ချီ၏ လက်ရာမျိုးနှင့် ဆင်ဆင်တူကြောင်း၊ ယင်းပညာရှင်ကြီး ကိုယ်တိုင်ရေးဆွဲခဲ့လေသလားဟုမရဲတရဲသံသယဝင်မိကြောင်း အရိပ်အမြွက်ပြောကြားလိုက်သည်။ ဆေးလ်တားမင်းတစ်ယောက်မှင်တက် ေတွေဝေသွားခဲ့ရလေပြီ…။ ပန်းချီကားကို ကြည့်ရင်းနှင့်ပင် ကြက်သီးမွေးညင်းများ ထလာမိ၏။ တကယ်ပင် ဂုဏ်ဝင်မြောက်ပညာရှင်ကြီး လီယိုနာဒိုဒါဗင်ချီကိုယ်တိုင် ဤပန်းချီကားကို ဖန်တီးရေးဆွဲခဲ့လေရောသလား။ သူမသိနိုင်တော့ပြီ…။

အကယ်၍သာ တစ်စုံတစ်ယောက်သည် ပန်းချီပြခန်းထဲသို့ရဲရဲပုံပုံဝင်ရောက်လာကာ ထိုပန်းချီကားအား တစ်စုံတစ်ရာအကျိုးအကြောင်းတိတိကျကျမသိရှိဘဲ ဝယ်ယူလိုက်သည်ဆိုကြပါစို့။ ယင်းသည် ကမ္ဘာကျော်စွယ်စုံ ပညာရှင်ကြီး လီယိုနာဒိုဒါဗင်ချီ၏ လက်ရာအစစ်အမှန်ဖြစ်ကြောင်း သိရှိသွားသည့်တစ်နေ့တွင်မှ ဒေါ်လာသန်းပေါင်း ၁၀၀ ခန့်တန်သည့်ရတနာတစ်ပါးအဖြစ်သို့ ရောက်ရှိသွားရတော့မည်ပင်…။ အဆိုပါအဖြစ်မှာ လူတိုင်း၏နှုတ်ဖျား၌ ရေပန်းစားလာသည့်ဒဏ္ဍာရီတစ်ပုဒ် ဖြစ်လာတော့မည်မှာအမှန်…။

လီယိုနာဒို၏လက်ရာအစစ်အမှန်ဆိုသည်ကလည်း ရှာမှရှားလွန်းသည့်အရာပင်။ ဆေးလ်တားမင်းတစ်ယောက် ယင်းပန်းချီကားကို ဝယ်ယူလိုက်သည့်အချိန်၌ အဆိုပါ




ပန်းချီပညာရှင်ကြီးဖန်တီးခဲ့သည့် ပန်းချီအနုပညာလက်ရာများအနက် နောက်ဆုံးရှာဖွေတွေ့ရှိခဲ့သည့် သူ၏လက်ရာအစစ်အမှန်ပန်းချီကားတစ်ချပ်အားဖော်ထုတ်နိုင်ခဲ့သည့်ကာလသည်ပင် ၇၅ နှစ်ကျော်လွန်ခဲ့ချေပြီ…။ ကမ္ဘာကျော်မိုနာလီဆာပန်းချီကားဖန်တီးခဲ့သည့် ပညာရှင်ကြီးသည် သားရေချပ်ပေါ်ဝယ်ပုံတူတစ်ခုရေးဆွဲခဲ့ကြောင်း၊ သူ၏ပန်းချီကားများကိုပုံတူပွားခဲ့ကြောင်း သို့မဟုတ် ထိုသို့ရေးဆွဲရန် ပြင်ဆင်မှုများပြုလုပ်ခဲ့ကြောင်း မှတ်တမ်းအထောက်အထား တစ်စုံတစ်ရာလည်း ထိုအချိန်က အလျှင်းမတွေ့ခဲ့ရချေ။ အကယ်၍သာ ဘီယန်ကာဖော်ဇာပုံတူပန်းချီကားသည် လီယိုနာဒို၏ လက်ရာအစစ်အမှန်ဖြစ်ခြားအံ့…။ နှစ်ပေါင်း ၅၀၀ တိုင်တိုင်မည်သည့်နေရာ၌ ငုပ်လျှိုးပျောက်ကွယ်နေခဲ့ပါသနည်းဆိုသောအချက်မှာ အလွန်စိတ်ဝင်စားဖွယ်ကောင်းသောမေးခွန်းတစ်ရပ် ဖြစ်လာရပေတော့မည်။

ဆေးလ်တားမင်းသည် ဘီယန်ကာ၏ ပုံတူအား ဒီဂျစ်တယ်ရုပ်ပုံအဖြစ်ဖန်တီးပြုလုပ်ကာ အောက်စ်ဖို့တက္ကသိုလ် အနုပညာ သမိုင်းဌာန၏ဂုဏ်ထူးဆောင် ပါမောက္ခမာတင်ကင့်ပ်ထံသို့အီးမေးလ်ဖြင့် ပေးပို့လိုက်လေ၏။ ထင်ရှားကျော်ကြားသော လီယိုနာဒိုဒါဗင်ချီဆိုင်ရာကျွမ်းကျင် ပညာရှင်ကြီးတစ်ဦးလည်းဖြစ်သူ ကင့်ပ်အဖို့တော့ ဤအဖြစ်က ရိုးနေချေပြီ…။ ဤသို့သော ရုပ်ပုံများကို မကြာခဏသူလက်ခံရရှိနေကျဖြစ်သည်။ တစ်ခါတစ်ရံ တစ်ပတ်အတွင်း[illegible]နှစ်ပုံခန့်ရောက်လာသည်လည်းရှိ[illegible]။ ထိုသို့



www.burmeseclassic.com

www.burmeseclassic.com



အပျိုသောသူများကို ``လီယိုနာဒိုအားရူးသွပ်နေကြသူများ´´ဟုသူက အမည်ပေးထားသည်။ အလုပ်မရှိကြောင်ရေချိုးသူများပင်…။ ``အဲဒီလူတွေအတွက် တစ်ခုတည်းသောချုပ်ရဲ့ ပြန်ကြားချက်ကတော့ `နိုး´ဆိုတာပါပဲ´´ ဟုကင့်ပ်ကပြန်လည်ပြောပြခဲ့သည်။

**ထူးခြားသည့်ပန်းချီကား အပြေးအလွှား ကြည့်ရပြီ**

သို့သော် အံ့ဖွယ်ဘနန်းဖြစ်ရပ်ဆန်းကြီးတကား…။ ရုပ်ပုံထဲမှမိန်းမပျိုလေး၏မျက်နှာကို မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက်သူ၏မျက်လုံးအစုံမှာပြူးကျယ်သွားခဲ့ရပြီးအနီးကပ်သေချာစွာကြည့်ရှုမိလေတော့သည်။ ပန်းချီကားမှာ ထူးခြားလွန်းရကား သူစကားပင်မပြောနိုင်ရှာ…။ ဆေးလိတ်ငှားမင်းတစ်ယောက် အဆိုပါပန်းချီကားအား မြဲတိုက်ခန်းဝယ် အသေအချာလုံခြုံစွာသော့ခတ်သိမ်းဆည်းထားရာ ဂူးရစ်မြို့ဆီသို့ ကင့်ပ်တစ်ယောက်အပြေးအလွှားသွားရောက်ခဲ့လေတော့၏။

ပန်းချီကားမှာ ၁၃ × ၉¾ လက်မ အရွယ်ခန့်သာရှိသဖြင့် လီဂယ်စာရွက်ထက်သာသာခန့်သာ ရှိသည်ဟုဆိုရမည်ပင်…။ ``ပန်းချီကားကို မြင်လိုက်ရတာနဲ့ တစ်ပြိုင်နက် ရင်ထဲမှာလှုပ်လှုပ်ခံစားရလောက်အောင် ထူးခြားဆန်းကြယ်တဲ့ အရာတစ်ခုကို မျက်ဝါးထင်ထင်မြင်တွေ့လိုက်ရပြီဆိုတာ ကျုပ်ကောင်းကောင်းသဘောပေါက်သွားပါပြီ´´ ဟုကင့်ပ်ကဝန်ခံခဲ့လေသည်။

အဆိုပါစိတ်ခံစားမှုသည် အမှန်တရားကို ထဲထဲဝင်ဝင်ရှာ ဖွေဖော်ထုတ်လိုသည့် ကင့်ပ်၏ဆန္ဒအား တွန်းအားပေးလိုက်သကဲ့သို့ဖြစ်သွားစေသည်။ အဆိုပါကိစ္စအား မိမိကိုယ်တိုင်စုံစမ်းထောက်လှမ်းရန် ကင့်ပ်တစ်ယောက်ဆုံးဖြတ်ချက်ချလိုက်လေသည်။ သူ့အားအထောက်အကူပြုကူညီပေးမည့်သူကား ပဲရစ်မြို့ လူမီယာနည်းပညာဌာနမှ အင်ဂျင်နီယာတစ်ဦးဖြစ်သူ ပက်စကယ်ကော့တီပင်ဖြစ်၏။ သူတို့သည် နည်းပညာမြင့်ဘက်စုံသုံး စကဲန်စက်ကြီးများကို အသုံးပြုကာ ပန်းချီကားချပ်ကိုတစ်လွှာချင်းစစ်ဆေးလေ့လာခဲ့ကြသည်။ အပေါ်ယံစုတ်ချက်များမှသည် အောက်ဆုံးအလွှာများအထိ ဂရုတစိုက်စစ်ဆေးခဲ့ကြခြင်းဖြစ်သည်။




လီယိုနာဒိုဒါဗင်ချီ၏လက်ရာထင်ရှားသည့်ပန်းချီကားများဖွယ်သူ၏အနုစိတ်ခြယ်မှုန်းမှုများကိုတွေ့မြင်နိုင်ပေသည်။

ကင့်ပ်သည် သူ၏ရှိရင်းစွဲပန်းချီရလအမြင်ဖြင့်ကြည့်လေလေ လီယိုနာဒို၏လက်ရာအငွေ့အသက်များကို မြင်တွေ့ခံစားရလေလေဖြစ်လာရသည်။ ခေါင်းစည်းကြိုး၏အောက်တွင် ဆံနွယ်စုများကို စနစ်တကျစုစည်းထုံးဖွဲ့ထားသည့် အယူအဆရေးဆွဲပုံများ၊ ကောင်းမွန်လှပသည့်အရောင်အနု အရင့်ထိန်းညှိကစားသွားပုံများ၊ တိကျသည့်ကောက်ကြောင်းများအားလုံးမှာ လီယိုနာဒို၏ အစဉ်အလာများပင်…။ အားပေါင်းအမှောင်အပူအဆကို စနစ်တကျအသေးစိတ်လေ့လာကြည့်ရာတွင်လည်း လီယိုနာဒိုကဲ့သို့ဘယ်သန် တစ်ဦး၏စုတ်ချက်များဖြစ်ကြောင်း ထင်ရှားစွာသိလာရပြန်သည်။ စိတ်ခံစားမှုကို ထည့်သွင်းရေးဆွဲသည့် အပိုင်း၌လည်း တည်ငြိမ်မှုနှင့်အတူကြည့်ရှုသူအပေါင်းအား ဖြတ်လတ်သွက်လက်လာစေသည့် စူးမိုက်နစ်မြောမှုသဘောတရားတို့ကို ပေါင်းစပ်ခံစားမိစေ၏။ ယင်းမှာလီယိုနာဒို၏ အရည်အချင်းပင်…။ အချုပ်ဆိုရသော် ယင်းပုံတူပန်းချီကား၏ အနှစ်သာရမှာ ``စိတ် အာရုံ၏ ရည်ရွယ်ချက်အမြင်´´ကို အပြည့်အဝဖော်ညွှန်းနိုင်ခြင်းပင်ဖြစ်ပေ၏။

သို့သော် ကင့်ပ်အနေဖြင့် အဆိုပါပုံတူပန်းချီကားသည် လီယိုနာဒိုသက်ရှိထင်ရှားရှိစဉ်ကာလဖြစ်သည့် (၁၃၅၂ - ၁၅၁၉) ခုနှစ်များအတွင်းရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း [illegible]

www.burmeseclassic.com



စပ်မှုရှိနေခြင်းကိုလည်း ဖော်ထုတ်တင်ပြရဦးမည်သာ..။ ကာဗွန်ရေဒီယို ဓာတ်ကြွနည်းပညာဖြင့် စစ်ဆေးမှုအရ နွားကလေး၏သားရေနှင့် ပြုလုပ်ထားပုံရသောသားရေချပ်မှာ ၁၄၄၀ နှင့် ၁၆၅၀ ပြည့်နှစ်အကြား ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိလာခဲ့ကြသည်။

**ထုံးဖွဲ့ပုံဆင်ယင်မှု အစုစုကို လေ့လာရာဝယ်**

ဝတ်စုံပုံစံအား အသေးစိတ်သုတေသနပြု၍ ဆင်ယင်ထုံးဖွဲ့ပုံအားလေ့လာဆန်း စစ်ကြည့်သောအခါ ပန်းချီကားထဲမှ မိန်းကလေး၏ ပုံစံမှာ ၁၄၉၀ ပြည့်လွန်နှစ်များအတွင်းက မီလန်မြို့သားအထက်တန်း လွှာတို့၏ဝတ်စားဆင် ယင်ထုံးဖွဲ့မှုပုံစံဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့သည်။ ဆံပင်များအား ဖက်ရှင်ပုံစံကျကျဂရုတစိုက် စည်းနှောင်ထုံးဖွဲ့ထားလေ၏။ လီယိုနာဒိုသည် ယင်းကာလများအတွင်း မီလန်မြို့၌ သွားရောက်နေထိုင်ခဲ့ဖူးသည်။ အကြောင်းမှာ အထက်တန်းလွှာအသိုင်းအဝိုင်းတို့အား ပုံတူပန်းချီရေးဆွဲပေးရန်ကမ်းလှမ်းလာမှုကို လက်ခံခဲ့ခြင်းကြောင့်ဖြစ်သည်ဟုသမိုင်း အထောက်အထားအရသိရှိခဲ့ရသည်။ ပန်းချီကားချပ်၏အနားစွန်းတွင် ချုပ်ရာများ တွေ့ရှိခဲ့ရသဖြင့်လည်း ယင်းမှာ စာအုပ်တစ်ခုခုထဲမှဖြုတ်ယူခဲ့ခြင်းဖြစ်နိုင်ကြောင်း ကောက်ချက်ချနိုင်ခဲ့ပြန်၏။ အကယ်၍သာ ကောက်ချက်မှန်ကန်ခဲ့သည်ဆိုပါလျှင် အဆိုပါစာအုပ်မှာ တော်ဝင်လက်ထပ်ပွဲတစ်ခုခု၏ မှတ်တမ်းတင်စာအုပ်သာဖြစ်ပေရိမ့်မည်တည်း။

လီယိုနာဒိုသည် အမျိုးသမီးပုံတူများကို ဖော်ကျူးခြယ်မှုန်းရာ၌ နူးညံ့သိမ်မွေ့မှုများနှင့်အတူ နက်ရှိုင်းထိရောက်သော စုတ်ချက်များဖြင့် သူမတူအောင် ရေးဆွဲနိုင်စွမ်းရှိသူဖြစ်၏။ ဖလောရင့်စ်မြို့၌ ၁၄၇၈ ခုနှစ်တွင်အပြီးသတ်ရေးဆွဲခဲ့သည့် " Ginvera de' Benci " ပုံတူပန်းချီကားဝယ် အထူးကောင်းမွန်လှသည့် ရုပ်ပိုင်းဆိုင်ရာစံနမူနာကို ပုံဖော်ဖန်တီးရာ၌ သူ၏ပင်ကိုစွမ်းရည်ကို ထင်ထင်ရှားရှားတွေ့မြင်နိုင်ပေသည်။ ၁၄၈၈ မှ ၁၄၉၀ ပြည့်နှစ်အတွင်းရေးဆွဲခဲ့သည့် ''မီလန်မြို့စားကြီး၏သခင်မ'' ပုံတူပန်းချီ ကား၌မူ မြင်ရသူ၏အာရုံကို ဖမ်းစားနိုင်လောက်အောင် အလင်းနှင့် အမှောင်ကို ကျွမ်းကျင်ပိုင်နိုင်စွာ နေရာချရေးဖွဲ့နိုင်ခဲ့




**Sforziad အမည်ရှိစာအုပ်အား ဓာတ်ပုံစစ်ဆေးမှုများအရ စာမျက်နှာများပျောက်ဆုံးနေကြောင်း သိရှိခဲ့ကြသည်။**

သည်။

လီယိုနာဒိုဒါဗင်ချီဟူသည့်အမည်နှင့် အတူယှဉ်တွဲလက် အထင်ရှားဆုံးလက်ရာတစ်ခုကိုပြရမည်ဆိုပါလျှင် မိုနာလီဆာပန်းချီကားကို ပြရမည်သာပင်...။ အဆိုပါပန်းချီကားအား သူသည်ဆန်းသစ်တီထွင်မှုများနှင့်အတူ အနားသတ်မှုန်ဝါးဝါးစုတ်ချက်များဖြင့် ပုံဖော်ရေးဆွဲခဲ့သည့်အတွက် ပန်းချီကားထဲမှအမျိုးသမီးငယ်တွင် မြင်ရသူအပေါင်းကို ညှို့ယူဖမ်းစားနိုင်သည့် ထူးခြားသောအပြုံးတစ်ခုအား ပုံဖော်ဖန်တီးပေးနိုင်ခဲ့လေသည်။

ကင့်ပ်၏စူးစမ်းထောက်လှမ်းမှုမှာ ဘီယန်ကာဖော်ဇာဟူသည့်အမည်ဘက်ဆီသို့ ဦးလှည့်သွားပြန်၏။ စင်စစ်ဘီယန်ကာမှာ အခြားသူမဟုတ်...။ မီလန်မြို့စားကြီး၏ တရားဝင်မဟုတ်သောသမီးအရင်းပင်ဖြစ်ချေ၏။ ဘီယန်ကာသည် ၁၄၉၆ ခုနှစ်တွင် မီလန်တပ်မတော်၏တပ်မှူးကြီး ဂါလက်ဇိုဆန်စီတာရီနိုနှင့်လက်ထပ်ထိမ်းမြားခဲ့သည်။ ယင်းတပ်မှူးသည် လီယိုနာဒို၏ရင်းနှီးသောမိတ်ဆွေတစ်ယောက်လည်းဖြစ်ချေ၏။ အဆိုပါပုံတူအားရေးဆွဲခဲ့စဉ်က ဘီယန်ကာ၏အသက်မှာ ၁၃ နှစ်-၁၄ နှစ်ခန့်သာရှိပေဦးမည်။ ကြေကွဲဖွယ်ကောင်းသည်ကား အဆိုပါပုံတူပန်းချီအား ရေးဆွဲခဲ့ပြီးလအနည်းငယ်အကြာမှာပင် သူမသည် နေရာလွဲများသန္ဓေတည်မှုဝေဒနာကြောင့် ကွယ်လွန်သွားခဲ့ရရှာလေသည်။ ယင်းမှာ ထိုခေတ်ထိုကာလက အဆိုပါမှူးမျိုးမတ်နွယ်အမျိုးသမီး ငယ်တို့အကြားဖြစ်လေ့ဖြစ်ထရှိသည့်ရောဂါဝေဒနာတစ်ရပ်ဖြစ်ခဲ့လေသည်။ ကင့်ပ်ကအဆိုပါပန်းချီကားအား " La Bella Principessa "ဟုအမြတ်တနိုးအမည်ပေးခဲ့သည်။ အဓိပ္ပါယ်ကား ''ချောမောလှပသောမင်းသမီးလေး'' ဟူ၍ပင်...။

၂၀၁၀ ပြည့်နှစ်တွင် ကင့်ပ်နှင့်ကော့တီတို့သည် ၎င်းတို့၏ရှာဖွေတွေ့ရှိမှုများကို စာအုပ်တစ်အုပ်ရေးသားပြုစု ထုတ်ဝေခဲ့လေသည်။ ထင်ရှားကျော်ကြားသော လီယိုနာဒိုပညာရှင် အများအပြားက ၎င်းတို့၏ရှာဖွေတွေ့ရှိချက်ကို လက်ခံအတည်ပြုခဲ့ကြသည်။ ၎င်းတို့၏စာအုပ်ကို သဘောတူထောက်ခံခဲ့ကြသည်။ သို့သော် အချို့ကမူ ယုံကြည်လက်ခံခြင်းမရှိခဲ့ကြ။ နယူးယောက်မြို့တော်မက်ထရိုပိုလီတန် အနုပညာပြတိုက်မှ ပန်းချီပြတိုက်မှူး ကာမင်ဘမ်းဘက်ချ် ကဆိုလျှင် ''ဒီပန်းချီကားဟာ လီယိုနာဒိုဒါဗင်ချီရဲ့လက်ရာနဲ့တူတာဆိုလို့ စိုးစဉ်းမျှတောင်မရှိပါဘူးဗျာ'' ဟုပျစ်ပျစ်နှစ်နှစ်ဝေဖန်ကန့်ကွက်သွားခဲ့လေသည်။

**ထူးဆန်းစွာပေါ်လာခြင်း သံသယ၏ အကြောင်းရင်းသာ**

နောက်ထပ်ပညာရှင်တစ်ဦးကလည်း ပန်းချီကားမှာ အလွန်တရာလတ်ဆတ်နေကြောင်း၊ အစစ်ဟုမထင်မိကြောင်း ဝေဖန်ခဲ့ပြန်၏။ အလွန်ကောင်းမွန်သည့်အရည်အသွေးဖြင့် အတုပြုလုပ်လိမ်ညာခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တန်ရာသည်ဟု စိုးရိမ်လာကြသူများလည်း တဖြည်းဖြည်းများလာသည်။ အစိက သံသယဖြစ်လာရခြင်းအကြောင်းရင်းမှာ အဆိုပါပုံတူ ပန်းချီကား ရုတ်တရက်ထူးဆန်းစွာ ပေါ်ထွက်လာခြင်းပင်...။ အနှီပန်းချီကား မည်သည့်နေရာမှထွက်ပေါ်လာခဲ့ပါသနည်း။

ဤအမေးကို ကင့်ပ်လည်းမဖြေနိုင်သည်ကတော့အမှန်...။ ဆင်ပြောင်ကြီး အမြီးကျမှလက်မှိုင်ချရတော့မည့် ပုံနယ်ပင်...။ သို့သော် ဘုရားမသည်ဟုဆိုရပေချိမ့်။ တောင်ဖလော်ရီဒါတက္ကသိုလ် အနုပညာသမိုင်းဌာန၏ ဂုဏ်ထူးဆောင်ပါမောက္ခ ဒေါက်တာအက်ဒွပ်ရိုက် ဆိုသူကသူ့ထံသို့ မက်ဆေ့ချ်တစ်ခုလှမ်းပို့လိုက်လေ၏။ တကယ်တော့ ကင့်ပ်နှင့်ရိုက်တို့မှာ တစ်ဦးနှင့်တစ်ဦးတစ်ခါမျှမြင်ဖူးကြသည်မဟုတ်...။ လူအများကြားဝယ်အထူးရေပန်းစားနေသည့် အဆိုပါပြဿနာကို ဖြေရှင်းကြည့်နိုင်ရန်အတွက် ကင့်ပ်ထံသို့ ရိုက်တစ်ယောက်ပေးပို့ခဲ့သည့် အကြံပြုချက်သည်ကား ဝါဆောမြို့တော်ရှိ ပိုလန်အမျိုးသားစာကြည့်တိုက်ဆီသို့သွားရောက်ပါ- အဆိုပါ စာကြည့်တိုက်အတွင်းဝယ် Sforziad အမည်တွင်သည့် စာအုပ်တစ်အုပ်ရှိနေပါသည်- ယင်းစာအုပ်က သင်၏ပြဿနာအားအဖြေထုတ်ပေးပါလိမ့်မည် ဟူ၍ပင်...။

ထို့ပြင် ရိုနေးဆင့်ခေတ်ထင်ရှားသည့် အနုပညာလက်ရာများဆိုင်ရာ ကျွမ်းကျင်ပညာရှင်တစ်ဦးလည်းဖြစ်သော ရိုက်က အဆိုပါစာအုပ်မှာ ဘီယန်ကာဖော်ဇာ၏ ဘဝနှင့်စပ်လျဉ်း၍အထူးကောင်းမွန်တန်ဖိုးရှိလှသော လက်ထပ်ထိမ်းမြားမှုဆိုင်ရာ မှတ်တမ်းမှတ်ရာစာအုပ်ပင်ဖြစ်ကြောင်း၊ လီယိုနာဒိုရေးဆွဲခဲ့သည်ဆိုသော ပန်းချီကားအတွက် ခိုင်မာသောဆက်စပ်မှုရှိနေမည်မှာ သေချာကြောင်း ကင့်ပ်ထံသို့ထပ်ဆင့်၍ သတင်းစကားပါးလိုက်သေး၏။

ကင့်ပ်နှင့်ကော့တီတို့ ဝါဆောမြို့တော်ဆီသို့ ခရီးဆက်ကြရပြန်လေပြီ...။ ခရီးစဉ်အတွက်ကုန်ကျစရိတ်ကို အမျိုးသား ပထဝီဝင်အသင်းကြီးမှ ရန်ပုံငွေထောက်ပံ့ပေးခြင်းဖြစ်သည်။ ကော့တီသည် Sforziad စာအုပ်အားတွေ့ရှိပြီးနောက် အဏုစိတ်ဓာတ်ပုံရိုက်ကူးပညာဖြင့်ရိုက်ကူးကာ အသေးစိတ်လေ့လာစစ်ဆေးခဲ့ကြသည်။ တွေ့ရှိလာရသည်ကား အဆိုပါ Sforziad စာအုပ်ကြီးမှ ပန်းချီကားချပ်ဟုယူဆရသော စာမျက်နှာတစ်ခုအား ဖြုတ်ထုတ်ခံထားရသည့်နေရာတစ်ခုကို အတိအကျတွေ့မြင်ရခြင်းပင်...၊ ဓာတ်လမ်း၏အနှိန်ကား အထွတ်အထိပ်သို့ရောက်ရှိခဲ့ပေပြီ၊ သူတို့သည် ဘီယန်ကာ၏ပန်းချီကားချပ်အား စာအုပ်အတွင်းသို့ ပြန်လည်ထည့်သွင်းတပ်ဆင်ကြည့်ကြသည်၊ လုံးဝကွက်တိပင်...။ ချုပ်ရာမှကျန်ရစ်ခဲ့သည့် အပေါက်များပင် တစ်ဆက်တစ်စပ်တည်းအံဝင်ခွင်ကျဖြစ်နေကြောင်း တွေ့ရှိခဲ့ကြလေ၏။



ပက်စကယ်ကော့တီနှင့် မာတင်ကင့်ပ်တို့ ပန်းချီကားချပ်အား စာအုပ်အတွင်းသို့ ပြန်လည်တပ်ဆင်ထည့်သွင်းနေကြစဉ်

ကင့်ပ်အနေဖြင့် သက်သေအထောက်အထားအပြည့်အစုံကို ခိုင်ခိုင်လုံလုံပြသနိုင်ခဲ့ပါပြီ။ ``တကယ်တော့ 'La Bella Princi-pessa' ဟာ လီယိုနာဒိုဒါဗင်ချီကိုယ်တိုင်ရေးဆွဲခဲ့တဲ့ ပန်းချီကားအစစ်အမှန်တစ်ခုဖြစ်ပြီး စာအုပ်တစ်အုပ်ထဲမှာထည့်သွင်းခံခဲ့ရကာ စာအုပ်စင်တစ်ခုပေါ်မှာ လူမသိသူမသိ တိတ်တဆိတ်လဲလျောင်းနေရတဲ့အဖြစ်ကို အခုတော့ကျုပ်တို့ဖော်ထုတ်နိုင်ခဲ့ပြီပေါ့ဗျာ'' ဟုသူကြွေးကြော်နိုင်ခဲ့ပြီဖြစ်သည်၊ အဆိုပါဖြစ်စဉ်ကို National Geographic ရုပ်မြင်သံကြားချန်နယ်မှ အပြည့်အစုံမှတ်တမ်းတင်ခဲ့လေ၏။

**ဖယ်ရှားရသည့်အကြောင်း၊တရား၊**
**ခေါင်းစားရသည့် အခြေအနေ**

ငှင်းသမိုင်းကြောင်းနှင့်ပတ်သက်၍ ရိုက်က ဆက်လက်ရှင်းလင်းပြောကြားခဲ့သည်၊ ယင်းစာအုပ်သည် ပိုလန်နိုင်ငံဆီသို့ ၁၅၀၀ ပြည့်လွန်နှစ်များကတည်းက ရောက်ရှိလာခဲ့ခြင်းဖြစ်လေ၏၊ အကြောင်းမှာ ဖော်ဇာမိသားစုဝင်တစ်ဦးသည် ပိုလန်တော်ဝင်မင်းညီမင်းသားတစ်ပါးနှင့် ထိုအချိန်ကလက်ထပ်ထိမ်းမြားခဲ့ပြီး ပိုလန်နိုင်ငံသို့ပြောင်းရွှေ့ရောက်ရှိလာခြင်းကြောင့်ဖြစ်သည်၊ သို့သော် La Bella Principessa အား အဘယ်သို့သော အကြောင်းကြောင့် မည်သည့်အချိန်ကတည်းက ယင်းစာအုပ်မှ ဖြုတ်ထုတ်ဖယ်ရှားခဲ့ပါသနည်း ဆိုသည်က အဖြေရှာရန်ခက်ခဲသောပုစ္ဆာတစ်ပုဒ်ဖြစ်လာခဲ့ရပြန်လေသည်။

ဖြစ်နိုင်သည်မှာ ၁၇ ရာစု သို့မဟုတ် ၁၈ ရာစုနှစ်လောက်က ယင်းစာအုပ်အား သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြန်ချုပ်ခဲ့ကြဟန်တူသည်၊ ထိုအချိန်ကတည်းက အဆိုပါပန်းချီကားကိုဖြုတ်ထုတ်ခဲ့ကြပုံရ၏။ မည်သည့်အကြောင်းကြောင့်နည်း။ အဖြေရှာမရပြန်...။ သဲလွန်စမှာ တဖြည်းဖြည်းမှုန်ဝါးသွားရပြန်လေပြီ၊ အဆင့်ဆင့်စုံစမ်းမှုအရ တဖြည်းဖြည်းသိလာရသည်ကား အီတလီလူမျိုး



www.burmeseclassic.com

www.burmeseclassic.com



အနုပညာမြတ်နိုးသူတစ်ယောက်သည် ယင်းပန်းချီကားအားပြန်လည် ထိန်းသိမ်းလိုသဖြင့်ခိုးယူသွားခဲ့သည်။ ယင်းကို မုဆိုးမတစ်ဦးကထပ်ဆင့်ခိုးယူခဲ့ပြီး ရောင်းစားခဲ့လေ၏။ ထိုမှတစ်ဖန် အဆင့်ဆင့်ရောင်းချခဲ့ရာမှတစ်ဆင့် ခရစ္စတီးစ်လေလံပွဲသို့ ရောက်ရှိလာခဲ့ခြင်းဖြစ် သည်ဟုဆိုကြသည်။ လီယိုနာဒို၏ ပျောက်ဆုံးသွားသော ပန်းချီလက်ရာ မွန်တချို့နှင့်ပတ်သက်၍ သူ့နိုင်ငံ.ကိုယ်နိုင် အပြိုင်လုကြသည့် ပြင်းထန်သော ပြိုင်ဆိုင်မှုများမှာလည်း စိတ်ဝင်စားဖွယ်ရာကောင်းခဲ့လေသည်။ နိုဝင်ဘာလတွင် လန်ဒန်မြို့ အမျိုးသားပန်းချီပြတိုက်၌ လီယိုနာဒို၏ လက်ရာ အစစ်အမှန်တစ်ခုဖြစ်သော "Salvator Mundi" အမည်ရှိ ပန်းချီကားအား ခင်းကျင်းပြသခဲ့သည်။ ယင်းပန်းချီ ကားမှာ ယေရှုခရစ်တော်က ကမ္ဘာလုံးအား ကိုင်ထားပုံဖြစ်သည်။ အဆိုပါပန်းချီ ကားမှာလည်း ရာစုနှစ်ပေါင်းများစွာ ပျောက်ဆုံးနေခဲ့ရပြီး တာဝန်ရှိသူ အများအပြား၏ ကျားကုတ်ကျားခဲကြိုးစားအားထုတ်မှုကြောင့် ပြန်လည်ရရှိခဲ့ခြင်းဖြစ်ပေသည်။

ထို့ပြင် ရှေးဟောင်းပန်းချီအနုပညာဆိုင်ရာသုတေသနပညာရှင်တို့သည် အမျိုးသားပထဝီဝင်အသင်းကြီး၏ ထောက်ပံ့မှုဖြင့် အီတလီနိုင်ငံ ဖလောရင့်စ်မြို့ဝယ် လီယိုနာဒို၏ အနုပညာလက်ရာတစ်ခုဖြစ်သော "Battle of Anghiari" အမည်ရှိပန်းချီကားတစ်ချပ်ကို ကြိုးစားပမ်းစားရှာဖွေခဲ့ကြသေးသည်။ အဆိုပါပန်းချီကားမှာ ၁၅၀၀ ပြည့်လွန်နှစ်များအတွင်းက နောက်ဆုံးမြင်တွေ့ခဲ့ကြရခြင်းဖြစ်ပြီး ယနေ့ထက်တိုင် ပျောက်ဆုံးနေဆဲရှိလေသည်။ ပညာရှင်များသည် အဆိုပါပန်းချီကားအား ပါလက်ဇိုဗက်ချီယို အဆောက်အအုံကြီး၏ နံရံများအတွင်း ထည့်သွင်းသိုဝှက်ထားသည်ဟူသော သတင်းများကြောင့် Endoscope ခေါ် လူအများအား ခွဲစိတ်ရာတွင်အသုံးပြုသည့် ကွေးနိုင်ဆန့်နိုင်သော ပြွန်ရှည်ထိပ်တွင် အင်အားကောင်းသည့်ကင်မရာတပ်ဆင်ထားသောအထူးကိရိယာကိုအသုံးပြုကာ ရှာဖွေခဲ့ကြသော်ငြား ပန်းချီကား၏ အရိပ်အယောင်သော်မျှ တွေ့ရှိခြင်းမရှိခဲ့ကြပါချေ။

အကယ်၍ ရာစုနှစ်ပေါင်းများစွာသက်တမ်းကြာမြင့်ခဲ့ပြီဖြစ်သော အဆိုပါအနုပညာပစ္စည်းသာ လီယိုနာဒို၏ ဖန်တီးမှုလက်ရာအစစ်အမှန်ဖြစ်ခဲ့ပါမူ ယင်းဖြစ်စဉ်မှာ အလွန်ထူးဆန်းလှသည့်ကံ့ကောင့်ကြုံခဲဖြစ်ရပ်တစ်ခုအဖြစ် သမိုင်းတွင်ရစ်မည်ဖြစ်သည့်အပြင် ယင်း၏တန်ဖိုးမှာလည်းအလွန်တရာမြင့်မားသွားတော့မည်မှာ အသေအချာပင်။ ထိုအခါတွင် လူသားတို့၏အတ္တ၊ ရယူပိုင်ဆိုင်လိုသည့်လောဘတရားတို့ကြောင့် ပြိုင်ဆိုင်မှု၊ တိုက်နိုက်မှုများနှင့်အတူ ပဋိပက္ခများ လည်းပေါ်ပေါက်လာရတော့မည်မှာအမှန်...။

**ထင်မြင်ချက်အဖုံဖုံ ငြင်းဆိုခဲ့ကြပုံများ**

ကျယ်ပြန့်သည့်ရှုထောင့်အစုံစုံမှ အမြင်အမျိုးမျိုးကိုရရှိနိုင်ရန် ရည်ရွယ်ချက်ဖြင့် နောက်ဆုံးအခြေအနေအထိ ရှာဖွေတွေ့ရှိမှုအစုစုကို ထိပ်တန်းပညာရှင် အတော်များများထံသို့ ကင့်ပ်တစ်ယောက် အစီရင်ခံစာများ ပေးပို့၍ ထင်မြင်ချက်များ တောင်းခံခဲ့သည်။ သို့သော် ပညာရှင်များ အားလုံးနီးပါးက ဝေဖန်ချက်များပေးရန် ငြင်းဆိုခဲ့ကြသည်မှာလည်း အံ့အားသင့် ဖွယ်ရာပင်...။

"အမှန်တရားတစ်ရပ်ဖြစ်သည်ဆိုသည့်တိုင်အောင် လက်သင့်ခံနိုင်ဖို့အတွက် အချိန်ကတော့ အတိုင်းအတာတစ်ခုအထိ ယူရဦးမှာပါပဲလေ"ဟု ကင့်ပ်ကဖြေသိမ့်ပြောလေးပြောလိုက်သည်။ "ဒါပေမဲ့ ကျုပ်လုပ်နေတဲ့အလုပ် ကျုပ်ရပ်တည်နေတဲ့နေရာနဲ့ပတ်သက်လို့ ကျုပ်ယုံကြည်မှုအပြည့်အဝရှိပြီးသားပါ"ဟု သူကသူ၏သဘောထားကို ဖွင့်လှစ်ပြောပြခဲ့လေသည်။ ကျိန်းသေပေါက်ပြောနိုင်သည့်အရာ တစ်ခုတော့ရှိချေ၏။ ဘီယန်ကာဖော်ဇာ၏ နုနယ်ပျိုမျစ်သော မျက်နှာလေးမှာ လီယိုနာဒိုဒါဗင်ချီ၏ဖန်တီးမှုလက်ရာအစစ်အမှန်တစ်ခုအဖြစ် ပန်းချီပြတိုက်တစ်ခုခု၏ နံရံထက်တွင်ချိတ်ဆွဲထားနိုင်သည့်တစ်နေ့ဝယ် လာရောက်ကြည့်ရှုသူအပေါင်း၏အာရုံကို ညို့ယူဖမ်းစားနိုင်စွမ်းရှိနေဦးမည်ကတော့ အသေအချာပင်ဖြစ်ပေတော့သည်။

မောင်ရဲမာန်(မြဝတီ)

Ref: National Geographic Magazine






www.burmeseclassic.com

www.burmeseclassic.com

# ၁-၆-၂၀၁၃ မှ ၃၀-၆-၂၀၁၃ အထိ

ဆရာလင်းမြတ်သူ
ဖုန်း-၅၆၆၉၃၈၊ ၀၉ ၇၃၂၃၀၇၁၆

## စကြာဝဠာအတွင်း ဂြိုဟ်တို့၏ လွှမ်းမိုးမှုဖြစ်စဉ်

ဤကဏ္ဍရှိ ရာသီဖွားနေ့ရက်များသည် အနောက်တိုင်းသုံး "သာယနစနစ်" မဟုတ်ဘဲ အရှေ့တိုင်းသုံး "နိရာယန" စနစ်ဖြင့် အသုံးပြု ခွဲခြားထားခြင်းဖြစ်ပြီး တွက်ချက်ရာတွင်လည်း အရှေ့တိုင်းသုံး "နိရာယန" စနစ်ဖြင့်သာ စနစ်တကျတွက်ချက်ဖော်ပြထားခြင်းသာဖြစ်ပါသည်။ စနစ်တစ်ခုနှင့်တစ်ခုမတူသောကြောင့် ရာသီခွင်ရက်သတ်မှတ်ချက်မှာလည်း အနည်းငယ် ကွဲပြားရခြင်းဖြစ်ပါသည်။

တတည်းအဖွဲ့




### ဧပြီလ ၁၃ ရက်မှ မေလ ၁၃ ရက်အတွင်း မွေးဖွားသူများ

ဆွေမျိုးသားချင်း၊ မိတ်သင်္ဂဟတို့နှင့် ကွဲကွာကွေကွင်းနေထိုင်ရတတ်ပါသည်။ အမျိုးသမီးများနှင့် ပတ်သက်၍ စိတ်ရှုပ်ထွေးစရာကိစ္စများ ဖြစ်ပေါ်တတ်သည်။ ပစ္စည်းဥစ္စာ ရှာဖွေမှု မည်မျှပင်ကြိုးစားပါသော်လည်း ငွေကြေးလက်ထဲတွင် မတည်မြဲပါဘဲ အကုန်အကျများနေတတ်သည်။ သူတစ်ပါးတို့၏ ပစ္စည်းဥစ္စာများကိုရရှိကာ ချမ်းသာကြွယ်ဝမှုဖြစ်စေတတ်သည်။ နာမည်ဂုဏ်သတင်း ထင်ပေါ်မှု ရှိနေပါလိမ့်မည်။ ဘုရားဖူးခရီး၊ ကောင်းသောခရီး ယာယီ သွားလာရခြင်းများ ရှိနေပါလိမ့်မည်။ ဤလ၏ ၁၊ ၄၊ ၆၊ ၇၊ ၈၊ ၁၁၊ ၁၂၊ ၁၃၊ ၁၉၊ ၂၀၊ ၂၅၊ ၂၆၊ ၂၇၊ ၂၈ ရက်နေ့များတွင် ငွေအစုလိုက် အပြုံလိုက် ဝင်လာပါလိမ့်မည်။

**ယတြာ။ ။ မိမိမွေးဝနေ့တွင် အမွှေးတိုင် ၅ တိုင်ဖြင့် ပူဇော်ပေးပါ။**




### မေလ ၁၄ ရက်မှ ဇွန်လ ၁၄ ရက်အတွင်း မွေးဖွားသူများ

အလွန်ရှုပ်ထွေးသော အမှုကိစ္စနှင့် အလုပ်အကိုင်များကို အခါခပ်သိမ်းပြုလုပ်ပြောဆိုနေရပါလိမ့်မည်။ အတွေးအခေါ်နှင့် ဉာဏ်ပညာ ထူးချွန်ထက်မြက်သူအဖြစ် လူသိများလိမ့်မည်။ လုံ့လဥဿာဟ လွန်စွာထားပြီး လုပ်ကိုင်ဆောင်ရွက်တတ်ခြင်းကြောင့် ထင်ပေါ်ကျော်ကြားမှုနှင့်အတူ အများ၏ လေးစားချစ်ခင်မှု ခံရပါလိမ့်မည်။ ခရီးသွားလာဆောင်ရွက်ရသော လုပ်ငန်းများလည်း အထူးအကျိုးပေးပါလိမ့်မည်။ ပစ္စည်းဥစ္စာပြည့်စုံကြွယ်ဝသော အမျိုးသမီးများနှင့် လက်တွဲဖော်အဖြစ် ဆုံစည်းခွင့်ကြုံရပါလိမ့်မည်။ ဤလ၏ ၁၊ ၂၊ ၃၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၄၊ ၁၅၊ ၂၁၊ ၂၂၊ ၂၇၊ ၂၈၊ ၂၉၊ ၃၀ ရက်များတွင် ငွေအစုလိုက်အပြုံလိုက် ဝင်လာပါလိမ့်မည်။

**ယတြာ။ ။ မွေးနေ့တွင် အဂါသားတစ်ဦးအား စမူဆာ ဒါနပြုပေးပါ။**




### ဇွန်လ ၁၅ ရက်မှ ဇူလိုင်လ ၁၅ ရက်အတွင်း မွေးဖွားသူများ

ခေတ်ပေါ်ဆန်းသစ်သော အတတ်ပညာဟူသမျှ အလွယ်တကူ သိလွယ်တတ်လွယ်ခြင်းမျိုး ရှိနေပါလိမ့်မည်။ အိုင်တီ နည်းပညာရပ်များနှင့် အထူးသဖြင့် အကျိုးပေးပါမည်။ အလုပ်နှင့် ပတ်သက်လျှင် မိမိကိုသာ အဓိကအလေးထား၍ အပ်နှံမှုပြုကြခြင်းကြောင့် အလုပ်နှင့်လက် ပြတ်သည်မရှိ လုပ်ကိုင်ရတတ်ပါသည်။ အထူးသဖြင့် ကတိပေးမလွယ်မိပါစေနှင့်။ မိမိ တာဝန်ယူနိုင်သလောက် အခြေအနေအထိသာ လက်ခံစဉ်းစားပါ။ ငယ်ရွယ်နုပျိုသူတို့၏ စိတ်ဝင်စားမှု အထင်ကြီးလေးစားမှုအပေါ်တွင် ယစ်မူးသာယာဖြစ်စေတတ်ပါ၍ သတိပြုသင့်ပါသည်။ ဤလ၏ ၂၊ ၃၊ ၄၊ ၅၊ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃၊ ၁၆၊ ၁၇၊ ၁၈၊ ၂၃၊ ၂၄၊ ၂၉၊ ၃၀ ရက်များတွင် ငွေအစုလိုက် အပြုံလိုက် ဝင်လာပါလိမ့်မည်။

**ယတြာ။ ။ အိမ်ကဘုရားတွင် မွေးနေ့၌ ကြက်ဥပြုတ်ကပ်လှူပေးပါ။**



www.burmeseclassic.com

www.burmeseclassic.com




## ဇူလိုင်လ ၁၆ ရက်မှ ဩဂုတ်လ ၁၆ ရက်အတွင်း မွေးဖွားသူများ

မိမိမှာ ငွေနှင့်ဝေးရသော ကံပါနေသည်ဟု ထင်စရာဖြစ်နေရတတ်သည်။ ငွေများ အဟောသိက် အကျိုးမဲ့စွာကုန်တတ်သည်။ မိမိအနေဖြင့် ငွေစုမည်ဟု ဆုံးဖြတ်သည်နှင့် ဤလတွင် ငွေပို၍ ကုန်ကျနေတတ်သည်။ မိခင်ဘက်မှ ဆွေမျိုးများ၏ အထင်သေးခြင်းခံရ တတ်သည်။ ၁၅ ရက်နေ့ နောက်ပိုင်းတွင် ဝင်ငွေကောင်းများ ရရှိပါလိမ့်မည်။ မိသားစု စိတ် ချမ်းသာရစေမည့် အခြေအနေများနှင့် ကြုံရပါလိမ့်မည်။ မိမိက အထင်ကြီးသောသူ၊ မိမိ သဘောကျသောသူများမှ မိမိအား ပြန်၍ မကောင်းကြံစည်ခြင်းမျိုး ခံရတတ်ပါသည်။ ဤလ၏ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၉၊ ၂၀၊ ၂၅၊ ၂၆ ရက်များတွင် ငွေအစုလိုက် အပြုံလိုက် ဝင်လာပါလိမ့်မည်။

**ယတြာ ။ ။ မွေးနေ့တွင် ဆရာသမားတစ်ဦးအား နွားနို့ ဒါနပြုပေးပါ။**




## ဩဂုတ်လ ၁၇ ရက်မှ စက်တင်ဘာလ ၁၆ ရက်အတွင်း မွေးဖွားသူများ

အဘက်ဘက်မှ အမွေအနှစ်များ ရတတ်ပါသည်။ ဆွေမျိုးသားချင်းများ၏ ကူညီစောင်မ မှုခံရတတ်ပါသည်။ အထူးသဖြင့် ဖခင်၏အကျိုး၊ အထက်လူကြီးများ၏ အကျိုးကျေးဇူးများ ခံစားရပါမည်။ ဌာနဆိုင်ရာအတွင်းလူကြီးများ၏ အထင်ကြီးမှု၊ အားကိုးမှုအမြဲ ခံစားရတတ် ပါသည်။ မိမိအနေဖြင့် လောဘကြီး၍ ကံကိုယုံကြည်နေမိမည်။ အမြဲတမ်း သူတစ်ပါး၏စိတ် ချမ်းသာမှုကို ကြည့်တတ်ရာ မိမိအတွက် စိတ်မကောင်းစရာများ တွေ့နေရတတ်သည်။ မိမိအား လက်အောက်ငယ်သားများက အထင်ကြီး၍ အမြင်ကပ်နေကြပါလိမ့်မည်။ မိမိ၏ ဆိုဆုံးမမှုအပေါ်တွင် မကောင်းပြောခံရပါလိမ့်မည်။ ဤလ၏ ၁၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၂၁၊ ၂၂၊ ၂၇၊ ၂၈ ရက်များတွင် ငွေအစုလိုက် အပြုံလိုက် ဝင်လာပါလိမ့်မည်။

**ယတြာ ။ ။ မွေးနေ့တွင် သံဃာတော်တစ်ပါးအား ကိတ်မုန့်ကပ်လှူပေးပါ။**




## စက်တင်ဘာလ ၁၇ ရက်မှ အောက်တိုဘာလ ၁၆ ရက်အတွင်း မွေးဖွားသူများ

ရဲစွမ်းသတ္တိနှင့် အထူးပြည့်စုံနေမိပါလိမ့်မည်။ မကောင်းမှုကို ပြုရမည်၌ အထူးသဖြင့် ဝန်လေးတုံ့ဆိုင်းမှုမရှိဘဲ ရဲရဲဝံ့ဝံ့လုပ်ဆောင်လိုစိတ်ရှိနေတတ်ပါသည်။ လောဘစိတ် ကြီး မားတတ်ခြင်းကြောင့် အစားအသောက် လွန်ကျူးစွာ စားသုံးမိတတ်သည်။ မိမိ၏ကံကြောင့် သားသမီးများ အကျိုးခံစားရပါမည်။ လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် သူတစ်ပါး သဘောကျလောက်အောင် စိတ်ပါလက်ပါလုပ်ဆောင်တတ်သော်လည်း မိမိအနေဖြင့် လုပ် သလောက်အကျိုးခံစားခွင့် မရရှိတတ်ပါ။ အများအမြင်တွင် လောဘကြီးသူ တစ်ကိုယ် ကောင်းဆန်သူဟူ၍ အပြောအဆို ခံရပါလိမ့်မည်။ ဤလ၏ ၂၊ ၃၊ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၃၊ ၂၄၊ ၂၉၊ ၃၀ ရက်များတွင် ငွေအစုလိုက် အပြုံလိုက် ဝင်လာပါလိမ့်မည်။

**ယတြာ ။ ။ မွေးနေ့တွင် အကြီးအကဲတစ်ဦးအား ခေါက်ဆွဲမစ်တစ်ခွက် ဒါနပြုပေးပါ။**




## အောက်တိုဘာလ ၁၇ ရက်မှ နိုဝင်ဘာလ ၁၅ ရက်အတွင်း မွေးဖွားသူများ

စိတ်ဓာတ်အင်အား ထူးချွန်ထက်မြက်မှု ဖြစ်နေပါလိမ့်မည်။ စိတ်နေစိတ်ထား မြန်ဆန် စွာဖြင့် အဆောတလျင် ပြောဆိုပြုလုပ်နေမိတတ်သည်။ ဗဟုသုတနှင့် ပြည့်စုံကြွယ်ဝသည့် အပြင် လျင်မြန်ဖျတ်လတ်သော တခံလာပွတ္တိဉာဏ်နှင့် အထူးပြည့်စုံနေပါလိမ့်မည်။ အပေါင်း အသင်းမိတ်ဆွေသင်္ဂဟတို့နှင့် သိုက်မြိုက်စွာရှိနေတတ်ပါသည်။ အထက်လူကြီး၊ ဆွေမျိုးသား ချင်းများ၏ အားကိုးရာ ဖြစ်နေပါလိမ့်မည်။ မိမိအနေဖြင့် အပင်ပန်းခံသလောက် ပင်ပန်း ရကျိုးနပ်စေသော ခံစားခွင့်များ ရရှိပါလိမ့်မည်။ ဤလ၏ ၄၊ ၅၊ ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂၊ ၂၅၊ ၂၆ ရက်များတွင် ငွေအစုလိုက် အပြုံလိုက် ဝင်လာပါလိမ့်မည်။

**ယတြာ ။ ။ မွေးနေ့တွင် ကလေးများအား ပလာတာ ငါးချပ် ဒါနပြုပေးပါ။**



www.burmeseclassic.com

www.burmeseclassic.com




## နိုဝင်ဘာလ ၁၆ ရက်မှ ဒီဇင်ဘာလ ၁၄ ရက်အတွင်း မွေးဖွားသူများ

စီးပွားရေးကိစ္စ၊ အရောင်းအဝယ်ကိစ္စများတွင် ငွေကြေးညှစ်စွာအရ နည်းပါးတတ်ပါသည်။ သူတစ်ပါးနှင့် စပ်တူစီးပွားလုပ်ကိုင်ဆောင်ရွက်၍ အဆင်မပြေနိုင်ပါ။ မိမိ၏ ဖွဲ့ လုံ့လ ဝီရိယ အကျိုးကိုသာ အဓိကခံစားရပါလိမ့်မည်။ မိမိအနေဖြင့် ရရန်ရှိသော အခွင့်အရေးများလည်း ရမလိုဖြစ်ပြီးမှ သူတစ်ပါးအတွက် ဖြစ်သွားရတတ်သည်။ ဆွေမျိုးသားချင်းနှင့် သားသမီးများအတွက် စိတ်သောကမအေးဖြစ်ရတတ်သည်။ အထက်လူကြီးများ၏ အနိုမ်ခံရခြင်း ချောက်တွန်းခံရခြင်းမျိုး ကြုံရပါလိမ့်မည်။ ဤလ၏ ၁၊ ၆၊ ၇၊ ၈၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၂၁၊ ၂၂၊ ၂၃၊ ၂၄၊ ၂၇၊ ၂၈ ရက်များတွင် ငွေအစုလိုက် အပြုံလိုက် ဝင်လာပါလိမ့်မည်။

**ယတြာ ။ ။ မိတ်ဆွေတစ်ဦးအား လိမ္မော်ရည် ဒါနပြုပေးပါ။**




## ဒီဇင်ဘာလ ၁၅ ရက်မှ ဇန်နဝါရီလ ၁၃ ရက်အတွင်း မွေးဖွားသူများ

စီးပွားပြိုင်ဘက်၊ လုပ်ငန်းတူလုပ်ကိုင်သူများ အချင်းချင်းအပေါ်တွင် အသာစီးဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်ခွင့် ရရှိပါလိမ့်မည်။ မိမိရှာဖွေရရှိထားသော ဥစ္စာပစ္စည်းများ သဘာဝဘေး၊ မင်းဘေးများကြောင့် ပျက်စီးကုန်ဆုံးမှုဖြစ်ရတတ်ပါသည်။ ခရီးယာယီသွားလာခြင်းမှ ဘေးအန္တရာယ်ကြုံရခြင်းများ ရှိစေတတ်ပါသည်။ မော်တော်ကား၊ ဆိုင်ကယ်တို့၏ ဘေးအန္တရာယ်သတိပြုသင့်ပါသည်။ လိမ္မာယဉ်ကျေးသော အိမ်ထောင်ဖက်နှင့် လက်တွဲရတတ်ပါသည်။ မိမိ၏လိုအပ်ချက်များအတွက် အစစအရာရာတွင် ကူညီပေးနိုင်သူမျိုး ဖြစ်ပါလိမ့်မည်။ အိမ်ထောင်ဖက်က မိမိအပေါ်တွင် အားမလို အားမရဖြစ်ရတတ်ပါသည်။ ဤလ၏ ၂၊ ၃၊ ၉၊ ၁၀၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၃၊ ၂၄၊ ၂၅၊ ၂၆၊ ၂၉၊ ၃၀ ရက်များတွင် ငွေအစုလိုက် အပြုံလိုက် ဝင်လာပါလိမ့်မည်။

**ယတြာ ။ ။ ဘုန်းတော်ကြီးသင်ပညာရှင်သားတစ်ဦးအား ဆေးဝါး ဒါနကုသိုလ်ပြုပေးပါ။**




## ဇန်နဝါရီလ ၁၄ ရက်မှ ဖေဖော်ဝါရီလ ၁၂ ရက်အတွင်း မွေးဖွားသူများ

ပညာဉာဏ်အရာတွင် သူတကာ တိုးတက်ထူးချွန်ထက်မြက်မှုနှင့် ပြည့်စုံနေရပါလိမ့်မည်။ အမှုကိစ္စ၊ အကြံအစည် အလုပ်အကိုင်များတွင် မည်မျှပင်အေးချမ်းအောင် စီစဉ်ပြုလုပ်ပါသော်လည်း သူတစ်ပါးတို့က မနာလိုသဖြင့် ရန်အနှောင့်အယှက်များနှင့် တွေ့ကြုံနေရပါလိမ့်မည်။ သူတကာတို့ထက် ရောဂါဘယထူပြော များပြားနေရတတ်သည်။ မွေလမ်းကြောင်း၊ တရားသဘောကို အထူးသက်ဝင်ယုံကြည်မိခြင်းနှင့်အတူ ကုသိုလ်ကောင်းမှု ကိစ္စဟူသမျှတို့၌ အထူးလိုက်စားနေမိတတ်သည်။ အရာရာတွင် တရားသဘောဖြင့် ဆင်ခြင်နိုင်မှုကြောင့် ဒေါသစိတ်များ အထိုက်အလျောက် ကင်းနေရပါလိမ့်မည်။ ဤလ၏ ၁၊ ၄၊ ၅၊ ၁၁၊ ၁၂၊ ၁၃၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂၊ ၂၅၊ ၂၆၊ ၂၇၊ ၂၈ ရက်များတွင် ငွေအစုလိုက် အပြုံလိုက် ဝင်လာပါလိမ့်မည်။

**ယတြာ ။ ။ မိမိမွေးနေ့တွင် မုန့်စိမ်းပေါင်း ဒါနပြုပေးပါ။**




## ဖေဖော်ဝါရီလ ၁၃ ရက်မှ မတ်လ ၁၃ ရက်အတွင်း မွေးဖွားသူများ

မိမိအနေဖြင့် ကြိုးစားအားထုတ်မှု အနည်းငယ်မျှဖြင့် နာမည်ဂုဏ်သတင်း ကြီးမားမှုဖြစ်စေတတ်ပါသည်။ ရာထူးရာခံတွင် အများကို ကျော်လွှား၍ တိုးတက်မှုဖြစ်စေတတ်ပါသည်။ လုပ်ကိုင်ဆောင်ရွက်မှုတိုင်းတွင် အပြိုင်အဆိုင် အတိုက်အခံ ရန်များနှင့် လုပ်ကိုင်ရတတ်သည်။ သို့သော်လည်း အောင်မြင်မှု ရရှိပါလိမ့်မည်။ မည်သည့်အလုပ်ကိုလုပ်သည်ဖြစ်စေ၊ စိတ်မြန်လက်မြန်ဖြင့် လုပ်ကိုင်တတ်မည်။ မိမိကိုယ်မိမိ အားမလို အားမရ ဖြစ်ရတတ်ပါသည်။ အကျိုးခံစားခွင့်မရှိသော အလုပ်များကို ရှောင်ကြဉ်ပါ။ ရသင့်ရထိုက်သော အခွင့်အရေးဟူသမျှ ရအောင်ယူတတ်သူဖြစ်လာတတ်သည်။ ငွေရလွယ်သလောက် ငွေကုန်လွယ်နေတတ်ပါသည်။ ဤလ၏ ၁၊ ၂၊ ၃၊ ၆၊ ၇၊ ၈၊ ၁၄၊ ၁၅၊ ၂၁၊ ၂၂၊ ၂၃၊ ၂၄၊ ၂၇၊ ၂၈၊ ၂၉၊ ၃၀ ရက်များတွင် ငွေအစုလိုက် အပြုံလိုက် ဝင်လာပါလိမ့်မည်။

**ယတြာ ။ ။ မွေးနေ့တွင် မုန့်လုံးရေပေါ်တစ်ပွဲ ဒါနပြုပေးပါ။**



www.burmeseclassic.com

www.burmeseclassic.com




## မတ်လ ၁၄ ရက်မှ ဧပြီလ ၁၂ ရက်အတွင်း မွေးဖွားသူများ

သီလသိက္ခာ ပြည့်ဝစုံလင်၍ တည်ကြည်လှသော သမာဓိတရားကြောင့် သူတကာတို့၏ ရှိသေလေးစား ကိုင်းညွတ်ခြင်းကို အမြဲတမ်းခံယူရရှိနေရပါလိမ့်မည်။ ရတနာသုံးပါးနှင့် ဆရာသမားတို့အား၊ လူကြီးမိဘတို့အား အထူးသဖြင့် လေးစားရိုသေမှု ရှိနေတတ်သူဖြစ်ပါမည်။ အထူးသဖြင့် လိမ်မွာသော အိမ်သူဇနီးမယားဖြင့် ပေါင်းသင်းနေထိုင်ရတတ်ပါသည်။ မိမိအပေါ်တွင် လေးစားချစ်ခင်မှုဖြင့် ဆက်ဆံတတ်ပါသော အပေါင်းအသင်း မိတ်သင်္ဂဟများ ပေါများနေပါလိမ့်မည်။ အိုးအိမ် ယာဉ်ကား ပိုင်ဆိုင်မှုများ ခံစားရပါမည်။ မိတ်ဆွေကြောင့်ပင် အမှားအယွင်းပြဿနာ ရှင်းရခြင်းမျိုး ကြုံရပါလိမ့်မည်။ ဤလ၏ ၂၊ ၃၊ ၄၊ ၅၊ ၉၊ ၁၀၊ ၁၆၊ ၁၇၊ ၁၈၊ ၂၃၊ ၂၄၊ ၂၅၊ ၂၆၊ ၂၉၊ ၃၀ ရက်များတွင် ငွေအစရလိုက် အဖြူလိုက် ဝင်လာပါလိမ့်မည်။

**ယတြာ ။ ။ မိန်ကလေးမိတ်ဆွေတစ်ဦးအား ခေါက်ဆွဲသုပ်ဒါနပြုပေးပါ။**

## သုတစွယ်စုံ စာဖတ်ပရိသတ်များအတွက် မေတ္တာလက်ဆောင် (၂၀၁၃ ဇွန်လ တစ်လအတွင်း သုံးရန်)

| သင်္ကေတ | နေ့ / ရက် | စနေ | တနင်္ဂနွေ | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ | စနေ | တနင်္ဂနွေ | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ | စနေ | တနင်္ဂနွေ | | အသုံးပြုခြင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ● | ရှောင်ရမည့်ရက် | ၁ | | ၃ | | ၅ | | | ၈ | | ၁၀ | | ၁၂ | | ၁၄ | | | | ရှောင်ရန် |
| | | | | ၁၇ | | ၁၉ | | ၂၁ | | | ၂၄ | | | ၂၇ | | ၂၉ | | | |
| ⬡ | ဝယ်ရမည့်ရက် | | ၂ | | ၄ | | ၆ | ၇ | | ၉ | | ၁၁ | | ၁၃ | | ၁၅ | ၁၆ | | ဝယ်ရန် |
| | | | | | ၁၈ | | ၂၀ | | ၂၂ | ၂၃ | | ၂၅ | ၂၆ | | ၂၈ | | ၃၀ | | |

● **အမြန်ဆုံးရောင်းထွက်စေလိုသော ပစ္စည်းများအား** ဖော်ပြပါသင်္ကေတအကွက်ရှိ ရက်နှင့် ၎င်း၏အပေါ်တည့်တည့်မှ ဖော်ပြထားသော နေ့အတိုင်း အလွယ်တကူကြည့်ရှု၍ ဤနေ့ရက်များတွင် အစပြုရောင်းချခြင်းဖြင့် အမြန်ဆုံးရောင်းထွက်စေမည် ဖြစ်ပါသည်။

⬡ **အကျိုးအမြတ်ရရှိစေလိုသောပစ္စည်းများ၊ သိုလှောင်ထိန်းသိမ်းထားလိုသောပစ္စည်းများအား** ဖော်ပြပါသင်္ကေတအကွက်ရှိရက်နှင့် ၎င်းအပေါ်တည့်တည့်မှ ဖော်ပြထားသောနေ့အတိုင်း အလွယ်တကူကြည့်ရှုပြီး ဤနေ့ရက်များတွင် စတင်ဝယ်ယူ၍ အကျိုးရှိစွာ သိုလှောင်ရာ၏။

***အချုပ်အားဖြင့်*** -

● ဖော်ပြပါရက်နှင့် နေ့များတွင် အစပြု၍ရောင်းချပါ - အကျိုးရှိစေပါမည်။

⬡ ဖော်ပြပါရက်နှင့် နေ့များတွင် အစပြု၍ဝယ်ယူပါ - အကျိုးရှိစေပါမည်။



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၃ ခုနှစ် ( ဇွန်လ ) အတွက် မင်္ဂလာအခါ ရက်ကောင်းရက်မြတ်များ

သုတစွယ်စုံစာဖတ်ပရိသတ်များနှင့် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော အများပြည်သူများအတွက် အကျိုးထူးများရရှိစေမည့် အကောင်းဆုံးသော မင်္ဂလာအခါရက်များအား စနစ်တကျစိစစ်တွက်ချက်၍ လွယ်ကူစွာ အသုံးချဆောင်ရွက်နိုင်ရန် ဖော်ပြထားပါသည်။

**ကျောင်း၊ အိမ်ဆောက်ရန် မင်္ဂလာအခါအရပ်များ** - ၈၊ ၁၉၊ ၂၃၊ ၂၇
**ဝန္ဒင်းခံ ရှင်ပြုရန် ကောင်းသောရက်များ** - ၂၊ ၁၃၊ ၁၈၊ ၂၂၊ ၂၇
**အိမ်သစ်တက်ရန်** - ၇၊ ၈၊ ၁၆၊ ၂၀၊ ၂၁၊ ၂၄၊ ၂၉၊ ၃၀
**အမည်ပေးဆိုင်းဘုတ်တင်ရန်** - ၂၊ ၄၊ ၆၊ ၇၊ ၉၊ ၁၁၊ ၁၃၊ ၁၆၊ ၂၀၊ ၂၃၊ ၂၆၊ ၂၈၊ ၃၀
**လက်ထပ်ထိမ်းမြားမင်္ဂလာအခါရက်များ** - ၄၊ ၆၊ ၇၊ ၉၊ ၁၆၊ ၂၃၊ ၂၅၊ ၂၆၊ ၂၇၊ ၂၈
**ခရီးသွားရန် ကောင်းသောရက်များ** - ၁၊ ၆၊ ၈၊ ၁၁၊ ၁၃၊ ၁၈၊ ၂၀၊ ၂၅၊ ၂၇
**လယ်ထွန်ရန်** - ၄၊ ၇၊ ၈၊ ၉၊ ၁၁၊ ၁၂၊ ၁၄၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁ ၂၃၊ ၂၅၊ ၂၆
**အရောင်းအဝယ်ပြုရန်** - ၂၊ ၄၊ ၆၊ ၇၊ ၉၊ ၁၁၊ ၁၃၊ ၁၆၊ ၂၃၊ ၂၆၊ ၂၈၊ ၃၀
**သီးနှံမျိုးစေ့ကြဲရန်** - ၁၂၊ ၁၃၊ ၁၄၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂၊ ၂၅၊ ၂၆၊ ၂၉၊ ၃၀
**ရေတွင်း ရေကန်တူးရန်** - ၈၊ ၁၉၊ ၂၃၊ ၂၇

**<u>ဓနသိဒ္ဓနက္ခတ်နှင့် စန်းယှဉ်သော နေ့၊ ရက်၊ အချိန်များ</u>**

ဓနသိဒ္ဓနက္ခတ်နှင့် စန်းယှဉ်ချိန်တွင် မဟာဝေဒဗ္ဗမန္တန်၊ စူဠဝေဒဗ္ဗမန္တန်၊ သဗ္ဗဓေယျဂါထာတော်၊ ရှင်သီဝလိဂါထာတော်များရွတ်ဖတ်ခြင်း၊ အခြားလာဘ်ဝင်၊ လာဘ်ရွှင်ဂါထာတော်များ ရွတ်ဖတ်ခြင်း၊ လာဘ်ပွင့်အစီအရင်များစီရင်ခြင်းတို့နှင့် ထီထိုးခြင်းတို့ကို ပြုလုပ်နိုင်ကြပါသည်။

**(၂၆-၆-၂၀၁၃) ဗုဒ္ဓဟူးနေ့ ညနေ ၄ နာရီ ၄၁ မိနစ် ၃၀ စက္ကန့်အချိန်**

**<u>လပြည့်၊ လကွယ်ချိန်</u>**

လပြည့် လကွယ်အချိန်များတွင် လိုအပ်သောအစီအရင်များပြုလုပ်လိုသူများအတွက် တိကျမှုရှိစေရန်တွက်ချက်၍ ဖော်ပြထားပါသည်။

**စစ်မှန်သော လပြည့်ချိန် - (၂၃-၆-၂၀၁၃) ရက်နေ့ တနင်္ဂနွေနေ့ ညနေ ၆ နာရီ ၁ မိနစ် ၂၈ စက္ကန့်**

**စစ်မှန်သော လကွယ်ချိန် - (၈-၆-၂၀၁၃) ရက်နေ့ စနေနေ့ ည ၁၀ နာရီ ၂၆ မိနစ် ၁၆ စက္ကန့်အချိန်**

**<u>ဝင်၊ ထွက်၊ ခပတ်နက္ခတ်များ</u>**

ပီယသိဒ္ဓိ ကာယသိဒ္ဓိစသည့် လောကီကောင်းကျိုးအစီအရင်များ စီရင်မှုပြုနိုင်ရန် ဝင်၊ ထွက်၊ ခပတ်နက္ခတ်တို့အား အစဉ်အကြယ် ဖော်ပြထားပါသည်။

**အဝင်နက္ခတ်နေ့များ** - ၂၊ ၄၊ ၇၊ ၉၊ ၁၁၊ ၁၃၊ ၁၆၊ ၁၈၊ ၂၀၊ ၂၃၊ ၂၆၊ ၂၈၊ ၃၀
**အထွက်နက္ခတ်နေ့များ** - ၁၊ ၃၊ ၅၊ ၈၊ ၁၀၊ ၁၂၊ ၁၄၊ ၁၇၊ ၁၉၊ ၂၁၊ ၂၄၊ ၂၇၊ ၂၉
**ခပတ်နက္ခတ်နေ့များ** - ၆၊ ၁၅၊ ၂၂၊ ၂၅

## လစဉ်ဂြိုဟ်ပြောင်း / ဂြိုဟ်ပြန် စံတော်ချိန်များ

တနင်္ဂနွေဂြိုဟ် = (၁၅-၆-၂၀၁၃) စနေနေ့ နံနက် ၅ နာရီ ၃၁ မိနစ် ၃၈ စက္ကန့်တွင် မေထုန်ရာသီသို့ ပြောင်းသည်။

အင်္ဂါဂြိုဟ် = ပြိဿရာသီတွင် ရှိမည်။

ဗုဒ္ဓဟူးဂြိုဟ် = (၂၆-၆-၂၀၁၃) ဗုဒ္ဓဟူးနေ့မှစ၍ မေထုန်ရာသီတွင် ဝကြွသွားသည်။

ကြာသပတေးဂြိုဟ် = မေထုန်ရာသီတွင် ရှိပါမည်။

သောကြာဂြိုဟ် = (၂၃-၆-၂၀၁၃) တနင်္ဂနွေနေ့ နံနက် ၁ နာရီ ၄၀ မိနစ်၊ ၂ စက္ကန့်တွင် ကရကဋ်ရာသီသို့ ပြောင်းသည်။

စနေဂြိုဟ် = တူရာသီ၌ ဝကြွသွားသည်။

ရာဟုဂြိုဟ် = တူရာသီတွင် ရှိပါမည်။



နယုန် - လပြည့်နေ့
(၂၃-၆-၂၀၁၃)



(၁-၆-၂၀၁၃) မှ (၃၀-၆-၂၀၁၃) အတွင်း
စန်းပြောင်းရက်စွဲများ

"အနန္တမေတ္တာ ငြိမ်းချမ်းစွာဖြင့် အေးမြကြည်ဖြူ၊ ဆရာလင်းမြတ်သူ"
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့) ဖုန်း - ၅၆၆၉၃၈



www.burmeseclassic.com

www.burmeseclassic.com

# မြန်မာပြည်၏

# ပုဂ္ဂလိကအလှူရှင်လှူဒါန်းသောအကြီးဆုံးတံတား






www.burmeseclassic.com

www.burmeseclassic.com






*ကြောက်မက်ဖွယ်ဆူနာမီ*
*ဖြစ်တည်လာသည့်သဘောတရား*

ဆူနာမီလှိုင်းဆိုသည်မှာ လဏ်ဆွဲအားကြောင့် ဖြစ်ပေါ်လာသော ဒီလှိုင်းမျိုး မဟုတ်သကဲ့သို့ လေတိုက်ခတ်မှုကြောင့် ပင်လယ်ပြင်၏ အပေါ်ယံရေလွှာတွင်ဖြစ်ပေါ်လာလေ့ရှိသော လှိုင်းလုံးမျိုးလည်း မဟုတ်ကြချေ။ ၎င်းတို့သည် ကမ္ဘာမြေအောက်ရှိ ကျောက်လွှာကြီးများ ပြင်းထန်စွာရွေ့လျားမှုကြောင့် ဖြစ်ပေါ်လာလေ့ရှိပြီး ကြီးမားကျယ်ပြန့်လှသောသမုဒ္ဒရာပြင် ကြီးတစ်ခုလုံးလှုပ်ရှားသွားလေ့ရှိ၏။ များသောအားဖြင့် အင်အားပြင်းထန်သော သမုဒ္ဒရာရေအောက်ကြမ်းပြင်ငလျင်ကြီးများကြောင့် ဖြစ်တည်လာလေ့ရှိကြပေသည်။

သမိုင်းတစ်လျှောက် အလျင်ဦးဆုံးမှတ်တမ်းတင်ခဲ့သည့် ဆူနာမီဖြစ်စဉ်မှာ ဘီစီ ၂၀၀၀ ခန့်က ဆီးရီးယားကမ်းခြေ တစ်လျှောက်ရိုက်ခတ်ခဲ့သည့် ထောင်နှင့်ချီသော ဆူနာမီလှိုင်းများပင်ဖြစ်ပေ၏။ အဆိုပါဆူနာမီများကြောင့် လူ ၅၀၀,၀၀၀ ခန့်သေကျေပျက်စီးခဲ့ကြရသည်ဟုဆို၏။ သို့သော် မျက်မှောက် ခေတ်တွင်မူတစ်ကြိမ်တည်းနှင့် အထက်ပါအရေအတွက်၏ ထက်ဝက်ခန့် သေကျေပျက်စီးခဲ့ရသည့် ဆူနာမီကြီးမှာ ၂၀၀၄ ခုနှစ်အတွင်းကအိန္ဒိယ သမုဒ္ဒရာကြီးဝယ်ဖြစ်ပွားခဲ့သည်မှာလည်း စာရှုသူတို့အသိပင်။ ကမ်းခြေဒေသတွင်နေထိုင်သည့် လူဦးရေထူထပ်လာသည်နှင့်အမျှ ဆူနာမီကြောင့် ပျက်စီးဆုံးရှုံးရသည့်အသက် အိုးအိမ်များပိုမိုများပြားလာရသည်မှာ လောကဓမ္မတာဖြစ်ချေ၏။ ဂျပန်ဘာသာစကားအရ ''ကမ်းခြေလှိုင်းလုံးကြီး'' ဟု အဓိပ္ပာယ်ရသောအနီဆူနာမိတို့သည် စင်စစ်မခေါ်ဘဲလာသည့် တိတ်တဆိတ်သေမင်းတမန်များ ဖြစ်ချေ၏။

ကြီးမားသော ဆူနာမီအများစုမှာ ပစိဖိတ်နှင့်အိန္ဒိယ သမုဒ္ဒရာတို့၏ အနားသတ်ကမ်းခြေတစ်လျှောက်တွင်ဖြစ်ပေါ်လေ့ရှိသည်ကို လေ့လာတွေ့ရှိရသည်။ အဘယ်ကြောင့်ဆိုသော် အဆိုပါဒေသများတွင် တိုးဝင်နိမ့်လျှောဇုန်ဟုခေါ်သော ပင်လယ်ကြမ်းပြင် ကျောက်လွှာအက်ကွဲကြောင်းကြီးများ တည်ရှိနေပြီး ယင်းနေရာရှိ တက်တိုးနစ်ကျောက်လွှာကြီးများ အချင်းချင်းတိုက်မိသည့်အခါများတွင် အင်အားကြီးမားသည့် မြေငလျင်ကြီးများ ရုတ်တရက်ဖြစ်ပွားတတ်သောကြောင့်ပင်။ ဤသို့သောအခါမျိုးတွင် အင်အားကြီးမားသည့် လှိုင်းလုံးကြီးများဖြစ်ပေါ်လာပြီး အခင်းဖြစ်နေရာမှ ဆန့်ကျင်ရာဘက်ဆီသို့ လျင်မြန်သောအဟုန်ဖြင့်ရွေ့လျားသွားတတ်ကြသည်။ မိနစ်ပိုင်းအတွင်းမှာပင် ပထမဆုံး လှိုင်းလုံးကြီးများသည် နီးစပ်ရာကမ်း ခြေဆီသို့ ဝင်ရောက်ချေမှုန်းဖျက်ဆီးပစ်တတ်ကြပြီး နာရီပိုင်းအတွင်းမှာပင် သမုဒ္ဒရာပြင်ကျယ်၏ တစ်ဖက်ခြမ်းဆီသို့ရောက် နိုင်စွမ်းရှိကြလေ၏။ ဤသို့သောအနေအထားတွင် မိုင်ထောင်ပေါင်းများစွာဝေးကွာပါသည်ဆိုသော ကမ်းခြေများပင်လျှင် အချိန်မရွေးအန္တရာယ်ကျရောက်နိုင်သည့် အခြေအနေသို့ ရောက်ရှိနေပြီတည်း . . . ။

၂၀၁၁ ခုနှစ် မတ်လ ၁၁ ရက်။ အချိန်ကားမွန်းလွဲ ၂ နာရီ ၄၆ မိနစ် . . နေရာကားဂျပန်နိုင်ငံမြောက်ပိုင်း ကမ်းရိုးတန်း၏ အရှေ့ဘက်မိုင် ၈၀ ခန့်ကွာဝေးသည့် ပစိဖိတ်သမုဒ္ဒရာတစ်နေရာ . . ။ ပင်လယ်ရေအောက်ရှိ ကျောက်လွှာချပ်ကြီးတစ်ခုမှာ အောက်သို့ ရုတ်တရက်နက်ရှိုင်းစွာ ကျုံကျနိမ့်ဆင်းသွားလေ၏။ တစ်ချိန်တည်းမှာပင် အလျားမိုင် ၂၈၀ ခန့် ရှည်လျားသော ကမ္ဘာ့အပေါ်ယံလွှာ ကျောက်ချပ်တန်းကြီးသည် အရှေ့ဘက်သို့ ၄ိုက်၍စောင်းကျသွားလေတော့သည်။ အချို့နေရာများတွင် ပေ ၈၀ အနက်ထိတိုင် စောင်းကျနိမ့်ဝင်သွားခြင်းဖြစ်ပေ၏။ ဂျင်ဆာတိုသည် မီနာမီဆန်ရီကူမြို့လေး၏မြို့တော်ဝန်ဖြစ်သည်။ သူ၏မြို့လေး မကြာခင်ထောင်းထောင်းကြေ ဖျက်ဆီးခံရ၍ ပျောက်ကွယ်သွားတော့မည့်အဖြစ်ကို သူစိုးစဉ်းမျှမသိရှာ..။ သူကတော့မြို့တော်ခန်းမဝယ်အစည်းအဝေး တစ်ခုနှင့်နပန်းလုံးနေရှာ၏။ ''ကျွန်တော်တို့တစ်တွေအဲဒီအချိန်က မြို့လေးကိုဆူနာမီဘေးဒဏ်ကနေ ကာကွယ်ဖို့အရေး ဆွေးနွေးတိုင်ပင်နေကြဆဲပေါ့ဗျာ'' ဟုသူကပြန်ပြောပြသည်။ လွန်ခဲ့သည့်နှစ်ရက်ကလည်း ငလျင်တစ်ခု၏ဒဏ်ကိုသူတို့ကောင်းကောင်းခံစားလိုက်ရပြီးဖြစ်၏။ ယခုတော့ သူတို့ကောင်းကောင်းသဘောပေါက်သွားကြချေပြီ . . ။ ဆူနာမီကြိုတင်ခန့်မှန်းသူများ၊ သိပ္ပံပညာရှင်များအနေဖြင့် မကြာတော့သောအချိန်တွင် ဂျပန်နိုင်ငံ၏ သမိုင်းဝယ်အကြီးမားဆုံးသော ဘေးအန္တရာယ်ကြီးတစ်ခုကို သူတို့မျက်ဝါးထင်ထင်ကြုံတွေ့ရတော့မည်ဆိုသည်ကိုပင် . . ။

၀ါးမိနစ်ခန့် ပြင်းပြင်းထန်ထန် လှုပ်ခတ်သွားပြီးသည့်နောက် မြေပြင်မှာလုံးဝငြိမ်





www.burmeseclassic.com

www.burmeseclassic.com



ကျသွားလေ၏။ မိနာမိဆန်ရိကူ မြို့လေးမှာ ယခုအချိန်အထိအပျက်အစီးမရှိ ပကတိကောင်းမွန်ဆဲပင်..။ သို့သော် ပင်လယ်ပြင်က တစ်စခန်းထလာချေပြီ။ နိမ့်လိုက်မြင့်လိုက် ထကြွသောင်းကျန်းလာချေ၏။ ဆာတိုနှင့်အတူ တစ်ဒါဇင်ခန့်သောပုဂ္ဂိုလ်တို့မှာ မြို့တော်၏သုံးထပ် အမြင့်ရှိသောဘေးအန္တရာယ် တုံ့ပြန်ကာကွယ်ရေးဌာန အဆောက်အအုံ နောက်ဘက်တံခါးပေါက်မှ သုတ်သီးသုတ်ပျာ ပြေးထွက်ခဲ့ကြလေ၏။ အဆောက်အအုံ၏ဒုတိယထပ်ဝယ် အသက် ၂၄ နှစ်အရွယ်ရှိ ဝန်ထမ်းအမျိုးသမီးလေး မိကီအန်ဒိုကမူ အသံချဲ့စက်ဖြင့် တစ်မြို့လုံးသို့သတိပေးချက်ကို အဆက်မပြတ်အသံလွှင့်ကြေညာနေဆဲပင်..။ ''မြို့သူမြို့သားများရှင့်..ကျေးဇူးပြု၍ကုန်းမြင့်ရှိရာသို့ အမြန်ဆုံး ပြောင်းရွှေ့ပေးကြပါရှင်...''



မီယာကိုမြို့အတွင်းသို့ မည်းညစ်နေသောဆူနာမီလှိုင်းလုံးကြီးများ အလုံးအရင်းနှင့်ဝင်ရောက်လာကြစဉ်

***ဆိုးရွားသည့်အနိဋ္ဌာရုံ***
***ချက်ဝါးထင်ထင်မြင်တွေ့ပုံကား***

ဆာတိုနှင့် သူ၏အဖွဲ့သားအချို့တို့သည် အဆောက်အအုံ၏ ခေါင်မိုးထပ်ဆီသို့ အပြေးအလွှား တက်ခဲ့ကြလေ၏။ အဆိုပါနေရာမှနေ၍ မြို့၏ ၁၈ ပေအမြင့်ရှိသော ဒီလှိုင်းတားနံရံကြီးကို ကျော်ဖြတ်ကာ ဆူနာမီ လှိုင်းလုံးကြီးများ အရှိန်အဟုန်ပြင်းပြင်းနှင့် စီးဆင်းလာကြပုံကို သူတို့အတိုင်းသား မြင်တွေ့နေရလေ၏။ လှိုင်းလုံးကြီးဖြတ်သန်းစီးဆင်းသွားရာ လမ်းတစ်လျှောက် တဖြောင်းဖြောင်း တဝုန်းဝုန်းကျိုးပျက်ကြေမွသံများကလည်း မကြားချင်မှအဆုံးပင်...။ သစ်သားအိမ်များမှာ ဝုန်းခနဲပြိုကွဲသွားကြ၏။ သံမဏိရက်မများမှာ သံစုံမြည်ဟည်းလျက်ကွေးကောက်သွားကြသည်။ နက်မှောင်နေသောရေထုကြီးမှာ သုံးထပ်အဆောက်အအုံကြီး၏ ခေါင်မိုးပေါ်သို့ပင်ကျော်လွှမ်း၍ အလုံးအရင်းနှင့် စီးဆင်းသွားကြပေပြီ..။ အန်ဒို၏ကြေညာသံလေးမှာ ရုတ်တရက်ပျောက်ကွယ်ဆိတ်သုဉ်းသွားခဲ့ရချေပြီတည်း။

ထိုနေ့တစ်နေ့တည်းတွင်ပင် လူပေါင်း ၁၆.၀၀၀ ကျော်သေကျေပျက်စီးခဲ့ရသည်။ အများစုမှာ တိုဟိုကုဒေသ မိုင်ပေါင်းရာချီသည့် ကမ်းခြေတစ်လျှောက်နေထိုင်ကြသူများပင်...။ လူ ၄.၀၀၀ ခန့်မှာမူပျောက်ဆုံးနေဆဲရှိ၏။ ဆူနာမီသည် တိုဟိုကုဒေသတွင်းရှိ မြို့နှင့် ရွာပေါင်းအမြောက်အများကို ထောင်းထောင်းကြေဖျက်ဆီးခဲ့ချေပြီ။ မိနာမိဆန်ရိကူမြို့လေးတွင်မူ လူဦးရေ ၁၇.၇၀၀ ရှိသည့် အနက် ၉၀၀ ကျော်အသေအပျောက်ရှိခဲ့သည်။ ၎င်းတို့အထဲတွင် မိကီအန်ဒိုပါဝင်ခဲ့ပြီး သူမ၏ရုပ်အလောင်းကိုပင် ရှာဖွေတွေ့ရှိခြင်း မရှိခဲ့တော့ချေ...။

ဆာတိုသည်လည်း ကံကောင်းထောက်မစွာဖြင့် ကြိုးစားပမ်းစားအသက်ရှင်ခဲ့ရခြင်းပင်..။ သူသည်ခေါင်မိုးပေါ်ရှိရေဒီယို အသံလွှင့်အင်တင်နာတိုင်ပေါ်သို့ ခဲရာခဲဆစ်တက်ရောက်ကာ ဖွဲ့နှပဲဖြင့်ကုပ်တွယ်ထားသည့်အတွက် အသက်ရှင်သန်ခွင့်ရခဲ့ခြင်းဖြစ်လေ၏။ ''ရေတွေ အောက်ကိုရောက်ပြီး ကျွန်တော်နပန်းလုံးနေရတဲ့ အချိန်ဟာ သုံး-လေးမိနစ်လောက်ပဲ ရှိမှာပါ .. ဒါပေမဲ့ ဒီအတွေ့အကြုံကို ပြန်ရှင်းပြဖို့ကတော့ တော်တော့်ကိုခက်ခဲလှပါတယ်ဗျာ'' ဟု သူကဖွင့်ပြောခဲ့သည်။ အဆောက်အအုံ၏ခေါင်မိုးပေါ်ဝယ် လူ ၃၀ ကျော်ခန့်ရှိနေပြီး ၎င်းတို့မှာခေါင်မိုးစွန်းရှိ လှေကားလက်ရန်းကို အားစိုက်ဆုပ်ကိုင်နေကြရခြင်းဖြစ်၏။ ရေလှိုင်းများမှာ တစ်ညလုံးအဆက်မပြတ်ရိုက်ခတ်နေပြီး နာရီပေါင်းများစွာကြာသည့်တိုင် သုံးထပ်တိုက်၏ခေါင်မိုးကို ရေလုံးကြီးများ အဆက်မပြတ်ဖြတ်သန်းစီးဆင်းသွားခဲ့ကြလေ၏။ နံနက်လင်းသောအခါဝယ် ခေါင်မိုးပေါ်၌ လူဆယ်ဦးသာကျန်ရှိချေ

ဆူနာမီတစ်ခုအစပြုဖြစ်တည်လာပုံ





www.burmeseclassic.com

www.burmeseclassic.com





စာရေးသူနှင့် အင်ဂျင်နီယာအဖွဲ့

တံတားသံပေါင်အထု - ၁ ဒသမ ၂၅ လက်မ (ငါးမတ်ထု)

တံတားသံပေါင်အကျယ် - ၁၈ လက်မ (၁ ½ပေ)

တံတားချဉ်းကပ်လမ်း - တစ်ဖက်လျှင် ၄၀၀ ပေ (ကမ်း နှစ်ဖက်)

ယာဉ်သွားလမ်း - ၂၄ ပေ (နှစ်လမ်းသွား)

လူသွားလမ်း - ၃½ပေ (နှစ်လမ်းပါ)

ယခင်ဘေလီတံတားထက် ၁၀ ပေ ၈ လက်မ ပိုမြင့်၍ ရေလွတ်သည်။

ရေလယ်တိုင် - တစ်တိုင်(P1 = ကျောက်ဖျာမှ သံပေါင်အထိ ၅၂ ပေ)

ကမ်းကပ်ခုံ - A-1 (ကျောက်ဖျာမှ သံပေါင်အထိ ၇၂ ပေ)

ကမ်းကပ်ခုံ - A-2 (ကျောက်ဖျာမှ သံပေါင်အထိ ၄၆ ပေ)

အထက်ဖော်ပြပါအတိုင်းအတာများအရ သံပေါင်ကွန်ကရစ်တံတားကြီးကို တည်ဆောက်သည်။ သံဘောင်ကြီးများအား တရုတ်ပြည်သို့ သီးသန့်မှာကြား၍ ပြုလုပ်စေရာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ သန်းခန့် ကုန်ကျခဲ့သည်။ တံတားကြီးအား တံတားအထူးစီမံကိန်း(၁၅)မှ အင်ဂျင်နီယာ ဦးဆန်နီသိန်း၊ ကျောက်စိမ်းတောင်ကုမ္ပဏီမှ အင်ဂျင်နီယာ ဦးကိုကိုကြီး (ပတ္တမြားဆောက်လုပ်ရေး၊ မန္တလေး)၊ ကျောက်စိမ်းတောင် (ဖားကန့်) ရုံးချုပ်မန်နေဂျာ ဦးသန်းထွန်းအောင်တို့က လုပ်ငန်းစဉ်အနီးကပ် ကြီးကြပ်၍ စီမံဆောင်ရွက်ခဲ့ကြသည်။

ဒေသအခြေအနေအရ ရပ်နားထားရသည့်(မှတ်ချက် - နယ်မြေမငြိမ်မသက်ဖြစ်နေသောကာလ)အချိန်မှလွဲ၍ တည်ဆောက်ရေးလုပ်ငန်းကြီးအား စဉ်ဆက်မပြတ် နေ့ည နံနက် မပြတ် လုပ်ကိုင်ဆောင်ရွက်ခဲ့ကြသည်။ လုပ်ငန်းစထောင်သော ရေလွှဲမြောင်းဖောက်သည့်အချိန်မှ စ၍ ခြောက်လအတွင်း လုပ်သား ၂၀၀ ကျော်နှင့် ပထမအဆင့်ဆောင်ရွက်ခဲ့သည်။ ဒုတိယအဆင့်တွင် သုံးလအတွင်း လုပ်သား ၁၂၀ ကျော်၊ တတိယအဆင့် (၂၃-၅-၂၀၁၃ အထိ) နှစ်လအတွင်း လုပ်သား ၇၀ ကျော်တို့ဖြင့် ဆောက်လုပ်ခဲ့ကြသည်။ ကျွမ်းကျင်အင်ဂျင်နီယာများ၊ စက်မှုလုပ်သားများ၊ ယာဉ်မောင်းများ၊ ပန်းရန်လက်သမားနှင့် အလုပ်ကြမ်းအလုပ်သမားများ အပါအဝင် ၂၃-၁၁-၂၀၁၁ ရက်မှ ၂၃-၅-၂၀၁၃ ရက်အထိ တစ်နှစ်ကျော် ကြာမြင့်ခဲ့သည်။

ယန္တရားများအနေဖြင့် ဘက်ဖိုး ခြောက်စီး၊ ဝန်ချီကရိန်း သုံးစီး၊ ၁၀ ဘီးကား ၁၀ စီး၊ မြေသယ်ယာဉ်(ခါးချိုး) ငါးစီး၊ လမ်းကြိတ်စက် တစ်စီး၊ ဘိလပ်မြေဖျော်စက် ခြောက်လုံး၊ သစ်ခွဲစက်၊ မီးစက်၊ ကျောက်ခွဲစက်၊ ဝရိန်စက်များကို အသုံးပြုခဲ့သဖြင့် လျင်လျင်မြန်မြန်ပြီးစီးခဲ့လေသည်။

× × ×

**ဒါနမျိုးစေ့များ ကြဲပက်ခြင်း**

အလှူရှင်ဦးစိန်ဝင်းမှာ တံတားကြီးဆောက်လုပ်ရင်းမှ လိုအပ်ရင်း ထည့်၊ လိုအပ်တိုင်းထည့်ဖြင့် ကုန်ကျငွေမှာ ယင်သည်ထက် ပိုများလာသော်လည်း တွံ့ဆိုင်းခြင်းမရှိ။ မစိုးမရွံ့ နောက်မတွန့်ဘဲ စွန့်ကြဲလှူဒါန်းလျက်ပင်ရှိသည်။ ကုန်ကျငွေ ကျပ်သိန်းပေါင်း သုံးသောင်းကျော်သွားပြီဖြစ်သည်။ အထွေထွေစက်သုံးဆီပင်လျှင် ပေပါ ၂၆၃၀ လုံးရှိ၍ ဘိလပ်မြေအိတ် ၁၈၇၀၀ အိတ်၊ သံကျင်း ၁၀၅၀ ကျင်း၊ ကျောက်သေးကျင်း ၇၅၀ ကျင်း၊ ၆ လက်မ × ၉ လက်မ ကျောက်ကြီး ၂၅၀၀ ကျင်း ကုန် ကျနေပေပြီ။ သံပင်သံချောင်းပင်လျှင် ကျပ် သိန်း ၁၅၀ ကျော်ရှိနေပေသည်။

ဖားကန့်မြို့မဘက်မှ ချဉ်းကပ်လမ်း ပေ ၄၀၀ ကျော်၊ မရိုကထောင်ဘက်ကမ်းမှ ချဉ်းကပ်လမ်း ပေ ၄၀၀ ကို ဆက်လက်လုပ်ကိုင်ရဦးမည်။ မြေဖို့ ကျောက်ကြီးခင်း၊ ကျောက်သေးလောင်း၊ ကတ္တရာခင်းဖြင့် တံတားကြီးအပါအဝင် ပေ ၁၂၀၀ ကျော်ကို အသုံးပြုနိုင်သည်အထိ လုပ်ဆောင်ရဦးမည်။ ချဉ်း ကပ်လမ်းဖြစ်မြောက်ဖို့မှာလည်း အားလုံးတွင် တာဝန်ရှိသလို အားလုံးပူးပေါင်း၍ ဆောင် ရွက်ကြရမည်ဖြစ်သည်။

ကျောက်စိမ်းတောင် ကျောက်မျက်ကုမ္ပဏီမှာ လိုအပ်ချက်များကို လှူဒါန်းဖြည့်ဆည်းပေးဆဲဖြစ်သည်။ ဖားကန့်မြို့မရပ်ကွက်ရှိ ''မဏိရေယျံကျောင်းတိုက်'' ဓမ္မာရုံမှာ တံတားဦးထိပ်တွင် ရှိ၍ ချဉ်းကပ်လမ်းတည်ဆောက်ပါက လမ်းထက်များစွာ နိမ့်ကျပေတော့မည်။ ဤအချက်ကို သိ၍ ဓမ္မာရုံနေရာရှိ မြေများကို ချက်ချင်းဖို့ကာ ...လျှား



www.burmeseclassic.com

www.burmeseclassic.com



အလျား ၁၁၇ × အနံ ၆၉ ပေ ရှိ ဓမ္မာရုံအသစ်ကြီးကို ဆောက်လုပ်လှူဒါန်းပြန်ပါသည်။ ဓမ္မာရုံကြီးမှာ ကိုးပေခန်း ၁၃ ခန်း × ၈ ခန်းဖြင့် ကျယ်ကျယ်ပြန့်ပြန့် တင့်တင့်တယ်တယ်ဖြင့် "ကျောက်စိမ်းတောင် ဓမ္မာရုံ" အဖြစ် ပေါ်ထွန်းလာပြန်ပါသည်။ ကျောင်းဆောက်လုပ်ရေးကုန်ကျစရိတ်မှာ သိန်း ၂၀၀၀ ကျော် ကုန်ကျသည်။

ကျောက်စိမ်းတောင်ကျောက်မျက်ကုမ္ပဏီမှာ လိုအပ်လျှင် လိုအပ်သလို လှူဒါန်းသော ကုမ္ပဏီ ဖြစ်သည်။ ၂၀၁၀ ပြည့်နှစ်ကလည်း လုံးခင်းဆန်ခါရွာကားလမ်းမပေါ်ရှိ နမားယန်ချောင်း ကူးတံတား အရှည် ၄၄ ပေ × အနံ ၂၄ ပေ× အမြင့် ၁၅ ပေအား ကျပ်ငွေ ၄၃၅ သိန်းကျော် အကုန်ခံ၍ တည်ဆောက်လှူ ဒါန်းခဲ့ပါသည်။ တံတားအမျိုးအစားမှာ သံကူ ကွန်ကရစ် R.C တံတားဖြစ်သည်။

ယခု သံပေါင်ကွန်ကရစ် ခုံးတံတားကြီး ပြီးစီးပါကလည်း ယခင် ဘောလီတံတားအား ဖြုတ်ရွှေ့ကာ ဇေခါအုပ်စု မော်သစ်ကုန်းတွင် တံတားအသစ်အဖြစ် ပြန်လည်တည်ဆောက်လှူဒါန်းမည်ဟု သိရပြန်၍ သာဓုခေါ်ရပါသည်။ ဥရုတနာ့ကျောက်စိမ်းတောင်တံတားကြီး တည်ဆောက်ရေးလုပ်ငန်းမှာ ကျယ်ပြန့်လှသည်။ ဥရုချောင်းကြီးကို ရေလုံးဝခန်းခြောက်အောင် ရေလုံးဝဖောက်လုပ်ရခြင်းပင် ခက်ခဲလှသည်။ အလျားပေ ၈၃၀ × အကျယ်ပေ ၃၀ × အနက် ၁၂ ပေမှ ၂၅ ပေရှိ မြေမှန်များကို


ဘောလီတံတားပေါ်၌ ဖြတ်သန်းစဉ် ဆောက်လုပ်ဆဲ တံတားအား မြင်တွေ့ရပုံ

တူးဖော်၍ ရေမြောင်းလုပ်ပေးရသည်။ ဘောလီတံတား ယာယီပိတ်ထားစဉ် သစ်သားတံတားများ ယာယီ ဆောက်ပေးရသည်မှာ အလွန်ကရိကထများ၍ ငွေကုန်ကြေးကျများလှသည်။ စက်ယန္တရားများ၏ အကူအညီကို ရယူသုံးစွဲရသဖြင့်သာ အလုပ်တွင်ကျယ်ခြင်းဖြစ်လေသည်။ အလှူရှင်အဖို့ နေ့စဉ် ထွက်ငွေ၊ ကုန်ကျငွေများသည် ကုသိုလ်ရေးအတွက် ဒါနမျိုးစေ့များအဖြစ်သာ မှတ်ယူရပေမည်။

× × ×

## အလှူရှင်အတွက် စံချိန်တင်တံတားကြီး

မြန်မာပြည်သာမက ကမ္ဘာ့နိုင်ငံများတွင်ပါ မြစ်ကူးတံတား၊ ချောင်းကူးတံတားများစွာ ရှိသည်။ ကမ္ဘာကျော်တံတားများ၊ သမိုင်းဝင်တံတားများ၊ သာမန်တံတားများ စသဖြင့် မှတ်တမ်းတင်ထားရှိကြပါသည်။ မြန်မာပြည်တွင်လည်း ရှေးအစဉ်အဆက် မြန်မာ့ရိုးရာသစ်သားတံတား၊ ကြိုးတံတား၊ အုတ်ဘိလပ်မြေတံတား စသဖြင့် ရှိခဲ့ပါသည်။ တောင်သမန်အင်းမှ ဦးပိန်တံတားသည် သစ်သားတံတားဖြစ်၍ မြန်မာ့ယဉ်ကျေးမှုနှင့် သမိုင်းကို ဖော်ညွှန်းနေပါသည်။

အင်္ဂလိပ်ခေတ်က တည်ဆောက်ခဲ့သော စစ်ကိုင်းတံတား၊ စစ်တောင်း တံတား၊ ဂုတ်ထိပ်တံတားတို့မှာ ဒုတိယကမ္ဘာစစ်လွန်တံတားများဖြစ်၍ သမိုင်းဝင်ခေတ်မီတံတားများ ဖြစ်နေပါသည်။ ရန်ကုန်မြို့မှာပင် ဘုရင့်နောင်တံတား၊ မဟာဗန္ဓုလတံတား၊ သံလျင်တံတား ၁ နှင့် ၂ စသဖြင့် တံတားများစွာ ရှိနေပါသည်။

တံတားကြီးအများစုမှာ နိုင်ငံတော်မှ နည်းပညာ ငွေကြေး၊ လုပ်သားများ ရင်း၍ အကုန်အကျခံကာ တည်ဆောက်ထားသော ပြည်သူပိုင်တံတားကြီးများဖြစ်ကြသည်။ (အရပ်အခေါ်အားဖြင့် အစိုးရတံတားဟုလည်း ခေါ်ခဲ့ကြသည်) အချို့က ဆောက်လုပ်ရေးတံတား၊ စည်ပင်တံတားဟု ခေါ်ဆိုကြသေးသည်။ အမှန်မှာ တံတားများကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူ၍ ဆောက်လုပ်ခြင်းဖြစ်သည်။ တစ်ခါတစ်ရံတွင်မူ မြို့တွင်း တံတားများကို စည်ပင်သာယာရေးဝန်ကြီးဌာနက ဆောက်လုပ်ခြင်းလည်း ရှိကြသည်။

ယေဘုယျအားဖြင့် တံတားကြီးများကို နိုင်ငံတော်၏ ခွင့်ပြုချက်ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ တာဝန်ယူဆောက်လုပ်ရသည်။ တံတားကြီးကို


တည်ဆောက်ဆဲတံတားကြီးနှင့် ဘောလီတံတားအား လှမ်းမြင်တွေ့ရပုံ



www.burmeseclassic.com

www.burmeseclassic.com



## မမေ့နိုင်သေးသည့် ဆူနာမီ သိန်းချီအသက်ပေးဆက်ခဲ့ရ

၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ဖြစ်ပွားခဲ့သောအင်ဒိုနီးရှားဆူနာမီကြောင့် အိန္ဒိယသမုဒ္ဒရာတစ်လျှောက်ရှိ ပြည်သူ အများအပြား သေကျေပျက်စီးခဲ့ရလေသည်။ ယင်းသည် ဆူမားတြားအနောက်မြောက်ပိုင်းကမ်းရိုးတန်း၌ ရုတ်တရက်စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်၏။ အိန္ဒိယသမုဒ္ဒရာအောက်ခြေရှိ အင်ဒိုနီးရှားနိုင်ငံအောက်ဘက်သို့ တိုးဝင်နိမ့်လျှောသွားသောမိုင် ထောင်ချီရှည်လျားသည့် ကျောက်လွှာချပ်ကြီး အက်ကွဲကျိုးပဲ့သွားရာမှအစပြုကာ အင်အား ၉ ဒသမ ၁ အဆင့်ရှိ မြေငလျင်ကြီးလှုပ်ခတ်ခဲ့ပြီး ယင်းဆူနာမီဖြစ်ရပ်ဆိုးကြီးစတင်ခဲ့ခြင်းဖြစ်ပေသည်။ အဆိုပါဆူနာမီကြောင့် ထိချက်အနာဆုံးကတော့ အင်ဒိုနီးရှားနိုင်ငံပင် . . ။ လူဦးရေစုစုပေါင်း ၁၇၀.၀၀၀ ခန့်သေဆုံးခဲ့ရပြီးအများစုမှာ ဆူမားတြားမြောက်ပိုင်း အာချေးပြည်နယ်၏မြို့တော် ဘန်ဒါအာချေးမှဖြစ်ချေ၏။ သီရိလင်္ကာနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် အလွန်တရာဝေးလံ လွန်းလှသောအာဖရိကတိုက်မှ အပါအဝင် အခြားနိုင်ငံများမှလူပေါင်း ၆၀.၀၀၀ ကျော်တို့သည်လည်းယင်းဆူနာမီဖြစ်စဉ်အတွင်းဝယ်သေဆုံးခဲ့ရရှာလေသည်။

ဤသို့မကြုံစဖူးဆိုးရွားလှသော ဘေးအန္တရာယ်ကြီးကပင် ဆူနာမီထောက်လှမ်းရေး စနစ်အားကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရန် နိုင်ငံအပေါင်းအားတပ်လှန့်လိုက်သကဲ့သို့ဖြစ်သွားရလေသည်။ အဆိုပါထောက်လှမ်းရေးစနစ်အား အမေရိကန်ပြည်ထောင်စု အမျိုးသားသမုဒ္ဒရာနှင့်လေထု ဆိုင်ရာစီမံခန့်ခွဲရေးအဖွဲ့ (NOAA) ကတီထွင်အသုံးပြုခဲ့ခြင်းဖြစ်ပြီး ဆူနာမီတာဟု အမည်တွင်သည့်ယင်းစနစ်၌ ပင်လယ်ရေအောက်ကြမ်းပြင်ဝယ် ကျောက်ချတပ်ဆင်ထားသည့်ထောက်လှမ်းရေးကိရိယာများပါဝင်ပေသည်။ ယင်းကိရိယာသည် ဆူနာမီလှိုင်း ဖြတ်သန်းသွားမှုကြောင့် ဖြစ်ပေါ်လာသည့် ရေထုဖိအား အပြောင်းအလဲကိုထောက်လှမ်းသိရှိနိုင်ပြီး ယင်းသတင်းအချက်အလက်များကို ရေမျက်နှာပြင်ပေါ်ရှိဇော်ယာပေါ်သို့ ပေးပို့လိုက်လေ၏။ ဇော်ယာမှတစ်ဆင့် ဂြိုဟ်တုဆီသို့ ဆက်လက်ပေးပို့ပြီး ယင်းမှတစ်ဖန်ကမ္ဘာအနှံ့ရှိ အရေးပေါ်သတိပေးစခန်းများဆီသို့ ဆက်လက်၍ သတင်းအချက်အလက်များ ဖြန့်ဝေပေးလိုက်ခြင်းပင်ဖြစ်ပေသည်။

၂၀၀၄ ခုနှစ်အထိ ပစိဖိတ်သမုဒ္ဒရာအတွင်းဝယ် ဖြန့်ကြက်ချထားသည့် ဆူနာမီထောက်လှမ်းရေးကိရိယာပေါင်း ခြောက်ခုသာရှိခဲ့ပြီး အိန္ဒိယသမုဒ္ဒရာအတွင်း၌မူ လုံးဝတပ်ဆင်ထားခြင်းမရှိခဲ့သေးချေ။ အလားတူပင် နိုင်ငံအမြောက်အမြား၌လည်း အမျိုးသားအဆင့်အရေးပေါ် သတိပေးစခန်းများနှင့် ဒေသတွင်းအချက်ပြဆက်သွယ်မှုစနစ်များ တည်ဆောက် တပ်



၂၀၁၁-ဂျပန်ဆူနာမီဖြစ်စဉ်၌ ရီကူဇန်တာနာကာမြို့အတွင်းသို့ ပြင်းထန်သောလှိုင်းလုံးကြီးများဝင်ရောက်လာကြစဉ်

ဆင်ထားခြင်းမရှိခဲ့ပေ . . ။ ယင်းဆူနာမီသည် အိန္ဒိယနိုင်ငံသို့ရောက်ရှိရန် အချိန်နှစ်နာရီခန့်ကြာမြင့်ခဲ့သော်လည်း ဆူမားတြားပြည်သူများအဖို့မူ ပြေးလွှားရှောင်တိမ်းရန်မိနစ်အနည်းငယ်သာလျှင်ရရှိခဲ့ပေ၏။ "ဒါတွေဟာ လုံးဝမသေသင့်ဘဲ သေခဲ့ရတာတွေပါဗျာ . . . နည်းပညာပိုင်းအရကြည့်မယ်ဆိုရင် အိန္ဒိယသမုဒ္ဒရာအတွင်းမှာ ဆူနာမီသတိပေးစနစ် တပ်ဆင်ဖို့ရာ ဘယ်လောက်ခက်ခဲသွားမှာမို့လို့လဲ" ဟုမှတ်ချက်ပြုခဲ့သူမှာ စင်ကာပူနိုင်ငံ နန်ယန်းနည်းပညာတက္ကသိုလ်မှ ဘူမိရူပဗေဒပညာရှင် ပါရာမက်ရှ်ဘာနာဂျီးပင်ဖြစ်သည်။

"နိမ့်လျှောတိုးဝင်ဇုန်တွေဟာ ဆူနာမီဖြစ်လာရခြင်းရဲ့ အဓိကတရားခံတွေပဲဗျ . . ရှည်လျားတဲ့တိုးဝင်နိမ့်လျှော ဇုန်ဧကြွဟာကြီးမားတဲ့ငလျင်နဲ့ဆူနာမီဘေးကို အချိန်မရွေးဖြစ်ပေါ်စေနိုင်တယ်ဆိုတာ ကျွန်တော်တို့အမြဲတမ်းသတိမူရမယ့် အချက်ပါပဲ" ဟု ကောက်ချက်ချခဲ့သူကတော့ အဆိုပါနန်ယန်းနည်းပညာတက္ကသိုလ် ကမ္ဘာမြေစူးစမ်းလေ့လာရေးဌာန ဒါရိုက်တာ ကယ်ရီဆီယက်ပင် . . ။ သူသည် ကမ္ဘာ့ထိပ်တန်း ကျောက်လွှာအခြေပြု ငလျင်လေ့လာရေးပညာရှင်တစ်ဦးလည်းဖြစ်ပေ၏။

ဆီယက်က သူ၏ကွန်ပျူတာကို ဖွင့်ကာ မြေပုံတစ်ပုံကိုပြလိုက်သည်။ ထို့နောက်ဖိလစ်ပိုင်အနောက်ဘက်ကမ်းရိုးတန်းမှသည် ထိုင်ဝမ်မြောက်ပိုင်းအထိရှည်လျားသော မျဉ်းတစ်ကြောင်းကိုထောက်ပြကာ "ဒါက မနီလာချောက်ကြီးလို့ ခေါ်တယ်...မိုင် ၈၀၀ ရှည်လျားတဲ့ဒီအရာကြီးဟာ နှစ်ပေါင်း ၅၀၀ အတွင်းမှာတော့ ဘာမှထူးထူးခြားခြားဖြစ်ပျက်ခဲ့တာမရှိသေးဘူး" ဟု သူကစတင်ရှင်းပြ၏။ "အကယ်၍ဒါကြီးသာကျိုးပဲ့သွားပြီး အင်အား ၉ အဆင့်ရှိတဲ့ငလျင်ကြီးတစ်ခုသာဖြစ်ခဲ့ရင်တော့ တရုတ်ကမ်းရိုးတန်း တစ်လျှောက်ဘာတွေဖြစ်လာမလဲဆိုတာ မတွေးဝံ့လောက်အောင်ပါပဲ...ကြီးမားတဲ့ဆူနာမီဟာ ဟောင်ကောင်နဲ့ မကာအိုကို ထောင်းထောင်းကြေဖျက်ဆီးပစ်လိုက်တော့မှာ အသေအချာပေါ့ဗျာ . . . ဒါ တကယ်ဖြစ်-မဖြစ်ဆိုတာ ကျိန်းသေမပြောနိုင်သေးပေမယ့် ဖြစ်လာနိုင်တယ်ဆိုတာကိုတော့ ကျွန်တော်တို့သဘောပေါက် ထားရမှာပါ . .



www.burmeseclassic.com

www.burmeseclassic.com





ဆီယက်တယ်မြို့အတွင်းသို့ဆူနာမီလှိုင်းကြီး
ရိုက်ခတ်လာပုံအားသရုပ်ဖော်ထားပုံ

ဒါမျိုးအများကြီးရှိနေပါသေးတယ်'' ဟု သုကဆက်၍ရှင်းပြခဲ့လေသည်။

**ထူးခြားသည့် စက်ဝန်းသံသရာ ရတက်မအေးစွာ ရှာဖွေတွေ့ရှိ**

ဆီယက်စိတ်အပူဆုံးသောအရာမှာ ဆန်းဒါးကျောက်လွှာအက်ကြောင်းကြီးပင်ဖြစ်၏။ သူသည် ယင်းအား ၂၀၀၄ ဆူနာမီကြီးမဖြစ်ပွားမီ ဆယ်နှစ်ခန့်လောက်ကတည်းက လေ့လာနေခဲ့ခြင်းဖြစ်သည်။ နှစ်အနည်းငယ်အကြာတွင် သူသည် ကဲလ်တက် ကုမ္ပဏီကြီး၏ပညာရှင်အဖြစ်မှ အနားယူခဲ့ပြီးနောက် အဆိုပါကျောက်လွှာ အက်ကွဲကြောင်းကြီးကို ပိုမိုနီးကပ် စွာလေ့လာနိုင်ရေးအတွက် စင်ကာပူသို့ပြောင်းရွှေ့ခဲ့လေ၏။ ယင်းကျောက်လွှာကြီးမှာ မြန်မာနိုင်ငံမှသည်သြစတြေးလျ နိုင်ငံထိတိုင်မိုင်ပေါင်း ၃၇၀၀ ခန့်တစ်နံတစ်လျားရှည်လျားလှပေ၏။ ၂၀၀၄ ခုနှစ် ငလျင်ကြီးမှာ ယင်း၏ မြောက်ပိုင်းစွန်း နားတွင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ''ဆူမားတြားကျွန်းကြီးရဲ့ မြောက်ပိုင်းမှသည် ကပ္ပလီကျွန်းစုများအထိ သီးသီးသန့်သန့်ကျယ် ပြောလှတဲ့ဒီနေရာကို ဘယ်သူကမှ ဂရုတစိုက်လေ့လာခဲ့ကြတာမျိုး မရှိခဲ့ပါဘူး'' ဟု ဆီယက်ကပြောပြ၏။

၂၀၀၃ ခုနှစ်တွင် ဆီယက်နှင့်သူ၏ လုပ်ဖော်ကိုင်ဖက်ပညာရှင်တို့သည် ဆူမားတြားကျွန်းတစ်ပိုက်ဝယ်ဖြစ်ပွားခဲ့သည့် မြေငလျင်သမိုင်းကြောင်းကို ပြန်လည်ဆန်းစစ်လေ့လာခဲ့ကြ၏။ ''အဲဒီမှာ ကျွန်တော်တို့ Supercycles လို့အမည် ပေးထားတဲ့ အင်အားကြီး ငလျင်တွေ မှန်မှန်ဖြစ်ပေါ်လေ့ရှိတဲ့ သံသရာစက်ဝန်းတစ်ခုကို သွားတွေ့တော့တာပါပဲ'' ဟုသူက ပြောသည်။ လွန်ခဲ့သည့်နှစ်ပေါင်း ၇၀၀ ကာလအတောအတွင်း ဆန်းဒါးကျောက်လွှာစက်ဝန်းပြတ်အတွင်းဝယ် နှစ်ပေါင်း ၂၀၀ လျှင်တစ်ကြိမ်ကျ ငလျင်ကြီးများ အစုံလိုက်ဖြစ်ပွားတတ်သည်ကို လေ့လာတွေ့ရှိခဲ့ကြ၏။ အဆိုပါ ငလျင်တို့မှာ တစ်ခုနှင့်တစ်ခုနှစ်ပေါင်း ၃၀ ခန့်ကွာခြားလေ့ရှိကြပြန်သည်။ ၁၃၅၀ နှင့် ၁၃၈၀ တို့တွင် ငလျင်တစ်စုံ၊ ၁၆၀၀ ပြည့်လွန်နှစ်များတွင်တစ်စုံနှင့် တတိယအစုံအဖြစ် ၁၇၉၇ နှင့် ၁၈၃၃ ခုနှစ်တို့တွင်လှုပ်ခတ်ခဲ့သည့် ဆိုရမည်ပင်။ ဤသို့ဆိုပါလျှင် မကြာတော့သောကာလတွင် နောက်ထပ်လှိုင်းတစ်စုံထပ်မံဖြစ်ပွားဖို့ နီးစပ်နေပြီကော . . .

အဆိုပါ လေ့လာတွေ့ရှိမှုကြောင့် ရတက်မအေးဖြစ်သွားရသော ဆီယက်နှင့်အဖော်တစ်သိုက်တို့သည် ၄င်းတို့ သုတေသနပြုရာ မန်တာဝီကျွန်းစုအနှံ့ဆူနာမီ သတိပေးပိုစတာများနှင့် လက်ကမ်းကြော်ငြာများကို ၂၀၀၄ ခုနှစ်ဇူလိုင်လမှစ၍ ဖြန့်ဝေခဲ့ကြလေ၏။ နောက်ငါးလအကြာတွင် ဆူမားတြားကျွန်း၏မြောက်ပိုင်းခြမ်း ကိုကြိုတင်တွက်ဆခဲ့သည့်အတိုင်း ခြေမွဖျက်ဆီးခံလိုက်ရပြီးသည့်နောက် ဆီယက်တို့အဖွဲ့မှာလည်း လူသိများထင်ရှားလာခဲ့လေသည်။ ''ကျွန်တော်တို့ အသိအမှတ်ပြုခံခဲ့ရပေမယ့် တကယ်တော့ မထိုက်တန်ပါဘူးဗျာ . . ကျွန်တော်တို့ရဲ့ ကြိုတင်တွက်ဆမှုဟာ ထင်မှတ်မထားတဲ့ အပိုင်းမှာသွားဖြစ်ခဲ့လို့ပါပဲ'' ဟု သူကဝမ်းနည်းစကားပြောကြားခဲ့သည်။

သို့သော် သူ၏တွက်ဆမှုမှာ အဓညွှန်းမဖြစ်ခဲ့ . . ။ ဆက်လက်မှန်ကန်နေဆဲပင်။ ၂၀၀၇ ခုနှစ် စက်တင်ဘာလ၌ အစုံလိုက်ဖြစ်သော နောက်ဆက်တွဲငလျင်သည် အချိန်စော၍လှုပ်ခတ်ခဲ့လေ၏။ ပြင်းအားအဆင့် ၈ ဒသမ ၄ အထိ ပြင်းထန်ခဲ့သော်လည်း ပျက်စီးမှုအနည်းငယ်သာရှိခဲ့သည်မှာ တော်သေးသည်ဟု ဆိုရမည်ပင် . . ။ အနောက်ဆူမားတြားပြည်နယ်၏ မြို့တော်



အင်ဒိုနီးရှားဆူနာမီဖြစ်စဉ်အတွင်း
ကယ်ဆယ်ရေးဆောင်ရွက်နေသောရဟတ်ယာဉ်တစ်စင်း



www.burmeseclassic.com

www.burmeseclassic.com

## အရေပြားရောဂါသည်များအတွက် မင်္ဂလာသတင်း

ဝှက်၊ ပွေး၊ ကိုယ်ဝိုင်းပွေး၊ ပေါင်တွင်းပွေး၊ ဟောကောင်ခြေထောက်၊ ညှင်း၊ ခရုသင်း၊ ဝက်သက်၊ နှင်းခူ၊ အာရုံကြောကြောင့် အရေပြားရောင်ရမ်းခြင်း၊ ဝက်ခြံ စသော အရေပြားရောဂါများ ရရှိလျှင် မခံမရပ်နိုင်အောင် ယားယံသည်။ ရောင်ရမ်းပူလောင်နာကျင်ပြီး အရေပြားတွင် သွေးထွက်တတ်သည်။ ရောဂါကြီးလျှင် သွေးကင်ဆာ၊ အရေပြားကင်ဆာသို့ အသက်ကို ခြိမ်းခြောက်နိုင်သော ကင်ဆင်ရောဂါအဖြစ်သို့ ပြောင်းလဲသွားနိုင်သည်။

ခေတ်မှီဆေးခန်းသည် အရေပြားအထူးကု စင်တာဖြစ်သည်။ သွေးကြည်ရောဂါကာကွယ်ဆေးဖြင့် ဆေးထိုးကုသနည်းဖြင့် အရေပြားရောဂါအမျိုးမျိုးကို ကုသပေးပါသည်။ သွေးအတွင်းမှ အဆိပ်အတောက်များကို အလျှင်အမြန် ဖယ်ထုတ်ပေးပြီး ပျက်ဆီးသွားသော အရေပြားဆဲလ်များကို အမြန်ဆုံး ပြန်လည်အစားထိုးပေးပါသည်။ အာနိသင်ကောင်းကောင်းဖြင့် အရေပြားရောဂါအမျိုးမျိုးကို ကုသပေးနေပါသည်။ အရေပြားရောဂါသည် တစ်သောင်းကျော်ကို အောင်မြင်စွာကုသပေးပြီးဖြစ်ပါသည်။ ရောဂါခံစားနေရမှုကို အလျှင်အမြန် ပျောက်ကင်းစေပြီးဖြစ်ပါသည်။

**ပိတ်ရက်မရှိ။**

**ဆေးခန်းဖွင့်ချိန်**

**နံနက် (၈) နာရီမှ**
**ည (၈)နာရီထိ**




## အစာအိမ်အူလမ်းကြောင်း ကင်ဆာဖြစ်သွားခြင်း ကာကွယ်ပါ။

နာတာရှည် အစာအိမ်အူလမ်းကြောင်း ရောင်ရမ်းနာဆိုသည်မှာ မတူညီသော ရောဂါအကြောင်းအရင်းကြောင့် ဖြစ်ပေါ်လာသော အစာအိမ်အူလမ်းကြောင်း အမြေးရောင်ရမ်းနာရောဂါကို ဆိုလိုပါသည်။ အဓိက တွေ့ရသည်မှာ အစာစားချင်စိတ် မရှိခြင်း၊ ဝမ်းဗိုက်အပေါ်ပိုင်း တစ်ရိရိနာကျင်ခြင်း၊ အစာအိမ်အတွင်းပူလောင်နေခြင်း ကျိုထိုးခြင်း၊ အချဉ်ပေါက်ခြင်း၊ မအီမသာဖြစ်ခြင်း၊ အော့အန်ခြင်း ဝမ်းခဏခဏသွားခြင်း၊ သွေးဝမ်းပါခြင်း စသည်တို့ဖြစ်ပါသည်။ မကြာခဏပြန်ထသဖြင့် ပျောက်ကင်းရန် ခက်ခဲသည်။ ကာလကြာရှည်သွားလျှင် ကင်ဆာရောဂါသို့ ပြောင်းလဲသွားနိုင်သည်။

ရန်ကုန် ခေတ်မှီဆေးကုခန်းသည် အမေရိကန်မှ နောက်ဆုံးပေါ် ဝမ်းသပ်ကုသစက်ကိရိယာများ တင်သွင်း၍ အာရှမှဆန်းပြား၍ ကုသရန်ခက်သော ရောဂါစင်တာနှင့် နှစ်ရှည်ပူးပေါင်းပြီး၊ နိုင်ငံတကာတွင် ခေတ်စားနေသော "Hp"အဆိပ်ထုတ် ကုသနည်းကို အသုံးပြု၍ နာတာရှည် အစာအိမ်ရောင်ရမ်းရောဂါ အစာအိမ်ပြည်တည်နာ၊ အူသိမ်ဦးပြည်တည်နာ၊ အူမကြီးနာတာရှည်ရောင်ရမ်းနာ တို့ကို ကုသပေးနိုင်ပါသည်။ အဆိပ်များထုတ်ပစ်ကာ အစာအိမ်အမှေးပြားတွင် ရှိသော ဆဲလ်များကို အသစ်ဖြစ်ပေါ်စေပြီး ရောဂါကို ဖယ်ထုတ်ပစ်လိုက်ပါသည်။ ခုခံအားကိုလည်း တိုးတက်စေပါသည်။ အစာအိမ်ရောင်ရမ်းခြင်း၊ ပြည်တည်ခြင်း၊ အူမကြီးရောင်ရမ်းခြင်း၊ စအိုလမ်း ရောင်ရမ်းခြင်း ထပ်မဖြစ်တော့ပါ။ ကင်ဆာရောဂါသို့ ပြောင်းလဲသွားခြင်းကိုလည်း ကာကွယ်ပေးပါသည်။ ဤကုသနည်းသည် ထိရောက်မှုမြန်သည်၊ ဆေးစားရလွယ်ကူသည်။ ရောဂါပြန်မဖြစ်နိုင်သောထူးခြားချက်ရှိသည်၊ ယနေ့သောက်လျှင် ယနေ့ထိရောက်သည်။ ကုသစဉ် ၁ - ၂ ကုထုံးအတွင်း ရောဂါလုံးဝ ပျောက်ကင်းစေပါသည်။

**အထက်ပါဝေဒနာများကို Alternative Medicine ဖြင့် ဝေဒနာရှင်များ၏ ဆန္ဒအတိုင်း ထိရောက်စွာ ကုသပေးနေပါသည်။**

**ခေတ်မှီ ဆေးကုခန်း**

www.burmeseclassic.com

www.burmeseclassic.com



## စာမျက်နှာ ၁၆၄ မှစာဆက်

စာမျက်နှာ ၁၆၄ မှစာဆက်

အကယ်စင်စစ် မဟာတံတိုင်းကြီးဆိုသည်မှာ တစ်ဆက်စပ်တည်း တည်ရှိနေသည့် တစ်ခုတည်းသောတံတိုင်းကြီးမဟုတ်။ လိုအပ်လျှင် လိုအပ်သလို သူ့နေရာနှင့်သူ မဟာတံတိုင်းများစွာကို တည်ဆောက်ခဲ့ကြခြင်းဖြစ်လေ၏။ နှစ်ပေါင်း ၂.၀၀၀ ကျော်အတွင်း ဧကရာဇ်မင်းအဆက်ဆက်တို့သည် ဘံတိုင်းအများအပြားကို သူ့ကာလနှင့်သူ တည်ဆောက်ခဲ့ကြသော်လည်း အားလုံးသော တံတိုင်းတို့တွင် သုရဲခိုများ၊ ရင်တားများ၊ ကင်းမျှော်စင်များ၊ ခံတပ်များ ပြည့်စုံစွာပါဝင်ခဲ့ကြ၏။

ဘီစီသုံးရာစုတွင် တရုတ်နိုင်ငံ၏ ပထမဆုံးဧကရာဇ်ဖြစ်သူ ကွင်ရှီဟွမ်ဒီသည် ပထမဆုံးသော ချန်ချန်းမဟာတံတိုင်းကြီးအား လုပ်သားတစ်သန်းနီးပါးဖြင့် တည်ဆောက်ခဲ့ရာ အမြောက်အမြားမှာ လုပ်ငန်းခွင်အတွင်း၌ပင် သေကျေခဲ့ကြရလေသည်။ ဟန်မင်းဆက် (ဘီစီ ၂၀၆ - အေဒီ ၂၂၀) လက်ထက်တွင် ကီလိုမီတာရာပေါင်းများစွာ ရှည်သည့် တံတိုင်းသစ်ကြီးများကို တည်ဆောက်ခဲ့ပြီး ယင်းတံတိုင်းများတွင် ဆက်သွယ်ရေး စနစ်အဖြစ် မီးနိုး၊ မီးတောက်များဖြင့် အချက်ပြဆက်သွယ်သည့်စနစ်ကို ထည့်သွင်း အသုံးပြုခဲ့ကြပေ၏။

သို့သော် အဓိကမဟာတံတိုင်းကြီးအား မင်မင်းဆက်(၁၃၆၈ - ၁၆၄၄) လက်ထက်မှသာ တည်ဆောက်ခဲ့ကြခြင်းဖြစ်သည်။ အရှည်အားဖြင့် ကီလိုမီတာ ၆.၅၀၀ ခန့် ရှည်လျားသော အဆိုပါမဟာတံတိုင်းကြီးအား အရှေ့ဘက်အပိုင်းကို ကျောက်တုံး၊ အုတ်များအသုံးပြု၍လည်းကောင်း၊ အနောက်ဘက်အပိုင်းကိုမူ မြေသားများအသုံးပြု၍လည်းကောင်း တည်ဆောက်ခဲ့ကြသည်။ အဆိုပါမင်မင်းဆက် မဟာတံတိုင်းကြီးမှာ ယနေ့တွေ့မြင်နေရသော မဟာတံတိုင်းကြီးပင် ဖြစ်ပေ၏။

မဟာတံတိုင်းကြီးယိုယွင်းလာခြင်းကို မသိကျိုးကျွံပြုမှုများအား အထူးသဖြင့် ကျေးလက်ဒေသများတွင် မြင်တွေ့လာရပေသည်။ ၂၀၀၆ ခုနှစ်တွင် အွန်လိုင်းပေါ်မှ စစ်တမ်းကောက်ယူမှုများအရ ပြည်သူ ၂၈ ရာခိုင်နှုန်းကသာလျှင် မဟာတံတိုင်းကြီးအား ကာကွယ်ထိန်းသိမ်းရန် လိုအပ်နေကြောင်း ဆန္ဒပြုခဲ့ကြသည်ကို တွေ့ခဲ့ရသည်။ "တရုတ်နိုင်ငံမှာက ယဉ်ကျေးမှုအမွေအနှစ်အကြောင်းကို ပညာပေးဖို့ဆိုတာ အတော်ခက်ခဲတဲ့အလုပ်ဗျ... ဒါတွေကိုထိန်းသိမ်းစောင့်ရှောက်ဖို့ဟာ မွေးရာပါတာဝန်ဖြစ်ကြောင်း အတန်တန် သတိပေးနေရတာပါ.. ဒါဟာ ဂုဏ်ယူစရာဆိုတာ တချို့က သဘောမပေါက်ကြသေးဘူးဗျ" ဟု ဟီရှုကျောင်းက ညည်းတွား ပြောဆိုသည်။

ဆွန်ရှမ်းယွမ်နေထိုင်သည့် ဒေါင်ကျာကောင်းရွာလေးမှာ ထိန်းသိမ်းစောင့်ရှောက်ရေးစေတနာ့ဝန်ထမ်းများကို ဆင့်ပွားပညာပေးမှုများပြုလုပ်နေသည့် ရှားရှားပါးပါးရွာလေးတစ်ရွာဟု ဆိုနိုင်ပေသည်။ ကင်းလှည့်စောင့်ရှောက်ရေး စေတနာ့ဝန်ထမ်းများနှင့် တစ်လတစ်ကြိမ် တွေ့ဆုံဆွေးနွေးလေ့ရှိသည်။ ဆွေးနွေးပွဲအပြီးတွင်လည်း တံတိုင်းကြီး၏ အခြေအနေကို အစီရင်ခံစာ ထုတ်ပြန်လေ့ရှိသည်။ ယင်းသို့ဆောင်ရွက်ရသည့်အပေါ် ဂုဏ်ယူနေသည့် ဆွန်က ဤတာဝန်ကို လက်ဆင့်ကမ်းပေးနိုင်ခဲ့မည်ဟု ယုံကြည်နေ၏။ ယခုလည်း ဆယ်ကျော်သက်အရွယ် သူ၏တူတော်မောင်က သူနှင့်အတူ ဖဝါးတူ ခြေထပ်လိုက်ပါကာ မဟာတံတိုင်းကြီးအား ကင်းလှည့်စောင့်ရှောက်သည့် လုပ်ငန်းများကို အတူဆောင်ရွက်နေပြီဖြစ်သည်။

### ခံ့ညားမှုနှင့်ဝင့်ထည်မအပ်စပ်မှုများ၏ မြင်ကွင်း

သူနှင့်ဆွန်တို့သည် ဆွန်မျိုးနွယ်စုမျှော်စင်မှဖယ်ခွာကာ သူရဲခိုစကြံအတိုင်း တံတိုင်းကြီးပေါ် တဖြည်းဖြည်းဆက်၍ လျှောက်လာခဲ့ကြသည်။ သမိုင်းက ပေးအပ်သည့်တာဝန်အပေါ် ကျေပွန်စွာထမ်းဆောင်ရင်း ဂုဏ်ယူစိတ်များ တဖွားဖွား ပေါ်ပေါက်နေသည့် ဆွန်တစ်ယောက် ရုတ်တရက် မျက်နှာ မည်းမှောင်သွား၏။ တံတိုင်းနံရံတွင် ပေါက်တတ်ကရ ရေးထားသောရုပ်ပုံနှင့် စာများပေပွနေသည်ကို တွေ့လိုက်ရ၍ ဖြစ်သည်။ ပြည်တွင်း ခရီးသွားများစွန့်ပစ်ခဲ့သည့် ဘီယာဘူးခွံနှင့် အစားအစာထည့်သည့် အိတ်ခွံများက တံတိုင်းကြီး၏ လျှောက်လမ်းတွင် ဖွေးဖွေးလှုပ်နေသည်။ အသုံးပြုပြီးသော ကြွေလက်သုတ်ပဝါများမှာ ပြန့်ကျဲလျက်... တောင်ပြာပြာ နောက်ခံက မဟာတံတိုင်းကြီး၏ခံ့ထည် ဝင့်ဝါမှုနှင့်လားလားမျှ မအပ်စပ်သော မြင်ကွင်းပါတကား...။

"အဲဒါတွေကို ကျုပ်မကြိုက်တာဗျ.. သူတို့တစ်တွေက မဟာတံတိုင်းကြီးကို ထိန်းသိမ်းစောင့်ရှောက်ရကောင်းမှန်း နားမလည်ကြဘူး" ဟု ဆွန်က စိတ်ပျက်လက်ပျက် ပြောသည်။ သူက ဆက်၍ "အခုကျုပ်တို့ရပ်နေတဲ့နေရာက ကမ္ဘာကြီးရဲ့အစွန်းတစ်နေရာပဲ ဆိုကြပါစို့ဗျာ.. ကျုပ်ရဲ့နောက်ဘက်မှာ တရုတ်ပြည်ကြီးရှိတယ်.. ကျုပ်ရဲ့ရှေ့မှာ တွေ့လား - ချောက်ကမ်းပါးကြီး" ဟု ဆွန်က ရှေ့ကို လက်ညှိုးညွှန်၍ပြ၏။ "ဒီတံတိုင်းကြီးသာမရှိခဲ့ရင် ကျူးကျော်သူတွေက ကျုပ်တို့ပြည်မထဲဝင်လာပြီး ကျုပ်တို့ကို ဒီချောက်ကြီးထဲ မောင်းချခဲ့မှာဗျ" ဟု သူက ပြောပြခဲ့လေသည်။

မောင်ရဲမာန် (မြဝတီ)

*Ref; Discovery Channel Magazine*



လာရောက်လေ့လာလည်ပတ်သူများနှင့် ပြည့်ကျပ်နေသည့် မဟာတံတိုင်းကြီး



www.burmeseclassic.com